အဋ္ဌကထာသံဂါယနာ

ဒုတိယသင်္ဂါယနာ


သံဂါယနာစိစစ်ခဏ်း

တတိယအုပ်

ပါဝင်သော အခဏ်းများ

(၁) သံယုတ္တနိကာယ အဋ္ဌကထာစီစစ်ခဏ်း
(၂) ခုဒ္ဒကနိကာယ သမ္မောအဋ္ဌကထာ စီစစ်ခဏ်း
(၃) ခုဒ္ဒကနိကာယ ပဋိပဒကရဏ အဋ္ဌကထာ စီစစ်ခဏ်း





နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၃

ကောဇာနှစ် ၁၉၂၁

၁၀၁၅

အဋ္ဌကထာသံဂါယနာ


ဒုတိယသင်္ဂါယနာ

သံဂါယနာစိစစ်ခဏ်း

တတိယအုပ်

ပါဝင်သော အခဏ်းများ

(၁) သံယုတ္တနိကာယ အဋ္ဌကထာစီစစ်ခဏ်း
(၂) ခုဒ္ဒကနိကာယ သမ္မောအဋ္ဌကထာ စီစစ်ခဏ်း
(၃) ခုဒ္ဒကနိကာယ ပဋိပကရဏ အဋ္ဌကထာ စီစစ်ခဏ်း



နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၅၀ ခုနှစ် ၁၃၂၅



အနီး စခန်းဆရာတော်

အဋ္ဌကထာသံဂါယနာ ဒုတိယသန္နိပါတ မဟာဓမ္မသဘင်ကြီး၌ သံယုတ္တနိကာယ်နှင့် အဘိဓမ္မ ပိဋကအဋ္ဌကထာကြီးများကို စီစစ်လျှောက်ကြားတော်မူသော စစ်ကိုင်း တောင်ရိုး အနီးစခန်းချောင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်း ဆရာတော်ဘုရားပုံ

အဋ္ဌကထာသံဂါယနာစီစဉ်ခဏ်း

နိဒါန်း

ဆဋ္ဌသံဂါယနာတင်ခြင်း

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် သုတ်ဝိနည်းအဘိဓမ္မာ ဟူသော ပိဋကတ်သုံးဖြာတရားရတနာကို နှစ်ကြာတည်တံ့ အရှည်ခံရန် မြောင့်ရှယ်ရည်လျက် ရှေးရှေး သာသနာပြုမင်းတို့သည် ပိဋကတ်သုံးပုံဆောင် မဟာထေရ်မြတ်ကြီးများကို အားထားရှေးရှု အမှီပြု၍ စတုပစ္စယမြောက်ခြီးလျက် ကြီးကျယ်သော သံဂါယနာဓမ္မသဘင်ကြီးများကို ငါးကြိမ်တိုင်တိုင် ဆင်ယင်စေခဲ့ကြဘိသကဲ့သို့ ယခုခေတ်တွင် ဗုဒ္ဓသာသနာတော် အထွန်းကားအစည်ပင်ဆုံးဟု ဆိုအပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၌ နိုင်ငံတော်သမ္မတကြီးမှအစ ဝေါင်သူလယ်သမား အလုပ်သမားအဆုံး လူတန်းစားအားလုံး အများဆုံးသော ဗုဒ္ဓဘာသာနယ်ဝင်တို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာတော်၏ နှစ်ကြာစည်ပင် ကြည်လင်ထွန်းလင်းနိုင်ရေးကို ရှေးရှုနှလုံးသွင်းကြလျက် နိုင်ငံတော်တွင်းရှိ ပိဋကတ္တယဆေက ဂန္ထန္တရပါရဂူ နေလအတူ ထင်ရှားတော်မူကြသော ဆရာတော်ဘုရားကြီးများကို လျှောက်ထား၍ ထေရဝါဒငါးနိုင်ငံလုံးရှိ ရဟန်းရှင်လူတို့နှင့် တိုင်ပင်ညှိညှိတ်လျက် ၁၃၁၄-ခုနှစ်မှစ၍ နှစ်နှစ်ပတ်လုံး ရန်ကုန်မြို့ သိရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ဝယ် ထွဋ်မြတ်ကြီးကျယ် အံ့ဘွယ်သရဲ ထူးကဲစည်ကားလှသော ဆဋ္ဌသံဂီတိ ပါဠိတော်သံဂါယနာကို ငါးရာ ငါးရာစီသော ထေရဝါဒသံဂီတိကာရက အရှင်မြတ်တို့သည် တညီတညွတ်တည်း ရွတ်ဖတ်လျက် ငါးရပ်ငါးကြိမ်သော သန္နိပါတတို့ဖြင့် ဓမ္မသဘင် ဆင်ယင်နိုင်ခဲ့ကြလေသည်။

အဋ္ဌကထာသံဂါယနာ ထိုသန္နိပါတ ငါးကဏ္ဍဝေဘန်၍ သံဂါယနာတင်ခဲ့ကြသည့် ပိဋကတ္တယ ဓမ္မတော်အစဉ်သည်—

(၁) ဓမ္မဂမ္ဘီရ = သဘာဝနိရုတ္တိပါဠိ၏ နက်နဲခြင်း။

(၂) အတ္ထဂမ္ဘီရ = ယထာဘူတသဘာဝတ္ထ၏ နက်နဲခြင်း။

(၃) ဒေသနာဂမ္ဘီရ = ထိုဓမ္မအတ္ထ နှစ်ဌာနတို့ကို သဘာဝအလျောက် ရွေးကောက် ဟောပြောမှု၏ နက်နဲခြင်း။

(၄) ပဋိဝေဓဂမ္ဘီရ = ထိုသုံးဖြာကို ယထာဘူတ ကျနထင်ရှု သိမြင်မှု၏ နက်နဲခြင်း-ဟု ဆိုအပ်သော နက်နဲခြင်းလေးဝကြောင့် ပါဠိတော်၏ သဘာဝထွ အလင်းပြဖြစ်သော ပကိဏ္ဏကဒေသနာ အဋ္ဌကထာကို မြတ်စ္စာဘုရား ဟောကြား ညွှန်ပြတော်မူသောအတိုင်း ရှေးရှေးသံဂါယနာသဘင်တို့ဝယ် တင်တော်မူခဲ့ကြသည့် ထုံးတမ်းစဉ်လာအရ ဤဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ရာ၌လည်း အဋ္ဌကထာသံဂါယနာသဘင်ကို ၁၃၁၈ ခု နတ်တော်လပြည့်ကျော် ၉-ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဆက်လက် ဆင်ယင်ခဲ့ကြပေသည်။

အဋ္ဌကထာစီစစ်ချက်များ စီစဉ်ဟောကြားရပုံ

ဤသို့ အဋ္ဌကထာသံဂါယနာတင် ဆင်ယင်ကျင်းပရာဝယ် ယခင်ပါဠိတော်သံဂါယနာတွင် ပါဠိတော်ဆိုင်ရာ ခဲရာခက်ဆစ် စီစစ်ဝေဘန်စရာတို့ကို အမေးအဖြေပြုလုပ်၍ ထုတ်ပြရှင်းလင်းခဲ့ကြရသကဲ့သို့ အဋ္ဌကထာဆိုင်ရာ ဝေဘန်စရာ အသွယ်သွယ် အဓိပ္ပါယ်ပုဒ်နက် စီစစ်ချက်တို့ကို ထုတ်နုတ်ဟောကြားခြင်းဖြင့် တိကဒ္ဓပုဂ္ဂိုလ်တို့ သံသယကင်းရှင်းခြင်း, မန္ဒပုဂ္ဂိုလ်တို့ သိသာထင်ရှားသဒ္ဓါပွါးခြင်းစသော အကျိုးတို့ကို မြော်ကိုးထောက်ရှုတော်မူလျက် ဟောပြောခြင်းငှါ စွမ်းနိုင်သော ပခုက္ကူမြို့ မဟာဝိဇယာရုမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသုန္ဒရမဟာထေရ်၊ စစ်ကိုင်းမြို့ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာကော်နှင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်တို့အား ဆဋ္ဌသံဂါယနာ သံဃာ့ဝန်ဆောင်အဖွဲ့က ဟောပြောရေးအတွက် တာဝန်ဆောင်နှင်းတော်မူခဲ့သည့်အတိုင်း အထက်ပါ ဆရာတော်တို့က အဋ္ဌကထာ သံဂါယနာ ပဌမသန္နိပါတမှစ၍ အဋ္ဌကထာ စီစစ်ချက်တို့ကို သက်ဆိုင်ရာအဖွင့်သံဝဏ္ဏနာ မှတ်သားဘွယ်ရာဝတ္ထု အကိုးအကားတို့ဖြင့် သန္နိပါတတိုင်း နေ့လယ် တနာရီမှ တနာရီ ၄၅-မိနစ် အထိ စီစစ်ဟောကြားတော်မူခဲ့ရာ ဓမ္မသဘင်သို့ တက်ရောက်သော သံဃာတော် အရှင်မြတ်များနှင့် တရားတော်နာ လာရောက်ကြသည့် လူပရိသတ်တို့မှာ မပြတ်သဒ္ဓါပွါး၍ အားရရွှင်လန်း ဝမ်းပန်းတသာ ရှိကြရပေသည်။

စီစစ်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကလည်း အဋ္ဌကထာကျမ်းတို့၏ အနှစ်အမြုတေဖြစ်သော ယင်းစီစစ်ချက်တို့ကို မပျောက်မပျက်ရန်နှင့် ဓမ္မသဘင်သို့ မဝင်ရောက်မနာ

ကြားနိုင်ကြသော နိုင်ငံတော်တွင်းရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများတို့ ထင်ရှားသိသာ လေ့လာ ကျင့်သုံးနိုင်ကြရေး အတွက် ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန် စီစဉ်ဆုံးဖြတ်ခဲ့သည့် ဖြစ်သောကြောင့် ဤအဋ္ဌကထာ စီစစ်ချက်များကို အသံသွင်းဓာတ်ကြိုးမှ ကြိုးကြိုးစားစား ကူးယူလျက် စက်တင်ပုံနှိပ်ခဲ့ခြင်းဖြင့် ဤအဋ္ဌကထာစီစစ်ချက်ဟူသော ကျမ်းစာတဆူသည် ထုတ်ပြူးဖြစ်ပေါ်၍ လာခဲ့ရပေသည်။

ဤကျမ်းစာဖြင့် သာသနာစောင့် ရှောက်နိုင်ပါစေ

ဤအဋ္ဌကထာ စီစစ်ချက် ကျမ်းစာကို ဖတ်ရှုခြင်းဖြင့် အဋ္ဌကထာ ကျမ်းတို့ဝယ် မြုပ်ကွယ်နေသော အနက်အဓိပ္ပါယ်တို့ကို အလွယ်တကူ သိမြင်နိုင်သဖြင့် ယခင်က ထုတ်ပေါ်ပြီးသော ပါဠိတော် အမေးအဖြေ ဖြစ်သည့် သံဂါယနာအမေးအဖြေကျမ်းနှင့် ပါဠိတော် မြန်မာပြန်ခေါ် မြန်မာပိဋကတ် ကျမ်းစာများ၏ အဓိပ္ပါယ်အခက်အခဲတို့ကို နက်နဲသလောက် ထိရောက်စွာ စိတ်ဖြာလျက် သိသာပွင့်လင်းအောင် သန့်ရှင်းစွာ စီစစ်ထားသည်ဖြစ်ရကား ယခင်ကျမ်းများကို ကြည့်ရှုဘူးသူတို့အဖို့ ပိုမို၍ အသိဉာဏ်တိုးပွါးလျက်၊ ယခင်ကျမ်းများကို မကြည့်ရှုရသူတို့ အဖို့လည်း အဋ္ဌကထာ ဗုဒ္ဓဘာသိတ ပကိဏ္ဏကဒေသနာအဓိပ္ပါယတ္ထတို့ကို ကျကျနန သိမြင်နိုင်မည် ဖြစ်သဖြင့်၊ မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍နေကြကုန်သော ရတနာခုနစ်ပါးတို့ကို လွယ်လင့်တကူ ယူဆောင်သုံးစွဲနိုင်သကဲ့သို့၊ အံ့ဘွယ်ရှစ်ဖြာ မဟာသမုဒ္ဒရာ အလား မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးမှ ဝိမုတ္တိရသ အမတ အမြိုက် ချမ်းသာတိုက်ကြီးကို နှိုက်ယူသုံးစွဲနိုင်ကြမည်ဖြစ်သောကြောင့်၊ ဤအဋ္ဌကထာ စီစစ်ခဏ်းကျမ်းစာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်း မှီတင်းနေထိုင်ကြသူ ရဟန်းရှင်လူတိုင်း ရှင်ဖြူနှစ်သိမ့် ပီတိစိမ့်အောင် တမြိန့် မြိန့်လေ့လာကြပြီးလျှင် ဗုဒ္ဓဘာသာ သာသနာကို နှစ်ကြာတိုးတက် ရောင်ဝါ ထုတ်အောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

အဂ္ဂမဟာပဏ္ဍိတ အရှင်နာဂဝံသာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ
အကျိုးတော်ဆောင် ဆရာတော်များ
ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့။

ဒုတိယ သန္နိပါတ

အဋ္ဌကထာ သံဂါယနာ စီစစ်ခက်ခဲ

မာတိကာ

သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ

ယက္ခသံယုတ်

အကြောင်းအရာ					စာမျက်နှာနံပါတ်

အာဋဝကသုတ်

အာဋဝီ အမည်	....	....	....	....	၁
ကတိကဝတ် ပြုကြခြင်း	....	....	....	....	၂
ဘုရင်ဘက်မှ သမင်ထုတ်ပြေးပုံ	....	....	....		၂
အာဋဝကဘီလူးနှင့် အာဋဝီဘုရင်	....	....	....		၃
အာဋဝီဘုရင် ပဋိညာဉ်ပြုခဲ့ခြင်း	....	....	....		၄
အမတ်ကြီးနှင့် တိုင်ပင်ပုံ	....	....	....	....	၄
ကြိုးမိန့်ကျသူတွေ့	....	....	....	....	....	၅
ရာဇဝတ်မှု ကင်းသွားခြင်း	....	....	....	....	၆
ဘိုးအို ဘွားအိုမျှား	....	....	....	....	၇
ကလေးတွေ့ ဘီလူးစာကျေးခြင်း	....	....	....		၇
မင်း၏ သားတော် အလှည့်	....	....	....	....	၈
သဗ္ဗညုမြတ်စွာဘုရား	....	....	....	....	၉
တညဉ်မျှ ခွင့်တောင်းသောအခါ	....	....	....		၁၀
ဗိမာန်တွင်း ကွတော်မူခြင်း	....	....	....	....	၁၂
သာတာဂိရနှင့် ဟေမဝတနတ်သား	....	....	....		၁၃
ကောင်းကင်က မသွားနိုင်	....	....	....	....	၁၃
အာဋဝကအား ပြောကြားခြင်း	....	....	....		၁၄
အာဋဝကနှင့် ဘုရားတော်ခက်း	....	....	....		၁၅
နှိပ်စက်နိုင်မည့်သူ တလောကလုံးမရှိ	....	....	....		၁၇

(ခ) အဋ္ဌကထာသံဂါယနာစီစဉ်ခဏ်း

အကြောင်းအရာ	စာမျက်နှာနံပါတ်
ချုတ်ချယ်လို၍	၁ဂ
စကားအဆက်အစပ်	၁ဂ
ဘုရားပွင့်တာကိုပင် မသိဘူးလော	၁၉
ဂဠုန်မင်းအနီးဌ် အတောင်ကျိုးနေသော ကျိုးကန်းပမာ	၂၀
အာဋဝကကြုံးဝါးပုံ	၂၁
အသံကြီးလေးမျိုး	၂၂
လေဗ္ဓတိုက်စေခြင်း	၂၃
မိုဃ်းကြီး ရွာချစေပြန်ခြင်း	၂၄
ကျောက်ခဲမိုဃ်း	၂၄
လက်နက်မိုဃ်း	၂၄
မီးကျီးမိုဃ်း	၂၅
ပြာပူမိုဃ်း....	၂၅
သဲမိုဃ်း	၂၅
ရွံမိုဃ်း	၂၆
အမိုက်မှောင်ချ၍ ခြိမ်းချောက်ခြင်း	၂၆
စစ်အင်္ဂါလေးပါးဖြင့် ချီတက်ပြန်ခြင်း	၂၆
ဘွဲ့ဖြူလက်နက် လွှတ်ပြန်ခြင်း	၂၇
လက်နက်ကြီးလေးမျိုးနှင့် အစွမ်းသတ္တိ	၂၇
နတ်အပေါင်းတို့ စုဝေးလာကြခြင်း	၂၈
ဘွဲ့ဖြူလက်နက် ခြေသုတ်ပုဆိုးဖြစ်သွားခြင်း	၂၉
နိဂ္ဂမ သမဏ အဓိပ္ပါယ်	၃၀
သာဓာဝုသော အဓိပ္ပါယ်	၃၀
ဘီလူးစိတ် နူးညံ့သွားခြင်း	၃၁
ပဝိသ သမဏ အဓိပ္ပါယ်	၃၂
ဘီလူးဆိုတိုင်း လိုက်နာနေပုံ	၃၂
ဥပမာဆိုသော်	၃၃
နောက်ဆုံးအကြိမ်ဌဲမှု	၃၃
နု ခွါဟံ တံ အဓိပ္ပါယ်	၃၄
ပြဿနာမေးပြီး နှိပ်စက်လေ့ရှိသူ	၃၄

အကြောင်းအရာ စာမျက်နှာနံပါတ်

ကဿပဘုရားလက်ထက်က ပြဿနာ ၃၅
အန္တရာယ်မပြုနိုင်ရာ လေးပါး.... .... ၃၆
ယဒါ ကခ်ံသိ ၃၆
အာဠဝက မေးခွန်းများ ၃၇
ဂါထာအဖွင့်များ ၃၈
ကဿပဘုရားရှင် အဖြေအတိုင်း ၃၉
သဒ္ဓါတရားသည် ဥစ္စာဖြစ်ပုံ ၄၀
ပုရိသဿာတိ စသည်အဖွင့်များ ၄၂
သစ္စသဒ္ဒါ အနက်များ ၄၂
သစ္စာ၏ အကျိုးတွေ ၄၃
ကောင်းမြတ်သော အရသာ ၄၄
ပညာဖြင့် အသက်မွေးမှု ၄၅
ပြဿနာလေးရပ် ထပ်၍မေးခြင်း ၄၆
မြတ်စွာဘုရား အဖြေ ၄၇
အဖြေဂါထာ၌ အဓိပ္ပါယ် ၄၇
ဩဃလေပါးနှင့် မဂ်လေးပါး ၄၈
လောကီလောကုတ္တရာ ရောပြွမ်းသော မေးခွန်း.... .... ၅၀
ပညာရရှိခြင်း အကြောင်းလေးပါး ၅၁
ဂါထာ၏ အဓိပ္ပါယ်.... .... ၅၁
အခြားပြဿနာ သုံးရပ် ၅၄
ပတိရူပကာရီ စသည်အဓိပ္ပါယ် ၅၄
ကြွက်တကောင်ဖြင့် လေးသိန်းကြွယ်သလို ၅၅
ပေးကမ်းခြင်းဖြင့် မိတ်ဆွဖြစ်နိုင်၏ ၅၆
တမလွန်ဘဝ၌ မစိုးရိမ်ရသူ ၅၆
တိုက်တွန်းတော်မူခြင်း ၅၈
အာဠဝကပြန်လျှောက်ခဏ်း ၆၀
ဂါထာအဖွင့်များ ၆၀
အတ္တသဒ္ဒါ၏ အနက်များ ၆၁
ဘုရားလျှင် အကြောင်းရင်းရှိသည် ၆၂

အကြောင်းအရာ စာမျက်နှာနံပါတ်

ကြွေးကြော်လျက် သွားနေပါတော့မည် ၆၂
ဂါထာအဖွင့်များ ၆၃
တပြိုင်နက်တည်းဆုံကြပုံ ၆၄
မင်းသားငယ်အား ဘီလူးထံအပ်ခြင်း.... .... ၆၄
ဘီလူးက ဘုရားထံလျှောက်ခြင်း ၆၅
မင်းသားငယ်ကို အလှူခံခြင်း ၆၆
တလက်မှ တလက်သို့ ၆၇
ဘေးကင်းပြီ ၆၇
အာဠဝီတမြို့လုံး အုတ်အုတ်ကျက်ကျက် ၆၈
အာဠဝကသုတ္တန်ကို ပြန်၍ဟောကြားခြင်း ၆၈
နတ်ကွန်းဆောက်၍ ကိုးကွယ်ခြင်း ၆၉
မင်းသားအား ဘုရားထံပို့ခြင်း ၆၉
ဇာတဒဂ် ချီးမြှင့်ခြင်း.... .... ၆၉

အာဠဝကသုတ် စီစစ်ခဏ်း ပြီး၏

မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ
စုန္ဒသုတ်စီစစ်ခဏ်း မာတိကာ

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခြင်း ၃၁
အရှင်စုန္ဒ မထေရ် ၃၂
စကားလက်ဆောင်.... .... ၃၂
ပုဒ်ပါဠိ အဖွင့်များ.... .... ၃၃
အဋ္ဌုပ္ပတ္တိ အကျယ်ဖွင့်ပြခြင်း.... .... ၃၄
အရှင်သာရိပုတ္တရာ အကြုံအစည်ဖြစ်ခြင်း ၃၅
ရဟန္တာခုနစ်ပါး၏ မိခင်ကြီး.... .... ၃၆
သူများတကာ ကဲ့ရဲ့စရာ ၃၆
ဖွားတော်မူရာ တိုက်ခန်း၌သာလျှင် ၃၇
ပရိနိဗ္ဗာန်ပြုဘို့ ခွင့်တောင်းခြင်း ၃၈
ခွင့်လည်းမပြု တားလည်းမတားမြစ် ၃၉

အကြောင်းအရာ				စာမျက်နှာနံပါတ်
တန်ခိုးပြ၍ တရားဟောခြင်း	....	....	....	၈၀
သီဟဝိက်ဋ္ဌိတ ဒေသနာ	....	....	....	၈၂
နောက်ဆုံးလျှောက်ထားခြင်း	....	....	....	၈၂
မြေကြီးတုန်လှုပ် မိုဃ်းကြီးရွာခြင်း	....	....	....	၈၄
တသခ်ျိန့် ကမ္ဘာတသိန်းထက်က	....	....	....	၈၄
ပရိသတ်များစ့ာလိုက်ပို့ကြခြင်း	....	....	....	၈၅
မလွန်ဆန်နိုင်တဲ့ ခရီး	....	....	....	၈၆
နာလကရွာ ပညောင်ပင်ရင်း....	....	....	....	၈၇
ဖွားတော်မူရာ တိုက်ခန်း ပြင်ဆင်ပေးခြင်း	...	....		၈၈
ပြင်းထန်သော ဝေဒနာ	....	....	....	၈၉
နတ်ဗြဟ္မာတို့ လာရောက်ကြခြင်း	....	....	....	၉၀
မယ်တော်ပုဏ္ဏားမကြီး ဝင်ရောက်ခြင်း	....	....		၉၁
နတ်မင်းကြီးတို့ထက်ပင် မြတ်သေးသလား	....	....		၉၁
သိကြားထက်ပင် မြတ်သေးသလား	....	....	....	၉၂
ဗြဟ္မာကြီးထက်ပင် မြတ်သေးသလား	....	....		၉၂
သားနှင့် စာသော် ဘုရားသည်ကား	....	....	....	၉၃
မယ်တော်ကို တရားဟော့ခြင်း	....	....	....	၉၃
စောစောက ဘာကြောင့် မပေးခဲ့သလဲ	....	....		၉၄
မွေးကျေးဇူး ပေးအပ်ခဲ့ပြီ	....	....	....	၉၅
လေးဆယ့်လေးနှစ် ကာလပတ်လုံး	....	....	....	၉၆
ပရိနိဗ္ဗာန် စံတော်မူခြင်း	....	....	....	၉၆
မယ်တော်ကြီး၏ ပရိဒေဝမီး....	....	....	....	၉၇
ပြာသာဒ်ပေါင်း နှစ်ထောင်	....	....	....	၉၈
လူတရစ် နတ်တရစ်	....	....	....	၉၈
ရေဝတီ ဒါယိကာမ	....	....	....	၉၈
ဗိမာန်နှင့်တကွ ဆင်းလာခြင်း	....	....	....	၉၉
နေနှစ်စင်းလေလော ?	....	....	....	၁၀၀
သဓုကီဠိက သဘင်....	....	....	....	၁၀၁
စုန္ဒ မထေရ်	....	....	....	၁၀၁

အဋ္ဌကထာသံဂါယနာစီစဉ်ခက်ား

အကြောင်းအရာ စာမျက်နှာနံပါတ်

ရှင်အာနန္ဒာထံ ရှေးဦးစွာ ဝင်ရခြင်း ၁၀၂
ဘုရားထံ လျှောက်ပြခက်ား ၁၀၃
ပတ္တစီဝရံ အဓိပ္ပါယ်.... .... ၁၀၅
ကထာပါဘတံ အဓိပ္ပါယ် ၁၀၅
ဘဂဝန္တ ဒဿနာယ ၁၀၆
ဘုရားကိုယ်တော်တိုင် ချီးကျူးခြင်း ၁၀၇
ဓာတ်တော်ဘို့ကို ဖူးမျှော်ခိုင်းခြင်း ၁၀၉
ဂါထာငါးရာတို့ဖြင့် ချီးကျူးပုံ ၁၀၉
အသျှင်အာနန္ဒာ တုန်လှုပ်ချောက်ချားပုံ ၁၁၁
တရားဘက်သို့ စိတ်မညွတ်နိုင် ၁၁၂
သီလကွန္ဓစသည်ကို ယူသွားသလော ? ၁၁၂
ဓမ္မသြဇာကို အောက်မေ့ကြပါကုန်၏ ၁၁၄
သီလကွန္ဓစသည် အဖွင့် ၁၁၄
သန်ဂါရဓမ္မပြု၍ သက်သာရာရစေခြင်း.... .... ၁၁၆
တရားသာလျှင် မှီခိုရာရှိကြကုန်လော့ ၁၁၈
ပိယေဟိ မနာပေဟိ အဖွင့်.... .... ၁၁၈
ဘုရားခန္ဓာကိုယ်သော်မှ ၁၁၉
အစားမထိုးနိုင်သော ဆုံးရှုံးခြင်း ၁၂၀
ဥပမာ နှိုင်းယှဉ်ခြင်း ၁၂၁
မိမိကိုယ်သာလျှင် မှီခိုရာဖြစ်ပုံစသည် ၁၂၂
သတိပဋ္ဌာန်တရားနှင့် ပြည့်စုံကြလျှင်.... .... ၁၂၃

စုန္ဒသုတ် စီစစ်ခက်ား ပြီး၏

သံယုတ္တနိကာယ် စီစစ်ခက်ား ပြီးပြီ။

အဘိဓမ္မပိဋကအဋ္ဌကထာစီစစ်ခက်ား
ဉာဏဝိဘင်းစီစစ်ခက်ား မာတိကာ

ဒဿကနိဒ္ဒေသ ၁၂၄
နိစ္စ ရှုရှိုး ထုံးစံမရှိ ၁၂၄

အကြောင်းအရာ	စာမျက်နှာနံပါတ်
သုခရှုရိုး ထုံးစံမရှိ	၁၂၅
အတ္တရှုရိုး ထုံးစံမရှိ....	၁၂၅
မိခင်သတ်ရိုး ထုံးစံမရှိ	၁၂၆
ပိတုဃာတကစသည် ထုံးစံမရှိပြီ	၁၂၆
အဌာနံ စသည်အဖွင့်	၁၂၇
သဿတဒိဋ္ဌိဖြင့်	၁၂၈
သုခတော ဥပဂစ္ဆယျ	၁၂၉
အစဲ့အလမ်း ဖြေရှင်း၏	၁၃၀
ဘဝပြောင်းစေကာမူ သူ့အသက် မသတ်	၁၃၀
ပုထုဇဉ်အဖြစ်ကား အပြစ်များလှ၏....	၁၃၁
ပဒုဋ္ဌစိတ်စသည် အဖွင့်	၁၃၁
သံဃံ ဘိန္နေယျ	၁၃၂
သံဃာသင်းခဲ့ပုံ ငါးမျိုး အဓိပ္ပါယ်များ	၁၃၂
ကန့်ဉဒ္ဒေသသာလျှင် ပမာဏ	၁၃၄
ဒုတိယဗလနိဒ္ဒေသ အဖွင့်	**၁၃၅**
ကံအမျိုးမျိုးကို သိရှိတော်မူခြင်း	၁၃၅
သမ္ဗတ္တိနှင့် ဝိပတ္တိ လေးမျိုး	၁၃၆
ဂတိသမ္ပတ္တိ ပြည့်စုံလျှင်	၁၃၆
ဥပဓိသမ္ပတ္တိ ပြည့်စုံလျှင်	၁၃၇
နွားသားစားလျှင် ဒဏ်ပေးသောမင်း	၁၃၈
ကာလသမ္ပတ္တိ ပြည့်စုံလျှင်	၁၃၉
ပယောဂသမ္ပတ္တိ ပြည့်စုံလျှင်....	၁၃၉
ဂတိဝိပတ္တိ ကြုံကြိုက်လျှင်	၁၄၀
ဥပဓိဝိပတ္တိ ကြုံကြိုက်လျှင်	၁၄၁
ကာလဝိပတ္တိ ကြုံကြိုက်လျှင်....	၁၄၂
ပယောဂဝိပတ္တိ ကြုံကြိုက်လျှင်	၁၄၃
သမ္ပတ္တိမှ ဝိပတ္တိသို့	၁၄၄
ဥပမာ စပ်ပြခြင်း	၁၄၆
ဂတိဝိပတ္တိကြုံနေလျှင် ကုသိုလ်အကျိုးမပေး	၁၄၇

အမြောကြောင်းအရာ					စာမျက်နှာနံပါတ်
ဥပဓိဝိပတ္တိ ကြုံကြိုက်လျှင်	....	....	....	....	၁၄၇
မျက်စိပျက်သွားသော မင်းသား	....	....	....		၁၄၈
ကျွန်းငယ်၏ ဘုရင်သာဖြစ်ခြင်း	....	....	....		၁၄၉
ကာလဝိပတ္တိ ကြုံကြိုက်လျှင်....	....	....	....		၁၄၉
ပယောဂဝိပတ္တိ ကြုံကြိုက်လျှင်	....	....	....		၁၅၀
ဂတိသမ္ပတ္တိကြုံကြိုက်လျှင်	....	....	....	....	၁၅၁
ဥပဓိသမ္ပတ္တိကြုံကြိုက်လျှင်	....	....	....	....	၁၅၁
ကာလသမ္ပတ္တိ ကြုံကြိုက်လျှင်	....	....	....		၁၅၂
မဟာသောဏ မထေရ်ဝတ္ထု	....	....	....	....	၁၅၂
ပရိနိဗ္ဗာန်စံတော်မူကြခြင်း	....	....	....	....	၁၅၃
သိကြားမင်းလည်း မတတ်နိုင်	....	....	....		၁၅၃
သံဃအကြီးအမှူး မထေရ်သုံးပါး	....	....	....		၁၅၄
သာသနာတည်တုံ့စေမည့် မထေရ်	....	....	....		၁၅၅
စောဒီတော်ကြီးသော်မှ ကိုးကွယ်ရာမဲ့ ဖြစ်ရချေသေး၏....					၁၅၆
ရုက္ခစိုးနတ်က လျှောက်ထားခြင်း	....	....	....		၁၅၆
မြေကြွှံ့၍ ဆောင်သွားခြင်း	....	....	....		၁၅၇
ဣသိဒတ္တ မထေရ်	....	....	....	....	၁၅၈
သစ်ရွက်စားနေရသောရွာ	....	....	....	....	၁၅၉
အမြဲသီတင်းသုံးဘို့ ပင့်ထားခြင်း	....	....	....		၁၆၀
ငြိမ်းချမ်းသောအခါသို့ရောက်လျှင်	....	....	....		၁၆၁
နတ်တို့က နှိုးဆော်ခြင်း	....	....	....	....	၁၆၁
ဘုန်းကံရှိသူဖြစ်၍ ရွှေးလှူခြင်း	....	....	....		၁၆၂
ဝတ္တဇ္ဈကနိဂြောဓသာမဏေ ဝတ္ထု	....	....	....		၁၆၃
ထန်းသီးမှည့် ဘုဉ်းပေးရခြင်း	....	....	....		၁၆၃
သစ်ရွက်စားသူတို့ရှာသို့ ရောက်ကြပြန်ခြင်း	....	.. .			၁၆၄
ပျားရည်ဆက်ကပ်ကြခြင်း	....	....	....	....	၁၆၅
ညဉ့်အခါ တောသို့သွားအိပ်ခြင်း	....	....	....		၁၆၇
ဥပဇ္ဈာယ်ဆရာက မှာထားခြင်း	....	....	....		၁၆၈
ဘုန်းကံကြီးမားလှပုံ	....	....	....	....	၁၆၉

အကြောင်းအရာ စာမျက်နှာနံပါတ်

ပယောဂသမ္မတ္တိ ကြုံကြိုက်ခဲ့သော် ၁၇၀
စုဥသုဓမ္မ မထေရ်ဝတ္ထု ၁၇၀
မထေရ်ကိုပင် မော်၍မဖူးဝံ ၁၇၁
တိပိဋကစူဠနာဂ မထေရ် ၁၇၂
ကြည်ညိုလှသော ဘုရင် ၁၇၂
ဝိပတ္တိနှင့် သမ္ပတ္တိကို နှိုင်းယှဉ်ပြခြင်း ၁၇၃
ပဋိသမ္ဘိဒါ ဒေသနာတော်နည်း ၁၇၄
ဒုတိယဗလ အဓိပ္ပါယ် ၁၇၇

ဥဏ္ဍဝိဘင်းမာတိကာ ပြီး၏

သမ္မပ္ပဓာနဝိဘင် စီစစ်ခက်း

သုတ္တန္တဘာဇနီယဝဏ္ဏနာ ၁၇၉
သမထဝိပဿနာ ဆိုလိုရင်း ၁၈၀
စျာန်ကစားသော ကိုရင်လေးဝတ္ထု ၁၈၁
ထူးခြားသော မဟာစေတီတော်ကြီး ၁၈၂
မျက်စိကန်းသည့် ရက်ကန်းသည်မနှင့် ညားလိမ့်မည် ၁၈၄
ဆရာဆုံးမသော်လည်း အရေးမစိုက်ခဲ့ ၁၈၄
အဘိညာဉ်ခရီးဖြင့်သာ ၁၈၅
ပုထုဇဉ်၏ တန်ခိုးသည် စိတ်မချရ ၁၈၅
ကြာအိုင်တွင်းမှ သီချင်းသံ ၁၈၆
အမျိုးမျိုးငြင်းပယ်သော်လည်း ၁၈၇
အိမ်သို့ ခေါ်ခဲ့၍ သမီးနှင့်ပေးစားရခြင်း ၁၈၈
ရက်ကန်းအလုပ်ဖြင့် ၁၈၈
မျက်လုံးမှန်သွားခြင်း ၁၈၉
ဆရာ့စကား ပြေး၍သတိရခြင်း ၁၉၀

ဥာဏဝိဘင်းစီစစ်ခက်ား မာတိကာ

အကြောင်းအရာ	စာမျက်နှာနံပါတ်
အပုဇ္ဈ အစရိမ	၁၉၃
သာသနာသုံးရပ် ကွယ်ပခြင်း	၁၉၃
ပဋိဝေဓနှင့်ပဋိပတ္တိ တခါတရံမရှိ	၁၉၄
ပရိယတ္တိသည် သာသနာတည်ကြောင်း	၁၉၄
အဘိဓမ္မာကစ၍ ကွယ်ပခြင်း	၁၉၅
သုတ္တန်ပိဋကက ကွယ်ပပုံ	၁၉၅
ဝိနည်းပဋကတ် ကွယ်ပပုံ	၁၉၆
ပရိန်ဗ္ဗာန်စံခြင်း သုံးမျိုး	၁၉၆
ဓာတုပရိနိဗ္ဗာန် စံယူပုံ	၁၉၇
အဘယ့်ကြောင့် တပြိုင်နက်မပွင့်သနည်း	၁၉၈
ပြိုင်ဇူပွင့်လျှင် အံ့သြဘွယ်မရှိ	၁၉၉
ဒေသနာချင်းလည်း မထူးခြားချေ	၁၉၉
ပြိုင်ဆိုင်မှု ငြင်းခုံမှုတွေ့လည်း ပေါ်လာရာ၏	၂၀၀

ဗျာနဝိဘင်္ဂစီစစ်ခက်ား

သမ္မာဒဿနကာရီ အဓိပ္ပါယ်	၂၀၁
သမ္မာညဉ လေးပါး	၂၀၂
သာတ္ထက သမ္မာဉ်	၂၀၂
သပ္ပါယသမ္မာဉ်	၂၀၄
အသုဘမြင်ရလျှင် သာတ္ထကပင်	၂၀၅
ဝိသဘာဂအာရုံချင်း မလျောက်ပတ်	၂၀၆
ဂေါစရသမ္မာဉ်	၂၀၆
စတုက္ကလေးပါးဖြင့် ပိုင်းခြားပုံ	၂၀၆
အသွားဌ်သာ ကမ္မဋ္ဌာန်းဆောင်သည့်ပုဂ္ဂိုလ်	၂၀၇
ရွေးက ထုံးစံ	၂၀၉
အသွားမပါ အပြန်ပါသော ပုဂ္ဂိုလ်	၂၁၀
ရဟန္တာပေါင်း မရေတွက်နိုင်	၂၁၁

အကြောင်းအရာ				စာမျက်နှာနံပါတ်
အသွားအပြန် ကမ္မဋ္ဌာန်းမပါသောပုဂ္ဂိုလ်	....	....		၂၁၂
အသွားအပြန် ကမ္မဋ္ဌာန်းပါသောပုဂ္ဂိုလ်	....	....		၂၁၂
လမ်းခရီးသွားရင်း ကိလေသာဖြစ်ခဲ့သော်	....	....		၂၁၄
မဟာဖုဿဒေဝ မထေရ်	....	....	....	.... ၂၁၅
မဟာနာဂ မထေရ်	....	....	....	.... ၂၁၆
ရေငုံထားခြင်း	....	....	....	.... ၂၁၇
မထေရ် ငါးကျိပ်	....	....	....	.... ၂၁၈
အသွားအပြန် ဆောင်ခဲ့လျှင်....	....	....		.... ၂၂၁
အသမွေဟ သမွဇဉ်	....	....	....	.... ၂၂၂
ရုပ်နာမ်ဓမ္မဘို့ ခဏချင်း ချုပ်ကြပုံ	....	....	....	၂၂၃
ဓာတ်သဘာဝတို့သာလျှင် သွားလာနေခြင်း	....	....		၂၂၃
အာလောကိတေ ဝိလောကိတေ အဖွင့်	....	....		၂၂၄
အကျိုးကိုသိမ်းဆည်းလျှင် သာတ္ထကသမွဇဉ်	....	....		၂၂၅
ကမ္မဋ္ဌာန်းမစွန့်လျှင် ဂေါစရသမွဇဉ်	....	....	....	၂၂၆
အသမွေဟသမွဇဉ် ခဲ့ပြခြင်း	....	....	....	၂၂၇
မူလပရိညာ	....	....	....	.... ၂၂၇
အာဂန္တုက အဖြစ်	....	....	....	.... ၂၂၈
တာဝကာလိက အဖြစ်	....	....	....	.... ၂၂၉
ခန္ဓာစသည်ဖြင့် သိအပ်ပုံ	....	....	....	.... ၂၂၉
ကွေးရာဆန့်ရာ၌ သမွဇဉ်ဖြင့် သိပုံများ	....	....		၂၃၁
မသင့်တင့်ရာ၌ ဆန့်မိသျှင်	....	....	....	.... ၂၃၂
မဟာထေရ ဝတ္ထု	....	....	....	.... ၂၃၂
ယန္တရားစက်ရုပ်ကဲ့သို့	....	....	....	.... ၂၃၄
ပရိကမ္မရာဆောင်ရာ၌ သမွဇဉ်ပြုပုံများ	....	....		.... ၂၃၄
တောင်ပို့နှင့် သစ်ပင်ပမာ ကျင့်ကြံရာ၏	....	....		၂၃၆

အကြောင်းအရာ စာမျက်နှာနံပါတ်

သပိတ်နှင့်ဆိုင်ရာများ.... .... ၂၃၆

စားသောက်ရာ၌ သမ္မာဇဉ်ပြုပုံများ ၂၃၉

ဝါယောဓာတ်ကြောင့် ပြီးစီးနေပုံ ၂၄၀

ပထဝီစသော ဓာတ်များ ၂၄၁

ဝိဘင်းအင်္ဂကထာ စီစစ်ခက်ား ပြီး၏

ပုဂ္ဂလပညတ္တိ အင်္ဂကထာ စီစစ်ခက်ား မာတိကာ

ကေကနိဒ္ဒေသ ၂၄၃

ဝိမောက္ခစသည် အဓိပ္ပါယ် ၂၄၃

ကာလနှင့် အကာလ ၂၄၄

တွေ့ထသည် ဟူသည် ၂၄၅

စျာန်တွေ့ထိပုံ ၂၄၆

ပညာဖြင့် တွေ့ထိပုံ.... .... ၂၄၆

သမယဝိမုတ္တ၌ ပုထုဇဉ်နှင့် ရဟန္တာ မပါ ၂၄၇

အသမယဝိမုတ္တ ပုဂ္ဂိုလ် ၂၄၇

အသမယဝိမုတ္တသည် သုက္ခဝိပဿက ရဟန္တာ ၂၄၈

အရိယေ ဝိမောက္ခေ ၂၄၉

ကုပ္ပါကုပ္ပနိဒ္ဒေသ ၂၅၀

ကုပ္ပမမ္မ ပုဂ္ဂိုလ် ၂၅၁

သတ္တက္ခတ္တုပရမ သောတာပန် ၂၅၂

သောတာပန် အဓိပ္ပါယ် ၂၅၃

အဝိနိပါတဓမ္မ စသည်အဖွင့် ၂၅၄

ကောလံ ကောလ သောတာပန် ၂၅၅

သောတာပန်သည် ယုတ်ညံ့သော အမျိုး၌ မဖြစ် ၂၅၆

ကေဗိဇီ သောတာပန် ၂၅၆

နတ်ဘဝသို့လည်း ရောက်နိုင်သေးသည် ၂၅၇

အာဘယ်ပုဂ္ဂိုလ်သည် မှတ်သားပါသနည်း ၂၅၈

အကြောင်းအရာ					စာမျက်နှာနံပါတ်
အသင့်မြတ်ဆုံး ဝါဒ	....	....	....	....	၂၅၈
ဝဋ္ဋဘီရတပုဂ္ဂိုလ် ၇-ဦး	....	....	....	....	၂၅၉
သောတာပန် ဆယ့်နှစ်ပါး	....	....	....	....	၂၆၀
သကဒါဂါမိနိဒ္ဒေသ	....	....	....	....	၂၆၀
သကိဒေဝ၌ ယူရမည့်ပုဂ္ဂိုလ်	....	....	....	....	၂၆၁
သကဒါဂါမ်နှင့် ဧကဗီဇီအထူး	....	....	....	....	၂၆၂

ပုဂ္ဂလပညတ်တို့အဋ္ဌကထာ စီစစ်ခဏ်း မာတိကာ

ပြီး၏

အဋ္ဌကထာ

သံဂါယနာစိစစ်ခဏ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ

ယက္ခသံယုတ်

အာဋဝကသုတ် စီစစ်ခဏ်း

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ အာဋဝိယံ ဝိဟရတိ အာဋဝကဿ ယက္ခဿ ဘဝနေ။

ဘန္တေ ကဿပ၊ အဟံ အရှင်မဟာကဿပ....။ မေမယ်၁၊ ဘုရားတပည့်တော် အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်နှာမှာက် တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ နာခံ မှတ်သား ဆောင်ရွက်၍ ထားအပ်ပါ၏။ ဧကံ သမယံ၊ တပါးသော အခါ သမယ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အာဋဝိယံ၊ အာဋဝိပြည်၌။ အာဋဝကဿ၊ အာဋဝက အမည်ရှိသော။ ယက္ခဿ၊ ဘီလူး၏။ ဘဝနေ၊ ဗိမာန်၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။

အာဋဝိ အမည်

ဤသို့ အစရှိသည်ဖြင့် ဟောကြားတော်မူအပ်သော အာဋဝကသုတ္တန် ဒေသနာတော်မြတ်၏ အဋ္ဌုပ္ပတ္တိအကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

ဒ္ဝါဒသမေ၊ တဆယ့်နှစ်ခုမြောက်သော သုတ်၌။ အာဋဝိယန္တိတ္ထေ၊ အာဋဝိယံ-ဟူသော ဤပါဠိ၌။ အာဋဝိတိ၊ အာဋဝိဟူသည်။ တံ ရဋ္ဌံ၊ ထို

တိုင်းသည်၎င်း။ တံ နဂရမ်ပြီ၊ ထိုမြို့သည်၎င်း။အာဋဝိတိ-အာဋဝိနာမ၊ အာဋဝိ မည်၏။ တဋ္ဌ ဘဝနံ၊ ထိုအာဋဝကဘီလူး၏ ဘုံဗိမာန်သည်လည်း။ နဂရဿ၊ အာဋဝိမြို့၏။ အဝိဒူရေ၊ အနီးဠ်။ ဂါဝုတမတ္တေ၊ ဂါဝုတ်ပမာဏမျှဠ်။ ဋ္ဌိတံ၊ တည်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တတ္ထ၊ ထိုအာဋဝက နတ်မင်း၏ ဘုံဗိမာန်ဠ်။ ဝိဟရန္တော၊ နေထိုင်တော်မူလျက်။တံ နဂရံ၊ ထိုအာဋဝိမြို့ကို။ ဥပနိဿာယ၊ အမှီပြု၍။ အာဋဝိယံ၊ အာဋဝိပြည်ဠ်။ ဝိဟရတိ၊ သီတင်းသုံး တော်မူ၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်၏။

ကတိကဝတ် ပြုကြခြင်း

အာဋဝကဿ ယက္ခဿ ဘဝနေတိ ဧတ္ထ၊ အာဋဝကဿ ယက္ခဿ ဘဝနေ-ဟူသော ပါဠိတော်ဠ်။အယံ၊ ဤဆိုလတ္တံ့သည်ကား။ အနုပုဗ္ဗိကထာ၊ အစဉ်အတိုင်း ဖြစ်သော စကားတည်း။

အာဋဝိမင်းသည် အထူးထူး အပြားပြားသော ကချေသည်တို့ဖြင့် သုံးဆောင် ခံစားအပ်သော ချမ်းသာကို စွန့်ပစ်၍ သူခိုး သူဝှက် မကောင်း သော သူတို့ကို တားဆီးခြင်း အကျိုးငှါငှင်း ပြည်ထောင်ချင်း ဆန့်ကျင်ဘက် ဖြစ်ကုန်သော မင်းတို့ကို တားဆီးခြင်း အကျိုးငှါငှင်း လက်ရုံးအားကိုး လေ့ကျင့်ခြင်းကို ပြုလုပ်ခြင်း အကျိုးငှါငှင်း ခုနစ်ရက် ခုနစ်ရက်မြောက်သော နေ့ဠ် သမင်လိုက်ခြင်းသို့ သွားသည်ရှိသော် တနေ့သဠ် ဗိုလ်ပါ အပေါင်းနှင့် တကွ အချင်းချင်း ကတိကဝတ်ကို ပြုကြပါသည်။

ယဿ၊ အကြင်သူ၏။ ပဿေန၊ အဘို့ဖြင့်။ ဝါ၊ အဘက်ဖြင့်။ မိဂေါ၊ သမင်သည်။ ပလာယတိ၊ ထွက်ပြေး၏။ တဿေဝ၊ ထိုသူ၏သာလျှင်။ သော ဘာရော၊ ထိုသမင်ကို မိအောင် ဖမ်းတဲ့တာဝန်ရှိ၏။ ။ဤသို့ ကတိကဝတ်ကို ပြုကြပါသည်ဘုရား။

ဘုရင်ဘက်မှ သမင်ထွက်ပြေးပုံ

ထိုအခါဠ် ထိုအာဋဝိရှင်ဘုရင်၏ဘက်မှ သမင်သည် ထွက်၍ ပြေးပါ သည်၊ အဟုန်အစွမ်းနှင့် ပြည့်စုံသော မင်းသည် လေးကို ကိုင်စဲ့၍ ခြေလျှင် သာလျှင် သုံးယူဇနာရှိသော ခရီးတိုင်အောင် ထိုသမင်ကို အစဉ်အတိုင်း လိုက်ခဲ့ပါသည်၊ ဧဏီ အမည်ရှိသော သားကောင်တို့သည်လည်း သုံးယူဇနာ အတိုင်းအရှည်ရှိသော အဟုန်ရှိကြကုန်သည်သာလျှင်တည်း။

ထိုအခါ၌ ကုန်ပြီးသော အဟုန်ရှိသော ထိုဧဏီမည်သော သားကောင်ကို မောပန်း၍ လာတဲ့ သူသည် ရေထဲသို့ နစ်မြုပ်၍ သွားသည်ရှိသော် အသက်မရှူနိုင်ဘဲ ဖြစ်၍ တည်နေသကဲ့သို့ တည်၍နေသော ကုန်လေပြီးသော အဟုန်ရှိသော ထိုဧဏီ အမည်ရှိသော သားကောင်ကို သတ်၍ နှစ်ပိုင်း နှစ်ဘို့ဖြတ်၍ အသားဖြင့် အလိုမရှိငြားသော်လည်း။

နာသကို့ မိဂံ ဂဟေတုန်တိ အပဝါဒမောစနတ္ထံ ကာဇေနာဒါယ အာဂစ္ဆန္တော နဂရဿာဝိဒူရေ ဗဟလပတ္တပလာသံ မဟာနိဂ္ရောဓံ ဒိသွာ ပရိဿမဝိနောဒနတ္ထံ တဿ မူလမုပဂတော။

မိဂံ၊ သမင်ကို့။ ဂဟေတုံ၊ ဘမ်းယူခြင်းငှါ။ နာသကို့၊ မစ္ဆမ်းနိုင်ခဲ့။ ဣတိ၊ ဤသို့။ အပဝါဒမောစနတ္ထံ၊ စွပ်စဲ့ခြင်းမှ ကင်းလွတ်ခြင်းအကျိုးငှါ။ ကာဇေန၊ ထမ်းပိုးဖြင့်။ အာဒါယ၊ ယူ၍။ အာဂစ္ဆန္တော၊ ပြန်လာလတ်သည်ရှိသော်။ နဂရဿ၊ အာဠဝိမြို့၏။ အဝိဒူရေ၊အနီး၌။ ဗဟလပတ္တပလာသံ၊ ထူထဲသော အရွက်အကိုင်းရှိသော။ မဟာနိဂ္ရောဓံ၊ ကြီးစွာသော ပညောင်ပင်ကြီးကို။ ဒိသွာ၊ တွေ့မြင်ရ၍။ ပရိဿမဝိနောဒနတ္ထံ၊ ပင်ပန်းခြင်းကို ပယ်ဖျောက်ခြင်း အကျိုးငှါ။ တဿ၊ ထိုပညောင်ပင်၏။ မူလံ၊ အရင်းသို့။ ဥပဂတော၊ ကပ်ရောက်ခဲ့လေပြီ။

အာဠဝကဘီလူးနှင့် အာဠဝိဘုရင်

ထိုဆိုအပ်ခဲ့ပြီးသော ပညောင်ပင်၌လည်း အာဠဝကအမည်ရှိသော ဘီလူးသည် နတ်မင်းကြီးတို့၏အထံမှ ဘုံဗိမာန်ကို ရရှိသည်ဖြစ်၍ မွန်းတည့်သော အခါကာလ၌ ထိုသစ်ပင်၏ အရိပ်တည်ရှိရာအရပ်သို့ ဝင်ရောက်ကုန်သော သတ္တဝါတို့ကို စားခြင်းငှါ ရရှိပါသည်။

ထိုဘီလူးသည် ထိုအာဠဝိမင်းကို မြင်၍ စားခြင်းငှါ အနီးသို့ ချဉ်းကပ်၍ လာပါသည်၊ မင်းသည် ထိုဘီလူးနှင့်တကွ ကဘိကဝတ်ကို ပြုခဲ့ပါသည်၊ ထိုကတိကဝတ် ပြုခဲ့ပုံကို အဋ္ဌကထာဆရာအရှင်မြတ်က——

မံ၊ ငါ့ကို့။ မဠ္ဍ၊ လွတ်ပါ။ အဟံ၊ ငါသည်။ တေ၊ သင်၏ထံသို့။ ဒိဝသေဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ မနုဿဠ္ဍ၊ လူတယောက်ကိုငင်း။ ထာလိပါကဠ္ဍ၊ ထမင်းအုပ်ကိုငင်း။ ပေသေဿာမိ၊ စေလွှတ်ပါအံ့။

ဤသို့ မင်းသည် ဘီလူးနှင့်တကွ ကဘိကတော်ကို ပြုခဲ့ပါသည်၊ ဘီလူးကလည်း—

တုံ့၊ သင်သည်။ ရာဇူပဘောဂေန၊ မင်း၏စည်းစိမ်ချမ်းသာဖြင့်။ ပမတ္တော၊ မေ့လျော့သည်ဖြစ်၍။နသရိဿသိ၊ ပို့ဘို့ရန် အမှတ်မရလတ္တံ့။ အဟံ ပန၊ ငါသည်တမှုကား။ ဘဝနံ၊ ဘုံဗိမာန်သို့။အနုပဂတဉ္စ၊ မကပ်မရောက်လာသောသူကိုဂင်း။ အနနုညာတဉ္စ၊ အခွင့်မပြုအပ်သော သူကိုဂင်း။ ခါဒိတုံ၊ ခဲစားခြင်းငှါ။ နလဘာမိ၊ မရ။ သုဘံ-သော အဟံ၊ ထို့ငါသည်။ ဘဝန္တမ္မိ၊ အရှင့်ကိုလည်း။ ဇီယေယျံ၊ ဆုံးရှုံးရာ၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ နမုဉ္စိ၊ မလွှတ်။

အာဠဝိဘုရင် ပဋိညာဉ်ပြုခဲ့ခြင်း

ထို့အခါ မင်းမြတ်က....ယံ ဒိဝသံ၊အကြင်နေ့၌။ နပေသေမိ၊မပို့မလွှတ်မိပါ။ တံ ဒိဝသံ၊ ထို့သို့ မပို့မလွှတ် မေ့လျော့၍ နေသော နေ့၌။မံ၊အကျွန်ုပ်ကို။ ဂဟေတ္ဝာ၊ ဖမ်းယူ၍။ ခါဒ၊ စားပါလော့။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ အနုဇာနိတ္ဝာ၊ ခွင့်ပြု၍။ တေန၊ ထို့ဘီလူးသည်။ မုတ္တော၊ လွှတ်အပ်သည်ရှိသော်။ နဂရာဘိမုခေါ၊ မြို့သို့ ရှေ့ရှုသည်ဖြစ်၍။ အဂမာသိ၊ ပြန်လာခဲ့လေပြီ။

ဗိုလ်ပါအပေါင်းသည် လမ်းခရီး၌ သစ်ခက်တဲနန်းကို ထိုးဖွဲ့၍ တည်လျက် မင်းကို မြင်ကြကုန်သည်ဖြစ်၍ မဟာရာဇ၊ မင်းမြတ်....။ ကိံ၊ အသို့နည်း။ အယသမတ္တာဘယာ၊ အခြံအရံနှင့် ကင်းရှံမျှ ဖြစ်သော စိုးရိမ်မှုကြောင့်။ ဧဝံ၊ ဤသို့။ ကိလန္တော၊ ပင်ပန်းသည်။ အသိ၊ ဖြစ်သလော။ ဣတိ၊ ဤသို့။ ဝဒန္တော၊ ပြောဆိုလျက်။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ ပဋိဂ္ဂဟေသိ၊ ခံယူလေပြီ။

အမတ်ကြီးနှင့် တိုင်ပင်ပုံ

မင်းသည် ထိုအဖြစ်အပျက်ကို မပြောကြားမူ၍ မြို့သို့ သွား၍ စားအပ်ပြီးသော နံနက်စာ ရှိသည်ဖြစ်၍ ပြည်ထဲရေးအမတ်ကြီးကို ခေါ်၍ ဤအခြင်းအရာ ဤဖြစ်ပုံ အကြောင်းကို ပြောပြပါသည်။

ထို့အခါ ပြည်ထဲရေးအမတ်ကြီးက....မင်းမြတ် အသို့နည်း။ ကာလအပိုင်းအခြားကို ပြုအပ်ခဲ့ပါ၏လော ဟူ၍ မေးမြန်းပါသည်။

အချင်း အမတ်ကြီး....ငါသည် ကာလအပိုင်းအခြားကို မပြုလုပ်အပ်ခဲ့ဟူ၍ ပြောပါသည်။

မင်းမြတ်သည် မကောင်းသဖြင့် ပြုအပ်ပါသည်၊ ဘီလူးတို့မည်သည် အပိုင်းအခြားမျှကိုသာလျှင် ရကြပါကုန်သည်။အပိုင်းအခြား မပြုသည်ရှိသော်ကား တိုင်းပြည်ဇနပုဒ်၏ ချောက်ခြားခြင်းသည် ဖြစ်ပါလိမ့်မည်၊ ရှိပါစေဦးတော့၊ ဤကဲ့သို့ပင် အကယ်၍ ပြုခဲ့စေကာမူ အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့ ဖြစ်၍ မင်း၏ချမ်းသာကို ခံစားတော်မူပါ၊ ကျွန်တော်မျိုးသည် ဤကိစ္စ၌ ပြုအပ် ပြုသင့်သည်ကို ပြုလုပ်ပါတော့မည် ဟူ၍ သံတော်ဦးတင်လေ၏။

ကြိုးမိန့်ကျသူတွေ

ထိုအခါ စောစောကပင် ထ၍ အကျဉ်းထောင်တံခါးဝ၌ ရပ်၍—

ယေ ယေ ဝဇ္ဈာ ဟောန္တိ၊ တေ တေ သန္ဓာယ “ယော ဇီဝိတတ္ထိကော၊ သော နိက္ခမတူ”တိ ဘဏတိ။

ယေ ယေ၊ အကြင် အကြင်သူတို့သည်။ ဝဇ္ဈာ၊ သတ်ထိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ တေ၊ ထိုထိုအသတ်ခံရမည့် သူတို့ကို ။ သန္ဓာယ၊ ရည်ရွယ်၍။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဇီဝိတတ္ထိကော၊ အသက်ဖြင့် အလို ရှိ၏။ သော၊ထိုပုဂ္ဂိုလ်သည်။နိက္ခမတူ၊ ထွက်ခဲ့လော့။ ဣတိ၊ ဤသို့။ ဘဏတိ၊ ဆို၏။

အကျဉ်းထောင် တံခါးဝ၌ ပြည်ထဲရေးအမတ်ကြီးသည် ရပ်၍ အကြင် အကြင် သတ်ထိုက်ကုန်သော သူတို့သည် ရှိကြကုန်၏၊ သေဒဏ်ခံရမည့်သူတို့သည် ကြိုးစင်တင်ခံရမည့် သူတို့သည် ရှိကြကုန်၏၊ ထိုထိုသတ်ထိုက်သော ကြိုးစင်တင်ခံရမည့် သူတို့ကို ရည်ရွယ်၍ အကြင်သူသည် မိမိအသက်ဖြင့် အလိုရှိ၏၊ ထိုသူသည် ထွက်ခဲ့လော့ ဟူ၍ ပြောကြားပါသည်၊ အကြင်သူသည် ရှေးဦးစွာ ထွက်၍ လာခဲ့၏၊ ထိုထွက်၍ လာခဲ့သော သူကို မိမိအိမ်သို့ ခေါ်ယူ၍ ရေမိုးချိုးစေပြီး၍ ကောင်းမွန်စွာ စားသောက်စေပြီး၍ ဤထမင်းထုပ်ကို ဘီလူးကြီးအား ပေးချေပါလော့ ဟု စေလွှတ်ပါသည်။

ထိုယောကျ်ားကို သစ်ပင်ရင်းသို့ ဝင်ရုံမျှ ဖြစ်သော်သာလျှင် ဘီလူးသည် ကြောက်မက်ဖွယ်သော ကိုယ်အဆင်းကို ဖန်ဆင်း၍ သစ်မြစ်ကဲ့သို့ ထို

ယောကျ်ားကို ခဲစားပါသည်၊ ဘီလူး၏အာနုဘော်အားဖြင့် လူတို့၏ ဆံပင်အစရှိသည်တို့ကို အစပြု၍ တကိုယ်လုံးသည် ထောပတ် မဖြစ်ခင် အပေါ်တွင် စု၍နေသော ဆီဥ, မသကာ, ထောဘေးအစိုင်အခဲကဲ့သို့ ဖြစ်သည်ဟု ဆိုပါသည်။

ရာဇဝတ်မှု ကင်းသွားခြင်း

ဘီလူး၏အစာကို ယူခြင်းငှါ သွားကြကုန်သောယောကျ်ားတို့သည် ထို အခြင်းအရာကို မြင်ကြကုန်၍ ကြောက်ရွံကြကုန်သည်ဖြစ်၍ အချင်းချင်း မိတ်ဆွေခင်ပွန်းကို ပြောကြားကြပါကုန်သည်၊ ထိုအခါမှစ၍—

ရာဇာ စောရေ ဂဟေတ္ဝာ ယက္ခဿ ဒေတိ်တိ မနုဿာ စောရကမ္မ တောာ ပဋိဝိရတာ။ တတောာ အပရေန သမယေန နဝစောရာနံ အဘာ ဝေန ပုရာဏစောရာနဉ္စ ပရိက္ခယေန ဗန္ဓနာဂါရာနိ သုညာနိ အဟေသုံ။

ရာဇာ၊ မင်.သည်။ စောရေ၊ ခိုးသားတို့ကို။ ဂဟေတ္ဝာ၊ ဖမ်း၍။ ယက္ခဿ၊ ဘီလူးအား။ ဒေတိ၊ ပေး၏။ ဣတိ၊ ဤသို့။ မနုဿာ၊ လူတို့သည်။ စောရကမ္မတောာ၊ ခိုးဝှက်လုယက်ခြင်းအမှုမှ၊ ပဋိဝိရတာ၊ ရှောင်ကြဉ်ကြလေကုန်ပြီ။ တတောာ၊ ထိုအခါမှ။အပရေန သမယေန၊ တပါးသောအခါ၌။ နဝ စောရာနံ၊ ခိုးသားအသစ်တို့၏။ ဝါ၊ သူခိုးအသစ်တို့၏။ အဘာဝေန၀၊ မရှိခြင်း ကြောင့်ဂုဏ်း။ ပုရာဏစောရာနံ၊ အကျဉ်းချ၍ ထားအပ်ကုန်သော ခိုးသား ဟောင်းတို့၏။ပရိက္ခယေန စ၊ ကုန်ခြင်းကြောင့်ဂုဏ်း။ ဗန္ဓနာဂါရာနိ၊ အကျဉ်း ထောင်တို့သည်။ သုညာနိ၊ သဉ်း၍ နေကြကုန်သည်။ ဝါ၊ ဗလာဟင်းလင်း ဖြစ်၍နေကြကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဘီလူးစာ ကျွေးသည်ဟု တတိုင်းပြည်လုံး သိကြသောအခါ ခိုးသား ဝေးပြအစရှိသည်တို့သည် မပေါ်ပေါက်မူ၍ အကျဉ်းထောင်ထဲ၌ ရှိသော ခိုး သားတို့သည်လည်း ကုန်ကြလေကုန်ပြီ။

ဤကဲ့သို့ ဖြစ်ပျက်၍ နေသော အခါကာလ၌ ပြည်ထဲရေးအမတ်ကြီးက မင်းအား သံတော်ဦး တင်ပါသည်၊ မင်းသည် မိမိ၏ ဥစ္စာပစ္စည်းတို့ကို မြို့လမ်း မ၌ စွန့်ထားပါ၊ အကယ်၍ တစုံတယောက်သော သူသည် လောဘ၏ အစွမ်း အားဖြင့် ထိုဥစ္စာပစ္စည်းကို ကောက်၍ ယူခဲ့ငြားအံ့၊ ထိုသူကို ဖမ်း၍ သူခိုး ပြုလုပ်ခြင်းအကျိုးငှါ ဥစ္စာကို စွန့်ခိုင်းပါသည်၊ လမ်းတို့၌ မင်းစွန့်ကြ၍ ပစ်

ထားသော ထိုဥစ္စာကို တစုံတယောက်သောသူသည် ခြေဖျားနှင့်တောင်မှ မတို့မထိပါ။

ဘိုးအို ဘွားအိုများ

ထိုပြည်ထဲရေးအမတ်ကြီးသည် သူခိုးတို့ကို မရခဲ့သည်ရှိသော် အမတ်အပေါင်းတို့အား ပြောကြားပါသည်၊ အမတ်အပေါင်းတို့က အမျိုးအစဉ်အားဖြင့် တယောတ်တယောက်သော အသက်ကြီးသော သူကို ပို့လွှတ်ကြကုန်အံ့ ဟု ပြောပါသည်၊ ထိုအသက်ကြီးတဲ့ ပုဂ္ဂိုလ်သည် ပကတိအားဖြင့်လည်း သေရအံ့သော ခရီး၌ ဖြစ်၍နေပါသည်ဟု ပြောကြားကြပါကုန်သည်။

ရာဇာ အမှာကံ ပိတရံ အမှာကံ ပိတာမဟံ ပေသေဘိတိ မနုဿာ ခေါဘံ ကရိဿန္တိ၊ မာ ဝေါ တေံ ရုစ္စိတိ ဝါရေသိ။

ရာဇာ၊ မင်းသည်။ အမှာကံ၊ ငါတို့၏။ ပိတရံ၊ အဘကို့။ အမှာကံ၊ ငါဘို့၏။ ပိတာမဟံ၊ အဘိုးကို့။ ပေသေတိ၊ စေလွှတ်၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ မနုဿာ၊ လူတို့သည်။ခေါဘံ၊ ချောက်ခြားမှုကို့။ကရိဿန္တိ၊ ပြုကုန်လိမ့်လတ္တံ့။ ဝေါ၊ သင်တို့သည်။ တေံ၊ ဤကဲ့သို့ အသက်ကြီးတဲ့သူကို ပို့လွှတ်ခြင်းကို့။ မာ ရုစ္စိ၊ မနှစ်သက်အပ်။ ဣတိ၊ ဤသို့။ ဝါရေသိ၊ တားမြစ်လေ၏။

မင်းက ငါတို့၏ အဖေ ငါတို့၏အဘိုးကို ဘီလူးစာကျွေးသည်ဟု တိုင်းပြည် လူအပေါင်းတို့ ချောက်ခြားကြကုန်လိမ့်မည်၊ ဤကိစ္စကို သင်တို့ မနှစ်သက်ပါလင့် ဟု တားမြစ်ပါသည်။

ကလေးတွေ ဘီလူးစာကျွေးခြင်း

ဒေဝ၊ မင်းမြတ်....။တေနဟိ၊ ထိုသို့ ဖြစ်ခဲ့ပါမူကား။ ဥတ္တာနသေယျကံ၊ အိပ်ရာထဲ၌ ပက်လက်အိပ်၍ နေရသေးသော။ ဒါရကံ၊ သူငယ်ကလေးကို။ ပေသေမ၊ စေလွှတ်ကြပါကုန်အံ့။ ဟိ၊ မှန်၏။ တထာဝိဓဿ၊ ထိုကဲ့သို့သော သဘောရှိသော သူငယ်ကလေးအား။ မေ၊ ငါ၏။ မာတာ၊ မိခင်တည်း။ မေ၊ ငါ၏။ ပိတာ၊ ဘခင်တည်း။ ဣတိ၊ ဤသို့။ သိနေဟော၊ ချစ်ခင်တဲ့ စိတ်မာတ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာဟံသု၊ ပြောကြားကြပါကုန်ပြီ။

မင်းကလည်း ထိုအတိုင်းပင် သဘောတူ၍ ခွင့်ပြုပါသည်၊ ထိုသို့ ခွင့်ပြုသည် ဖြစ်၍ ထိုအမတ်အပေါင်းတို့သည် မင်းခွင့်ပြုသည့်အတိုင်း ပြုလုပ်ကြပါ

ကုန်သည်၊ မြို့၌ သူငယ်တို့၏ မိခင် ဖြစ်ကုန်သော မိန်းမတို့သည်လည်း သူငယ်တို့ကို ယူ၍ ကိုယ်ဝန်ရှိသော ဒကာမတို့သည်လည်း ထွက်ပြေးကြကုန်၍ တပါးသော တိုင်းပြည်ဇနပုဒ်၌ သူငယ်တို့ကို ကြီးပွါးစေပြီးမှ ပြန်၍ ဆောင်ယူခဲ့ကြပါကုန်သည်၊ ဤကဲ့သို့ ဘီလူးအား အစာကျွေး၍ လူသားကို စား၍ လာခဲ့သော နှစ်ပေါင်းမှာ တဆယ့်နှစ်နှစ်ရှိပါသည်။

ထိုသို့ ဖြစ်နေရာမှ တနေ့သ၌ တမြို့လုံးကို စူးစမ်းရှာဖွေ၍ တယောက်သော ကလေးမျက်ိုလည်း မရကြကုန်သည်ဖြစ်၍ အမတ်တို့သည် မင်းအား သံတော်ဦး တင်ကြပါကုန်သည်။

မင်း၏သားတော် အလှည့်

နတ္ထိ ဒေဝ နဂရေ ဒါရကော ဌပေတ္ဝာ အန္တေပုရေ တဝ ပုတ္တံ အာဌဝကကုမာရန္တိ။

ဒေဝ၊ မင်းမြတ်။ နဂရေ၊ မြို့တွင်း၌။ အန္တေပုရေ၊ နန်းတော်တွင်း၌။ တဝ၊ သင်မင်းမြတ်၏။ ပုတ္တံ၊ သားဖြစ်သော။ အာဌဝကကုမာရံ၊ အာဌဝက မင်းသားကို။ ဌပေတ္ဝာ၊ ချန်ထား၍။ ဒါရကော၊ သူငယ်သည်။ နတ္ထိ၊မရှိတော့ပါပြီ။

ဤသို့ အမတ်အပေါင်းတို့က သင်မင်းကြီး၏ သားတော်ကလေးမှ တပါး အခြားကလေးမရှိပါပြီ ဟု သံတော်ဦးတင်ကြပါကုန်သည်။

မမ၊ ငါ၏။ ပုတ္တော၊ သားကို။ ပိယောယထာ၊ ချစ်အပ်သကဲ့သို့။ ဇဝံတထာ၊ ထို့အတူ။ သဗ္ဗလောကဿ၊ အလုံးစုံသော လူအပေါင်းသည်။ ပုတ္တော၊ သားကို။ ပိယော၊ ချစ်ခင် နှစ်သက်အပ်၏။ ပန၊ သို့သော်လည်း။ အတ္တာနာ၊ မိမိကိုယ်တိုင်ထက်။ ပိယတရံ၊ သာလွန်၍ ချစ်သောသူမည်သည်။ နတ္ထိ၊ မရှိ။ ဂစ္ဆထ၊ သွားကြကုန်လော့။တမ်ို၊ ထိုအာဌဝကမင်းသားကိုလည်း။ ဒတ္ဝာ၊ ပေး၍။မမ၊ ငါ၏။ ဇီဝိတံ၊ အသက်ကို။ ရက္ခထ၊ စောင့်ရှောက်ကြကုန်လော့။ ဣတိ၊ ဤသို့။ အာဟာ၊ ပြောကြားပါသည်။

မင်းမြတ်က ငါ၏သားကို ငါသည် ချစ်သကဲ့သို့ အလုံးစုံသော လောကသည်လည်း ဆိုင်ရာဆိုင်ရာ မိမိသားကို ချစ်သည်သာလျှင်တည်း၊ မိမိထက်ပို၍ ချစ်အပ်သော သူမည်သည် မရှိ၊ သွားကြကုန်လော့၊ ငါ၏သားကိုလည်း

ဘီလူးစာကျေး၍ ငါ၏အသက်ကို စောင့်ရှောက်ကြပါကုန် ဟု အမတ်အပေါင်း အား ပြောကြားပါသည်။

ထိုအခါ၌လည်း အာဠဝကမင်းသား၏ မယ်တော်သည် သားကို ရေမိုး ချိုး တန်းဆာဆင်၍ နှစ်ထပ်သော ပုဆိုး၌ ကလေးကို သိပ်၍ ရင်ခွင်၌ အိပ် စေပြီး၍ ထိုင်နေပါသည်၊ မင်းချင်းယောကျ်ားတို့သည် မင်း၏အမိန့်ဖြင့် ထို မိဖုရား အဆောင်သို့ သွား၍ ထိုမိဖုရားသည် ငိုကြွေးမြည်တမ်း၍ နေစဉ် တသောင်းခြောက်ထောင်ကုန်သော မင်းမောင်းမအပေါင်းတို့ ငိုကြွေး ၍ နေကြကုန်စဉ် နို့ထိန်းနှင့်တကွ ထိုအာဠဝက မင်းသား ကိုယူ၍ နက်ဖြန် ဘီလူးစာ ဖြစ်လိမ့်မည် ဟု ပြောကြား၍ ဖဲသွားကြပါကုန်သည်။

သဗ္ဗညူ မြတ်စွာဘုရား

ထိုနေ့၌လည်း ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် သည် မိုးသောက်ထနီး လင်းအားကြီးသော အခါကာလ၌ ထတော်မူ၍ ဇေတ ဝန် ကျောင်းတော်၌ မွေးမျိုးနုံသာတို့ဖြင့် ထုံအပ်သော ဂန္ဓကုဋီကျောင်းတော် ၌ မဟာကရုဏာသမာပတ်ကို ဝင်စား၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော် မူသည်ရှိသော် အာဠဝကမင်းသား၏ အနာဂါမိဖိုလ် ဖြစ်အံ့သော ဥပ နိဿယကိုလည်း အာဠဝကဘီလူး၏ သောတာပတ်ဖိုလ် ဖြစ်အံ့သော ဥပနိဿယ ကိုလည်း ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့၏ ဓမ္မစက္ခုဟု ဆိုအပ်သော သောတာပတ္တိမဂ်ဉာဏ် အစရှိသော မဂ်ဉာဏ်တရား ကို ရရှိခြင်း၏ အကြောင်းကိုလည်း တွေ့မြင်တော်မူပါသည်။

ဤသို့ တွေ့မြင်တော်မူသည်ဖြစ်၍ ညဉ့်သည် လင်းလတ်သည် ရှိသော် နံနက် ဆွမ်းကိစ္စကို ပြည့်စုံပြီးမြောက်ပြီး၍ ကောင်းစွာ ပြီးမြောက်ပြီးသော ဆွမ်းကိစ္စ ရှိတော်မူသည် ဖြစ်၍ လဆုတ်ပက္ခ တဆယ့်လေးရက်မြောက်သော ဥပုသ်နေ့၌ နေသည်ဝင်လတ်သည်ရှိသော် အဖော်မပါ တပါးတည်းသာလျှင် သပိတ်သင်္ကန်းကို ယူ၍ ခြေကျင်ခရီးဖြင့် သာလျှင် သာဝတ္ထိမြို့မှ ယူဇနာ သုံးဆယ်ရှိသော ခရီးကို သွား၍ ထိုဘီလူး၏ ဘုံဗိမာန်သို့ ဝင်ရောက်ပါသည်၊ ထို့ကြောင့် "အာဠဝကဿ ယက္ခဿ ဘဝနေ" ဟူ၍ ဆိုအပ်ပါသည်။

အသို့နည်း ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် အကြင်ပညောင်ပင်ကြီး၌ အာဠဝကဘီလူး၏ ဘုံဗိမာန်သည်ရှိ၏၊ ထို

ပညောင်ပင်ကြီး၏ အရင်းခံ နေတော်မူသလော၊ သို့မဟုတ် ဗိမာန်ဌပင် နေတော်မူသလော ဟု စောကြောသော ပြဿနာတရပ်ကို ထုတ်၍ အဌကထာဆရာမြတ်သည်ပင်လျှင် **ဘဝနေယေဝ** ဟု ဆိုပါသည်၊ ပညောင်ပင်ကြီး၏ အရင်းခံ မဟုတ်မူ၍ ဘုံဗိမာန်ဌ သီတင်းသုံးတော်မူသည်ဟု ဆိုပါသည်၊ ဘီလူးတို့သည် မိမိတို့၏ ဘုံဗိမာန်ကို မြင်ကြလေကုန်သကဲ့သို့ ထို့အတူ—— မြတ်စွာဘုရားသည်လည်း ဘီလူး၏ ဘုံဗိမာန်ကို မြင်တော်မူပါသည်၊ မြတ်စွာဘုရားသည် ထိုဘုံဗိမာန်သို့ သွား၍ ဘုံဗိမာန်၏ တံခါးဝဌ် ရပ်တော်မူပါသည်။

ထို့အခါဌ် အာဠဝကဘီလူးသည် ဟိမဝန္တာဌ် ဘီလူးအစည်းအဝေးသို့ သွားရောက်၍ နေပါသည်၊ ထို့သို့သွားရောက်၍ နေသောကြောင့် အာဠဝကဘီလူး၏ တံခါးစောင့် ဖြစ်သော ဂဠြဘ မည်သော ဘီလူးသည် မြတ်စွာဘုရား ထံ ချဉ်းကပ်၍ ရှိခိုးပြီး ကိ ဘန္တေ ဘဂဝါ ဝိကာလေ အာဂတောတိ အာဟ။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... ။ ကိ ၊ အသို့နည်း။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝိကာလေ၊ အခါမဟုတ်သော အခါဌ်။ အာဂတော၊ ကြွရောက်တော်မူလာခဲ့၏။ ။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထားပါသည်။

တညည့်မျှ ခွင့်တောင်းသောအခါ

အာမ ဂဠြဘ အာဂတောမှိ။ ။ဂဠြဘ၊ ဂဠြဘဘီလူး.... ။အာဂတော၊ လာရောက်သည်။ အမှိ၊ ဟုတ်ပါ၏ ဖြစ်ပါ၏။ တေ၊ သင့်အား။ သစေ အဂရု၊ အကယ်၍ ဝန်မလေးခဲ့ငြားအံ့။ ကေရတ္တံ၊ တညဉ့်မျှ။ အာဠဝကဿ၊ အာဠဝက ဘီလူး၏။ ဘဝနေ၊ ဘုံဗိမာန်ဌ။ ဝိဟရေယျာမ၊ နေလိုကြပါကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပါသည်။

မြတ်စွာဘုရားက ဂဠြဘ အမည်ရှိသော ဘီလူးကို တညဉ့်သီတင်းသုံးဘို့ အခွင့်တောင်းပါသည်။

ထို့အခါ ဂဠြဘ ဘီလူးက မြတ်စွာဘုရား....တပည့်တော်အား ဝန်မလေးပါ၊ စင်စစ်အားဖြင့် ထိုအာဠဝက အမည်ရှိသော ဘီလူးသည် ကြမ်းတမ်းပါသည်၊ ရုန့်ရင်းပါသည်၊ အမိ အဘ စသည်တို့အားလည်း ရှိခိုးခြင်း အစရှိသည်တို့ကိုပြုသော ဘီလူးမဟုတ်ပါ၊ မြတ်စွာဘုရားသည် ဤ အရပ်ဌ် နေထိုင်ခြင်းကို နှစ်သက်တော်မမူအပ်ပါ ဟူ၍ ဂဠြဘ အမည်ရှိသော တံခါးစောင့် ဘီလူးက လျှောက်ထားပါသည်။

ထိုအခါ မြတ်စွာဘုရားက ဂဠြဘ၊ ဂဠြဘ အမည်ရှိသော တံခါးစောင့် ဘီလူး....၊ တဿ၊ ထိုအာဠဝကဘီလူး၏။ သဘာဝံ၊ သဘောကို။ အဟံ၊ ငါ ဘုရားသည်။ ဇာနာမိ၊ သိပါ၏။ ကောစိ၊ တစုံတခုသော။ အန္တရာယော၊ အန္တရာယ်သည်။ မမ၊ ငါဘုရားအား။ နဘဝိဿတိ၊ မဖြစ်လတ္တံ့။ တေ၊ သင့်အား။ သစေ အဂရူ၊ အကယ်၍ ဝန်မလေးခဲ့ပါမူ။ ဧကရတ္တံ၊ တညဉ့်မျှ။ ဝိဟာရေယျာမ၊ နေလိုကြပါကုန်၏။ ဤသို့ မြတ်စွာဘုရားက ထပ်၍ အခွင့်တောင်းပါသည်။

အခွင့်တောင်းသော ဒုတိယအကြိမ်မြောက်၌လည်း ဂဠြဘ အမည်ရှိသော တံခါးစောင့် ဘီလူးက မြတ်စွာဘုရားကို ဤသို့ လျှောက်ထားပြန်ပါသည်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား.... အာဠဝကော၊ အာဠဝကဘီလူးသည်။ အဂိတတ္တကပါလသဒိသော၊ မီးရဲရဲညီး၍နေသော အိုးကင်းနှင့် တူပါသည်။ မာတာပိတဧရာတိဝါ၊ အမိအဘတို့ဟူ၍ဎင်း။ သမဏဗြာဟ္မဏာတိဝါ၊ ရဟန်းပုဏ္ဏားတို့ ဟူ၍ဎင်း။ ဓဇမာတိဝါ၊ တရားဟူ၍ဎင်း။ နဇာနာတိ၊ မသိတတ်ပါ။ ဣဓ၊ ဤဘုံဗိမာန်သို့။ အာဂတာနံ၊ ရောက်လာကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား။ စိတ္တကွေပမ္မိ၊ စိတ်ပျံလွှင့်ခြင်းကို သော်လည်း။ ကရောတိ၊ ပြုလုပ်တတ်ပါသည်။ ဟဒယမ္မိ၊ နှလုံးသားကိုလည်း။ ဖာလေတိ၊ ခွဲတတ်ပါသည်။ ပါဒေပိ၊ ခြေတို့ကိုမူလည်း။ ဂဟေတ္ဝာ၊ ကိုင်၍။ ပရသမုဒ္ဒံဝါ၊ သမုဒ္ဒရာတဖက်သို့ဎင်း။ ပရစက္ကဝါဠံဝါ၊ စကြဝဠာတဖက်သို့ဎင်း။ ခိပတိ၊ လွှင့်ပစ်တတ်ပါသည်။

ဤသို့ ဂဠြဘအမည်ရှိသော ဘီလူးက မြတ်စွာဘုရားအား လျှောက်ထားပါသည်၊ မြတ်စွာဘုရားက နှစ်ကြိမ်မြောက်လည်း။ ဂဠြဘ၊ ဂဠြဘမည်သော ဘီလူး....။ ဇာနာမိ၊ ငါသိ၏။ တေ၊ သင့်အား။ သစေပိ အဂရူ၊ အကယ်၍ မူလည်း ဝန်မလေးခဲ့ငြားအံ့။ ဧကရတ္တံ၊ တညဉ့်မျှ။ ဝိဟာရေယျာမ၊ နေလိုကြပါကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပါသည်။

ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား....။ တပည့်တော်အား ဝန်မလေးပါ။ စင်စစ်သော်တမူကား ထိုဘီလူးသည် မိမိအား မပြောကြားမူ၍ အခွင့်ပြုသော တပည့်တော်ကို အသက်မှလည်း သေအောင် သတ်ရာပါ၏၊

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ။ တပည့်တော်များ သည် ထိုအာဋဝိက ဘီလူးကို ပြောကြားပါရစေ ဟူ၍ လျှောက်ထားပါသည် ။

ထိုအခါ မြတ်စွာဘုရားက ယထာသုခံ ဂဠြာဘ အာရောစေဟိ ။ ။ ဂဠြာဘ၊ ဂဠြာဘ မည်သော နတ်ဘီလူး.... ။ ယထာသုခံ၊ အလိုရှိသည့်အတိုင်း ။ အာရောစေဟိ၊ ပြောကြားပါလော့ ။ ဤသို့ မြတ်စွာဘုရားက ခွင့်ပြုတော်မူပါသည် ။

ထိုအခါ ဂဠြာဘ ဘီလူးက....ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား....ထိုကဲ့သို့ ဖြစ်ပါမူကား အရှင်ဘုရားသည်သာလျှင် သိတော်မူပါ၊ ဤသို့ ဆိုပြီး မြတ်စွာဘုရားကို ရှိခိုးရှ ဟိမဝန္တာသို့ ရှေးရှုလျက် ဖဲထွက်သွားပါသည်၊ ဘုံဗိမာန်၏တံခါးသည်လည်း အလိုလိုသာလျှင် မြတ်စွာဘုရားအား ဖွင့်လှစ်၍ ပေးပါသည် ။

ဗိမာန်တွင်း ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ဘုံဗိမာန်အတွင်းသို့ ဝင်ရောက်၍ အကြင်အခါ ကာလ၌ အထူးသဖြင့် မှတ်သားအံ့ပ်ကုန်သော မင်္ဂလာနှေ့ စသည်တို့၌ ထိုင်၍ အာဋဝိကဘီလူးသည် ကြက်သရေကို ခံစား၏၊ စည်းစိမ်ကို ခံစား၏၊ ထို နတ်ဘို့၏ရတနာဖြင့် ပြီးသော ပလ္လင်၌ ထိုင်နေတော်မူ၍ ရှေ့အဆင်းရှိသော အရောင်တော်ကို လှတ်တော်မူပါသည်၊ ထိုအရောင်ကို မြင်ကြကုန်၍ အာဋဝကဘီလူး၏ မိန်းမတို့သည် လာရောက်ကြကုန်ပြီး မြတ်စွာဘုရားကို ရှိခိုးကြကုန်လျက် ငိုင်းဝန်းခြံရံ၍ ထိုင်နေကြပါကုန်သည် ။

ထိုအခါ၌ မြတ်စွာဘုရားက ရှေးတုန်းကလည်း သင်တို့သည် ဒါနကိုပြု၍ သီလကိုဆောက်တည်၍ ပူဇော်ဘွယ်ကို ပူဇော်၍ ဤစည်းစိမ်ချမ်းသာသို့ ရောက်ခဲ့ကြကုန်လေပြီ၊ ယခုအခါ၌လည်း ထိုအတိုင်းပင် ဒါန သီလ အစရှိ သော ကောင်းမှုကို ပြုကြကုန်လော့၊ အချင်းချင်း ဣသာမစ္ဆရိယ ငြူစူခြင်း ဝန်တိုခြင်း နှိပ်စက်မှု မရှိကြကုန်ပဲ နေထိုင်ကြကုန်လော့၊ ဤသို့ အစရှိသော နည်းအားဖြင့် ထိုနတ်ဘီလူးမတို့အား ရောပြွမ်းသော ဓမ္မကထာကို ဟော ကြားတော်မူပါသည်၊ ထိုနတ်ဘီလူးမတို့သည်လည်း မြတ်စွာဘုရား၏ သာယာ ချိုမြိန်သော အသံတော်ကို ကြားနာကြရကုန်သည်ဖြစ်၍ အထောင်မျှသော သာဓုခေါ်မှုတို့ကို ပေးကြကုန်၍ မြတ်စွာဘုရားကို ခြံရံကြကုန်လျက် ထိုင်နေ ကြပါကုန်သည် ။

ဂဒြဘ မည်သော ဘီလူးသည်လည်း ဟိမဝန္တာသို့ သွား၍ အာဠဝက နတ်ဘီးလူးအား ပြောကြားပါသည်၊ ဆင်းရဲခြင်း ကင်းတော်မူသော အရှင် နတ်ဘီလူး အာဠဝက....။ စင်စစ်အားဖြင့် သီဟော်မူ၊ အသင်၏ ဗိမာန်၌ မြာ်စွာဘုရား ထိုင်နေ သီတင်းသုံးတော်မူပါသည် ဟု ပြောကြားပါသည်။

ထိုအာဠဝက ဘီလူးသည် ဂဒြဘ တံခါးစောင့် ဘီလူးအား အမှာ်သည်ာ ကို ပြုပါသည်၊ တိဘ်ဘိဘ်နေလော့၊ ငါသွားပြီးတော့ ပြုသင့် ပြုထိုက်ဘဲ့ အမှုကို ပြုမည် ဟူ၍ အမှတ်သည်ာကို ပြပါသည်၊ အဘယ်ကြောင့် ဤကဲ့သို့ ပြရလေသနည်း၊ ယောကျ်ားတို့၏ မာန်ဖြင့် ရှက်သည် ဖြစ်ပါသည်၊ ထိုကဲ့သို့ ရှက်သောကြောင့် ပရိသဘ်ထဲ၌ တစုံတယောက်သော သူသည် မကြားပါစေလင့် ဟု နှလုံးသွင်းပြီး ဤကဲ့သို့ အမှတ်သည်ာကို ပြုသည်ဟု ဆိုပါသည်။

သာတာဂိရနှင့် ဟေမဝတနတ်သား

ထိုအခါ၌ သာတာဂိရ နတ်သားနှင့် ဟေမဝတ နတ်သားတို့သည် ဘုန်းတော်ကြီးတော်မူလှသော မြာ်စွာဘုရားကို ဇေတဝန်ကျောင်းတော်၌သာ လျှင် ရှိခိုး၍ နတ်တို့၏ အစည်းအဝေးသို့ သွားတော့အံ့ ဟု အခြံအရံနှင့်တကွ ဖြစ်ကြကုန်လျက် အထူးထူးသော ယာဉ်ရထားတို့ဖြင့် ကောင်းကင်ခရီးဖြင့် သွားကြပါကုန်သည်၊ ကောင်းကင်၌လည်း နတ်တို့၏ အလုံးစုံသော အရပ်တို့၌ သွားရာ ခရီးသည် မရှိပါ၊ ကောင်းကင်၌ တည်ကြကုန်သော နတ်ဘုံဗိမာန်တို့ကို ရှောင်ရှားကြကုန်၍ ခရီးသွားရာ အရပ်ဖြင့်သာလျှင် ခရီးသည် ဖြစ်ပါသည်၊ သို့ရာတွင် အာဠဝကဘီလူး၏ ဘုံဗိမာန်သည် မြေ၌ တည်ရှိသည် ဖြစ်၍ ကောင်းစွာ လုံခြုံစေအပ်ပါသည်၊ တံတိုင်းတို့ဖြင့် ကာရံ၍ ထားအပ်ပါသည်၊ ကောင်းစွာ စီရင်အပ်သော တံခါး မျှော်စင် မြို့တံခါး ရှိပါသည်၊ ထိုဘုံဗိမာန်၏ အထက်၌ ကြေးကွန်ရက်တို့ဖြင့် ဖြန့်ကြက်အုပ်မိုး၍ ထားအပ်ပါသည်၊ သေတ္တာနှင့် တူသော ဘုံဗိမာန် ဖြစ်ပါသည်၊ အမြင့်အားဖြင့် သုံးယူဇနာရှိပါသည်၊ ထိုသုံးယူဇနာရှိသော အာဠဝကဘုံဗိမာန်၏ အထက်၌ နဟ်ဘို့သွားရာ လမ်းခရီး ရှိပါသည်။

ကောင်းကင်က မသွားနိုင်

ထိုသာတာဂိရနှင့် ဟေမဝတ နတ်သားတို့သည် ထိုအရပ်ဒေသသို့ ရောက်သည်ဖြစ်၍ သွားခြင်းငှါ မစွမ်းနိုင်ကြပါကုန်၊ မှန်လှပါ၏၊ ဘုရားရှင်တို့၏

ထိုင်နေသီတင်းသုံးတော်မူသော နေရာ၏ အထက်အဘို့ဖြင့် ဘဝင်တိုင်အောင် တစုံတယောက်သော သူသည် သွားခြင်းငှါ မစွမ်းနိုင်ပါ။

ထို သာဏာဂိရ ဟေမဝတနတ်သားတို့သည် ဤအရပ်သည်ကား အသို့ဖြစ်လေသနည်း ဟု စူးစမ်းဆင်ခြင်ကြကုန်၍ မြတ်စွာဘုရားကို ဖူးမြင်ကြရကုန် အံ့ဟု ကောင်းကင်၌ ပစ်လွှတ်အပ်သော ခဲကဲ့သို့ သက်ဆင်းကြကုန်ပြီး မြတ်စွာဘုရားကိုရှိခိုး၍ တရားတော်ကို နာယူ၍ လက္ခဏာရစ် လှည့်လည်ပြု၍ —

ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား.... ။ မယံ၊ ဘုရား ဘပည့်တော်တို့သည်။ ယက္ခသမာဂမံ၊ နတ်တို့၏ အစည်းအဝေးသို့။ ဂစ္ဆာမ၊ သွားကြပါကုန်မည်ဘုရား။ ဣတိ၊ ဤသို့။ တိဏိ ဝတ္ထူနိ၊ သုံးပါးကုန်သော ဝတ္ထုတို့ကို။ ပသံသန္တာ၊ ချီးကျူးကြကုန်လျက်။ ယက္ခသမာဂမံ၊ နတ်တို့၏ အစည်းအဝေးသို့။ အဂမံသု၊ သွားကြကုန်ပြီ။

အာဠဝကအား ပြောကြားခြင်း

အာဠဝကော၊ အာဠဝကဘီလူးသည်။ တေ၊ ထိုသာတာဂိရ ဟေမဝတနတ်သားတို့ကို။ ဒိသွာ၊ မြင်၍။ ဣဓ၊ ဤအရပ်၌။ တုမ္ဟေ၊ သင်တို့သည်။ နိသိဒထ၊ ထိုင်ကြပါကုန်။ ဣတိ၊ ဤသို့။ ပဋိဂ္ဂမှ၊ နေရာ၌၍။ ဩကာသံ၊ အခွင့်အရေးကို။ အဒါသိ၊ ပေးလေပြီ။ တေ၊ ထိုသာတာဂိရ ဟေမဝတနတ်သားတို့သည်။ အာဠဝကဿ၊ အာဠဝကဘီလူးအား။ “အာဠဝက၊ အချင်း အာဠဝက.... ။ တေ၊ သင့်အား။ လာဘာ၊ အရတော်ပါပေစွတကား။ ယဿ တေ၊ အကြင်သင်၏။ ဘဝနေ၊ ဗိမာန်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒိဟာရတိ၊ သီတင်းသုံးတော်မူ၏။ တေ၊ သင့်အား။ လာဘာ၊ အရတော် လေစွတကား။ အာဝုသော၊ ငါ့ရှင်.... ။ ဂစ္ဆ၊ သွားပါလော့။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ပယိရုပါသဿု၊ဆည်းကပ်လုပ်ကျွေးပါလော့” ။ဣတိ၊ ဤသို့။နိဝေဒေသုံ၊သတင်းစကား ပြောကြားကြလေကုန်ပြီ။

ဤသို့ မြတ်စွာဘုရားသည် ဘုံဗိမာန်၌ သီတင်းသုံး၍ နေပါသည်၊ အကြင် ပညောင်ပင်သည်ရှိ၏၊ ထိုပညောင်ပင်၌ အာဠဝက၏ ဘုံဗိမာန်သည်ရှိ၏၊ ထိုဘုံဗိမာန်ပေါက်ရာ ပညောင်ပင်၏အရင်း၌ သီတင်းသုံးသည် မဟုတ်ပါ၊ ထို့ကြောင့် —

ဧကံ သမယံ ဘဂဝါ အာဠဝိယံ ဝိဟရတိ အာဠဝကဿ ယက္ခဿ ဘဝနေတိ၊ ဧကံ။ပ။ ဘဝနေ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပါ၏။ ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ အာဠဝိယံ၊အာဠဝီပြည်၌။ အာဠဝကဿ၊ အာဠဝကအမည်ရှိသော။ ယက္ခဿ၊ ဘီလူး၏။ ဘဝနေ၊ ဗိမာန်၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။

အာဠဝကနှင့် ဘုရားတို့ခဏ်း

အထ ခေါ အာဠဝကော ယက္ခော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ် တေဒဝေါစ နိက္ခမ သမဏာတိ။ သာဓာဝု-သောတိ ဘဂဝါ နိက္ခမိ။ ပဝိသ သမဏာတိ။ သာဓာဝုသောတိ ဘဂဝါ ပါဝိသိ။ ဒုတိယမ္ပိ ခေါ အာဠဝကော ယက္ခော ဘဂဝန္တံ် တေ-ဒဝေါစ နိက္ခမ သမဏာတိ။ သာဓာဝုသောတိ ဘဂဝါ နိက္ခမိ။ ပဝိသ သမဏာတိ။ သာဓာဝုသောတိ ဘဂဝါ ပါဝိသိ။ တတိယမ္ပိ ခေါ အာဠဝကော ယက္ခော ဘဂဝန္တံ် တေဒဝေါစ နိက္ခမ သမဏာတိ။ သာဓာဝုသောတိ ဘဂဝါ နိက္ခမိ။ ပဝိသ သမဏာတိ။ သာဓာဝုသောတိ ဘဂဝါ ပါဝိသိ။ စတုတ္ထမ္ပိ ခေါ အာဠဝကော ယက္ခော ဘဂဝန္တံ် တေဒဝေါစ နိက္ခမ သမဏာတိ။ နခွါဟံ တံ အာဝုသော နိက္ခမိဿာမိ။ ယံ တေ ကရဏီယံ၊ တံ ကရောဟီတိ။ ပဉ္ဉံ တံ သမဏ ပုစ္ဆိဿာမိ၊ သစေ မေ နဗျာကရိဿသိ၊ စိတ္တံ ဝါ တေ ခိပိဿာမိ၊ ဟဒယံ ဝါ တေ ဖာလေဿာမိ၊ ပါဒေသု ဝါ ဂဟေတ္ဝာ ပါရဂင်္ဂါယ ခိပိဿာမီတိ။ နခွါဟံ တံ အာဝုသော ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော မေ စိတ္တံ ဝါ ခိပေယျ ဟဒယံ ဝါ ဖာလေယျ ပါဒေသု ဝါ ဂဟေတ္ဝာ ပါရဂင်္ဂါယ ခိပေယျ။ အပိစ တံ္ဝ အာဝုသော ပုစ္ဆ ယဒါ ကင်္ခသီတိ။

အထ ခေါ၊ ထိုအခါ၌။ အာဠဝကော၊ အာဠဝကအမည်ရှိသော။ ယက္ခော၊ ဘီလူးသည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိရာအရပ်သို့။ ဥပသင်္ကမိ၊ အနီးအစပ်ချဉ်းကပ်လေပြီ။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ်၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားလေပြီ။ သမဏ၊ ရှင်ရဟန်း....။နိက္ခမ၊ ဘုံဗိမာန်အတွင်းမှ ထွက်ပါလော့။

ဣဘိ၊ ဤသို့။ အဝေါစ၊ ပြောကြားလေ၏။ အာဝုသော ငါ့ရှင် ဘီလူး....။ သာမဲ့၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ နိက္ခမိ၊ ထွက်ကြွတော်မူ၏။ သမဏာ၊ ဌင်ရဟန်း....။ပဝိသ၊ ဝင်လေ့။ ဣဘိ၊ ဤသို့။ အဝေါစ၊ ပြောကြားပြန်၏။ အာဝုသော၊ ငါ့ရှင်ဘီလူး....။ သာခု၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ပြောဆို၍။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ပါဝိသိ၊ ဝင်ရောက်တော်မူပြီ။

ဒုတိယမွဲ ခေါ်၊ နှစ်ကြိမ်မြောက်လည်း။အာဠဝကော၊ အာဠဝက အမည် ရှိသော။ ယက္ခော၊ ဘီလူးသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထား၏။ သမဏာ၊ ရဟန်း။ နိက္ခမ၊ ဘုံ ဗိမာန်အတွင်းမှ ထွက်ပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထား၏။ အာဝုသော၊ ငါ့ရှင်ဘီလူး....။သာမဲ့၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နိက္ခမိ၊ ထွက်ကြွတော်မူပြီ။ သမဏာ၊ ရဟန်း။ ပဝိသ၊ ဝင်ပါဦးလော့။ ဣတိ၊ဤ သို့၊ အဝေါစ၊ ပြောကြားပြန်၏။ အာဝုသော၊ ငါ့ရှင်ဘီလူး....။ သာမဲ့၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ပါဝိသိ၊ ဝင်ရောက်တော်မူ၏။

တတိယမွဲ ခေါ်၊ သုံးကြိမ်မြောက်လည်း။ အာဠဝကော၊ အာဠဝက အမည်ရှိသော။ ယက္ခော၊ ဘီလူးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သင်္ခေ ဘုရားရှင်ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြား၏။ သမဏာ၊ ရဟန်း....။ နိက္ခမ၊ ဘုံဗိမာန်အတွင်းမှ ထွက်ပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ ပြောကြား၏။ အာဝုသော၊ ငါ့ရှင်ဘီလူး....။ သာမဲ့၊ ကောင်းလှ ပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ပြောဆို၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နိက္ခမိ၊ ထွက်ကြွတော်မူပြီ။ သမဏာ၊ ရှင်ရဟန်း....။ ပဝိသ၊ ဝင်ပါဦးလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ ပြောကြားလေ၏။ အာဝုသော၊ ငါ့ရှင်ဘီလူး....။ သာမဲ့၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ပါဝိသိ၊ ဝင်ရောက်တော် မူပြီ။

စတုတ္ထမွဲ ခေါ်၊ လေးကြိမ်တိုင်အောင်လည်း။ အာဠဝကော၊ အာဠဝက အမည်ရှိသော။ ယက္ခော၊ ဘီလူးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသင်္ခေ

ဘုရားရှင်ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားပြန်၏။သမဏာ၊ ရှင်ရဟန်း....။ နိက္ခမ၊ ဘုံဗိမာန်တွင်းမှ ထွက်ပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ ပြောကြားလေ၏။ အာဝုသော၊ ငါ့ရှင် ဘီလူး....။ ယသ္မာ၊ အကြင့် ကြောင့်။ တုံ၊ သင်သည်။ "အဟံ၊ ငါသည်။ ဣမံ သမဏံ၊ ဤရဟန်းကို။ ဧဝမေဝ၊ ဤနည်းအတိုင်းသာလျှင်။ သကလရတ္တိံ၊ တညဉ့်ကာလပတ်လုံး၊ ကိလမေတ္ဝာ၊ ပင်ပန်းစေပြီး၍။ ပါဒေ၊ ခြေတို့ကို။ ဂဟေတ္ဝာ၊ ခိုင်ခိုင်မြဲမြဲ ကိုင်ဆွဲပြီး၍။ ပါရဂင်္ဂါယ၊ ဂင်္ဂါမြစ်တဘက်ကမ်းသို့။ ခိပေယျ၊ လွှင့်ပစ်လိုက်ရ ပါမူကား။ ယံ နူန အဟော သာဓု၊ သြ....ကောင်းလေစွတကား"။ ဣတိ ဧဝံ၊ ဤသို့။စိန္တေသိ၊ကြံစည်လေပြီ။ တံ-တသ္မာ၊ထို့ကြောင့်။အဟံ၊ငါသည်။ နူ ခေါ နိက္ခမိဿာမိ၊ မထွက်အံ့တော့သည်သာလျှင်တည်း။ တေ၊ သင်သည်။ ယံ၊ အကြင်အမှုကို။ ကရဏီယံ၊ ပြုသင့်ပြုထိုက်၏။ တံ၊ ထိုအမှုကို။ ကရောဟိ၊ ပြုလေလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူပြီ။

နှိပ်စက်နိုင်မည့်သူ တလောကလုံးမရှိ

သမဏာ၊ ရှင်ရဟန်း....။ တံ၊ သင့်ကို။ ပဉ္ဉံ၊ ပြဿနာကို။ ပုစ္ဆိဿာမိ၊ မေးမြန်းတော့အံ့။ တုံ၊ သင်သည်။ သစေ နူ ဗျာကရေယျာသိ၊ အကယ်၍ မဖြေကြားနိုင်ခဲ့ငြားအံ့။ တေ၊သင်၏။ စိတ္တံ ဝါ၊ စိတ်ကိုမူလည်း။ ခိပိဿာမိ၊ ရူးသွပ်အောင် လုပ်တော့အံ့။ တေ၊ သင်၏။ ဟဒယံ ဝါ၊ နှလုံးသားကိုမူလည်း။ ဖာလေဿာမိ၊ ခွဲတော့အံ့။ ပါဒေသု၊ ခြေတို့၌။ဂဟေတ္ဝာ၊ ကိုင်ဆွဲပြီး၍။ပါရဂင်္ဂါယ၊ ဂင်္ဂါမြစ်တဘက်ကမ်းသို့။ ခိပေယျ၊ လွှင့်ပစ်လိုက်တော့အံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ပြောကြားလေ၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဝုသော၊ ငါ့ရှင်ဘီလူး....။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ မေ၊ ငါ၏။စိတ္တံ ဝါ၊ စိတ်ကိုမူလည်း။ ခိပေယျ၊ ရူးသွပ်အောင် လုပ်ရာ၏။ မေ၊ ငါ၏။ ဟဒယံ ဝါ၊ နှလုံးသားကိုမူလည်း။ဖာလေယျ၊ ခွဲရာ၏။ မေ၊ ငါဘုရား၏။ ပါဒေသု၊ ခြေတို့၌။ ဂဟေတ္ဝာ၊ ကိုင်၍။ ပါရဂင်္ဂါယ၊ ဂင်္ဂါမြစ် တဘက်ကမ်းသို့။ ခိပေယျ၊ လွှင့်ပစ်ရာ၏။ တံ၊ ထိုသို့ စွမ်းရည် ရှိသော ပုဂ္ဂိုလ်ကို။ သဒေဝကော၊ ကာမဘဝစရ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကော၊ ဝသဝတ္တီ မာရ်မင်းပြည်နှင့်တကွသော။ သပြဟ္မကော၊ ဗြဟ္မာ နှစ်ဆယ်နှင့်တကွသော။လောကော၊ သြကာသလောက၌။သဒေဝ မနုဿာယ၊

လူတို့၏ သမုတိနတ် တည်းဟူသော မင်းနှင့်တကွသော။ သဿမဏဗြာဟ္မဏိယာ၊ သာသနာတော်ထမ်း ရဟန်း ပုဏ္ဏားနှင့်တကွ ဖြစ်သော။ ဝါ၊ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော။ ပဇာယ၊သတ္တဝါ အပေါင်း၌။ တံ၊ ထိုသို့ စွမ်းရည်ရှိသော ပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်။ နု သမနုပဿာမိ၊မံသ,ပညာ နှစ်ဖြာသောစက္ခုဖြင့် ကြည့်ရှု၍ မမြင်ရတော့သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ အာဝုသော၊ ငါ့ရှင်ဘီလူး....။ အပိစ၊ စင်စစ်သော်ကား။ ယဒါ၊ အကြင် အခါကာလ၌။ တုံ၊ သင်သည်။ ပုစ္ဆိတုံ၊ မေးလျှောက်ခြင်းငှါ။ ကခ်ံသိ၊ အလိုရှိ၏။ တဒါ၊ ထိုအခါ၌။ ပဋုံ၊ ပြဿနာကို။ ပုစ္ဆ၊ မေးလျှောက်ပါလော့။ ဣတိ၊ ဤသို့။ သဗ္ဗညုတပ္ပဝါရဏာယ၊ သဗ္ဗညုတပဝါရဏာဖြင့်။ ပဝါရေသိ၊ ဘိတ်ကြားတော်မူလေပြီ။

ချုတ်ချယ်လို၍

ဤကဲ့သို့ ဟောတော်မူအပ်သော ပါဠိတော် စကားအစဉ်၌ အထခေါ အာဋဌကောပ။ ဇေတဝေါစ "နိက္ခမ သမဏ"ဟူသော စကားကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

အထခေါ အာဋဌကောပ။ ဇေတဝေါစ"နိက္ခမ သမဏာ"တိ။ အာဒခေါပ။ သမဏ-ဟူသည်ကား။ အယံ၊ ဤအာဋဌက ဘီလူးသည်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဇေတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားရလေသနည်း။

ဤသို့ မေးခွန်းထုတ်၍ ရောသေတုကာမတာယ၊ ချုတ်ချယ်ခြင်းငှါ အလိုရှိသည်၏ အဖြစ်ကြောင့်။ ဇေတံ ဝစနံ၊ဤစကားကို။ အယံ ယက္ခော၊ ဤဘီလူးသည်။ အဝေါစ၊ ပြောကြား၏။ ဤသို့ ဖွင့်ပြပါသည်။

စကားအဆက်အစပ်

ထိုကဲ့သို့ ဖွင့်ပြသော စကားရပ်၌ ဤသို့ အစမှ အစပြု၍ စကား အဆက်အစပ်ကို သိအပ်၏ ဟူ၍ အဋ္ဌကထာ ဆရာမြတ် မိန့်ဆိုအပ်ပါသည်။

အကျယ်ကို လျှောက်ထားပါဦးအံ့၊ အကြင့်ကြောင့် ကိုယ်ကျင့် သီလ မရှိကုန်သော ပုဂ္ဂိုလ်တို့အား သီလ စသည်နှင့် စပ်သော စကားသည်

မကောင်းသောစကား ဖြစ်လေဘိသကဲ့သို့ ထို့အတူ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ် အား သဒ္ဓါတရားနှင့် စပ်သော စကားမျိုးသည် မကောင်းသော စကားဖြစ် လေ၏။ ထို့ကြောင့် ထိုဘီလူးတို့၏ အထံမှ ထိုသာတာဂိရ ဟေမဝတ နတ် ဘီလူးတို့၏ အထံမှ မြတ်စွာဘုရားအား ချီးကျူးသော စကားကို ကြားရသည် သာလျှင် ဖြစ်၍ မီးထဲ၌ ထည့်အပ်သော ဆားတို့ကဲ့သို့ မိမိကိုယ်တွင်း၌ ဒေါသအစုမ်းဖြင့် တဖျစ်ဖျစ်မြည်သော နှလုံးရှိသည်ဖြစ်၍—

ကော သော ဘဂဝါနာမ၊ ယော မမ ဘဝနံ ပဝိဋ္ဌောတိ အာဟ။

သော ဘဂဝါ၊ ထို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်မည်သည်။ ကော နာမ၊ အဘယ်သူ မည်လေသတဲ့နည်း။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ မမ၊ ငါ၏။ ဘဝနံ၊ ဗိမာန်တွင်းသို့။ ပဝိဋ္ဌော၊ ဝင်ရောက်၍ နေ၏။ သော ဘဂဝါ၊ ထို ဗိမာန်တွင်းဝင်ရောက်၍ နေတဲ့ဘုရားသည်လည်း။ ကော နာမ၊ အဘယ်သူ မည်လေသတဲ့နည်း။ ဣတိ၊ ဤသို့။ အာဟ၊ ပြောကြားလေ၏။

ဘုရားပဋိဇ်တာကိုပင် မသိဘူးလော

ထိုအခါ အာဠဝကဘီလူးပြောကြားသော စကား ကြားကြရကုန်သည် ဖြစ်၍ သာတာဂိရ နတ်သားနှင့် ဟေမဝတနတ်သားတို့က—

နံ တံ အာဝုသော ဇာနာသိ ဘဂဝန္တံ အမှာကံ သတ္ထာရံ၊ ယော တုသိတဘဝနေ ဌိတော ပဉ္စမဟာဝိလောကိတံ ဝိလောကေတ္ဝာတိ အာဒိနာ နယေန ယာဝ ဓမ္မစက္ကပဝတ္တနာ ကထေန္တော ပဋိသန္ဓိအာဒိသု ဒဋ္ဌတ္တိ သပုဗ္ဗနိမိတ္တာနိ ဝတ္ဝာ ဣမာနိပိ တံ အာဝုသော အစ္ဆရိယာနိ နာဒ္ဒသာတိ စောဒေသုံ။

အာဝုသော၊ ငါ့ရှင် အာဠဝကဘီလူး....။ တံ၊ သင်သည်။ အမှာကံ၊ ငါတို့၏။ သတ္ထာရံ၊ ဆရာဖြစ်တော်မူသော။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကို။ နံ ဇာနာသိ၊ မသိသလော။ယော၊ အကြင်အလောင်း တော်မြတ်သည်။ တုသိတဘဝနေ၊ တုသိတာနတ်ဘုံ၌။ ဌိတော၊ တည်လျက်။ ပဉ္စမဟာဝိလောကိတံ၊ ငါးပါးသော မြတ်သော ကြည့်ရှုခြင်းကို။ ဝိလောကေတ္ဝာ၊ ကြည့်ရှုတော်မူ၍။ ဣတိအာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ယာဝဓမ္မစက္ကပဝတ္တနာ၊ဓမ္မစကြာဒေသနာတော်မြတ်ကို ဟောကြား

တော်မူသည့်ကာလတိုင်အောင်။ကထေန္တာ၊ပြောကြားကြကုန်လျက်။ပဋိသန္ဓေ အာဒီသု၊ ပဋိသန္ဓေ တည်နေတော်မူသော ့အခါကာလ ်အစရှိသည်တို့၌။ ဒုတိံ သပုဗ္ဗနိမိတ္တာနိ၊ သုံးဆယ့်နှစ်ပါးကုန်သော ရှေးဦးသိကြောင်း နိမိတ် ကောင်းတို့ကို။ ဝတ္ဝာ၊ ပြောဆိုကြကုန်ပြီး၍။ အာဝုသော၊ မိတ်ဆွ အာဋ္ဌဝကဘီလူး....။ ဣမာနိပိ၊ဤရှေးဦးသိကြောင်း နိမိတ်ကောင်း ဖြစ်ကုန်သော။ အစ္ဆရိယာနိပိ၊ အံ့သြဘွယ်တို့ကို။ တုံ၊ သင်သည်။ နာဒ္ဒသ၊ မမြင်လိုက်လေ သလော မသိလိုက်လေသလော။ ဣတိ၊ ဤသို့။ စောဒေသုံ၊ စောဒနာကြ ကုန်ပြီ။

ထိုဘီလူးသည် မြင်ပင် မြင်ငြားသော်လည် ဒေါသ၏အစွမ်းအားဖြင့် ငါမမြင်ခဲ့ရပါ ဟု ဆို၏။

ဂဠုန်မင်းအနီး၌ အတောင်ကျိုးနေသော ကျီးကန်းပမာ

ထိုအခါ သာတာဂိရနှင့်ဟေမဝတနတ်သားတို့က အာဝုသော အာဋ္ဌဝက၊ ငါ့ရှင် အာဋ္ဌဝကဘီလူး....။ တုံ၊ သင်သည်။ ပဿေယျာသိ ဝါ၊ မြင်မူလည်း မြင်ပစေ။ နဝါ ပဿေယျာသိ၊ မမြင်မူလည်း ရှိစေတော့။ ပဿတာ ဝါ၊ မြင်ရသည်လည်း ဖြစ်သော။ အပဿတာ ဝါ၊ မတွေ့မမြင်ရသည်လည်း ဖြစ် သော။ တယာ၊ သင်နှင့်။ ကော အတ္ထော၊ အဘယ်အကျိုးရှိတော့အံ့နည်း။ တုံ၊ သင်သည်။ အမှာကံ၊ ငါတို့၏။ သတ္ထုနော၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအား။ ကိံ ကရိဿသိ၊ အသို့ ပြုနိုင်တော့အံ့နည်း။ ယော တုံ၊ အကြင်သင်သည်။ တံ၊ ထိုဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် ဖြစ်တော် မူသော မြတ်စွာဘုရားကို။ ဥပနိဓာယ၊ ထောက်ထား၍-စာနာ၍။ စလက္က ကုမေဟာဥသဘသမိပေ၊ တုန်လှုပ်သော နွားလည်ဘို့ရှိသော နွားလားဥသဘ ၏ အနီး၌။ တာဒဟုဇာတဝစ္ဆကောဝိယ၊ ထိုနွေး၌ မွေးဖွားလာသော နွားငယ် ကလေးကဲ့သို့။ အဟောသိ၊ ဖြစ်လေတော့သည်။ တိဓာ၊ သုံးပါးသော အပြား အားဖြင့်။ ပဘိန္နမတ္တဝါရဏသမိပေ၊ အပြားအားဖြင့် အမှုန်ယစ်၍ နေသော ဆင်မင်းကြီး၏ အနီး၌။ ဘိက်ပေါတကောဝိယ၊ ဆင်ငယ်ကလေးကဲ့သို့။ အသိ၊ ဖြစ်လေတော့၏။ ဘာသုရဝိလမ္ဗိတကေသရသောဘိတက္ခန္ဓဿ၊ တင့်တယ် သော ဖားလျားကျသော လည်ဆံမွေးဖြင့် တင့်တယ်၍ နေသော ပခုန်း ရှိသော။ မိဂရညော၊ သားတို့ သနင်း ခြင်္သေ့မင်း၏။ သမိပေ၊ အနီး၌။

ဇရသိင်္ဂါလောဝိယ၊ မြေခွေးအိုကလေးကဲ့သို့။ အသိ၊ ဖြစ်လေတော့၏။ ဒိယဓု ယောဇနသတပဝဓုကာယသုပဏ္ဏရာဇသမိပေ၊ ယူဇနာ တရာ့ငါးဆယ် ရှိသော ကြီးထွားသော ကိုယ်ကာယရှိသော ဂဠုန်ငှက်မင်း၏အနီး၌။ ဆိန္နပက္ခကာကပေါတကောဝိယ၊ အတောင်ကျိုး၍ နေသော ကျီးကန်းကလေးကဲ့သို့။ ခါယသိ၊ ထင်မိ၏။ ဂစ္ဆ၊ သွားချေလော့။ တုံ၊ သင်သည်။ ယံ၊ အကြင် အမှုကို။ ကရဏီယံ၊ ပြုအပ်၏။ တံ၊ ထိုအမှုကို။ ကရောဟိ၊ ပြုလေတော့လော့။ ဣတိ၊ ဤသို့။ စောဒေသုံ၊ စောဒနာကြလေကုန်ပြီ။

အာဠဝကကြုံးဝါးပုံ

ဤသို့ ဆိုအပ်သည်ရှိသော် ဒေါသဖြင့် ပျက်စီး၍နေသော အာဠဝကဘီလူးသည် ထ၍ ဆေးဒန်း မြင်းသီလာ ကျောက်ဖျာ အပြင်ထက်၌ လက်ဝဲဘက် ခြေဖြင့် တည်ပြီး၍—

ပဿထ ဒါနိ တုမ္ဟာကံ ဝါ သတ္ထာ မဟာနုဘာဝေါ၊ အဟံ ဝါတိ ဒက္ခိဏာပါဒေန သင်္ဃဿ မတ္ထကံ ကေလာသပဗ္ဗတကူဋံ အက္ကမိ။

ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ပဿထ၊ ကြည့်စမ်းကြကုန်လော့။ တုမ္ဟာကံ၊ သင်တို့၏။ သတ္ထာ ဝါ၊ ဆရာဘုရားသည်မူလည်း။ မဟာနုဘာဝေါ၊ကြီးကျယ်သော အာနုဘော်ရှိလေတော့သလော။ အဟံ ဝါ၊ ငါသည်တမူလည်း။မဟာနုဘာဝေါ၊ ကြီးသော အာနုဘော် ရှိလေတော့သလော။ ဣတိ၊ ဤသို့။ ဒက္ခိဏာပါဒေန၊ လက်ျာညာခြေဖြင့်။ သင်္ဃဿ မတ္ထကံ၊ ယူဇနာ ခြောက်ဆယ် အတိုင်းအရှည်ရှိသော။ ကေလာသ ပဗ္ဗတကူဋံ၊ ကေလာသတောင်ထွဋ်ကို။ အက္ကမိ၊ နင်းလေတော့၏။ တံ၊ထိုကေလာသတောင်ထွဋ်သည်။ အယော ကူဋပဟာရေ၊ သံတူဖြင့် နှက်အပ်သော။ နိဗ္ဗတ္တ အယောပိဏ္ဍော၊ ဖိုမှုထုတ်အပ်သော သတ္တုခဲသည်။ ပဝဋ္ဋကာယော၊ သမားဖွတ္ဂုကို။ မဉ္ဆဝယ၊ လွှတ်လေဘိသကဲ့သို့။ မဉ္ဆိ၊ လွှတ်လေပြီ။ သော၊ ထိုအာဠဝကဘီလူးသည်။ တတြ၊ ထိုတောင်ထွဋ်၌။ ဌတ္ဝာ၊ ရပ်တည်၍။ အဟံ၊ ငါသည်။ အာဠဝကော၊ အာဠဝကတည်း။ ဣတိ၊ ဤသို့။ ဥဋ္ဌါသေသိ၊ ကြွေးကြော်လေတော့၏။ သဒ္ဒါ၊ အဟံ အာဠဝက-ဟူသော အသံသည်။ သကလဇမ္ဗုဒီပံ၊ ဇမ္ဗုဒီပါတကျွန်းလုံးကို။ ဖရိ၊ ပျံ့နှံ့၍ သွားလေတော့၏။

အသံကြီးလေးမျိုး

ဤနေရာ၌ အဋ္ဌကထာဆရာသည် ဇမ္ဗူဒီပ်ဝာကျွန်းလုံး ကြားရသော အသံကြီး လေးမျိုးတို့ကို အကျယ်ခွဲ၍ ဖွင့်ပြလိုသည် ဖြစ်သောကြောင့် စတ္တာရော ကိရ သဒ္ဒါ သကလဇမ္ဗုဒီပေ သူယိ ံသု၊ အစရှိသည်ဖြင့် မိန့်ဆို တော်မူပါသည်။

စတ္တာရော၊ လေးပါးကုန်သော။ သဒ္ဒါ၊ အသံတို့ကို။ သကလဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်တကျွန်းလုံး၌။ သူယိ ံသု ကိရ၊ ကြားအပ်ကုန်သတဲ့။ ယက္ခသေနာပတိ၊ နတ်ဘီလူးတို့၏ စစ်သူကြီး ဖြစ်သော။ ပဏ္ဍကော၊ ပဏ္ဍကသည်။ ဓနဉ္ဇယကောရဗျရာဇာနံ၊ ဓနဉ္ဇယကောရဗျ မင်းကို။ ဇူတံ ဇိနိတ္ဝာ၊ ကြွပစ်ခြင်း အောင်နိုင်၍။ အပ္ပေါဒ္ဓေတ္ဝာ၊ လက်ပန်းပေါက်ခတ်၍။ အဟံ ဇိနိန္တိ၊ ငါအောင်နိုင်ပြီ ဟူ၍။ ယဉ္စ သဒ္ဒံ၊အကြင်အသံကို။ ဥဋ္ဌေါသေသိ၊ ကြွးကြော်လိုက်၏။ ဤသို့ ပဏ္ဍက အော်လိုက်သော အသံတခု ဖြစ်ပါသည်။

ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ ကဿပဘဂဝတော၊ ကဿပမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်မြတ်သည်။ ဩသက္ကန္တော့၊ ဆုတ်ယုတ်လတ်သည်ရှိသော်။ ဝိဿကမ္မဒေဝပုတ္တံ၊ ဝိသကြုံ နတ်သားကို။ သုနခံ ကရိတ္ဝာ၊ခွေးဖန်ဆင်းစေပြီး၍။ အဟံ၊ငါသည်။ ပါပဘိက္ခူ။ စ၊ ယုတ်မာသော ရဟန်းတို့ကိုငင်း။ပါပဘိက္ခုနီယော စ၊ ယုတ်မာသော ရဟန်းမိန်းမတို့ကိုငင်း။ ဥပါသကော စ၊ ယုတ်မာသော ဥပါသကာယောကျ်ားတို့ကိုငင်း။ဥပါသိကာယော စ၊ ယုတ်မာသော ဥပါသိကာ ဒကာမတို့ကိုငင်း။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ အဓမ္မဝါဒိနော စ၊ မတရားသော အယူဝါဒရှိကုန်သော သူတို့ကိုငင်း။ ခါဒါမိ၊ စားတော့အုံ။ ဣတိ၊ ဤသို့။ ယဉ္စ သဒ္ဒံ၊ အကြင်အသံကိုလည်း။ ဥဋ္ဌေါသေသိ၊ ကြွးကြော်စေလေပြီ။ ဤအသံသည်လည်း တပါး ဖြစ်ပါသည်။

ကုသဇာတကေ၊မင်းကုသဇာတ်၌။ပဘာဝတိဟေတု၊ပဘာဝတီ ဟူသော အကြောင်းကြောင့်။ သတ္တာဟိ ရာဇူဟိ၊ ခုနစ်ဦးသော မင်းတို့သည်။ နဂရေ၊ မြို့ကို။ ဥပရုဒ္ဓေ၊ ဝိုင်းဝန်း၍ ထားအပ်သည်ရှိသော်။ ပဘာဝတိ ံ၊ ပဘာဝတီမိဖုရားကို။ အတ္တနာ၊ မိမိနှင့်။ သဟ၊ အတူတကွ။ ဟတ္ထိက္ခန္ဓေ၊ ဆင်ကျောက်

ကုန်းထက်၌။ အာရောပေတ္တာ၊ တင်ပြီး၍။ နဂရာ၊ မြို့မှာ၊ နိက္ခမ္မ၊ ထွက်၍။ အဟံ၊ ငါသည်။ သီဟဿရမဟာကုသရာဇာ၊ ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံရှိသော ကုသမင်းတည်း။ ဣတိ၊ ဤသို့။ မဟာပုရိသော၊ ယောကျ်းမြတ် ဖြစ်တော်မူသော အလောင်းတော်သည်။ ယဉ္စ သဒ္ဒံ၊ အကြင်အသံကိုလည်း။ ဥဋ္ဌါသေသိ၊ ကြည်လိုက်လေပြီ။ ဤသည်လည်း တပါး ဖြစ်ပါသည်။

ကေလာသမုဒ္ဓနိ၊ ကေလာသတောင်ထိပ်၌။ ဌတ္ဝာ၊ ရပ်တည်၍။ အာဠဝကောတိ၊ ငါ အာဠဝက ဟူ၍။ ယဉ္စ သဒ္ဒံ၊ အကြင်အသံကိုလည်း။ ဥဋ္ဌါသေသိ၊ ကြွေးကြော်လေပြီ။ ဤသည်လည်း တပါးဖြစ်၏။

ဤကဲ့သို့ အသံကြီးလေးပါးကို အဠဝကထာဆရာ ဖွင့်ပြပါသည်၊ ထိုအခါ၌ ဇမ္ဗူဒီပ်တကျွန်းလုံး၌ တံခါးနှားခ်ြ လာ၍ ရပ်၍ အော်ဟစ်သော အသံကဲ့သို့ ဖြစ်ပါသည်၊ ယူဇနာ သုံးထောင် အကျယ်အဝန်းရှိသော ဟိမဝန္တာတောင်ကြီးသည်လည်း ဘီလူး၏ တန်ခိုးတေဇော် အာနုဘော်ဖြင့် တုန်လှုပ်၍ သွားပါသည်။

လေဗ္ဗတိုက်စေခြင်း

ထိုအာဠဝက ဘီလူးသည် "ဤလေဗ္ဗဖြင့် ရဟန်းကို ပြေးစေတော့အံ့ဟု ကြံဆ၍" လေဗ္ဗကို ထစေပါသည်။ အရှေ့အရပ် စသည် အပြားရှိကုန်သော ထိုလေတို့သည် ထကြကုန်၍ ယူဇနာဝက် တယူဇနာ နှစ်ယူဇနာ သုံးယူဇနာ ပမာဏ အတိုင်းအရှည် ရှိကုန်သော တောင်ထွဋ်တို့ကို ခဲ၍ တောချုံသစ်ပင် အစရှိသည်တို့ကို အမြစ်ထောင်သည်ကို ပြု၍ အာဠဝီမြို့သို့ ရှေးရှု၍ လာရောက်ကြပါကုန်သည်၊ အိုမင်းသော ဆင်တင်းကုတ် အစရှိသည်တို့ကို မှန်မှန်ညက်ညက် ကြေညက်စေကုန်လျက် အမိုးဖြစ်သော အုတ်တို့ကို ကောင်းကင်သို့ လွှင့်ပစ်ကုန်လျက် အာဠဝီမြို့သို့ လေဗ္ဗကြီး တိုက်၍ လာခဲ့ပါသည်။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကာသိစိ၊ တစုံတယောက်သောသူအား။ ဥပရောဓေ၊ နှောင့်ယှက်ခြင်းသည်။ မာဟောတု၊ မဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန်တော်မူပြီ။ တေ ဝါတာ၊ ထိုလေတို့သည်။ ဒဿဗလံ၊ကိုယ်တော်အား ဆယ်ပါး ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသို့။ ပတ္တာ၊ ရောက်၍။ စီဝရကဏ္ဏမတ္တမ္ပိ၊ သင်္ကန်းစွန်းကိုမျှလည်း။ စာလေတုံ၊ လှုပ်ရှားခြင်းငှါ။ နာသက္ခိံသု၊ မစွမ်းနိုင်ခဲ့ကြလေကုန်ပြီ။

မိုဃ်းကြီး ရွာချစေပြန်ခြင်း

တတော၊ ထို့နောင်မှ။ မဟာဝဿံ၊ ကြီးကျယ်စွာသော မိုဃ်းကြီးကို။ ဥဒကေန၊ ရေဖြင့်။ အဇ္ဈောတ္ထရိတွာ၊ လွှမ်းမိုး၍။ သမဏံ၊ ရဟန်းကို။ မာ-ရေဿာမိ၊ သတ်တော့အံ့။ ဣတိ၊ ဤသို့ကဲ့၍။ မဟာဝဿံ၊ ကြီးစွာသော မိုဃ်းကြီးကို။ သမုဋ္ဌာပေသိ၊ထစေပါပြီ။ တဿ၊ထို၎ဘီလူး၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်ဖြင့် ။ဥပရူပရိ၊ အထပ်ထပ် ဖြစ်သော။ သတ-ပဋ္ဌလ သဟဿပဋ္ဌလာဒိဘေဒါ၊ အထပ်တရာ အထပ်တထောင် စသည် အပြား ရှိကုန်သော။ ဝလာဟကာ၊ တိမ်တိုက်တို့သည်။ ဥဋ္ဌဟိတွာ၊ ထကြကုန်၍။ ပဝဿိ ံသု၊ ရွာချကြလေကုန်ပြီ။ ဝုဋ္ဌေရာဝေဂေန၊မိုဃ်းရေအဟုန် တည်းဟူသော အလျင်ဖြင့်။ ပထဝီ၊ မြေကြီးသည်။ ဆိဒ္ဓါ၊ ကဲ့အက်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ။ ဝနရုက္ခာဒိနံ၊ တောသစ်ပင် အစရှိသည်တို့၏။ ဥပရိ၊ အထက်၌။ မဟောဃော၊ ကြီးစွာသော ရေအလျင်သည်။ အာဂန္ဆာ၊ လာ၍။ ဒဿဗလဿ၊ ကိုယ်တော်အား ဆယ်ပါး ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ စီဝရေ၊ သင်္ကန်းတော်၌။ ဥဿာဝဗိန္ဒုမတ္တမ္ပိ၊ ဆီးနှင်းပေါက်မျှကိုလည်း။ တေမေတုံ၊စွတ်စိုခြင်းငှါ။ နာသက္ခိ၊ မစွမ်းနိုင်ခဲ့ပါ။

ကျောက်ခဲမိုဃ်း

တတော၊ ထို့နောင်မှ၊ပါသာဏဝဿံ၊ ကျောက်ခဲမိုဃ်းကို။သမုဋ္ဌာပေသိ၊ ထစေပါသည်။ မဟန္တာနိ မဟန္တာနိ၊ ကြီးကုန် ကြီးကုန်သော။ ဝါ၊ အလွန် ကြီးကုန်သော။ ပဗ္ဗတကူဋာနိ၊ တောင်ထွဋ်တို့သည်။ ဓူမာယန္တာနိ၊ အခိုး ထောင်းထောင်း ထကုန်လျက်။ ပဇ္ဇလန္တာနိ၊ မီးအလျှံ တောက်ကုန်လျက်။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ အာဂန္ဆာ၊ လာကြကုန်၍။ ဒဿဗလံ၊ ကိုယ်တော်အား ဆယ်ပါး ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသို့။ ပတ္ဘာ၊ ရောက်၍။ ဒိဗ္ဗမာလာဂုဋ္ဌာနိ၊ နတ်ပန်းကုံးတို့သည်။ သမ္ပဋိ ံသု၊ ဖြစ်ကြရလေကုန်ပြီ။

လက်နက်မိုဃ်း

တတော၊ ထို့နောက်မှ၊ ပဟာရဝဿံ၊ လက်နက်မိုဃ်းကို။ သမုဋ္ဌာပေသိ၊ ဖြစ်စေပါသည်။ ဧကတော၀ာရဉ္ဘတော၀ာရအသိသတ္တိခုရပ္ပါဒယော၊တဖက်

သွား နှစ်ဖက်သွား ရှိကုန်သော အလျှံတောက်၍ နေကုန်သော သန်လျက် လှံမ သင်မုန်း အစရှိကုန်သော လက်နက်တို့သည်။ ဤမာယန္တာ၊ အခိုး ထောင်းထောင်း ထကုန်လျက်။ ပဇ္ဇလန္တာ၊ အလျှံတပြောင်ပြောင် တောက်လောင်ကုန်လျက်။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ အာဂန္ဆာ၊ လာကြကုန်၍။ဒသဗလံ၊ မြတ်စွာဘုရားသို့။ ပတ္ဝာ၊ရောက်၍။ ဒိဗ္ဗပုပ္ဖါနိ၊ နတ်ပန်းပွင့်တို့သည်။အဟေသုံ၊ ဖြစ်ကြရပါကုန်ပြီ။

မီးကျီးမိုးခ်ီး

တတော၊ ထို့နောင်မှ။ အင်္ဂါရပသီ၊မီးကျီးမိုးခ်ီးကို၊သမုဋ္ဌာပေသိ၊ ထစေပါပြီ။ ကိံသုကဝဏ္ဏာ၊ ပေါက်ပွင့်အဆင်းရှိကုန်သော။ အင်္ဂါရာ၊ ရဲရဲညီးကုန်သော မီးကျီးခဲတို့သည်။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ အာဂန္ဆာ၊ လာရောက်ကြကုန်၍။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေတော်ရင်းဦး။ ဒိဗ္ဗပုပ္ဖါနိ၊ နတ်ပန်းပွင့်တို့သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ဝိကီရယိံသု၊ ဖရိုဖရဲ ကြဲကြလေကုန်၏။

ပြာပူမိုးခ်ီး

တတော၊ထို့နောင်မှ၊ ကုက္ကုလဝဿံ၊ပြာပူမိုးခ်ီးကို။ သမုဋ္ဌာပေသိ၊ ထစေပါပြီ။ အစ္စုဏှာ၊ အလွန်ပူကြကုန်သော။ ကုက္ကုလာ၊ ပြာတို့သည်။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ အာဂန္ဆာ၊ လာရောက်ကြကုန်၍။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေတော်ရင်းဦး။ စန္ဒနစုဏ္ဏံ၊ စန္ဒကူးနှံသာမှုန့်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိပတိံသု၊ ကျရောက်ကြပါကုန်ပြီ။

သဲမိုးခ်ီး

တတော၊ ထို့နောင်မှ၊ ဝါလိကဝဿံ၊ သဲမိုးခ်ီးကို။ သမုဋ္ဌာပေသိ၊ ထစေပါပြီ။ အတိသုခုမဝါလိကာ၊ အလွန်နူးညံ့ကြကုန်သောသဲတို့သည်။မူမာယန္တာ၊ အခိုးထောင်းထောင်း ထကုန်လျက်။ ပဇ္ဇလန္တာ၊ အလျှံတပြောင်ပြောင် တောက်လောင်ကုန်လျက်။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ အာဂန္ဆာ၊ လာရောက်ကြကုန်၍။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေတော်ရင်းဦး။ ဒိဗ္ဗပုပ္ဖါနိ၊ နတ်ပန်းတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ နိပတိံသု၊ ကျရောက်ကြကုန်ပါပြီ။

ရှုံမိုဃ်း

တတော၊ ထို့နောင်မှ။ ကလလဝဿံ၊ ရှုံမိုဃ်းကို။ သမုဋ္ဌာပေသိ။ ထစေပါသည်။တံ ကလလဝဿံ၊ ထို့ရှုံပုမိုဃ်းသည်။ ဓုမာယန္တံ၊အခိုးထောင်းထောင်းထလျက်။ ပဇ္ဇလန္တံ၊ အလျှံတပြောင်ပြောင် တောက်လောင်လျက်။ အာကာသေန၊ ကောင်းကင်ခရီးခြင့်။ အာဂန္ဆာ၊ လာ၍။ ဒဿဗလဿ၊ မြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေတော်ရင်း၌။ ဒိဋ္ဌဂန္ဓံ၊ နတ်နံ့သာသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိပတိ၊ ကျရောက်ပါသည်။

အမိုက်မှောင်ချ၍ ခြိမ်းချောက်ခြင်း

တတော၊ ထို့နောင်မှ၊ ဘိံသေတ္ဝာ၊ ချောက်လှန့်၍။ သမဏံ၊ ရဟန်းကို။ ပလာပေဿာမိ၊ပြေးစေတော့အံ့။ ဣတိ၊ဤသို့။ စိန္တေတ္ဝာ၊ကြံစည်ပြီး၍။ အန္ဓကာရံ၊ အမိုက်ဘုံကိုကို။ သမုဋ္ဌာပေသိ၊ ထစေပါသည်။ တံ၊ထိုအမိုက်တိုက်သည်။စတုရင်္သမန္နာဂတံ၊ အင်္ဂါလေးတန်နှင့် ပြည့်စုံသော။ အန္ဓကာရဿဒိသံ၊ အမိုက်တိုက်နှင့်တူသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဒဿဗလံ၊မြတ်စွာဘုရားသို့။ ပတ္ဝာ၊ ရောက်၍။ သူရိယပ္ပဘာဝိဟတံ၊ နေရောင်ဖြင့် ပယ်ဖျောက်အပ်သော။ အန္ဓကာရမိဝ၊ အမိုက်တိုက်ကဲ့သို့။ အန္တိရဝေယိ၊ ကွယ်ပျောက်၍ သွားပါသည်။

စစ်အင်္ဂါလေးပါးဖြင့် ချီတက်ပြန်ခြင်း

ဤသို့ အာဋဝကဘီလူးသည် ကိုးမျိုးကုန်သော လေဗ္ဘတိုက်ခြင်း မိုဃ်းရွာခြင်း ကျောက်ခဲမိုဃ်းရွာခြင်း လက်နက်မိုဃ်းရွာခြင်း မီးကျီးမိုဃ်းရွာခြင်း ပျာပူမိုဃ်း ရွာခြင်း သဲပူမိုဃ်း ရွာခြင်း ရှုံပူမိုဃ်း ရွာခြင်း ကိုးပါးအပြားရှိကုန်သော အမိုက်ဘုံက်တို့ဖြင့် မြတ်စွာဘုရားကို ပြေးစေခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အထူးထူး အပြားပြားသော လက်၌ လက်နက်စွဲသော တပါးမက များစွာသော ရုပ်အဆင်း ရှိကုန်သော ဘုတ်တစ္ဆေ အပေါင်းသည် စုပေါင်း ပါဝင်လျက် အင်္ဂါလေးပါးနှင့် ပြည့်စုံသော စစ်တပ်ဖြင့် မိမိကိုယ်တိုင် သာလျှင် ဘုန်းတော်ကြီးတော်မူလှသော ဘုရားရှင်ထံသို့ ရှေးရှုခြီတက် ပါသည်။

ထိုဘုတ်တစ္ဆေ အပေါင်းတို့သည် အထူးထူး အပြားပြား များလှစွာကုန်သော ဖောက်ပြန်သော အမူအရာတို့ကို ပြုကြကုန်၍ ဖမ်းကြကုန်လော့၊

သတ်ကြကုန်လော့ ဟု မြတ်စွာဘုရား၏ အထက်၌ လာရောက်ကြကုန်ဘိ သကဲ့သို့ ဖြစ်ကြပါကုန်သည်။

စင်စစ်သော်တမူကား ယင်တို့သည် ဖိုမှ ထုတ်အပ်သော ရဲရဲညီးသော သံတွေခဲကို ကပ်ငြိခြင်းငှါ မဝံ့စားကြလေကုန်သကဲ့သို့ ထိုနည်းတူစွာ ထိုဘုတ်တစ္ဆေ အပေါင်းတို့သည်လည်း ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို ချဉ်းကပ်ခြင်းငှါ မစွမ်းနိုင်ကြပါကုန်။

ဤသို့ပင် ဖြစ်သော်လည်း ဗောဓိမဏ္ဍိုင် ဟု ဆိုအပ်သော ပဉ္စတော်မူရာ ပညောင်ပင်ရင်း၌ ဘုရားကို စစ်တိုက်အံ့သောငှါ လာသော မာရ်နတ်မင်းသည် လာသော အခါ၌၌ပင်လျှင် ပြန်လည်ဆုတ်နစ်၍ သွားလေသကဲ့သို့ ထို့အတူ အာဠဝကနတ်စစ်သည် အပေါင်းတို့သည် မဆုတ်မနစ်ကြကုန်မူ၍ ညဉ့်ထက်ဝက် ကာလတိုင်အောင် အနှောင့်အယှက်ကို ပြုကြပါကုန်သည်။

ဘဲ့ဖြူလက်နက် လွှတ်ပြန်ခြင်း

ဤသို့ ညဉ့်ထက်ဝက်အတိုင်းအရှည်ရှိသော ကာလပတ်လုံး တပါးမက များလှစွာသော ကြောက်မက်ဖွယ်ရာ အဆင်းကို ပြသခြင်းဖြင့် မြတ်စွာဘုရားကို တုန်လှုပ်ချောက်ခြားစေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ အာဠဝကဘီလူးသည် ကြံစည်စိတ်ကူးပါသည်။

ယံ နူနာဟံ ကေနစိ အဇေယျံ ဒုဿာဝုဓံ မုဉ္ဇေယျန္တိ။

အဟံ၊ ငါသည်။ ကေနစိ၊ တစုံတယောက်သောသူသည်။ အဇေယျံ၊ အောင်နိုင်ခြင်းငှါ မတတ်သာသော။ ဒုဿာဝုဓံ၊ ဘဲ့ဖြူလက်နက်ကို။ မုဉ္ဇေယျံ၊ လွှတ်ရမူကား၊ ယံနူန-အဟောသာဓု၊ သြော်-ကောင်းလေစ။ ဤသို့ အာဠဝကဘီလူး ကြံစည်ပါသည်။

လက်နက်ကြီးလေးမျိုးနှင့် အစွမ်းသတ္တိ

လောက၌ အမြတ်ဟူ၍ သမုတ်အပ်ကုန်သော ထက်မြက်ပြင်းထန်ကုန်သော လက်နက်တို့သည် လေးမျိုးလေးစား ရှိသည် ဟု ဆိုပါကုန်သည်။
၁။ သိကြားမင်း၏ ဝဇိရာဝုဓ ဟု ဆိုအပ်သော ဝဇိရစိန်လက်နက်။
၂။ ဝေဿဝဏ် နတ်မင်းကြီး၏ ဂဒါဝုဓ ဟု ဆိုအပ်သော သံတင်းပုတ် သံတုတ်

လက်နက်။ ၃။ ယမမင်း၏ နယနာဝုဓ ဟု ဆိုအပ်သော မျက်စိလက်နက်။ ၄။ အာဋဝကဘီလူး၏ ဒုဿာဝုဓဟု ဆိုအပ်သော ဘွဲ့ဖြူလက်နက်။ ဤကဲ့သို့ မြတ်သော လက်နက်လေးမျိုး ရှိကြပါကုန်သည်။

ထိုစကား မှန်လှပါ၏။ သိကြားမင်းသည် စိတ်ဆိုးလတ်သည်ဖြစ်၍ ဝဇီရစိန်လက်နက်ကို မြင်းမိုရ်တောင်ထက်၌ အကယ်၍ ပစ်ချခဲ့ငြားအံ့၊ ယူဇနာတသိန်းခြောက်သောင်း ရှစ်ထောင်ရှိသော မြင်းမိုရ်တောင်ကို ဖောက်ခဲ့၍ အောက်အပြင်အားဖြင့် သွားရာ၏။

ဝေဿဝဏ် နတ်မင်းကြီးသည် ဒေါသအမျက် ထောင်းထောင်း ထွက်၍ ပစ်လွှတ်အပ်သော သံတင်းပုတ် သံတုတ်လက်နက်သည် များစွာကုန်သော ဘီလူးအထောင်ဘို့၏ ဦးခေါင်းတို့ကို တောင်းတောင်းပြတ်ကြွေ ကျစေပြီး၍ နောက်ထပ်တဖန် မိမိလက်သို့ လာ၍ တည်၏။

စိတ်ဆိုးသော ယမမင်းသည် မျက်စိလက်နက်ဖြင့် ကြည့်ရှုကာမျှ၌ ကုမ္ဘာန်ထောင်ပေါင်းများစွာတို့သည် လောလောဆယ် ပျှဉ်နေသော အိုးကင်းထဲ၌ ပစ်ထည့်လိုက်သော နှမ်းတို့ကဲ့သို့ ဖရိုဖရဲ ပြန့်ကြဲကြကုန်လျက် ပျက်စီးကြရပါကုန်သည်။

အာဋဝက ဘီလူးသည် စိတ်ဆိုးသည် ဖြစ်၍ ကောင်းကင်၌ ဘွဲ့ဖြူလက်နက်ကို အကယ်၍ လွှတ်လိုက်ငြားအံ့၊တဆယ့်နှစ်နှစ်တို့ပတ်လုံး မိုးဃ်းမရွာနိုင်ရာ့။ အကယ်၍ မြေကြီး၌ လွှတ်လိုက်ခဲ့ငြားအံ့၊ အလုံးစုံသော မြက်သစ်ပင်အစရှိသည်တို့ ခြောက်သွေ့၍ တဆယ့်နှစ်နှစ် အတွင်း၌ နောက်ထပ် တဖန် မပေါက်ရောက်နိုင်ရာ။ သမုဒ္ဒရာ၌ အကယ်၍ လွှတ်လိုက်ခဲ့ငြားအံ့၊ လောလော ပူ၍ နေသော အိုးကင်းထဲ၌ ရေပေါက်ချလိုက်သလို အလုံးစုံသော သမုဒ္ဒရာရေသည် ခြောက်သွေ့၍ သွားရာ၏၊ မြင်းမိုရ်တောင်နှင့် တူသော တောင်၌ အကယ်၍ လွှတ်လိုက်ငြားအံ့၊ အပိုင်းအပိုင်း ဖရိုဖရဲ ပြန့်ကြ၍ သွားရာ၏။

နတ်အပေါင်းတို့ စုဝေးလာကြခြင်း

သော၊ ထိုအာဋဝကဘီလူးသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝံ၊ ကြီးကျယ်လှစွာသော အာနုဘော်ရှိသော။ ဒုဿာဝုဓံ၊ ဘွဲ့ဖြူလက်နက် ဟု ဆိုအပ်သော။ ဥတ္တာရိသာဋကံ၊ အပေါ်ရုံပုဆိုးကို။ မဥ္ဇိတ္ဘ၊ လွှတ်၍။ အဂ္ဂဟေသိ၊ ယူလေပြီ။

ယေဘုယျေန၊ များသောအားဖြင့်။ ဒသသဟဿီလောကဓာတု ဒေဝတာ၊ တသောင်းသော စက္ကဝဠာတိုက်၌ နေကြကုန်သော နတ်အပေါင်း တို့သည်။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ သန္ဓိပတိ ံသူ၊ စည်းဝေးကြလေ ကုန်ပြီ။ အဇ္ဇ၊ ယနေ့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ် တော်မြတ်သည်။ အာဠဝကံ၊ အာဠဝကဘီလူးကို။ ဒမေဿတိ၊ ဆုံးမတော်မူ လတ္တံ ့။ တတ္ထ၊ ထိုအာဠဝက ဘီလူးကို ဆုံးမရာ၌။ မယံ၊ ငါတို့သည်။ ဓမ္မံ၊ တရား ကို။ သောဿာမ၊ နာကြရကုန်တော့အံ့။ ဣတိ၊ ဤသို့။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ သန္ဓိပတိ ံသူ၊ စည်းဝေးကြပါကုန်ပြီ။ ယုဒ္ဓဒဿန-ကာမာပိ၊ တရားနာခြင်းငှါ အလိုမရှိ စစ်ထိုးခြင်းကို ကြည့်ခြင်းငှါ အလိုရှိသည် လည်း ဖြစ်ကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ သန္ဓိပတိ ံသူ၊ စည်းဝေး ရောက်လာကြပါကုန်ပြီ။

ဤသို့လျှင် အလုံးစုံလည်း ဖြစ်သော ကောင်းကင်သည် နတ်တို့ဖြင့် ပြည့်၍ နေပါတော့သည်။

ဘွဲ့ဖြူလက်နက် ခြေသုတ်ပုဆိုး ဖြစ်သွားခြင်း

ထိုအခါကာလ၌ အာဠဝက ဘီလူးသည် မြတ်စွာဘုရား၏ အနီး၌ အဆင့်ဆင့် ထို့မှ ဤမှ သွားလာပြီး၍ ဝတ္ထာဝုဓ ဟု ဆိုအပ်သော ဘွဲ့ဖြူ လက်နက်အပေါ် ရုံပုဆိုးကိုလွှတ်လိုက်လေ၏။ ထိုဘွဲ့ဖြူလက်နက်သည် မိုးခြိမ်းကြိုး စက်ကဲ့သို့ ကောင်းကင်၌ ကြောက်မက်ဖွယ်သော အသံကို ပြုလျက် အခိုး ထောင်းထောင်း ထလျက် အလျှံတပြောင်ပြောင် တောက်လောင်လျက် မြတ်စွာဘုရားအထံသို့ ရောက်သည်ရှိသော် ဘီလူး၏ မာနကို နှိမ်နင်းချိုးဖဲ့ ဖျက်ဆီးခြင်း အကျိုးငှါ ခြေသုတ်ပုဆိုးဖြစ်၍ မြတ်စွာဘုရား၏ ခြေရင်းတော်၌ ကျရောက်ပါသည်။

အာဠဝကဘီလူးသည် ထိုအခြင်းအရာကိုမြင်ရ၍ ဦးချိုကျိုးလေပြီးသော နွားလားဥသဘကဲ့သို့ဎင်း အစွယ်နုတ်ပြီးသော မြွေကဲ့သို့ဎင်း တန်ခိုးမရှိ မာန နိမ့်ကျသည်ဖြစ်၍ ကျအပ်ပြီးသော မာနတည်းဟူသော တန်းခွန်ရှိသည်ဖြစ်၍ ကြံစည်ပါသည်။

မေ၊ ငါ၏။ ဒုဿဝဓံမမ်ပိ၊ ဘွဲ့ဖြူလက်နက် ပုဆိုးသည်လည်း။ သမဏံ၊ ရဟန်းကို။ နာဘိဘောသိ၊ မလွှမ်းမိုး မနှိပ်စက်နိုင်။ ကာရဏံ၊ အကြောင်း

သည်။ ကိန္နုခေါ၊ အသို့ဖြစ်လေသနည်း။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံစည်ပါသည်။

နိက္ခမ သမဏ အဓိပ္ပါယ်

ဣဒ ကာရဏာ မေတ္တာဝဟာရယုတ္တော သမဏော၊ ဟန္ဒ နံ ရောသေ-တ္ဝာ မေတ္တာယ ဝိယောဇေမိတိ ဣမိနာ သမ္မန္ဓေနေတံ ဝုတ္တံ၊ အထ ခေါ အာဋဝကော ယက္ခော ယေန ဘဂဝါ။ပ။ နိက္ခမ သမဏောတိ။

ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ကာရဏံ၊ အကြောင်းပါတည်း။ သမဏော၊ရဟန်းဂေါတမသည်။ မေတ္တာဝိဟာရယုတ္တော၊မေတ္တာနှင့်ယှဉ်သော နေထိုင်ခြင်းဖြင့် ယှဉ်စပ်၍ နေ၏။ ဟန္ဒ၊ ယခု။ နံ၊ ထိုရဟန်းဂေါတမကို။ ရောသေတ္ဝာ၊ ချုတ်ချယ်၍။ မေတ္တာယ၊ မေတ္တာဓာတ်မှ။ ဝိယောဇေမိ၊ ခွဲတောဲအံ့။ ဣတိ ဣမိနာ သမ္မန္ဓေန၊ ဤကဲ့သို့သော စကားအဆက်အစပ်ဖြင့်။ အထ ခေါ အာဋဝကော ယက္ခော ယေန ဘဂဝါ။ပ။ နိက္ခမ သမဏောတိ၊ အထ ခေါ အာဋဝကော။ပ။ နိက္ခမ သမဏ-ဟူ၍။ ဧတံ၊ ဤ ပါဋိတော်စကားအစဉ်ကို။ ဝုတ္တံ၊ ဟောအပ်ပါသည်။

ထိုပါဋိတော်အစဉ်၌ ဤဆိုလတ္တံ့သည်ကား အလိုရှိအပ်သောစကား အဓိပ္ပါယ်ပါတည်း၊ အဘယ့်ကြောင့် ငါသည် အခွင့်မပြုရပါဘဲနှင့် ငါ၏ ဘုံဗိမာန်တွင်းသို့ ဝင်ရောက်၍ အိမ့်ရှင်ကဲ့သို့ မင်းမောင်းမတို့၏ အလယ်၌ ထိုင်နေရပါသနည်း၊ ဤကဲ့သို့ အရှင်သည် မပေးဘဲနှင့် သုံးဆောင်၍ နေခြင်း သည်ၵင်း မင်းမိန်းမ အပေါင်းနှင့် ရောယှက်၍ နေခြင်းသည်ၵင်း ဤကိစ္စသည် ရဟန်းတော်တို့အား သင့်မြတ်ပါ၏လော၊ ထို့ကြောင့် သင်သည် အကယ်၍ ရဟန်းတရား၌ တည်ရှိခဲ့ပါမူကား ယခုပင် ထွက်ပါတော့လော ဟူ၍ ဆိုလို ပါသည်။

ဤစကားကို အခြို့သော ဆရာတို့က ဤစကား တို့ကိုၵင်း ဤမှတပါး အခြားသော ကြမ်းတမ်းသော စကားတို့ကိုၵင်း ဆို၍ ဤစကားကို အာဋဝက ဘီလူးက မြတ်စွာဘုရားအား လျှောက်ထားသည် ဟု ဆိုကြပါကုန်သည်။

သာဓာဝုသော အဓိပ္ပါယ်

ထိုအခါ၌ မြတ်စွာဘုရားသည် ယသ္မာ၊ အကြင့်ကြောင့်။ ထဒ္ဓိ၊ ကြမ်း တမ်းသော ပုဂ္ဂိုလ်ကို။ ပဋိထဒ္ဓဘာဝေန၊ တဖန်ပြန်၍ ကြမ်းတမ်းခြင်းဖြင့်။

ဝါ၊ အိုးရွဲ့ကို စလောင်းရွဲ့ဖုံးခြင်းဖြင့်။ ဝိနေတုံ၊ဆိုဆုံးမခြင်းငှါ။ နှ သက္ကာ၊ မတတ်ကောင်း။ ဟိ၊ မှန်၏။ သော၊ ထိုဘီလူးသည်။ ပဋိဇဒ္ဓဘာဝေ၊ တဖန် ပြန်၍ ကြမ်းတမ်းသည်၏ အဖြစ်ကို။ ကယိရမာနေ၊ ပြုအပ်သည်ရှိသော်။ စဏ္ဍာသ၊ ကြမ်းတမ်းသော။ ကုက္ကုရဿ၊ ခွေး၏။ နာသာယ၊ နှာခေါင်းဝ၌။ ပိတ္တံ၊ သည်းခြေကို။ ဘိန္ဒေယျ သေယျထာပိ၊ ခဲ့ချလိုက်ဘိသကဲ့သို့။ သော၊ ထိုအာဠဝကဘီလူးသည်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ အလွန်အားဖြင့်။ စဏ္ဍာတရော၊ သာလွန်၍ ကြမ်းတမ်းသည်။ အဿ၊ဖြစ်ရာ၏။ ဧဝံ၊ ဤသို့။ ထဒ္ဓိတရော၊ သာလွန်၍ ကြမ်းတမ်းသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ သို့သော်လည်း။ မုဒုနာ၊ နူးညံ့သိမ်မွေ့သဖြင့်။ သော၊ ထိုအာဠဝကဘီလူးကို။ ဝိနေတုံ၊ ဆိုဆုံးမခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ဣတိ၊ ဤသို့။ ဥ တ္ဝာ၊ သိတော်မူ၍။ သာဓာဝုသောတိ၊ ငါ့ရှင်ကောင်းလှပြီဟု ချစ်ခင်ဘွယ်သော စကားကို ဆိုသဖြင့် ထိုဘီလူး၏စကားကို ပန်ခံ၍မြတ်စွာဘုရားသည် ထုတ်တော်မူပါသည်။ ထို့ကြောင့် သာဓာဝုသောတိ ဘဂဝါ နှင်္ဂမိတိ၊ နိက္ခမိ-ဟ္ဝု၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသည်။ အာဝုသော၊ ငါ့ရှင်ဘီလူး.... ။ သာဓု၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နိက္ခမိ၊ ဗိမာန်တွင်းမှ ချက်ခြင်း ထုတ်ကြွတော်မူလေပြီ။

ဘီလူးစိတ် နူးညံ့သွားခြင်း

ထိုအခါမှ အာဠဝကဘီလူးက—

“သုဇ္ဇစော ဝတာယံ သမဏော ဂေါတမနေနေဝ နိက္ခန္တော၊ ဧဝံ နာမ နိက္ခမေတုံ သုခံ သမဏံ အကာရဏေနေဝါဟံ သကလရတ္တိံ ယုဒ္ဓေန အဘ္ဘာယျာသိန္တိ မုဒုစိတ္တော ဟုတ္ဝာ ပုန စိန္တေသိ—

အယံ သမဏော၊ ဤရဟန်းဂေါတမသည်။ သုဇ္ဇစော ဝတ၊ ဆိုလွယ်ပြောလွယ်သော စကားရှိပေစ့။ကေဝစနေနေဝ၊တခုန်းတည်းသော ပြောလိုက်သော စကားမျှဖြင့် သာလျှင်။ နိက္ခန္တော၊ ထွက်ကြွတော်မူခဲ့၏။ ဧဝံနာမ၊ ဤသို့စဉ်ကား။ နိက္ခမေတုံ၊ ထွက်စေခြင်းငှါ။ သုခံ၊ လွယ်ကူသော။ သမဏံ၊ ရဟန်းကို။ အကာရဏေနေဝ၊ အကြောင်းမရှိဘဲဖြင့်သာလျှင်။ အဟံ၊ ငါသည်။ သကလရတ္တိံ၊ အလုံးစုံသော ညဉ့်ကာလပတ်လုံး။ ယုဒ္ဓေန၊ စစ်ထိုး ခြင်းဖြင့်။ အဘ္ဘာယျာသိံ၊ စစ်ပြိုင်ဆိုင်ခဲ့လေပြီ။ ဣတိ၊ ဤသို့။ မုဒုစိတ္တော၊

နူးညံ့သော စိတ်ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ပုန၊ နောက်ထပ်တဖန်။ စိန္တေသိ၊ ကြံစည်ပြန်ပါသည်။ ဣဒါနိပိ၊ ဤယခုအခါကာလ၌လည်း။ ဇာနိတုံ၊ သိခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ သုဗ္ဗစတာယ၊ ဆိုလွယ် ပြောလွယ်သော စကားရှိသည်၏အဖြစ်ကြောင့်။ နိက္ခန္တော၊ ထုတ်လေသလော။ ဉဒါဟု၊ ထိုသို့မဟုတ်။ ကောဓနော၊ စိတ်ဆိုးလျက်ပင်လျှင်။နိက္ခန္တောနုခေါ၊ ထုတ်လေတော့သလော။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဝိမံသာမိ၊ စုံစမ်းဦးတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံစည်ပြန်ပါသည်။

ပဝိသ သမဏ အဓိပ္ပါယ်

တတော၊ ထို့နောက်မှ။ပဝိသ သမဏာတိ၊ ပဝိသ သမဏ-ဟူ၍။အာဟ၊ ဆိုပါသည်။ သမဏ! ရှင်ရဟန်း။ ပဝိသ၊ ဗိမာန်တွင်းသို့ ဝင်ရောက်ပါဦးလော့။

ထိုအခါ၌ ကောင်းသော ဆိုလွယ်သော စကားရှိသည် ဟု နူးညံ့သော စိတ်ဓာတ်ရှိသည်၏ အဖြစ်ကို ပိုင်းခြားမှတ်သားခြင်း အကျိုးငှါ ချစ်ခင်နှစ်သက်ဖွယ်သော စကားကို ပြောဆိုလျက် သာဓာဝုသော ဟု ပြောဆိုလျက် မြတ်စွာဘုရားသည် ဝင်ရောက်တော်မူပါသည်။ အာဝုသော၊ ငါ့ရှင်။ သာဓု၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဘဂဝါ။ မြတ်စွာဘုရားသည်။ ပါဝိသိ၊ ဝင်ရောက်ပါသည်။

ဘီလူးဆိုတိုင်း လိုက်နာနေပုံ

အာဠဝက ဘီလူးသည် ခဏ ခဏ ဆိုလွယ်သော စကားရှိသည်၏ အဖြစ်ကို သာလျှင် စုံစမ်းလိုသည်ဖြစ်၍ နှစ်ကြိမ်ၵင်း သုံးကြိမ်ၵင်း နိက္ခမ ပဝိသ-ဟူ၍ ဆိုပါသည်။ မြတ်စွာဘုရားကလည်း အာဠဝကဘီလူးဆိုတိုင်း ပြုကျင့်တော်မူပါသည်၊ အကယ်၍ မပြုကျင့်ခဲ့ငြားအံ့၊ ပကတိ သဘောအားဖြင့်လည်း ကြမ်းတမ်း၍နေသော ဘီလူး၏စိတ်သည် အထူးသဖြင့် သာလွန်ကြမ်းတမ်းသည်ဖြစ်၍ တရားစကားတော်၏ တည်ရာလည်း မဖြစ်နိုင်ခဲ့ရာ။ ထို့ကြောင့် မိခင်ဖြစ်တဲ့ ပဂ္ဂုလ်သည် ငိုကြွေးနေသော သားငယ်ကို ထိုသားငယ်သည် အကြင်ဝတ္ထုပစ္စည်းကို အလိုရှိ၏၊ ထိုဝတ္ထုပစ္စည်းကိုပေး၍ သော်ၵင်း ပြုလုပ်၍ သော်ၵင်း သိစေပါသည်၊ ထို့အတူ မြတ်စွာဘုရားသည် ကိလေသာတည်းဟူသော ဒေါသဖြင့် ငိုကြွေး၍ နေသော အာဠဝကဘီလူးကို သိစေခြင်းအကျိုးငှါ

ထိုဘီလူးသည် အကြင်စကားကို ဆို၏၊ ထိုစကားကို လိုက်နာပြုကျင့်တော်မူပါသည်။

ဥပမာ ဆိုသော်

ဥပမာတနည်းအားဖြင့်လည်း နို့ထိန်းဖြစ်သော ပုဂ္ဂိုလ်သည် နို့ကို မသောက်ပဲနေသော သူငယ်ကို တစုံတခုကိုပေးပြီး ချော့မော့ဖြားယောင်း၍ နို့ကိုသောက်စေဘိသကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည် အာဠဝကဘီလူးကို လောကုတ္တရာတရား တည်းဟူသော နို့ကို သောက်စေခြင်းငှါ ထိုအာဠဝကဘီလူး၏ တောင့်တအပ်သော စကားကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖြားယောင်းလျက် ဤသို့ ပြုတော်မူပါသည်။

ဥပမာတနည်းအားဖြင့် ယောကျ်ားသည် ဗူးတောင်းအတွင်း၌ စတုမဓုကို ထည့်ခြင်းငှါ အလိုရှိလတ်သည်ရှိသော် ထိုဗူးသီး၏အတွင်းပိုင်းကို ရှင်းလင်းသုတ်သင်၍ ပစ်လိုက်ရဘိသကဲ့သို့ ထိုအတူ မြတ်စွာဘုရားသည် အာဠဝကဘီလူး၏စိတ်ဓာတ်၌ လောကုတ္တရာတရားတည်းဟူသော စတုမဓုကို ဖြည့်ခြင်းငှါ အလိုရှိသည်ဖြစ်၍ ထိုအာဠဝကဘီလူး၏ စိတ်ဓာတ်အတွင်း၌ ဒေါသတည်းဟူသော အညစ်အကြေးကို သုတ်သင်ရှင်းလင်းခြင်း အကျိုးငှါ သုံးကြိမ်တိုင်အောင် ဝင်ခြင်း ထွက်ခြင်းကို ပြုတော်မူပါသည်။

နောက်ဆုံး အကြိမ်၌မူ

ထိုအခါ၌ အာဠဝက ဘီလူးသည်—

သုဗ္ဗစော အယံ သမဏော နိက္ခမာတိ ဝုတ္တော နိက္ခမတိ။ ပဝိသာတိ ဝုတ္တော ပဝိသတိ။ ယန္နူနာဟံ ဣမံ သမဏံ ဧဝမေဝ သကလရတ္တိံ ကိလမေတ္မာ ပါဒေ ဂဟေတ္မာ ပါရဂင်္ဂါယ ခိပေယျန္တိ ပါပကံ စိတ္တံ ဥပ္ပါဒေတ္မာ စတုတ္ထဝါရံ အာဟ နိက္ခမ သမဏာတိ။

အယံ သမဏော၊ ဤရဟန်းဂေါတမသည်။ သုဗ္ဗစော၊ ကောင်းစွာဆိုလွယ်သော စကားရှိပေ၏။ နိက္ခမာတိ၊ ထွက်ပါလော့ ဟူ၍။ ဝုတ္တော၊ ပြောဆိုအပ်သည်ရှိသော်။ နိက္ခမတိ၊ ထွက်ရှာ၏။ ပဝိသာတိ၊ ဝင်ပါဦးလော့ ဟူ၍။ ဝုတ္တော၊ ပြောဆိုအပ်သည်ရှိသော်။ ပဝိသတိ၊ ဝင်ရောက်ရှာ၏။ အဟံ၊ ငါသည်။ ဣမံ သမဏံ၊ ဤရဟန်းဂေါတမကို။ ဧဝမေဝ။ ဤနည်း

အတိုင်းသာလျှင်။ သကလရတ္တိ ံ၊ အလုံးစုံသော ညဉ့်ကာလပတ်လုံး။ ကိလ မေဘ့ဝ၊ ပင်ပန်းစေပြီး၍။ ပါဒေ၊ ခြေတို့ကို။ ဂဟေတ့ဝ၊ ကိုင်၍။ ပါရဂင်္ဂါယ၊ ဂင်္ဂါမြစ် တဘက်ကမ်းသို့။ ခိပေယျ၊ လွှင့်ပစ်လိုက်ရပါမူကား။ ယံနူန၊ ကောင်းလေစ့တကား။ ဣတိ၊ ဤသို့။ ပါပကံ၊ ယုတ်မာသော။ စိတ္တံ၊ စိတ်ကို။ ဥပပါဒေတ့ဝ၊ ဖြစ်စေ၍။စတုတ္ထဝါရံ၊ လေးကြိမ်တိုင်အောင်။နိက္ခမ သမဏာတိ၊ ရဟန်းတော်....ထွက်ပါဦးလော့ ဟူ၍။ အာဟ၊ ဆိုလေ၏။

ထိုအဓိပ္ပါယ်ကို သိ၍ မြတ်စ့ဝဘုရားက နု ခ့ါဟံ တန္တိ၊ နု ခ့ါဟံ တံ-ဟူ၍။ အာဟ၊ မိန့်တော်မူပါသည်။

နု ခ့ါဟံ တံ အဓိပ္ပါယ်

ဧဝံ၊ ဤသို့။ ဝုတ္တေ ဝါ၊ ပြောဆိုအပ်သည်ရှိသော်လည်း။ တတုတ္တရိ ကရဏီယံ၊ ထို့ထက်အလွန် ဖြစ်သော ပြုဘွယ်ကိစ္စကို။ ပရိယေသမာနေ၊ ရှာမှီးသည်ရှိသော်။ ပဠုံ၊ ပြဿနာကို။ ပုစ္ဆိတဗ္ဗံ မည်သဘိ၊ မေးအပ်၏ ဟု မှတ်ထင်ပေလိမ့်မည်။ တံ၊ ထိုအမေးပြဿနာသည်။ ဓမ္မကထာယ၊ တရား ဟောပြောအပ်သော စကားတော်၏။ သုခံ၊ လွယ်ကူမှုသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ ဣတိ၊ ဤသို့။ ဥ တ့ဝ၊ သိ၍။ နု ခ့ါဟံ တန္တိ၊ နု ခ့ါဟံ တံ-ဟူ၍။ အာဟ၊ မိန့်တော်မူပါသည်။

ထိုပါဠိတော် စကားရပ်၌ နု–ဟူသည် ပဋိက္ခေပအနက်၌ ဖြစ်သော နိပါတ်ပုဒ်တည်း။ ခေါ-ဟူသည် အဝဓာရဏ အနက်၌ ဖြစ်သော ဧဝသဒ္ဒါ၏ ကိုယ်စားလှယ်တည်း။ အဟံ-ဟူသည် မြတ်စ့ဝဘုရား၏ မိမိကိုယ်ကို ညွှန်ပြ ကြောင်း ဖြစ်သော စကားတည်း။ တံ-သည် ဟေတုအနက်၌ ဖြစ်သော သဒ္ဒါတည်း။ ထို့ကြောင့် ဤနေရာ၌ ယသ္မာ၊ အကြင့်ကြောင့်။ တုံ၊ သင်သည်။ ဧဝံ၊ ဤသို့။ စိန္တေသိ၊ ကြံစည်၏။ တသ္မာ၊ ထို့ကြောင့်။ အာဝုသော၊ ငါ့ရှင် ဘီလူး....။ အဟံ၊ငါသည်။ နေဝ နိက္ခမိသာမိ၊မထွက်တော့အံ့။ တုံ၊သင်သည်။ ယံ၊ အကြင်အမှုကို။ ကရဏီယံ၊ ပြုအပ်၏။ တံ၊ ထိုအမှုကို။ ကရောဟိ၊ပြုတော့လော့။ ဣတိ ဧဝံ၊ ဤသို့။ အတ္ထော၊ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ပြဿနာမေးပြီး နှိပ်စက်လေ့ရှိသူ

ထို့နောင်မှ အာဠဝကဘီလူးသည် အကြင့်ကြောင့် ရှေးဦးလည်း ကောင်းကင်ခရီးဖြင့် သွားသောအခါကာလ၌ “ဤဘုံဗိမာန်သည် ရွှေဖြင့် ပြီး

သော ဘုံဗိမာန်လော။ ထိုသို့မဟုတ် ငဲ့၊ ပတ္တမြားရတနာဖြင့် ပြီးသော ဗိမာန်တို့တွင် တပါးပါးသော ဗိမာန်ဖြစ်လေတော့သလော-ဟု ယခု ထိုဗိမာန်ကို ကြည့်ကုန်ဦးအံ့” ဟူ၍ ဤသို့ မိမိ၏ ဘုံဗိမာန်သို့ လာရောက်ကြကုန်သော တန်ခိုးရှိကုန်သော ရသေ့ပရိဗိုဇ်တို့ကို အမေးပုစ္ဆာပြဿနာကို မေးမြန်း၍ ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကြကုန်သည်ရှိသော် ထိုမစွမ်းနိုင်ကြကုန်သော ရသေ့ပရိဗိုဇ်တို့ကို ရှုးသွပ်စေခြင်း အစရှိသည်တို့ဖြင့် ညှဉ်းဆဲနှိပ်စက်တတ်သော အလေ့ရှိပါသည်၊ ထို့ကြောင့် မြတ်စွာဘုရားကိုလည်း ပုစ္ဆာကိုမေး၍ ညှဉ်းဆဲနှိပ်စက်တော့အံ့ ဟု မှတ်ထင်သည် ဖြစ်၍ ပဉ္စံ တံ-အစရှိသော စကားကို ပြောဆိုပါသည်။

ကဿပဘုရားလက်ထက်က ပြဿနာ

အဿ ယက္ခဿ၊ ထိုအာဠဝကဘီလူး၏။ ပဉ္စ၊ ပြဿနာကို။ ကုတော၊ အဘယ်မှ။ ဥဂ္ဂဏှိတာ၊ သင်ယူအပ်ပါသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးစကားတည်း။ ကိရ၊ ကြားရဘူးသည်ကား။ တဿ၊ ထိုအာဠဝက ဘီလူး၏။ မာတာပိတရော၊ အမိအဘတို့သည်။ ကဿပံ၊ ကဿပအမည်တော် ရှိတော်မူသော။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ ပယိရုပါသိဘ္စာ၊ ဆည်းကပ်ခစားကြကုန်သည်ဖြစ်၍။ အဒ္ဒ၊ မှစ်ခုကုန်သော။ ပဥ္ဉေ၊ ပြဿနာတို့ကို။ ဝိဿဇ္ဇနေန၊ အဖြေနှင့်။ သဟ၊ တကွ။ ဥဂ္ဂဟေသုံ၊ သင်ယူခဲ့ဘူးကြလေကုန်ပြီ။ တေ၊ ထိုမိဘတို့သည်။ ဒဟရကာလေ၊ ငယ်ရွယ်သော အခါကာလ၌။ အာဠဝကံ၊ အာဠဝကဘီလူးကို။ ပရိယာပုဏာပေသုံ၊ သင်ယူစေကြကုန်ပြီ။ သော၊ ထိုအာဠဝကဘီလူးသည်။ ကာလစ္စယေန၊ ကာလကို လွန်သဖြင့်။ ဝိဿဇ္ဇနံ၊ အဖြေကို။ သမုဿိ၊ မေ့လျော့ပျောက်ပျက်၍ သွားစေပြီ။ တတော၊ ထို့နောင်မှ။ “ဣမေ ပဉ္စာပိ၊ ဤအမေးပုစ္ဆာပြဿနာတို့သည်လည်း။ မာ ဝိနဿန္တု၊ မပျောက်မပျက်ကြပါစေကုန်လင့်”။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ သုဝဏ္ဏပဉ္ဇု၊ ရွှေပြားဥ်။ ဇာတိဟိင်္ဂုလကေန၊ ဟင်းသပြဒါးစစ်ဖြင့်။ လေခါပေတ္ဝာ၊ ရေးသားစေပြီး၍။ ဝိမာနေ၊ ဗိမာန်၌။နိက္ခိပိ၊ သိမ်းထားလေပြီ။ ဧဝံ၊ ဤသို့။ ဧတေ ပုဗ္ဗပဉ္စာ၊ ဤမေးအပ်ကုန်သော အမေးပုစ္ဆာ ပြဿနာတို့သည်။ ဗုဒ္ဓဝိသယာဝ၊ မြတ်စွာဘုရား၏ အရာတို့သည်သာလျှင် ။ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

အန္ဓရာယ်မပြုနိုင်ရာ လေးပါး

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်သည်။ တံ၊ ထိုအမေးစကားကို။ သုတ္ဒာ၊ ကြားရ၍။ ယသ္မာ၊ အကြင့်ကြောင့်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ပရိစ္ဆတ္တလာဘန္တရာယော ဝါ၊ စွန့်လွှတ်အပ်သော ပစ္စည်းလေးပါး လာဘ်လာဘ၏ အန္တရာယ်ကိုသော်၎င်း။ ဇီဝိတန္တရာယော ဝါ၊ အသက်တော်၏ အန္တရာယ်ကိုသော်၎င်း။ သဗ္ဗညုတဉ္ဉာဏဿပဓာနဘာဒိပဋိဃာတော ဝါ၊ သဗ္ဗညုတဉ္ဉာဏ်တော်, တလံမျှလောက်သော ကိုယ်ရောင်တော် စသည်ကို ထိပါးနှိပ်စက်ခြင်းကိုသော်၎င်း။ ကေနစိ၊ တစုံတယောက်သောသူ သည်။ ကာတုံ၊ပြုလုပ်ခြင်းငှါ။ န သက္ကာ၊မတတ်ကောင်း။ တသ္မာ၊ထို့ကြောင့်။ နံ၊ ထိုအာဋဝကဘီလူးကို။ လောကော၊ လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌။ အသာဓာရဏံ၊ သူတပါးတို့နှင့် မဆက်ဆံသော။ ဗုဒ္ဓါနုဘာဝံ၊ ဘုရား၏ တန်ခိုးတေဇော် အာနုဘော်တော်ကို။ ဒဿေန္တော၊ပြတော်မူလိုသည်ဖြစ်၍။ ဝါ၊ ပြတော်မူလိုသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် ။နံ ခ္ဒါဟံ တံ အာဝုသော ပဿာမိ သဒေဝကေ လောကေတိ အာဒိ ံ၊ လောကေ- ဤသို့ အစရှိသော စကားကို။ အာဟ၊ မိန့်တော်မူပါသည်။

ယဒါကဒ်သိ

ဤသို့ မြတ်စွာဘုရားသည် ထိုဘီလူး၏ နှောင့်ယှက် ဖျက်ဆီးလေသော စိတ်ဓာတ်ကို တားမြစ်၍ အမေးပုစ္ဆာပြဿနာကို မေးမြန်းရာ၌ လုံးပမ်းကြိုးကုတ် အားထုတ်ခြင်းကို ဖြစ်စေတော်မူလျက် အပိ စ တုံ အာဝုသော ပုစ္ဆ၊ ယဒါ ကဒ်သိ-ဟု မိန့်တော်မူ၏။

အာဝုသော၊ ငါ့ရှင် အာဋဝကဘီလူး.... ။ အပိစ၊ စင်စစ်သော်တမူကား။ တုံ၊ သင်သည်။ ယဒါ၊ အကြင်အခါ၌။ အာကဒ်သိ၊ မေးခြင်းငှါ အလိုရှိ၏။ တဒါ၊ ထိုအခါ၌။ တုံ၊ သင်သည်။ ပုစ္ဆ၊ မေးမြန်းပါလော့။

ထိုကဲ့သို့ အခွင့်ပြုတော်မူအပ်သော စကားတော်၏ အနက်အဓိပ္ပါယ်ကို ဤသို့ အဋ္ဌကထာဆရာ မိန့်ပြပါသည်။

ယဒိ အာကဒ်သိ၊ အကယ်၍ အလိုရှိခဲ့မူကား။ ပုစ္ဆ၊မေးမြန်းပါလော့။ မေ၊ ငါဘုရားအား။ ပဥ္ဉာဝိဿဇ္ဇနေ၊ အမေးပုစ္ဆာ ပြဿနာကို ဖြေကြားရာ၌။

ဘာရော၊ တာဝန်သည်။ နှ အတ္ထိ၊ မရှိ။ အထဝါ၊ တနည်းသော်ကား။ ယံ၊ အကြင်အခြင်းအရာကို။ ပုစ္ဆိတုံ၊ မေးမြန်းခြင်းငှါ။ အာကင်္ခသိ၊ အလိုရှိခဲ့၏။ သဗ္ဗံ၊ အလုံးစုံကို။ တေ၊ သင့်အား။ဝိဿဇ္ဇေဿာမိ၊ ငါဘုရား ဖြေကြားတော်မူအံ့။ ဣတိ၊ ဤသို့။ ပစ္စေကဗုဒ္ဓအဂ္ဂသာဝကမဟာသာဝကေဟိ၊ ပစ္စေကဗုဒ္ဓဘုရား, အဂ္ဂသာဝက, မဟာသာဝကတပည့်သားတို့နှင့်။ အသာဓာရဏာ၊ မဖက် မစပ်သော။ သဗ္ဗညုပဝါရဏံ၊ သဗ္ဗညုဘုရားရှင်၏ ဘိတ်ကြားတော်မူခြင်းကို။ ပဝါရေသိ။ ဘိတ်ကြားတော်မူပြီ။ ဧဝံ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သဗ္ဗညုပဝါရဏာယ၊ သဗ္ဗညုဘုရားရှင်၏ ဘိတ်ကြားခြင်းဟု ဆိုအပ်သော။ ပဝါရိတာယ၊ ဘိတ်ကြားခြင်းဖြင့်။ ပဝါရေသိ၊ ဘိတ်ကြားတော်မူပြီ။

အထ ခေါ အာဠဝကော ယက္ခော ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။ အထ ခေါ၊ ထိုအခါ၌။ အာဠဝကော၊ အာဠဝကအမည်ရှိသော။ ယက္ခော၊ ဘီလူးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ မေးမြန်းလျှောက်ထားလေပြီ။

အာဠဝက မေးခွန်းများ

ကိံသူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ကိံသု သုစိဏ္ဏံ သုခမာဝဟာတိ။
ကိံသု ဟဝေ သာဒုတရံ ရသာနံ၊
ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ။

ဣဓ-ဣမသ္မိံ လောကေ၊ ဤလူ့ပြည်နတ်ရပ် လောကဟော်၌။ ပုရိသဿ၊ သတ္တဝါဖို့မ ခေါ်ဆိုကြသောသူ၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာသည်ကား။ ကိံသု၊ အဘယ်မည်ပါသနည်း မြတ်စွာဘုရား။ သုစိဏ္ဏံ၊ ကောင်းစွာ မပြတ် လေ့ကျက်အပ်သော ။ ကိံ၊ အဘယ်မည်သော တရားသည်။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဟု ဆိုအပ်သော သုခကို။ ဝါ၊ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ အာဝဟာတိ၊ ကောင်းစွာမသွေ ဆောင်ရွက်နိုင်ပါပေသနည်း။ ရသာနံ၊ အရသာ ဟု ခေါ်ဆိုပညတ် သမုတ်အပ်ကုန်သော တရားအပေါင်းတို့တွင်။ သာဒုတရံ၊ သာလွန်၍ ချိုမြိန်ကောင်းမြတ်သော အရသာသည်။ ကိံသု၊အဘယ်အရသာ ဖြစ်ပါသနည်း မြတ်စွာဘုရား။ ဇီဝိတံ-ဇီဝိတာနံ၊ အသက်မွေးခြင်းတကာတို့တွင်။ ကထံဇီဝိံ၊ အဘယ်ကဲ့သို့

သော အဿက်မွေးခြင်းမျိုးကို။ သေဋ္ဌံ၊ လောကဓာတ်တွင် အမြတ်ဆုံးဟူ၍။ အာဟု၊ ပညာရှိများ မိန့်ကြားကြပါကုန်သနည်း အရှင်ဘုရား။

ဂါထာအဖွင့်များ

ဤသို့ ဂါထာဖြင့် မြတ်စွာဘုရားကို အာဠဝကဘီလူးက မေးမြန်း လျှောက်ထားပါသည်၊ ထိုမေးမြန်းလျှောက်ထားအပ်သော ဂါထာဌ်—

ကိံ သူဓ ဝိတ္တန္တိ၊ကိံ သူဓဝိတ္တံ-ဟူသည်ကား။ ဣဓ၊ ဤလောကဌ်။ ဝိတ္တံ၊ ဥစ္စာသည်။ ကိံ သု၊ အဘယ်မည်ပါသနည်း။ ဝိတ္တန္တိ၊ ဝိတ္တံ-ဟူသည်ကား။ နု၊ ဥစ္စာတည်း။ ဟိ၊ ခဲ့၍ဆိုဦးအံ့။ တံ၊ ထိုဥစ္စာသည်။ ပဏ်ိတာ၊ နှစ်သိမ့်ခြင်းဟု ဆိုအပ်သော။ ဝိတ္တိံ၊ ဝိတ္တိကို။ ဝါ၊ နှစ်သက်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝိတ္တန္တိ၊ ဝိတ္တံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သုစိဏ္ဏန္တိ၊ သုစိဏ္ဏံ-ဟူသည်ကား။ သုကတံ၊ ကောင်းစွာမပြတ် လေ့ကျက်အပ်သော။ သုခန္တိ၊ သုခံ-ဟူသည်ကား။ ကာယိကစေတသိကံ၊ ကိုယ်၌ စိတ်၌ မှီ၍ ဖြစ်တတ်သော။ သာတံ၊ သက်သာမှုကို။ အာဝဟာတိတိ၊ အာဝဟာတိ-ဟူသည်ကား။ အာဝဟတိ အာနေတိ၊ ဆောင်ရွက်နိုင်၏။ ဒေတိ၊ ပေး၏။ အပ္ပေတိ၊ ဖြစ်စေ၏။ ဟဝေ့္ကတိ၊ ဟဝေ-ဟူသည်ကား။ ဒဠ္ဎတ္ထေ၊ မြဲမြံခြင်း အနက်၌ ဖြစ်သော။ နိပါတော၊ နိပါတ်ပုဒ်တည်း။ သာဒုတရန္တိ၊ သာဒုတရံ-ဟူသည်ကား။ အတိသယေန၊ အလွန်အကဲအားဖြင့်။ သာဒု၊ ကောင်းမြတ်သည်သာလျှင်တည်း။ သာဓုတရန္တိပိ၊ သာဓုတရံ ဟူ၍လည်း။ ပါဠ္ဍော၊ ပါဠ္ဍ အခွိုရှိ၏။ ရသာနန္တိ၊ ရသာနံ ဟူသည်ကား။ ရသညတာနံ၊ အရသာဟူ၍ သမုတ်အပ်ကုန်သော။ မေ့မာနံ၊ တရားတို့တွင်။ ကထန္တိ၊ ကထံ-ဟူသည်ကား။ ကေန ပကာရေန၊ အဘယ်ကဲ့သို့သော အပြားအားဖြင့်။ ကထံ ဇီဝိနော၊ အဘယ်ကဲ့သို့သော အသက်မွေးခြင်းရှိသောသူ၏။ဇီဝိတံ၊အသက်မွေးခြင်းကို။ ကထံဇီဝိ ဇီဝိတံ၊ အဘယ်ကဲ့သို့သော အသက်မွေး ခြင်း ရှိသောသူကို။ဂါထာ ဗန္ဓသုခတ္ထံ ပန၊ ဂါထာဖွဲ့စည်းရာ ချမ်းသာ လွယ်ကူစေခြင်း အကျိုးငှာ။ သာနုနာသိကံ၊ နိဂ္ဂဟိတ်နှင့်တကွကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ကထံဇီဝိ ဇီဝတန္တိ ဝါ၊ ကထံဇီဝိ ဇီဝတံ-ဟူ၍လည်း။ ပါဠ္ဍော၊ ပါဠ္ဍအခွိုရှိ၏။ တဿ၊ ထိုပါဠ္ဍ၏။ ဇီဝန္တာနံ ကထံ ဇီဝိန္တိ အတ္ထော၊ ဇီဝန္တာနံ ကထံ ဇီဝိ-ဟူသော အနက်ကို။ ဒဠ္ဎဗ္ဗော၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ဣမာယ ဂါထာယ၊ ဤဂါထာ၏။ ဣဓ ဇီဝိတေန၊ ဤလူ့ပြည် နတ်ရပ် လောကဓာတ်၌။ ပုရိသဿ၊ သတ္တဝါဖို့မ

ခေါ်ဆိုကြသောသူ၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာသည်ကား။ ကိဳသု၊ အဘယ်မည်ပါသနည်း။ သုစိဏ္ဏံ၊ ကောင်းစွာမပြတ် လေ့ကျက်အပ်သော။ ကိဳသု၊ အဘယ်မည်သောတရားသည်။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ အာဝဟာတိ၊ ဆောင်ရွက်နိုင်ပါသနည်း။ ရဿာနံ၊ အရဿာဟု သမုတ် အပ်ကုန်သော တရားအပေါင်းတို့တွင်။ ကိဳ၊ အဘယ်မည်သော အရဿာသည်။ သာဒုတရံ၊ အထူးသဖြင့် သာလွန်၍ ချို့မြိန်ကောင်းမြတ်ပါသနည်း။ ဇီဝိတံ၊ အသက်မွေးခြင်းတကာတို့တွင်။ ကထံဇီဝိဳ၊ အဘယ်ကဲ့သို့သော အပြားအားဖြင့် အသက်မွေးခြင်းကို။ သေဋ္ဌံ၊ အမြတ်ဆုံးဟူ၍။ အာဟု၊ ဆိုကြပါကုန်သနည်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးခုကုန်သော။ ဣမေ ပဥ္စ၊ ဤပြဿနာတို့ကို။ ပုစ္ဆိ၊ မေးလျှောက်လေပြီ။

ကဿပဘုရားရှင် အဖြေအတိုင်း

အထ၊ ထိုအခါ၌။ အဿ၊ ထိုအာဠဝကဘီလူးအား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ကဿပဒသဗလေန၊ ကဿပမြတ်စွာဘုရားသည်။ ဝိဿဇ္ဇိတနယေနေဝ၊ ဖြေဆိုတော်မူအပ်သောနည်းဖြင့်သာလျှင်။ ဝိဿဇ္ဇေန္တော၊ ဖြေဆိုတော်မူလိုသည်ဖြစ်၍။ ဝါ၊ ဖြေဆိုတော်မူလိုသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်—

သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရဿာနံ၊
ပညာဇီဝိ ဇီဝိတမာဟု သေဋ္ဌန္တိ။

သဒ္ဓိဓဝိတ္တံ။ပ။ သေဋ္ဌ-ဟူသော။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောကြားတော်မူပါသည်။

ဣဓ-ဣမသ္မိံ လောကေ၊ ဤလူ့ပြည်နတ်ရပ်လောကဓာတ်၌။ ပုရိသဿ၊ သတ္တဝါဖိုမ ခေါ်ဆိုကြသောသူ၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာကား။ သဒ္ဓါ၊ ရတနာသုံးတန် ကံ ကံ၏ အကျိုးတရားကို ယုံကြည်သော သဒ္ဓါတရားပင်လျှင်တည်း။ သုစိဏ္ဏော၊ ကောင်းစွာ မပြတ် လေ့ကျက်အပ်သော။ ဓမ္မော၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါး ဒါန သီလ ဘာဝနာ တရားသည်။ သုခံ၊

ကာယိကသုခ-စေတသိကသုခ ဟု ဆိုအပ်သော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ ဝါ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ အာဝဟာတိ၊ ဆောင်ရွက်နိုင်၏။ရသာနံ၊အရသာ ဟု သမုတ်အပ်ကုန်သော တရားအဖေါင်းတို့တွင်။ ဟဝေ-ကေန္တေန၊ မုချအမှန် ကေန်အားဖြင့်။ သစ္စံ၊ ပရမတ္ထသစ္စာအရိယသစ္စာ ပါဝင်သော ဝစီသစ္စာမျိုးသည်။သာဒုတရံ၊ အထူးမြိန်မြတ်သော အရသာမျိုး ဖြစ်ပါပေတော့၏။ ဇီဝိတံ-ဇီဝိတာနံ၊ အသက်မွေးခြင်းတကာတို့တွင်။ ပညာဇီဝိံ၊ လူလည်း လူ၏ ဆိုင်ရာ ပညာ၊ ရဟန်းလည်း ရဟန်းဆိုင်ရာ ရဟန်းပညာဖြင့် အသက်မွေးခြင်းကို။ သေဋ္ဌံ၊ အမြတ်ဆုံးဟူ၍။ အာဟု၊ ပညာရှိများ မိန့်ကြားတော်မူကြလေကုန်သတည်း။

ဤသို့ မြတ်စွာဘုရားသည် အာဠဝကဘီလူး၏ အမေးလေးချက်ကို အဖြေလေးပါး ပေးသနားတော်မူပါသည်။

သဒ္ဓါတရားသည် ဥစ္စာဖြစ်ပုံ

ထို့ကဲ့သို့ အဖြေပေးတော်မူအပ်သော ဂါထာ၌ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ အရှင်မြတ်သည် ယထာဟိရညသုဝဏ္ဏာဒိ-အစရှိသည်ကို မိန့်ဆိုပါသည်။

ငွေ ရွှေ အစရှိသော စည်းစိမ်ဥစ္စာသည် သုံးဆောင် ခံစားရခြင်း တည်းဟူသော ချမ်းသာကို ခံစားရတိုလေသကဲ့သို့၊ ငတ်မွတ်ဆာလောင်ခြင်း အစရှိသော ဒုက္ခကို တားမြစ်နိုင်ဘိသကဲ့သို့၊ ဆင်းရဲခြင်း၏အဖြစ်ကို ငြိမ်းစေနိုင်ဘိသကဲ့သို့၊ ပုလဲ အစရှိသော ရတနာကို ရခြင်း၏အကြောင်းသည် ဖြစ်လေသကဲ့သို့ လောက၏ ဆက်ဆံပေါင်းသင်းမှုကို ဖြစ်စေနိုင်ဘိသကဲ့သို့၊ ထို့အတူ လောကီ လောကုတ္တရာနှင့် ယှဉ်စပ်၍ နေသော သဒ္ဓါတရားသည်လည်း ထိုက်သင့်သည့် အားလျော်စွာ လောကီ လောကုတ္တရာ အကျိုးတရား ဟု ဆိုအပ်သော ချမ်းသာကို ဆောင်ရွက်နိုင်ပါသည်၊ သဒ္ဓါကို အဦးပြုသဖြင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း အစရှိသော ဒုက္ခကို တားဆီးနိုင်ပါသည်၊ ဂုဏ်ကျေးဇူးဖြင့် ဆင်းရဲ၍ နေခြင်းကို ငြိမ်းစေနိုင်ပါသည်၊ သတိသမ္မောဇ္ဈင် အစရှိသော ရတနာကို ရခြင်း၏ အကြောင်းလည်း ဖြစ်ပါသည်။

သဒ္ဓါ သီလေန သမ္ပန္နော၊
ယသော ဘောဂသမပ္ပိတော။
ယံ ယံ ပဒေသံ ဘဇတိ၊
တတ္ထ တတ္ထေဝ ပူဇိတော ဘဝတိ—

သဒ္ဓါ။ပ။ ပူဇိတော-ဟူ၍ ဟောတော်မူသောကြောင့် လောက သန္တတိဥ္ဇာ၊ လောက၏ပေါင်းသင်းဆက်ဆံမှုကိုလည်း။အာဝဟတိ၊ ရွက်ဆောင်နိုင်ပါ၏။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သဒ္ဓါ၊ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားရှိသည်ဖြစ်၍။သီလေန၊ငါးပါးကစ-မျှားလှစ္ဆာသော ကိုယ်ကျင့်သီလတရားနှင့်။ သမ္ပန္နော၊ ကောင်းစွာ လောက်လုံ ပြည့်စုံသည် ဖြစ်၍။ ယသော၊ ကောင်းမြတ်သော အခြံအရံ အကျော်အစောရှိသည် ဖြစ်၍။ ဘောဂသမပ္ပိတော၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ဖြစ်၍။ ယံယံ ပဒေသံ၊ အကြင် အကြင်အမှတ်မထား တပါးပါးသော အရပ်သို့။ ဘဇတိ၊ ချဉ်းကပ်မှီဝဲ၏။ တတ္ထ တတ္ထေဝ၊ ထိုထိုရောက်လေရာရာ အရပ်ဟူသမျှ၌သာလျှင်။ သော၊ ထိုဆိုအပ်ခဲ့ပြီးသော သဒ္ဓါစသော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ပူဇိတော၊ ကောင်းစွာ ပူဇော်အပ်ပေ၏။

ဤသို့ ရွက်ဆောင်နိုင်သောကြောင့် ဝိတ္တ ဟူ၍ ဆိုအပ်ပါသည်။

အကြင့်ကြောင့် ထိုသူတို့၏ သဒ္ဓါတည်းဟူသော ဥစ္စာသည် မိမိနောက်သို့ အစဉ်လိုက်သည်ဖြစ်၍ သူတပါးတို့နှင့် မဆက်ဆံသော အလုံးစုံသော ပြည့်စုံခြင်း၏ အကြောင်း ဖြစ်ပါသည်၊ လောကီဌ ဖြစ်သော ငွေရွှေ အစရှိသော စည်းစိမ်ဥစ္စာ ရခြင်း၏ အကြောင်းလည်း ဖြစ်ပါသည်၊ မှန်လှပါ၏။သဒ္ဓါတရားရှိသော သူသည်သာလျှင် ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလုပ်၍ စည်းစိမ်ချမ်းသာကို ရရှိနိုင်ပါသည်၊ သဒ္ဓါတရားမရှိသော သူ၏ စည်းစိမ်ဥစ္စာသည် အကြင်မျှလောက် အလှန်အကျိုးမဲ့ခြင်းကို ဖြစ်စေတတ်ပါသည်။ ထို့ကြောင့် ထိုသဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သန္တာန်၌ ရှိသော သဒ္ဓါနှင့်တကွ ဥစ္စာကို မြတ်၏ဟူ၍ ဆိုအပ်ပါသည်။

ပုရိသဿာတိ စသည်အဖွင့်များ

ပုရိသဿာတိ၊ ပုရိသဿ-ဟူသည်ကား။ ဥက္ကဋ္ဌပရိစ္ဆေဒဒေသနာ၊ အလွန်အားဖြင့် ပိုင်းခြားကြောင်း ဖြစ်သော ဒေသနာတော်မြတ်တည်း။ တသ္မာ၊ ထို့ကြောင့်။ ကေဝလံ၊ သက်သက်။ ပုရိသဿ၊ ယောကျါး၏။ နဝိတ္ထံ ဇေဝ၊ ဥစ္စာမဟုတ်သေးသည်သာလျှင်တည်း။ ဣတ္ထိအာဒီနမ်ပိ၊ မာတုဂါမ အစရှိသည်တို့၏လည်း။ သဒ္ဓါဝိတ္တာမေဝ၊ သဒ္ဓါတည်းဟူသော ဥစ္စာသည်သာလျှင်။ သေဋ္ဌံ၊ မြတ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်မှတ်အပ်၏။

ဓမ္မောတိ၊ ဓမ္မော-ဟူသည်ကား။ ဒဿကုသလဓမ္မော၊ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားတည်း။ ဝါ၊ တနည်းကား။ ဒါနသီလဘာဝနာဓမ္မော၊ ဒါန သီလ ဘာဝနာ တရားတည်း။

သုစိဏ္ဏောတိ၊ သုစိဏ္ဏော-ဟူသည်ကား။ သုကတော၊ ကောင်းစွာပြုကျင့်အပ်၏။ သုစရိတော၊ ကောင်းစွာ ကျင့်သုံးအပ်၏။

သုခမာဝဟာတိ၊ သုခမာဝဟာတ-ဟူသည်ကား။ သောဏသေဋ္ဌပုတ္တာရဋ္ဌပါလာဒီနံ၊ သောဏသူဋ္ဌေးသား, ရဋ္ဌပါလသူဋ္ဌေးသားစသည်တို့၏။ မနုဿသုခံဝိယ၊ လူ့ချမ်းသာကဲ့သို့ဋ္ဌင်း။ သဂ္ဂါဒီနံ၊ သိကြားမင်း စသည်တို့၏။ ဒိဗ္ဗသုခံဝိယ၊ နတ်ချမ်းသာကဲ့သို့ဋ္ဌင်း။ ပရိယောသာနေ၊ အဆုံး၌။ မဟာပဒုမာဒီနံ၊ မဟာပဒုမအစရှိကုန်သော သူတို့၏။ နိဗ္ဗာနသုခံ ဝိယ စ၊ နိဗ္ဗာန်ချမ်းသာကိုကဲ့သို့ဋ္ဌင်း။အာဝဟတိ၊ ကောင်းစွာမသွေ ဆောင်ရွက်နိုင်ပါပေ၏။

သစ္စသဒ္ဒါ အနက်များ

သစ္စန္တိ၊ သစ်္စ-ဟူသည်ကား။ အယံ သစ္စသဒ္ဒေါ၊ ဤသစ္စသဒ္ဒါသည်။ အနေကေသု၊ တပါးမက များလှကုန်သော။ အတ္ထေသု၊ အနက်တို့၌။ဒိဿတေ၊ ထင်၏။ ဣဒံ အယံ သစ္စသဒ္ဒေါ၊ ဤသစ္စသဒ္ဒါသည်။ သေယျထာ-ကတမော၊ အဘယ်နည်း။ဣဒံ အယံ အတ္ထော၊ ဤတပါးမက များစွာသော အနက်သည်။ သေယျထာ ကတမော၊ အဘယ်နည်း။ “သစ်ံ ဘဏေ နု ကုဇ္ဈေယျာ”တိ အာဒီသု၊ သစ်ံ ဘဏေ နု ကုဇ္ဈေယျ-ဤသို့ အစရှိသည်တို့၌။ ဝါစာသစ်ေ၊ ဝစီသစ်ောဋ္ဌ။ “သစ်ေ ဋ္ဌတာ သမဏဗြာဟ္မဏာ စာ” တိအာဒီသု၊ သစ်ေ ဋ္ဌတာ သမဏဗြာဟ္မဏာ စ-ဤသို့ စသည်တို့၌။ ဝိရတိသစ်ေ၊ ဝိရတိသစ်ောဋ္ဌ။ ကသ္မာ

နှ သစ္စာနိ ဝဒန္တိ နာနာ၊ ပဝါဒိယာသေ ကုသလာဝဒါနာတိအာဒီသု၊ ကုသလာဝဒါနာ-ဣသို့ အစရှိသည်တို့၌။ ဒိဋ္ဌသစ္စေ၊ ဒိဋ္ဌသစ္စာ၌။ စတ္တာရိမာနိ ဘိက္ခဝေ ဗြာဟ္မဏ သစ္စာနီတိအာဒီသု၊ စတ္တာရိ မာနိ ဘိက္ခဝေ ဗြာဟ္မဏ သစ္စာနိ-ဣသို့ အစရှိသည်တို့၌။ ဗြာဟ္မဏသစ္စေ၊ ဗြာဟ္မဏသစ္စာ၌။ ဧကံ ဟိ သစ္စံ နာ ဒုတိယမတ္ထီတိအာဒီသု၊ ဧကံ ဟိ သစ္စံ နာ ဒုတိယမတ္ထိ-ဣသို့ အစရှိသည်တို့၌။ပရမတ္ထသစ္စေ၊ပရမတ္ထသစ္စာ၌။ စတုန္နံ သစ္စာနံ ကတိ ကုသလာတိအာဒီသု၊ စတုန္နံ သစ္စာနံ ကတိ ကုသလာ-ဣသို့ စသည်တို့၌။ အရိယသစ္စေ၊ အရိယသစ္စာ၌။ ဟောတိ၊ ဖြစ်၏။ ဣဓ ပန၊ ဣနေရာ၌ကား။ ပရမတ္ထသစ္စံ၊ ပရမတ္ထသစ္စာ ဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုဋ်း။ ဝိရတိသစ္စဉ္စ၊ ဝိရတိ သစ္စာကိုဋ်း။ အဗ္ဘန္တရံကဘဝ၊ အတွင်းသွင်း၍။ ဝါစာသစ္စံ၊ ဝစီသစ္စာကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ယဿ၊ အကြင်ဝစီသစ္စာ၏။အာနုဘာဝေန၊တန်ခိုး တေဇော် အာနုဘော်ဖြင့်။ ဥဒကာဒီနိ၊ ရေအစရှိသည်တို့ကို။ ဝသေ၊ မိမိ အလိုဠ်။ ဝတ္တေန္တိ၊ ဖြစ်စေနိုင်ကြကုန်၏။ ဇာတိဇရာမရဏပါရံ၊ ဇာတိဇရာမရဏ ဟု ဆိုအပ်သော ကမ်းတဘက်သို့။တရန္တိ၊ကူးမြောက်နိုင်ကြလေကုန်၏။ ယထာဟ၊ ဘုရားအဘယ်ကဲ့သို့ ဟောတော်မူသနည်း။

သစ္စာ၏ အကျိုးတွေ

သစ္စေန ဝါစေနုဒကမ္ပိ ဓာဝတိ၊
ဝိသမ္ပိ သစ္စေန ဟနန္တိ ပဏ္ဍိတာ။
သစ္စေန ဒေဝေါ ထနယံ ပဝဿတိ၊
သစ္စေ ဌိတာ နိဗ္ဗုတိံ ပတ္ထယန္တိ။
ယေကေစိမေ အတ္ထိ ရသာ ပထဗ္ဗျာ၊
သစ္စံ တေသံ သာဒုတရံ ရသာနံ။
သစ္စေ ဌိတာ သမဏဗြာဟ္မဏာ စ၊
တရန္တိ ဇာတိမရဏဿ ပါရန္တိ။
....ပါရံ—ဟူ၍။ အာဟ၊ ဟောတော်မူပြီ။

သစ္စေန၊ တော်တိမှန်ကန်သော။ ဝါစေန၊ စကားဖြင့်။ ဥဒကမ္ပိ၊ ရေ၌။ ဓာဝတိ၊ပြေးသွားနိုင်လေတော့၏။သစ္စေန၊ မှန်ကန်သော။ဝါစေန၊စကားဖြင့်။ ဝါ၊စကားကြောင့်။ဝိသမ္ပိ၊ အဆိပ်ကိုလည်း။ ပဏ္ဍိတာ၊ပညာရှိတို့သည်။ဟနန္တိ၊

ပယ်ဖျောက်နိုင်ကြလေကုန်၏။ သစ္စေန၊ မှန်သော။ ဝါစေန၊ စကားဖြင့်။ ဝါ၊ စကားကြောင့်။ ဒေဝေါ၊ မိုဃ်းသည်။ ထနယံ၊ ထစ်ချုန်းလျက်။ ပဝဿတိ၊ ရွာနိုင်၏။ သစ္စေ၊ သစ္စာတရား၌။ ဋိတာ၊ တည်ကြကုန်သည်ဖြစ်၍။ နိဗ္ဗုတိံ၊ ဘေးခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထယန္တိ၊ တောင့်တတော် မူကြကုန်၏။။

ယေကေစိ၊ အမှတ်မရှိ အလုံးစုံကုန်သော။ ပထဗျာ၊ မြေအပြင်၌ ရှိကုန်သော။။ကွမေ ရသာ၊ ဤအရသာဘို့သည်။အတ္ထိ၊ ရှိကြကုန်၏။။တေသံ ရသာနံ၊ ထိုမြေအပြင်၌ ရှိကြကုန်သော အရသာတို့တွင်။ သစ္စံ၊ မှန်သော စကား ဟူသော အရသာသည်။ သာဒုတရံ၊ သာလွန်၍ ချိုမြိန်ကောင်းမြတ်လှပေ၏။ သစ္စေ၊ ဝစီသစ္စာ၌။ ဋိတာ၊ တည်ကြကုန်သော။ သမဏဗြာဟ္မဏာ စ၊ သမဏဗြာဟ္မဏခေါ်ဆိုရကုန်သော ရဟန်းပုဏ္ဏားတို့သည်လည်း။ ဇာတိမရဏာဿ၊ ပဋိသန္ဓေနေခြင်း သေခြင်း၏။ ပါရံ၊ ကမ်းကို။ တရန္တိ၊ ကူးမြောက်နိုင်ကြလေကုန်၏။ ဤသို့ ဟောတော်မူပါသည်။

ကောင်းမြတ်သော အရသာ

သာဒုတရန္တိ၊ သာဒုတရံ ဟူသည်ကား။။မဓုရတရံ၊ အထူးသဖြင့် သာလွန်ချိုမြိန် ကောင်းမြတ်ပါပေ၏။ ပဏီတတရံ၊ ထူးမြတ်ကောင်းမွန်သော အရသာရှိပါပေ၏။ ရသာနန္တိ၊ ရသာနံ-ဟူသည်ကား။ ယေ ကွမေ မူလရသော ခန္ဓရသောတိ အာဒိနာ၊ မူလရသော ခန္ဓရသော-ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ ယေ ကွမေ သာယနီယမေမှာ၊ အကြင် လျက်အပ်ကုန်သော သဘောရှိကုန်သော တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ဖလရသံ၊ အရသရူပေါ ဘဝံ ဂေါတမော၊ ယေ တေ ဗြာဟ္မဏ ရူပရသာ၊ သဒ္ဒရသာ၊ အနာပတ္တိ ရသရသေ၊ အယ ဓမ္မဝနယော ဇေရသော ဝမူတ္တ ရသော၊ဘာဂီ ဝါ ဘဂဝါ အတ္ထရသဿ ဓမ္မရသဿတိ အာဒိနာ၊အတ္ထရသဿ ဓမ္မ ရသဿ-ဤသို့ အစရှိသော။နယေန၊ နည်းအားဖြင့်။ ရူပါစာရရသုပဝဇ္ဇာ၊ ရူပါရုံ၌ လှည့်လည်ကျက်စားခြင်း ဟု ဆိုအပ်သော အရသာကို ခံစားခြင်းသည် ကြဉ်ဖယ်၍ ထားအပ်ကုန်သော။ အဝသေသာ၊ ကြွင်းကျန်ကုန်သော။ ဗျဉ္ဇနာဒယော၊ဟင်းအရသာ အစရှိသည်တို့ကို။ဓမ္မရသာတိ၊ ဓမ္မရသတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တေသံ ရသာနံ၊ ထိုဆိုအပ်ခဲ့ပြီးသော ရသာတို့တွင်။

သစ္စံ၊ မှန်သော စကားသည်။ ဟဝေ-ကေန္တန၊ မုချကေန် အမှန်အားဖြင့်။ သာဒုတရုံ၊ အထူးသဖြင့် သာလွန်၍ မြင့်မြတ်လှပါပေ၏။ သစ္စမေဝ၊ ဝစီသစ္စာ တရားသည်သာလျှင်။ သာဒုတရုံ၊ အထူးသဖြင့် သာလွန်၍ မြင့်မြတ်ကောင်း မှန်လှပါပေ၏။ သာဒုတရုံ ဝါ သေဋ္ဌတရုံ ဥတ္တမတရုံ၊ အထူးသဖြင့် သာလွန်၍ မြတ်ပါပေ၏။ ဟိ၊ မှန်၏။ မူလရသာဒယော၊ မူလရသ-အစရှိကုန်သော အမြစ် အရသာတို့သည်။ သရီရံ၊ ခန္ဓာကိုယ်ကို။ ဥပဗြူဟေန္တိ၊ တိုးပွါးစေကြကုန်၏။ သံကိလေသိကံ၊ ညစ်ညူးခြင်းနှင့်တကွ ဖြစ်သော။ သုခဥ္စ၊ ချမ်းသာကိုလည်း။ အာဝဟန္တိ၊ ဆောင်ရွက်နိုင်ကြကုန်၏။ သစ္စရသေ၊ သစ္စ ရသာတရား၌။ ဝိရတိ သစ္စဝါစာ သစ္စရသေ၊ ဝိရတိသစ္စဝါစာ-ဟု ဆိုအပ်သော မှန်သော စကား၏ အရသာသည်။ သမထဝိပဿနာဒီဟိ၊ သမထ ဝိပဿနာ အစရှိသည်တို့ဖြင့်။ စိတ္တံ၊ စိတ်ကို။ ဥပဗြူဟေတိ၊ တိုးပွါးကြီးကျယ်စေပါသည်။အသံကိလေသိကဥ္စ၊ မညစ်ညူးကြောင်းလည်း ဖြစ်သော။ သုခံ၊ ချမ်းသာကို။ အာဝဟတိ၊ ဆောင်ရွက်နိုင်၏။ ဝိမုတ္တိရသေ၊ ဝိမုတ္တိ ရသသည်။ ပရမတ္ထသစ္စရသပရိဘာဝိတတ္တာ၊ ပရမတ္ထသစ္စာ အရသာကို ပွါးထုံစေအပ်သည်၏ အဖြစ်ကြောင့်။ သာဒု၊ ကောင်းမြတ်သည်သာလျှင်တည်း။ အတ္ထရသမမှရသာ စ၊ အတ္ထရသ ဓမ္မရသ ဟု ဆိုအပ်ကုန်သော အရသာတို့သည်လည်း။ တဒဓိဂမုပါယဘူတံ၊ ထိုဝိမုတ္တိရသာကို ရခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ အတ္ထဥ္စ၊ အကျိုးကိုဂုဏ်း၊ ဓမ္မဥ္စ၊ အကြောင်းကိုဂုဏ်း။ နိဿာယ၊ မှီ၍။ ပဝတ္တိဧတာ၊ ဖြစ်စေအပ်၏။

ပညာဖြင့် အသက်မွေးမှု

ပညာဇီဝံ ဇီဝိတန္တိ ဧတ္ထ၊ ပညာဇီဝံ ဇီဝိတံ-ဟူသော ဤပါဠိတော်၌။ အန္ဓေကစက္ခု ဒ္ဒိစက္ခုကော်သူ၊ စုံလုံးကဏ်း, တဘက်မြင်, နှစ်ဘက်မြင် ပဂ္ဂိုလ်တို့တွင်။ ဒ္ဒိစက္ခုပဂ္ဂလော၊ မျက်စိနှစ်ဘက်အမြင်ရှိသော။ ယ္ဝာယံ-ယော အယံ ဂဟဋ္ဌော၊ အကြင်အိမ်နေသူ လူပုဂ္ဂိုလ်သည်။ ကမ္မန္တာနုဋ္ဌာနသရဏကမန ဒါနသံဝိဘာဂသီလသမာဒါနုပေါသထကမ္မာဒိဂဟဋ္ဌပဋိပဒံ ဝါ၊ အမှုလုပ်ငန်းကို ကြိုးပမ်းအားထုတ်ခြင်း၊ သရဏကုံဆောက်တည်ခြင်း၊ ပေးကမ်းခြင်း၊ ခဲ့ခြမ်း ဝေဘန်ခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ကျင့်သုံးခြင်း အစရှိသော လူတို့ ကျင့်သုံးအပ်သော တရားကိုဂုဏ်း။ ယ္ဝာယံ-ယောအယံ ပဗ္ဗဇိတော၊ အကြင် သာသနာတော်ထမ်း ရဟန်းဖြစ်သောပုဂ္ဂိုလ်သည်။ အဝိပ္ပဋိသာရကသီလ

သခ်ါတံ၊ နှလုံး၏ ရွှင်လန်း သာယာခြင်းကို ဖြစ်စေတတ်သော သီလဟု ဆိုအပ်သော။ တတ္ထတ္တရိ စိတ္တဝိသုဒ္ဓိအာဒိဘေဒမ်ိ၊ ထို့ထက် အလွန် ဖြစ်သော စိတ်၏စင်ကြယ်ခြင်း အစရှိသော အထူးအပြား ရှိသည်လည်းဖြစ်သော။ ပဗ္ဗဇိတပဋိပဒံ ဝါ၊ ရဟန်းတို့ အကျင့်ကိုသော်၎င်း။ ပညာယ၊ ပညာဖြင့်။ အာရာဓေတွာ၊ ပြီးပြည့်စုံစေ၍။ ဇီဝတိ၊ အသက်မွေး၏။ တာဿ၊ ထို့ရွှင်လူ ဖြစ်သော ပုဂ္ဂိုလ်၏။ ပညာယ၊ ပညာဖြင့်။ ဇီဝိနော၊ အသက်မွေး၍နေသော။ တာဿ၊ ထို့ရွှင်လူဖြစ်သော ပုဂ္ဂိုလ်၏။ ဇီဝိတံ၊ အသက်မွေးခြင်းသည်။ တံ ပညာဇီဝိတံ၊ ထိုပညာဖြင့် အသက်မွေးခြင်းကို။ သေဋ္ဌံ၊ အမြတ်ဆုံးဟူ၍။ အာဟု၊ ပညာရှိများ မိန့်ကြားတော်မူကြလေကုန်ပြီ။ ဣတိဧဝံ၊ ဤသို့။ အတ္ထော၊ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ပြဿနာလေးရပ် ထပ်၍မေးခြင်း

ဤသို့ မြတ်စွာဘုရားသည် ဖြေဆိုအပ်ကုန်သော လေးပါးကုန်သော ပြဿနာတို့ကို ကြားနာရသည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်ခြင်းရှိသော အာဠဝက ဘီလူးသည် ကြွင်းကျန်သည်လည်း ဖြစ်ကုန်သော လေးပါးကုန်သော ပြဿနာတို့ကို မေးမြန်းလိုသည်ဖြစ်၍—

> ကထံသု တရတိ သြဃံ၊ ကထံသု တရတိ အဏ္ဏဝံ။
> ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဒ္ဈတိ။

ဟူသော ဤဂါထာကို ထပ်မံ၍ လျှောက်ထားမေးမြန်းပါသည်ဘုရား။

သြဃံ၊ သြဃလေးဖြာ အဏ္ဏဝါကို။ ကထံသု တရတိ၊ အဘယ်သို့ ကူးမြောက်နိုင်ပါသနည်း မြတ်စွာဘုရား။ အဏ္ဏဝံ၊ ဘဝသမုဒ္ဒရာ အဏ္ဏဝါကို။ ကထံသု တရတိ၊ အဘယ်သို့လျှင် ကူးမြောက်နိုင်ပါသနည်း မြတ်စွာဘုရား။ ဒုက္ခံ၊ ကာမဂုဏ်ကြောင့် ဖြစ်သော ဆင်းရဲဒုက္ခကို။ ကထံသု အစ္စေတိ၊ အဘယ်သို့ လွန်မြောက်နိုင်ပါသနည်း မြတ်စွာဘုရား။ ကထံသု ပရိသုဒ္ဈတိ၊ အဘယ်ကဲ့သို့သော အကျင့်တရားဖြင့် ကိလေသာ အာသဝေါတရားတို့မှ စင်ကြယ်နိုင်ပါသနည်း မြတ်စွာဘုရား။

မြတ်စွာဘုရား အဖြေ

ဤသို့ မေးမြန်းသော အခါကာလ၌ ထိုအာဠဝကဘီလူးအား မြတ်စွာဘုရားသည် ရှေ့၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် ဖြေကြားတော်မူလိုသည် ဖြစ်၍—

သဒ္ဓါယ တရတိ သြဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝိရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။

သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ (ဝါ)သဒ္ဓါယ၊ ရတနာသုံးတန်, ကံ, ကံ၏ အကျိုး တရားကို ယုံကြည်သော သဒ္ဓါတရားဖြင့်။ သြဃံ၊ သြဃ လေးဖြာ အဏ္ဏဝါကို။ တရတိ၊ ကူးမြောက်နိုင်လေတော့၏။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မစား ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းဖြင့်။ အဏ္ဏဝံ၊ ဘဝသမုဒ္ဒရာ အဏ္ဏဝါကို။ တရတိ၊ ကောင်းစွာမသွေ့ ကူးမြောက်နိုင်ပေ၏။ ဝိရိယေန၊ လုံ့လကြိုးကုတ် အဆက်မပြတ် အားထုတ်ခြင်းဖြင့်။ ဒုက္ခံ၊ ကာမဂုဏ်ကြောင့် ဖြစ်သော ဆင်းရဲဒုက္ခကို။ အစ္စေတိ၊ လွန်မြောက်နိုင်လေတော့၏။ ပညာယ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပညာဖြင့်။ ပရိသုဇ္ဈတိ၊ ကိလေသာ အာသဝတို့မှ ကဝါချသကဲ့သို့ စင်ကြယ်နိုင်ရလေတော့၏။

အဖြဂါထာ၌ အဓိပ္ပါယ်

ဤသို့ မြတ်စွာဘုရားသည် ဖြေကြားတော်မူပါသည်၊ ထိုကဲ့သို့ ဖြေကြားအပ်သော အဖြဂါထာ၌—

ယော စတုဗ္ဗိမေ သြဃံ တရတိ။ ယော၊ အကြင်သူသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ သြဃံ၊ သြဃကို။ ကိဉ္စာပိ တရတိ၊ အကယ်၍ကား ကူးမြောက်နိုင်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ သံသာရဏ္ဏဝမ္ပိ၊ သံသရာ တည်းဟူသော အဏ္ဏဝါကိုလည်း။ တရတိ၊ ကူးမြောက်နိုင်၏။ ဝဋ္ဋဒုက္ခမ္ပိ၊ ဝဋ်ဆင်းရဲကိုလည်း။ အစ္စေတိ၊ လွန်မြောက်နိုင်၏။ ကိလေသမလာပိ၊ ကိလေသာအညစ်အကြေးမှလည်း။ ကိဉ္စာပိ ပရိသုဇ္ဈတိ၊ အကယ်၍ကား စင်ကြယ်နိုင်၏။ ပန၊ ထိုသို့ပင် စင်ကြယ်နိုင်သော်လည်း။ ဧဝံ သန္တေပိ၊ ဤသို့ပင် ဖြစ်သော်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ အသဒ္ဓါ၊ သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်သည်။ သြဃတရဏံ၊ သြဃလေးဖြာ အဏ္ဏဝါကူးမြောက်ခြင်းကို။ အသဒ္ဒဟန္တော၊

မယုံကြည်နိုင်သည်ဖြစ်၍။ နံ ပကာ့နဒ္ဒတိ၊ မပြေးမဝင်။ ပဋ္ဌသု၊ ငါးပါးကုန်သော။ ကာမဂုဏေသု၊ကာမဂုဏ်တို့၌။ စိတ္တဝေါဿဂ္ဂေန၊ စိတ်ကို စွန့်လွှတ်၍ ထားခြင်း ဖြင့်။ ပမတ္တော၊ မေ့လျော့သည် ဖြစ်၍။ တတ္ထော၀၊ ထိုငါးဝအာရုံ ကာမဂုဏ်တို့၌သာလျှင်။ ဝိသတ္တတ္တာ၊ အမြဲမပြတ် ငြိကပ်တွယ်တာ၍ နေသည်၏ အဖြစ်ကြောင့်။ သံသာရုဏ္ဏော၀ံ၊ သံသရာ တည်းဟူသော အဏ္ဏော၀ကို။နံ တရတိ၊ မကူးမြောက်နိုင်ပေ။ ကုသီတော၊ ပျင်းရိ၍ နေသော ပုဂ္ဂိုလ်သည်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ ဝေါကိဏ္ဏော၊ ရောပြွမ်းသည်ဖြစ်လျက်။ ဒုက္ခံ၊ ဆင်းဆင်းရဲရဲ။ ဝိဟရတိ၊ နေရ၏။ အပ္ပဥ္ဉော၊ ပညာမရှိသော ပုဂ္ဂိုလ်သည်။ သုဒ္ဓိမဂ္ဂံ၊ စင်ကြယ်ရာ စင်ကြယ်ကြောင်းဖြစ်သော နည်းလမ်းကို။ အဇာနန္တော၊ မသိသည် ဖြစ်၍။ နံ ပရိသုဇ္ဈတိ၊ မစင်ကြယ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ တပ္ပဋိပက္ခံ၊ ထို၏ ဆန့်ကျင်ဘက်ကို။ ဒဿနန္တန၊ ပြတော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အယံ ဂါထာ၊ ဤဂါထာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

သြဃလေးပါးနှင့် မဂ်လေးပါး

ဤသို့ ဟောတော်မူအပ်သည် ဖြစ်သော ဤဂါထာ၌ အကြင့်ကြောင့် သောတာပတ္တိအင်္ဂါ ဟု ဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ပဒဋ္ဌာန် ဖြစ်သော သဒ္ဓိန္ဒြေ ဟု ဆိုအပ်သော သဒ္ဓါတရားသည် ရှိ၏။ ထို့ကြောင့် ထိုသဒ္ဓါတရားဖြင့် ကူးမြောက်နိုင်၏ ဟု ပြခြင်းငှါ—

သဒ္ဓါယ တရတိ သြဃန္တိ၊ သဒ္ဓါယ တရတိ သြဃံ-ဟူ၍။ကြွမိန၁ ပဒေန၊ ဤပုဒ်ဖြင့်။ ဒိဋ္ဌောဃတရဏံ၊ သြဃလေးပါးတို့တွင် ဒိဋ္ဌတည်းဟူသော သြဃကိုဂုဏ်း။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်ကိုဂုဏ်း။ သောတာပန္နဥ္စ၊ သောတာပန်ပုဂ္ဂိုလ်ကိုဂုဏ်း။ ပကာသေတိ၊ ထင်ရှားပြတော်မူပြီ။ ယသ္မာ၊ အကြင့်ကြောင့်။ သောတာပန္နော၊ သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည်။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ဘာ၀နာယ၊ ပွါးများခြင်းအကျိုးငှါ။ သာတစ္စကိရိယသခ်ါတေန၊ အရိုအသေပြုလုပ်ခြင်း ဟု ဆိုအပ်သော။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည် ဖြစ်၍။ ဒုတိယမဂ္ဂံ၊ သကဒါဂါမိမဂ်ကို။ အာရာဓေတ္၀ာ၊ ပြီးမြောက်စေပြီး၍။ ဌပေတ္၀ာ၊ ထားပြီး၍။ သကိ ံဂေ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤလူ့ပြည်လောက

သို့။ အာဂမနမဂ္ဂံ၊ လာရောက်ကြောင်း ဖြစ်သော ခရီးဟု ဆိုအပ်သော။ အဝသေသံ၊ ကြွင်းကျန်၍ နေသော မင်္ဂတရားကို။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမင်္ဂတရားဖြင့်။ အတိဏ္ဏံ၊ မကူးမြောက်နိုင်သော။ ဘဝေါဃဝတ္ထုံ၊ ဘဝတည်းဟူသော သြဃ ဟု ဆိုအပ်သော ဝတ္ထု ဟု ဆိုအပ်သော။ သံသာရဏ္ဏဝံ၊ ဘဝတည်းဟူသော အဏ္ဏဝါကို။ တရတိ၊ ကူးမြောက်နိုင်လေတော့၏။ တသ္မာ၊ ထို့ကြောင့်။ အပ္ပမာဒေန အဏ္ဏဝန္တိ ဣမိနာ ပဒေန၊ အပ္ပမာဒေန အဏ္ဏဝံ-ဟူသော ဤပုဒ်ဖြင့်။ ဘဝေါဃတရဏံ၊ ဘဝတည်းဟူသော သြဃကို လွန်မြောက်ခြင်းကိုဂုဏ်း။ သကဒါဂါမိမဂ္ဂံ၊ သကဒါဂါမိ မဂ်ကိုဂုဏ်း။ သကဒါဂါမိဠ္ဟ၊ သကဒါဂါမ် ပုဂ္ဂိုလ်ကိုဂုဏ်း၊ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။ယသ္မာ စ၊ အကြင့်ကြောင့်လည်း။ သကဒါဂါမီ၊ သကဒါဂါမ် ပုဂ္ဂိုလ်သည်။ ဝီရိယေန၊ လုံးပမ်းကြိုးကုတ် အားထုတ်သဖြင့်။ တတိယမဂ္ဂံ၊ အနာဂါမိမဂ်ကို။ အာရာဓေတ္ဝာ၊ ပြီးပြည့်စုံစေပြီး၍။ သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်ဖြင့်။ အနတိတံ၊ မလွန်မြောက်နိုင်သော။ ကာမော၀ဃဝတ္ထုံ၊ ကာမဂုဏ်တည်းဟူသော ဝတ္ထုရှိသော။ ကာမော၀ဃသညိတ္ဠ၊ ကာမော၀ဃ ဟူ၍ ဆိုအပ်သည်လည်းဖြစ်သော။ ကာမဒုက္ခံ၊ ကာမဂုဏ် တည်းဟူသော ဒုက္ခကို။ အစ္ဆေတိ၊ လွန်မြောက်နိုင်၏။တသ္မာ၊ ထို့ကြောင့်။ဝီရိယေန ဒုက္ခမစ္ဆေတိတိ ဣမိနာ ပဒေန၊ ဝီရိယေန ဒုက္ခမစ္ဆေတိ-ဟူသော ဤပုဒ်ဖြင့်။ ကာမော၀ဃတရဏံ၊ ကာမဂုဏ် တည်းဟူသော သြဃကို လွန်မြောက်ခြင်းကိုဂုဏ်း။ အနာဂါမိမဂ္ဂံ၊ အနာဂါမိ မဂ်ကိုဂုဏ်း။ အနာဂါမိဠ္ဟ၊ အနာဂါမ်ပုဂ္ဂိုလ်ကိုဂုဏ်း။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။ ယသ္မာ၊ အကြင့်ကြောင့်။ အနာဂါမီ၊ အနာဂါမ် ပုဂ္ဂိုလ်သည်။ ဝိဂတကာမသညာယ၊ ကင်းသော ကာမသညာရှိသော။ ပရိသုဒ္ဓါယ၊ ထက်ဝန်းကျင်မှစင်ကြယ်လှစွာသော။ ပညာယ၊ ပညာဖြင့်။ ကေန္တပရိသုဒ္ဓံ၊ စင်စစ် ထက်ဝန်းကျင်မှ စင်ကြယ်သော။ စတုတ္ထမဂ္ဂပညံ၊ လေးခုမြောက်သော အရဟတ္တမဂ်ပညာကို။ အာရာဓေတ္ဝာ၊ ပြီးပြည့်စုံစေပြီး၍။ အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်ဖြင့်။ အပဟီနံ၊ မပယ်အပ်သော။ အဝိဇ္ဇာသဓ်ါတံ၊ အဝိဇ္ဇာဟု ဆိုအပ်သော။ ပရမမလံ၊ အလွန် ခက်ခဲသော ထူထပ်သော အညစ်အကြေးကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ပညာယ ပရိသုဒ္ဓတိတိ ဣမိနာ ပဒေန၊ပညာယ ပရိသုဒ္ဓတိ-ဟူသော ဤပုဒ်ဖြင့်။ အဝိဇ္ဇောဃတရဏံ၊ အဝိဇ္ဇာတည်းဟူသော သြဃကို လွန်မြောက်ခြင်းကိုဂုဏ်း။ အရဟတ္တမဂ္ဂဠ္ဟ၊ အရဟတ္တမဂ်ကိုဂုဏ်း။ အရဟတ္တဠ္ဟ၊ အရဟတ္တဖိုလ်ကိုဂုဏ်း။ ပကာသေတိ၊ ပြတော်မူ၏။

စီစစ်ခဏ်း ၃-၄ — န-ဗု-သ

အရဟတ္တနိကူဋ္ဌေန၊အရဟတ္တဖိုလ်ကို အထွဋ်တပ်သဖြင့် ဟောကြားအပ်သော။ ဣမာယ စ ဂါထာယ၊ ဤဂါထာ၏လည်း။ ပရိယောသာနေ၊ အဆုံး၌။ ယကွော၊ အာဋဝကဘီလူးသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

လောကီလောကုတ္တရာ ရောပြွမ်းသော မေးခွန်း

ယခုအခါ၌ ပညာယ ပရိသုဒ္ဓတိတိ ဇတ္ထေ၊ ပညာယ ပရိသုဒ္ဓတိ-ဟူသော ဤပါဋ်၌။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ တမေဝ ပညာပဒံ၊ ထိုပညာ တည်းဟူသော ပုဒ်ကိုသာလျှင်။ ဂဟေတွာ၊ ယူ၍။ အတ္တနော၊ မိမိ၏၊ ပဋိဘာနေန၊ ဉာဏ်စွမ်းဖြင့်။ လောကိယလောကုတ္တရမိဿကံ၊ လောကီလောကုတ္တရာ ရောနှော၍ နေသော။ ပဉ္ဟံ၊ အမေးပုစ္ဆာ ပြဿနာကို။ ပုစ္ဆန္တော၊ မေးမြန်းလို သည် ဖြစ်၍။ ဝါ၊ မေးမြန်းလိုသော။ ယကွော၊ အာဋဝကဘီလူးသည်——

ကထံသု လဘတေ ပညံ၊ ကထံသု ဝိန္ဒတေ ဓနံ။
ကထံသု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။
အသ္မာ လောကာ ပရံ လောကံ၊ ကထံ ပေစ္စ န သောစတီတိ——

န သောစတိ-ဟူသော။ ဆပ္ပဒံ၊ ခြောက်ပုဒ်ရှိသော။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မေးမြန်းလေ၏။

ပညံ၊ လောကီလောကုတ္တရာပညာကို။ ကထံသု လဘတေ။ အဘယ်သို့ ရနိုင်ပါသနည်း မြတ်စွာဘုရား....။ နံ၊ ဥစ္စာကို။ ကထံသု ဝိန္ဒတေ၊ အဘယ်သို့ ရနိုင်ပါသနည်း မြတ်စွာဘုရား။ ကိတ္တိံ၊ ထင်ရှားကျော်စောခြင်းသို့။ ကထံသု ပပ္ပေါတိ၊ အဘယ်သို့ ရောက်ရှိနိုင်ပါသနည်း မြတ်စွာဘုရား။ မိတ္တာနိ၊ ပေါင်းသင်း ဆက်ဆံ အပ်ကုန်သော မိတ်ဆွေ ခင်ပွန်းကောင်းတို့ကို။ ကထံ ဂန္ထတိ၊ အဘယ်ကဲ့သို့ ဖွဲ့စည်းရရှိနိုင်ပါသနည်း မြတ်စွာဘုရား။ အသ္မာ လောကာ၊ ဤပစ္စုပ္ပန်လောကမှ။ပရံ လောကံ၊ တမလွန်လောကသို့။ ဂန္ဆာ၊ သွားသည် ဖြစ်၍။ ပေစ္စ၊ ထိုတမလွန်လောက နောက်ဘဝ၌။ ကထံ န သောစတိ၊ အဘယ်ကဲ့သို့ မစိုးရိမ် မပူဆွေးဘဲ ရှိရပါသနည်း မြတ်စွာဘုရား။

ဤသို့မေးမြန်းအပ်သော ထိုဂါထာ၌ ကထံသူတိ၊ကထံသု-ဟူသည်ကား။ သဗ္ဗတ္ထော၊ အလုံးစုံသော အရပ်ဌာနတို့၌ပင်လျှင်။ အတ္ထယုတ္တိပုစ္ဆာ၊ အနက်၏

သင့်မသင့်ကို မေးမြန်းသော ပုစ္ဆာစကားသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊မှန်၏။ ပညာဒိအတ္ထံ၊ ပညာအစရှိသည်၏ အကျိုးတရားကို။ ဥတ္ဝာ၊ သိ၍။ တဿ၊ ထိုပညာ၏။ ယုတ္တိံ၊ အကြောင်းယုတ္တိကို။ ကာယ ယုတ္တိယာ၊ အဘယ်ကဲ့သို့သော အကြောင်းယုတ္တိဖြင့်။ ကေန ကာရဏေန၊ အဘယ်ကဲ့သို့သော အကြောင်းဖြင့်။ ပညံ၊ပညာကို။ လဘတိ၊ရပါသနည်း။ ဣတိ၊ ဤသို့။ ယုတ္တိံ၊ အကြောင်းယုတ္တိ ရှိမရှိကို။ ပုစ္ဆာတိ၊ မေးမြန်း၏။ နောဒီသု၊ ဥစ္စာ အစရှိသည် တို့၌လည်း။ သေ နယော၊ ဤနည်းပင် နည်းရှိ၏။

ပညာရရှိခြင်း အကြောင်းလေးပါး

ထိုအခါ၌ ထိုအာဠဝကဘီလူးအား မြတ်စွာဘုရားသည် လေးပါးသော အကြောင်းတို့ဖြင့် ပညာရခြင်းကို ပြတော်မူလိုသည်ဖြစ်၍။ ဝါ၊ ပြတော်မူလိုသော မြတ်စွာဘုရားသည်—

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။
ဟူသော ဤဂါထာကို မိန့်ကြားတော်မူပါသည်။

အရဟတံ-အရဟန္တာနံ၊ ဘုရားအစရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏။ နိဗ္ဗာနပတ္တိယာ၊နိဗ္ဗာန်သို့ရောက်ခြင်း အကျိုးငှါ။ဓမ္မံ၊ တရားကို။ သဒ္ဒဟာနော၊ ယုံကြည်သည်ဖြစ်၍။ အပ္ပမတ္တော၊ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံသည် ဖြစ်၍။ ဝိစက္ခဏော၊ ကောင်းစွာ ဆင်ခြင် သုံးသပ်တတ်သော ပညာရှင်သည်။ သုဿူသံ၊ ကောင်းစွာ နာကြားတတ်သည်ဖြစ်၍။ ပညံ၊ ပညာတရားကို။ လဘတေ၊ ကောင်းစွာ ပိုင်ပိုင် ရရှိနိုင်လေတော့၏။ဤဂါထာကို မြတ်စွာဘုရားက ဖြေကြားသော အားဖြင့် ဟောတော်မူပါသည်၊ ထိုဂါထာ၏ အဓိပ္ပါယ်ကို—

ဂါထာ၏ အဓိပ္ပါယ်

ပဗ္ဗဘာဂေ၊ ရှေးအဘို့၌။ ယေန ကာယသုစရိတာဒိဘေဒေန စ၊ အကြင် ကာယ သုစရိုက် စသည် အပြားရှိသော အထူးအပြားအားဖြင့်ဂုဏ်း။ အပရဘာဂေ၊ နောက်အဘို့၌။ သတ္တာတိံ သဗ္ဗောဓိပက္ခိယဘေဒေန၊ သုံးဆယ့်ခုနစ်ပါး

ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ၏အစ္ဈမ်းအားဖြင့်။ ပုန၊ နောက်ထပ်တဖန်။ ကေဋ္ဌာနေ၊ တဋ္ဌာနတည်း၌။ ဝါ၊ တနေရာတည်း၌။ သန္နိပါတော၊ ညီညွတ်စည်းဝေးမိသည်ဖြစ်၍။ သမာဂမော၊ တွေ့ဆုံခွင့်သည်။ နအတ္ထိ၊ မရှိတော့ပါပြီဘုရား။ သေ- သော ဝိဿာသော၊ ဤကဲ့သို့ဘုရားကိုယ်တော်မြတ်နှင့် အကျွမ်းဝင်ရခြင်းသည်။ ဆိန္နော၊ ပြတ်ခဲ့ပါပြီဘုရား။ အနေကေဟိ၊ တပါးမကမျှားလှစ္ဆာကုန်သော။ ဗုဒ္ဓသတသဟဿေဟိ၊ ဘုရားအသိန်းတို့သည်။ ပဝိဋ္ဌံ၊ ဝင်ရောက်ရာဖြစ်ပေထသော။ အဇရံ၊ မအိုရာဖြစ်ပေထသော။ အမရံ၊ မသေရာဖြစ်ပေထသော။ ခေမံ၊ ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်ပေထသော။ သုခံ၊ အလွန်အကျူးအထူးအားဖြင့် သန္တိသုခ ဖြစ်ပေထသော။ သီတလံ၊ အေးမြရာဖြစ်ပေထသော။ အဘယံ၊ ဘေးမျိုးစုံ ကင်းပရာဖြစ်ပေထသော။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်သို့။ ပဝိသိဿာမိ၊ ဝင်ရောက်ရပါတော့အံ့ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ကိဉ္စိ၊ တစုံတခုသော။ ကာယိကံ ဝါ၊ ကိုယ်၌ဖြစ်သည်လည်း ဖြစ်သော။ ဝါစသိကံ ဝါ၊ နှုတ်၌ဖြစ်သည်လည်း ဖြစ်သော။ ကိဉ္စိ၊ တစုံတခုသော အမှုကိစ္စကို။ တုမ္ဟေ၊ အရှင်ဘုရားတို့သည်။ သစေ နရောစေထ၊ အကယ်၍ မနှစ်သက်တော်မူကြကုန်ငြားအံ့။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....။ တံ၊ ထိုကိုယ်မှု နှုတ်မှုဟူသမျှကို။ တုမ္ဟေ၊ ကျေးဇူးရင် အရှင်ဘုရားတို့သည်။ ခမထ၊ သည်းခံတော်မူကြပါကုန် အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်၏။ ဂမန-ကာလော၊ သွားရမည့် အခါန်တန်ပါပြီ။

ဤသို့ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ပရိနိဗ္ဗာန်စံဘို့ရန် သွားခါနီး အခါ၌ မြတ်စွာဘုရားကို လျှောက်ထားပါသည်။ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က——

သာရိပုတ္တ၊ ခဏသာ သာရိပုတ္တရာ....။ တေ၊ သင်ချစ်သားအား။ အဟံ၊ ငါဘုရားသည်။ ခမာမိ၊ သည်းခံတော်မူ၏။ ခေါ ပန၊ စင်စစ်သော်တမူကား။ ကိဉ္စိ၊ တစုံတခုသော၊ တေ၊ သင်၏။ကာယိကံ ဝါ၊ ကိုယ်၌ဖြစ်သော အမှုသည်ၵင်း။ဝါစသိကံ ဝါ၊ နှုတ်၌ဖြစ်သော အမှုသည်ၵင်း။ မယှံ၊ ငါဘုရားအား။ အရုစ္စနကံ၊ မနှစ်သက်ဖွယ်သည်။ နအတ္ထိ၊ မရှိ။ သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ၊ ယဿ ဂမနဿ၊ အကြင်သွားခြင်း၏။ ကာလော၊ အခါကာလသည်။အတ္ထိ၊ ရှိ၏။ ဒါနိ-ဣဒါနိ၊ ယခုအခါကာလ၌။ တဿ ဂမနဿ၊ ထိုသွား

ခြင်း၏။ ကာလံ၊ အခါကာလကို။ တုံ့၊ သင်သည်။ မညသိ၊ သိပါလေ့။ ဤသို့ ဘုရားရှင် ကိုယ်တော်မြတ်က မိန့်တော်မူပါသည်။

မြေကြီးတုန်လှုပ် မိုဃ်းကြီးရွာခြင်း

ဤသို့ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်သည်၏ အခြားမဲ့၌ မြတ်စွာဘုရား၏ ခြေတော်အစုံတိုကို ရိုခိုး၍ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ထကာမျှဖြစ်လတ်သော် မြင်းမိုရ်တောင်၊ စကြဝဠာ၊ ဟိမဝန္တာတောင်တည်းဟူသော ဝန်တို့ကို ဆောင်ရွက်၍ နေရငြားသော်လည်း “အင်္ဂ၊ ယနေ့။ ဣမံ ဂုဏရာသိ ံ၊ ဤဂုဏ်ကျေးဇူးအစုကို။ ဓာရေတုံ၊ ဆောင်ရွက်ခြင်းငှါ။ နု သက္ကောမိ၊ မစွမ်းနိုင်” ။ ဣတိ၊ ဤသို့။ ဝဒန္တီဝိယ၊ ဆိုလေဘိသကဲ့သို့။ ကေဖဟာရေနေဝ၊ တချက်တည်းဖြင့်သာလျှင်။ ဝိရဝမာနာ၊ မြည်တမ်းလျက်၊ မဟာပထဝီ၊ မဟာပထဝီ ဤမြေကြီးသည်။ ယာဝ ဉဒကပရိယန္တာ၊ ရေလျှင်အဆုံး အပိုင်းအခြား ရှိသည်တိုင်အောင်။ အကမ္ပိ၊ တုန်လှုပ်လေတော့၏။ အာကာသေ၊ ကောင်းကင်၌။ ဒေဝဒုန္ဒုဘိယော၊ နတ်စည်ကြီးတို့သည်။ ဖလိ ံသု၊ ကဲ့မြည်ကြလေကုန်ပြီ။ မဟာမေဃော၊ ကြီးစွာသော မိုဃ်းကြီးသည်။ ဥဋ္ဌဟိတ္ဝာ၊ ထ၍ ။ ပေါက္ခရဝဿံ၊ ကြာဖြူတော်၌ ရွာသော မိုဃ်းကဲ့သို့သော မိုဃ်းကို။ ဝဿိ၊ ရွာချလေပြီ။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဓမ္မသေနာပတိ ံ၊ တရားစစ်သူမှူးကြီးဖြစ်သော ဓမ္မသေနာပတိ အမည်ရတဲ့ ရှင်သာရိပုတ္တရာကို။ ဝန္ဒနကိစ္စံ၊ ရှိခိုးခြင်းကိစ္စကို။ ပဋိပါဒေဿာမိ၊ ပြီးစေတော့အံ့။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးပိုက်၍ ။ ဓမ္မာသနာ၊ တရားပလ္လင်ထက်မှ၊ ဝုဋ္ဌာယ၊ ထတော်မူ၍။ ဂန္ဓကုဋိ အဘိမုခေါ၊ ဂန္ဓကုဋိတိုက်တော်သို့ ရွှေရှုတော်မူလျက်။ ဂန္ဓာ၊ ကြွသွားတော်မူ၍ ။ မဏိဖလကေ၊ ပတ္တမြားပျဉ်ချပ်၌။ အဋ္ဌာသိ၊ ရပ်တည်တော်မူပြီ။

တသခေါ်နှင့် ကမ္ဘာတသိန်းထက်က

ထေရော၊ အရှင်သာရိပုတ္တရာမထေရ်သည်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ပဒက္ခိဏံ ကဘ္ဝာ၊ လက်ျာရစ် လှည့်သည်ကိုပြု၍။ စတူသု ဌာနေသု၊ လေးပါးကုန်သော ဌာနတို့၌။ ဝန္ဒိတ္ဝာ၊ ရှိခိုး၍။ “ဘဂဝါ၊ ဘုန်းတော်

ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား....။ ဣတော၊ ဤကမ္ဘာမှ။ ကပ္ပသတသဟဿာဓိကဿ၊ ကမ္ဘာတသိန်းအလွန်ရှိသော။ အသင်္ချေယျဿ၊ အသင်္ချေကာလ၏။ ဥပရိ၊ အထက်၌။ အနောမဒဿိသမ္မာသမ္ဗုဒ္ဓဿ၊ အနောမဒဿီမြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေတော်ရင်း၌။ နိပဇ်တ္ဝာ၊ ဝပ်၍။ တုမှာကံ၊ အရှင်ဘုရားတို့ကို။ ဒဿနံ၊ ဖူးမျှော်ရခြင်းကို။ ပတ္ထေသိ ံ၊ ဆုတောင်းဆုယူပြုခဲ့ရပါသည်ဘုရား။မေ၊ ဘုရားတပည့်တော်၏။သာ ပတ္ထနာ၊ ထိုကဲ့သို့ တောင်းခဲ့ရသော ဆုသည်။ သမိဒ္ဓါ၊ ယခုအခါ ပြီးပြည့်စုံပါပြီ။ တုမှေ၊ အရှင်ဘုရားတို့ကို။ ဒိဋ္ဌာ၊ ဖူးမြင်အပ်ခဲ့ပါကုန်ပြီ။ တံ၊ ထိုသို့ဖူးမြင်ရခြင်းသည်။ ပဌမဒဿနံ၊ရှေးဦးစွာ ဖူးမြင်ရခြင်းဖြစ်ပါ၊တော့သည်ဘုရား။ဣဒံ၊ ဤသို့ ယခုဖူးမြင်ရခြင်းသည်။ ပစ္ဆိမဒဿနံ၊ နောက်ဆုံး ဖူးမြင်ရခြင်းပင် ဖြစ်ပါတော့သည်ဘုရား။ ပုန၊ နောက်ထပ်တဖန်။ တုမှာကံ၊ ကျေးဇူးတော်ရင် ဘုရားရှင်တို့ကို။ ဒဿနံ၊ ဖူးမြင်ခြင်းကိစ္စသည်။ နတ္ထိ၊ မရှိတော့ပါပြီဘုရား။

ဤသို့လျှောက်ထား၍ ဆယ်ချောင်းသောလက်ချောင်းတို့၌ ရှိသော လက်သည်းရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပသော လက်အုပ်ကို မြှောက်ချီ၍ မြင်လောက်ရာ အရပ်ကို ကုန်ဆုံးသည်တိုင်အောင် မြတ်စွာဘုရားသို့ ရှေးရှုလျက် နောက်ဆုတ် နောက်ဆုတ် ကြ၍ မြတ်စွာဘုရားကို ရှိခိုး၍ ဖဲသွားပါသည်။ နောက်ထပ်တဖန် မဟာပထဝီမြေကြီးသည် ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ရေလျှင်အပိုင်းအခြားရှိသည်ကို ပြု၍ တုန်လှုပ်ပြန်ပါသည်။

ပရိသတ်မျှားစွာ လိုက်ပို့ကြခြင်း

မြတ်စွာဘုရားသည် ခြံရံ၍ တည်နေကြကုန်သော ရဟန်းတော်တို့ကို အနုဂစ္ဆထ ဘိက္ခဝေ တုမှာကံ ဇေဋ္ဌဘာတိကန္တိ၊ အနုဂစ္ဆထ ဘိက္ခဝေ တုမှာကံ ဇေဋ္ဌဘာတိကံ-ဟူ၍။ အာဟ၊ မိန့်တော်မူပါသည်။ ဘိက္ခဝေ၊ အို ငါ၏ ချစ်သား ရဟန်းများတို့....။တုမှာကံ၊ များစွာသောင်းသောင်း သင်ချစ်သား အပေါင်းတို့၏။ ဇေဋ္ဌဘာတိကံ၊ နောင်တော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာကို။ အနုဂစ္ဆထ၊ လိုက်၍ ပို့လိုက်ကြကုန်ဦးလော့။ ဤသို့ မိန့်တော်မူပါသည်။

ထိုခဏ၌ လေးပါးသော ပရိသတ်သည် မြတ်စွာဘုရားကို တပါးထည်း တည်းသာလျှင် ဇေတဝန်ကျောင်းတော်၌ ထားပစ်ခဲ့၍ အကြွင်းအကျန် မရှိ

ကြကုန်ဘဲ ထုတ်ကြပါကုန်သည်။ သာဝတ္ထိမြို့၌ နေကြကုန်သော ဒကာ ဒကာမအပေါင်းတို့သည်လည်း—

သာရိပုတ္တော၊ သာရိပုတ္တရာမဏေရ်မြတ်သည်။ သမ္မာသမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အာပုစ္ဆိတွာ၊ ပန်ကြား၍။ ပရိနိဗ္ဗာယိတုကာမော၊ ပရိနိဗ္ဗာန်စံယူခြင်းငှါ အလိုရှိသည်ဖြစ်၍။ နိက္ခန္တော ကိရ၊ ထုတ်တော်မူသတဲ့။ နံ၊ ထိုအရှင်သာရိပုတ္တရာမဏေရ်မြတ်ကို။ မယံ၊ ငါတို့သည်။ ပဿိဿာမ၊ ဖူးမြင်ကြရကုန်တော့အံ့။

ဤသို့ နှလုံးသွင်း၍ မြို့တံခါးတို့ကို နေရာမရှိသည်တို့ကို ပြု၍ ပန်းနုံသာစသည်တို့ကို လက်၌ စွဲကြကုန်လျက် ဦးခေါင်း၌ ဆံပင်တို့ကို ဖရိုဖရဲ ဖြန့်ကြဲကြကုန်၍—

ဣဒါနိ၊ ယခုအခါ ကာလ၌။ မယံ၊ ဘုရားတပည့်တော်တို့သည်။ မဟာပညော၊ ကြီးသော ပညာရှိတော်မူသော အရှင်သာရိပုတ္တရာမဏေရ်သည်။ ကဟံ၊ အဘယ်အရပ်၌။ နိသိန္နော၊ ထိုင်နေပါသနည်း။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီးဖြစ်တော်မူသော ရှင်သာရိပုတ္တရာမဏေရ်မြတ်သည်။ ကဟံ၊ အဘယ်အရပ်၌။ နိသိန္နော၊ ထိုင်နေတော်မူပါသနည်း။ဣတိ၊ ဤသို့။ ပုစ္ဆန္တာ၊ မေးမြန်းကြကုန်လျက်။ကဿ၊ အဘယ်သူ၏။ သန္တိကံ၊ အထံသို့။ ဂမိဿာမ၊ သွားကြရပါကုန်အံ့ဘုရား။တုံ၊အရှင်ဘုရားသည်။ကဿ၊အဘယ်သူ၏။ဟတ္ထေ၊ လက်၌။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဌပေတွာ၊ အပ်နှင်းထားခဲ့၍။ ထေရော၊ မထေရ်မြတ်သည်။ ပက္ကန္တော၊ ဖဲကြွတော်မူပါသနည်းဘုရား။

ဤသို့အစရှိသော နည်းဖြင့် ဝိုင်းကြွးကြကုန်လျက် မြည်တမ်းကြကုန်လျက် မထေရ်မြတ်ကို နောက်ကအစဉ်လိုက်၍ ဖူးမျှော်ကြပါကုန်သည်။

၄ ၄၀၄ \ ၉
မလွန်ဆန်နိုင်တဲ့ ခရီး

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကြီးသော ပညာရှိသည်၏ အဖြစ်ကြောင့် ကြီးသောပညာဖြင့် တည်တံ့သည်၏ အဖြစ်ကြောင့်—

သဗ္ဗေသံ အနတိက္ကမနီယော သေ မဂ္ဂေါ။ သေ-သော မဂ္ဂေါ၊ ဤသေရာသို့ သွားရသောခရီးသည်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ အနတိက္ကမနီယော၊ မလွန်မြောက်နိုင်သော် လမ်းခရီးပင် ဖြစ်ပေတော့၏။

ဣတိ၊ ဤသို့။ မဟာဇနံ၊ များစွာသော လူပရိသတ်အပေါင်းကို။ ဩဝဒိတ္ဝာ၊ ဆုံးမ၍ ။ အာဝုသော၊ ငါ့မျှင်တို့....၊ တုမ္ဟေပိ၊ သင်တို့သည်လည်း။ တိဋ္ဌထ၊ နေရစ်ခဲ့ကြကုန်ဦးလော့။ ဒဿဗလေ၊ မြတ်စွာဘုရား၌။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ မာ အာပဇ္ဇိတ္ထ၊ မရောက်ကြပါကုန်လင့်။ ဣတိ၊ ဤသို့။ ဘိက္ခုသံဃမ်ပိ၊ ရဟန်းသံဃာကိုလည်း။ နိဝတ္တေတ္ဝာ၊ နှစ်စေပြီး၍ ။ အတ္တနော၊ မိမိ၏။ ပရိသာယေဝ၊ ပရိသတ်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ ပက္ကာမိ၊ ဖဲကြတော်မူပြီ။

ယေပိ မနုဿာ၊ အကြင်လူတို့သည်လည်း။ပုဗ္ဗေ၊ ရှေးအခါ၌။ အယျော၊ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ ပစ္စာဂမနစာရိကံ၊ တဖန်ပြန်လာဦးမည့် ဒေသစာရိ ခရီးလှည့်လည်ခြင်းကို။ စရတိ၊ လှည့်လည်တော်မူ၏။ ဣဒါနိ၊ ယခုအခါ၌။ ဣဒံ ဂမနံ၊ ဤသွားခြင်းသည်။ ပုန၊နောက်ထပ်တဖန်။ပစ္စာဂမနာယ၊ လာရောက်ခြင်းအကျိုးငှါ။ နၢမဟုတ်။ ဣတိ၊ ဤသို့။ ပရိဒေဝန္တာ၊ ငိုကြွေးကြကုန်လျက်။ အနုဗန္ဓိံ သုယေဝ၊အစဉ် တစိုက်လိုက်၍ နေကြကုန်သည်သာလျှင် တည်း။ တေပိ၊ထိုသူတို့ကိုလည်း။ “အာဝုသော၊ ငါ့ရှင် ဒကာ ဒကာမအပေါင်း တို....။ တုမ္ဟေ၊ သင်တို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သန်ဓါရာ၊ အကြောင်းပြုသမျှ ဖြစ်ပေါ်၍ လာကြကုန်သော သန်ဓါရတရားတို့သည်။ ဧဝံဘာဝိနောနာမ၊ ဤကဲ့သို့ဖြစ်တတ်သော သဘောတရားရှိသည် မည်ကြလေကုန်၏။” ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ နိဝတ္တေသိ၊ နှစ်ပါစေသည်။

နာလကရွာ ပညောင်ပင်ရင်း

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အလုံးစုံသော အရပ်ဌာနတို့၌ တည်ဋ္ဌမျှသော နေထိုင်ခြင်းဖြင့် လမ်းခရီးအကြား၌ ခုနစ်ရက် ကာလပတ်လုံး လူအပေါင်းတို့အား သင်္ဂြိဟ်ချီးမြှောက်ခြင်းကို ပြုတော်မူလျက် ညနေခင်း အခါကာလ၌ နာလကရွာသို့ ရောက်၍ ရွာတံခါးဝ၌ ပညောင်ပင်၏ အနီး၌ ရပ်တည်တော်မူပါသည်။

ထိုအခါ၌ ဥပရေဝတအမည်ရှိသော အရှင်သာရိပုတ္တရာမထေရ်မြတ်၏ တူဖြစ်သော ပုဂ္ဂိုလ်သည် ရွာ၏ အပြင်ဘက်သို့ သွားလတ်သည်ရှိသော် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို တွေ့မြင်ရ၍ အနီးသို့ကပ်ပြီး ရှိခိုး၍ ရပ်တည်

နေပါသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က ထိုဥပရေဝတမည်သော တူ
ကို့ ဤသို့ပြောဆိုပါသည်။

ဂေဟေ၊ အိမ်၌။ တေ၊ သင်၏။ အယျိကာ၊ အဖွားမသည်။ အတ္ထိ၊ ရှိပါ
၏လော။ ဣတိ၊ ဤသို့။အာဟ၊ မိန့်တော်မူပါသည်။ ဘန္တေ၊ အရှင်ဘုရား။
အာမ၊ ရှိပါသည်ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထား၏။ ဂစ္ဆ၊
သွားခြေ။ အမ္မာကံ၊ ငါတို့၏။ ဣဓေဂတဘာဝံ၊ ဤအရပ်သို့ လာရောက်သည်
အဖြစ်ကို။ အာရောစေဟိ၊ ပြောကြားပါ။ ကသ္မာ၊ အဘယ့်ကြောင့်။ အာဂ
တော့၊ လာသနည်း။ ဣတိ စ ဝုတ္တေ၊ ဤသို့လည်း ဆိုခဲ့ငြားအံ့။ အင်္ဂ၊ ယနေ့။
ကေဒိဝသံ၊ တနေ့တရက်မျှ၊ အန္တောဂါမေ၊ ရွာတွင်း၌။ ဝသိဿတိကိရ၊
နေတော်မူလတ္တံ့တဲ့။ ဇာတောဝရကံ၊ မွေးဖွားရာဖြစ်သော တိုက်ခန်းကို။
ပဋိဇဂ္ဃထ၊ သုတ်သင်ထားကြပါကုန်လော့။ ပဥ္ဇုန္နဉ္စ ဘိက္ခုသတာနံ၊ ငါးရာကုန်
သော ရဟန်းတော်တို့၏လည်း။ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ဇာနာထ ကိရ၊
သိရှိထားနှင့် ကြပါကုန်တဲ့။ ဣတိ၊ ဤသို့။ အာဟ၊ မှာထားလေ၏။

သော၊ ထိုဥပရေဝတအမည်ရှိသောတူဖြစ်သည့် ပုဂ္ဂိုလ်သည်။ ဂန္ဓွာ၊
သွား၍ ။ “အယျိကေ၊ အဖွား....။ မယံ့၊ အကျွန်ုပ်၏။ မာတုလော၊ ဦးရီး
ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ သည်။ အာဂတော၊ ကြွလာတော်မူ၏။
ဣတိ၊ ဤသို့။ အာဟ၊ ပြောကြား၏။ ဣဒါနိ၊ယခုအခါ၌။ ကုဟိ ံ၊အဘယ်မှာ
နည်း။ ဣတိ၊ ဤသို့။ အာဟ၊ မေးမြန်း၏။ ဂါမဒ္ဒါရေ၊ ရွာတံခါး၌။ အတ္ထိ၊
ရှိပါ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဧကကော၀၊ တပါးတည်းပင် ဖြစ်လေ
တော့သလော။ အညော ပိ၊ တပါးလည်း ဖြစ်သော။ ကော စိ၊ တစုံတယောက်
သောသူသည်။အတ္ထိ၊ ရှိပါလေသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်း၏။
ပဥ္စသတာ၊ ငါးရာကုန်သော။ဘိက္ခူ၊၊ ရဟန်းတို့သည်။ အတ္ထိ၊ ရှိကြပါကုန်၏။
ဣတိ၊ ဤသို့။ အာဟ၊ ပြောကြား၏။

ဖွားတော်မူရာတိုက်ခန်း ပြင်ဆင်ပေးခြင်း

အဘယ်ကြောင့် လာရောက်လေသနည်း။ ထိုဥပရေဝတမည်သော တူ
ဖြစ်သော ပုဂ္ဂိုလ်သည် ထိုဖြစ်ပုံ အလုံးစုံကို ပြောကြားပါသည်။ ပုဏ္ဏားမကြီး
သည်—

ဧတ္တကာနံ၊ ဤမျှလောက်ကုန်သော ရဟန်းတော်တို့၏။ဝသနဋ္ဌာနံ၊ နေရာအရပ်ကို၊ ကိ ံ နုခေါ ပဋိဇဂ္ဂါပေသိ၊ အဘယ်ကြောင့် သုတ်သင် ရှင်းလင်း စေပါဘိသနည်း။ ဒဟရကာလေ၊ ငယ်ရွယ်သော အခါ၌။ ပဗ္ဗဇိတ္ဝာ၊ ရှင်ရဟန်းပြုပြီး၍ ။ မဟလ္လကကာလေ၊ သေခါနီး အသက်ကြီးသော အခါ ကာလ၌။ ဂိဟီ ဟောတုကာမော၊ လူထွက်ခြင်းငှါ အလိုရှိလေသလော။ ဤတိ၊ ဤသို့။ စိန္တေန္တီ၊ ကြံစည်အောက်မေ့သည် ဖြစ်၍။ ဇာတောဝရကံ၊ မွေးဖွားရာ ဖြစ်သော တိုက်ခန်းကို။ ပဋိဇဂ္ဂါပေတ္ဝာ၊ သုတ်သင်ရှင်းလင်း စေပြီး၍ ။ ပဥ္စသတာနံ၊ ငါးရာကုန်သော ရဟန်းတော်တို့၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ကာရေတ္ဝာ၊ ပြုစေပြီး၍ ။ ဒဏ္ဍဒီပိကာ၊ တုတ်မီးရှူးတို့ကို။ ဇာလေတ္ဝာ၊ ညှိထွန်းစေပြီး၍ ။ ဃရဿ၊ မထေရ်၏။ သန္တိကံ၊ အထံသို့။ ပါဟေသိ၊ လွှတ်လိုက်ပါပြီ။

ပြင်းထန်သော ဝေဒနာ

မထေရ်မြတ်သည် ရဟန်းတော်တို့နှင့် အတူတကွ မယ်တော်၏ ပြာသာဒ်သို့ တက်ရောက် ၍ မွေးဖွားရာဖြစ်သော တိုက်ခန်းသို့ ဝင်ရောက်၍ ထိုင်နေပါသည်။ ထိုင်နေပြီး၍—

တုမှာကံ၊ သင်တို့၏၊ ဝသနဋ္ဌာနံ၊ နေရာအရပ်သို့။ ဂစ္ဆထ၊ သွားကြကုန်လော့။ ဤတိ၊ ဤသို့။ ဘိက္ခူ၊၊ ရဟန်းတော်တို့ကို။ ဥယျောဇေသိ၊ လွှတ်လိုက်ပါပြီ

ထိုရဟန်းတော်တို့သည် သွားကာမျှဖြစ်ကုန်လတ်သော်သာလျှင် ရှင်သာရိပုတ္တရာမထေရ်မြတ်အား ပြင်းထန်သော အနာသည် ဖြစ်ပေါ်ပါသည်။ သေလောက်အောင်သော သွေးအန်သည့် ဝေဒနာတို့သည် ဖြစ်ကြပါကုန်သည်။ တခုသော ခွက်သည် ဝင်ရောက်လာ၏။ တခုသော ခွက်သည် ထွက်၍ သွားပါသည်။

ဗြာဟ္မဏီ၊ မယ်တော်ဖြစ်သော ပုဏ္ဏေးမကြီးသည်။ မမ၊ ငါ၏။ ပုတ္တာသ၊ သား၏။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ မယှံ၊ ငါသည်။ နံ ရုစ္စတိ၊ မနှစ်သက်အပ်။ ဤတိ၊ ဤသို့။ ဝသနဂဗ္ဘဒ္ဒါရံ၊ နေထိုင်ရာဖြစ်သော အခန်းတံခါးကို။ နိဿာယ၊ အမှီပြု၍ ။ အဋ္ဌာသိ၊ ရပ်၍ နေပါသည်။

နတ်ဗြဟ္မာတို့ လာရောက်ကြခြင်း

စတ္တာရော၊ လေးယောက်ကုန်သော။ မဟာရာဇာနော၊ နတ်မင်းကြီး တို့သည်။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ မထေရ်မြတ်သည်။ကုဟိ ံ၊ အဘယ်အရပ်၌။ ဝိဟာရတိ၊ နေတော် မူပါဘိသနည်း။ ဣတိ၊ ဤသို့။ ဩလောကေန္တော၊ ကြည့်ရှုကြကုန်သည်ရှိသော်။ နာလကဂါမေ၊ နာလကရွာ၌။ ဇာတော၀ရကော၊ မွေးဖွားရာတိုက်ခန်း၌။ ပရိနိဗ္ဗာနမဉ္စေ၊ ပရိနိဗ္ဗာန်စံယူရာဖြစ်သော ညောင်စောင်း၌။ နိပန္နော၊ လျောင်းစက်တော်မူ၏။ မယံ၊ငါတို့သည်။ ပစ္ဆိမဒဿနံ၊ နောက်ဆုံး ဖူးမျှော် ခြင်းကို။ ဂမိဿာမ၊ သွားကုန်ဦးအံ့။ ဣတိ၊ ဤသို့။ အာဂမ္မ၊ လာရောက် ကြကုန်၍။ ဝန္ဒိတ္ဝာ၊ရှိခိုး၍ ။ အဋ္ဌံသု၊ ရပ်တည်ကြလေကုန်ပြီ။

တုမ္မေ၊ သင်တို့သည်။ ကော၊ အဘယ်သူတို့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ မဟာရာဇာနော၊ စတုလောကပါလ နတ်မင်းကြီး လေးယောက်တို့ပါတည်း။ ဣတိ၊ ဤသို့။ အာဟံသု၊ လျှောက်ထားကြကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တုမ္မေ၊ သင်တို့သည်။ အာဂတာ၊ လာရောက်ကြကုန်သည်။ အတ္ထိ၊ ဖြစ်ကြ ကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ ဂိလာနုပဋ္ဌာကာ၊ ဂိလာနအလုပ်အကျေး တို့သည်။ ဘဝိဿာမ၊ ဖြစ်ပါကုန်အံ့။ ဣတိ၊ ဤသို့။ အာဟံသု၊ လျှောက် ထားကြလေကုန်ပြီ။ ဟောတု၊ ရှိစေတော့။ ဂိလာနုပဋ္ဌာကော၊ မကျန်းမမာ သော ပုဂ္ဂိုလ်ကို လုပ်ကျေးသော ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ တုမ္မေ၊ သင်တို့ သည်။ ဂစ္ဆထ၊ သွားကြကုန်လော့။ ဣတိ၊ ဤသို့။ ဥယျောဇေသိ၊ လွှတ်လိုက် တော်မူပြီ။တေသံ၊ ထိုနတ်မင်းကြီးလေးယောက်တို့၏။ ဂတာ၀သာနေ၊ သွား သည်၏ အဆုံး၌။တေနေ၀ နယေန၊ ထိုနည်းအားဖြင့်သာလျှင်။ဒေ၀ါနမိန္ဒော၊ နတ်တို့ကို အစိုးရသော ။သက္ကော၊ သိကြားမင်းသည်။ အာဂတော၊ ရောက် လာပြီ။ တသ္မိ ံ ဂတေ၊ ထိုသိကြားမင်းသွားလတ်သည်ရှိသော်။ မဟာ ဗြဟ္မာစ၊ မဟာဗြဟ္မာကြီးသည်၎င်း။ အာဂမိ ံသု၊ လာကြလေကုန်ပြီ။ တေပိ၊ ထိုသိကြားမင်း မဟာဗြဟ္မာကြီးတို့ကိုလည်း။ တထေ၀၊ ထိုရှေးနည်းအတူ သာလျှင်။ ထေရော၊ မထေရ်မြတ်သည်။ ဥယျောဇေသိ၊ လွှတ်လိုက်တော် မူပြီ။

မယ်တော်ပုဏ္ဏားမကြီး ဝင်ရောက်ခြင်း

ဗြာဟ္မဏီ၊ မိခင်ဖြစ်သော ပုဏ္ဏေးမကြီးသည်။ ဒေဝတာနံ၊ နတ်တို့၏။ အာဂမနဉ္စ၊ လာရောက်ခြင်းကိုငုံး။ ဂမနဉ္စ၊ ပြန်သွားခြင်းကိုငုံး။ ဒိဿာ၊ တွေ့မြင်ရသည်ဖြစ်၍ ။ "မမ၊ ငါ၏။ ပုတ္တံ၊ သားကို။ ဝန္ဒိတ္ဝာ၊ ရှိခိုး၍ ။ ဧတေ၊ ဤသူတို့သည်။ ဂစ္ဆန္တိ၊ ပြန်သွားကြလေကုန်၏။ တေ၊ ထိုသူတို့သည်။ ကေ နု ခေါ၊ အဘယ်သူတို့ ဖြစ်ကြလေသနည်း"။ဣတိ၊ ဤသို့။ထေရဿ၊ အရှင် သာရိပုတ္တရာမထေရ်၏။ ဂဗ္ဘဒ္ဒါရုံ၊ တိုက်ခန်းတံခါးသို့။ ဂန္ဒွာ၊ သွား၍။ တာတစုန္ဒ၊ ချစ်သားစုန္ဒ။ ပဝတ္တိ၊ ဖြစ်ပုံသည်။ ကာ၊ အသို့ရှိလေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်း၏။

သော၊ ထိုစုန္ဒမထေရ်သည်။တံ ပဝတ္တိ ံ၊ထိုအကြောင်းကို။ အာစိက္ခိတ္ဝာ၊ ပြောကြား၍။ ဘန္တေ၊ အိုနောင်တော်ကြီး အရှင်ဘုရား....။ မဟာဥပါသိကာ၊ မိခင်ဖြစ်သော ဥပါသိကာ ဒါယိကာမကြီးသည်။ အာဂတာ၊ လာရောက်ပါ၏။ ဣတိ၊ ဤသို့၊ အာဟ၊ လျှောက်ထား၏။

ထေရော၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ "ကသ္မာ၊ အဘယ့်ကြောင့်။ အဝေလာယ၊ အချိန်မဟုတ်သော အခါ၌။ အာဂတာ၊ လာရောက်ရလေသနည်း"။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းတော်မူ၏။ သာ၊ ထိုမိခင် ဒါယိကာမကြီးသည်၊ "တာတ၊ ချစ်သား....။ တုယ္ဟံ၊ သင့်ကို။ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းအလို့ငှါ၊အာဂတာ၊ရောက်လာခဲ့ရ၏။" ဣတိ၊ဤသို့။ဝတ္ဝာ၊ ဆို၍။ "တာတ၊ ချစ်သား....။ ပဌမံ၊ရှေးဦးစွာ။ အာဂတာ၊လာရောက်ကြကုန်သော သူတို့သည်။ ကေ၊ အဘယ်သူတို့ဖြစ်ကြလေကုန်သနည်း။" ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းရှာ၏။ "ဥပါသိကေ၊ မိခင်ဒါယိကာမကြီး....။ စတ္တာရော၊ လေးယောက်ကုန်သော။ မဟာရာဇာနော၊ စတုလောကပါလ နတ်မင်းကြီးတို့တည်း။" ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

နတ်မင်းကြီးတို့ထက်ပင် မြတ်သေးသလား

တာတ၊ ချစ်သား....။ တုံ၊ သင်သည်။ စတူဟိ၊ လေးယောက်ကုန်သော။ မဟာရာဇေဟိ၊ နတ်မင်းကြီးတို့ထက်။ မဟန္တတရော၊ အထူးသဖြင့် သာလွန်၍ မြတ်လေသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းရှာ၏။ ဥပါသိကေ၊

ဒါယိကာမကြီး....။ ဧတေ၊ ထိုနတ်မင်းကြီးလေးယောက်တို့သည်။ အာရာမိကာသဒိသာ၊ အရံစောင့်နှင့် တူကြကုန်၏။ အမှာကံ၊ ငါတို့၏။ သတ္ထု၊ မြတ်စွာဘုရား၏။ပဋိသန္ဓိဂ္ဟဏတော ပဋ္ဌာယ၊ပဋိသန္ဓေယူသော အခါမှစ၍။ ဧဂုဟတ္ထာ၊ သန်လျက်လက်ဦစွဲကြကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ အာရက္ခံ၊ အစောင့်အရှောက်ကို။အကံသု၊ ပြုကြရရှာကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

သိကြားထက်ပင် မြတ်သေးသလား

တာတ၊ ချစ်သား....။ တေသံ၊ ထိုနတ်မင်းကြီးတို့၏။ ဂတာဝသာနေ၊ သွားပြီးသည်၏ အဆုံး၌။ ကော၊ အဘယ်မည်သောသူသည်။ အာဂတော၊ ရောက်လာသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းရှာ၏။ ဒေဝါနမိန္ဒေ၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ အာဂတော၊ ရောက်လာ၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ တာတ၊ ချစ်သား။ တုံ၊သင်သည်။ ဒေဝရာဇတောပိ၊ နတ်တို့သနင်း သိကြားမင်းထက်လည်း။ မဟန္တ တရော၊ အထူးသဖြင့် သာလွန်၍ မြတ်လေတော့သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းရှာ၏။ ဥပါသိကေ၊ မိခင်ဒါယိကာမကြီး။ သေ-သော၊ ဤနတ်တို့သနင်း သိကြားမင်းသည်။ ဘဏ္ဍဂါဟသာမဏေရသဒိသော၊ ဘဏ္ဍာကို ထိန်းသိမ်းရသော ရှင်သာမဏေငယ်နှင့် တူလှပေ၏။ အမှာကံ၊ ငါတို့၏။ သတ္ထု၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏။ တာဝတိံသတော၊ တာဝတိံသာ နတ်ပြည်မှ။ ဩတရဏကာလေ၊ သက်ဆင်းသော အခါ ကာလ၌။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ဂဟေတ္ဝာ၊ ယူ၍။ ဩတိဏ္ဏော၊ သက်ဆင်း၍ လာခဲ့ရ၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

ဖြဟ္မာကြီးထက်ပင် မြတ်သေးသလား

တာတ၊ ချစ်သား....။ တဿ၊ ထိုသိကြားမင်း၏။ ဂတာဝသာနေ၊ ပြန်သွားသည်၏ အဆုံး၌။ ဧဇာတယမာနောဝိယ၊ ထွန်းလင်းပြောင်ပြောင် တောက်လောင်ဘိသကဲ့သို့။ ကော၊ အဘယ်သူသည်။ အာဂတော၊ လာရောက်လေဘိသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းရှာ၏။ ဥပါသိကေ၊ ဒါယိကာမကြီး....။ သေ-သော၊ ဤသူသည်။ တုယ္ဟံ၊ သင်၏။ ဘဂဝါ စ၊ ဘုန်းကြီးသော ဘုရားလည်း ဖြစ်သော။ သတ္ထာ စ၊ ဆရာလည်းဖြစ်သော။

မဟာဗြဟ္မာနာမ၊ မဟာဗြဟ္မာကြီး မည်လေတော့၏။ ဣတိ၊ ဤသို့။ အာဟာ၊ မိန့်တော်မူ၏။ တာတ၊ ချစ်သား....။ တုံ၊သင်သည်။ မယှံ၊ ငါ၏။ ဘဂဝတော၊ ဘုန်းကြီးသော ဘုရားဖြစ်သော။ မဟာဗြဟ္မာတောပိ၊ မဟာဗြဟ္မာမင်းကြီး ထက်လည်း။ မဟန္တရော၊ အထူးသဖြင့် သာလွန်၍ မြတ်လေတော့သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းရှာ၏။ ဥပါသိကော၊ မွေးသည့်မိခင် ကျေးဇူးရှင် ဒါယိကာမကြီး....။အာမ၊ ဟုတ်ပေ၏။ ဧတေ နာမ၊ ဤမဟာဗြဟ္မာကြီး တို့မည်သည်။ အမ္မာကံ၊ငါတို့၏။ သတ္ထု၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဇာတဒိဝသေ၊ ဖွားမြင်တော်မူသောနေ့၌၊ စတ္တာရော၊ လေးယောက်ကုန်သော။ မဟာဗြဟ္မာနော၊ မဟာဗြဟ္မာကြီးတို့သည်။ မဟာပုရိသံ၊ အလောင်းတော်မြတ် ဗောဓိသတ်ကို။ သုဇဏ္ဏဇာလေန၊ ရွှေကွန်ရက်ဖြင့်။ ပဋိဂ္ဂဏှိံ သုကိရ၊ ခံယူကြရကုန်သတတ်....။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပြီ။

သားနှင့်စာသော် ဘုရားသည်ကား

ထိုအခါ၌ သာရိမည်သော မိခင် ပုဏ္ဏားမကြီး၏—

တာဝ၊ ရှေးဦးစွာ။ မေ၊ ငါ၏၊ ပုတ္တဿ၊ သား၏။ အယံ အာနုဘာဝေါ၊ ဤအာနုဘော်သည်။ ဟောတိ၊ ဖြစ်၏။ မယှံ၊ ငါ၏။ ပုတ္တဿ၊ သား၏။ သတ္ထု၊ ဆရာဖြစ်တော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏။ အာနုဘာဝေါ၊ တန်းခိုးတေဇော် အာနုဘော်သည်။ ဝတ၊ စင်စစ်။ ကိဒိသော၊ အဘယ်ကဲ့သို့ သဘောရှိသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်နည်း။ ဣတိ၊ ဤသို့။ စိန္တယန္တိယာ၊ ကြံစည်အောက်မေ့၍ နေစဉ်။ သဟသာ၊ ရုတ်တရက်။ ပဥ္ဇဝဏ္ဏာ၊ အဆင်းငါးမျိုးရှိသော။ ပီတိ၊ ပီတိသည်။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်၍။ သကလသရီရံ၊ တကိုယ်လုံးကို။ ဖရိ၊ ပျံ့နှံ့၍ သွားလေ၏။

မယ်တော်ကို တရားဟောခြင်း

ထေရော၊ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ မေ၊ ငါ၏။ မာတု၊ မွေးသည့်မိခင် ကျေးဇူးရှင်အား။ ပီတိသောမနဿံ၊ နှစ်သက်ဝမ်းမြောက်ခြင်းသည်။ ဥပ္ပန္နံ၊ ဖြစ်၍ နေ၏။ ဒါနိ-ဣဒါနိ၊ ယခုအခါ ကာလဒ္ဒီ။ မမ ဒေဿနာယ၊ တရားဟောခြင်းငှါ။အယံ ကာလော၊ ဤအခါပင် ဖြစ်ပေတော့၏။ ဣတိ၊ ဤသို့။ စိန္တေတ္ဝာ၊ ကြံစည်ပြီး၍။ “မဟာဥပါသိကော၊ မွေးသည့်မိခင် ကျေးဇူးရှင် ဒါယိကာမကြီး....။တုံ၊ သင်သည်။ကိံ၊အဘယ်ကို။စိန္တေသိ၊

ကြံစည်အောက်မေ့၍ နေပါဘိသနည်း”။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

သာ၊ ထိုမိခင် ပုဏ္ဏေးမကြီးသည်။ တာဝ၊ ရှေးဦးစွာ။ မေ၊ ငါ၏။ ပုတ္တဿ၊ သား၏။အယံ ဂုဏော၊ ဤဂုဏ်ကျေးဇူးသည်။ ဟောတိ၊ ဖြစ်ပေ၏။ ပန၊ သို့သော်လည်း၊ အဿ၊ ထိုသား၏။ သတ္ထု၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဂုဏော၊ ဂုဏ်ကျေးဇူးသည်။ ကိဒိသော၊ အဘယ်ကဲ့သို့ သဘောရှိသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်နည်း။ ဣတိ၊ ဤသို့။ ဣဒံ၊ ဤအကြောင်းအရာကို။ စိန္တေမိ၊ ကြံစည် စဉ်းစား၍ နေပါ၏၊ ဣတိ၊ ဤသို့။ အာဟ၊ ပြောကြားလေ၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ်က မေ့းသည့်မိခင် ကျေးဇူးရှင် ဥပါသိကာ-ဒါယိကာမကြီး....ငါ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ ဖွားမြင်တော်မူသော ခဏ်၌ဌင်း၊ မြတ်သောတောထွက်ခြင်းကို ထွက်တော်မူသော အခါကာလ၌ဌင်း၊ သစ္စာလေးပါးသိမြင်တော်မူသော အခါကာလ၌ဌင်း၊ ဓမ္မစက္ကပဝတ္တနသုတ်တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူသော အခါကာလ၌ဌင်း၊ တသောင်းသော လောကဓာတ်သည် တုန်လှုပ်ခဲ့လေပြီ။ သိလအားဖြင့်ဌင်း၊ သမာဓိနှင့်ဌင်း၊ ပညာနှင့်ဌင်း။ ဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တဖိုလ်နှင့်ဌင်း၊ ဝိမုတ္တိဉာဏဒဿနနှင့်ဌင်း တူသော ပုဂ္ဂိုလ်မည်သည် လောက၌ မရှိ။သော ဘဂဝါထိုဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံတည်းဟူသော ဂုဏ်တော်ကြီးနှင့် အံ့ခြိုးမကုန် ဘဝဂ်ဘုံတိုင်အောင် ပျံ့လှိုင်ကျော်စောတော်မူပါပေ၏။ ဣတိ၊ ဤသို့။ ဝိတ္ထာရေတွာ၊ အကျယ်ခဲ့၍။ ဗုဒ္ဓဂုဏပဋိသံယုတ္တံ၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် ယှဉ်စပ်သော။ မေမဒေသနံ၊ တရားဒေသနာတော်မြတ်ကို။ ကထေသိ၊ ဟောကြားတော်မူပြီ။

စောစောက ဘာကြောင့်မပေးခဲ့သလဲ

သာရိမည်သော ရှင်သာရိပုတ္တရာ၏ မယ်တော်ပုဏ္ဏေးမကြီးသည် အသက်အသွင် ချစ်ခင်အပ်သော သား၏ တရားဒေသနာတော်၏ အဆုံး၌ သောတာပတ္တိဖိုလ်၌တည်၍ မိမိ၏ရင်နှစ်ချစ်သည့်သားကိုပြောဆိုသည်မှာ——

တာတ ဥပတိဿ ကသ္မာ ဧဝမကာသိ၊ ဧဝရူပံနာမ အမတံ မယ္ဟံ တ္တေကံ ကာလံ နာ အဒါသီတိ။

တာတ ဥပတိဿ၊ ခ်စ်သား ဥပတိဿ။ ကသ္မာ၊ အဘယ်ကြောင့်။ ဧဝံ၊ ဤသို့။ အကာသိ၊ ပြုရလေဘိသနည်း။ မယ္ဟံ၊ ငါမိခင်အား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။အမတံ၊ အမြိုက်သုဓာဘုတ် တည်းဟူသော သေခြင်း ကင်းရာ တရားမြတ်ကို။တ္တေကံ ကာလံ၊ ဤမျှအတိုင်း အရှည် ရှိသော ကာလ ပတ်လုံး။ နာ အဒါသိ၊ မပေးဘဲ နေခဲ့ရပါသနည်း။

မွေးကျေးဇူး ပေးအပ်ခဲ့ပြီ

ထို့အခါ မထေရ်မြတ်က——

ဒိန္နံ ဒါနိ မေ မာတု ရူပသာရိယာ ဗြာဟ္မဏိယာ ပေါသာဝနိကမ္မုလံ၊ တ္တေကေန ဝဋ္ဋိဿတိတိ စိန္တေတ္ဝာ "ဂစ္ဆ မဟာဥပါသိကေ" တိ ဗြာဟ္မဏိ ဥယ္ယောဇေတ္ဝာ-အစရှိသည်ဖြင့် အဋ္ဌကထာဆရာ ဖွင့်ပြပါသည်။

ဒါနိ-ဣဒါနိ၊ ယခုအခါကာလ သမယဘ္ဒ။ မေ၊ ငါ၏။ ရူပသာရိယာ၊ ရူပသာရီအမည်ရှိသော။ ဗြာဟ္မဏိယာ၊ ပုဏ္ဏားမဖြစ်သော။ မာတု၊ မွေးသည့် မိခင် ကျေးဇူးရှင်အား။ ပေါသာဝနိကမ္မုလံ၊ ကျွေးမွေးပြုပြင်သုတ်သင်လာခဲ့ ရတဲ့ ကျေးဇူးကို။ ဒိန္နံ၊ ပေးထားအပ်လေပြီ။ တ္တေကေန၊ ဤမျှလောက် သောတာပန်ဖြစ်သဖြင့်။ ဝဋ္ဋိဿတိ၊ သင့်လျော်တော့လိမ့်မည်။ ဣတိ၊ ဤသို့။ စိန္တေတ္ဝာ၊ ကြံစည်၍။ မဟာဥပါသိကေ၊ မွေးသည့်မိခင် ကျေးဇူးရှင် ဒါယိကာမကြီး။ ဂစ္ဆ၊ သွားပေလော့။ ဣတိ၊ ဤသို့။ ဗြာဟ္မဏိ ံ၊ မွေးသည့်မိခင် ကျေးဇူးရှင် ဖြစ်သော ရူပသာရိပုဏ္ဏားမကြီးကို။ ဥယ္ယောဇေတ္ဝာ၊ လွှတ်လိုက်၍။ စုန္ဒ၊ငါ့ညီ စုန္ဒ....။ ကာ ဝေလာ၊ အဘယ်အချိန်သို့ ကျရောက်၍ နေပါသနည်း။ ဣတိ၊ ဤသို့။ အာဟာ၊ မိန့်တော်မူပါသည်။ ဘန္တေ၊ နောင်တော်ကြီး ဖြစ်တော်မူသော အရှင်ဘုရား....။ ဗလဝပစ္စူသသမယော၊ မိုးသောက်ထနီး လင်းအားကြီးသော အချိန်ကာလဖြစ်ပါသည် အရှင်ဘုရား။ ဣတိ၊ ဤသို့။ အာဟာ၊ လျှောက်ထား၏။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ သန္ဓိပါတေဟိ၊ စည်းဝေးပါလော့။ ဣတိ၊ ဤသို့။ အာဟာ၊ မိန့်တော်မူပါသည်။ ဘန္တေ၊ နောင်တော်ကြီး ဖြစ်တော်မူသော အရှင်ဘုရား။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ သန္ဓိပတိတော၊ စည်းဝေးမိပါပြီဘုရား။ ဣတိ၊ ဤသို့။ အာဟာ၊ လျှောက်ထားပါသည်။ စုန္ဒ၊ ငါ့ညီစုန္ဒ....။ မံ၊ ငါ့ကို။ ဥက္ခိပိတ္ဝာ၊ ချီမ၍ ။

နိသီဒါပေဟိ၊ ထိုင်စေပါလော့။ ကျတိ၊ ဤသို့။ ဝုတ္တော၊ ပြောဆိုအပ်သည် ရှိသော်။ ဥက္ခိပိတ္ဝာ၊ ချိမ၍ ။ နိသီဒါပေသိ၊ ထိုင်စေပြီ။

လေးဆယ့်လေးနှစ် ကာလပတ်လုံး

ရှင်သာရိပုတ္တရာမထေရ်မြတ်သည် အခြံအရံဖြစ်ကုန်သော ရဟန်းတော်တို့ကို ဤသို့အမိန့်ရှိပါသည်။

အာဝုသော၊ငါ့ရှင်တို့.... ။စတုစတ္တာလီသံ ဝဿာနိ၊လေးဆယ့်လေးနှစ်တို့ ကာလပတ်လုံး။ မယာ၊ ငါနှင့်။ သဒ္ဓိ ံ၊ အတူတကွ။ ဝိစရေန္တာနံ၊ လှည့်လည် သွားလာ၍ နေကြရကုန်သော။ ဝေါ၊ သင်တို့အား။ မေ၊ ငါ၏။ ယံ ကာ-ယိကံဝါ၊ အကြင်ကိုယ်၌ဖြစ်သော အမူအရာကိုဎင်း။ ယံ ဝါစသိကံဝါ၊ အကြင် နှုတ်၌ဖြစ်သော အမူအရာကိုဎင်း။ န ရောစေထ၊ မနှစ်သက်ခဲ့ကြကုန်ငြားအံ့။ အာဝုသော၊ များစွာသောင်းသောင်း တပည့်အပေါင်းတို့.... ။ တံ၊ ထိုမနှစ်သက်အပ်သော ကိုယ်အမူအရာ, နှုတ်အမူအရာကို။ ခမထ၊ သည်းခံကြပါကုန်လော့။ ကျတိ၊ ဤသို့။ အာမန္တေသိ၊ အားလုံးခေါ်၍ မိန့်တော်မူပါသည် ဘုရား။

ထိုအခါ တပည့်များက.... ဘန္တေ၊ ကျေးဇူးကြီးလှပေသော နောင်တော်ကြီးဘုရား.... ။ ဧတ္တကံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ဆာယာဝိယ၊ အရိပ်ကဲ့သို့။ တုမှေ၊ အရှင်ဘုရားတို့ကို။ အမုဉ္စိတ္ဝာ၊ မစွန့်မလွှတ်ကြကုန်ဘဲ။ ဝိစရန္တာနံ၊ လှည့်လည်သွားလာ၍ နေကြကုန်သော။ အမှာကံ၊ ဘုရားတပည့်တော်တို့အား။ အရုစ္စနကံနာမ၊ မနှစ်သက်ဖွယ်ရာဖြစ်သော ကိုယ်အမူအရာ, နှုတ်အမူအရာသည်။ နတ္ထိ၊ မရှိပါဘုရား။ ပန၊ စင်စစ်သော်တမှကား။ အမှာကံ၊ ဘုရားတပည့်တော်တို့၏။ ကာယိကံ ဝါ၊ မနှစ်သက်ဖွယ်ဖြစ်သော ကိုယ်အမူအရာကိုဎင်း။ ဝါစသိကံ ဝါ၊ မနှစ်သက်ဖွယ်ဖြစ်သော နှုတ်အမူအရာကိုဎင်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ ခမထ၊ သည်းခံတော်မူကြပါကုန်.... ။ ဤသို့ တပည့်ပရိသတ်ရဟန်းအပေါင်းတို့က ပြန်ပြောင်း၍ လျှောက်ထားကြပါကုန်သည်။

ပရိနိဗ္ဗာန်စံတော်မူခြင်း

ထိုအခါ၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သက်နှံးကြီးကို ယူငင်၍ မျက်နှာတော်ကို သက်နှံးဖြင့် ပိတ်ဖုံးလျက် လက်ျာညာင်စောင်း လျောင်း

စက်တော်မူပြီးလျှင် မြတ်စွာဘုရားရှင်ကဲ့သို့ ကိုးကြိမ်ကိုးခါဖြစ်သော အစဉ်အတိုင်းဖြစ်သော သမာပတ်တို့ကို ဝင်စားတော်မူ၍ အနုလောမ, ပဋိလောမ အပြန်အလှန်အားဖြင့် ဝင်စားတော်မူပြီး၍ နောက်ထပ်တဖန် ပဌမစျာန် အစပြု၍ စတုတ္ထစျာန် တိုင်အောင် ဝင်စားတော်မူပါသည်။ ထိုစတုတ္ထစျာန်မှ ထသည်၏အခြားမဲ့၌သာလျှင် မဟာပထဝီမြေ ကြီးကို သိမ့်သိမ့်မြည်ဟီး ပဲ့တင် တီးစေလျက် ခန္ဓာနာမ်ရုပ်အကြွင်းအကျန်မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံခိုကိန်း၍ ငြိမ်းတော်မူခဲ့ပါသည် ဘုရား။

မယ်တော်ကြီး၏ ပရိဒေဝမီး

ထိုအခါ မိခင် ဥပါသိကာ ဒါယိကာမကြီးသည်—

မေ၊ ငါ၏။ ပုတ္တော၊ သားသည်။ ကိ ံ နု ခေါ၊ အသို့ဖြစ်လေသနည်း။ ကိဉ္စိ၊ တစုံတခုသော စကားကို။ နု ကထေသိ၊ ပြောဖော်မရပါတကား။ ဣတိ၊ ဤသို့။ဥဋ္ဌာယ၊ နေရာမှထ၍ ။ပိဋ္ဌိပါဒေ၊ ခြေဖမိုးတော်တို့ကို။ ပရိမဇ္ဇန္တိ၊ သုံးသပ်သည်ရှိသော်။ ပရိနိဗ္ဗုတဘာဝံ၊ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း ငြိမ်းတော်မူသည့် အဖြစ်ကို။ ဥ တ္ဝာ၊ သိ၍။ မဟာသဒ္ဒံ၊ ကြီးကျယ်စွာသော အသံကို။ ကုရုမာနာ၊ ပြုလျက်။ ပါဒေသု၊ ခြေတော်အစုံတို့၌။ နိပတိတ္ဝာ၊ ဝပ်၍။ “တာတ၊ ချစ်သား....။ မယံ၊ ငါတို့သည်။ ဣတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ တဝ၊ သင်ချစ်သား၏။ ဂုဏံ၊ သို့စင်ကလောက်ကြီးကျယ်သော ဂုဏ်ကျေးဇူးကို။ နဇာနိမှာ၊ မသိခဲ့ကြရပါကုန်။ ဣဒါနိ ပန၊ ဤယခုအခါ၌မူကား။ တံ၊ သင်ချစ်သားကို။ အာဒိ ံ ကတ္ဝာ၊ အဦးအစပြု၍ ။ အနေကသတော၊ အရာမက များလှစွာကုန်သော။ အနေကသဟဿေ၊ အထောင်မက များလှစွာကုန်သော။ အနေကသတသဟဿေ၊ အသိန်းမက များလှစွာကုန်သော။ ဘိက္ခူ၊၊ ရဟန်းတော်တို့ကို။ ဣမသ္မိ ံ နိဝေသနေ၊ ဤနေရာတိုက်ခန်း၌။ နိသီဒါပေတ္ဝာ၊ သီတင်းသုံးစေပြီး၍။ ဘောဇေတုံ၊ ဆွမ်းလုပ်ကျွေးခြင်းငှါ။ နု လဘိမှာ၊ မရခဲ့ကြကုန်တကား။ စီဝရေဟိ၊ သင်္ကန်းတို့ဖြင့်။ အစ္ဆာဒေတုံ၊ ဖုံးလွှမ်းလျှဲခါန်းခြင်းငှါ။ နလဘိမှာ၊ မရခဲ့ကြကုန်တကား။ ဝိဟာရသတံ၊ ကျောင်းပေါင်းအရာကိုဌင်း။ ဝိဟာရသဟဿံ၊ ကျောင်းပေါင်းအထောင်ကိုဌင်း။ ကာရေတုံ၊ ဆောက်လုပ်ခြင်းငှါ။ နု လဘိမှာ၊ မရခဲ့ကြကုန်တကား။ ယာဝအရုဏုဂ္ဂမနာ၊ နေအရုဏ်တက်သည် တိုင်အောင်။ ပရိဒေဝိ၊ တကျွဲကျွဲ ဟစ်၍ ငိုကြွေးရှာလေ၏။ အရုဏော၊ နေအရုဏ်သည်။ ဥဂ္ဂတမတ္တေယေဝ၊

တက်ကာမျှဖြစ်လုလတ်သော်သာလျှင်။ သုဝဏ္ဏကာရ၊ ရွှေပန်းထိမ်သည်တို့ကို။ ပက္ကောသာပေတ္ဝာ၊ ခေါ်စေ၍။ သုဝဏ္ဏကဋ္ဌိ၊ ရွှေတိုက်ခန်းကို။ ဝိဝရာပေတ္ဝာ၊ ဖွင့်လှစ်စေ၍။ သုဝဏ္ဏဃဋိယော၊ ရွှေအိုးကြီးတို့ကို။ မဟာတုလာယ၊ ကြီးကျယ်လှစွာသော ချိန်ခွင်ဖြင့်။ တုလာပေတ္ဝာ၊ ချိန်စေ၍။ ပဠဳကဋ္ဌာဂါရသတာနိ၊ ငါးရာသော ပြာသာဒ်အထွဋ်တို့ကိုဂုဏ်း။ ပဋ္ဌသုဝဏ္ဏသတာနိ၊ ငါးရာသော ပန်းကုံးတို့ကိုဂုဏ်း။ ကရောထ၊ ပြုကြကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဒါပေတိ၊ ပေးစေပါသည်ဘုရား။

ပြာသာဒ်ပေါင်း နှစ်ထောင်

နတ်တို့၏မင်းဖြစ်သော သိကြားမင်းသည်လည်း ဝိသကြုံနတ်သားကို ခေါ်၍ "အမောင် ဝိသကြုံနတ်သား....။ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန် စံယူတော်မူခဲ့လေပြီ။ ငါးရာသော ပြာသာဒ်တို့ကိုဂုဏ်း။ ငါးရာသော ပန်းကုံးတို့ကိုဂုဏ်း။ ဖန်ဆင်းပါလော့။ ဤသို့မိန့်ကြားပါသည်။ ဤသို့ မိခင်ဖြစ်သော ဥပါသိကာ ဒါယိကာမကြီးက ပြုလုပ်အပ်ကုန်သော ပြာသာဒ်တို့သည်၎င်း ပန်းဆိုင်းတို့သည်၎င်း၊ ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်ကုန်သော ပြာသာဒ် ပန်းဆိုင်းတို့သည်၎င်း အလုံးစုံတို့သည် နှစ်ထောင်တို့ ဖြစ်ကြပါကုန်သည်။

လူတရစ် နတ်တရစ်

ထို့နောင်မှ မြို့၏အလယ်၌ အနှစ်ဖြင့် ပြီးသော ကြီးကျယ်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ မဏ္ဍပ်၏အလယ်၌ ကြီးကျယ်လှစွာသော ပြာသာဒ်ဆောင်ကြီးကိုထား၍ ကြွင်းကုန်သော ပြာသာဒ်တို့ကို အခြံအရံအမှတ်အသားအားဖြင့် ထား၍ သာဓုကီဠိက မည်သော စျာပနသဘင် ဆင်ယင်ကျင်းပခြင်းကို အားထုတ်ပြုလုပ်ကြပါကုန်သည်။ နတ်တို့၏အကြား၌ လူတို့ဖြစ်ကြပါကုန်သည်။ လူတို့၏ အကြား၌ နတ်တို့ဖြစ်ကြပါကုန်သည်။ လူနှင့်နတ် ရောယှက်ရှုပ်ထွေး၍ နေကြပါကုန်သည် ဘုရား။

ရေဝတီ ဒါယိကာမ .

မထေရ်မြတ်၏ အလုပ်အကျွေးဖြစ်သော ရေဝတီ အမည်ရှိသော ဥပါသိကာ ဒါယိကာမတယောက်သည် ငါသည် မထေရ်မြတ်ကို ပူဇော်ဦးအံ့ဟု

ရှေ့ဖြင့်ပြီးသော ပန်းပင်တို့ဖြင့် ပြည့်သော အိုးသုံးလုံးတို့ကို ပြုလုပ်စေပါသည်၊ မထေရ်မြတ်အား ပူဇော်ခြင်းကို ပြုလုပ်တော့အံ့ဟု နတ်တို့၏ မင်းဖြစ်သော သိကြားမင်းသည် နှစ်ကုဋေငါးသန်းသော ကခေျသည်တို့သည် ခြံရံအပ်သည် ဖြစ်၍ တာဝတိံသာနတ်ပြည်မှ ဆင်းသက်၍ လာခဲ့ပါသည်။ "သိကြားမင်း ဆင်းလာသည် သိကြားမင်းဆင်းလာသည်"ဟူ၍ များစွာသော လူအပေါင်း သည် နောက်သို့ ရှေးရှုလျက် ဆုတ်၍ သွားကြပါသည်။ ထိုသို့များစွာသော လူအပေါင်း နောက်ဆုတ်သွားရာ၌ ရေဝတီအမည်ရှိသော ဥပါသိကာ ဒါယိကာမသည်လည်း အိုးကြီးသုံးလုံးရွက်လျက် နောက်ဆုတ်နောက်ဆုတ်သွားရပါသည်။ ကြီးကျယ်လေးလံသော ဝန်ကို ဆောင်ယူ၍ ထားရသည်၏အဖြစ်ကြောင့် တခုသော အစွန်အနားသို့ဖဲ့၍ နေခြင်းငှါမစွမ်းနိုင်သည်ဖြစ်၍ လူတို့၏ အလယ်ကြား၌ လဲသွားပါသည်။ လူအပေါင်းတို့ကလည်း မမြင်ကြကုန်သည် ဖြစ်၍ ထိုရေဝတီ ဥပါသိကာမကို နင်း၍ သွားကြပါကုန်သည်။

ထိုရေဝတီအမည်ရှိသော ဥပါသိကာ ဒါယိကာမသည် ထိုအရပ်၌ပင် လျင် သေ၍ တာဝတိံသာနတ်ပြည်ဝယ် ရှေ့ဖြင့်ပြီးသော ဗိမာန်၌ နတ်သမီး ဖြစ်ပါသည်။ နတ်သမီးဖြစ်သော ခဏ၌ပင်လျင် ထိုရေဝတီမည်သော နတ်သမီး၏ ရတနာတုံး ရတနာအဆိုင်ကဲ့သို့ သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ကိုယ်ခန္ဓာသည် ဖြစ်ပါသည်။ လှည်းခြောက်ဆယ်ပြည့်လောက်အောင် ပမာဏ အတိုင်းအရှည်ရှိသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်သော နတ်သမီးတထောင် အခြံအရံရှိပါသည်။

ဗိမာန်နှင့်တကွ ဆင်းလာခြင်း

ထိုအခါ၌ ထိုရေဝတီနတ်သမီး၏ နတ်၌ဖြစ်သော ကိုယ်လုံးပေါ် မှန်ကြီးကို ရှေ၌ထားကြပါကုန်သည်။ ထိုရေဝတီနတ်သမီးသည် မိမိ၏ အသရေ၏ ပြည့်စုံခြင်းကို မြင်ရသည်ဖြစ်၍ "ဤစည်းစိမ်ချမ်းသာသည် မွန်မြတ်လှပေ၏။ ဘယ်ကုသိုလ် ကောင်းမှုကံကို ငါသည် ပြုလုပ်ခဲ့လေသနည်း" ဟု စဉ်းစားဆင်ခြင်သည် ရှိသော်—

မယာ၊ ငါသည်။ သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာမထေရ်မြတ်၏။ ပရိနိဗ္ဗုတဌာနေ၊ ပရိနိဗ္ဗာန်စံယူတော်မူသော အရပ်၌။ တံဟိ သုဝဏ္ဏပုပ္ဖ-ကုမ္ဘဟိ၊ သုံးလုံးကုန်သော ရွှေပန်းအိုးတို့ဖြင့်။ ပူဇာ၊ ပူဇော်ခြင်းကို။ ကတာ၊

ပြုအပ်ခဲ့လေပြီ။ မဟာဇနော၊ လူအပေါင်းက။ မံ၊ ငါ့ကို။ မဒ္ဒိတ္ဝာ၊ နင်း၍ ။ ဂတော သွားခဲ့လေ၏။ သာဟံ၊ ထိုငါသည်။ တတ္ထ၊ထိုအရပ်၌။ ကာလံကတ္ဝာ၊ သေခဲ့၍ ။ ဣမုပပန္နာ၊ ဤနတ်ပြည်သို့ ရောက်၍ လာခဲ့လေ၏။ ထေရံ၊ မထေရ်မြတ်ကို။ နိဿာယ၊ အမှီပြု၍ ။ လဒ္ဓံ၊ရအပ်သော။ ပုညဝိပါကံ၊ ကုသိုလ်ကောင်းမှု၏ အကျိုးကို။ ဣဒါနိ၊ ယခုအခါ၌။ မနုဿာနံ၊ လူအပေါင်း တို့အား။ ကထေဿာမိ၊ ပြောကြားဦးတော့အံ့။ ဣတိ၊ ဤသို့။ ဝိမာနေနေဝ၊ ဗိမာန်နှင့်သာလျှင်။ သဟ၊ တကွ။ ဩတရိ၊ နတ်ပြည်မှ သက်ဆင်း၍ လာခဲ့ပါသည်။

လူမျှားအပေါင်းသည်လည်း အဝေးကပင်လျှင် မြင်တွေ့ကြကုန်သည်ဖြစ်၍—

နေနှစ်စင်းလေလော?

ကံ ံနုခေါ်၊ အသို့လေနည်း။ ဒဋ္ဌဿုရိယာ၊ နေနှစ်စင်းတို့သည်။ ဥဋ္ဌိတာနုခေါ်၊ ထွက်၍ တက်၍ လာကြလေကုန်သလော။ ဣတိ၊ ဤသို့။ ဩလောကေန္တော၊ ကြည့်ရှုလတ်သည်ရှိသော်။ ဝိမာနေ၊ နတ်ဘုံဗိမာန်သည်။ အာဂစ္ဆန္တေ၊ တစ္ဆေ့စ္ဆေ့ လာလတ်သည်ရှိသော်။ ကူဋာဂါရသဏ္ဌာနံ၊ နတ်ပြာသာဒ်၏သဏ္ဌာန်သည်။ ပညာယတိ၊ ထင်ရှား၍ လာ၏။ အယံ၊ ဤအရာသည်ကား။ နု သုရိယော၊ နေမဟုတ်။ တေံ၊ ဤအရာသည်။ ဧကံ၊ တခုသော။ ဝိမာနံ၊ နတ်ဘုံဗိမာန်တည်း။ ဣတိ၊ ဤသို့။ အာဟ၊ ပြောကြားကြပါသည်။

ထိုဘုံဗိမာန်သည်လည်း ထိုခဏ၌ပင်လျှင် လာရောက်၍ မထေရ်မြတ်၏ နှံသာထင်းပုံထက်၌ ဖြစ်သော ကောင်းကင်အရပ်၌ တည်ရှိပါသည်။ နတ်သမီးသည် မိမိ၏ ဘုံဗိမာန်ကို ကောင်းကင်၌ပင်လျှင် ထားခဲ့၍ မြေကြီးသို့ ကိုယ်တိုင် ဆင်းသက်၍ လာခဲ့ပါသည်။

ထိုအခါလူအပေါင်းက....အယျေ၊ အရှင်မ-နတ်သမီး....။ တုံ၊ သင်သည်။ ကာ၊ အဘယ်သူကဖြစ်တဲ့ နတ်သမီးပါနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းကြပါသည်။ "တုမ္ဟေ၊ သင်တို့က။ မံ၊ ငါ့ကို။ နု ဇာနာထ၊ မသိကြကုန်သလော။ အဟံ၊ ငါသည်။ ရေဝတီနာမ၊ မထေရ်မြတ်၏ အလုပ်အကျွေးဖြစ်သော ရေဝတီအမည်ရှိသော ဒါယိကာမပေတည်း။ တီဟိ သုဝဏ္ဏပုပ္ဖ-

ကုမ္ဘဟိ၊ ရွှေပန်းပွင့်အိုးသုံးလုံးတို့ဖြင့်။ ထေရံ၊ မထေရ်မြတ်ကို။ပူဇော်ကတ္ဝာ၊ ပူဇော်ခြင်းကိုပြု၍ ။ မနုဿေဟိ၊ လူအပေါင်းတို့က။မဒ္ဒိတာ၊ နှင်းအပ်သည်ဖြစ်၍ ။ ကာလံကတ္ဝာ၊ သေ၍ ။ တာဝတိံသဘဝနေ၊တာဝတိံ သာနတ်ပြည်၌။နိဗ္ဗတ္တာ၊ ဖြစ်ခဲ့ပြီ။မေ၊ငါ၏။ သိရိသမ္ပတ္တိံ၊အသရေ၏ ပြည့်စုံခြင်းကို။ ပသဿထ၊ ကြည့်စမ်းကြကုန်လော့။ ဒါနိ- ဣဒါနိ၊ယခုအခါကာလ၌။ တုမှေပိ၊ သင်တို့သည်လည်း။ ဒါနာနိ၊ အလှူဒါနတို့ကို။ ဒေထ၊ပေးလှူကြကုန်လော့။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောထ၊ ပြုကြကုန်လော့” ။ ဣတိ၊ ဤသို့။ ကုသလကိရိယာယ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း၏။ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ကထေတ္ဝာ၊ ပြောကြား၍ ။ ထေရဿ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်၏။ စိတကံ၊ နှံ့သာထင်းပုံကို။ ပဒက္ခိဏံ ကတ္ဝာ၊ လက်ျာရစ် လှည့်သည်ကိုပြု၍ ။ ဝန္ဒိတ္ဝာ၊ ရှိခိုး၍။ အတ္တာနေ၊ မိမိ၏။ ဒေဝဉ္ဉာနံယေဝ၊ နတ်ပြည်ဌာနသို့သာလျှင်။ ဂတာ၊ ပြန်သွားပါပြီဘုရား။

သာဓုကီဠိက သဘင်

လူအပေါင်းကလည်း ခုနစ်ရက်တိုင်တိုင် သာဓုကီဠိက အမည်ရသော စျာပနအမှုကို ပြုလုပ်ကျင်းပကြကုန်၍ အလုံးစုံသော နှံ့သာတို့ဖြင့် ထင်းပုံကို ပြုလုပ်ပါသည်။ အလုံးစုံသော နှံ့သာတို့ဖြင့် ပြုလုပ်၍ ထားအပ်သော ထင်းပုံသည် အတောင်ပေါင်း(၉၉)ကိုးဆယ်နှင့်ကိုးတောင်ရှိပါသည်။မထေရ်မြတ်၏ အလောင်းတော်ကို နှံ့သာထင်းပုံထက်သို့ တင်၍ မွေးသော အနှံ့ရှိသော ပန်းရင်းမည်သော မြက်၏ အသီးတို့ဖြင့် လိမ်းကျံခြယ်လှယ်ကြပါကုန်သည်။ မထေရ်မြတ်ကို သင်္ဂြိဟ်ရာဖြစ်သော အရပ်၌ အလုံးစုံသော ညဉ့်ကာလပတ်လုံး တရားပွဲကြီး ခြိမ့်ခြိမ့်ညံအောင် ဖြစ်ခဲ့ပါသည်။ အနုရုဒ္ဓါ မထေရ်မြတ်သည် အလုံးစုံသော နှံ့သာရေဖြင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်၏နှံ့သာထင်းပုံကို ငြိမ်းစေပါသည်။ ညီငယ်ဖြစ်သော စုန္ဒမထေရ်သည် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို ရေစစ်ပုဝါ၌ ထည့်၍ —

စုန္ဒ မထေရ်

မယာ၊ ငါသည်။ ဒါနိ-ဣဒါနိ၊ ယခုအခါကာလ၌။ ဣဓေဝ၊ ဤနောင်တော်ကြီးကို သင်္ဂြိဟ်ရာအရပ်၌ပင်လျှင်။ ဌာတုံ၊ တည်တံ့၍ နေခြင်းငှါ။ န သက္ကာ၊ မစွမ်းနိုင်တော့ပြီ။ မယှံ၊ ငါ၏။ ဧဇဉ္ဇာတိကဿ၊ နောင်တော်

ကြီး ဖြစ်တော်မူသော။ ဓမ္မသေနာပတိသာရိပုတ္တာတ္ထေရဿ၊ တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာမထေရ်မြတ်၏။ ပရိနိဗ္ဗုတဘာဝံ၊ ပရိနိဗ္ဗာန်ဝင်စံခိုးကိန်း၍ ငြိမ်းတော်မူသည်၏အဖြစ်ကို။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။အာရောစေဿာမိ၊လျှောက်ထားဦးအံ့။ကုတိ၊ကျိသို့။ဓာတုပရိဿာဝနံ၊ ဓာတ်တော်ထုပ်၍ထားသော ဓာတ်တော်ရေစစ်ကိုငှင်း။ ထေရဿ၊ ရှင်သာရိပုတ္တရာမထေရ်မြတ်၏။ ပတ္တစီဝရံစ၊ သပိတ်သင်္ကန်းကိုငှင်း။ ဂဟေတွာ၊ ယူ၍။ သာဝတ္ထိံ၊ သာဝတ္ထိမြို့သို့။ အဂမာသိ၊ သွားခဲ့ပါပြီဘုရား။ ဧကဉ္ဇာနေပိစ၊ တခုတည်းသော အရပ်ဌာနဉ်လည်း။ ဒုဇ္ဇရတ္တိယော၊ နှစ်ညဉ့်တိုတိုင်တိုင်။ အဝသိတွာ၊ မနေမူ၍ ။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်ဌာနတို့ဉ။ ဧကရတ္တိဝါသေနေဝ၊ တညဉ့်မျှသီတင်းသုံးခြင်းဖြင့်သာလျှင်။သာဝတ္ထိံ၊သာဝတ္ထိမြို့သို့။ ပါပုဏိ၊ ဆိုက်ရောက်ပါသည်။တမတ္ထံ၊ ထိုအကြောင်းကို။ ဒဿေတုံ၊ ပြခြင်းငှါ။ အထခေါ စုန္ဒော သမဏုဒ္ဒေသောတိအာဒိ၊ အထခေါ် စုန္ဒော သမဏုဒ္ဒေသော-ကျိသို့ အစရှိသည်ကို။ ပုတ်၊ ဟောတော်မူအပ်ပါသည် ဘုရား။

ရှင်အာနန္ဒာထံ ရှေးဦးစွာဝင်ရခြင်း

ထိုဟောတော်မူအပ်သော ပါဋိတော်ရပ်၌ ယေနာယသ္မာ အာနန္ဒော-ဟူသော ပုဒ် ၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

ယေနာယသ္မာ အာနန္ဒောတိ၊ ယေနာယသ္မာ အာနန္ဒော-ဟူသည်ကား။ ယေန၊ အကြင်အရပ်၌။ အတ္တနော၊ မိမိ၏။ ဥပဋ္ဌာယော၊ ဥပဋ္ဌာယ်ဖြစ်တော်မူသော။ ဓမ္မဘဏ္ဍာဂါရိကော၊ တရားဘဏ္ဍာစိုးကြီး ဖြစ်တော်မူသော။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုအရှင်အာနန္ဒာ ရှိရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပါသည်။

ကသ္မာ၊ အဘယ်ကြောင့်။ သေ-သော စုန္ဒော၊ ကျိသမဏုဒ္ဒေသ စုန္ဒသည်။ ဥဇုကံ၊ ဖြောင့်ဖြောင့်။ သတ္ထု၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏၊ သန္တိကံ၊ အထံသို့။ အဂန္ဆာ၊ မသွားမူ၍ ။ထေရဿ၊ အရှင် အာနန္ဒာ မထေရ်၏။ သန္တိကံ၊ အထံသို့။ အဂမာသိ၊ သွားလေသနည်း။ ကုတိ၊ ကျိသည်ကား။ပုစ္ဆာ၊ အမေးတည်း။ သတ္ထရိ စ၊ မြတ်စွာဘုရား၌ငှင်း။ ထေရေစ၊ အရှင်အာနန္ဒာမထေရ်၌ငှင်း။ ဂါရဝေန၊ ရိုသေသဖြင့်။ ထေရဿ၊

မထေရ်၏။ သန္တိကံ၊ အထံသို့။ အဂမာသိ၊ သွားပါသည်။ ဧတဝနေ မဟာ-ဝိဟာရေ၊ ဧတဝန်ကျောင်းတော်ကြီး၌။ ပေါက္ခရဏိယံ၊ ရောက်၌။ နှုတ္ဝာ၊ ရေချိုးပြီး၍။ ပစ္ဆုတ္တရိတ္ဝာ၊ ရေချိုးရာမှတက်၍။ သုနိဝတ္ထသုပါရုတသာ၊ ကောင်းစွာ ဝတ်အပ် ရုံအပ်ပြီးသော။ အဿ၊ ထိုမထေရ်အား။ ဧတံ၊ ဤသို့ သော အကြံသည်။ အဟောသိ၊ ဖြစ်ပါသည်။ "ဗုဒ္ဓါနာဂမ၊ ဘုရားရှင်တို့မည် သည်။ မဟာပါသာဏစ္ဆတ္တံဝိယ၊ ကြီးကျယ်လှစွာသော ကျောက်ထီးကြီး ကဲ့သို့။ ဂရုနော၊ အလေးအမြတ်ပြုအပ်ပေကုန်၏။ ဖဏကတသပ္ပသီဟဗျဂ္ဃ မတ္တဝရုဝါရဏာဒယောဝိယ၊ ပါးပျဉ်းထောင်၍ နေသော မြွေ, ခြင်္သေ့, မင်း, ကျားမင်း,အမှုန်ယစ်၍နေသော ဆင်အစရှိသည်တို့ကဲ့သို့။ ဒုရာသဒါ၊ ချဉ်းကပ်ဘို့ရာ ခဲယဉ်းကြပါကုန်၏။မယာ၊ငါသည်။ဥဇုကမေဝ၊ဖြောင့်ဖြောင့်သာလျှင်။ သတ္ထု၊ မြတ်စွာဘုရား၏၊ သန္တိကံ၊အထံသို့။ ဂန္ဒွာ၊ သွား၍။ ကထေတုံ၊ လျှောက်ထားခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ မရဲဝံ့။ ကဿ၊ အဘယ် ပုဂ္ဂိုလ်၏။ သန္တိကံ၊ အထံသို့။ ဂန္တုံ နုခေါ၊ သွားအပ်ပါသနည်း"။ ဣတိ ဤသို့။ စိန္တေသိ၊ ကြံစည်ပါသည်။

တတော၊ ထို့နောင်မှ၊ စိန္တေသိ၊ ကြံစည်ပြန်ပါသည်ဘုရား။ မေ၊ ငါ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဖြစ်တော်မူသော။ ဓမ္မဘဏ္ဍာဂါရိကော၊ တရားဘဏ္ဍာစိုးကြီးဖြစ်၍။ ဇေဋ္ဌဘာတိကတ္ထေရသ၊ ဇနောင်တော်ကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်၏။ ဥတ္တမသဟာယော၊ အမြတ်ဆုံးဖြစ်သော မိတ်ဆွေတည်း။ တသ၊ ထိုဥပဇ္ဈာယ်၏။ သန္တိကံ၊ အထံသို့။ ဂန္ဒွာ၊ သွား၍။ တံ၊ ထိုဥပဇ္ဈာယ်ဆရာကို။ အာဒါယ၊ ပင့်ဆောင်၍။ သတ္ထာရာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊ တကွ။ ကထေဿာမိ၊ လျှောက်ထားတော့အံ့။ ဣတိ၊ ဤသို့။ သတ္ထရိစေဝ၊ မြတ်စွာဘုရား၌၎င်း။ ထေရေစ၊ အရှင်အာနန္ဒာ မထေရ်မြတ်၌၎င်း။ ဂါရဝေန၊ ရိုသေသဖြင့်။ ဥပသင်္ကမိ၊ အရှင်အာနန္ဒာသံသို့ ချဉ်းကပ်ပါပြီ။

ဘုရားထံ လျှောက်ပြခက်း

အထခေါ အာယသ္မာ စ အာနန္ဒော စုန္ဒော စ သမဏုဒ္ဒေသော ယေန ဘဂဝါ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတ္ဝာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ဧကမန္တံ နိသီဒိံသု၊ကေမန္တံ နိသိန္နော ခေါ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ "အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော 'ဧဝမာဟ အာယသ္မာ ဘန္တေ သာရိ

ပုတ္ထော ပရိနိဗ္ဗုတော၊ ဣဒမဿ ပတ္တစီဝရံ'န္တိ။ အပိစ မေ ဘန္တေ 'မဓုရကဇာတော ဝိယ ကာယော၊ ဒိသာပိ မေ နု ပက္ခာယန္တိ၊ ဓမ္မာပိ မံ နပ္ပဋိဘန္တိ အာယသ္မာ သာရိပုတ္တော ပရိနိဗ္ဗုတော' တိ" သုတ္ဝာ—

အထခေါ၊ ထိုအခါ၌။အာယသ္မာ စ အာနန္ဒော၊ အရှင်အာနန္ဒာ မထေရ် သည်၎င်း။ သမဏုဒ္ဒေသော၊ သမဏုဒ္ဒေသအမည်ရသော။ စုန္ဒော စ၊ စုန္ဒ မထေရ်သည်၎င်း။ ယေန၊ အကြောင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏၊ တေန၊ထိုဘုရားရှိရာအရပ်သို့။ ဥပသင်္ကမိ သု၊ ချဉ်းကပ်ကြ လေကုန်ပြီ။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကို။ အဘိဝါဒေတ္ဝာ၊ အလွန်ရိုသေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ နိသီဒိ သု၊ ထိုင်နေကြလေကုန်ပြီ။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌၊ နိသိန္နော ခေါ၊ထိုင်နေပြီးသော။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကို။ဧတံ ဝစနံ၊ ဤစကားကို။အဝေါစ၊ လျှောက်ထားလေ၏။ "ဘန္တေ၊ ဘုန်တော်ခြောက်ပါးသခင် ဘုရားရှင်....။သမဏုဒ္ဒေသော၊ သမဏုဒ္ဒေသအမည်ရသော။ အယံ စုန္ဒော၊ ဤစုန္ဒမထေရ်သည်။ ဧဝံ၊ ဤသို့။အာဟ၊ ပြောကြားပါ၏။ 'ဘန္တေ၊ အိုအရှင်ဘုရား အာနန္ဒာ....။ အာယသ္မာ သာရိပုတ္တော၊ အရှင် သာရိပုတ္တရာမထေရ်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံယူတော်မူခဲ့လေပြီ။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုသာရိပုတ္တရာ အရှင်မြတ်၏။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းပါတည်း'။ဣတိ၊ဤသို့။ အာဟ၊ ဟောကြားပါသည် ဘုရား။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်....။ အပိစ၊ စင်စစ်သော် တမူကား။ အာယသ္မာ သာရိပုတ္တော၊ နောင်တော်ကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း၍ ငြိမ်းတော်မူခဲ့လေပြီ။ ဣတိ၊ ဤသို့။ သုတ္ဝာ၊ ကြားရသည်ဖြစ်၍။ ဝါ၊ ကြားရ လေသောကြောင့်။ မေ၊ ဘုရားတပည့်တော်၏။ 'ကာယော၊ ကိုယ်သည်။ မဓုရကဇာတော ဝိယ၊ တံကျင်လျှို၍ ထားထော ယောကျ်ား၏ ခန္ဓာကိုယ် အလား အလွန်လေးလံ ထိုင်းမှိုင်း၍ သွားပါသည်ဘုရား။ ဒိသာပိ၊ အရှေ့, အနောက်,တောင်, မြောက် အားဖြင့် လေးပါးသော အရပ်မျက်နှာတို့သည် လည်း။ မေ၊ ဘုရားတပည့်တော်အား။ နု ပက္ခာယန္တိ၊ အထူးထူးအားဖြင့်

မထင်ရှားကြပါကုန်ပြီဘုရား။ ဓမ္မာပိ၊ သတိပဋ္ဌာန် အစရှိသော တရားတို့သည်လည်း။ မံ၊ ဘုရားတပည့်တော်အား။ နပ္ပဋိဘန္တိ၊ မထင်ရှားဘဲ ဖြစ်ကြရပါကုန်တော့သည်ဘုရား”။

ပတ္တစီဝရံ အဓိပ္ပါယ်

ဤကဲ့သို့ အရှင်အာနန္ဒာသည်၊ မြတ်စွာဘုရားအထံသို့ သွားရှိလျှောက်ထားပါသည်။ ဤကဲ့သို့ လျှောက်ထားအပ်သော ပါဋိတော်စကားအစဉ်၌ ကဒမသ္မ ပတ္တစီဝရံ-ဟူသော စကား၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

ကဒမသ္မ ပတ္တစီဝရန္တိ၊ ကဒမသ္မ ပတ္တစီဝရံ-ဟူသည်ကား။ အယံ၊ ဤသည်ကား။ အဿ၊ ထိုရှင်သာရိပုတ္တရာမထေရ်၏။ ပရိဘောဂပတ္တော၊ သုံးဆောင်အပ်သော သပိတ်ပါတည်း။ ကဒံ၊ ဤသည်ကား။ အဿ၊ ထိုရှင်သာရိပုတ္တရာမထေရ်၏။ ဓာတုပရိဿာဝနံ၊ ဓာတ်တော်တို့ကို ထုပ်၍ ယူလာခဲ့သော ရေစစ်ပါတည်း။ ကတိ ဧဝံ၊ ဤသို့။ ဧကေကံ၊ တခုစီ တခုစီကို။ အာစိက္ခိ၊ ပြောကြား လျှောက်ထား လေတော့၏။ ပန၊ သို့သော်လည်း။ ပါဋိယံ၊ ပါဋိတော်၌။ ကဒမသ္မ ပတ္တစီဝရန္တိ၊ ကဒမသ္မ ပတ္တစီဝရံ-ဟူ၍။ တွေကမေဝ၊ ဤမျှကိုသာလျှင်။ ဝုတ္တံ၊ ဟောအပ်ပါ၏။

ကထာပါဘတံ အဓိပ္ပါယ်

ကထာပါဘတန္တိ၊ ကထာပါဘတံ-ဟူသည်ကား။ ကထာမူလံ၊ စကားပြောဆိုခြင်း၏ အကြောင်းရင်း ပင်တည်း။ ဟိ၊ မှန်၏။ မူလံ၊ မူလဟူသော စကားကို။ ဝါ၊ အကြောင်းရင်းကို။ ပါဘတန္တိ၊ ပါဘတံ-ဟူ၍။ ဥစ္စတိ၊ ဆိုအပ်၏။ ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်း။

အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံ ဝ သန္ဓမန္တိ။
အပ္ပကေနပိ။ပ။ သန္ဓမံ-ဟူ၍။ အာဟ၊ ဟောတော်မူပါသည်။

ဝိစက္ခဏော၊ စူးစမ်းဆင်ခြင်တတ်သော ဉာဏ်ပညာရှိသော။ မေဓာဝီ၊ ပဋိသန္ဓေပညာဖြင့် ပညာရှိသော ပုဂ္ဂိုလ်သည်။ အပ္ပကေနပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ပါဘတေန၊ အရင်း ဥစ္စာဖြင့်။ အဂ္ဂိံ၊ မီးကို။ သန္ဓမန္တော၊

မှုတ်သောသူသည်။ သမုဋ္ဌာပေဘိ ကွင၊ ထစေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တာနံ၊ မိမိကိုယ်ကို။ သမုဋ္ဌာပေဘိ၊ ထကြွကြိုးပ်ိုးစေနိုင်၏။

ဘဂဝန္တံ ဒဿနာယ

ထိုပါဠိတော်အရပ်၌ပင် ဘဂဝန္တံ ဒဿနာယ-ဟူသော ပုဒ်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ အရှင်မြတ်သည်—

ဘဂဝန္တံ ဒဿနာယာတိ၊ ဘဂဝန္တံ ဒဿနာယ·ဟူသည်ကား။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ ဒဿနတ္ထာယ၊ လက်အုပ်ဦးတင်ဖူးမြင်ခြင်း အကျိုးငှါ။

ကိုံ၊ အသို့နည်း။ ကွမိန၊ ဤအရှင်အာနန္ဒာ မထေရ်မြတ်သည်။ ဘဂဝါ၊ မြတ်စွာဘုရားကို။ နဒီဋ္ဌပုဗ္ဗော၊ မမြင်အပ်, မဖူးအပ်ဘူးလေသလော။ ကွတိ၊ ဤသည်ကား။ ပုစ္ဆာ၊အမေးတည်း။ နောနဒီဋ္ဌပုဗ္ဗော၊ မမြင်မတွေ့၊ မဖူးအပ်သည်ကား မဟုတ်။ ဟိ၊ အကြောင်းကို ဆိုဦးအံ့။ အယံ အာယသ္မာ၊ ဤအရှင်အာနန္ဒာသည်။ ဒိဝါ၊ နေ့အခါ၌။ နဝဝါရေ၊ ကိုးကြိမ်တို့ငင်း။ ရတ္တိံ၊ ည၌အခါ၌။ နဝဝါရေ၊ ကိုးကြိမ်တို့ငင်း။ ကွတိ၊ ဤသို့။ကောဟံ၊ တရက်တည်း၌။ အဋ္ဌာရသဝါရေ၊ တဆယ့်ရှစ်ကြိမ်တို့တိုင်အောင်။ ဥပဋ္ဌာနမေဝ၊ ဆည်းကပ်လုပ်ကျွေးခြင်းသို့ သာလျှင်။ ဂစ္ဆတိ၊ ကြွရောက်ပါသည်။ ပန၊ သို့သော်လည်း။ ဒိဝဿ၊တနေ့၏။ သတဝါရံ ဝါ၊ အကြိမ်တရာတိုင်အောင်ငင်း။ သဟဿဝါရံ ဝါ၊ အကြိမ်ဘထောင်တိုင်အောင်ငင်း။ ဂန္တုကာမော၊ သွားခြင်းငှါ အလိုရှိသည်။ သမာနော၊ ဖြစ်ပါသော်လည်း။ အကာရဏာ၊ အကြောင်းမရှိဘဲ၊။နဂစ္ဆတိ၊ မသွားရောက်ပါ။ကော၊ တခုခုသော။ ပဋ္ဌဒ္ဓါရံ၊ မေးမြန်းစရာအကြောင်းကို။ ဂဟေတ္ဝာဝ၊ ယူ၍ သာလျှင်။ ဂစ္ဆတိ၊ ကြွတော်မူ၏။ သော၊ ထိုအာနန္ဒာ မထေရ်မြတ်သည်။တံဒိဝသံ၊ ထိုနေ့၌။ တေန ကထာပါဘတေန၊ ထိုစကားလက်ဆောင်ဖြင့်။ ဂန္တုကာမော၊ သွားခြင်းငှါ အလိုရှိသည်ဖြစ်၍။ ဝေံ၊ ဤသို့။ အာဟ၊ မိန့်ဆိုပါသည်။

ကွဒမဿ ပတ္တစီဝရံ-ဟူသော ပုဒ်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

ဣဒမဃ ပတ္တစီဝရန္တိ၊ ဣဒမဃ ပတ္တစီဝရံ-ဟူသည်ကား။ ထေရောပိ၊ အရှင်အာနန္ဒာမထေရ်မြတ်သည်လည်း။ ဣဒံ၊ ဤသည်ကား။ တဿ၊ ထို ရှင်သာရိပုတ္တရာမထေရ်၏။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းပါတည်း။ ဣဒဉ္စ၊ ဤသည်ကား။ တဿ၊ ထိုရှင်သာရိပုတ္တရာမထေရ်မြတ်၏။ ဓာတုပရိဿာဝနံ၊ ဓာတ်တော်တို့ကို ထုပ်၍ ယူလာသော ရေစစ်ပါတည်း။ ဣတိ၊ ဤသို့။ ပါဠိယေဣဃံယေဝ၊ အသီးအခြားသာလျှင်။ ဒဿေတုံ၊ ပြ၍။ အာစိက္ခိ၊ လျှောက် ထားတော်မူပါသည်။

ဘုရားကိုယ်တော်တိုင် ချီးကျူးခြင်း

မြတ်စွာဘုရားသည် ဆင်နွှာမောင်း အသွင် အဆင်း ပြေလှစွာသော ညာလက်မောင်းတော်ကို ဆန့်တန်း၍ ဓာတ်တော်တို့ကို ထုပ်၍ ယူလာသော ရေစစ်ကို ကိုင်ယူတော်မူပြီး၍ ရွှေလက်တော်အပြင်၌ တင်ထားပြီး၍ ရဟန်း တို့ကို ခေါ်၍ သိစေတော်မူပါသည်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့....။ ယောသောဘိက္ခု၊ အကြင် ရဟန်းသည်။ ပုရိမဒိဝသေ၊ အလျင်နေ့၌။ အနေကာနိ၊ တပါးမကများလှစွာ ကုန်သော။ပါဠိဟာရိယသတာနိ၊တန်းခိုးပြာဋိဟာ အရာတို့ကို။ကတ္ဝာ၊ပြုလုပ် ခဲ့ပြီး၍ ။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်စံယူခဲ့ကို။ အနုဇာနာပေသိ၊ အခွင့်ပြုစေခဲ့၏။ ဣဒါနိ၊ ယခုအခါကာလ သမယဉ္စ။ တဿ ဘိက္ခုနော၊ ထိုရဟန်းတော်၏။ သခ်ဳဏ္ဏာသန္နိဘာ၊ ခရုသင်းပုတ်သစ်အသွင် ဖြူစင်သော အဆင်း ရှိကြလေ ကုန်သော။ဣမာ ဓာတုယော၀၊ ဤဓာတ်တော်တို့သည်သာလျှင်။ ပညာယန္တိ၊ ထင်ရှားကြလေကုန်တော့၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သေ-ဧသော ဘိက္ခု၊ ဤသာရိပုတ္တရာရဟန်းသည်။ ကပ္ပသတသဟဿာဓိကံ၊ကမ္ဘာတသိန်းအလွန်ရှိသော။ အသင်္ခ်ေယျံ၊ အသင်္ခ်ေ ကာလပတ်လုံး။ ပုရိတပါရမီ၊ ဖြည့်ဆည်းပူးခဲ့သော ပါရမီရှိသော ရဟန်းတော် တပါး ဖြစ်ပေ၏။

မယာ၊ ငါဘုရားသည်။ ပဝတ္တိတံ၊ ဖြစ်စေအပ်, လည်စေအပ်သော။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားရတနာကို။ သေ- ဧသော ဘိက္ခု၊ ဤသာရိပုတ္တရာ အမည်သာသော ရဟန်းတော်သည်။ အနုပဝတ္တကော၊ အတုလိုက်၍ ဟော ပြောလည်စေနိုင်သော အစွမ်းသတ္တိရှိပေ၏။

သေ-သော ဘိက္ခု၊ ဤသာရိပုတ္တရာအမည်သာသော ရဟန်းသည်။ ပဋိလဒ္ဓဒုတိယ အာသနော၊ ရအပ်သော နှစ်ခုမြောက်သော ငါဘုရား၏ နေရာရှိပေ၏။

သေ-သော ဘိက္ခု၊ ဤသာရိပုတ္တရာမည်သီး တပည့်ကြီးသည်။ ပူရိတသာဝကသန္နိပါတော၊ ပြည့်စုံသော တပည့်အစည်းအဝေးလည်း ရှိပေ၏။

မံ၊ ငါဘုရားကို။ဌပေတွာ၊ ချန်ထား၍။ ဒဿသု စက္ကဝါဠသဟဿေသု၊ စကြဝဠာတသောင်းတို့၌။ ပညာယ၊ ပညာနှင့်။ သေ-သော ဘိက္ခု၊ ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ အသဒိသော၊ တူသောသူ မရှိခဲ့လေပြီ။

သေ-သော ဘိက္ခု၊ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ မဟာပညော၊ ကြီးကျယ်သော ပညာရှိပေ၏။ ပုထုပညော၊ ကြီးကျယ်သော အထူရှိသော ပညာရှိပေ၏။ ဟာသပညော၊ ရွှင်သောပညာရှိပေ၏။ ဇဝန ပညော၊ လျင်သော ပညာရှိပေ၏။ တိက္ခပညော၊ ထက်သောပညာရှိပေ၏။ နိဗ္ဗေဓိကပညော၊ ထိုးထွင်းဖောက်ခဲ့နိုင်သော ပညာရှိပေ၏။

သေ-သော ဘိက္ခု၊ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ အပ္ပိစ္ဆော၊ နည်းပါးသော အလိုရှိပေ၏။ သေ-သောဘိက္ခု၊ ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ သန္တုဋ္ဌော၊ ရရသမျှသော ပစ္စည်းလေးပါးဖြင့် တင်းတိမ်ရောင့်ရဲလွယ်သော သဘောရှိပေ၏။ ပဝိဝိတ္တော၊ဝိဝေကတရား သုံးပါးတို့နှင့် ပြည့်စုံပေ၏။ အသံသဋ္ဌော၊ ရွှင်လူတို့နှင့် မရောနှောသော သဘောလည်း ရှိပေ၏။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံလဝီရိယတရားလည်းရှိပေ၏။ စောဒကော၊ စောဒနာတတ်သော သဘောတရားလည်း ရှိပေ၏။ ပါပဂရဟီ၊ ယုတ်မာသော ပုဂ္ဂိုလ်တို့ကို ရှုတ်ချကဲ့ရဲ့တတ်သော အလေ့လည်း ရှိပေ၏။

သေ-သော ဘိက္ခု၊ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ ပဥ္စဇာတိသတာနိ၊ ဘဝငါးရာတို့ကာလပတ်လုံး။ ပဋိလဒ္ဓမဟာသမ္ပတ္တိယော၊ ရအပ်သော ကြီးကျယ်သော စည်းစိမ်တို့ကို။ ပဟာယ၊ စွန့်၍။ ပဗ္ဗဇိတော၊ ဖန်ရည်ဆိုးစွန်း ဝတ်သကဏ်းဖြင့် ရဟန်းပြု၍ လာခဲ့၏။

သေ-သေဘ၊ ဤသာရိပုတ္တရာမည်သီး ဤလက်ျာရံတပည့်ကြီးသည်။ မမ၊ ငါဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပထဝီသမခန္တီကော၊ မြေကြီးနှင့်တူသော သည်းခံခြင်း သဘောတရားလည်း ရှိပေ၏။

သေ-သေဘိက္ခု၊ ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ ဆိန္နဝိသာဏ ဥသဘသဒိသော၊ ကျိုးလေပြီးသော ဦးချိုရှိသော နွားလား ဥသဘနှင့် တူသော သဘောလည်း ရှိပေ၏။

သေ-သေဘိက္ခု၊ ဤသာရိပုတ္တရာမည်သီး လက်ျာရံတပည့်ကြီးသည်။ စဏ္ဍာလပုတ္တသဒိသနီစစိတ္တော၊ ဒုန်းစဏ္ဍား၏သားနှင့် တူသော နှိမ့်ချသော စိတ်ဓာတ်လည်း ရှိပေ၏။

ဓာတ်တော်တို့ကို ဖူးမျှော်ခိုင်းခြင်း

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့.... ။ မဟာပညာ၊ သို့စင်ကလောက် များပြားကြီးကျယ်သော ပညာရှိသော လက်ျာရံမည်သီး တပည့်ကြီး၏။ ဓာတုယော၊ ဓာတ်တော်တို့ကို။ ပဿထ၊ ဖူးမျှော်လိုက်ကြကုန်တော့လော့။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ပုထုပညာ၊ ကြီးကျယ်သော ပညာရှိပေသော။ ဟာသပညာ၊ ရှင်သောပညာရှိပေသော။ ဇဝနပညာ၊ လျင်သောပညာရှိပေသော။ တိက္ခပညာ၊ ထက်မြက်သောပညာရှိပေသော။ နိဗ္ဗေဓိကပညာ၊ ထိုးထွင်းဖောက်ခဲနိုင်သော ပညာရှိပေသော။ အပ္ပိစ္ဆာ၊ နည်းပါးသော အလိုရှိပေသော။ သန္တုဋ္ဌာ၊ သန္တုဋ္ဌိတရားနှင့် ပြည့်စုံပေသော။ ပဝိဝိတ္တာ၊ ဝိဝေကတရားသုံးပါးနှင့် ပြည့်စုံပေသော။ အသံသဋ္ဌာ၊ ရှင်လူတို့နှင့် မရောမနှောသော သဘောရှိပေသော။အာရဒ္ဓဝီရိယာ၊ အားထုတ်အပ်သော လုံ့လဝီရိယ ရှိပေသော။ စောဒကာ၊ စောဒနာတတ်ပေသော။ ပါပဂရဟီ၊ ယုတ်မာသောသူတို့ကို ကဲ့ရဲ့တတ်ပေသော။ ဧတာသာရိပုတ္တာ၊ထိုသာရိပုတ္တရာမည်သီး တပည့်ကြီး၏။ ဓာတုယော၊ဓာတ်တော်တို့ကို။ ပဿထ၊ မျက်ဝါးထင်ထင် ဖူးမြင်လိုက်ကြကုန်ဦးလော့။

ဂါထာငါးရာတို့ဖြင့် ချီးကျူးပုံ

ဤသို့ မြတ်စွာဘုရားက ရဟန်းတော်တို့အား မိန့်ကြားတော်မူသည့်အပြင် ငါးရာသော ဂါထာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကိုမြတ်စွာ

ဘုရားက ချီးကျူးတော်မူသည့် အကြောင်းကို အင်္ဂကထာဆရာဖွင့်ပြပါသေး သည် ဘုရား။

ယော ပဗ္ဗဇိ ဇာတိသတာနိ ပဉ္စ၊
ပဟာယ ကာမာနိ မနောရမာနိ။
တံဒိတရာဂံ သုသမာဟိတိန္ဒြိယံ။
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ ။

ယော သာရိပုတ္တော၊ အကြင်သာရိပုတ္တရာ မထေရ်မြတ်သည်။ မနော ရမာနိ၊ စိတ်နှလုံးမွေ့လျော် ပျော်ဘွယ်ရာကောင်းကုန်သော။ ကာမာနိ၊ ငါးဝ ဒါခရုံ ကာမဂုဏ်ဘို့ကို့။ ပဟာယ။အာမှထွေးဟက်-တံထွေးစက်ကဲ့သို့ ငဲ့ကွက် မရှိ ပယ်စွန့်လွှတ်ခဲ့ပြီး၍။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ ကာလပတ်လုံး။ ပဗ္ဗဇိ။ ဖန်ရည်ဆိုးစွန်း ဝတ်သက်န်းဖြင့် ရဟန်းပြုခဲ့လေပြီ။သုသမာဟိတိန္ဒြိယံ၊ ကောင်းစွာတည်ကြည်သော ဣန္ဒြေရှိပေသော။ ဒိတရာဂံ၊ ကင်းလေပြီးသော ရာဂရှိတော်မူသော။ ပရိနိဗ္ဗုတံ၊ပရိနိဗ္ဗာန်ဝင်စံခိုကိန်း ငြိမ်းအေးလေပြီးသော။ တံသာရိပုတ္တံ။ ထိုလက်ျာရံမည်သီး သင့်တို့၏ နောင်တော်ကြီးဖြစ်တဲ့ တပည့် ကြီးကို။ ဝန္ဒထ၊ လက်အုပ်ဦးတင် ဖူးမြင်ရှိခိုးလိုက်ကြကုန်တော့လော့။

ခန္ဓိဗလော ပထဝိသမော နု ကုပ္ပတိ၊
နစာပိ စိတ္တဿ ဝသေန ဝတ္တတိ။
အနုကမ္ပကော ကာရုဏိကော စ နိဗ္ဗုတော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ ။

ခန္ဓိဗလော၊ သည်းခံခြင်းအား ရှိတော်မူသည် ဖြစ်၍။ ပထဝိသမော၊ မြေကြီးနှင့် တူသော စိတ်ဓာတ်ရှိသည် ဖြစ်၍။ နု ကုပ္ပတိ၊ ဒေါသအမျက် ထွက်တော်မမူ။ စိတ္တဿ၊ မိမိစိတ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ နစာပိ ဝတ္တတိ၊ ကျင့်လည်း မကျင့်သုံးတတ်၊ အနုကမ္ပကော၊ သိတင်းသုံးဖော်တို့ အား သနား စောင့်ရှောက်တော်မူသော အလေ့အထ ရှိပေ၏။ ကာရုဏိ-ကော စ၊သနားတတ်သော ကရုဏာဓာတ်လည်း ရှိပေ၏။နိဗ္ဗုတော၊ပရိနိဗ္ဗာန် ဝင်စံခိုကိန်း၍ ငြိမ်းအေးခဲ့လေပြီ။ ပရိနိဗ္ဗုတံ၊ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း၍ ငြိမ်း အေးလေပြီးသော။ သာရိပုတ္တံ၊ သင်တို့၏ နောင်တော်ကြီး သာရိပုတ္တရာ လက်ျာရံ မထေရ်ကြီးကို။ ဝန္ဒထ၊ လက်အုပ်ဦးတင် ဖူးမြင်ရှိခိုးလိုက်ကြကုန် တော့လော့။

စဏ္ဍာလပုတ္တော ယထာ နဂရံ ပဝိဋ္ဌော၊
နိစမနေ စရတိ ကဋ္ဌောပိဟတ္ထော။
တထာ အယံ ဝိဟာရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဒန္ဓထ သာရိပုတ္တံ။ ။

စဏ္ဍာလပုတ္တော၊ ဒွန်းစဏ္ဍား၏သားသည်။ နဂရံ၊ မြို့သို့။ ပဝိဋ္ဌော၊ ဂင်သည်ရှိသော်။ ဂါ၊ နဂရံ၊ မြို့သို့။ ပဝိဋ္ဌော၊ ဝင်သော။ စဏ္ဍာလပုတ္တော၊ ဒွန်းစဏ္ဍား၏သားသည်။ ကဋ္ဌောပိဟတ္ထော၊ခွက်ကိုလက်၌စွဲလျက်။ နိစမနေ၊ နိမ့်-ကျသော စိတ်ဓောတ် ရှိသည်ဖြစ်၍။ စရတိ ယထာ၊ လှည့်လည် သွားလာလေဘိသကဲ့သို့။ တထာ၊ထို့အတူ။အယံ သာရိပုတ္တော၊ဤသာရိပုတ္တရာမည်သီး သင်တို့၏ နောင်တော်ကြီးသည်။ ဝိဟာရတိ၊ သာသနာတော် တလျောက်လုံးမှာ နေထိုင်၍ လာခဲ့ပါ၏။ ပရိနိဗ္ဗုတံ။ ပရိနိဗ္ဗာန် ဝင်စံခဲ့ကိန်း၍ ငြိမ်းအေးလေပြီးသော။ သာရိပုတ္တံ၊ သာရိပုတ္တရာ သည်ာမည်သီး သင်တို့၏ နောင်တော်ကြီးကို။ဒန္ဓထ၊ လက်အုပ်ဦးတင် ဖူးမြင်ရှိခိုးလိုက်ကြကုန်တော့လော့။

ဝ ဝ

ဥသဘော ယထာ ဆန္ဒဝသာဏကော၊
အဟေဌယန္တော စရတိ ပုရန္တရေ ဝနေ။
တထာ အယံ ဝိဟာရတိ သာရိပုတ္တော။
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တန္တိ။ ။

ဆိန္နဝိသာဏကော၊ ကျိုးလေပြီးသော ဦးချိုရှိသော။ ဥသဘော၊ နွားလားဥသဘသည်။ အဟေဌယန္တော၊ အပေါင်းအဖော် ဖြစ်ကုန်သော နွားတသင်းတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းမရှိမူ၍။ ပုရန္တရေ၊ မြို့၏အပြင်ဘက် ဖြစ်သော။ ဝနေ၊တော၌။ စရတိ ယထာ၊လှည့်လည်သွားလာလေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ အယံသာရိပုတ္တော၊ ဤသာရိပုတ္တရာမည်သီး သင်တို့၏ နောင်တော်ကြီးသည်။ ဝိဟာရတိ၊ သာသနာတော်တလျောက်လုံးမှာ သီတင်းသုံး၍ လာခဲ့ပါ၏။ ပရိနိဗ္ဗုတံ၊ ပရိနိဗ္ဗာန် ဝင်စံလေပြီးဖြစ်သော။ သာရိပုတ္တံ၊ သာရိပုတ္တရာမည်သီး သင်တို့၏ နောင်တော်ကြီးကို။ တုမ္ဟေ၊ သင်တို့သည်။ ဝန္ဒထ၊ လက်အုပ်ဦးတင် ဖူးမြင်ကန်တော့လိုက်ကြကုန်တော့လော့။

အရှင်အာနန္ဒာ တုန်လှုပ်ချောက်ချားပုံ

ဤသို့ မြတ်စွာဘုရားသည် ငါးရာသော ဂါထာတို့ဖြင့် အရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးတော်တို့ကို ဟောကြားတော်မူပါသည်။မြတ်စွာ

ဘုရားသည် အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ဂုဏ်ကျေးဇူးကို ဟောကြားတော်မူ၏။ ထိုထို အခြင်းအရာအားဖြင့် အရှင်အာနန္ဒာမထေရ်မြတ်သည် မိမိသဘောဖြင့် တည်တံ့၍ နေခြင်းငှါ မစ္ဆမ်းနိုင်ဖြစ်ခဲ့ရပါသည်။ ကြောင်၏ခံတွင်းဝ၌ ကျရောက်လေသော ကြွက်ကဲ့သို့ တုန်လှုပ်ချောက်ချား၍ နေပါတော့သည်။ ထို့ကြောင့်—

အပိစ မေ ဘန္တေ မဓုရကဇာတော ဝိယ ကာယော။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား....။ အပိစ၊ စင်စစ်သော်တမူကား။ မေ၊ ဘုရားတပည့်တော်၏။ ကာယော၊ ကိုယ်ခန္ဓာသည်။ မဓုရကဇာတော ဝိယ၊ တံကျင်လျှိုသော ယောကျ်ား၏ ကိုယ်အလား အလွန်လေးလံ ထိုင်းမှိုင်း၍ ဖြစ်နေပါတော့သည် ဘုရား။

ဤကဲ့သို့လျှောက်ထားပါသည်။ အလုံးစုံကို လျှောက်ထား ဆိုအပ်ပြီးသော အတိုင်း အကျယ်ခဲ့၍ သိအပ်ပါတော့သည် ဘုရား။ ထိုစကားရပ်၌ မဓုရကဇာတော-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ပြောလိုသော အဋ္ဌကထာဆရာမြတ်သည်—

တရားဘက်သို့ စိတ်မညွတ်နိုင်

တတ္ထ၊ ထိုစကားရပ်၌။ မဓုရကဇာတောတိအာဒီနံ၊ မဓုရကဇာတော-ဤသို့အစရှိသော ပုဒ်တို့၏။ အတ္ထော၊ အနက်ကို။ ဝုတ္တောယေဝ၊ ဆိုအပ်ခဲ့ပြီးသည်သာလျှင်တည်း။ ဣဓ ပန၊ ဤနေရာ၌ကား။ ဓမ္မာတိ၊ ဓမ္မာ-ဟူသည်ကား။ဉဒ္ဒေသပဒ္ဓိပုစ္ဆာ ဓမ္မာ၊ အကျဉ်းအားဖြင့် သင်ကြားခြင်း, မေးမြန်းခြင်းဟု ဆိုအပ်ကုန်သော ဓမ္မတို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ဟိ၊မှန်၏။ တဿ၊ ထိုအရှင်အာနန္ဒာမထေရ်အား။ ဉဒ္ဒေသပဒ္ဓိပုစ္ဆာ ဓမ္မေ၊ အကျဉ်းအားဖြင့် သင်ကြားအပ်, အဖန်ဖန်မေးမြန်းအပ်ကုန်သော တရားတို့ကို။ အဂဟိတေ ဝါ၊ မယူအပ်သေးသည်တို့ကိုလည်း။ ဂဟေတုံ၊ ယူခြင်းငှါ။ ဂဟိတေ ဝါ၊ ယူအပ်ပြီးသည်တို့ကိုလည်း။ သဇ္ဈာယံ၊ သရဇ္ဈာယ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ စိတ္တံ၊ စိတ်သည်။ နပဝတ္တတိ၊ မဖြစ်နိုင်တော့ပြီ။

သီလကွန္ဓစသည်ကို ယူသွားသလော

အထ၊ ထိုအခါ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပဥ္စပသာဒဝိစိတြာနံ၊ ငါးပါးကုန်သော ပသာဒ အကြည်ဓာတ်တို့ဖြင့် ဆန်းကြယ်တော်မူကုန်သော။

အက္ခီနိ၊ မျက်စိတို့ကို။ ဥမ္မိလေတ္တာ၊ ဖွင့်၍ ။ ထေရံ၊ အရှင်အာနန္ဒာမထေရ်ကို။ ဩလောကေန္တော၊ ကြည့်ရှုလျက်။ နံ၊ ထိုအာနန္ဒာမထေရ်ကို။ အဿာသေဿာမိ၊သက်သာရာကို ရစေဦးတော့အံ့။ ဣတိ၊ဤသို့။ အဿာသေန္တော၊ သက်သာရာရစေတော်မူလိုသည်ဖြစ်၍။ ကိံ နုခေါ တေ အာနန္ဒ သာရိပုတ္တောတိ အာဒိံ၊ ကိံ နု ခေါ တေ အာနန္ဒ သာရိပုတ္တော-ဤသို့ အစရှိသည်ကို။ အာဟ၊ ဟောကြားတော်မူပါသည်သည် ဘုရား။

ကိံ နုခေါ တေ အာနန္ဒ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ ပညာက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ ဝိမုတ္တိက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ ဝိမုတ္တိ ဉာဏဒဿနက္ခန္ဓံ ဝါ အာဒါယ ပရိနိဗ္ဗုတောတိ။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ကိံ၊ အသို့နည်း။ တေ၊ သင်၏။ သာရိပုတ္တော၊ သာရိပုတ္တရာ သည်။ သီလက္ခန္ဓံ ဝါ၊ သီလက္ခန္ဓာကိုသော်လည်း။ အာဒါယ၊ ယူ၍။ပရိနိဗ္ဗုတော နု ခေါ၊ ပရိနိဗ္ဗာန်စံယူလေတော့သလော။သမာဓိက္ခန္ဓံ ဝါ၊ သမာဓိက္ခန္ဓာကို မူလည်း။အာဒါယ၊ ယူ၍။ပရိနိဗ္ဗုတော နု ခေါ၊ ပရိနိဗ္ဗာန်စံယူလေတော့သလော။ ပညာက္ခန္ဓံ ဝါ၊ ပညာက္ခန္ဓာကိုမူလည်း။ အာဒါယ၊ ယူ၍။ ပရိနိဗ္ဗုတော နု ခေါ။ ပရိနိဗ္ဗာန်စံယူလေတော့သလော။ ဝိမုတ္တိက္ခန္ဓံ ဝါ၊ ဝိမုတ္တိက္ခန္ဓာကို မူလည်း။ အာဒါယ၊ ယူ၍။ ပရိနိဗ္ဗုတော နု ခေါ၊ ပရိနိဗ္ဗာန်စံယူလေတော့သလော။ ဝိမုတ္တိဉာဏ ဒဿနက္ခန္ဓံ ဝါ၊ ဝိမုတ္တိဉာဏ ဒဿနက္ခန္ဓာကိုမူလည်း။ အာဒါယ၊ ယူ၍။ ပရိနိဗ္ဗုတော နု ခေါ၊ ပရိနိဗ္ဗာန် စံယူလေတော့သလော။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ အဝေါစ၊ မိန့်တော်မူပြီ။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးတော်ရင် မြတ်စွာဘုရား....။ မေ၊ ဘုရားတပည့်တော်၏။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာမထေရ်သည်။ သီလက္ခန္ဓံ ဝါ၊ သီလက္ခန္ဓာကိုမူလည်း။ အာဒါယ၊ ယူ၍။နု စ ခေါ ပရိနိဗ္ဗုတော။ ပရိနိဗ္ဗာန်မစံယူခဲ့ပါဘုရား....။ သမာဓိက္ခန္ဓံ ဝါ၊ သမာဓိက္ခန္ဓာကိုဌင်း။ ပညာက္ခန္ဓံ ဝါ၊ ပညာက္ခန္ဓာကိုဌင်း။ ဝိမုတ္တိက္ခန္ဓံ ဝါ၊

ဝိမုတ္တိကဉ္ခန္ဓာကိုဂုင်း။ ဝိမုတ္တိဉာဏဒဿနကဉ္ခန္ဓံ ဝါ၊ ဝိမုတ္တိဉာဏဒဿနကဉ္ခန္ဓာကိုဂုင်း။ အာဒါယ၊ ယူ၍။ နစခေါ ပရိနိဗ္ဗုတောဝ၊ ပရိနိဗ္ဗာန် မစံပါဘုရား။

ဓမ္မသြဇာကို အောက်မေ့ကြပါကုန်၏

ဘန္တေ၊ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးတော်ရင် မြတ်စွာဘုရား....။ အပိစ၊ စင်စစ်သော်တမူကား။ မေ၊ ဘုရားတပည့်တော်၏။အာယသ္မာ သာရိပုတ္တောဝ၊ အရှင်သာရိပုတ္တရာမထေရ်သည်။ သြဝါဒကောဝ၊ အဆိုအဆုံးအမကို ပေးတော်မူတတ်သည်။အဟောသိ၊ဖြစ်ပါပေ၏။သြတိဏ္ဏောဝ၊သက်ရောက်သော ဝတ္ထုတို့၌ အထူးထူး အပြားပြားအားဖြင့် သုတ်သင်းလေ့ရှိသည်။အဟောသိ၊ ဖြစ်ပါပေ၏။ ဝိညာပကောဝ၊ တရားဟောသော အခါ၌ အကြောင်းအကျိုးကို သိစေတတ်သည်။ အဟောသိ၊ ဖြစ်ပါပေ၏။ သန္ဒဿကောဝ၊ ကောင်းစွာ ပြတော်မူတတ်သည်။ ဝါ၊ ခန္ဓာ အာယတန အစ္စမ်းအားဖြင့် ထိုထိုတရားတို့ကို ကောင်းစွာပြတော်မူတတ်သည်။ အဟောသိ၊ ဖြစ်တော်မူပါပေ၏။ သမာဒပကောဝ၊ ဤတရား ဤတရားကို မှတ်သားထားကြ, ဤအကျင့်ဤအကျင့်ကို ကျင့်ကြဟု ကောင်းစွာ ဆောက်တည်စေတတ်သည်။ အဟောသိ၊ ဖြစ်ပါပေ၏။သမုတ္တေဇကောဝ၊ ကောင်းစွာထက်စေသည်, ကောင်းစွာ အားထုတ်ခြင်းကို ဖြစ်စေသည်။ အဟောသိ၊ ဖြစ်ပါပေ၏။ သမ္ပဟာသကောဝ၊ ကောင်းစွာ ရွှင်ပြစေသည်။ အဟောသိ၊ ဖြစ်ပါပေ၏။ ဓမ္မဒေသနာယ၊ တရားဟောတော်မူခြင်းငှါ။အကိလာသုၤပျင်းရိခြင်းမရှိ လုံ့လဝီရိယနှင့် ပြည့်စုံတော်မူပါပေ၏။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော်တို့အား။ အနုဂ္ဂါဟကောဝ၊ ချီးမြှောက်ထောက်ပံ့တော်မူလေ့ရှိပါ၏။ မယံ၊ ဘုရားတပည့်တော်တို့သည်။ အာယသ္မာတော သာရိပုတ္တာဿ၊ အရှင်သာရိပုတ္တရာမထေရ်၏။တံ ဓမ္မောဇံ၊ ထို့ဓမ္မသြဇာကိုဂုင်း။ တံ ဓမ္မဘောဂံ၊ ထိုတရားတည်းဟူသော သုံးဆောင်ခြင်းကိုဂုင်း။ တံ ဓမ္မာနုဂ္ဂဟံ၊ ထိုတရားတည်းဟူသော တရားသဖြင့် ချီးမြှောက်ခြင်းကိုဂုင်း။ အနုဿရာမ၊ အစဉ်အားဖြင့် အောက်မေ့၍ နေကြရပါကုန်သည် ဘုရား။

သီလကွန္ဓစသည် အဖွင့်

ဤသို့ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားပါသည်။ ထိုလျှောက်ထားအပ်သော ပါဋိတော်စကားရပ် အစဉ်၌ သီလကွန္ဓံ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

သီလက္ခန္ဓန္တိ၊ သီလက္ခန္ဓံ-ဟူသည်ကား။ လောကိယလောကုတ္တရသီလံ၊ လောကီ လောကုတ္တရာသီလကို့။ အာဒါယ၊ ယူ၍။ ပရိနိဗ္ဗုတော နု၊ ပရိနိဗ္ဗာန် စံယူခဲ့လေသလော။

သမာဓိပညာသုပိ၊ သမာဓိပညာတို့ဥ်လည်း။ ဧသေဝ နယော၊ ဤနည်း သည်သာလျှင် နည်းရှိ၏။ ပန၊သို့သော်လည်း။ ဝိမုတ္တိ၊ ဝိမုတ္တိသည်။ လောကုတ္တရာဝ၊ လောကုတ္တရာတရားသည်သာလျှင်တည်း။ ဝိမုတ္တိဉာဏဒဿနံ၊ ဝိမုတ္တိဉာဏဒဿနသည်။ ပစ္စဝေက္ခဏဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်တည်း။ တံ၊ ထို့ပစ္စဝေက္ခဏာဉာဏ်သည်။ လောကိယမေဝ၊ လောကီသာလျှင်တည်း။

သြဝါဒကောတိ၊ သြဝါဒကော ဟူသည်ကား။ သြဝါဒဒါယကော၊ အဆို အဆုံးမကို ပေးတော်မူတတ်၏။ သြတိဏ္ဏောတိ၊ သြတိဏ္ဏော-ဟူသည်ကား။ သြတိဏ္ဏောသူ၊သက်ရောက်ကြကုန်သော။ ဝတ္ထူသု၊ဝတ္ထုတို့ဥ်။ နာနပ္ပကာရေန၊ အထူးထူးသော အပြားအားဖြင့်။ သြတရဏသီလော၊ သွတ်သွင်းလေ့ ရှိပါ၏။ ဝညာပကောတ၊ ဝညာပကော-ဟူသည်ကား။ ဓမ္မကထာကာလေ၊ တရား ဟောတော်မူသော အခါ၌။ အတ္ထဥ္စ၊ အကျိုးကိုလည်း။ ကာရဏဉ္စ၊ အကြောင်း ကိုလည်း။ ဝိညာပေတာ၊ သိစေတော်မူတတ်ပါပေ၏။

သန္ဒဿကောတိ၊ သန္ဒဿကော-ဟူသည်ကား။ ခန္ဓဓာတုအာယတန-ဝသေန။ခန္ဓာ ဓာတ် အာယတနတို့၏ အစုမ်းအားဖြင့်။တေသံ တေသံ ဓမ္မာနံ၊ ထိုထိုတရားတို့ကို့။ ဒဿေတာ၊ ပြတော်မူတတ်ပါ၏။ သမာဒပကောတိ၊ သမာဒပကော-ဟူသည်ကား။ ဣဒဉ္စ၊ ဤတရားကိုလည်း။ ဣဒဉ္စ၊ ဤတရားကိုလည်း။ ဂဏှထ၊ မှတ်ယူ၍ ထားကြကုန်လော့။ ဣတိဧဝံ၊ ဤသို့။ ဂဏှာပကော၊ သင်ကြားမှတ်ယူစေတတ်ပါပေ၏။ သမုတ္တေဇကောတိ၊ သမုတ္တေဇကော-ဟူသည် ကား။ အင်္ဂုဿဟကော၊ အားထုတ်ခြင်းကို ဖြစ်စေတတ်ပါပေ၏။ သမ္ပဟံသကောတိ၊ သမ္ပဟံသကော-ဟူသည်ကား။ ပဋိလဒ္ဓဂုဏ်ဟိ၊ ရအပ်သော ဂုဏ်ကျေးဇူးတို့ဖြင့်။ မောဒါပကော၊ ဝမ်းမြောက်စေတော်မူတတ်ပါပေ၏။ ဧဇာတာပကော၊ ထွန်းပြတော်မူတတ်ပါပေ၏။

အကိလာသု ဓမ္မဒေသနာယာတိ၊ အကိလာသု ဓမ္မဒေသနာယ-ဟူသည် ကား။ ဓမ္မဒေသနံ၊ တရားဒေသနာတော်ကို။ အာရဘိတ္ဝာ၊ အားထုတ်၍။ “မေ၊ ငါ၏။ သီသံဝါ၊ ဦးခေါင်းသည်ဌင်း။ ဟဒယံဝါ၊ နှလုံးသည်ဌင်း။

ကုစ္ဆိဝါ၊ ဝမ်းသည်၎င်း။ ပိဋ္ဌိဝါ၊ ကျောသည်၎င်း။ ရူဇ္ဇတိ၊ နာကျင်၏”။ ဣတိဧဝံ၊ ဤသို့။ ဩသက္ကနာကာရဝိရဟိတော၊ ဆုတ်နစ်သော အခြင်းအရာမှ ကင်းလွတ်သည် ဖြစ်၍။ နိက္ကိလာသု ဝိသာရဒေါ၊ ပျင်းရိခြင်းကင်းသည် ဖြစ်၍ ရဲရင့်တော်မူသည်။ ဟောတိ၊ ဖြစ်၏။ ကေဿာပိ၊ တယောက်သော သူအားဎင်း။ ဒိန္နမိ၊ နှစ်ယောက်ကုန်သော သူတို့အားဎင်း။ သီဟဝေဂေနေဝ၊ ခြင်္သေ့မင်း၏ အဟုန်ဖြင့်သာလျှင်။ ပက္ခန္ဒတိ၊ တရားဒေသနာတော်သို့ ပြေးဝင်တော်မူတဲ့ အလေ့ရှိတော်မူပါပေ၏။

အနုဂ္ဂါဟကော သဗြဟ္မစာရီနန္တိ ပဒဿ၊အနုဂ္ဂါဟကော သဗြဟ္မစာရီနံ-ဟူသောပုဒ်၏။ အတ္ထော၊ အနက်ကို။ ခန္ဓကဝဂ္ဂေ၊ ခန္ဓကဝဂ်၌။ ဝိတ္ထာရိတောဝ၊ ဖွင့်အပ်ပြီးသည်သာလျှင်တည်း။ ဓမ္မောဇံ ဓမ္မဘောဂန္တိ၊ ဓမ္မောဇံ ဓမ္မဘောဂံ-ဟူ၍။ ဥဘယေနပိ၊ နှစ်ပုဒ်ဖြင့်လည်း။ ဓမ္မပရိဘောဂေါ၊ တရားကို သုံးဆောင်ရခြင်းကိုသာလျှင်။ ကထိတော၊ ဆိုအပ်၏။ ဟောအပ်၏။ ဓမ္မာနုဂ္ဂဟန္တိ၊ ဓမ္မာနုဂ္ဂဟံ-ဟူသည်ကား။ ဓမ္မေန၊ တရားသဖြင့်။ အနုဂ္ဂဟံ၊ ချီးမြှောက်တော်မူခြင်းကို။ အနုဿရာမ၊ အစဉ်အောက်မေ့၍ နေကြရပါကုန်၏။

သဒ်ါရဓမ္မပြု၍ သက်သာရာရစေခြင်း

မြတ်စွာဘုရားသည် ဤရဟန်းသည် အလွန်အကျူးအားဖြင့် ပင်ပန်းဆင်းရဲ၍ နေဘိ၏တကားဟု နောက်ထပ်တဖန် ထိုအာနန္ဒာကို သက်သာရာကို ရစေတော်မူလိုသည်ဖြစ်၍—

နနု တံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ၊ တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ “ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊ တံ ဝတ မာပလုဇ္ဇီ” တိ နေတံ ဌာနံ ဝိဇ္ဇတိ။

အစရှိသည်ဖြင့် မြတ်စွာဘုရားက အရှင်အာနန္ဒာမထေရ်မြတ်ကို သက်သာရာရစေပါသည်ဘုရား။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ မယာ၊ ငါဘုရားသည်။ တံ၊ သင်ချစ်သားကို။ ပဋိကစ္စေဝ၊ စောစောကပင်လျှင်။

အက္ခာတံ နနု၊ ဟောခဲ့သည်မဟုတ်ပါလော။သဗ္ဗေဟိ၊ ကြင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ပိယေဟိ၊ ချစ်ခင်နှစ်သက်အပ်ကုန်သော။ မနာပေဟိ၊ နှလုံးကိုပွါးစေတတ်ကုန်သော သူတို့နှင့်။ နာနာဘာဝေါ၊ ဇာတိအားဖြင့် ကဲ့ပြားရခြင်းသည်၎င်း။ ဝိနာဘာဝေါ၊ သေသောအားဖြင့် ကဲ့ပြားရခြင်းသည်၎င်း။ အညထာဘာဝေါ၊ဘဝခြားသော အားဖြင့် ကဲ့ပြားရခြင်းသည်၎င်း။ ဟောတိ၊ ဖြစ်ပေါ်တတ်၏။ အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ယံတံ၊ အကြင်သဘောတရားသည်။ ဇာတံ၊ ဖြစ်ခြင်းသဘောရှိ၏။ ဘူတံ၊ ဖြစ်ပြီးသော သဘောရှိ၏၊ သခ်ံတံ၊ အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်အပ်၏။ ပလောကခမ္မံ၊ ဖရိုဖရဲပြိုကွဲပျက်စီးတတ်သော သဘောရှိ၏။ တံ၊ ထိုသို့သဘောရှိသော သဘောတရားသည်။ ဝတ၊ စင်စစ်။ မာ ပလုဇ္ဇီ၊ မပျက်စီးပါစေလင့်။ကတိ၊ ဤသို့။တေံ ဌာနံ၊ ဤကဲ့သို့ ရနိုင်သော အကြောင်းသည်။နဝိဇ္ဇတိ၊ မရှိ။အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ။ တံ တသ္မာ၊ ထို့ကြောင့်။ ကုတော လဗ္ဘာ၊ ထိုတောင့်တမှုကို အဘယ်မှာရနိုင်ပါတော့အံ့နည်း။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ မဟာတော၊ ကြီးကျယ်လှစွာသော။ တိဋ္ဌတော၊ ထင်ရှားစွာတည်ရှိ၍ နေသော။ သာရဝတော၊ အနှစ်နှင့်ပြည့်စုံသော။ ရုက္ခဿ၊ သစ်ပင်၏၊ တိဋ္ဌတော၊ တည်ရှိ၍ နေစဉ်။ မဟန္တတရော၊ အထူးသဖြင့် သာလွန်၍ ကြီးပေသော။ ယော ခန္ဓော၊ အကြင်ပင်စည်ကြီးသည်။ အတ္ထိ၊ ရှိရာ၏။ သော၊ ကိုသာလွန်၍ ကြီးတဲ့ ပင်စည်ရှိတဲ့ သစ်ပင်ကြီးသည်။ ပလုဇ္ဇေယျ သေယျထာပိ၊ ပြိုကွဲပျက်စီး၍ သွားလေဘိသကဲ့သို့။ အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ မဟာတော၊ ကြီးကျယ်များမြတ်လှစွာသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ သာရဝတော၊ အနှစ်နှင့် ပြည့်စုံသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ ဝါ၊ ရဟန်းအပေါင်း၏။ တိဋ္ဌတော၊ တည်ရှိ၍ နေစဉ်။ သာရိပုတ္တော၊ သာရိပုတ္တရာမထေရ်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံခိုကိန်း၍ ငြိမ်းခဲ့လေပြီ။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ယံတံ၊ အကြင်သဘောတရားသည်။ ဇာတံ၊ ဖြစ်ခြင်းသဘောရှိ၏။ ဘူတံ၊ ဖြစ်ပြီးသော သဘောတရားရှိ၏။ သခ်ံတံ၊ အကြောင်းတရားတို့သည် ပေါင်း၍

ပြုပြင်စီရင်အပ်၏။ ပလောကမ်ဲ၊ ဖရိုဖရဲ ပြိုကွဲတတ်သော သဘောရှိ၏။ တံ၊ ထိုသို့သော သဘောရှိသော တရားဟူသမျှသည်။ ဝတာ၊ စင်စစ်။ မာ ပလုဇ္ဇီ၊ မပျက်စီးပါစေလင့်။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤတောင့်တ၍ ရနိုင်သော အကြောင်းသည်။နှ ဝိဇ္ဇတိ၊ မရှိ။ တံ တသ္မာ၊ ထို့ကြောင့်။တွေ၊ ဤဖရိုဖရဲ ပြိုကွဲပျက်စီးရာ၌။ ကုတော လဗ္ဘာ၊ အဘယ်မှာတောင့်တ၍ ရနိုင်ခွင့် ရှိပါတော့အံ့နည်း။

တရားသာလျှင် မိုဘိုရာရှိကြကုန်လော့

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုခြစ်သား အာနန္ဒာ....။ တသ္မာ၊ ထို့ကြောင့်။ ဣဟ-ဣမသ္မိံ သာသနေ၊ ဤသာသနာတော်မြတ်၌။ တုမှေ၊ သင်ခြစ်သားတို့သည်။ အတ္တဒီပါ၊ မိမိကိုယ်လျှင် မှီခိုရာ ကျွန်းကြီးပမာ ဖြစ်ကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေထိုင်ကြကုန်လော့။ အတ္တသရဏာ၊ မိမိကိုယ်လျှင် ကိုးကွယ်ရာရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေထိုင်ကြကုန်လော့။ အနညသရဏာ၊ မိမိမှဘပါး အခြားကိုးကွယ်ရာ မရှိကြကုန်သည် ဖြစ်၍။ ဓမ္မဒီပါ၊ ကရားသာလျှင် မိမိ မိမိ၏ မှီခိုရာကျွန်းကြီးသဖွယ် ရှိကြကုန်သည် ဖြစ်၍ ။ ဓမ္မသရဏာ၊ တရားကိုသာလျှင် အားကိုးရာ မှီခိုရာ ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ အနညသရဏာ၊ တရားမှတပါး အခြားအားထား မှီခိုရာ မရှိကြကုန်သည်ဖြစ်၍ ။ တုမှေ၊ သင်ခြစ်သားတို့သည်။ ဝိဟရထ၊ နေကြကုန်လော့။

ပိယေဟိ မနာပေဟိ အဖွင့်

ဤသို့ မြတ်စွာဘုရားသည် ဟောပြောပြသ၍ အရှင်အာနန္ဒာမထေရ်မြတ်ကို သက်သာရာရစေပါသည်။ ထိုသို့ ဟောပြတော်မူအပ်သော ပါဠိတော်ဒေသနာအစဉ်၌ ပိယေဟိ မနာပေဟိ-ဟူသော ပုဒ်၏ အဖွင့်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် တတ္ထ ပိယေဟိ မနာပေဟိ-စသည်ကို မိန့်ပါသည်။

ပိယေဟိ မနာပေဟိတိ၊ပိယေဟိ မနာပေဟိ-ဟူသည်ကား။မာတာပိတာ ဘာတာဘာဂိနိအာဒီကေဟိ၊ အမိ, အဘ, ညီအစ်ကို, အစ်မ, နှစ်မ အစရှိကုန်သော သူတို့နှင့်။ ဇာတိယာ၊ ပဋိသန္ဓေနခြင်းအားဖြင့်။ နာနာဘာဝေါ၊

အထူးထူးအပြားပြားအားဖြင့် ကဲ့ပြားရခြင်းသည်၎င်း။ မရဏေန၊ သေခြင်းဖြင့်။ ဝိနာဘာဝေါ၊ ကွေကွင်းခဲ့ခဲ့ရခြင်းသည်၎င်း။ ဘဝေန၊ ဘဝခြားသဖြင့်။ အညထာဘာဝေါ၊ တမျိုးတမည်ဖြစ်ရခြင်းသည်၎င်း။ ဟောတိ၊ ဖြစ်တတ်၏။

ဘုရားခန္ဓာကိုယ်သောမှ

တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ-ဟူသော ပုဒ်၏ အဖွင့်ကို မိန့်ဆိုတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာတိ၊ တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ-ဟူသည်ကား။ တန္တိ၊ တံဟူသည်။ တသ္မာ၊ ထို့ကြောင့်။ ယသ္မာ၊ အကြင့်ကြောင့်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ပိယေဟိ၊ ချစ်ခင် နှစ်သက် အပ်ကုန်သော။ မနာပေဟိ၊ နှလုံးကို ပွါးစေတတ်ကုန်သော သူတို့နှင့်။ နာနာဘာဝေါ၊ ပဋိသန္ဓေ ခြားသောအားဖြင့် ကဲ့ပြားရခြင်းသည် ။ဟောတိ၊ ဖြစ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ ဒဿပါရမိယော၊ ဆယ်ပါးသော ပါရမီတော်တို့ကို။ ပူရေတ္ဘာပိ၊ဖြည့်ဆည်းပူးပြီး၍လည်း။သမ္မောဓိံ ၊အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပတ္ဘာပိ၊ ရောက်ပြီး ရပြီး၍လည်း။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားရတနာကို။ ပဝတ္တေတ္ဘာပိ၊ ဟောတော်မူပြီး၍လည်း။ ယမကပါဋိဟာရိယံ၊ အစုံအစုံသော တန်ခိုး ပြာဋိဟာကို။ ဒဿေတ္ဘာပိ၊ ပြပြီး၍လည်း။ ဒေဝေါရောဟနံ၊ နတ်ပြည်မှ ဆင်းသက်ခြင်းကို။ ကတ္ဘာပိ၊ ပြုပြီး၍လည်း။ ယံတံ၊ အကြင်သဘောတရားသည်။ ဇာတံ၊ ဖြစ်ခြင်းသဘောရှိ၏။ ဘူတံ၊ ဖြစ်ပြီးသော သဘောရှိ၏။ သင်္ခတံ၊ အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်အပ်၏၊ ပလောကဓမ္မံ၊ ဖရိုဖရဲပြိုကွဲပျက်စီးတတ်၏။ တထာဂတဿာပိ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်၏လည်း။တံ သရီရံ၊ ထိုကိုယ်တော်မြတ်သည်။ မာ ပလုဇ္ဇီ၊ မပျက်စီးပါစေလင့်။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤတောင့်တ၍ရနိုင်သော အကြောင်းသည်။ နော ဝိဇ္ဇတိ၊ မရှိ။ ရောဒန္တေနပိ၊ ငိုကြွေးသဖြင့်၎င်း။ ကန္ဒန္တေနပိ၊ မြည်တမ်းသဖြင့်၎င်း။တံကာရဏာ၊ ထိုအကြောင်းကို။လဒ္ဓုံ၊ ရခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။

ထို့နောက် ပလုဇ္ဇေယျ-ဟူသော ပုဒ်၏ အဖွင့်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

သော ပလုဇ္ဇေယျာတိ၊ သော ပလုဇ္ဇေယျ-ဟူသည်ကား။ သော၊ ထိုကြီး ကျယ်လှစ္ဆာသော ပင်စည်ရှိတဲ့ သစ်ပင်ကြီးသည်။ ဘိဇ္ဇေယျ သေယျထာပိ၊ ပျက်စီး၍ သွားရာသကဲ့သို့ဂုင်း။

အစားမထိုးနိုင်သော ဆုံးရှုံးခြင်း

ထို့နောက် ဝေမေဝ ခေါ်-ဟူသောပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ပြောပြ တော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

ဝေမေဝ ခေါတိ တ္ထေ၊ ဝေမေဝ ခေါ- ဟူသော ဤပါဠိတော်ရပ်၌။ ယောဇနသတုဗ္ဗေဓေ၊ ယူဇနာတရာ အမြင့်ရှိသော။ မဟာဇမ္ဗုရုက္ခော၊ ကြီးကျယ်လှစ္ဆာသော ဇမ္ဗုသပြေပင်ကြီးသည်။ ဘိက္ခုသံဃောဝိယ၊ ရဟန်းသံဃာနှင့် တူလှပေ၏။ ဓမ္မသေနာပတိ၊ တရားစစ်သူးကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ တဿ၊ ထိုဇမ္ဗုသပြေပင်ကြီး၏။ ဒက္ခိဏဒိသံ၊ တောင်အရပ်သို့။ ဂတော၊ ရောက်၍ နေသော။ ပညာသ ယောဇနိကော၊ ယူဇနာငါးဆယ်ရှိသော။ မဟာခန္ဓောဝိယ၊ ကြီးကျယ်လှစ္ဆာသော ပင်စည် အကိုင်းကြီးနှင့် တူပေ၏။ တသ္မိံ ခန္ဓေ၊ ထိုကြီးကျယ်လှစ္ဆာသော ပင်စည်ရှိသော အပင်ကြီးသည်။ ဘိန္နေ၊ ပျက်စီးသည် ရှိသော်။ တတော၊ ထိုကြီးကျယ်သော ပင်စည်ရှိသော သစ်ပင်ကြီး ပျက်စီးသည်မှ။ ပဋ္ဌာယ၊ စ၍ ။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ဝဓိတ္ဝာ၊ ကြီးပွါး၍ ။ ပုပ္ဖဖလာဒီဟိ၊ အပွင့်အသီးစသည်တို့ဖြင့်။ တံ ဌာနံ၊ ထိုပျက်စီး၍ သွားသော အရပ်ကို။ ပူရေတုံ၊တဖန်ဖြည့်ခြင်းငှါ။ သမတ္ထဿ၊ စွမ်းနိုင်သော။ အညဿ၊ တပါးသော။ ခန္ဓဿ၊ ပင်စည်ပင်လုံး၏။ အဘာဝေါဝိယ၊ မရှိခြင်းကဲ့သို့။ ထေရော၊ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း၍ ငြိမ်းတော်မူလတ်သည်ရှိသော်။ သောဋ္ဌသန္နံ၊ တဆယ့်ခြောက်ပါးကုန်သော။ ပညာနံ၊ ပညာရပ်တို့၏။ မတ္ထကံ၊ အထွဋ်အထိပ်သို့။ ပတ္တဿ၊ ရောက်တော် မူသော။ အညဿ၊ တပါးသော ရဟန်း၏။ ဒက္ခိဏာဿနေ၊ ငါဘုရား၏ လက်ျာဘက်နေရာ၌။ နိသိဒနသမတ္ထဿ၊ ထိုင်နေခြင်းငှါ စွမ်းနိုင်သော။ သာရိပုတ္တသဒိသဿ၊ သာရိပုတ္တရာနှင့်တူသော။ ဘိက္ခုနော၊ ရဟန်း၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ဖြစ်လေတော့၏။ တာယ၊ ထိုကြီးကျယ် သော ပင်စည်ရှိသော သစ်ပင်ကြီး၏ အကိုင်းအခက်သည်။ ပရိဘိန္နာယ၊

ပျက်စီးသည်ရှိသော်။ တာယ ပရိဘိန္နာယ၊ ထိုအပင်ကြီး၏ အကိုင်းအခက် ပျက်စီးလတ်သည် ရှိသော်။ သော ရုက္ခောဝိယ၊ ထိုသစ်ပင်ကဲ့သို့။ ဘိက္ခု သံဃော၊ ရဟန်းသံဃာအပေါင်းသည်။ ခန္ဓောတ္ထဝ၊ ပင်စည်ဟူ၍ သာလျှင်။ ဇာတော၊ ဖြစ်၍ လာပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဥပမာ နှိုင်းယှဉ်ခြင်း

ဤအဖွင့်စကားရပ်၌ မြတ်စွာဘုရားသည် မိန့်တော်မူလိုရင်း ဖြစ်သော စကားကျကို အဋ္ဌကထာ ဆရာမြတ်က ဖွင့်ပြတော်မူသည်မှာ-ရဟန်းသံဃာ အပေါင်းသည် အင်မတန်ကြီးကျယ်သော ဇမ္ဗုသပြေပင်ကြီးနှင့် တူ၏။ ထို ဇမ္ဗုသပြေပင်ကြီး၏ တောင်ဘက်ဌာန၌ ကြီးကျယ်သော ပင်စည်ရှိသော အပင်ကြီးနှင့် ရှင်သာရိပုတ္တရာသည် တူ၏။ ထိုပင်စည်ကြီးနှင့်တူသော ရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံယူ၍ သွားလတ်သည် ရှိသော် ထိုနေရာကို ထိုအပင်ဖြင့် အလားတူဖြစ်သော အပွင့်အသီးရှိသော အပင်ဖြင့် ပြန်၍ ဖြည့်စွက်ခြင်းငှါ မစွမ်းနိုင်။ ကြီးကျယ်သော ဇမ္ဗုသပြေပင်နှင့်တူသော သံဃာ၏ အစည်းအရုံးသည်သာလျှင် ကျန်ရှိ၍ နေခဲ့တော့သည်ဟု သိအပ်ပါ၏ ဟူ၍ အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုအပ်ပါသည်။

တသ္မာတိ၊ တသ္မာ---ဟူသည်ကား။ ယသ္မာ၊ အကြင့်ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော သဘောတရားသည်။ သခ်ံတံ၊ အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင် စီရင်အပ်သော သဘောရှိ၏။ ပလောကဓမ္မံ၊ ဖရိုဖရဲပြိုကွဲ ပျက်စီးခြင်း သဘောတရားရှိ၏။ တံ၊ ထိုအလုံးစုံသော သဘောတရား သည်။မာ ပလုဇ္ဇိ၊ မပျက်စီးပါစေလင့်။ ဣတိ၊ ဤသို့။လဒ္ဓုံ၊ရခြင်းငှါ။နသက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ ထို့ကြောင့်။ အာနန္ဒ၊ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ဧတ္ထ၊ ဤပျက်စီး၍ သွားခြင်း၌။ ကုတောလဇ္ဇာ၊ မပျက်စီးပါစေလင့် ဟု တောင့်တမှုကို အဘယ်မှာလျှင် လာ၍ ရနိုင်ပါ တော့အံ့နည်း ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပါ သည်။

ထိုမှတပါး အရှင်အာနန္ဒာကို မြတ်စွာဘုရားက အတ္တဒီပ, အတ္တသရဏ, အနညသရဏ, ဓမ္မဒီပ, မေ့သရဏ, အနညသရဏ ဖြစ်အောင် နေရမည် ဟူသော စကားကိုအကျယ်အားဖြင့် "ကထဉ္စာနန္ဒ ဘိက္ခု အတ္တဒီပေါ ဝိဟရတိ" အစရှိသည်ဖြင့် အမိန့်ရှိပြန်ပါသည်။

မိမိကိုယ်သာလျှင် မှီခိုရာဖြစ်ပုံစသည်

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ...။ ဘိက္ခု၊ ရဟန်းသည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ အတ္တာဒီပေါ၊ မိမိကိုယ်လျှင် မှီခိုစရာကျွန်းကြီးပမာ ရှိသည်ဖြစ်၍ ။ အတ္တာသရဏော၊ မိမိကိုယ်လျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍။ အနညသရဏော၊ မိမိမှတပါး အခြားကိုးကွယ်ရာ မရှိသည်ဖြစ်၍။ ဓမ္မဒီပေါ၊ တရားသာလျှင် မှီခိုရာ ကျွန်းကြီးပမာ ရှိသည်ဖြစ်၍။ ဓမ္မသရဏော၊ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ ။ အနညသရဏော၊ တရားမှ တပါး အခြားကိုးကွယ်ရာမရှိသည် ဖြစ်၍။ဝိဟရတိ၊ နေလေသနည်း။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ဣဓ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ ကာယေ၊ အဿာသပဿာသ အစရှိသော ကာယအပေါင်း၌။ကာယာနုပဿီ၊ကာယဟုရှုလေ့ရှိသည်ဖြစ်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် ဆင်ခြင်တတ်သော ဉာဏ်ပညာရှိသည် ဖြစ်၍။ သတိမာ၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍။ လောကေ၊ ခန္ဓာငါးပါးတည်းဟူသော လောက၌။ ' အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာ,ဒေါမနဿတရားနှစ်ပါးကို။ ဝိနေယျ၊ တဒင်္ဂအားဖြင့် ပယ်ဖျောက်ထားပြီး၍။ ကာယာနုပဿီ၊ ကိုယ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။ ဝေဒနာသု၊ ဝေဒနာတရားတို့၌။ စိတ္တေ၊ စိတ်တရား၌။ ဓမ္မေသု၊ တရားတို့၌။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်အခြင် ရှိသည်ဖြစ်၍။ သတိမာ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ။ လောကေ၊ ခန္ဓာငါးပါးတည်းဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာဒေါမနဿကို။ ဝါ၊ အဘိဇ္ဈာဒေါမနဿ အမှုးရှိသော နီဝရဏတရားငါးပါးကို။ ဝိနေယျ၊ တဒင်္ဂအနေအားဖြင့် ပယ်ဖျောက်ထားပြီး၍ ။ ဓမ္မာနုပဿီ၊တရားဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ဧဝံခေါ၊ ဤသို့သာလျှင်။ ဘိက္ခု၊ရဟန်းသည်။ အတ္တာဒီပေါ၊ မိမိကိုယ်သာလျှင် မှီခိုရာကျွန်းကြီးပမာ ရှိသည်ဖြစ်၍။ အတ္တာသရဏော၊ မိမိကိုယ်လျှင် ကိုးကွယ်ရာ

ရှိသည်ဖြစ်၍။ အနည်သရဏော၊ မိမိမှတပါး အခြားအားထားရာမရှိသည် ဖြစ်၍။ ဓမ္မဒီပေါ၊ တရားသာလျှင် မှီခိုရာကျွန်းကြီးပမာရှိသည်ဖြစ်၍။ ဓမ္မသရဏော၊ တရားကိုသာလျှင် မှီခိုအားထားရာရှိသည်ဖြစ်၍။ အနည်သရဏော၊ တရားမှတပါး အခြားအားထားရာမရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရလေတော့၏။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ယေဟိ-ကေစိ၊ အမှတ်မရှိ အလုံးစုံကုန်သော။ ဘိက္ခူ။ ရဟန်းတို့သည်။ တရဟိ ဝါ၊ ဤယခုအခါ၌ဌင်း။ မမစ္စယေ ဝါ၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်၍သွားသောအခါ၌ ဌင်း။ အတ္တာဒီပါ၊မိမိကိုယ်သာလျှင် မှီခိုရာကျွန်းကြီးပမာရှိကြကုန်သည် ဖြစ်၍။ အတ္တာသရဏာ၊ မိမိကိုယ်လျှင် ကိုးကွယ်ရာရှိကြကုန်သည်ဖြစ်၍။ အနည်သရဏာ၊ မိမိမှတပါး အခြားအားထားစရာမရှိကြကုန်သည်ဖြစ်၍။ ဓမ္မဒီပါ၊တရားသာလျှင် မှီခိုရာကျွန်းကြီးပမာ ရှိကြကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ တရားသာလျှင် ကိုးကွယ်အားထားရာ ရှိကြကုန်သည်ဖြစ်၍။ အနည်သရဏာ၊ မိမိမှတပါး အခြားအားထားစရာ မရှိကြကုန်သည်ဖြစ်၍။ ဝိဟရိဿန္တိ၊ ငါဘုရားသာသနာ၌ နေရစ်ကြကုန်လတ္တံ့။

သတိပဋ္ဌာန်တရားနှင့် ပြည့်စုံကြလျှင်

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အိုချစ်သား အာနန္ဒာ....။ ဧတေ၊ ဤသတိပဋ္ဌာန်တရားလေးပါးနှင့် ပြည့်စုံ၍ မိမိကိုယ်လျှင် မိမိအားထားရာထိုသတိပဋ္ဌာန်တရားလျှင် အားထားရာရှိ၍ နေကြကုန်သော ရဟန်းတို့သည်။ တမတဂ္ဂေ၊ အမိုက်တရား၏ အထွဋ်အဖျားဌ။ ဝါ။ အမြတ်ဆုံးသော အဖြစ်ဌ။ ဘဝိဿန္တိ၊ဖြစ်ကြကုန်လတ္တံ့။ ။ယေကေစိ၊အကြင်အမှတ်မရှိ အလုံးစုံကုန်သော ရဟန်းတော်တို့သည်။ သိက္ခာကာမာ၊ သိက္ခာသုံးပါးကို လိုလားကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လိမ့်လတ္တံ့။

ဤသို့ အားဖြင့် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား သက်သာရာကို တရားဒေသနာအနေအားဖြင့် ရစေပါသည်ဘုရား။

စုန္ဒသုတ် စီစစ်ခဏ်း ပြီးပြီ။

သံယုတ္တနိကာယ် စီစစ်ခဏ်း ပြီး၏။

အဘိဓမ္မပိဋကအဋ္ဌကထာ စီစဉ်ခက်ခဲ

ဗိဘင်းပါဠိတော်, ဉာဏဗိဘင်း

ဒသကနိဒ္ဒေသ

တတ္ထ ကတမံ တထာဂတဿ ဌာနဉ္စ ဌာနတော အဌာနဉ္စ အဌာနတော ယထာဘူတ ဉာဏံ။ ဣမ တထာဂတော အဌာနမေတ အနဝကာသော ယံ ဒိဋ္ဌသမ္မန္နော ပဂ္ဂလော ကဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ နေတံ ဌာနံ ဝိဇ္ဇတီ”တိ ပဇာနာတိ၊ “ဌာနဉ္စ ခေါ တံ ဝိဇ္ဇတိ ယံ ပုထုဇ္ဇနော ကဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ ဌာနမေတံ ဝိဇ္ဇတီ”တိ ပဇာနာတိ-ဤသို့ အစရှိသည် ဖြင့် ဉာဏဝိဘင်း ဒသကနိဒ္ဒေသ ပါဠိတော်ကို ဟောတော်မူပါသည်။

နိစ္စရှုရိုး ထုံးစံမရှိ

တတ္ထ၊ ထိုဉာဏဝိဘင်း၌။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား၏။ ဌာနဉ္စ၊ အကြောင်းဟုတ်သည်ကို လည်း။ ဌာနတော၊ အကြောင်းဟုတ်သောအားဖြင့်။ အဌာနဉ္စ၊ အကြောင်း မဟုတ်သည်ကိုလည်း။ အဌာနတော၊ အကြောင်းမဟုတ်သော အားဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယံ-ယေန ကာရဏေန၊အကြင်အကြောင်းကြောင့်။ယံ-ယေန ဌာနေန၊အကြင် အကြောင်းကြောင့်။ ယံ-ယေန ဩကာသေန၊ အကြင်အခွင့်ကြောင့်။ ဒိဋ္ဌ သမ္မန္နော၊ သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ကဉ္စိ၊ တစုံတခုသော။ သင်္ခါရံ၊ သင်္ခါရတရားကို။ နိစ္စတော၊ မြဲသော အနေအားဖြင့်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏။ တေံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ တေံ ဌာနံ၊ ဤအကြောင်းသည်။ အဌာနံ၊ အကြောင်းမဟုတ်။ သော ဩကာသော၊ ဤအခွင့်အရေးသည်။ အနဝကာသော၊ အခွင့်အရေးမဟုတ်။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူ၏။ ယံ-ယေနဌာနေန၊ အကြင် အကြောင်းကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ် ဖြစ်တဲ့ ပုဂ္ဂိုလ်သည်။ ကဉ္စိ၊ တစုံတခုသော။ သင်္ခါရံ၊ သင်္ခါရတရားကို။ နိစ္စတော၊ မြဲသောအားဖြင့်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ

၏။ တေံဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိခေါ-ဝိဇ္ဇတိ ဧဝ၊ ရှိသည်သာလျှင် တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။

သုခ၌ရုဏ်း ထုံးစံမရှိ

ယံ-ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ ယံ-ယေန သြကာသေန၊ အကြင် အခွင့်ကြောင့်။ ဒိဋ္ဌိသမ္ပယုတ္တော၊ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ကဉ္စိ၊ တစုံတခုသော။ သခ်ါရံ၊ သခ်ါရတရားကို။ သုခတော၊ ချမ်းသာသော အနေအားဖြင့်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏၊ တေံဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ မရှိ။ တေံဌာနံ၊ ဤအကြောင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ ဧသော သြကာသော၊ ဤအခွင့်အရေးသည်။ အနဝကာသော၊ အခွင့်အရေးမဟုတ်။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။

ယံ-ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ ယံ-ယေန သြကာသေန၊ အကြင် အခွင့်ကြောင့်။ ဒိဋ္ဌိသမ္ပယုတ္တော၊ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ကဉ္စိ၊ တစုံတခုသော။ သခ်ါရံ၊ သခ်ါရတရားကို။ သုခတော၊ ချမ်းသာ အနေအားဖြင့်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏။ တေံဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တေံဌာနံ၊ ဤအကြောင်းသည်။ဝိဇ္ဇတိ ခေါ ဝိဇ္ဇတိ ဧဝ၊ ရှိသည်သာလျှင် တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။

အတ္တာရုဏ်း ထုံးစံမရှိ

ယံ-ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ ယံ- ယေန သြကာသေန၊ အကြင် အခွင့်ကြောင့်။ ဒိဋ္ဌိသမ္ပယုတ္တော၊ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန်ပုဂ္ဂိုလ်သည်။ကဉ္စိ၊ တစုံတခုသော။ မမံ၊ တရားကို။ အတ္တာတော၊ အတ္တာအနေအားဖြင့်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ ဧသော သြကာသော၊ ဤအခွင့်အရေးသည်။ အနဝကာသော၊ အခွင့်အရေးမဟုတ်။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။ ယံ-ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ ယံ-ယေန သြကာသေန၊ အကြင် အခွင့် ဖြစ်သော ပုဂ္ဂိုလ်သည်။ ကဉ္စိ၊ တစုံတခုသော။ မမံ၊ တရားကို။အတ္တာတော၊ အတ္တာအနေအားဖြင့်။ ဥပဂစ္ဆ

ယျ၊ ကပ်ရောက်ရာ၏။ တေံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ တေံဌာနဉ္စ၊ ဤအကြောင်းသည်လည်း။ နဝိဇ္ဇတိခေါ နဝိဇ္ဇတိ ဧဝ၊ မရှိသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။ ဝိဇ္ဇတိ ခေါ ဝိဇ္ဇတိ ဧဝ၊ ရှိသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။

မိခင်သတ်ရိုး ထုံးစံမရှိ

ယံ-ယေန ဌာနေန၊ ကြောင့်။ ယံ-ယေန ဩကာသေန၊ ကြောင့်။ ဒိဋ္ဌိသမ္ပဒေါ၊ သော။ ပုဂ္ဂလော၊သည်။မာတရံ၊မွေးသည့်မိခင် ကျေးဇူးရှင်ကို။ ဇီဝိတာ၊ အသက်သမုတ် နာမ်နှင့်ရုပ်မှ။ဝေါရောပေယျ၊ ချခွင်း ကင်းပစေရာ၏။ ဧတေံ ဌာနံ၊ သည်။ နဝိဇ္ဇတိ၊ မရှိ။ ဧတေံ ဌာနံ၊ သည်။ အဌာနံ၊ အကြောင်းမဟုတ်။ ဧသော ဩကာသော၊ ဤအခွင့်အရေးသည်။ အနဝကာသော၊ အခွင့်အရေးမဟုတ်။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ပိုင်းခြား၍ အပြားအားဖြင့် သိတော်မူ၏။ ယံ-ယေန ဌာနေန၊ ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ် ဖြစ်သော ပုဂ္ဂိုလ်သည်။ မာတရံ၊ မွေးသည့်မိခင် ကျေးဇူးရှင်ကို။ ဇီဝိတာ၊ အသက်သမုတ် နာမ်နှင့်ရုပ်မှ။ဝေါရောပေယျ၊ချခွင်း ကင်းပစေရာ၏။ ဧတေံ ဌာနံ၊ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဧတေံ ဌာနဉ္စ၊ ဤအကြောင်းသည်လည်း။ ဝိဇ္ဇတိ ခေါ-ဝိဇ္ဇတိ ဧဝ၊ ရှိသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူ၏။

ပိတုဃာတကစသည် ထုံးစံမရှိပြီ

ယံ- ယေန ဌာနေန၊ ကြောင့်။ ယံ-ယေန ဩကာသေန၊ ကြောင့်။ ဒိဋ္ဌိသမ္ပဒေါ၊ သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန် ပုဂ္ဂိုလ်သည်။ ပိတရံ၊ မွေးသည့်ဖခင် ကျေးဇူးရှင်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ၊ ဝေါရောပေယျ၊ ချခွင်း ကင်းပစေရာ၏။ပ။ အရဟန္တံ၊ ရဟန္တာ ပုဂ္ဂိုလ်ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေယျ၊ ရာ၏။ပ။ ပဒုဋ္ဌေန၊ ဒေါသသည် ဖျက်ဆီးအပ်သော။ စိတ္တေန၊ စိတ်သည်။ ဝါ-ပဒုဋ္ဌေန၊ ပျက်စီးသော။ ဝါ၊ ဒေါသသည် ဖျက်ဆီးအပ်သော။ စိတ္တေန၊ စိတ်ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ လောဟိတံ၊ သွေးစိမ်းတည်ခြင်း

ကို။ ဥပ္ပါဒေယျ၊ ဖြစ်စေရာ၏။ပ။ သံဃံ၊ သံဃာကို။ဘိန္ဒေယျ၊ ခွဲရာ၏။ပ။ အညံ၊ တပါးသော။ သတ္ထာရံ၊ ဆရာကို။ ဥဒ္ဒိသေယျ၊ ရည်ညွှန်းရာ၏။ပ။ အဌမံ၊ ရှစ်ခုမြောက်သော။ ဘဝံ၊ ဘဝသို့။ နိဗ္ဗတ္တေယျ၊ဖြစ်ရာ၏။ တေဝဇ္ဇာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ တေဝဇ္ဇာနံ၊ ဤအကြောင်းသည်။ အဌာနံ၊ အကြောင်းမဟုတ်။ သော ဩကာသော၊ ဤအခွင့်အရေးသည်။ အနဝကာသော၊ အခွင့်အရေးမဟုတ်။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူ၏။ ယံ-ယေန ဌာနေန၊ အကြင်အကြောင်းကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ အဌမံ၊ ရှစ်ခုမြောက်သော။ဘဝံ၊ ဘဝသို့။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ တေ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။တေ ဌာနဉ္စ၊ ဤအကြောင်းသည်လည်း။ ဝိဇ္ဇတိ ခေါ ဝိဇ္ဇတိ ဧဝ၊ ရှိသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူ၏။

အဌာနံစသည် အဖွင့်

ဤသို့ အစရှိသည်ဖြင့် ဉာဏဝိဘင်း ဒသကနိဒ္ဒေသ၌ မြတ်စွာဘုရားသည် အကျယ်အားဖြင့် ဟောကြားတော်မူပါသည်။

ဤသို့ အကျယ်အားဖြင့် ဟောကြားတော်မူအပ်သော ဉာဏဝိဘင်း၌ အဌာနံ-အစရှိသော ပုဒ်တို့၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဌကထာ ဆရာမြတ်သည် ဒသဝိဓေန ဉာဏဝတ္ထုနိဒ္ဒေသေ-အစရှိသည်ဖြင့် မိန့်ဆိုပါသည်။

ဒသဝိဓေန၊ ဆယ်ပါး အပြားအားဖြင့်။ ဉာဏဝတ္ထုနိဒ္ဒေသေ၊ ဉာဏဝတ္ထုကို ညွှန်ပြရာ၌။ အဌာနန္တိ၊ အဌာနံ-ဟူသည်ကား။ ဟေတုပဋိက္ခေပေါ၊ ဟေတု-ဟူသော အကြောင်းကို ပယ်မြစ်ခြင်းတည်း။ အနဝကာသောတိ၊ အနဝကာသော-ဟူသည်ကား။ ပစ္စယပဋိက္ခေပေါ၊ ပစ္စယ အကြောင်းကို ပယ်မြစ်ခြင်းတည်း။ ဥဘယေနာပိ၊ နှစ်ပါးစုံသော ပုဒ်ဖြင့်လည်း။ ကာရဏမေဝ၊ အကြောင်းကိုသာလျှင်။ ပဋိက္ခိပတိ၊ ပယ်မြစ်၏။ ဟိ၊ မှန်၏။ ကာရဏံ၊ အကြောင်းသည်။ တဒါယတ္တာဝုတ္တိကာယ၊ ထိုအကြောင်းနှင့် စပ်၍ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ ဖလဿ၊ အကျိုး၏။ ဌာနဉ္စ၊

ဌာနဟူ၍ဂုင်း။ အနဝကာသောတိ စ၊ အနဝကာသော ဟူ၍ဂုင်း။ ကာရဏံ၊ အကြောင်းကို။ ဝုစ္စတိ၊ ဆိုအပ်၏။

ယန္တိ၊ ယံ-ဟူသည်ကား။ယေန ကာရဏေန၊ အကြင် အကြောင်းဖြင့်။ အကြင် အကြောင်းကြောင့်။ ဒိဋ္ဌိသမ္ပန္နောတိ၊ ဒိဋ္ဌိသမ္ပန္နော-ဟူသည်ကား။ မဂ္ဂဒိဋ္ဌိယာ၊ သောတာပတ္တိ မဂ်ဉာဏ် အမြင်နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ သောတာပန္နော၊ သောတာပန် ဖြစ်သော။ အရိယသာဝကော၊ အရိယသာဝကသည်။ ကဉ္စိ၊ တစုံတခုသော။ သဒ္ဒါရုံ၊ သဒ္ဒါရတရားသို့။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏။ ဇေတဝနံ၊ ဤအကြောင်းသည်။ နံ ဝိဇ္ဇတိ၊ မရှိ။

ကဉ္စိသဒ္ဒါရုန္တိ၊ ကဉ္စိ သဒ္ဒါရုံ-ဟူသည်ကား။စတုဘူမကေသု၊ ဘုံလေးပါးဌဲ့ ဖြစ်ကုန်သော။ သဒ္ဒတသဒ္ဒါရေသု၊ သဒ္ဒတ-ဟု ဆိုအပ်သော သဒ္ဒါရတရားတို့ဌဲ့။ ဧကံ၊ တခုသော။ ကဉ္စိသဒ္ဒါရမ်ပိ၊ တစုံတခုသော သဒ္ဒါရသို့လည်း။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ရာ၏။ နိစ္စတော ဥပဂစ္ဆေယျာတိ၊ နိစ္စတော ဥပဂစ္ဆေယျ-ဟူသည်။ နိစ္စောတိ၊ မြဲ၏ ဟူ၍။ ဂဏှေယျ၊ ယူရာ၏။ နေတံ ဌာနံ ဝိဇ္ဇတီတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ-ဟူသည် ကား။ ဧတံ ကာရဏံ၊ ဤအကြောင်းသည်။နတ္ထိ၊ မရှိ။ ဧတံ ကာရဏံ၊ ဤအကြောင်းကို။ နံ ဥပလဗ္ဘတိ၊ မရအပ်။ ယံ ပုထုဇ္ဇနောတိ၊ ယံ ပုထုဇ္ဇနော-ဟူသည်ကား။ ယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။

သဿတဒိဋ္ဌိဖြင့်

ဌာနမေတံ ဝိဇ္ဇတီတိ၊ ဌာနမေတံ ဝိဇ္ဇတိ-ဟူသည်ကား။ ဧတံ ကာရဏံ၊ ဤအကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဟိ၊ ခဲ့၍ ဆိုဦးအုံ့။ သဿတဒိဋ္ဌိယာ၊ သဿတဒိဋ္ဌိဖြင့်။ တေဘူမကေသု၊ ဘုံသုံးပါးဌဲ့ ဖြစ်ကုန်သော။ သဒ္ဒါရေသု၊ သဒ္ဒါရတရားတို့ဌဲ့။ ကဉ္စိ၊ တစုံတခုသော။ သဒ္ဒါရုံ၊ သဒ္ဒါရတရားကို။ နိစ္စတော၊ မြဲသော အနေအားဖြင့်။ သော၊ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည်။ ဂဏှေယျ၊ ယူရာ၏။ ဣတိအတ္ထော၊ ဤကား အနက်။ ပန၊ အထူးကို ဆိုဦးအုံ့။ တေဇဿဒတ္တာ၊ တန်ခိုးအားကြီးသည့်အဖြစ်ကြောင့်။ဒိဝသံ၊ တနေ့ပတ်လုံး။ သန္တတ္တာ၊ ပူလောင်၍နေသော။ အယောဂုဠေ၊ သံတုံခဲသည်။ မက္ခိကာနံ၊ ယင်တို့၏။ အာရမ္မဏံ၊ အာရုံသည်။ နဟောတိဝိယ၊ ဖြစ်သကဲ့သို့။ စတုတ္ထ

ဘူမကသခ်ါရော၊ လေးခုမြောက်ဘုံဟု ဆိုအပ်သော သခ်ါရတရားသည်။ တေဇုဿဒတ္တာ၊တန်ခိုးအားကြီးသည်၏အဖြစ်ကြောင့်။ဒိဋ္ဌယာ ဝါ၊မိစ္ဆာဒိဋ္ဌိ၏ ၎င်း။ အညေသံ၊ တပါးကုန်သော။ အကုသလာနံ ဝါ၊ အကုသိုလ်တို့၏၎င်း။ အာရမ္မဏံ၊ အာရုံသည်။ နဟောတိ၊မဖြစ်။ကွမိနာ နယေန၊ ဤနည်းအားဖြင့်။ ကဥ္စိ သခ်ါရံ သုခတောတိ အာဒိသုပိ၊ ကဥ္စိ သခ်ါရံ သုခတော-ဤသို့ စသည်တို့၌လည်း။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

သုခတော ဥပဂစ္ဆယျ

သုခတော ဥပဂစ္ဆယျာတိ၊ သုခတော ဥပဂစ္ဆယျ-ဟူသည်ကား။ ကေန္တသုခီ အတ္တာ ဟောတိ အရောဂေါ ပရမ္မရဏာတိ၊ ဟူ၍။ ကွတိ၊ဤသို့။ အတ္တာဒိဋ္ဌိဝသေန ဝါ၊ အတ္တာဒိဋ္ဌိ၏ အစွမ်းအားဖြင့်၎င်း။ သုခတော၊ ချမ်းသာအနေအားဖြင့်။ ဂါဟံ၊ ယူခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ တေံ၊ ဤ“သုခတော ဥပဂစ္ဆယျ” ဟူသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အတ္တာ၊ အတ္တသည်။ အရောဂေါ၊ ရောဂါမရှိသည် ဖြစ်၍။ ပရမ္မရဏာ၊ သေသည်မှ နောက်ကာလ၌။ ကေန္တသုခီ၊ စင်စစ် ချမ်းသာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒိဋ္ဌိဝိပ္ပယုတ္တစိတ္တေန ပန၊ ဒိဋ္ဌိဝိပ္ပယုတ် စိတ်ဖြင့်ကား။ အရိယသာဝကော၊ အရိယာ ဖြစ်ပြီးသော မြတ်စွာဘုရား၏ တပည့်သားသည်။ ပရိဋ္ဌာဟာဘိဘူတော၊ ကိလေသာ၏ ပူပန်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍။ ပရိဋ္ဌာဟာဝူပသမတ္ထံ၊ ကိလေသာ ပူပန်ခြင်း၏ ငြိမ်းအေးစေခြင်းအကျိုးငှါ။ မတ္တာဟတ္ထိပရိတာသိတော၊ အမှုန်ယစ်သော ဆင်သည် ချောက်လှန့်အပ်သော။ သုစိကာမော၊ စင်ကြယ်ခြင်းကို အလိုရှိသော။ စောက္ခဗြာဟ္မဏော၊ စင်စင် ကြယ်ကြယ် ဖြစ်၍ နေသော ပုဏ္ဏားသည်။ ဂူထံ၊ မစင်ရှိရာအရပ်သို့။ ဥပဂစ္ဆတိဝိယ၊ ကပ်ရောက်ရလေဘိသကဲ့သို့။ အရိယသာဝကော၊ အရိယာတပည့်သားသည်။ ကဥ္စိ၊တစုံတခုသော။သခ်ါရံ၊သခ်ါရတရားကို။ သုခတော၊သုခအနေအားဖြင့်။ ဥပဂစ္ဆတိ၊ ကပ်ရောက်၏။

အတ္တဝါဒေ၊ အတ္တတော ဥပဂစ္ဆယျ-ဟူသော ဝါဒ၌။ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟတ္ထံ၊ ကသိုဏ်းအစရှိသော ပညတ်ကို သိမ်းကျုံးရေတွက်ခြင်း

အကျိုးငှါ။ သခ်ၤါရန္တိ၊ သခ်ၤါရ-ဟူ၍။ အဝတ္ထာ၊ မဟောမူ၍။ ကဋ္ဌိ ဓမ္မန္တိ၊ ကဋ္ဌိဓမ္မံ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အစ္ဆဲအလမ်း ဖြေရှင်း၏

ဤနေရာ၌လည်း အရိယာတပည့်သား၏ ဘုံလေးပါး၏ အစ္ဆမ်းအား‌ဖြင့် အပိုင်းအခြားကို သိအပ်ပါသည်။ ပုထုဇဉ်၏ ဘုံသုံးပါး၏ အစ္ဆမ်းအား‌ဖြင့် အပိုင်းအခြားကို သိအပ်ပါသည်။ တနည်းအား‌ဖြင့်လည်း အလုံးစုံသော ဝါရ တို့၌ အရိယာသာဝက၏လည်း ဘုံသုံးပါး၏ အစ္ဆမ်းဖြင့်သာလျှင် အပိုင်း အခြားသည် ဖြစ်သင့်ပါသည်။ မှန်၏။ အကြင် အကြင် ဝတ္ထုပစ္စည်းကို ပုထုဇဉ် ဖြစ်သော ပုဂ္ဂိုလ်သည် စဲ့လမ်း၍ ယူ၏။ ထိုထို‌စဲ့လမ်း၍ ပုထုဇဉ် ယူ ထားသော အယူမှ အရိယာ တပည့်သားသည် ထိုထိုအယူမှ ထိုထိုဝတ္ထုမှ အယူကို ဖြေရှင်းတော်မူတတ်၏။ မှန်၏။ ပုထုဇဉ် ဖြစ်သော ပုဂ္ဂိုလ်သည် အကြင် အကြင် ဝတ္ထုပစ္စည်းကို နိစ္စ-မြဲ၏ ဟူ၍ဌင်း, သုခ-ချမ်းသာ၏ ဟူ၍ဌင်း, အတ္တ-အစိုးရ၏ဟူ၍ဌင်း ယူတတ်၏။ ထိုထို နိစ္စ သုခ အတ္တ ဟု ယူထားသော ဝတ္ထုပစ္စည်းမျိုးကို အာရုံမျိုးကို အရိယာသာဝကသည် အနိစ္စ ဒုက္ခ အနတ္တ ဟု ယူလျက် အစ္ဆဲအလမ်းကို ဖြေရှင်းတော်မူတတ်ပါသည်။

မာတရန္တိ အာဒိသု၊ မာတရံ- ဤသို့ အစရှိသည်တို့၌။ ဇနိကာဝ၊ မွေးကျွေးခဲ့သော မိခင်သည်သာလျှင်။ မာတာ၊ မာတာ မည်၏။

ဘဝပြောင်းစေကာမူ သူ့အသက်မသတ်

လူဖြစ်၍ ဖြစ်သည်သာလျှင် ဖြစ်သော ရဟန္တာပုဂ္ဂိုလ်ကို ရဟန္တာ ဟူ၍ ဤနေရာ၌ အလိုရှိအပ်၏။ အဘယ့်ကြောင့်နည်း။ အရိယာ ဖြစ်သော ပုဂ္ဂိုလ် သည် တပါးသော ပုဂ္ဂိုလ်ကို အသက်သမုတ် နာမ်နှင့် ရုပ်မှ ဇီဝိတိန္ဒြေမှ ချရာသလော။ ဤကား အမေး။ ဤကဲ့သို့ တပါးသော ပုဂ္ဂိုလ်ကို ဇီဝိတိန္ဒြေမှ ချခြင်းသည်လည်း အကြောင်းမဟုတ်။ ဘဝတပါးသို့ ရောက်သွားသော အရိယာ သာဝကကို။ ဝါ၊ အရိယာ ဖြစ်ပြီးသော ပုဂ္ဂိုလ်ကို။ မိမိ၏ အရိယာ သာဝက၏ အဖြစ်ကို မသိချင် မသိစေကာမူ ထိုမသိတဲ့ ဘဝတပါးသို့ ပြောင်းသွားသော အရိယာပုဂ္ဂိုလ်ကို အခြားတစုံတယောက်သော ပုဂ္ဂိုလ်က ဤသို့ ပြောကြားရာ၏ “ဤခြပုန်း ပရွက်ကို အသက်သမုတ် နာမ်နှင့်ရုပ်မှ

ချခွင်းကင်းပသည်ဖြစ်၍။ဝါ၊ သတ်သည်ဖြစ်၍ အလုံးစုံသော စကြဝဠာတိုက်ဒ္ဒ် စကြာမင်း၏ စည်းစိမ်ကို ကျင့်သုံးပါလော့" ဟူ၍ တစုံတယောက်သော ပုဂ္ဂိုလ်သည် ဆိုခဲ့ငြားအံ့၊ ထိုဘဝတပါးသို့ ရောက်၍ သွားသော အရိယာပုဂ္ဂိုလ်သည် ထိုခြပုန်းပရွက်ကို သတ်ဖြတ်ခြင်းကို မပြုတော့သည်သာလျှင်တည်း။

တနည်းအားဖြင့်လည်း ဘဝတပါးသို့ ရောက်လေပြီးသော ထိုအရိယာဖြစ်သော ပုဂ္ဂိုလ်ကို ဤသို့ ဆိုကြကုန်ရာ၏ "ဤခြပုန်းပရွက်စသည်ကို အကယ်၍ မသတ်ခဲ့ငြားအံ့။ သင်၏ ဦးခေါင်းကို ငါတို့ ဖြတ်မည်" ဟု ဆိုစေကာမူ သူ၏ ဦးခေါင်းကိုသာလျှင် ဖြတ်ချင်လျှင် ဖြတ်ကြကုန်ရာ၏၊ ထိုအရိယာ ဖြစ်သော ပုဂ္ဂိုလ်သည် ထိုခြပုန်း ပရွက် စသည်ကို မသတ်တော့သည်သာ။

ပုထုဇဉ်အဖြစ်ကား အပြစ်များလှ၏

ပုထုဇဉ်၏ အဖြစ်သည်ကား ကြီးကျယ်လှစွာသော အပြစ်များသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါငင်း အရိယာသာဝက၏ ကြီးကျယ်သော ခွန်အားကို ပြခြင်းအကျိုးငှါငင်း ဤစကားကို ဟောတော်မူအပ်ပါသည်။မှန်၏။ ဤနေရာ၌ ဤဆိုလတ္တံ့သည်ကား အလိုရှိအပ်သော အဓိပ္ပါယ်ပင် ဖြစ်ပါသည်။ ပုထုဇဉ်၏ အဖြစ်သည် အပြစ်နှင့်တကွ ဖြစ်ပါသည်။ မှန်၏။ ပုထုဇဉ်ပုဂ္ဂိုလ်သည် အမိကို သတ်ခြင်း အစရှိသည်လည်း ဖြစ်ကုန်သော သေလျှင် အဝီစိငရဲလျှင် မြဲကုန်သော အာနန္တရိယကံ တို့ကို ပြုလုပ်လတ္တံ့ ဖြစ်ပါသည်။ အရိယာသာဝကသည် ကြီးကျယ်သော ခွန်အားရှိပါသည်။ ထိုအရိယာသာဝကသည် အမိကို သတ်ခြင်း အစရှိကုန်သော ဤအာနန္တရိယကံတို့ကို ဘယ်သော အခါမှ မပြုမလုပ်ပါတော့သည်။ ဤသို့ ဖွင့်ပြတော်မူပါသည်။

ပဒုဒ္ဓစတစသညအဖွင့်

[ပဒုဒ္ဓေန စိတ္တေနာတိ၊ ပဒုဒ္ဓေန စိတ္တေန-ဟူသည်ကား။ ဒေါသသမ္မယုတ္တေန၊ ဒေါသနှင့် ယှဉ်သော။ ဝဓကစိတ္တေန၊ သတ်လိုသောစိတ်နှင့်။] လောဟိတံ၊ သွေးစိမ်းကို။ ဥပ္ပါဒေယျ၊ ဖြစ်စေရာ၏။

လောဟိတံ ဥပ္ပါဒေယျာတိ၊ လောဟိတံ ဥပ္ပါဒေယျ ဟူသည်ကား။ ဇီဝမာနကသရီရေ၊ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၏ ခန္ဓာကိုယ်

၌။ ခုဒ္ဒကမက္ခိကာယ၊ ယင်ငယ်တကောင်၏။ပိဝနမတ္တမို့၊ သောက်လောက်ရုံမျှ လည်း ဖြစ်သော။ လောဟိတံ၊ သွေးစိမ်းကို။ ဥပ္ပါဒေယျ၊ ဖြစ်စေငြားအံ့။

သံဃံဘိန္ဒေယျ

သံဃံ ဘိန္ဒေယျာတိ၊ သံဃံ ဘိန္ဒေယျ-ဟူသည်ကား။ သမာနသံဝါသကံ၊ တူသော ပေါင်းဖော်ခြင်းရှိသော။ သမာနသီမာယံ၊ တူသော သိမ်၌။ ဌိတံ၊ တည်သော။ သံဃံ၊ သံဃာကို။ ပဉ္ဆတိ၊ ငါးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဘိန္ဒေယျ၊ ခဲရာ၏၊ ဟိ၊ ထိုစကားမှန်၏။ “ပဉ္ဆဟုပါလိ အာကာရေဟိ သံဃော ဘိဇ္ဇတိ။ ကမ္မေန ဥဒ္ဒေသေန ဝေါဟာရန္တော အနုဿာ-ဝနေန သလာကဂ္ဂါဟေနာ”တိ၊ ပဉ္ဆဟုပါလိ။ပ။ သလာကဂ္ဂါဟေန- ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသည်။ ဥပါလိ၊ ချစ်သားဥပါလိ။ ပဉ္ဆဟိ၊ငါးပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သံဃော၊ သံဃာသည်။ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။ ကမ္မေန၊ ကံဖြင့်ဂင်း။ ဥဒ္ဒေသေန၊ ပါတိမောက်ရွတ်ခြင်းဖြင့် ဂင်း။ ဝေါဟာရန္တော၊ ခေါ်ဝေါ်သုံးစွဲသည် ဖြစ်၍ဂင်း။ အနုဿာဝနေန၊ နားနားဌ ကပ်၍ တိတ်တိတ်ပြောကြားခြင်းဖြင့်ဂင်း။ သလာကဂ္ဂါဟေန၊ စာရေးတံ မဲကို ယူစေခြင်း ဖြင့်ဂင်း။ ဣတိ၊ ဤသို့။ ပဉ္ဆဟိ၊ ငါးပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

သံဃာသင်းခွဲပုံငါးမျိုး အဓိပ္ပါယ်များ

တတ္ထ၊ ထိုပါဠိတော်၌။ ကမ္မေနာတိ၊ ကမ္မေန-ဟူသည်ကား။ အပ-လောကနာဒီသု၊အပလောကန-အစရှိကုန်သော။ စတူသု၊ လေးပါးကုန်သော။ ကမ္မေသု၊ ကံတို့တွင်။ အညတရေန၊ တပါးပါးသော။ကမ္မေန၊ ကံဖြင့်။သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

ဥဒ္ဒေသေနာတိ၊ဥဒ္ဒေသေန- ဟူသည်ကား။ ပဉ္ဆသု၊ ငါးပါးကုန်သော။ ပါတိမောက္ခုဒ္ဒေသေသု၊ ပါတိမောက် ဥဒ္ဒေသတို့တွင်။ အညတရေန၊ တပါးပါးသော။ ဥဒ္ဒေသေန၊ ဥဒ္ဒေသဖြင့်။ သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

ဝေါဟရန္တောတိ၊ ဝေါဟရန္တေ၁- ဟူသည်ကား။ ကထယန္တော၊ ပြော ဟောလျက်။ တာဟိ တာဟိ ဥပ္ပတ္တိဟိ၊ ထိုထိုအဖြစ်အပျက်တို့ဖြင့်။ အဓမ္မံ၊ တရားမဟုတ်သည်ကို။ ဓမ္မော၊ တရားတည်း။ ဣတိ အာဒီနိ၊ ဤသို့ အစရှိကုန်သော။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးကုန်သော။ ဘေဒကရဝတ္ထူနိ၊ ကဲ့ပြားကြောင်း ဖြစ်သော ဝတ္ထုတို့ကို။ ဒီပေန္တော၊ ပြလျက်။ သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

အနုဿာဝနေနာတိ၊ အနုဿာဝနေန- ဟူသည်ကား။ "တုမ္ဟေ၊ သင်တို့သည်။ ဇာနာထ နနု၊ သိကြသည် မဟုတ်ကုန်လော။ မယ္ဟံ၊ငါ၏။ ဥစ္စာကုလာ၊ မြတ်သော အမျိုးမှ။ ပဗ္ဗဇိတဘာဝံ စ၊ ရဟန်းပြုလာသည့် အဖြစ်ကိုဌင်း။ ဗဟုဿုတဘာဝဉ္စ၊ များသော အကြားအမြင်ရှိသည်၏ အဖြစ်ကိုဌင်း။တုမ္ဟေ၊ သင်တို့သည်။ ဇာနာထ နနု၊သိကြသည် မဟုတ်ကုန်လော။ မာဒိသောနာမ၊ ငါ့ကိုယ်ကဲ့သို့ ရှုအပ်သော သဘောရှိသော ပုဂ္ဂိုလ်မည်သည်။ ဥဒ္ဒမ္မံ၊ တရား မဟုတ်သော။ ဥပ္ပိနယံ၊ ဝိနည်းမဟုတ်သော။ သတ္ထုသာသနံ၊ မြတ်စွာဘုရား အဆုံးအမတော်ကို။ ဂါဟေယျ၊ ယူစေရာ"၏။ ဣတိ၊ ဤသို့။ စိတ္တမ္ပိ၊ စိတ်ကို မျှလည်း။ ဥပ္ပါဒေတုံ၊ ဖြစ်ခြင်းငှါ။ တုမ္ဟာကံ၊ သင်တို့အား။ နယုတ္တံ၊ မသင့်။ ကိံ၊ အသို့နည်း။ အဝိစိ၊ အဝီစိ ငရဲသည်။ မယ္ဟံ၊ ငါ့အား။ နီလုပ္ပလံဝိယ၊ ကြာညိုတောက်သို့။ သိတလော၊ အေးမြလေတော့သလော။ ကိံ၊ အသိနည်း။အဟံ၊ ငါသည်။အပါယတော၊ အပါယ်ဘေးမှ။ နဘာယာမိ၊မကြောက်ဘဲ ရှိသလော။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊နည်းဖြင့်။ ကဏ္ဏမူလေ၊ နားရင်းဦ။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ အနုဿာဝနေန၊ အစဉ်ကြားစေခြင်းဖြင့်။ သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

သလာကဂ္ဂါဟေနာတိ၊ သလာကဂ္ဂါဟေန-ဟူသည်ကား။ ဧဝံ၊ ဤသို့။ အနုဿာဝေတ္ဝာ၊အဖန်ဖန် ပြောကြားပြီး၍။ ဝါ၊ ကြားစေပြီး၍။ တေသံ၊ ထိုရဟန်းတို့၏။ စိတ္တံ၊ စိတ်ကို။ ဥပထမ္ဘေတ္ဝာ၊ ထောက်ပုံ့စေပြီး၍။အနိဝတ္တနဓမ္မော၊ မဆုတ်မနစ်သော သဘောဦ။ ကတ္ဝာ၊ ပြု၍။ "ဤမံ သလာကံ၊ ဤစာရေးတံမဲကို။ ဂဏှထ၊ ယူကြကုန်လော့"။ ဣတိ၊ ဤသို့ ။ သလာကဂ္ဂါဟေန၊ စာရေးတံမဲကို ယူစေခြင်းဖြင့်။ သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

သလာကဂ္ဂါဟေနာတိ၊ သလာကဂ္ဂါဟေန-ဟူသည်ကား။ ဧဝံ၊ ဤသို့။ အနုဿာဝေတ္ဝာ၊အဖန်ဖန် ပြောကြားပြီး၍။ ဝါ၊ ကြားစေပြီး၍။ တေသံ၊ ထိုရဟန်းတို့၏။ စိတ္တံ၊ စိတ်ကို။ ဥပထမ္ဘေတ္ဝာ၊ ထောက်ပုံ့စေပြီး၍။အနိဝတ္တနဓမ္မော၊ မဆုတ်မနစ်သော သဘောဦ။ ကတ္ဝာ၊ ပြု၍။ "ဤမံ သလာကံ၊ ဤစာရေးတံမဲကို။ ဂဏှထ၊ ယူကြကုန်လော့"။ ဣတိ၊ ဤသို့ ။ သလာကဂ္ဂါဟေန၊ စာရေးတံမဲကို ယူစေခြင်းဖြင့်။ သံဃော၊ သံဃာသည်။ ဘိဇ္ဇတိ၊ ကဲ့ပြားတတ်၏။

ကံနှင့်ဉဒ္ဒေသသာလျှင် ပမာဏ

စ၊ ဆက်၍ ဆိုဦးအံ့။ ဇော်ထွ၊ ဤနေရာ၌။ ကမ္မမေဝ ဝါ၊ကံသည်သာလျှင်ထင်း။ ဉဒ္ဒေသော ဝါ၊ ဉဒ္ဒေသသည်ထင်း။ ပမာဏံ၊ ပမာဏတည်း။ ဝေါဟာရာနုဿာဝနသလာကဂ္ဂါဟာပန၊ ခေါ်ဝေါ်ပြောဆိုခြင်း, အစဉ်မပြတ် နာကြားစေခြင်း, စာရေးတံမဲကို ယူစေခြင်းတို့သည်။ ပုဗ္ဗဘာဂါ၊ ရှေးအဘို့၌ ဖြစ်ကုန်သော သဘောတရားတို့တည်း။ ဟိ၊ မှန်၏။ အဋ္ဌာရသဝတ္ထုဒီပနဝသေန၊ တဆယ့်ရှစ်ပါးသော ဝတ္ထုကို ပြခြင်း၏ အစွမ်းအားဖြင့်။ ဝေါဟရန္တေန၊ခေါ်ဝေါ် ပြောဆိုခြင်း အားဖြင့်။ တတ္ထ၊ ထိုကဲ့သို့ ပြောဆိုရာ၌။ ရုစိဇနနတ္ထံ၊ နှစ်သက်ခြင်းကို ဖြစ်စေခြင်း အကျိုးငှါ။ အနုဿာဝေတွာ၊ အဖန်ဖန် ကြားစေပြီး၍။ အစဉ်မပြတ် ကြားစေပြီး၍။ သလာကာယ၊ စာရေးတံမဲကို။ ဂါဟိတာယပိ၊ ယူအပ်သော်လည်း။ သံဃော၊ သံဃာသည်။ အဘိန္နော၀၊ မကဲ့သေးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ယဒါပန၊ အကြင်အခါ၌ကား။ ဧဝံ၊ ဤသို့။ စတ္တာရော၀၊ လေးပါးတို့သည်ထင်း။ အတိရေကာ ဝါ၊ လေးပါးထက်အလွန် ဖြစ်ကုန်သော ရဟန်းတို့သည်ထင်း။ သလာကံ၊ စာရေးတံမဲကို။ ဂါဟေတွာ၊ ယူစေပြီး၍။အာဝေဏိကံ၊ သီးခြားဖြစ်သော။ကမ္မံ ဝါ၊ ကံကိုထင်း။ ဉဒ္ဒေသံ ဝါ၊ ဉဒ္ဒေသကိုထင်း။ ဝါ၊ ပါတိမောက် ရွတ်ခြင်း စသည်ကိုထင်း။ ကရောန္တိ၊ ပြုကုန်၏။တဒါ၊ ထိုအခါ၌။ သံဃော၊ သံဃာသည်။ ဘိန္နောနာမ၊ ကဲ့သည် မည်သည်။ ဟောတိ၊ဖြစ်၏။

ဧဝံ၊ ဤသို့။ ဒိဋ္ဌသမ္ပဒါနော၊ သောတာပတ္တိ မဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသော။ ပဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သံဃံ၊ သံဃာကို။ ဘိန္ဒေယျ၊ ခဲရာ၏။ ဧတံဌာနံ၊ ဤသံဃာကို သင်းခဲ့လောက်သော အကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

ဇော်ထွာ၀တာ၊ ဤမျှလောက်ဖြင့်။ မာတုဃာတာဒီနိ၊ အမိကို သတ်ခြင်း အစရှိကုန်သော။ ပဉ္စ၊ငါးပါးကုန်သော။ အာနန္တရိယာနိ ကမ္မာနိ၊ သေသည်၏ အခြားမဲ့၌ အဝီစိ ငရဲ မြဲကုန်သော ကံတို့ကို။ ဒဿိတာနိ၊ ပြအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယာနိ၊ အကြင် မာတုဃာတက အစရှိကုန်သော ကံတို့ကို။ ပုထုဇ္ဇနော၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်။ ကရောတိ၊ ပြု၏။ အရိယသာ၀ကော၊ အရိယာသာ၀ကသည်။ ဝါ၊သောတာပန် အစရှိသော ပုဂ္ဂိုလ်သည်။ တာနိ၊

ထိုကံတို့ကို။ နကရောတိ၊ မပြု။ တေသံ၊ ထိုကံတို့၏။ အာဝိဘာဝတ္ထံ၊ ထင်ရှားဖြစ်စေခြင်းအကျိုးငှါ—

ကမ္မတော ဒ္ဝါရတော စေဝ။
ကပ္ပဋိတိယတော တထာ။
ပါကသာဓာရဏာဒီဟိ။
ဝိညာတဗ္ဗော ဝိနိစ္ဆယော။

ကမ္မတောစေဝ၊ ကံအားဖြင့်ငင်း။ ဒ္ဝါရတောစေဝ၊ ဒ္ဝါရအားဖြင့်ငင်း။ တထာ၊ ထိုမှ တပါး။ ကပ္ပဋိတိယတော စ၊ ကမ္မာတိုင်အောင် တည်သည်၏ အဖြစ်အားဖြင့်ငင်း။ ပါကသာဓာရဏာဒီဟိ၊ အကျိုးပေးခြင်း ဆက်ဆံခြင်း အစ ရှိသည်တို့ဖြင့်ငင်း။ ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ်၏။

ဤကဲ့သို့ အဋ္ဌကထာ ဆရာမြတ်သည် ဉာဏဝိဘင်း ဒသကဝတ္ထုနိဒ္ဒေသကို ဖွင့်ဆိုအပ်ပါသည်အရှင်ဘုရား။

ဒုတိယဗလနိဒ္ဒေသ အဖွင့်

တတ္ထ ကတမံ တထာဂတဿ အတီတာနာဂတပစ္စုပ္ပန္နာနံ ကမ္မသမာဒါနာနံ ဌာနသော ဟေတုသော ဝိပါကံ ယထာဘူတံ ဉာဏ-အစရှိသည်ဖြင့် ဉာဏဝိဘင်း ဒုတိယဗလနိဒ္ဒေသကို မြတ်စွာဘုရား ဟောကြားတော် မူပါသည်။

ကံအမျိုးမျိုးကို သိရှိတော်မူခြင်း

တတ္ထ၊ ထိုဉာဏဒသကဌ်။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား၏။ အတီတာနာဂတပစ္စုပ္ပန္နာနံ၊အတိတ် အနာဂတ် ပစ္စုပ္ပန်ဌ ဖြစ်ကုန်သော။ကမ္မသမာဒါနာနံ၊ ဆောက်တည်အပ်ကုန်သော ကံတို့၏။ ဌာနသော ဟေတုသော၊ အကြောင်းအားဖြင့်။ ဝိပါကံ၊ အကျိုးတရားကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဉာဏံ၊ သိသောဉာဏ်သည်။ ကတမံ၊ အဘယ်နည်း။

ဤသို့ မေးခွန်း ပြဿနာထုတ်၍ ဤလောကဌ် မြတ်စွာဘုရားသည် အခွါကုန်သော ဆောက်တည်အပ်ကုန်သော မကောင်းသောကံတို့သည်

ဂတိသမ္ပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်။ အခ္ခါကုန်သော ဆောက်တည်အပ်ကုန်သော မကောင်းသောကံတို့သည် ဥပဓိသမ္ပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကြကုန်။ အခ္ခါကုန်သော ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော ကံတို့သည် ကာလသမ္ပတ္တိသည် တားမြစ်အပ်ကုန်သည် ဖြစ်၍ အကျိုးမပေးနိုင်ကြကုန်။ အခ္ခါကုန်သော ဆောက်တည်အပ်ကုန်သော မကောင်းသော ကံတို့သည် ပယောဂသမ္ပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကြကုန် ဟု သိရှိတော်မူနိုင်ပါသည်။

သမ္ပတ္တိနှင့်ဝိပတ္တိ လေးမျိုး

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၌ ဂတိသမ္ပတ္တိ-ဟူသည် နတ်ပြည် လူ့ပြည်၌ ဖြစ်ရခြင်းကို ဆိုပါသည်။ ဂတိ ဝိပတ္တိ-ဟူသည် လေးပါးသော အပါယ်ကို ဆိုပါသည်။

ဥပဓိသမ္ပတ္တိ-ဟူသည် ခန္ဓာကိုယ် ခြေလက် အင်္ဂါတို့နှင့် ပြည့်စုံခြင်းကို ဆိုပါသည်။ ဥပဓိဝိပတ္တိ-ဟူသည် ယုတ်သော အင်္ဂါရှိုသော ခန္ဓာကိုယ်၏ အဖြစ်ကို ဆိုပါသည်။

ကာလသမ္ပတ္တိ- ဟူသည် ကောင်းသောမင်း ကောင်းသောလူတို့ အခါဟု ဆိုအပ်သော အခါကောင်းနှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသည်။ကာလဝိပတ္တိ-ဟူသည် မကောင်းသောမင်း မကောင်းသော လူတို့၏ အခါ ဟု ဆိုအပ်သော ပျက်စီးသော အခါကာလပင် ဖြစ်ပါသည်။

ပယောဂသမ္ပတ္တိ- ဟူသည် ကောင်းစွာ အားထုတ်မှုကို ဆိုလိုပါသည်။ ပယောဂဝိပတ္တိ-ဟူသည် မှားသောအားဖြင့် အားထုတ်မှုကို ဆိုလိုပါသည်။

ဂတိသမ္ပတ္တိ ပြည့်စုံလျှင်

ထိုဆိုအပ်ခဲ့ပြီးသော လေးပါးကုန်သော ကံတို့တွင်။ ကေစ္စဿ၊ အခ္ခါသော ပုဂ္ဂိုလ်အား။ ဗဟူနံ၊ များစွာကုန်သော။ ပါပကမ္မာနံ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာနိ၊ ထိုမကောင်းကံတို့သည်။ ဂတိဝိပတ္တိယံ၊ ဂတိဝိပတ္တိ-ဟု ဆိုအပ်သော အပါယ်လေးပါး၌။ ဌိတဿ၊ တည်သော ပုဂ္ဂိုလ်အား။ ဝိပစ္စေယျုံ၊ အကျိုးပေးကုန်ရာ၏။ ပန၊ သို့သော်လည်း။

သော၊ ထိုသူသည်။ ဧကေန၊ တခုသော။ ကလျာဏကမ္မေန၊ ကောင်းမှု ကြောင့်။ ဂတိသမ္ပတ္တိယံ၊ ဂတိသမ္ပတ္တိ ဟု ဆိုအပ်သော လူ့ပြည် နတ်ပြည်၌။ ဒေဝေသု ဝါ၊ နတ်တို့၌ဌင်း။ မနုဿေသု ဝါ၊ လူတို့၌ဌင်း။နိဗ္ဗတ္တော၊ဖြစ်၏။ တာဒိသော၊ ထိုကဲ့သို့ သဘောရှိသော။ဌာနေစ၊ ဌာန၌လည်း။ အကုသလဿ၊ အကုသိုလ်၏။ ဝါရော၊ အလှည့်အကြိမ်သည်။ နတ္ထိ၊ မရှိ။ ကေန္တံ၊မုချကေန်။ ကုသလဿေဝ၊ ကုသိုလ်၏သာလျှင်။ ဝါရော၊ အလှည့် အကြိမ်တည်း။ ဣတိဧဝံ၊ ဤသို့။ အဿ၊ ထိုပုဂ္ဂိုလ်အား။ တာနိ ကမ္မာနိ၊ ထိုမကောင်းကံတို့သည်။ဂတိသမ္ပတ္တိပဋိဗာဇနံ၊ဂတိ၏ ပြည့်စုံခြင်းသည် တားမြစ်အပ်ကုန်သည် ဖြစ်၍။ နဝိပစ္စန္တိ၊ အကျိုးမပေးနိုင်ကြလေကုန်။ ဣတိ၊ ဤသို့။ တထာဂတော၊ မြတ်စွာဘုရားသည်။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ဥပဓိသမ္ပတ္တိ ပြည့်စုံလျှင်

အပရဿာပိ၊ တပါးသော ပုဂ္ဂိုလ်အားလည်း။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာနိ၊ ထိုသူ၏ မကောင်းကံတို့သည်။ ဥပဓိဝိပတ္တိယံ၊ ကိုယ်လက်အင်္ဂါမပြည့်စုံခြင်း ဟု ဆိုအပ်သော ဥပဓိ ဝိပတ္တိ၌။ ဌိတဿ၊ တည်သောသူအား။ဝိပစ္စေယျုံ၊ အကျိုးပေးကြကုန်ရာ၏။ ပန၊ သို့သော်လည်း။ သော၊ ထိုသူသည်။ ဧကေန၊ တခုသော။ ကလျာဏကမ္မေန၊ ကောင်းမှုကံကြောင့်။ ဥပဓိသမ္ပတ္တိယံ၊ ခြေလက်အင်္ဂါ ကောင်းစွာ ပြည့်စုံခြင်း ဟု ဆိုအပ်သော ဥပဓိသမ္ပတ္တိ၌။ ဌိတော၊ တည်သည်ဖြစ်၍။ သုသဏ္ဌိတင်္ဂပစ္စင်္ဂါ၊ ကောင်းသော သဏ္ဌာန်ရှိသည် ဖြစ်၍ ကိုယ်လက်အင်္ဂါနှင့် ပြည့်စုံ၏။ အဘိရူပေါ၊ လှန်သော အဆင်းရှိ၏။ ဒဿနီယော၊ ကြည့်ရှုချင်ဘွယ် ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၏။ ပြဟ္မဝစ္ဆသဒိသော၊ ပြဟ္မာမင်း၏ ခန္ဓာကိုယ်နှင့်တူသော ကိုယ်ရှိ၏။ သော၊ ထိုသူသည်။ ဒါသိယာ၊ ကျွန်မ၏။ ကုစ္ဆိသ္မိံ၊ဝမ်း၌။ ဒါသဇာတော၊ ကျွန်ဖြစ်၍ လာသည်။ သစေပိ ဟောတိ၊ အကယ်၍ပင် ဖြစ်စေဦးတော့။ ဧဝရူပေါ၊ ကျိသို့ သဘောရှိသော။ အတ္တဘာဝေါ၊ အတ္တဘောနှင့် ပြည့်စုံသော သူသည်။ ဝါ၊ ခန္ဓာကိုယ်၏ ပြည့်စုံခြင်းရှိသော ပုဂ္ဂိုလ်သည်။ ကိလိဋ္ဌကမ္မဿ၊ ညစ်နွမ်းသော အမှုလုပ်ငန်းအား။နာနုဘ္ဘဝိကော၊မတွေ့တယ် မလျောက်ပတ်။ ဣတိ၊ ဤသို့။ ဟတ္ထိမေဏ္ဍ အဿဗန္ဓကဂေါပါလကကမ္မာဒီနိ၊ ဆင်ကျောင်း သိုးကျောင်း မြင်းကျောင်း

နွားကျောင်း အစရှိကုန်သော အမှုတို့ကို။ တံ၊ ထိုကိုယ်လက်အင်္ဂါ ကောင်းစွာ ပြည့်ဖြိုး၍ နေသော သူကို။ န ကာရေန္တိ၊ မပြုမလုပ်စေကြကုန်။ သုခုမ ဝတ္ထာနိ၊ နူးညံ့သိမ်မွေ့သော အဝတ်တို့ကို။ နိဝါသာပေတ္ဝာ၊ ဝတ်စေပြီး၍။ ဘဏ္ဍာဂါရိကဋ္ဌာနာဒီသု၊ ဘဏ္ဍာစိုး ဌာန စသည်တို့၌။ ဌပေန္တိ၊ ထားကြကုန်၏။ ဣတ္ထီ၊ မိန်းမသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့ငြားအံ့။ ဟတ္ထိဘတ္တ ပစနာဒီနိ၊ ဆင်စာကို ချက်ပြုတ်ခြင်း အစရှိသည်တို့ကို။ နကာရေန္တိ၊ မပြုမလုပ်စေကြကုန်။ ဝတ္ထာလင်္ကာရံ၊ အဝတ်တန်းဆာကို။ ဒတ္ဝာ၊ ပေး၍။ သယနပါလိကံ ဝါ၊ အိပ်ရာစောင့်ကိုမူလည်း။ နံ၊ ထိုအမျိုးသမီးကို။ ကရောန္တိ၊ပြုကြကုန်၏။ သာမဒေဝိ ံ ဝိယ၊သာမဒေဝီတို့ကဲ့သို့။ ဝလ္လဘဋ္ဌာနေဝါ၊ အကျမ်းဝင်သော ဌာန၌ မူလည်း။ ဌပေန္တိ၊ ထားကြကုန်၏။

နွားသားစားလျှင် ဒဏ်ပေးသောမင်း

ကိရ၊ အဆင့်စကား ကြားရဘူးသည်ကား။ ဘာတိကရာဇကာလေ၊ ဘာတိကမင်းလက်ထက်၌။ဂေါမံသခါဒကေ၊နွားသားကို အစားကြူးကြကုန် သော။ ဗဟူဇနေ၊ များစွာသော လူတို့ကို။ ဂဟေတ္ဝာ၊ ဖမ်းယူ၍။ ရညော၊ မင်းအား။ ဒဿေသုံ၊ ပြကြလေကုန်ပြီ။ တေ၊ ထိုသူတို့ကို။ ဒဏ္ဍံ၊ ထားအပ်သော ဥစ္စာဒဏ်ကို။ ဒါတုံ၊ ပေးခြင်းငှါ။ သဏ္ဍောထ၊ စွမ်းနိုင်ကြကုန်၏လော။ ဣတိ၊ ဤသို့။ ပဋ္ဌာ၊ မေးမြန်းအပ်ကုန်သည် ရှိသော်။ ဝါ၊ မေးမြန်းအပ်ကုန်သော သူတို့သည်။ မယံ၊အကျွန်ုပ်တို့သည်။ န သဏ္ဍောမ၊မစွမ်းနိုင်ကြပါကုန်။ ဣတိ၊ ဤသို့။ ဝဒိ ံသု၊ ပြောကြားကြလေကုန်ပြီ။ အထ၊ ထိုအခါ၌။ နေ၊ ထိုနွားသားစားကြူးကြကုန်သော သူတို့ကို။ရာဇင်္ကော၊မင်းယင်ပြင်၌။သော ဓကော၊ သုတ်သင်ရှင်းလင်းသော သူတို့ကို။ အကံသု၊ ပြုကြလေကုန်ပြီ။တေသံ၊ ထိုသူတို့၏။ ဧကော၊ တယောက်သော။ မီတာ၊ သမီးသည်။ အဘိရူပါ၊ လှုန် သော အဆင်းရှိ၏၊ ဒဿနီယာ၊ ကြည့်ရှုချင်ဘွယ် ကောင်း၏။ ပါသာဒိကာ၊ ကြည်ညိုဘွယ်နှင့် ပြည့်စုံ၏။ တံ၊ ထိုအမျိုးသမီးကို။ ဒိသ္ဝာ၊ တွေ့မြင်ရ၍။ ရာဇာ၊ မင်းမြတ်သည်။ အန္တေပုရံ၊ နန်းတော်တွင်းသို့။ အဘိနေတ္ဝာ၊ ဆောင် ၍။ ဝလ္လဘဋ္ဌာနေ၊ မင်းနှင့် အကျမ်းဝင်သောဌာန၌။ ဌပေသိ၊ ထားလေ၏။ သေသဉ္ဉတကာပိ၊ ကြွင်းသော အမျိုးတို့သည်လည်း။ တဿာ၊ ထိုအမျိုး သမီး၏။ အာနုဘာဝေန၊ တန်ခိုးအာနုဘော်ကြောင့်။ သုခံ၊ ချမ်းချမ်း သာသာ၊ ဇီဝိ ံသု၊ အသက်မွေးကြရလေကုန်၏။ ဟိ၊ မှန်၏။ တာဒိသဿိ ံ၊

ထိုကဲ့သို့ ရှုအပ်သော သဘောရှိသော။ အတ္တဘာဝေ၊ အတ္တဘောဋ္ဌ။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။ နသက္ကောန္တိ၊ မစ္ဆမ်းနိုင်ကြကုန်။ ဣတိဧဝံ၊ ဤသို့။ ဥပဓိသမ္ပတ္တိပဋိဗာဟဇဉာနံ၊ ခန္ဓာကိုယ် အတ္တဘောဓ၏ ပြည့်စုံခြင်းသည် တာဒြမ္ဘအပ်ကုန်သည် ဖြစ်၍။ နဝိပစ္စန္တိ၊ အကျိုးမပေးကြလေကုန်။ ဣတိ၊ ဤသို့။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ကာလသမ္ပတ္တိ ပြည့်စုံလျှင်

ဧကဿ၊ တယောက်သော ပုဂ္ဂိုလ်အား။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ရှိသည် ဖြစ်ကုန်၏။ တာနိ၊ ထိုကံတို့သည်။ ကာလဝိပတ္တိယံ၊ ကာလဝိပတ္တိ ဟု ဆိုအပ်သော မင်းဆိုးလူဆိုးတို့၏ လက်ထက်၌။ ဌိတဿ၊ တည်သော သူအား။ ဝိပစ္စေယ္ယုံ၊ အကျိုးပေးကြကုန်ရာ၏။ ပန၊ သို့သော်လည်း။ သော၊ ထိုသူသည်။ ဧကေန၊ တခုသော။ ကလျာဏကမ္မေန၊ ကောင်းမှုကံကြောင့်။ ပဌမကပ္ပိကာနံ ဝါ၊ ကမ္ဘာဦးသူတို့၏ဌင်း။ စက္ကဝတ္တိရညော ဝါ၊ စက္ကဝတ်မင်းဟု ဆိုအပ်သော စကြာမင်း၏ဌင်း။ ဗုဒ္ဓါနံ ဝါ၊ ဘုရားရှင်တို့၏ဌင်း။ ဥပပတ္တိသမယေ၊ပဋ်ပေါ်သော အခါ၌။ သုရာဇသုမနုဿကာလေ၊ ကောင်းသောမင်း ကောင်းသော လူတို့၏ လက်ထက်၌။ နိဗ္ဗတ္တော၊ ဖြစ်လေ၏။ တာဒိသေ၊ ထိုကဲ့သို့ ရှုအပ်သော သဘောရှိသော။ ကာလေ စ၊အခါကာလ၌လည်း။ နိဗ္ဗတ္တဿ၊ ဖြစ်သောပုဂ္ဂိုလ်အား။ အကုသလဿ၊ အကုသိုလ်၏။ ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဩကာသော၊ အခွင့်အရေးသည်။ နတ္ထိ၊ မရှိ။ ဧကန္တံ၊ စင်စစ်။ ကုသလဿေဝ၊ ကုသိုလ်၏သာလျှင်။ ဩကာသော၊အခွင့်အရေးပေတည်း။ ဣတိဧဝံ၊ ဤသို့။ ကာလသမ္ပတ္တိပဋိဗာဟဇဉာနံ၊ အခါကောင်းနှင့် ပြည့်စုံခြင်းသည် တာဒြမ္ဘအပ်ကုန်သည် ဖြစ်၍။ နဝိပစ္စန္တိ၊ အကျိုးမပေးနိုင်ကြလေကုန်။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ပယောဂသမ္ပတ္တိ ပြည့်စုံလျှင်

အပရဿာပိ၊ တပါးသော ပုဂ္ဂိုလ်အားလည်း။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ရှိသည် ဖြစ်ကုန်၏။

ဘာနိ၊ ထိုမကောင်းကံတို့သည်။ ပယောဂဝိပတ္တိယံ၊ ကောင်းစွာ အားထုတ်မှ ကင်းခြင်း ဟူဆိုအပ်သော ပယောဂဝိပတ္တိ၌။ ဌိတာသ၊ တည်သောပုဂ္ဂိုလ်အား။ ဝိပစ္စယံ့၊ အကျိုးပေးကြကုန်ရာ၏။ ပန၊ သို့သော်လည်း။ သော၊ ထိုသူသည်။ ဧကေန၊ တခုသော။ ကလျာဏကမ္မေန၊ ကောင်းမှုကံကြောင့်။ ပယောဂသမ္ပတ္တိယံ၊ ကောင်းစွာ အားထုတ်ခြင်း ဟူ ဆိုအပ်သော ပယောဂသမ္ပတ္တိ၌။ ဌိတော၊ တည်သည်ဖြစ်၍။ ပါဏာတိပါတာဒီဟိ၊ သူတပါးအသက်ကို သတ်ခြင်း အစရှိသည်တို့မှ။ ဝိရတော၊ ရှောင်ကြဉ်သည်ဖြစ်၍။ ကာယဝစီမနောသုစရိတာနိ၊ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့ကို။ ပူရေတိ၊ ဖြည့်ကျင့်၏။ တာဒိသေ၊ ထိုကဲ့သို့ ရှုအပ်သော သဘောရှိသော။ ဌာနေ၊ အရာ၌။ အကုသလဿ၊ အကုသိုလ်၏။ ဝိပစ္စနောကာသော၊ အကျိုးပေးရာ အခွင့်သည်။ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။ ကုသလဿေဝ၊ ကုသိုလ်၏သာလျှင်။ ဩကာသော၊ အကျိုးပေးရာ အခွင့်တည်း။ ဣတိဧဝံ၊ ဤသို့။ ပယောဂသမ္ပတ္တိပဋိဗာဟိရာနိ၊ ပယောဂ၏ ပြည့်စုံခြင်းသည် တားမြစ်အပ်ကုန်သည် ဖြစ်၍။ နဝိပစ္စန္တိ၊ အကျိုးမပေးကြကုန်။ ဣတိ၊ ဤသို့။ တထာဂတော၊ မြတ်စွာဘုရားသည်။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ဂတိဝိပတ္တိ ကြုံကြိုက်လျှင်

အပရဿာပိ၊ တပါးသော ပုဂ္ဂိုလ်အားလည်း။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာနိ၊ ထိုမကောင်းကံတို့သည်။ ဂတိသမ္ပတ္တိယံ၊ ဂတိသမ္ပတ္တိ၌။ ဌိတဿ၊ တည်သော ပုဂ္ဂိုလ်အား။ နဝိပစ္စေယ္ယုံ့၊ အကျိုးမပေးနိုင်ကြကုန်ရာ။ ပန၊ သို့သော်လည်း။ သော၊ ထိုသူသည်။ ဧကေန၊ တခုသော။ ပါပကမ္မေန၊ မကောင်းမှုကံကြောင့်။ ဂတိဝိပတ္တိယံယေဝ၊ ဂတိဝိပတ္တိ ဟူ ဆိုအပ်အော အပါယ်လေးပါး၌သာလျှင်။ နိဗ္ဗတ္တော၊ ဖြစ်ရရှာ၏။ တတ္ထ၊ ထိုအပါယ်လေးပါး၌။ တဿ၊ထို ပုဂ္ဂိုလ်အား။ တာနိ ကမ္မာနိ၊ ထိုမကောင်းမှု ကံတို့သည်။ ဥပဂန္ဓာ၊ ချဉ်းကပ်ကြကုန်၍။ ဝါရေန ဝါရေန၊ အလှည့်အကြိမ် အလှည့်အကြိမ်အားဖြင့်။ ဝိပါကံ၊ မကောင်းကျိုးကို။ ဒေန္တိ၊ ပေးကြကုန်၏။ ကာလေန၊ ရံခါ။နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တာပေန္တိ၊ဖြစ်စေကြကုန်၏။ကာလေန၊ ရံခါ။ တိရစ္ဆာနယောနိယံ၊ ဘိရစ္ဆာန်ဘဝ၌။ နိဗ္ဗတ္တာပေန္တိ၊ ဖြစ်စေကြကုန်၏။ ကာလေန၊ ရံခါ။ ပေတ္တိ

ဝိသယေ၊ ပြိတ္တာဘုံဘဝ၌။ နိဗ္ဗတ္တာပေန္တိ၊ ဖြစ်စေကြကုန်၏။ ကာလေန၊ ရံခါ။အသုရကာယေ၊ အသူရကာယ်ဘဝ၌။ နိဗ္ဗတ္တာပေန္တိ၊ ဖြစ်စေကြကုန်၏။ ဒီဃေနာပိ အဒ္ဓုနာ၊ ရှည်မြင့်စွာသော အဓွန့်ကာလဖြင့်လည်း။ အပါယတော၊ အပါယ်လေးပါးမှ။ သီသံ၊ ဦးခေါင်းကို။ ဥက္ခိပိတုံ၊မြှောက်ချီခြင်းငှါ။ နဒေန္တိ၊ မပေးကြကုန်။ ဧဝံ၊ ဤသို့။ ဂတိသမ္ပတ္တိပဋိဗာဟိတတ္တာ၊ ဂတိသမ္ပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။ အသက္ကောန္တာနိ၊ မစွမ်းနိုင်ကုန်သော မကောင်းကံတို့သည်။ ဂတိဝိပတ္တိံ၊ ဂတိဖောက်ပြန်ခြင်း ဟု ဆိုအပ်သော အပါယ်လေးပါးကို။ အာဂမ္မ၊ အကြောင်းပြု၍။ ဝိပစ္စန္တိ၊ အကျိုးပေးနိုင်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ဥပဓိဝိပတ္တိ ကြုံကြိုက်လျှင်

အပရဿာပိ၊တပါးသော ပုဂ္ဂိုလ်အားလည်း။ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာနိ၊ ထိုမကောင်းကံတို့သည်။ ဥပဓိသမ္ပတ္တိယံ၊ ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း ဟု ဆိုအပ်သော ဥပဓိသမ္ပတ္တိ၌။ ဌိတဿ၊ တည်သော ပုဂ္ဂိုလ်အား။ နဝိပစ္စယံ၊ အကျိုးမပေးနိုင်ကြကုန်ရာ။ ပန၊ သို့သော်လည်း။ သော၊ ထိုသူသည်။ ဧကေန၊ တခုသော။ပါပကမ္မေန၊ မကောင်းမှုကံကြောင့်။ ဥပဓိဝိပတ္တိယံယေဝ၊ ခြေလက်အင်္ဂါ မပြည့်မစုံခြင်း ဟု ဆိုအပ်သော ဥပဓိဝိပတ္တိ၌သာလျှင်။ ပတိဋ္ဌိတော၊တည်သည်ဖြစ်၍။ ဒုဗ္ဘဏ္ဏော၊အဆင်းမလှ ဖြစ်ရ၏။ ဒုရူပေါ၊ မကောင်းသော အဆင်းရှိပေ၏။ ဒုဿဏ္ဌိတော၊ မကောင်းသော ကိုယ်အင်္ဂါ သဏ္ဌာန် ရှိပေ၏။ဗီဘစ္ဆော၊ ရုံရှာဖွယ်ရာ ကိုယ်သဏ္ဌာန်ရှိ၍နေပေ၏။ပိသာစသဒိသော၊ မြေဘုတ်ဘီလူးနှင့် တူပေ၏။ သော၊ ထိုသူသည်။ ဒါသိယာ၊ ကျွန်မ၏။ ကုစ္ဆိယံ၊ ဝမ်း၌။ သစေ ဒါသဇာတော၊ အကယ်၍ ကျွန်ဖြစ်ခဲ့ငြားအံ့။ ဇေဿ၊ ဤသူအား။ ဣမာနိ၊ ဤမကောင်းသော လုပ်ငန်းတို့သည်။ အနုစ္ဆဝိကာနိ၊ လျော်လျောက်ပတ်ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ကိလိဋ္ဌကမ္မာနိ၊ ငြစ်နွမ်းကြောင်း ဖြစ်ကုန်သော လုပ်ငန်းတို့ကို။ နံ၊ ထိုသူကို။ ကာရေန္တိ၊ ပြုလုပ်စေကြကုန်၏။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ပဋ္ဌဆဋ္ဌကကမ္မံ၊ ကျင်ကြီး ကျင်ငယ်ကို သိမ်းဆည်းရသော ပန်းမိုက်သွန်တို့၏ အမှုလုပ်ငန်းကို။ ဥပါဒါယ၊ အစပြု၍။ ကာရေန္တိ၊ ပြုလုပ်စေ

ကြကုန်၏။ ဣတ္ထီ၊ မိန်းမသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့ငြားအံ့။ ဣမာနိ၊ ဤမကောင်းသော လုပ်ငန်းတို့သည်။ ဧတိသာ၊ ဤအမျိုးသမီးအား။ အနုစ္ဆဝိကာနိ၊ လျော်ပတ်ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗာနိ၊ အလုံးစုံတို့ကို။ ဟတ္ထိဘတ္တပစနာဒီနိ၊ ဆင်စာချက်ပြုတ်ခြင်း အစရှိကုန်သော။ကိလိဋ္ဌကမ္မာနိ၊ ညစ်နွမ်းကြောင်း ဖြစ်ကုန်သော အမှုလုပ်ငန်းတို့ကို။ နံ၊ ထိုအမျိုးသမီးကို။ ကာရေန္တိ၊ ပြုလုပ်စေကြကုန်၏။ ကုလဂေဟေ၊ အမျိုးအိမ်၌။ ဇာတမ္ပိ၊ ဖြစ်သည်လည်းဖြစ်သော။ ဗလိ ံ၊ ဗလိနတ်စာကို။ သာဓယမာနာ၊ ပြီးစေကြကုန်သော။ ရာဇပုရိသာ၊ မင်းချင်းယောကျ်ားတို့သည်။ ဂေဟဒါသိတိ၊ အိမ်ကျွန်မ ဟူ၍။ သညံ်ကတ္ဝာ၊ အမှတ်ကို ပြု၍။ ဗန္ဓိတ္ဝာ၊ ဖွဲ့ထုပ်ချည်နှောင်၍။ ဂစ္ဆန္တိ၊ သွားကြကုန်၏။ ကောတလဝါပိဂါမေ၊ ကောတလဝါပိ အမည်ရှိသော ရွာ၌။ မဟာကုဋုမ္ဗိကဿ၊ များစွာ ဥစ္စာကြွယ်ဝသော သူကြွယ်၏။ ဃရဏီဝိယ၊ အိမ်မှရှင်မကဲ့သို့တည်း။ ဧဝံ၊ ဤသို့။ ဥပဓိသမ္ပတ္တိ ပဋိဗာဟိတတ္တာ၊ ဥပဓိသမ္ပတ္တိဟု ဆိုအပ်သော ခန္ဓာကိုယ်၏ ပြည့်စုံခြင်းသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။ အသက္ကောန္တာနိ၊ မစွမ်းနိုင်ကြကုန်သော အကြောင်းကံတို့သည်။ ဥပဓိဝိပတ္တိ ံ၊ ခန္ဓာကိုယ်၏ ပျက်စီးခြင်း ခြေလက်အင်္ဂါ၏ မပြည့်စုံခြင်း ဟု ဆိုအပ်သော ဥပဓိဝိပတ္တိကို။ အာဂမ္မ၊ အကြောင်းပြု၍။ ဝိပစ္စန္တိ၊ အကျိုးပေးနိုင်ကြလေကုန်၏။ ဣတိ၊ ဤသို့။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ကာလဝိပတ္တိ ကြုံကြိုက်လျှင်

အပရဿာပိ၊ လည်း။ ဗဟူနိ၊ ကုန်သော။ ပါပကမ္မာနိ၊ မကောင်းကံတို့သည်။ ဟောန္တိ၊ ကုန်၏။ တာနိ၊ ထိုမကောင်းကံတို့သည်။ ကာလသမ္ပတ္တိယံ၊ မင်းကောင်း လူကောင်းတို့၏ ခေတ် ဟု ဆိုအပ်သော ကာလသမ္ပတ္တိ၌။ နိဗ္ဗတ္တာသ၊ ဖြစ်သော ပုဂ္ဂိုလ်အား။ နဝိပစ္စေယျုံ၊ အကျိုးမပေးနိုင်ကြကုန်ရာ။ ပန၊ သို့သော်လည်း။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဧကေန၊ တခုသော။ ပါပကမ္မေန၊ မကောင်းမှုကံကြောင့်။ ကာလဝိပတ္တိယံ၊ မင်းဆိုး လူဆိုးတို့၏ ခေတ် ဟု ဆိုအပ်သော ကာလဝိပတ္တိ၌။ ဒုရာဇဒုမနုဿကာလေ၊ မင်းဆိုး လူဆိုးခေတ် အခါကာလ၌။ ကဿဋ္ဌေ၊ စပ်ခါးသော။ နိရောဇေ၊ အဆီအရသာ

သြဇာမရှိသော။ ဒသဝဿာယုကကာလေ၊ ဆယ်နှစ်တမ်း အခါကာလ၌။ နိဗ္ဗတ္တော၊ ဖြစ်ရရှာ၏။ ယဒါ၊ ဆယ်နှစ်တမ်းဟု ဆိုအပ်သော အကြင်အခါ၌။ ပဥ္စ၊ ငါးမျိုးကုန်သော။ ဂေါရသာ၊ နွားဏအရသာတို့သည်။ ပစ္ဆိဇ္ဇန္တိ၊ ပြတ်စဲကြလေကုန်၏။ ကုဒြူသကံ၊ လူးဆတ်သည်။ အဂ္ဂဘောဇနံ၊ အမြတ်ဆုံးသော ဘောဇဉ်အစာအာဟာရသည်။ ဟောတိ၊ ဖြစ်လေတော့၏။ မနုဿလောကေ၊ လူ့ပြည်၌။ ကိဉ္စာပိ နိဗ္ဗတ္တော၊ အကယ်၍ပင် ဖြစ်စေဦးတော့။ ပန တထာပိ၊ ထိုသို့ပင် လူ့ဘဝ၌ ဖြစ်သော်လည်း။ မိဂပသုသရိက္ခဇိဝိကော၊ တော သား သမင်တို့နှင့် တူသော အသက်မွေးရခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝေရူပေ၊ ဤသို့ သဘောရှိသော။ ကာလေ၊ အခါကာလမျိုး၌။ ကုသလဿ၊ ကုသိုလ်ကောင်းမှု၏။ဝိပစ္စနောကာသော၊ အကျိုးပေးရာအခွင့်သည်။ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။အကုသလဿေဝ၊ အကုသိုလ်၏သာလျှင်။ ဝိပစ္စနောကာသော၊ အကျိုးပေးရာအခွင့်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဧဝံ၊ ဤသို့။ ကာလဿမဗ္ဘန္တိ ပဋိဗာဟိတတ္တာ၊ ကာလသမ္ပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။ အသက္ကောန္တောနိ၊ မစွမ်းနိုင်ကြကုန်သော အကုသိုလ် မကောင်းကံတို့သည်။ ကာလဝိပတ္တိယံ၊ ကာလဝိပတ္တိ ဟု ဆိုအပ်သော လူဆိုး မင်းဆိုး တို့၏ ခေတ်အခါ ကာလကို။ အာဂမ္မ၊ အစွဲပြု၍။ ဝိပစ္စန္တိ၊ အကျိုးပေးနိုင်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ပယောဂဝိပတ္တိ ကြုံကြိုက်လျှင်

အပရဿာပိ၊ လည်း။ ဗဟူနိ၊ ကုန်သော။ ပါပကမ္မာနိ၊ မကောင်းမှုကံတို့သည်။ ဟောန္တိ၊ ကုန်၏။ တာနိ၊ ထိုမကောင်းသော အကုသိုလ်ကံတို့သည်။ ပယောဂသမ္ပတ္တိယံ၊ ကောင်းစွာ အားထုတ်ခြင်းဟု ဆိုအပ်သော ပယောဂနှင့် ပြည့်စုံခြင်း၌။ ဌိတဿ၊ တည်သော ပုဂ္ဂိုလ်အား။ န ဝိပစ္စေယျုံ၊ အကျိုးမပေးနိုင်ကြကုန်ရာ။ ပန၊ သို့သော်လည်း။ သော၊ ထိုသူသည်။ ပယောဂဝိပတ္တိယံ၊ ကောင်းစွာ ကျင့်သုံး အားထုတ်ခြင်းမရှိသော မှားသော အားဖြင့် ကျင့်သုံးအားထုတ်ခြင်း၌။ ဌိတော၊ တည်သည်ဖြစ်၍။ ပါဏာတိပါတာဒီနိ၊ သူတပါးအသက်ကို သတ်ခြင်း အစရှိကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ အကုသလကမ္မာနိ၊ အကုသိုလ်အမှုတို့ကို။ ကရောတိ၊ ပြု၏။

တမေနံ၊ ထိုအကုသိုလ်အမှု ပြုကျင့်၍ နေသော သူကို။ သဟောဏံ၊ မိမိ ခိုးယူ လုယက်၍ ထားသော ပစ္စည်းနှင့်တကွ။ ဂဟေတွာ၊ ဖမ်းယူ၍။ ရညော၊ မင်းအား။ ဒဿေန္တိ၊ ပြကြကုန်၏။ ရာဇာ၊ မင်းသည်။ ဗဟုကမ္မကရဏာနိ၊ များစွာသော ကမ္မကရဏ ဟု ဆိုအပ်သော ညှဉ်းဆဲမှုတို့ကို။ ကာရေတွာ၊ ပြုလုပ်စေပြီး၍။ ဃာတာပေတိ၊ သတ်ဖြတ်စေ၏။ ဧဝံ၊ ဤသို့။ ပယောဂ သမ္ပတ္တိပဋိဗာဟိတတ္တာ၊ ပယောဂသမ္ပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။ အသက္ကောန္တောနံ၊ မစ္ဆမ်းနိုင်ကြကုန်သော အကုသိုလ်ကံတို့သည်။ ပယောဂဝိပတ္တိ ံ၊ မကောင်းသဖြင့် ကျင့်သုံးခြင်း ဟု ဆိုအပ်သော သူတပါးအသက်ကို သတ်ခြင်း အစရှိသော ဒုစရိုက်မှုကို။ အာဂမ္မ၊ အကြောင်းပြု၍။ ဝိပစ္စန္တိ၊ အကျိုးပေးနိုင်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါပေ၏။

ဧဝံ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ သမ္ပတ္တီဟိ၊ သမ္ပတ္တိတရားတို့သည်။ ပဋိဗာဟိတံ၊ တားမြစ်အပ်သော။ ပါပကမ္မံ၊ မကောင်းသော အကုသိုလ်ကံသည်။ ဝိပါကံ၊ အကျိုးကို။ အဒတ္ဝာ၊ မပေးမူ၍။ စတဿော၊ လေးပါးကုန်သော။ ဝိပတ္တိယော၊ ပျက်စီးခြင်းတို့ကို။ အာဂမ္မ၊ အကြောင်းပြု၍။ ဒေတိ၊ အကျိုးပေးနိုင်လေတော့၏။

သမ္ပတ္တိမှ ဝိပတ္တိသို့

ဟိ၊ မှန်၏။ ကောစိဒေဝ၊တစုံတယောက်သာလျှင် ဖြစ်သော။ ပုရိသော၊ ယောကျ်ားသည်။ ကေနစိဒေဝ၊ တစုံတခုသာလျှင် ဖြစ်သော။ ကမ္မေန၊ အမှုဖြင့်။ ရာဇာနံ၊ မင်းမြတ်ကို။ အာရာဓေယျ၊ နှစ်သိမ့် စေရာ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသူအား။ ရာဇာ၊ မင်းမြတ်သည်။ ဌာနန္တရံ၊ ရာထူးဌာနန္တရကို။ ဒတ္ဝာ၊ ပေး၍။ ဇနပဒံ၊ ဇနပုဒ်ကို။ ဒဒေယျ၊ ပေးအပ်ရာ၏။ သော၊ ထိုသူသည်။ တံ၊ ထိုဇနပုဒ်ကို။သမ္မာ၊ ကောင်းစွာ။ပရိဘုဉ္ဇိတုံ၊ သုံးဆောင် ခံစားခြင်းငှါ။ အသက္ကောန္တော၊ မစ္ဆမ်းနိုင်သည် ဖြစ်၍။ မက္ကဋေန၊ မျောက်သည်။ ဂဟိတဘဏ္ဍပုဋံ၊ ရယူအပ်သော ထမင်းထုပ်ကို။ ဘိန္ဒေယျ ဝိယ၊ ဖျက်ဆီးလိုက်ဘိသကဲ့သို့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ယံ ယာနံ ဝါ၊ အကြင်ယာဉ်ကိုဌင်း။ ယံ ဝါဟနံ ဝါ၊ အကြင်ဝါဟန ဟု ဆိုအပ်သော ယာဉ်ကို

ၚင်း။ ယံ ဒါသံ ဝါ၊ အကြင်ကျွန်ကိုၚင်း။ ယံ ဒါသိ ံဝါ၊ အကြင်ကျွန်မကိုၚင်း။ ယံ အာရာမံ ဝါ၊အကြင် အရံဝတ္ထုကိုၚင်း။ယံ ဝတ္ထုံ ဝါ၊အကြင်အရံမြေကိုၚင်း။ သမ္မန္နရူပံ၊ ပြည့်စုံသော သဘောရှိသည်ကို။ ပဿတိ၊ တွေ့မြင်ရ၏။ သဗ္ဗံ၊ မိမိ တွေ့မြင်ရသမျှ အလုံးစုံကို။ ဗလက္ကာရေန၊ နိုင်ထက်မူသဖြင့်။ ဝါ၊ အတင်း ဗလက္ကာရ ပြုသဖြင့်။ ဂဏှေယျ၊ ယူရာ၏။ မနုဿာ၊ လူတို့သည်။ အယံ၊ ဤသူသည်။ ရာဇဝလ္လဘော၊ မင်းကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်တည်း။ ဣတိ၊ ဤသို့။ ကိဉ္စိ၊တစုံတခုန်းသော စကားကို။ ဝတ္တုံ၊ ပြောဆိုခြင်းငှါ။ နှ သက္ကုဏေယျုံ၊ မစွမ်းနိုင်ကြကုန်ရာ။ သော၊ ထိုသူသည်။ အညဿ၊ တပါးသော။ ဝလ္လဘ တရဿ၊သူ့ထက်ပို၍ မင်းကျွမ်းဝင်သော။ ရာဇမဟာမတ္တဿ၊ ဝန်ကြီးအား။ ဝိရဇ္ဈေယျ၊ ပြစ်မှားရာ၏။ သော၊ ထိုပြစ်မှားခံရသော ဝန်ကြီးသည်။နံ၊ ထိုသူကို။ ဂဟေတ္ဝာ၊ယူ၍။ သုပေါထိတံ၊ ကောင်းစွာ ထောင်းထု ရိုက်နှက်သည်ကို။ ပေါထာပေတ္ဝာ၊ ထောင်းထု ရိုက်နှက်စေပြီး၍။ ဘူမိ ံ၊ မြေကြီးကို။ ပိဋ္ဌိယာ၊ ကျောက်ဖြင့်။ ဃံသာပေတ္ဝာ၊ ဒရွတ်ဒရွတ် တိုက်စေ၍။ နိက္ကုဗ္ဗာပေတ္ဝာ၊ နှင်ထုတ်စေပြီး၍။ ရာဇာနံ၊ မင်းကို။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်ပြီး၍။ ဒေဝ၊ မင်းမြတ်....။ အသုကော နာမ၊ ထိုအမည်ရှိသော သူသည်။ တေ၊ သင်၏။ ဇနပဒံ၊ ဇနပုဒ်ကို။ ဘိန္ဒတိ၊ ဖျက်ဆီးပါ၏။ ဣတိ၊ ဤသို့။ ဂဏှာပေယျ၊ ဘမ်းယူစေရာ၏။ ရာဇာ၊ မင်းသည်။ ဗန္ဓနာဂါရေ၊ အကျဉ်းထောင်၌။ ဗန္ဓာပေတ္ဝာ၊ ဖွဲ့နှောင်စေပြီး၍။ “အသုကေန နာမ၊ ထိုအမည်ရှိသော သူသည်။ ကဿ၊ အဘယ်သူ၏။ ကိ ံ၊ အဘယ်မည်သော ဝတ္ထုကို။ အဝဟဋ်၊ မကောင်းသဖြင့် ဆောင်ယူအပ်လေသနည်း”။ ဣတိ၊ဤသို့။နဂရေ၊ မြို၌။ ဘေရိ ံ၊ စည်ကို။ စရာပေယျ၊ လည်စေရာ၏။ မနုဿာ၊ မျှားစွာသောင်းသောင်း လူအပေါင်းတို့သည်။ အာဂန္ဆာ၊ လာရောက်ကြကုန်၍။ “မယှံ၊ အကျွန်ုပ်၏။ ဣဒံ၊ ဤအမည်ရှိသော ပစ္စည်းကို။ ဂဟိတံ၊ ယူဘူးပါ၏။ မယှံ၊ အကျွန်ုပ်၏။ ဣဒံ၊ ဤအမည်ရှိသော ပစ္စည်းကို။ ဂဟိတံ၊ ယူဘူးပါ၏”။ ဣတိ၊ ဤသို့။ ဝိရဝသဟာဿံ၊ မြည်တွန်ခြင်း အထောင်ကို။ ဥဋ္ဌာပေယျုံ၊ ထစေကြကုန်ရာ၏။ ရာဇာ၊ မင်းမြတ်သည်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ အထူးအလွန်အားဖြင့်။ ကုဒ္ဓေါ၊ အမျက်ထွက်သည်ဖြစ်၍။ နာနုပ္ပကာရေန၊ အထူးထူးအပြားပြားအားဖြင့်။ တံ၊ ထိုသူကို။ ဗန္ဓနာဂါရေ၊ အကျဉ်းထောင်၌။ ကိလမေတ္ဝာ၊ ပင်ပန်းစေပြီး၍။ ဃာတာပေတ္ဝာ၊သတ်စေပြီး၍။ “ဂစ္ဆထ၊ သွားကြကုန်လော့။ နံ၊ ထိုသူကို။ သုသာနေ၊ သုသာန်၌။

ဆဋ္ဌေတ္ဝာ၊ စွန့်ပစ်၍။ သခ်ၤလိကာ၊ သံကြိုးတိုကို။ အာဟာရထ၊ ဆောင်ယူခဲ့ကြ ကုန်လော့”။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ ဧဝံ၊ ဤသို့။ ဣဒံ သမ္ဖဒံ၊ ဤဥပမာ၏ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ရှုမှတ်အပ်၏။

ဥပမာ စပ်ပြခြင်း

ထိုကဲ့သို့ ကာလဥပဓိအစရှိသော အားဖြင့် အကျိုးပေးခြင်း မပေးခြင်း၏ အကြောင်းကို ဥပမာဖြင့် ထင်ရှားစွာ လျှောက်ထားပါဦးမည်ဘုရား။

ထိုယောကျ်ား၏ တစုံတခုသာလျှင် ဖြစ်သောကံကြောင့် တစုံတခုသာလျှင် ဖြစ်သော အမှုကိစ္စဖြင့် ပြည့်ရှင်မင်းကို နှစ်သက်စေ၍ ရာထူးဌာနန္တရကို ရသောအခါကဲ့သို့ ထို့အတူ ပုထုဇဉ်ဖြစ်သော ပုဂ္ဂိုလ်၏ တစုံတခုသာလျှင် ဖြစ်သော ကောင်းမှုကံကြောင့် နတ်ပြည်နတ်ရွာ၌ ဖြစ်ရသည်နှင့် တူပါသည်။

ထိုဇနပုဒ်၌ အပိုင်စားနေရသော ယောကျ်ားသည် ထိုဇနပုဒ်ကို ဖျက်ဆီး၍ လူဘို့၏ဥစ္စာပစ္စည်းကို ယူသည်ရှိသော် တစုံတယောက်သောပုဂ္ဂိုလ်အား တစုံတခုကို ပြောဆိုခြင်းငှါ မရဲမဝံ့သော အခါ ကာလကဲ့သို့ ဤသူ၏ တစုံတခုသော ကောင်းမှုကြောင့် ဤနတ်ပြည်နတ်ရွာ၌ ဖြစ်သောအခါ ကာလ၌ အကုသိုလ်၏ အကျိုးပေးခွင့် မရှိသော အခါကာလနှင့် တူပါသည်။

ထိုယောကျ်ားအား တနေ့သ၌ တစုံတယောက်သော သူ့ထက်သာ၍ မင်းကျမ်းဝင်သော အမတ်ကြီးတဦးဦးကို ပြစ်မှားမိသည်ဖြစ်၍ ထိုအမတ်ကြီးသည် စိတ်ဆိုးသဖြင့် ထိုယောကျ်ားကို ထောင်းထု ရိုက်နှက်၍ မင်းအား သံတော်ဦးတင်ကာ အချုပ်ထောင်၌ ချုပ်နှောင်၍ ထားအပ်သော အခါကာလကဲ့သို့ ဤပုထုဇဉ်ဖြစ်သော ယောကျ်ား၏ နတ်ပြည်မှ စုတေ၍ ငရဲ၌ ဖြစ်ရသောအခါနှင့် တူပါသည်။

လူအပေါင်းတို့၏ “အကျွန်ုပ်၏ ဤဥစ္စာကို ယူဘူးပါသည်၊ အကျွန်ုပ်၏ ဤဥစ္စာကို ယူဘူးပါသည်” ဟူ၍ ပြောဆိုတိုင်ကြားသောအခါကာလကဲ့သို့ ထိုပုထုဇဉ်သတ္တဝါသည် ငရဲ၌ ဖြစ်လတ်သည် ရှိသော် အလုံးစုံသော အကုသိုလ်ကံတို့၏ ပေါင်းစု စည်းဝေး၍ အကျိုးပေးသော အခါ ကာလနှင့် တူပါသည်။

သုသာန်၌ စွန့်ပစ်၍ သံခြေကျင်း, သံကြိုးတို့ကို ယူသောအခါကာလကဲ့သို့ တခုတခုသော ကံသည် ကုန်၍ သွားသည် ရှိသော် ဤမှ တပါးသော

ကံ၏ အကျိုးပေးခြင်းအားဖြင့် ငရဲမှ ဦးခေါင်းကို မြောက်ချီခွင့် မရသည်ဖြစ်၍ အလုံးစုံသော မဟာကပ်ကာလပတ်လုံး ငရဲ၌ ကျက်ရသော အခါကာလနှင့် တူပါသည်။ မှန်၏။ က မ္ဘာတည်လောက်အောင် ခံရသော အကုသိုလ်ကံကို ပြုမှားမိသည်ဖြစ်၍ တကမ္ဘာကာလပတ်လုံး ငရဲ၌ ကျက်ကုန်သော သတ္တဝါတို့သည် တယောက်လည်း မဟုတ်, နှစ်ယောက်လည်း မဟုတ်, တရာလည်း မဟုတ်,တထောင်လည်း မဟုတ်။ ဤသို့ ကျက်၍ နေကြရကုန်သော သတ္တဝါတို့သည် အရေအတွက် အပိုင်းအခြားကို လွန်ကြပါကုန်သည်တဲ့ဘုရား။

အတ္ထကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဂတိဝိပတ္တိ ပဋိဗာဇ္ဈာနိ န ဝိပစ္စန္တိ- ဤသို့ အစရှိသော စကားရပ်တို့၌လည်း ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အနက်ယောဇနာခြင်းကို သိအပ်၏ ဟု အဋ္ဌကထာဆရာ မိန့်ပြပါသည်။

ဂတိဝိပတ္တိကြုံနေလျှင် ကုသိုလ်အကျိုးမပေး

ဤလောက၌ အခွါသောပုဂ္ဂိုလ်အား များစွာကုန်သော ကောင်းသော ကံတို့သည် ရှိကြပါကုန်သည်။ ထိုကောင်းသောကံတို့သည် ဂတိသမ္ပတ္တိဟု ဆိုအပ်သော လူ့ဘဝ နတ်ဘဝ၌ တည်သော သူအား အကျိုးပေးခြင်းငှါ စွမ်းနိုင်ကြကုန်ရာပါသည်။ သို့ရာတွင် ထိုသူသည် တစုံတခုသော မကောင်းမှုကံကြောင့် ဂတိဝိပတ္တိဟု ဆိုအပ်သော ငရဲ၌ဌင်း အသူရကာယ်၌ဌင်း ဖြစ်ရ၏။ ထိုကဲ့သို့သော ငရဲ အသူရကာယ် ဌာနမျိုး၌ ကုသိုလ်တရားသည် အကျိုးကို ပေးခြင်းငှါ မစွမ်းနိုင်ခဲ့ပါ။စင်စစ်အားဖြင့် အကုသိုလ်သည်သာလျှင် အကျိုးကို ပေးခြင်းငှါ စွမ်းနိုင်ပါသည်။ ဤသို့ ထိုပုဂ္ဂိုလ်အား ထိုကံတို့သည် ဂတိဝိပတ္တိ ဟု ဆိုအပ်သော ငရဲ အသူရကာယ်၌ ဖြစ်ခြင်းသည် တားမြစ်အပ်ကုန်သည် ဖြစ်၍ အကျိုးမပေးနိုင်ကုန်ဟူ၍လည်း မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည် ဘုရား။

ဥပဓိဝိပတ္တိ ကြုံကြိုက်လျှင်

အခြားတပါးသော ပုဂ္ဂိုလ်အားလည်း များစွာကုန်သော ကုသိုလ် ကောင်းမှုကံတို့သည် ရှိကြပါကုန်သည်။ ထိုကောင်းမှု ကုသိုလ်ကံတို့သည် ဥပဓိသမ္ပတ္တိဟု ဆိုအပ်သော ခြေလက်အင်္ဂါပြည့်ပြည့်စုံစုံဖြစ်ခြင်း၌ တည်ရှိ

သော ပုဂ္ဂိုလ်အား အကျိုးပေးခြင်းငှါ စွမ်းနိုင်ကြကုန်ရာပါသည်။ သို့ရာတွင် ထိုသူသည် တစုံတခုသော မကောင်းကံ ကြမ္မာကြောင့် ဥပဓိပတ္တိ ဟု ဆိုအပ်သော ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းဌ် တည်သည်ဖြစ်၍ အဆင်းမလှ မြေဘုတ်ဘီးလူနှင့်တူသော အဆင်းသဏ္ဌာန်ရှိပါသည်။ ထိုသူသည် အကယ်၍ မင်းမျိုးဌပင် ဖြစ်ခဲ့စေကာမူ ဘခင်မင်းမြတ်၏ နတ်ရွာစံသော အခါကာလဌ် ဤကျက်သရေမရှိတဲ့ ပုဂ္ဂိုလ်အား မင်းအဖြစ်ဖြင့် အဘယ်မူအံ့နည်းဟု ထိုအရပ် ဆိုးလှသော ပုဂ္ဂိုလ် ကိုယ်လက်အင်္ဂါချို့ယွင်း၍ နေသော ပုဂ္ဂိုလ်သည် မင်းအဖြစ်ကို မရနိုင်ပါ။ စစ်သူကြီးအိမ် အစရှိသည်တို့ဌ် ဖြစ်ပင်ဖြစ်ရငြားပါသော်လည်း စစ်သူကြီးရာထူး အစရှိသည်တို့ကို မရနိုင်ပါ။

မျက်စိပျက်သွားသော မင်းသား

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းအရာ ထင်ရှားဖြစ်စေခြင်း အကျိုးငှါ ကျွန်းနေ ရှင်ဘုရင်တပါး၏ ဝတ္ထုကို ဤနေရာဌ် ပြောပြအပ်ပါသည်။

ကြားရဘူးသည်ကား ရှင်ဘုရင်သည် မိဖုရားအား သားတော် ဖွားမြင်လတ်သည်ရှိသော် မိဖုရားကို ကြည်ညိုနှစ်သိမ့်တော်မူသည်ဖြစ်၍ ဆုထူးဆုမြတ်ကို မိဖုရားအား ပေးသနားတော်မူပါသည်။ ထိုသားရှင်ဖြစ်သောမိဖုရားသည် ဆုမြတ်ကို ယူ၍ ထားပါသည်။ မင်းသားသည် ခုနစ်နှစ် ရှစ်နှစ်အရွယ် ရောက်သောအခါကာလဌ် ရာဇဂ်ဏဟု ဆိုအပ်သော နန်းကြမ်းပြင်ထက်ဌ် ကြက်တိုက်ခြင်းကို ပြုလုပ်ပါသည်။ တကောင်သော ကြက်သည် ပျံ၍ မင်းသား၏ မျက်စိတို့ကို ဖောက်လိုက်ပါသည်။ မင်းသား၏မိခင်ဖြစ်သော မိဖုရားသည် သား၏ တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ကာလဌ်မင်းအဖြစ်ကိုဆောက်နှင်းတော့အံ့ဟု ဘုရင်မင်းမြတ်ထံသို့ ချဉ်းကပ်၍ သံတော်ဦးတင်သည်မှာ “ အရှင်မင်းမြတ်....၊ အရှင်မင်းမြတ်တို့သည် မင်းသားငယ်၏ မွေးဖွားသော အခါကာလဌ် ဆုထူးဆုမြတ်ကို ပေးအပ်ခဲ့ပါသည်၊ ဘုရားကျွန်တော်မျိုးမသည် ထိုဆုကိုယူ၍ သိမ်းဆည်းထားခဲ့ပါသည်။ ယခုအခါဌ် ထိုဆုကို ယူလိုပါသည်ဘုရား” ဟူ၍ သံတော်ဦးတင်၏။

ထိုအခါ ဘုရင်မင်းမြတ်က“အချင်းမိဖုရား....၊ကောင်းလှပေပြီ ယူလော့” ဟူ၍ မိန့်တော်မူ၏။ မိဖုရားက “အရှင်မင်းမြတ်.... အကျွန်ုပ်သည် အရှင်

မင်းမြတ်တို့၏ အထံမှ တစုံတခု မရဘူးသော အရာဌာနမည်သည် မရှိပါ။ သို့ရာတွင် ယခုအခါ၌ ကျွန်တော်မ၏သားအား မင်းအဖြစ်ကို အပ်နှင်းပါ” ဟူ၍ မိဖုရားက ဆိုပါသည်။

“မိဖုရား.... သင်၏သားသည် အင်္ဂါခွိုယှင်းလျက် ရှိခေ၏။ထိုအင်္ဂါခွိုယှင်းလျက်ရှိသော သင်၏သားကို မင်းအဖြစ်အပ်နှင်းခြင်းငှါ ငါမတတ်နိုင်” ဟူ၍ ဘုရင်မင်းမြတ်က မိန့်တော်မူပါသည်။

အရှင်မင်းမြတ်တို့သည် အကျွန်ုပ်အား နှစ်သက်ရာဆုကို ပေးခြင်းငှါ မစ္ဆမ်းနိုင်ကြပါကုန်ဘဲလျက် အဘယ့်ကြောင့် ဆုကို ပေးတော်မူခဲ့ကြပါကုန်သနည်းဟူ၍ နှုတ်လှုံထိုးပါသည်။

ကျွန်းငယ်၏ ဘုရင်သာဖြစ်ခြင်း

မင်းမြတ်သည် အလွန်အားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ။ဝါ၊ စကား ဖြင့် အနှိပ်စက်ခံရသည်ဖြစ်၍ သင်၏သားအား သီဟိုဠ်တကျွန်းလုံး၌ မင်းအဖြစ်ကို ပေးခြင်းငှါ ငါမတတ်နိုင်။ သို့ရာတွင် နာဂဒီပဟုဆိုအပ်သော ကျွန်းငယ်တခု၌ ထီးဖြူစိုက်ထူ၍ နေစေသတည်းဟူ၍ ဘုရင်မင်းမြတ်က နာဂဒီပကျွန်းသို့ သားတော်မောင်ကို ပို့လွှတ်လိုက်ပါသည်။ထိုမင်းသားငယ်သည် တကျွန်းလုံး၏ ဘုရင်မဖြစ်မူ၍ ကျွန်းငယ်တခု၏ဘုရင်သာဖြစ်သဖြင့် ဒီပရာဇာဟူ၍ အမည်တွင်ပါသည်။ အကယ်၍ စက္ခုဟုဆိုအပ်သော မျက်စိဖောက်ပြန်မှုမရှိခဲ့ပါမူကား ယူဇနာသုံးရာ အကျယ်အဝန်းရှိသော သီဟိုဠ်ကျွန်း တကျွန်းလုံး၌ အလုံးစုံသော ပြည့်စုံမှု အခြံအရံရှိသော မင်းအဖြစ်ကို ရတန်ရာပါသည်။

ဤသို့ ခန္ဓာကိုယ်၏ ဖောက်ပြန် ခွိုယှင်းခြင်းဟု ဆိုအပ်သော ဥပဓိဝိပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ ကံတရားတို့သည် အကျိုးမပေးနိုင်ကြကုန်ဟူ၍ မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည်။

ကာလဝိပတ္တိ ကြုံကြိုက်လျှင်

တပါးသော ပုဂ္ဂိုလ်အားလည်း မျှားစွာကုန်သော ကောင်းမှုကံတို့သည် ရှိကြပါကုန်၏၊ ထိုမျှားစွာကုန်သော ကောင်းမှု ကုသိုလ်ကံတို့သည် ကာလ

သမ္ဗတ္တိဟုဆိုအပ်သော မင်းကောင်းလူကောင်းတို့၏လက်ထက်၌ တည်ရှိသော ပုဂ္ဂိုလ်အား အကျိုးပေးနိုင်ကုန်ရာပါသည်။ သို့ရာတွင် ထိုသူသည် တခုသော မကောင်းကံကြောင့် ကာလဝိပတ္တိဟု ဆိုအပ်သော မကောင်းသောမင်း မကောင်းသောလူတို့လက်ထက်ဖြစ်သော ခါးစပ်သော ဩဇာမရှိသော အသက်တိုသောခေတ်ဖြစ်သော ဂတိ၏ အဆုံး၌ ဖြစ်ရပါသည်။ ထိုကဲ့သို့သော အခါကာလမျိုး၌ ကောင်းမှုကုသိုလ်ကံသည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်ခဲ့ပါ။ ဤသို့ ကာလဝိပတ္တိသည် တားမြစ်အပ်ကုန်သည်ဖြစ်၍ ကောင်းမှုကုသိုလ်ကံတရားတို့သည် အကျိုးမပေးနိုင်ကြကုန်ဟူ၍ မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည်။

ပယောဂဝိပတ္တိ ကြုံကြိုက်လျှင်

တပါးသော ပုဂ္ဂိုလ်အားလည်း များစွာကုန်သော ကောင်းမှု ကုသိုလ်ကံတို့သည် ရှိကြပါကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် ပယောဂသမ္ဗတ္တိဟု ဆိုအပ်သော ကောင်းစွာအားထုတ်ခြင်း ကောင်းစွာ ကိုယ်နှုတ်နှလုံး သုံးပါးကို ကျင့်သုံးခြင်းဟုဆိုအပ်သော ပယောဂသမ္ဗတ္တိ၌ တည်သောသူအား အကျိုးပေးနိုင်ကြကုန်ရာပါသည်။ သို့ရာတွင် ဤသူသည် ပယောဂဝိပတ္တိဟု ဆိုအပ်သော ကိုယ်အမှုအကျင့် မကောင်းခြင်း, နှုတ်အမှုအကျင့် မကောင်းခြင်း, စိတ်အမှုအရာမကောင်းခြင်း၌ တည်သည်ဖြစ်၍ ပါဏာတိပါတဟုဆိုအပ်သော သူတပါးအသက်ကို သတ်ဖြတ်ခြင်း, ထိုမှတပါး ဒုစရိုက်ဆယ်ပါးအပြင် အလုံးစုံသော သီလပျက်စီးရာ ပျက်စီးကြောင်း အလုပ်တို့ကို ပြည့်စုံစေပါသည်။ ထို့ကြောင့် ထိုသူနှင့်အတူတက္ခ ဇာတ်တူဖြစ်ကြကုန်သော အမျိုးသားတို့ကိုလည်း အာဝါဟ ဝိဝါဟ ဟု ဆိုအပ်သော သားပေးခြင်း သမီးပေးခြင်း ဖြစ်တဲ့ ထိမ်းမြားမင်္ဂလာကို မပြုကြပါကုန်။ "ဤယုတ်မာသော ယောကျ်ားသည် မိန်းမအပျော်ကြူးသော ယောကျ်ားတည်း။ ဤယုတ်မာသော ယောကျ်ားသည် သေရည်သေရက် အပျော်ကြူးသော ယစ်ထုပ်ကြီးတည်း။ ဤယုတ်မာသော ယောကျ်ားသည် ကြွေအန်ကစားခြင်း အစရှိသော ကစားခြင်းကြူးသော ကစားသမားကြီးတည်း"။ ဤသို့ ပြောဆိုကြကုန်သည်ဖြစ်၍ အဝေးကပင်လျှင် ထိုသူကို ရှောင်ကြဉ်ကြပါကုန်သည်။ ကောင်းသောကံတို့သည် အကျိုးပေးခြင်းငှါ မစွမ်းနိုင်ကြပါကုန်။ ဤသို့ ပယောဂဝိပတ္တိဟု ဆိုအပ်သော ကိုယ်အမှုအကျင့် မကောင်းခြင်း, နှုတ်အမှုအကျင့် မကောင်း

ခြင်း, စိတ်အမှုအရာ မကောင်းခြင်းသည် တားဆီးအပ်ကုန်သည်ဖြစ်၍ မိမိ၏ ကုသိုလ်ကံ ကြမ္မာတို့သည် အကျိုးမပေးနိုင်ကြကုန်ဟူ၍ မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည်။

ဤသို့ လေးပါးကုန်သော ပြည့်စုံမှုဟု ဆိုအပ်ကုန်သော သမ္မတ္တိတို့ကို အစဲပြု၍ အကျိုးပေးတတ်သော ကောင်းသောကံသည် လေးပါးကုန်သော ပျက်ယွင်းခြင်းဟု ဆိုအပ်ကုန်သော ဝိပတ္တိတို့သည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ပါ။

ဂတိသမ္ပတ္တိ ကြုံကြိုက်လျှင်

တပါးသော ပုဂ္ဂိုလ်အားလည်း မျှားစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြပါကုန်သည်။ ထိုကောင်းမှု ကုသိုလ်ကံတို့သည် ဂတိဝိပတ္တိ၌ အပါယ်လေးပါး၌ တည်သော ပုဂ္ဂိုလ်အား အကျိုးမပေးနိုင်ကြကုန်ရာ။ သို့ရာတွင် ထိုသူသည် တခုသောကောင်းမှုကံကြောင့် ဂတိသမ္ပတ္တိဟု ဆိုအပ်သော လူ့ပြည် နတ်ပြည်၌သာ ဖြစ်ပါသည်။ထိုလူ့ပြည် နတ်ပြည်၌ ထိုသူ၏ ထိုကုသိုလ်ကံတို့သည် ချဉ်းကပ်၍ အလှည့်အကြိမ် အလှည့်အကြိမ် အားဖြင့် ကောင်းကျိုးကို ပေးကြကုန်သည်။ ရံဖန်ရံခါ၌ လူ့ပြည်မှာဖြစ်စေကြကုန်သည်။ ရံဖန်ရံခါ၌ နတ်ပြည်မှာ ဖြစ်စေကြပါကုန်သည်။ ဤသို့ဂတိ-ဝိပတ္တိဟု ဆိုအပ်သော အပါယ်လေးပါးသည် တားမြစ်အပ်သည်ဖြစ်၍ အကျိုးပေးခြင်းငှါ မစွမ်းနိုင်ကြကုန်သော ကုသိုလ်ကံတို့သည် ဂတိသမ္ပတ္တိဟု ဆိုအပ်သော လူ့ပြည် နတ်ပြည်ကို စဲ၍ အကျိုးပေးနိုင်ကြကုန်သည် ဟု မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည်။

ဥပဓိသမ္ပတ္တိ ကြုံကြိုက်လျှင်

တပါးသောပုဂ္ဂိုလ်အားလည်း မျှားစွာကုန်သော ကုသိုလ်ကောင်းမှုတို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုကုသိုလ်ကောင်းမှု တရားတို့သည် ဥပဓိဝိပတ္တိဟု ဆိုအပ်သော ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၌ တည်သော ပုဂ္ဂိုလ်အား အကျိုးမပေးနိုင်ကြပါကုန်။ သို့ရာတွင် ထိုသူသည် တခုသော ကောင်းမှုကံကြောင့် ဥပဓိသမ္ပတ္တိဟု ဆိုအပ်သော ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်း၌ သာလျှင် တည်သည်ဖြစ်၍ လွန်သော အဆင်း ရှိပါ၏။ ရှုချင်ဘွယ်သော အဆင်း ရှိပါ၏။ ကြည်ညို

ဘုယ်သော အဆင်းရှိပါ၏။ ဗြဟ္မာမင်းနှင့်တူသော ကိုယ်အဆင်းသဏ္ဌာန် ရှိပါ၏။ ထိုပုဂ္ဂိုလ်အား ဥပဓိသမ္ပတ္တိဟုဆိုအပ်သော ကိုယ်လက်အင်္ဂါ၏ ပြည့်စုံခြင်း၌ တည်သည်၏ အဖြစ်ကြောင့် ကောင်းသော ကုသိုလ်ကံတို့သည် အကျိုးကို ပေးနိုင်ကြပါကုန်သည်။ ထိုသူသည် အကယ်၍ မင်းမျိုး၌ ဖြစ်ခဲ့ငြားအံ့။ တပါးကုန်သော နောင်တော်ကြီးတို့သည် ထင်ရှားရှိပင် ရှိကုန်ငြားသော်လည်း ဤသူ၏ အတ္တဘောသည် အလုံးစုံပြည့်စုံ၏။ ဤသူအား ထီးဖြူကို စိုက်ထူစေအပ်သည် ရှိသော် လောက၏ ချမ်းသာခြင်းသည် ဖြစ်ပေလိမ့်မည်၊ ဤသို့ကြံစည်ကြကုန်သည်ဖြစ်၍ ထိုသူကိုသာလျှင် မင်းအဖြစ်၌ အဘိသိက်သွန်းလောင်းကြပါကုန်သည်။ အိမ်ရှေ့မင်း အိမ်အစရှိသည်တို့၌ ဖြစ်သည်ရှိသော်လည်း ဘခင်အိမ်ရှေ့မင်း ကွယ်လွန်သောအခါ၌ အိမ်ရှေ့မင်း ရာထူးကိုငင်း စစ်သူကြီးရာထူးကိုငင်း ဘဏ္ဍာစိုးရာထူးကိုငင်း သူဌေးရာထူးကိုငင်း ရတတ်ပါသည်။ ဤဥပဓိဝိပတ္တိသည် တားမြစ်အပ်သည်၏ အဖြစ်ကြောင့် ကောင်းကျိုးကိုပေးခြင်းငှါ မစွမ်းနိုင်ကြကုန်သော ကုသိုလ်တရားတို့သည် ဥပဓိသမ္ပတ္တိကို အစဲပြု၍ အကျိုးပေးနိုင်ကြကုန်၏ ဟု မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည်။

ကာလသမ္ပတ္တိ ကြုံကြိုက်လျှင်

တပါးသောပုဂ္ဂိုလ်အားလည်း များစွာကုန်သော ကုသိုလ်ကောင်းမှုကံတို့သည် ရှိကြပါကုန်၏။ ထိုကောင်းမှု ကုသိုလ်ကံတို့သည် ကာလဝိပတ္တိဟုဆိုအပ်သော မင်းဆိုး လူဆိုးတို့လက်ထက် ၌ တည်သောသူအား အကျိုးမပေးနိုင်ကြပါကုန်။ သို့ရာတွင် ထိုသူသည် တခုသောကောင်းမှုကံကြောင့် ကာလသမ္ပတ္တိဟု ဆိုအပ်သော မင်းကောင်း လူကောင်းတို့ ခေတ်အခါ၌ ဖြစ်ပါသည်။ ထိုကဲ့သို့သဘောရှိသော ကာလ၏ပြည့်စုံခြင်း၌ ဖြစ်သော ပုဂ္ဂိုလ်အား ကောင်းမှုကံသည် အကျိုးကို ပေးနိုင်ပါသည်။

မဟာသောဏ မထေရ်ဝတ္ထု

ဤသို့ အကျိုးပေးရာ၌ မဟာသောဏမထေရ်၏ ဝတ္ထုကို ဤနေရာ၌ ဆိုအပ်ပါသည်။

သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿ ခိုးသူကြီးဘေးရောက်၍ နေသော အခါကာလ၌ စိတ္တလတောင်၌ တသောင်းနှစ်ထောင်ကုန်သော ရဟန်းတော်တို့

သည် သီတင်းသုံး၍နေကြပါကုန်သည်။ ထို့အတူ တိဿမဟာဝိဟာရကျောင်း တိုက်ကြီး၌ ရဟန်း တသောင်းနှစ်ထောင်တို့ သီတင်းသုံး၍နေကြပါကုန်သည်။ ကျောင်းတိုက်ကြီး နှစ်ခုတို့၌လည်း သုံးနှစ်တို့၏ ကံကျွေးရိက္ခာကို တည်ဉ့်တည်း ဖြင့် ပင်လျှင် ကြီးမားလှစွာသော ကြွက်ကြီးတို့သည် ခဲစားကြကုန်သည် ဖြစ်၍ ဖဲ့မျှကိုသာလျှင် အကြွင်းအကျန် ထားပစ်ခဲ့ကြပါကုန်သည်။

ပရိနိဗ္ဗာန်စံတော်မူကြခြင်း

စိတ္တလတောင်၌ သီတင်းသုံးတော်မူသော သံဃာတော်မြတ်သည် တိဿမဟာဝိဟာရကျောင်းတိုက်ကြီး၌ ကံကျွေးရိက္ခာ ရှိပေလိမ့်ဦးမည်ဟု ထို ကျောင်းတိုက်သို့ သွား၍ ငါတို့နေကြကုန်အံ့ ဟု ကျောင်းမှထွက်ကြတော်မူ ပါသည်။ တိဿမဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးတော်မူသောရဟန်း သံဃာသည်လည်း စိတ္တလတောင်၌ ကံကျွေးရိက္ခာရှိပါလိမ့်ဦးမည်။ ထိုစိတ္တလ တောင်သို့ သွား၍ ငါတို့ နေကြကုန်အံ့ ဟု ကျောင်းမှ ထွက်ကြတော်မူ ပါသည်။ နှစ်ပါးစုံသော သံဃာသည်လည်း တောင်ချောက်ကြားတခု၏ ကမ်းပါး၌ ပေါင်းဆုံမိသည်ဖြစ်၍ တဦးကိုတဦး မေးမြန်းကြသည်ဖြစ်၍ ကံကျွေးရိက္ခာ၏ကုန်ခန်းသည်၏ အဖြစ်ကို သိကြသည်ဖြစ်၍ ထို့အရပ်သို့ သွား၍ အဘယ်ပြုကြကုန်တော့အံ့နည်း။ ဤသို့ စုဝေးတိုင်ပင်ကြကုန်သည် ဖြစ်၍ နှစ်သောင်းလေးထောင်ကုန်သော ရဟန်းတော်တို့သည် နက်လှစွာ သော တောင်ချောက်ကြား တောထည်းသို့ ဝင်ရောက်ကြကုန်သည်ဖြစ်၍ ထိုင်နေသော ဣရိယာပုထ်ဖြင့်သာလျှင် ခန္ဓာရုပ်နာမ် အကြွင်းအကျန်မရှိသော အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ယူကိန်း၍ ငြိမ်းတော်မူခဲ့ကြပါ သည်။ ဘေးဘယကင်းရှင်းသော နောက်အခါကာလ၌ ရဟန်းသံဃာသည် နတ်တို့၏ မင်းဖြစ်သော သိကြားမင်းကို ခေါ်ယူ၍ ထိုရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်တို့ကို စုရုံး၍ စေတီတည်ကြပါသည်ဘုရား။

သိကြားမင်းလည်း မတတ်နိုင်

ဗြာဟ္မဏတိဿ ခိုးသူကြီးသည်လည်း ဇနပုဒ်အပေါင်းကို လုယက် ဖျက်ဆီး၍နေပါသည်။ တကျွန်းလုံးရှိ သံဃာတော်အပေါင်းသည် စုဝေး တိုင်ပင်၍ "သူခိုးကို တားမြစ်ပါ"ဟု သိကြားမင်း၏ အထံသို့ မထေရ်ရှစ်ပါး

တို့ကို စေလွှတ်၍ တားမြစ်ပါသည်။ နတ်တို့၏မင်းဖြစ်သော သိကြားမင်းကလည်း—

မယာ ဘန္တေ ဥပ္ပန္နော စောရော နု သက္ကာ ပဋိဗာဟိတုံ၊ သံဃော ပရိသမုဒ္ဒံ ဂစ္ဆတု၊ အဟံ သမုဒ္ဒါရက္ခံ ကရိဿာမီတိ။

ဒေဝရာဇာ၊ နတ်တို့၏ မင်းဖြစ်သော။ သက္ကော၊ သိကြားသည်။ ဘန္တေ၊ အိုအရှင်ဘုရားတို့.... ။ မယာ၊ ဘုရားတပည့်တော်သည်။ ဥပ္ပန္နော၊ ဖြစ်ပေါ်၍ နေသော။ စောရော၊ ခိုးသူကို။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ နု သက္ကာ၊ မတတ်နိုင်ပါ။ သံဃော၊ သံဃာတော်မြတ်သည်။ ပရိသမုဒ္ဒံ၊ သမုဒ္ဒရာတဘက်သို့။ ဂစ္ဆတု၊ ကြွတော်မူပါ။ အဟံ၊ ဘုရားတပည့်တော် သိကြားမင်းသည်။ သမုဒ္ဒါရက္ခံ၊ သမုဒ္ဒရာအစောင့်အရှောက်ကို။ ကရိဿာမိ၊ ပြုပေးပါမည်ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထား၏။

သံဃအကြီးအမှူး မထေရ်သုံးပါး

သံဃာတော်မြတ်သည် အလုံးစုံသော အရပ်ဒေသတို့မှ နာဂဒီပ ကျွန်းသို့ ကြွတော်မူ၍ ဇမ္ဗုကောလ ဟု ဆိုအပ်သော သဘော်ဆိပ်၌ သုံးထပ်သုံးဆင့် ရှိသော ဖောင်ကြီးကို ဖွဲ့ပါသည် ဘုရား။ တခုသော ဖောင်၏အဆင့်သည် ရေထဲ၌ နစ်ပါသည်။ တခုသောဖောင်၏အဆင့်၌ ရဟန်းသံဃာသည် ထိုင်နေသီတင်းသုံးပါသည်။ တခုသောဖောင်၏အဆင့်၌ သပိတ်သင်္ကန်းတို့ကို ထားကြပါကုန်သည်။ သံယုတ်ကို အာဂုံဆောင်သော စူဠသိဝမထေရ်, ဣသိဒတ္တမထေရ်, မဟာသောဏမထေရ်ဟူ၍ သုံးပါးကုန်သော မထေရ်ကြီးတို့သည် ထိုကဲ့သို့ သမုဒ္ဒရာသို့ ကူးအံ့ကုန်သော သံဃပရိသတ်တို့၏ အကြီးအမှူးတို့ ဖြစ်ကြပါကုန်သည်။

ထိုမထေရ်ကြီးသုံးပါးတို့တွင်-နှစ်ပါးကုန်သော မထေရ်မြတ်တို့က မဟာသောဏမထေရ်ကို ပြောကြားကြပါကုန်သည်။

အာဝုသော မဟာသောဏ အဘိရုဟ မဟာဥလုမ္ပန္တိ။

အာဝုသော မဟာသောဏ၊ ငါ့ရှင်မဟာသောဏ.... ။ မဟာဥလုမ်ပံ၊ ကြီးကျယ်လှစွာသော ဖောင်ကြီးထက်သို့။ အဘိရုဟ၊ တက်ရောက်တော်မူပါ။ ဣတိ၊ ဤသို့။ အာဟံသု၊ ပြောကြားကြပါကုန်သည်ဘုရား။

ထိုအခါ မဟာသောဏ မထေရ်က—

ဘန္တေ၊ အရှင်ဘုရားတို့.... ။ တုမ္ဟေ၊ အရှင်ဘုရားတို့သည်။ အဘိရုဟထ၊ တက်ရောက်တော်မူကြပါကုန်ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊လျှောက်ထားပါသည်။

အာဝုသော၊ ငါ့ရှင်။ ဥဒကော၊ ရေ၌။ မရဏမ္ပိ၊ သေရခြင်းသည်ရင်း။ ထလေ၊ ကုန်း၌။ မရဏမ္ပိ၊ သေရခြင်းသည်ရင်း။ ကေမေဝ၊ တခုတည်းသာလျှင် ဖြစ်ပေတော့၏။ မယံ၊ ငါတို့နှစ်ပါးသည်။ ပရသမုဒ္ဒံ၊ သမုဒ္ဒရာတဘက်ကမ်းသို့။ နု ဂမိဿာမ၊ မသွားကုန်တော့အံ့။ ပန၊ သို့သော်လည်း။ တံ၊ သင့်ကို။ နိဿာယ၊ အမှီပြု၍ ။ အနာဂတေ၊ နောင်သောအခါကာလ၌။ သာသနဿ၊ သာသနာတော်မြတ်၏။ ပဝေဏီ၊ အစဉ်အဆက်သည်။ ဌဿတိ၊ တည်လတ္တံ့ ။ အာဝုသော၊ ငါ့ရှင် မဟာသောဏ.... ။ တုံ၊ သင်သည်။ ဂစ္ဆ၊ သွားပါလော့။ ဣတိ ၊ဤသို့။ အာဟံသု၊ ပြောကြားကြပါကုန်သည်ဘုရား။

ထိုအခါ မဟာသောဏမထေရ်က—

နာဟံ ဘန္တေ တုမ္ဟေသု အဂစ္ဆန္တေသု ဂမိဿာမီတိ ယာဝတတိယံ ကထေတ္ဝာပိ ထေရံ အာရောပေတုံ အသက္ကောန္တာ နိဝတ္တိံသု။

ဘန္တေ၊ အိုအရှင်ဘုရားတို့.... ။အဟံ၊ ဘုရားတပည့်တော်သည်။ တုမ္ဟေသု၊ အရှင်ဘုရားတို့ နှစ်ပါးသည်။ အဂစ္ဆန္တေသု၊ ကြွတော် မမူကြကုန်သည်ရှိသော်။ နု ဂမိဿာမိ၊ မသွားပါတော့အံ့ဘုရား.... ။ ဣတိ၊ ဤသို့။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ ကထေတ္ဝာပိ၊ ပြောကြားပြီး၍လည်း။ ထေရံ၊ မဟာသောဏမထေရ်ကို။ အာရောပေတုံ၊ ဖောင်ကြီးထက်သို့ တက်ရောက်ခြင်းငှါ။ အသက္ကောန္တာ၊ မစွမ်းနိုင်ကြကုန်သည်ဖြစ်၍ ။ နိဝတ္တိံသု၊ ပြန်လည်ဆုတ်နစ်တော်မူကြလေကုန်သတည်း။

သာသနာတည်တံ့စေမည့် မထေရ်

ထိုအခါ စူဠသိဝထေရ်သည် ဣသိဒတ္တမထေရ်ကို ဤသို့ ပြောဆိုလျှောက်ထားပါသည် “ငါ့ရှင် ဣသိဒတ္တ.... နောင်သော အခါ၌ မဟာသောဏမထေရ်ကို အမှီပြု၍ သာသနာတော်အစဉ်အဆက် တည်ရှိပေလိမ့်မည်။ ထိုမဟာသောဏမထေရ်ကို လက်လွှတ်မခံရစ်ပါလင့်” ဟူ၍ လျှောက်ထားပါသည်။

ထိုအခါ ဣသိဒတ္တမထေရ်က “အရှင်ဘုရား.... အရှင်ဘုရားတို့သည် အဘယ်သို့ ကြွတော်မူကုန်အံ့နည်း” ဟု မေးမြန်း လျှောက်ထားပါသည်။ “ငါသည် မဟာစေတီကို ရှိခိုးဦးအံ့”၊ ဤသို့ မထေရ်နှစ်ပါးတို့ကို ဆိုဆုံးမပြီး၍ အစဉ်အားဖြင့် ခရီးဒေသစာရီ ကြွချီတော်မူသည်ရှိလတ်သော် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ကောင်းစွာ ဆိုက်ရောက်တော်မူပါသည်။

စေတီတော်ကြီးသော်မှ ကိုးကွယ်ရာမဲ့ ဖြစ်ရချေသေး၏

ထိုအခါ၌ မဟာဝိဟာရကျောင်းတိုက်ကြီးသည် သံဃာတော်တို့မှ ဆိတ်သုဉ်း၍ နေပါသည်။ စေတီယင်ပြင်၌ ကြက်ဆူပင်တို့သည် ပေါက်ရောက်၍ နေကြပါကုန်သည်။ မဟာစေတီတော်ကြီးကို ခွေးပိတ်ပေါင်းတို့သည် ဝိုင်းရံ၍ နေအပ်ပါသည်။ မှော်ရေညှိဖြင့် မြေးယှက်၍ နေပါတော့သည်။

မထေရ်မြတ်သည် သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားအား အရိုအသေပြုဘိသကဲ့သို့ အရိုအသေကို ပြုပြီးလျှင် မဟာစေတီကို ရှိခိုး၍ အနောက်မျက်နှာအရပ်ရှိ စရပ်သို့ ဝင်ရောက်၍ စေတီတော်ကို တစိမ့်စိမ့် ကြည့်ရှု ဖူးမျှော်လျက်—

ဝေရူပဿ နာမ လာဘဂ္ဂယသဂ္ဂပ္ပတ္တဿ သရီရဓာတုနိစယဋ္ဌာနံ အနာထံ ဇာဘန္တိ စိန္တယမာနော နိသီဒိ။

ဝေရူပဿ၊ ဤကဲ့သို့သဘောရှိသော။ လာဘဂ္ဂယသဂ္ဂပ္ပတ္တဿ၊ လာဘ်လာဘ၏ အထွတ် အမြတ်, အခြံအရံ အကျော်အစော၏ အထွတ် အမြတ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏။ သရီရဓာတုနိစယဋ္ဌာနံ၊ သရီရဓာတ်တော်တို့ကို သိုမှီးရာဌာနဖြစ်သော စေတီတော်သည်။ အနာထံ၊ ကိုးကွယ်ရာမဲ့၍ နေသည်။ ဇာတံ၊ ဖြစ်ရချေ၏တကား။ ဣတိ၊ ဤသို့။ စိန္တယမာနော၊ ကြံစည်အောက်မေ့တော်မူလျက်။ နိသီဒိ၊ ထိုင်နေတော်မူ၏။

ရုက္ခစိုးနတ်က လျှောက်ထားခြင်း

ထိုအခါ၌ အနီးရှိသစ်ပင်၌ စိုးအုပ်၍နေသော ရုက္ခစိုးနတ်သည် ခရီးသွားသော ယောကျ်ားအသွင် ဖန်ဆင်းသဖြင့် ဆန်ကျည်တောက်ကိုင်း တင်လဲခဲကိုင်း ယူပြီး မထေရ်မြတ်သို့ သွား၍ “အရှင်မြတ်တို့.... အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ ကြွတော် မူကြပါကုန် မည်နည်း ဟု လျှောက်ထား၏။

ရတနာသုံးရပ် ဆည်းကပ်ကိုးကွယ်ပေသော ဥပါသကာ ဒါယကာ....။ ငါသည် တောင်ဘက်မျက်နှာအရပ်သို့ သွားပေအုံ့-ဟူ၍ မထေရ်မြတ်က မိန့်တော်မူပါသည်။

ဘုရားတပည့်တော်သည်လည်း ထိုအရပ်သို့ပင် သွားခြင်းငှါ အလိုရှိပါသည် ဘုရား။ တပည့်တော်တို့သည် အရှင်ဘုရားနှင့် အတူတကွ သွားကြပါကုန်စို့ဘုရားဟူ၍ လျှောက်ထားပါသည်။

ထိုအခါ မထေရ်မြတ်က "ငါ့ရှင် ဥပါသကာ ငါသည် အားနည်းလှပေ၏။ သင်၏သွားခြင်းကို မှီအောင်သွားခြင်းငှါ ငါစွမ်းနိုင်လိမ့်မည် မဟုတ်ပေ။ သင်သည် ရွှေကသာ သွားနှင့်ပေတော့ဟု မိန့်တော်မူပါသည်။

အရှင်ဘုရား.... ဘုရားတပည့်တော်သည်လည်း အရှင်ဘုရားတို့၏ အသွားမျိုးဖြင့် မှီအောင် သွားပါမည်။ ဤသို့ လျှောက်ထား၍ မထေရ်မြတ်၏ သပိတ်သင်္ကန်းကို ယူလေ၏။ တိဿဝါပိရောကန်ကမ်းသို့ ကပ်ရောက်သော အခါကာလ၌ သပိတ်ကိုယူဆောင်စေပြီး၍ အဖျော်ရည်ပြုလုပ်၍ ဆက်ကပ်ပါသည်။ မထေရ်မြတ်အား အဖျော်ရည်ကို သောက်ရကာမျှ၌ သာလျှင် အင်အားအနည်းငယ်မျှသည် ရှိ၍ လာပါသည်။ရုက္ခစိုးနတ်မင်းသည် မြေကြီးကို အကျဉ်းချုံး၍ ဝေဏုနဒီအမည်ရှိသော မြစ်၏ အနီးသို့ တခုသော စွန့်လွှတ်အပ်သော ကျောင်းသို့ရောက်၍ မထေရ်မြတ်၏နေရာဌာနကို သုတ်သင်ရှင်းလင်း၍ ပေးပါသည်။

နောက်တနေ့၌ မထေရ်မြတ်သည် မျက်နှာသစ်အပ်ပြီးသည်ရှိသော် ယာဂုကို ချက်ပြုတ်၍ ဆက်ကပ်ပါသည်။ ယာဂုကို သောက်ပြီးသော မထေရ်မြတ်အား ဆွမ်းကိုချက်ပြုတ်၍ ဆက်ကပ်ပါသည်။ မထေရ်မြတ်သည်—

တုယ့် ဌပေဟိ ဥပါသက။

ဥပါသက၊ ရတနာသုံးရပ် ဆည်းကပ်ကိုးကွယ်ပေသော ဥပါသကာ ဒါယကာ....။ တုယ့်၊ သင့်အဘို့။ ဌပေဟိ၊ ထားပါဦးလော့။ ဣတိ၊ ဤသို့။ ပတ္တံ၊ သပိတ်ကို။ ဟတ္ထေန၊ လက်ဖြင့်။ ပိဒဟိ၊ ပိတ်ထားတော်မူပြီ။

မြေကြွေရှုံ့၍ ဆောင်သွားခြင်း

ထိုအခါ ရုက္ခစိုးနတ်မင်းက ဘုရားတပည့်တော်သည် အဝေးကြီး သွားရမည် မဟုတ်ပါဘုရား။ ဤသို့ လျှောက်ထားပြီး၍ ရုက္ခစိုးနတ်မင်းသည်

မထေရ်မြတ်၏သပိတ်၌ ဆွမ်းကိုထည့်၍ မထေရ်မြတ်သည် ဆွမ်းကိစ္စ ပြီးလတ်သည် ရှိသော် သပိတ်သင်္ကန်းကိုယူ၍ ခရီသွားကြကုန်သည် ရှိသော် မြေကြောကိုရှုံ့၍ ဇဋ္ဌရနဒီအမည်ရှိသော မြစ်၏ အနီးသို့ ဆောင်၍—

ဘန္တေ ဧတံ ပဏ္ဏဓိဒကမနုဿာနံ ဝသနဋ္ဌာနံ၊ ဓူမော ပညာယတိ၊
အဟ ပုရတော ဂမဿာမတ ထေရ ဝန္ဒိတွာ အတ္တာနော ဘဝန အဂမာသ။
ထေရော သဗ္ဗမိ ဘယကာလံ ပဏ္ဏဓိဒကမနုဿေ နိဿာယ ဝသိ။

ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤအရပ်သည်။ ပဏ္ဏဓိဒကမနုဿာနံ၊ သစ်ရွက်ကိုစားသောက်၍ နေကြကုန်သော လူတို့၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ပင် ဖြစ်ပါတော့သည်။ ဓူမော၊ မီးခိုးသည်။ ပညာယတိ၊ထင်ပါ၏။ အဟံ၊ ဘုရားတပည့်တော်သည်။ ပုရတော၊ ရှေ့မှ။ ဂမိဿာမိ၊ သွားပါတော့အံ့။ ဣတိ၊ ဤသို့။ ထေရံ၊ မထေရ်မြတ်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အတ္တာနော၊ မိမိ၏။ ဘဝနံ၊ ဘုံဗိမာန်သို့။ အဂမာသိ၊ သွားလေတော့၏။ ထေရော၊ မထေရ်မြတ်သည်။ သဗ္ဗမိ၊ အလုံးစုံလည်းဖြစ်သော။ ဘယကာလံ၊ ဘေးဖြစ်၍ နေသော အချိန်ကာလပတ်လုံး။ ပဏ္ဏဓိဒကမနုဿေ၊ သစ်ရွက်စားသော လူတို့ကို။ နိဿာယ၊ အမှီပြု၍ ။ ဝသိ ၊သီတင်းသုံးတော်မူခဲ့ရလေပြီ။

ဣသိဒတ္တ မထေရ်

ဣသိဒတ္တမထေရ်သည်လည်း အစဉ်အားဖြင့် ခရီးဒေသစာရီ ကြွချီတော်မူသည်ရှိသော် အဋ္ဌဇနပုဒ်သို့ ဧကာင်းစွာ ဆိုက်ရောက်တော်မူပါသည်။ ထို့အရပ်၌ လူတို့သည် မမျှည့်လှန်းကုန်သော ချိုသော သစ်သီးတို့ကို ခဲ၍ အဆံကိုထုတ်ယူ၍ အခွံကိုပစ်၍ သွားကြပါကုန်သည်။ မထေရ်မြတ်သည်—

အာဝုသော မဟာသောဏ ဘိက္ခာဟာရော ပညာယတီတိ ဝတ္ဝာ
ပတ္တစီဝရံ အာရောပေတ္ဝာ စီဝရံ ပါရုပိတ္ဝာ ပတ္တံ နီဟာရိတ္ဝာ အဋ္ဌာသိ။

အာဝုသော မဟာသောဏ၊ ငါ့ရှင်မဟာသောဏ....။ ဘိက္ခာဟာရော၊ ဆွမ်းအာဟာရသည်။ပညာယတိ၊ထင်၏။ဣတိ၊ ဤသို့။ဝတ္ဝာ၊မိန့်တော်မူ၍ ။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဟရာပေတ္ဝာ၊ ဆောင်ယူစေ၍ ။ စီဝရံ၊ သင်္ကန်းကို။ ပါရုပိတ္ဝာ၊ ရုံ၍ ။ ပတ္တံ၊ သပိတ်ကို။ နီဟာရိတ္ဝာ၊ ထုတ်၍။ အဋ္ဌာသိ၊ ရပ်တည်တော်မူပြီ။ တရုဏဒါရကာ၊ သူငယ်ကလေးတို့သည်။ ဌိတံ၊ ရပ်၍ နေသော။ ထေရံ၊ မထေရ်မြတ်ကို။ ဒိသွာ၊ မြင်ကြကုန်၍။

အာဝုသော မဟာသောဏ၊ ငါ့ရှင်မဟာသောဏ....။ ဘိက္ခာဟာရော၊ ဆွမ်းအာဟာရသည်။ပညာယတိ၊ထင်၏။ဣတိ၊ ဤသို့။ဝတ္ဝာ၊မိန့်တော်မူ၍ ။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဟရာပေတ္ဝာ၊ ဆောင်ယူစေ၍ ။ စီဝရံ၊ သင်္ကန်းကို။ ပါရုပိတ္ဝာ၊ ရုံ၍ ။ ပတ္တံ၊ သပိတ်ကို။ နီဟာရိတ္ဝာ၊ ထုတ်၍။ အဋ္ဌာသိ၊ ရပ်တည်တော်မူပြီ။ တရုဏဒါရကာ၊ သူငယ်ကလေးတို့သည်။ ဌိတံ၊ ရပ်၍ နေသော။ ထေရံ၊ မထေရ်မြတ်ကို။ ဒိသွာ၊ မြင်ကြကုန်၍။

ကျမိန၁၊ ဤမထေရ်မြတ်သည်။ ကောစိ၊ တစုံတခုကို။ အတ္ထော၊ အလိုရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ကျတိ၊ ဤသို့။ ဝါလုကံ၊ သဲကို။ ပုဋ္ဌတ္ဝာ၊ သုတ်၍။ မဓုကဖလတ္တစံ၊ သစ်မြည်စည်သီး၏အခဲကို။ ပတ္တော၊ သပိတ်၌။ ပက္ခိပိတ္ဝာ၊ ထည့်၍ ။ အဒံသု၊ ပေးလှူကြလေကုန်ပြီ။ ထေရာ၊ မထေရ်မြတ်တို့သည်။ ပရိဘုဉ်ံသု၊ သစ်မြည်စည်ခဲ့ကို ဘုဉ်းပေး သုံးဆောင်တော်မူကြလေကုန်၏။ သတ္တာဟမတ္တံ၊ ခုနစ်ရက်ကာလပတ်လုံး။ သောယေဝ၊ ထိုသစ်မြည်စည်အခဲ သည်သာလျှင်။ အာဟာရော၊ အာဟာရသည်။အဟောသိ၊ ဖြစ်လေ၏။

အစဉ်အားဖြင့် စောရိယ အမည်ရှိသော အိုင်သို့ဆိုက်ရောက်တော်မူကြပါကုန်သည်။လူတို့သည် ကြာပင်တို့ကို ယူ၍ ကြာရိုးတို့ကို စွန့်ပစ်၍ သွားကြပါကုန်သည်။ မထေရ်မြတ်သည် “ငါ့ရှင် မဟာသောဏ....အစာ အာဟာရသည် ထင်၏”!ကျသို့ ဆို၍ သပိတ် သင်္ကန်းကိုဆောင်ယူစေ၍ သင်္ကန်းကို ရုံ၍ သပိတ်ကိုထုတ်၍ ရပ်တည်တော်မူပါသည်။ ရှာသူ သားငယ်တို့သည် ကြာရိုးတို့ကို သုတ်သင်ရှင်းလင်း၍ သပိတ်၌ ထည့်၍ ပေးလှူကြပါကုန်သည်။မထေရ်မြတ် နှစ်ပါးတို့သည် ထိုကြာရိုးတို့ကို ဘုဉ်းပေးသုံးဆောင်၍ နေကြရပါကုန်သည်။ ခုနစ်ရက် ကာလပတ်လုံး ထိုကြာရိုးသည်သာလျှင် အစာအာဟာရဖြစ်ပါတော့သည်။

သစ်ရွက်စားနေရသောရွာ

အစဉ်အားဖြင့် ခရီးဒေသစာရီ ကြွချီတော်မူကြကုန်သည်ရှိသော် သစ်ရွက်ကို စားသောက်၍ နေကြကုန်သော လူတို့၏ နေရာအရပ်၌ တခုသောရွာတံခါးသို့ ကောင်းစွာ ဆိုက်ရောက်တော်မူကြပါကုန်သည်။ ထိုရွာတံခါး၌ တယောက်သော အမျိုးသမီး၏ မိဘတို့သည် တော်သို့ သွားကြကုန်သည်ရှိသော်။ ကောစိ၊ တစုံတယောက်သော။ အယျော၊ အရှင်ကောင်းသည်။ သစေ အာဂစ္ဆတိ၊ အကယ်၍ကြွရောက်၍လာခဲ့ငြားအံ့။ကတ္ထစိ၊တစုံတခုသော အရပ်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ မာ အဒါသိ၊ မပေးရစ်ပါလင့်။ အယျဿ၊ အရှင်မြတ်၏။ ဝသနဋ္ဌာနံ၊ သီတင်းသုံးရာ အရပ်ကို။ အာစိက္ခေယျာသိ၊ ပြောကြားရစ်ပါလော့—ချစ်သမီး ဟု မှာကြား၍ သွားကြပါကုန်သည်။

ထိုအမျိုးသမီးသည် မထေရ်တို့ကို မြင်၍ သပိတ်ကို ယူ၍ ထိုင်စေပါသည်။ အိမ်၌ စပါးမျိုးမည်သည် မရှိပါ၊ သို့ရာဘင် ပဲကွပ်ကိုယူ၍ ချင်ရှေး,ငှက်ပျောပင် အခဲ့ အနှယ်တို့ကို ချင်ရှေးနှယ်တို့နှင့် တကွ တပေါင်းတည်း ထောင်း

ထု၍ သုံးခုကုန်သော အလုံးတို့ကို ပြုလုပ်၍ တခုကို ဣသိဒတ္တ မထေရ်မြတ်အား တခုကို မဟာသောဏ မထေရ်မြတ်၏ သပိတ်၌ ထည့်၍ အပိုဖြစ်သော တလုံးကို ဣသိဒတ္တမထေရ်မြတ်၏ သပိတ်၌ ထည့်အံ့ ဟူ၍ လက်ကို ဆန့်တန်းလိုက်ပါသည်။ လက်သည် ပြန်လည် ဆုတ်နစ်၍ မဟာသောဏမထေရ်၏ သပိတ်၌ တည်ပါသည်။

ဣသိဒတ္တ မထေရ်မြတ်က ဗြာဟ္မဏတိဿခိုးသူကြီးဘေး သက်ရောက်သောအခါကာလ၌ ချင်ရွေးငယ် ဌက်ပျောလုံးတို့ကို ပေးလှူရခြင်း၏ ကံသည် ကာလဒေသ ကောင်းမွန်သော အခါကာလ၌ အဘယ်ကဲ့သို့သော ပမာဏရှိသော အကျိုးကို ပေးလတ္တံ့နည်း ဟူ၍ မိန့်တော်မူပါသည်။

ထိုမထေရ်မြတ် နှစ်ပါးတို့သည် ထိုဆက်ကပ်အပ်သော ဌက်ပျောဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူကြကုန်ပြီး၍ မိမိတို့ သီတင်းသုံးရာ အရပ်သို့ ကွဲရောက်တော်မူကြပါကုန်သည်။

အမြဲသီတင်းသုံးဘို့ ပင့်ထားခြင်း

ထိုအမျိုးသမီးသည်လည်း တောအရပ်မှ လာရောက်ကြကုန်သော မိခင် ဘခင်တို့အား ပြောကြားပါသည်။

ဒေ့ ထေရာ အာဂတာ၊ တေသံ မေ ဝသနဋ္ဌာနံ အာစိက္ခိတန္တိ။

ဒေ့ထေရာ၊ မထေရ်မြတ် နှစ်ပါးတို့သည်။ အာဂတာ၊ ကွဲရောက်တော်မူလာကြကုန်၏။ တေသံ၊ ထိုမထေရ်တို့အား။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ မေ၊ အကျွန်ုပ်သည်။ အာစိက္ခိတံ၊ ပြောကြားအပ်ပါသည်။ ဣတိ၊ ဤသို့။ အာစိက္ခိ၊ ပြောကြားလေ၏။

ထိုမိခင် ဘခင် နှစ်ပါးတို့သည်လည်း မထေရ်မြတ်တို့ထံ သွား၍ ရှိခိုးပြီး “အရှင်ဘုရားတို့....အကြင်ဝတ္ထုပစ္စည်းကို ဘုရားတပည့်တော်တို့သည် ရကြပါကုန်၏။ ထိုဝတ္ထု ပစ္စည်းဖြင့် အရှင်ဘုရားတို့ကို လုပ်ကျွေး ပြုစုကြပါကုန်အံ့ ဘုရား။ ဤအရပ်၌ ပင်လျှင် သီတင်းသုံးတော်မူကြပါ” ဟု မထေရ်မြတ်တို့၏ ပဋိညာဉ်ကို ယူကြကုန်၏။ မထေရ်မြတ်တို့သည်လည်း အလုံးစုံသော ဘေးသင့်ရောက်နေသော ကာလပတ်လုံး ထိုဥပါသကာ ဒါယကာတို့ကို အမှီပြု၍ သီတင်းသုံးတော်မူကြပါကုန်သည်။

ငြိမ်းချမ်းသောအခါသို့ရောက်လျှင်

ဗြာဟ္မဏတိဿ ခိုးသူကြီးသည် သေဆုံး၍ သွားသည်ရှိသော် ပိတု မဟာရာဇာ မည်သော မင်းသည် ထီးဖြူကို စိုက်ထောင်ပါသည်။ "ဘယံ၊ ဘေးသည်။ ဝူပသန္တံ၊ ငြိမ်းအေး၍ သွားလေပြီ။ ဇနပဒေါ၊ ဇနပုဒ်သည်။ သမ္မုဇ္ဇော၊ စားသောက်ဘွယ်တို့ဖြင့် ပြည့်စုံ၍ လာလေပြီ"။ ဤသို့ ကြားကြကုန်သည် ဖြစ်၍ သမုဒ္ဒရာ တဘက်ကမ်းမှ ရဟန်းသံဃာအပေါင်းသည် လှေဖြင့် မဟာတိတ္ထ အမည်ရှိသော သဘော်ဆိပ်၌ သက်ဆင်း၍ မဟာသောဏမထေရ်သည် အဘယ်အရပ်၌ သီတင်းသုံးတော်မူပါသနည်း။ဤသို့မေးမြန်းကြကုန်၍ မထေရ်မြတ်၏ အထံသို့ လာရောက်ကြပါကုန်သည်။ မထေရ်မြတ်သည် ရဟန်းငါးရာ ခြံရံအပ်သည် ဖြစ်၍ ကာလကရွာ၌ မဏ္ဍလာရာမ အမည်ရှိသော ကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူပါသည်။

နတ်တို့က နှိုးဆော်ခြင်း

ထိုအခါကာလ၌ ကာလကရွာ၌ ခုနစ်ရာမျှ ကုန်သော အိမ်ခြေလှူနေတို့သည် ရှိကြပါကုန်သည်။ ညဉ့်အဘို့၌ နတ်တို့သည် လှည့်လည်ကြကုန်၍—

> မဟာသောဏတ္ထေရော ပဥ္စဘိက္ခုသတပရိဝါရော မဏ္ဍလာရာမ-
> ဝိဟာရံ ပတ္တော၊ ဧကေကော နဝဟတ္ထသာဠှကေန သဒ္ဒိံ ဧကေက-
> ကဟာပဏဿနကံ ပိဏ္ဍပါတံ ဒေတူတိ မနုဿေ အဝေါစုံ။

မဟာသောဏတ္ထေရော၊ မဟာသောဏမထေရ်သည်။ ပဥ္စဘိက္ခုသတပရိဝါရော၊ ငါးရာသော ရဟန်းအခြံအရံရှိသည်ဖြစ်၍ ။ မဏ္ဍလာရာမဝိဟာရံ၊ မဏ္ဍလာရာမကျောင်းတိုက်သို့။ ပတ္တော၊ ဆိုက်ရောက်တော်မူ၏ ။ဧကေကော၊ တယောက်တယောက်သော လူသည်။ နဝဟတ္ထသာဠှကေန၊ ကိုးတောင် ရှိသော အဝတ်နှင့်။ သဒ္ဒိံ၊ တကွ။ ဧကေကကဟာပဏဿနကံ၊ တကျပ် တကျပ်အဘိုးတန်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒေတူ၊ ပေးလှူပါလော့။ ဣတိ၊ ဤသို့။ မနုဿေ၊ လူတို့ကို။ အဝေါစုံ၊ ပြောကြားကြလေကုန်ပြီ။

နံနက်မိုးသောက် နောက်တနေ့၌လည်း မထေရ်မြတ်တို့သည် ကာလကရွာသို့ ဆွမ်းအလို့ငှါ ဝင်တော်မူကြပါကုန်သည်။ လူတို့သည် မထေရ်မြတ်တို့ကို ထိုင်နေသီတင်းသုံးစေပြီး၍ ယာဂုကို ဆက်ကပ် လှူဒါန်းကြပါကုန်

သည်။ မဏ္ဍလာရာမ အရပ်၌ နေလေ့ရှိသော တိဿဘူတိ မထေရ်သည် သံဃာတို့တွင် အကြီးဆုံး မထေရ်ကြီး ဖြစ်၍ ထိုင်နေ သီတင်းသုံးတော် မူပါသည်။

ဘုန်းကံရှိသူဖြစ်၍ ရွေးလှူခြင်း

တယောက်သော အသက်ကြီးသော ဥပါသကာကြီးသည် ထိုမထေရ် မြတ်ကို ရှိခိုး၍ "အရှင်ဘုရား.... မဟာသောဏမထေရ်မည်သည် အဘယ် ပုဂ္ဂိုလ် ဖြစ်ပါသနည်း" ဟု မေးလျှောက်ပါသည်။ ထိုအခါ၌ မဟာသောဏ မထေရ်သည် အငယ်ဆုံး သီတင်းငယ်ဖြစ်၍ ပရိသတ် အစုန်အဖျား ထိုင်နေ ရသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ မထေရ်မြတ်သည် လက်ကို ဆန့်တန်းတော်မူ၍....

ဥပါသက၊ ဥပါသကာဒါယကာကြီး။ သေ-ဧသော၊ ဟိုသံဃအစုန်းက သီတင်းသုံး၍ နေတဲ့ မထေရ်ငယ်သည်။ မဟာသောဏော နာမ၊ မဟာ သောဏမည်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပါသည်။

ဥပါသကာဒါယကာသည် ထိုမဟာသောဏမထေရ်ကို ရှိခိုး၍ သပိတ် ကို ယူပါသည်။မဟာသောဏမထေရ်က မိမိသပိတ်ကို မပေးဘဲ ထားပါသည်။ တိဿဘူတိမထေရ်က "ငါ့ရှင်သောဏ....၊ သင်မသိသကဲ့သို့ ထို့အတူ ငါတို့လည်း မသိဘဲ ရှိကြရကုန်၏။ ဘုန်းကံကြီးကုန်သော ပုဂ္ဂိုလ်တို့အား နတ်တို့သည် စီမံတိုက်တွန်းကြကုန်၏။ သပိတ်ကို ပေးလိုက်ပါ။ သီတင်းသုံးဘော်တို့အား ချီးမြှောက်ခြင်းကို ငါ့ရှင် ပြုပါလော့" ဟူ၍ အမိန့်ရှိတော်မူ၏။

ထိုအခါ မဟာသောဏမထေရ်က မိမိသပိတ်ကို ဥပါသကာဒါယကာ ကြီးအား ပေးလိုက်ပါသည်။ ဥပါသကာဒါယကာကြီးက သပိတ်ကို ယူ၍ သွားပြီး တကျပ်ထိုက်တန်သောဆွမ်းဖြင့် သပိတ်ကို ပြည့်စေ၍ ကိုးတောင် သော အဝတ်လျှာကို သပိတ်ခြေပြုလုပ်၍ ဆောင်ယူခဲ့ပြီးလျှင် မထေရ်မြတ်၏ လက်၌ ထားပါသည်။

တပါးသော ဥပါသကာဒါယကာကလည်း မထေရ်မြတ်အားပင် ဤ နည်းအတူ လှူဒါန်းပါသည်။ ဤကဲ့သို့ ခုနစ်ရာကုန်သော ကိုးတောင်သော အဝတ်အထည်တို့ကိုဌင်း ခုနစ်ရာကုန်သော ဆွမ်းတို့ကိုဌင်း မဟာသောဏ မထေရ်မြတ်အားသာလျှင် လှူဒါန်းကြပါကုန်သည်။

မဟာသောဏမထေရ်သည် ရဟန်းသံဃာအပေါင်း၏ အဘိဘာဝကပြု၍ အစဉ်သဖြင့် မဟာဝိဟာရကျောင်းတိုက်သို့ ရောက်၍ မျက်နှာသစ်ပြီး၍

မဟာဗောဓိကို ရှိခိုးရ၍ မဟာစေတီတော်ကို ရှိခိုးရ၍ ထူပါရုံ၌ ရပ်တည်လျက် သက်ိန်းရုံ၍ ရဟန်းသံဃာခြံရံလျက် တောင်ဘက်တံခါးဖြင့် မြို့သို့ဝင်၍ တံခါးဝမှ အသုံးပြုနေသော ရွာစရပ်သို့ တိုင်အောင် ဤအတွင်း၌ အသပြာခြောက်ဆယ်ထိုက်တန်သော ဆွမ်းကို ရရှိပါသည်။ ထိုအခါမှစ၍ ပူဇော်သက္ကာရ၏ အတိုင်းအရှည်သည် မရှိဖြစ်ပါတော့သည်။

ဤသို့ ကာလဝိပတ္တိဟု ဆိုအပ်သော မင်းဆိုးလူဆိုးတို့ ထူပြောသော လက်ထက်အခါကာလ၌ သစ်မြည်စည်သီး သစ်ခေါက်သစ်ခဲ့ ကြာရိုးကြာစွယ် တို့သည် ရဘို့ရန် ခဲယဉ်းလှစွာကုန်၏။ ကာလသမ္ပတ္တိဟု ဆိုအပ်သော မင်းကောင်း လူကောင်းတို့၏ ခေတ်အခါကာလ၌ ဤကဲ့သို့သော ကြီးကျယ်သော လာဘ်သည် ဖြစ်ပေါ်ပါသည်။

ဝတ္တုပ္ပကနိဂြောဓသာမဏေ ဝတ္ထု

ဝတ္တုပ္ပကနိဂြောဓမထေရ်အားလည်း သာမဏေဖြစ်စဉ် အခါကာလ၌ ဗြာဟ္မဏတိဿ ခိုးသူ၏ဘေးသည် ဖြစ်ပေါ်၍ လာပါသည်။ သာမဏေသည်ဌင်း ထိုသာမဏေ၏ ဥပဇ္ဈာယ်သည်ဌင်း သမုဒ္ဒရာတဖက်သို့ မသွားဘဲ ရှိကြပါကုန်သည်။ သစ်ရွက်ကို စားသုံး၍ နေကြကုန်သော လူတို့ကို အမှီပြု၍ နေကြကုန်တော့အံ့ဟု ဇနပုဒ်သို့ ရွေးရှုကာ ခရီးသွားတော်မူကြပါကုန်သည်။ ရှင်သာမဏေသည် ခုနစ်ရက် ကာလပတ်လုံး အစာအာဟာရ မရှိသည်ဖြစ်၍ တခုသောရွာရှိရာအရပ်၌ ထန်းပင်၌မှည့်သော ထန်းသီးကိုမြင်၍ ဥပဇ္ဈာယ်မထေရ်မြတ်ကို လျှောက်ထားပါသည်။

ထန်းသီးမှည့် ဘုဉ်းပေးရခြင်း

ဘန္တေ၊ အရှင်ဘုရား....။ ထောကံ၊ အနည်းငယ်။ အာဂမေထ၊ဆိုင်းငံ့ကြပါကုန်ဦးဘုရား။ တာလပက္ကံ၊ ထန်းသီးမှည့်ကို။ ပါတေဿာမိ၊ ချိုင်ပါဦးအံ့။

ဤသို့ လျှောက်ထားပါသည်။ ထိုအခါ မထေရ်မြတ်က "ငါ့ရှင်သာမဏေသင်သည် အားနည်းလှပေ၏။ ထန်းပင်ကို မတက်ပါနှင့်" ဟူ၍ အမိန့်ရှိတော်မူပါသည်။

အရှင်ဘုရား.... တပည့်တော်တက်ပါမည်၊ ဤသို့လျှောက်ထား၍ ငယ်သော ပဲကွပ်ကိုယူ၍ ထန်းပင်သို့ တက်၍ ထန်းခိုင်ကို ဖြတ်ခြင်းငှါ အားထုတ်

ပါသည်။ ထိုအားထုတ်ဆဲခဏ၌ ပဲကွပ်၏အသွားသည် ကျွတ်၍ မြေကြီးသို့ ကျသွားပါသည်။

မထေရ်မြတ်သည် ကြံစည်အောက်မေ့မိသည်မှာ "ဤ သာမဏေငယ် ကလေးသည် ကိုယ်တိုင်ကပင်ပန်းနေပါလျက်နှင့် ထန်းပင်သို့ တက်ရောက်ခဲ့၏။ ယခုတော့ဘယ်နယ်လုပ်တော့မလဲ၊ ပဲကွပ်သွား မြေကြီးသို့ ကျသွားပြီ ဟူ၍ မထေရ်မြတ်က ကြံစည်တော်မူပါသည်။

ရှင်သာမဏေငယ်သည် ထန်းရွက်ကို ဆုတ်၍ဆုတ်၍ ပဲကွပ်၏ အရိုးကို ချည်၍ စပ်၍ စပ်၍ မြေကြီးသို့ ကျစေပါသည်။ "အရှင်ဘုရား.... အကယ်၍ ပဲကွပ်သွားကို ဤအရိုး၌ တပ်ပေးလိုက်ပါမူကား ကောင်းပါလိမ့်မည်ဘုရား ဟူ၍ လျှောက်ထားပါသည်။

မထေရ်မြတ်က "ရှင်သာမဏေငယ်သည် ဥပါယ်တမည်နှင့် ပြည့်စုံတဲ့ ရှင်သာမဏေငယ် ဖြစ်ခဲ့၏"။ ဤသို့ နှလုံးသွင်း၍ ပဲကွပ်သွားကို အရိုး၌ သွင်း၍ ပေးလိုက်ပါသည်။

ထိုသာမဏေငယ်သည် ပဲကွပ်ကို ယူ၍ မြှောက်ချီ၍ ထန်းသီးတို့ကို ခွေချပါသည်။ မထေရ်မြတ်သည် ပဲကွပ်ကို ကောက်ယူ၍ လိမ့်၍ သွားသော ထန်းသီးကို ခဲ့၍ ရှင်သာမဏေ သက်ဆင်းလာသောအခါ ကာလဋ္ဌ ပြောကြားသည်မှာ "ငါ့ရှင်သာမဏေ.... သင်သည် အားနည်းလှလေပြီ။ ငါခဲ့ထားတဲ့ ထန်းသီးကို စားဦးလေ့" ဟူ၍ အမိန့်ရှိပါသည်။ ထိုအခါ သာမဏေငယ်က "အရှင်ဘုရားတို့....ဘုရားတပည့်တော်သည် အရှင်ဘုရားတို့ မစားသေးဘဲနှင့် မစားပါဟူ၍"ပဲကွပ်ကိုယူပြီး ထန်းသီးတို့ကို ခဲ့၍ သပိတ်ကို ထုတ်၍ ထန်းသီးဆံကို သပိတ်ထဲ ထည့်ပြီး မထေရ်အား ဆက်ကပ်ပြီးမှ မိမိကိုယ်တိုင် စားသောက်ပါသည်။

သစ်ရွက်စားသူတို့ရှာသို့ ရောက်ကြပြန်ခြင်း

အကြင်မျှလောက်ကာလပတ်လုံး ထန်းသီးတို့သည် ရှိ၍ နေကြကုန်သေး၏။ ထိုမျှလောက်သော ကာလပတ်လုံး ထိုအရပ်၌ပင် နေ၍ ထန်းသီးတို့သည် ကုန်လတ်သည်ရှိသော် အစဉ်အားဖြင့် သစ်ရွက်ကို စားသုံး၍ နေကြကုန်သောသူတို့၏ နေရာအရပ်၌ပဉာန၌ တခုသော စွန့်ပစ်ထားအပ်သော ကျောင်းသို့ ရောက်ကြပါကုန်သည်။

ရှင်သာမဏေငယ်သည် မထေရ်မြတ်၏သီတင်းသုံးရာဌာနကို ရှင်းလင်းသုတ်သင်ပါသည်။ မထေရ်မြတ်သည် သာမဏေအား အဆုံးအမသြဝါဒပေး၍ ကျောင်းတွင်းသို့ ဝင်ရောက်တော်မူပါသည်။ ။ရှင်သာမဏေသည်—

အနာယတနေ နဋ္ဌာနံ အတ္တဘာဝါနံ ပမာဏံ နတ္ထိ၊ ဗုဒ္ဓါနံ ဥပဋ္ဌာနံ ကရိဿာမီတိ စေတိယင်္ဂဏံ ဂန္ဒွာ အဗ္ဘဟာရိတံ ကရောတိ။

သာမဏေရော၊ သာမဏေသည်။ အနာယတနေ၊ ကိုးကွယ်ရာမရှိသော သာသနာမဲ့အခါကာလမျိုး၌။ ဝါ၊ သာသနာပ အခါကာလမျိုး၌။ နဋ္ဌာနံ၊ ပျက်စီးသေဆုံး၍ သွားကြကုန်သော။ အတ္တဘာဝါနံ၊ အတ္တဘောတို့၏။ ပမာဏံ၊ အတိုင်းအရှည်သည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဥပဋ္ဌာနံ၊ ဆည်းကပ် လုပ်ကျွေးခြင်းကို။ ကရိဿာမိ၊ ပြုဦးအံ့။ ဤသို့ နှလုံးသွင်း၍ စေတီယင်ပြင်သို့သွား၍ မြက်သစ်ပင် မရှိသည်ကို ပြုပါသည်။ မြက်နှုတ် ပေါင်းသင်ပါသည်။ ခုနစ်ရက်ကာလပတ်လုံး အစာအာဟာရ မရှိသည်၏ အဖြစ်ကြောင့် တုန်တုန်လှုပ်လှုပ် ဖြစ်၍ လဲကျသွားပြီးလျှင် အိပ်လျက်ပင်လျှင် မြက်တို့ကို နုတ်ပါသည်။

ပျားရည်ဆက်ကပ်ကြခြင်း

အချို့ကုန်သော လူတို့သည် တောဋ္ဌ လှည့်လည်ကြကုန်ပြီး၍ ပျားရည်ကို ရလာကြကုန်သည်ဖြစ်၍ ထင်းတို့ကိုဂင်း ဟင်းရွက်ကိုဂင်း ယူခဲ့၍ မြက်သစ်ပင်လှုပ်သော အမှတ်သညာဖြင့် ဤအရာသည် သမင်ပင်ဖြစ်လေတော့သလော ဟု သာမဏေ၏အထံသို့ သွားကြ၍—

ကိ ံ ကရောသိ သာမဏေရာတိ အာဟံသု။ ။သာမဏေရ၊ ကိုရင်ငယ်။ ကိ ံ ကရောသိ၊ အသို့ပြု၍ နေသနည်း။ ဣတိ၊ ဤသို့။ အာဟံသု၊ ပြောကြား ကြပါကုန်သည်။

ဥပါသကာ၊ ဒါယကာတို့....။အဟံ၊ ငါသည်။ တိဏဂဏ္ဌိ ံ၊ မြက်ဆုပ်ကို။ ဂဏှာမိ၊ နုတ်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပါသည်။

ဘန္တေ၊ အိုအရှင်သာမဏေ....။ အညောပိ၊ တပါးလည်းဖြစ်သော။ ကောစိ၊ တစုံတယောက်သော မထေရ်သည်။အတ္ထိ၊ ရှိပါသေးသလော။ဣတိ၊ ဤသို့။ အာဟံသု၊ မေးလျှောက်ကြပါကုန်သည်။

ဥပါသကာ၊ ဥပါသကာ ဒါယကာတို့.... ။ အာမ၊ ရှိပါသေး၏။ မေ၊ငါ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်မထေရ်မြတ်သည်။ အန္တေဝဇ္ဆေ၊ ကျောင်းတွင်း၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ကြားပါသည်။ မဟာထေရဿ ဒတ္တာ ခါဒေယျာသိ ဘန္တေတိ။ ။ဘန္တေ၊ အိုအရှင် သာမဏေ.... ။ မဟာထေရဿ၊ မထေရ်မြတ်အား။ ဒတ္တာ၊ ပေးလှူပြီး၍။ ခါဒေယျာသိ၊ ဘဉ်းပေးပါလော့။ ဣတိ၊ ဤသို့။ သာမဏေရဿ၊ သာမဏေအား။ မဓုံ၊ ပျားကို၊ ဒတ္တာ၊ ပေးလှူ၍ ။ အတ္တာနော၊ မိမိ၏။ ဝဿနဋ္ဌာနံ၊ နေရာအရပ်ကို။ အာစိက္ခိတ္တာ၊ ပြောကြား၍ ။ “မယံ၊ ဘုရားတပည့်တော်တို့သည်၊ သာခဘဏ်ံ ကရောန္တာ၊ သစ်ခက်ကျိုး လမ်းမှာ ချကုန်လျက်။ ဂမိဿာမ၊သွားပါကုန်အံ့။ တောယ သညာယ၊ဤအမှတ်သညာဖြင့်။ ထေရံ၊ မထေရ်မြတ်ကို။ ဂဟေတ္တာ၊ ပင့်ဆောင်၍ ။ အယျ၊ အရှင်ဘုရား.... ။ တုံ၊ အရှင်ဘုရားသည်။ အာဂစ္ဆယျာသိ၊ ကြွတော်မူခဲ့ပါ။ ဣတိ၊ ဤသို့။ ဝတ္တာ၊ ဆို၍။ အဂမံသု၊ သွားကြလေကုန်ပြီ။

အရှင်သာမဏေသည် ပျားရည်ကို ယူ၍ မထေရ်မြတ်၏ အထံသို့သွား၍ အပြင်ဘက်၌ ရပ်၍ “အရှင်ဘုရား.... ဘုရားတပည့်တော် ရှိခိုးပါ၏”ဟူ၍ လျှောက်ထား၏။

မထေရ်မြတ်က သာမဏေသည် ဆာလောင်ခြင်းသည် ကိုယ်တွင်း၌ ပူလောင်အပ်သည်ဖြစ်၍ လာသည်ဖြစ်ပေလိမ့်မည် ဟု အသံမပြုဘဲ ဆိတ်ဆိတ်နေတော်မူပါသည်။

ထိုသာမဏေငယ်သည် နောက်ထပ်တဖန်လည်း “အရှင်ဘုရား.... ဘုရားတပည့်တော် ရှိခိုးပါသည်ဘုရား” ဟူ၍ လျှောက်ထားပါသည်။

သာမဏေငယ်.... ဘယ်နှယ်ကြောင့်လဲ အားနည်းတဲ့ ရဟန်းတို့အား ချမ်းချမ်းသာသာ အခွင့် မပေးတော့ဘူးလား ဟု မိန့်တော်မူပါသည်။

အရှင်ဘုရား.... တံခါးကို ဖွင့်ခြင်းငှါ လျှောက်ပတ်ပါသည်ဘုရားဟူ၍ လျှောက်ထားပြန်၏။

မထေရ်မြတ်သည် အိပ်ရာမှထပြီး တံခါးကိုဖွင့်၍ “သာမဏေငယ်....၊ သင်သည် ဘာကိုမျှား ရအပ်ခဲ့ပါသနည်း” ဟု မေးတော်မူပါသည်။

လူဒါယကာတို့သည် ပျားရည်ကို လှူထားခဲ့ပါသည်ဘုရား။ အရှင်ဘုရား.... ထိုပျားရည်ကို ဘဉ်းပေးခြင်းငှါ လျှောက်ပတ်ပါသည်။

ငါ့ရှင်သာမဏေငယ်.... ဤအတိုင်းသာ ဘုဉ်းပေးရမည်ဆိုရင် ပင်ပန်းကြကုန်အံ့။ ဖျော်ရည်လုပ်၍ သောက်ကြကုန်စို့....ဟု မိန့်တော်မူပါသည်။ ရှင်သာမဏေငယ်သည် ဖျော်ရည်ကိုပြုလုပ်၍ ဆက်ကပ်ပါသည်။

ထိုအခါ ထိုသာမဏေငယ်ကို မထေရ်မြတ်က လူတို့၏နေရာအရပ်ဌာနကို သင်သည် မေးလိုက်သေးသလားဟု မေးတော်မူပါသည်။

သူတို့သည် ဘုရားတပည့်တော် မမေးဘဲနှင့် အလိုလိုလျှောက်ထားကြပါကုန်သည်ဘုရားဟု ပြန်၍ လျှောက်ထားပါသည်။

သာမဏေငယ်....နံနက်မှသွားလျှင် ဒုံပင်ပန်းကြလိမ့်မည်။ယခုဘဲ စောစောက သွားကြကုန်စို့ ဟူ၍ သပိတ်သင်္ကန်းကို ယူစေပြီး၍ ထွက်တော်မူပါသည်။ ထိုဥပဇ္ဈာယ်ဆရာနှင့် တပည့်သာမဏေငယ်တို့သည် သွားကြကုန်၍ လူတို့၏ အရပ်ဌာန၏ အနီးဌာ သီတင်း သုံးကြပါကုန်သည်။

ညဉ့်အခါ တောသို့သွားအိပ်ခြင်း

ရှင်သာမဏေငယ်သည် ညဉ့်အဘို့ဌာ ကြံစည် အောက်မေ့သည်မှာ "ငါသည် ရှင်ပြုခဲ့သော အခါကာလမှစ၍ ရွာနီး ကျောင်းဌာ နေအရဏ်မတက်ခဲ့ဘူးပေ"။ ဤသို့ကြံစည်အောက်မေ့၍ ထိုရှင်သာမဏေငယ်သည် သပိတ်ကို ယူ၍ နေအရဏ်တက်စေခြင်း အကျိုးငှါ တောသို့သွားပါသည်။ မဟာထေရ်မြတ်သည် သာမဏေကို အိပ်ရာဌာ မတွေ့မမြင်လတ်သည်ရှိသော် လူသားစားကုန်သော သတ္တဝါတို့သည် ရှင်သာမဏေကိုဖမ်းယူခြင်း ဖြစ်ပေလိမ့်မည်ဟု ကြံစည်အောက်မေ့မိပါသည်၊ ရှင်သာမဏေငယ်သည် တောအရပ်ဌာ နေအရဏ်ကို တက်စေပြီး၍ မိမိသပိတ်ဖြင့် ရေကိုငင်း ဒန်ပူကိုငင်း ယူ၍လာရောက်ပါသည်။

ထိုအခါ မထေရ်မြတ်က "ရှင်သာမဏေငယ်....သင်သည် အဘယ်အရပ်သို့သွား၍ နေဘိသနည်း။ အသက်ကြီး၍ အိုမင်းကုန်သော ရဟန်းတို့အား သင်သည် ထွေထွေလာလာ ကြံစည်မှုဝိတက်ကို ဖြစ်စေ၏။ ဒဏ်ထမ်းခြင်းအမှုကို ဆောင်ရွက်ပါလော့" ဟူ၍ မိန့်တော်မူ၏။

ထိုအခါ သာမဏေငယ်က "အရှင်ဘုရား.... ဒဏ်ထမ်းဆောင်ပါမည်" ဟူ၍ လျှောက်ထားပါသည်။

မထေရ်မြတ်သည် မျက်နှာကို သစ်ပြီး၍ သင်္ကန်းကို ရုံတောင်မူပါသည်။ နှစ်ပါးကုန်သော ရှင်သာမဏေငယ်နှင့် ဥပဇ္ဈာယ်ဆရာတို့သည်လည်း လူတို့၏ နေရာအရပ်သို့ သွားရောက်ကြပါကုန်သည်။ လူတို့သည်လည်း မိမိတို့၏ သုံးဆောင်ရာဖြစ်သော သစ်ဥ,သစ်မြစ်,သစ်သီး,သစ်ရွက်ကို ပေးလှူကြပါကုန်သည်။ မထေရ်မြတ်သည်လည်း ဘုဉ်းပေး သုံးဆောင်ပြီး၍ ကျောင်းသို့ ကြွရောက်တော်မူပါသည်။

ရှင်သာမဏေငယ်သည် ရေကိုဆောင့်ယူခဲ့၍ "အရှင်ဘုရား.... ခြေတော်တို့ကို ဆေးပါမည်ဘုရား" ဟူ၍ လျှောက်ထားပါသည်။

သာမဏေငယ်....သင်သည် ညဉ့်အခါကာလ၌ အဘယ်အရပ်သို့သွား၍ နေလေသနည်း။ ငါတို့အား ထွေထွေလာလာ ကြံစည်မှုကို ဖြစ်စေ၏- ဟူ၍ မိန့်တော်မူပါသည်။

အရှင်ဘုရား.... ရွာနီးကျောင်း၌ ဘုရားတပည့်တော်အား နေအရုဏ်ကို မတက်ခဲ့စေဘူးပါ။ နေအရုဏ်ခံယူခြင်းအကျိုးငှါ တောသို့ သွားရောက်ပါသည်ဘုရားဟူ၍ လျှောက်ထားပါသည်။

ဥပဇ္ဈာယ်ဆရာက မှာထားခြင်း

ရှင်သာမဏေငယ်.... သင့်အား ဒဏ်ထမ်းခြင်း အမှုသည် မလျှောက်ပတ်လှပေ။ ငါတို့အားသာလျှင် ဒဏ်ထမ်းခြင်း အမှုသည် လျှောက်ပတ်ပေ၏- ဟူ၍ မိန့်တော်မူ၍ မထေရ်မြတ်သည် ထိုအရပ်၌ပင်လျှင် သီတင်းသုံး၍ နေတော်မူပါသည်။ သာမဏေငယ်အားလည်း အမှတ်သညာကို ပေးတော်မူပါသည်။

မယံ တာဝ မဟလ္လကာ၊ဣဒံ နာမ ဘဝိဿတီတိ န သက္ကာ ဇာနိတုံ၊ တုဝံ အတ္တာနံ ရက္ခေယျာသီတိ။

တာဝ၊ ရှေးဦးစွာ။ မယံ၊ ငါတို့သည်။ မဟလ္လကာ၊ သက်ရှယ်အိုမင်း၍ ကြီးရင့်ကြလေကုန်ပြီ။ ဣဒံ နာမ၊ ဤမည်သည်။ဘဝိဿတီတိ၊ဖြစ်လတ္တံ့ဟု။ ဇာနိတုံ၊ သိခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ တုဝံ၊ သင်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ရက္ခေယျာသိ၊ စောင့်ရှောက်ရစ်ပါလော့။

ဤသို့ သာမဏေငယ်ကို မထေရ်မြတ်က မှာထားပါသည်။ မထေရ်မြတ်သည် အနာဂါမ် ပုဂ္ဂိုလ် ဖြစ်ပါသည် ဘုရား။

ထိုမထေရ်မြတ်ကို တပါးသော အခါ ကာလ၌ လူသားစားသုံးသော သတ္တဝါတို့သည် ခဲစား၍ သွားကြပါကုန်သည်။ ရှင်သာမဏေယ်သည် မိမိကိုယ်ကို စောင့်ရှောက်၍ ဘေးဘယငြိမ်းလတ်သည်ရှိသော် သင့်လျော် လျောက်ပတ်သော အရပ်၌ဘုန်၌ ဥပဇ္ဈာယ်ယူ၍ ရဟန်းပဉ္စင်းဖြစ်၍ မြတ်စွာဘုရား၏ ပိဋကသုံးပုံပါဠိတော်ကို သင်ယူ၍ ပိဋကသုံးပုံ ဆောင်ဖြစ်၍ ဝတ္တဗ္ဗကနိဂြောဓ မထေရ်ဟူ၍ ထင်ရှားကျော်စောခြင်း ဖြစ်လာပါသည်။

ဘုန်းကံကြီးမားလှပုံ

ပိတုမဟာရာဇာ အမည်ရှိသောမင်းသည် မင်းအဖြစ်ကို စိုးစံ၍ အုပ်ချုပ်ပါသည်။ သမုဒ္ဒရာတဘက်မှ လာတိုင်း လာတိုင်းကုန်သော ရဟန်းတော်တို့သည်—

ကဟံ ဝတ္တဗ္ဗကနိဂြောဓတ္ထေရော, ကဟံ ဝတ္တဗ္ဗကနိဂြောဓတ္ထေရောတိ ပုစ္ဆိ တဉ္စာ တဿ သန္တိက အဂမံသု။

ဝတ္တဗ္ဗကနိဂြောဓတ္ထေရော၊ ဝတ္တဗ္ဗကနိဂြောဓမထေရ်သည်။ ကဟံ၊ အဘယ်အရပ်၌ ရှိပါသနည်း။ ဝတ္တဗ္ဗကနိဂြောဓတ္ထေရော၊ ဝတ္တဗ္ဗကနိဂြောဓမထေရ်သည်။ ကဟံ၊ အဘယ်အရပ်၌ ရှိပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ တဉ္စာ၊ မေးမြန်းကြကုန်၍။ တဿ၊ ထိုမထေရ်၏။သန္တိကံ၊အထံသို့။ အဂမံသု၊ သွားရောက်ကြပါကုန်ပြီ။

များစွာသော ရဟန်းသံဃာသည် မထေရ်မြတ်ကို ခြံရုံ၍ နေပါသည်။ များစွာသော ရဟန်းသံဃာ ခြံရုံအပ်သော ထိုမထေရ်မြတ်သည် အစဉ်အားဖြင့် မဟာဝိဟာရကျောင်းတိုက်သို့ ရောက်၍ မဟာဗောဓိပင်, မဟာစေတီတော်, ထူပါရုံစေတီတော်တို့ကို ရှိခိုး၍ မြို့တွင်းသို့ ဝင်ရောက်ပါသည်။ တောင်တံခါးဝသို့ ရောက်သည်တိုင်အောင် ကြွသွားတော်မူသော မထေရ်မြတ်အားကိုးဌာနတို့၌ တိစီဝရိက် သင်္ကန်း ဖြစ်ပေါ်ပါသည်။မြို့တွင်းသို့ဝင်ရောက်သော အခါကာလမှစ၍ ကြီးကျယ်စွာသော ပူဇော်သက္ကာရသည် ဖြစ်ပေါ်ပါသည်။

ဤသို့ကာလဝိပတ္တိအခါ၌ ထန်းသီး, သစ်ဥ, သစ်မြစ်, သစ်ရွက်သည် အလွန်ရခဲခြင်းဖြစ်ပါသည်။ ကာလသမ္မတ္တိဟုဆိုအပ်သော မင်းကောင်း လူကောင်းတို့ လက်ထက်၌ ဤကဲ့သို့သော ကြီးကျယ်သော လာဘ်သပွါကာသည် ဖြစ်ပေါ်၍ လာပါသည်။

ဤသို့ကာလငိပတ်သည် တားမြစ်အပ်သည်ဖြစ်၍ အကျိုးကိုပေးခြင်းငှါ မစွမ်းနိုင်ကုန်သော ကုသိုလ်ကံတရားတို့သည် ကာလသမ္မတ်ဟု ဆိုအပ်သော မင်းကောင်း လူကောင်းတို့ ခေတ်အခါကာလ၏ ပြည့်စုံခြင်းကို အစဲ့ပြု၍ အကျိုးပေးကြပါကုန်သည်။ ဤသို့မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူပါသည် ဘုရား။

ပယောဂသမ္မတ် ကြုံကြိုက်ခဲ့သော်

တပါးသော ပုဂ္ဂိုလ်အားလည်း မျှားစွာကုန်သော ကောင်းမှု ကုသိုလ်ကံတို့သည် ရှိကြပါကုန်သည်။ ထိုကောင်းမှုကုသိုလ်ကံတို့သည် ပယောဂဝိပတ်ဟု ဆိုအပ်သော ကိုယ်ကို မစောင့်စည်းခြင်း, နှုတ်ကို မစောင့်စည်းခြင်း, စိတ်ကို မစောင့်စည်းခြင်း, မှားသောကျင့်ခြင်း၌ တည်သော ပုဂ္ဂိုလ်အား အကျိုးမပေးနိုင်ကြကုန်ရာ....။ သို့ရာတွင် ထိုကောင်းမှုကံရှိသော ပုဂ္ဂိုလ်သည် တစုံတခုသော ကောင်းမှုကံကြောင့် **သမ္မာပယောဂ** ဟုဆိုအပ်သော ကောင်းသော ကိုယ်အမူအရာ, ကောင်းသော နှုတ်အမူအရာ, ကောင်းသော စိတ်အမူအရာ၌ တည်သည်ဖြစ်၍ သုံးပါးကုန်သော သုစရိုက်တရားတို့ကို ဖြည့်ဆည်းပူးပါသည်။ ငါးပါးသီလ, ဆယ်ပါးသီလကို စောင့်ရှောက်ပါသည်။ ကာလသမ္မတ်ဟုဆိုအပ်သော မင်းကောင်း လူကောင်းတို့လက်ထက်၌ ဖြစ်သောပုဂ္ဂိုလ်အား မင်းတို့သည် အလုံးစုံသော အဆင်တန်ဆာ ဆင်ယင်အပ်ကုန်သော မင်းသမီးတို့သည် ဤပုဂ္ဂိုလ်အား လျောက်ပတ်ကုန်၏ ဟု ပို့လွှတ်ကြပါကုန်သည်။ယာဉ် ဝေါ ပတ်တာမြား ရှေ့ ငွေအစရှိသည့် အထူးထူး အပြားပြားရှိသော ထိုထိုလက်ဆောင်ပဏ္ဏာသည် ဤပုဂ္ဂိုလ်အား သင့်လျော်လျောက်ပတ်၏ဟူ၍ ပို့လွှတ်ကြပါကုန်သည်။

စူဠသုဓမ္မ မထေရ်ဝတ္ထု

ရဟန်းဖြစ်သော ပုဂ္ဂိုလ်အားလည်း မျှားမြတ်သော အခြံအရံ ကြီးကျယ်သော တန်ခိုးအာနုဘော်ရှိပါသည်။ ထိုကဲ့သို့ မျှားမြတ်သော အခြံအရံ ကြီးကျယ်သော တန်ခိုး အာနုဘော်ရှိရာ၌ ဤလျောက်ထား လတ္တံ့သည်ကား ဝတ္ထုပင်ဖြစ်ပါသည်။

ကုဋ္ဌကဏ္ဏအမည်ရှိသော မင်းသည် ဂိရိဂါမကဏ္ဏအရပ်၌ နေလေ့ရှိသော စူဠသုမ္မမထေရ်ကို ကြည်ညိုမြတ်နိုးပါသည်တဲ့ဘုရား....။ ထိုကုဋ္ဌကဏ္ဏမင်း

သည် ဥပ္ပလဝါပီ အမည်ရှိသော အရပ်၌ နေသည်ရှိသော် မထေရ်မြတ်ကို အပင့် အခေါ် လွှတ်ပါသည်ဘုရား။ မထေရ်မြတ်သည် ကြွရောက်တော်မူလာ၍ မာလာရာမ ကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်။ မင်းမြတ်သည် မထေရ်မြတ်၏ မိခင်ကို မေးမြန်းပါသည်။

ကိံ ထေရော ပိယာယတီတိ။

ထေရော၊ မထေရ်မြတ်သည်။ ကိံ၊ အဘယ်အစာ အာဟာရကို။ ပိယာယတိ၊ ချစ်မြတ်နိုးတော်မူဘိသနည်း။ ဣတိ၊ ဤသို့။ ထေရဿ၊ မထေရ်၏။ မာတရံ၊ အမိကို။ ပုစ္ဆိ၊ မေးပါသည်ဘုရား။ မဟာရာဇ၊ မင်းမြတ်....ကန္ဒံ၊ သစ်ဥ, သစ်မြစ်ကို။ ပိယာယတိ၊ မြတ်နိုးတော်မူ၏။ ဣတိ၊ ဤသို့။ အာဟ၊ သံတော်ဦးတင်ပါသည်။

မထေရ်ကိုပင် မော်၍မဖူးဝံ့

မင်းက သစ်ဥ, သစ်မြစ်များကို ယူဆောင်စေ၍ ကျောင်းသို့ သွား၍ မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းလျက် မထေရ်မြတ်၏ မျက်နှာတော်ကို မော်၍ ဖူးခြင်းငှါ မစွမ်းနိုင်ခဲ့ပါ။ ထိုမထေရ်မြတ်၏ မျက်နှာတော်ကို မော်၍ ဖူးခြင်းငှါ မဝံ့သော မင်းသည် ထွတ်လာပြီး၍ ကျောင်း ပရိဝုဏ် အပြင်ဘက်၌ မိဖုရားကို မေးမြန်းသည်မှာ—

ကိံဒိသော ထေရောတိ။

ထေရော၊ မထေရ်မြတ်သည် ။ကိံဒိသော၊ အဘယ်ကဲ့သို့ သဘောရှိလေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ ၊မေးမြန်းပါသည်ဘုရား။ တုံ၊ သင်သည်။ ပုရိသော၊ ယောကျ်ားသည်။ ဟုတ္ဝာ၊ ဖြစ်၍ ။ ဥလ္လောကေတုံ၊ မထေရ်မြတ်ကို မော်၍ ဖူးခြင်းငှါ၊ နု သက္ကောသိ၊ မစွမ်းနိုင်ဘဲ။ အဟံ၊ မာတုဂါမဖြစ်သော အက္ခန်ုပ်သည်။ကထံ သက္ခိဿာမိ၊ အဘယ်မှာလျှင် စွမ်းနိုင်ပါအံ့နည်း။ အဟံ၊ အက္ခန်ုပ်သည်။ ကိံဒိသောတိ၊ အဘယ်သို့သဘောရှိသည် ဟူ၍။ နု ဇာနာမိ၊ မသိပါ။ ဣကဲ့သို့ မိဖုရားက ပြန်၍ သံတော်ဦး တင်ပါသည်။

ရာဇာ၊ မင်းတရားသည်။ မမ၊ ငါ၏။ ရဉ္ဉေ၊ တိုင်းပြည်၌။ ဗလိကာရဂဟပတိပုတ္တံ၊ အခွန်တော်ပေးဆက်၍ နေရသော အိမ်ရှင် ယောကျ်း၏ သားကို။ ဥလ္လောကေတုံ၊ မျက်နှာတော်ကို မော်၍ ဖူးခြင်းငှါ။ နု ဝိသဟာမိ၊ မစွမ်းနိုင်ခဲ့။ဘော၊ အိုအချင်းတို့.... ။ဝတ၊ စင်စစ်။ ဗုဒ္ဓသာသနံ နာမ၊ မြတ်စွာ

ဘုရား၏ သာသနာတော်မည်သည်။ မဟန္တံ ဝတ၊ ကြီးကျယ် မြင့်မြတ် လှပေ၏ တကား။ ဣတိ၊ ဤသို့။ ဝတ္ဝာ။ ဆို၍ ။ အပ္ပောဒ္ဓေသိ၊ လက်ပန်း ပေါင်းခတ် လေတော့၏။

တိပိဋကစူဠနာဂ မထေရ်

တိပိဋကစူဠနာဂ မထေရ်ကိုလည်း ဤကဲ့သို့ပင် ကြည်ညိုမြတ်နိုးပါသည်။ ထိုမထေရ်မြတ်၏ လက်ချောင်း၌ တခုသော အိုင်းအမာသည် ပေါက်ရောက်ပါသည်။ မင်းသည် မထေရ်မြတ်ကို ဖူးမြင်အံ့ဟူ၍ ကျောင်းသို့သွား၍ ကြီးကျယ်လှစွာသော ချစ်ခင်ကြည်ညိုမှုကြောင့် အနာပေါက်၍ နေသော လက်ချောင်းကို မိမိပါးစပ်ဖြင့် ငုံ၍ ယူပါသည်။ ပါးစပ်အတွင်း၌ပင်လျှင် အိုင်းအမာသည် ပေါက်ကဲ့၍ သွားပါသည်။ ပြည်သွေးကို မထွေးမူ၍ မထေရ်မြတ်၌ ချစ်ခင်ကြည်ညိုသော စိတ်ဓာတ်ကြောင့် အမြိုက်သုဓာဘုတ်ကဲ့သို့ ပြည်သွေးကို မျိ၍ ချလိုက်ပါသည်။

ကြည်ညိုလှသော ဘုရင်

ထိုမထေရ်မြတ်သည်ပင်လျှင် တပါးသော အခါကာလ၌ မရဏမဉ္ဇူ ဟု ဆိုအပ်သော သေရာညောင်စောင်း၌ လျောင်းစက်တော်မူပါသည်။ မင်းမြတ်သည် လာရောက်၍ အသုစိကပလ္လ ဟု ဆိုအပ်သော မထေရ်မြတ် ကျင်ကြီး ကျင်ငယ် စွန့်လွှတ်အပ်သော ခွက်ကို ဦးခေါင်း၌ တင်၍—

ဓမ္မသကဋ္ဌဿ အက္ခော ဘိဇ္ဇတိ အက္ခော ဘိဇ္ဇတိတိ ပရိဒေဝမာနော ဝိစရိ။

ဓမ္မသကဋ္ဌဿ၊ ပိဋကတ်သုံးပုံ အလုံးစုံတင်ရာ ဖြစ်သော လှည်းကြီး၏။ အက္ခော၊ ဝင်ရိုးသည်။ ဘိဇ္ဇတိ၊ ကျိုး၍ သွားလေတော့၏။ ဓမ္မသကဋ္ဌဿ၊ ပိဋကတ်သုံးပုံ တင်ဆောင်ရာဖြစ်သော လှည်းကြီး၏။ အက္ခော၊ ဝင်ရိုးသည်။ ဘိဇ္ဇတိ၊ ကျိုး၍ သွားလေတော့ပြီ။ ဣတိ၊ ဤသို့။ ပရိဒေဝမာနော၊ ငိုကြွေးလျက်။ ဝိစရိ၊ လှည့်လည်ပါတော့သည်ဘုရား။

ပထဝီမြေအလုံးကို အစိုးရသော မင်း၏ မစင်မကြယ် ရွံစဘွယ်ဖြစ်သော အညစ်အကြေးစွန့်ရာအိုးကို ဦးခေါင်းဖြင့် ချီ၍ လှည့်လည်ခြင်းမည်သည် အဘယ်ပုဂ္ဂိုလ်၏ သွားရာခရီးဖြစ်ပေသနည်း။ **သမ္မာပယောဂ** ဟုဆိုအပ်သော ကောင်းစွာအားထုတ်သော ပုဂ္ဂိုလ်၏ သွားရာခရီးပင် ဖြစ်ပါတော့သည်။

ဤသို့ ပယောဂဝိပတ္တိဟု ဆိုအပ်သော မှားသော အားထုတ်ခြင်းသည် တားမြစ်အပ်သည်ဖြစ်၍ နှောင့်ယှက် ပိတ်ပင်အပ်သည် ဖြစ်၍ အကျိုးကို ပေးခြင်းငှါ မစွမ်းနိုင်ကုန်သော ကုသိုလ်ကံတရားတို့သည် ပယောဂသမ္ပတ္တိဟု ဆိုအပ်သော ကောင်းစွာအားထုတ်ခြင်း၏ ပြည့်စုံခြင်းကို အစဲပြု၍ အကျိုးပေးကြပါကုန်သည်။ ဤသို့ မြတ်စွာဘုရားသည် အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပါသည်။

ဝိပတ္တိနှင့်သမ္ပတ္တိကို နှိုင်းယှဉ်ပြခြင်း

ဤသို့ လေးပါးကုန်သော ဝိပတ္တိတို့ဖြင့် တားမြစ်အပ်သည် ဖြစ်၍ ကောင်းသောကုသိုလ်ကံတရားသည် အကျိုးကို မပေးမူ၍ လေးပါးကုန်သော သမ္ပတ္တိတို့ကို အစဲပြု၍ အကျိုးပေးနိုင်ပါသည်။ ဤကဲ့သို့ အကျိုးပေးရာ၌ ဤဆိုလတ္တံ့သော ဖြစ်ပျက်ဘူးသော အကြောင်းကို ပြု၍ ဥပမာနှိုင်းယှဉ်အပ်ပါသည်ဘုရား။

ကြားရဘူးသည်ကား.... တပါးသော မင်းမြတ်သည် တယောက်သော အမတ်အား မေ့လျော့ခြင်္ကယ်ဥင်းမှုဖြင့် အမျက်ထွက်သည်ဖြစ်၍ ထိုအမတ်ကို နှောင်အိမ်၌ အကျဉ်းထားပါသည်။ ထိုအကျဉ်းခံရသော အမတ်၏ ဆွေမျိုး အပေါင်းတို့သည် မင်း၏ စိတ်ဆိုးသည်၏ အဖြစ်ကို သိ၍ တစုံတခုသော စကားကို မဆိုကြကုန်မူ၍ ပြင်းထန်သောဒေါသသည် ကင်းပျောက်လတ်သည် ရှိသော် မင်းမြတ်ကို ထိုအမတ်ကြီး၏ အပြစ်မရှိသည်၏ အဖြစ်ကို သိစေကြပါကုန်သည်။ မင်းသည် အမတ်ကြီးကို အကျဉ်းထောင်မှလွှတ်၍ ထိုအမတ်ကြီးအား ရာထူးဌာနန္တရကို ပကတိအတိုင်း ပြန်၍ ပေးအပ်ပါသည်။ ထိုအခါ၌ ထိုအမတ်ကြီး၏ အထံသို့ ထိုထို ထိုထို အရပ်မှ လာရောက်ကြကုန်သော လက်ဆောင် ပဏ္ဏာတို့၏ အတိုင်းအရှည်သည် မရေမတွက်နိုင်အောင်ပင် ဖြစ်ပါတော့သည်။ လူတို့သည်လည်း လက်ခံခြင်းငှါ မတတ်နိုင်အောင်ပင် ဖြစ်ကြပါကုန်သည်။

ထိုဥပမာ၌ ဘုရင်မင်းမြတ်အား အနည်းငယ်မျှသော မေ့လျော့မှုဖြင့် အမျက်ထွက်၍ ထိုအမတ်ကြီးအား ဗန္ဓနာဂါရဟု ဆိုအပ်သော အကျဉ်းထောင်၌ အကျဉ်းချုပ်ချ၍ ထားသော အခါကာလကဲ့သို့ ပုထုဇဉ်ဖြစ်သော ပုဂ္ဂိုလ်၏ ငရဲ၌ ဖြစ်ရသော အခါကာလနှင့် တူပါသည်။

ထိုမှနောက်၌ ထိုအမတ်ကြီး၏ အဆွေအမျိုးတို့သည် မင်းကို အမှန်အတိုင်းသိစေ၍ ရာထူးဌာနန္တရ၏ ပကတိအတိုင်းဖြစ်စေသော အခါကာလကဲ့သို့ ထိုပုထုဇဉ်ပဂ္ဂိုလ်၏ နတ်ပြည်၌ ဖြစ်သော အခါကာလနှင့် တူပါသည်။

လက်ဆောင်ကို ခံယူခြင်းငှါ မစွမ်းနိုင်သော အခါကာလကဲ့သို့ လေးပါးကုန်သော သမ္ဗတ္တိတို့ကို အကြောင်းပြု၍ ကောင်းသော ကုသိုလ်ကံ တို့၏ နတ်ပြည်မှ လူ့ပြည်လောကသို့ လူ့ပြည်လောကမှ နတ်ပြည်သို့ ဤသို့လျှင် ချမ်းသာရာဌာနတခုမှ ချမ်းသာရာဌာနတခုသို့ ဆောင်၍ ကမ္ဘာတသိန်း ကာလပတ်လုံးလည်း ချမ်းသာသော အကျိုးကို ပေး၍ နိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် သိအပ်ပါတော့သည်။

ပဋိသမ္ဘိဒါ ဒေသနာတော်နည်း

ဤသို့ ရှေးဦးစွာ ပါဠိ၏ အစုမ်းအားဖြင့် ဒုတိယဗလဟုဆိုအပ်သော ဉာဏ်တော်ကို ဖွင့်ပြပြီး၍ ယခုအခါ "အဟောသိ ကမ္မံ အဟောသိ ကမ္မံ ဝိပါကော" ဟူသော ဤပဋိသမ္ဘိဒါ ဒေသနာနည်းအားဖြင့်လည်း ပြအပ်ပါသည်။

ထိုပဋိသမ္ဘိဒါ ဒေသနာနည်း၌အဟောသိကမ္မ-ဟူသည် အတိတ် အခါ၌ အားထုတ်အပ်သော ကံသည် အတိတ်အခါ၌သာလျှင် ဖြစ်ခဲ့လေ၏။ အထူးအားဖြင့် အကြင်ကံဖြင့် အတိတ်အခါကာလ၌ အကျိုးတရားကို ပေးအပ်ခဲ့လေပြီ။ ထိုအတိတ်အခါ၌ ပြုအပ်ခဲ့သော ကံသည် အတိတ်အခါ၌ အကျိုးပေးအပ်ခဲ့သည်ကို ရည်ရွယ်၍ အဟောသိ ကမ္မဝိပါက-ဟူ၍ ဆိုအပ်ပါသည်။

ဒိဋ္ဌဓမ္မဝေဒနီယ- အစရှိကုန်သော မျိုးစုံလည်းဖြစ်ကုန်သော အားထုတ်အပ်ကုန်သော ကံတို့တွင် တခုသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် အကျိုးကို ပေးပါသည်။ ကြွင်းကုန်သော ကံတို့သည် အကျိုး မပေးကြပါကုန်။ တခုသော ဥပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေကို ဆွဲငင်နိုင်ပါသည်။ ကြွင်းကုန်သော ကံတို့သည် အကျိုးမပေးဘဲ ဖြစ်ကြရပါကုန်သည်။ တခုသော အာနန္တရိယကံဖြင့် ငရဲ၌ ဖြစ်တတ်ပါသည်။ ကြွင်းသောကံတို့သည် အကျိုးမပေးကြပါကုန်။ ရှစ်ပါးကုန်သော သမာပတ်တို့တွင်လည်း တခုသော သမာပတ်သည် ဖြဟ္မာ့ပြည်၌ ဖြစ်စေပါသည်။ ကြွင်းသော သမာပတ်တို့သည် အကျိုးမပေးကြပါကုန်။ ဤကဲ့သို့ သမာပတ်ရှစ်ပါးတို့တွင် တခုသော သမာပတ်အကျိုး

ပေးသည်ရှိသော် ကြွင်းသော သမာပတ်တို့သည် အကျိုးမပေး။ တခုသော ကံသည် အကျိုးပေးသည် ရှိသော် ကြွင်းကျန်သော ကံတို့သည် အကျိုးမပေးသည်ကို ရည်ရွယ်၍ နာဟောသိ ကမ္မဝိပါက-ဟူ၍ ဆိုအပ်ပါသည်။

သို့ရာတွင် အကြင်ပုဂ္ဂိုလ်သည် များစွာလည်း ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်၍ ကလျာဏမိတ္တဟု ဆိုအပ်သော ဘုရားအစရှိသော မိတ်ဆွေကောင်းကို အမှီပြုရ၍ အရဟတ္တဖိုလ်သို့ ရောက်တတ်ပါသည်။ ထိုပုဂ္ဂိုလ်၏ကံ အကျိုးပေးသည် နာဟောသိ မည်ပါသည်။

အတိတ်အခါ၌ အားထုတ်အပ်သော အကြင်ကံသည် ယခုအခါ၌ အကျိုးပေးပါ၏။ ထိုကံသည် အဟောသိကမ္မံ အတ္ထိ ကမ္မဝိပါကော-မည်ပါသည်။ ရှေးအခါတုန်းက အတိတ်၌ ကံကို ပြုခဲ့ပါသည်။ ကံ၏ အကျိုးရှိသော ကံဟူ၍ ဆိုလိုပါသည်။

ရှေးနည်းအားဖြင့်သာလျှင် အကြင်ကံသည် အကျိုးမပေးသည်၏ အဖြစ်သို့ ရောက်ခဲ့ပါသည်။ ထိုကံသည် အဟောသိကမ္မံ နတ္ထိ ကမ္မဝိပါကော နာမ-မည်ပါသည်။ ရှေးက ကံ ကို ပြုလုပ်ခဲ့ပါသည်။ အကျိုးပေးခြင်းငှါ မရှိတော့ပါပြီဟု ဆိုလိုပါသည်။

အကြင်ကံသည် အတိတ်အခါ၌ အားထုတ်အပ်သည်ဖြစ်၍ အနာဂတ်အခါ၌ အကျိုးကိုပေးလတ္တံ့။ အတိတ်၌ အားထုတ်အပ်သည်ဖြစ်၍ အနာဂတ်၌ အကျိုးပေးလတ္တံ့ ဖြစ်သောကံသည် အဟောသိကမ္မံ ဘဝိဿတိ ကမ္မဝိပါကောနာမ-မည်ပါသည်။ ရှေးက ကံကို ပြုလုပ် အားထုတ်ခဲ့ပြီး၍ အနာဂတ်အခါ၌ ကံ၏အကျိုး ဖြစ်လိမ့်မည်ဟူ၍ ဆိုလိုပါသည်။

အကြင်ကံသည် ရှေးနည်းအားဖြင့်သာလျှင် အကျိုးမပေးသည်၏အဖြစ်သို့ရောက်လတ္တံ့၊ ထိုကံသည် အဟောသိကမ္မံ နဘဝိဿတိ ကမ္မဝိပါကော နာမ-မည်ပါသည်၊ ထိုကံသည် ရှေးက ဖြစ်ခဲ့ဘူး၍ ကံ၏အကျိုးပေးကားမဖြစ်တော့လတ္တံ့ဟု ဆိုလိုပါသည်။

ယခုအခါ၌ အကြင် အားထုတ်အပ်သော ကံသည် ယခု အခါ၌ပင်လျှင် အကျိုးကိုပေး၏။ ထို ယခုအခါ၌ အားထုတ်အပ်သော ကံသည် ယခုအခါ၌ အကျိုးပေးသော ကံသည် အတ္ထိကမ္မံ အတ္ထိကမ္မဝိပါကော နာမ-မည်ပါသည်။ ကံကိုအားထုတ်ခြင်းလည်း ရှိသည်ဖြစ်၍ ကံ၏ အကျိုးလည်း ရှိသည်ဟု ဆိုလိုပါသည်။

အကြင်ကံသည် ရှေးနည်း အားဖြင့် သာလျှင် အကျိုးပေးသည်၏ အဖြစ်သို့ ရောက်ပါ၏။ ထိုကံသည် အကျိုးမပေးသည်၏ အဖြစ်သို့ရောက်ပါသည်။ ထိုကံသည် အတ္ထိကမ္မံ နတ္ထိကမ္မဝိပါကော နာမ-မည်ပါသည်။ ထိုကံသည် ကံအဖြစ်ဖြင့် ပြုလုပ်ပြီးသား ရှိသည် ဖြစ်၍ အကျိုးပေးခြင်း မရှိသော ကံ မည်ပါသည်။

အကြင်ကံသည် ယခုအခါ၌ အားထုတ်အပ်သည် ဖြစ်၍ နောင်အခါ၌ အကျိုးကို ပေးလတ္တံ့၊ ထို ယခုအခါ အားထုတ်အပ်သည်ဖြစ်၍ နောင်အခါ အကျိုးပေးလတ္တံ့သော ကံသည် အတ္ထိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော နာမ မည်ပါသည်။ ပြုလုပ်အပ်သော ကံသည်ရှိ၏၊ ထိုကံ၏ အကျိုးသည် နောင် အခါ၌ ဖြစ်လတ္တံ့ဟု ဆိုလိုပါသည်။

အကြင်ကံသည် ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် အကျိုးမပေးသည်၏ အဖြစ်သို့ ရောက်လိမ့်လတ္တံ့၊ ထိုအကျိုးမပေးသော အဖြစ်သို့ ရောက်အံ့သော ကံသည် အတ္ထိကမ္မံ နဘဝိဿတိ ကမ္မဝိပါကော နာမ မည်ပါသည်။ ကံဟုပြုလုပ်ပြီးသည်ကား ရှိသေး၏။ ကံ၏အကျိုးသည်ကား မရှိတော့လတ္တံ့ဟု ဆိုလိုပါသည်။

အကြင်ကံသည်လည်း ကိုယ်တိုင်ကလည်း အနာဂတ်ဖြစ်၏။ ထိုကံ၏ အကျိုးပေးခြင်းသည်လည်း အနာဂတ်ပင် ဖြစ်၏။ ထိုကံသည် ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော- မည်ပါသည်။ ကံသည်လည်း အနာဂတ် ကံ ဖြစ်ပါသည်။ ကံ၏အကျိုးတရားသည်လည်း နောင်အခါ၌ပင် ဖြစ်လတ္တံ့သော အနာဂတ်ပင် ဖြစ်သည်။

အကြင်ကံသည် မိမိကိုယ်တိုင် ဖြစ်လိမ့်လတ္တံ့။ ရှေးနည်းအားဖြင့် သာလျှင် အကျိုးမပေးသည်၏ အဖြစ်သို့ ရောက်လိမ့်လတ္တံ့။ ထိုဖြစ်လတ္တံ့သော ကံ, အကျိုးမပေးသည်၏ အဖြစ်သို့ ရောက်လိမ့်လတ္တံ့ ဖြစ်သော ကံသည် ဘဝိဿတိ ကမ္မံ နဘဝိဿတိ ကမ္မဝိပါကော မည်ပါသည်။ကံတော့ဖြစ်ပေလိမ့်မည်။ ကံ၏ အကျိုးသည်ကား ဖြစ်လိမ့်မည် မဟုတ်ပေဟု ဆိုလိုပါသည်။

ဒုတိယဗလအဓိပ္ပါယ်

ကျွဒံ တထာဂတဿာတိ၊ ကျွဒံ တထာဂတဿ-ဟူသည်ကား။ သဗ္ဗေဟိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတေဟိ အာကာရေဟိ၊ ဤအခြင်းအရာတို့ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ကမ္မန္တရ ဝိပါကန္တရဇာနနဉာဏံ၊ ကမ္မန္တရ, ဝိပါကန္တရကို သိတော်မူနိုင်သော ဉာဏ်တော်သည်။ အကမ္ပိယဋ္ဌေန၊ မတုန်မလှုပ်အပ်သော အနက်သဘောကြောင့်။ဒုတိယံ ဗလံ၊ဒုတိယဗလဟူ၍။ ကျွဒံ၊ ဤဉာဏ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤကဲ့သို့ အဋ္ဌကထာဆရာမြတ်သည် ဖွင့်ပြအပ်ပါသည်။

ဒသကနိဒ္ဒေသဝဏ္ဏနာ ပြီး၏။

၈—သမ္မပ္ပဓာနဝိဘင်္ဂ်

၁-သုတ္တန္တ ဘာဇနီယဝဏ္ဏနာ

သမ္မပ္ပဓာနဝိဘင်္ဂ် သုတ္တန္တဘာဇနီယဝဏ္ဏနာ၌ အဋ္ဌကထာ ဆရာသည် မိန့်ပြအပ်သော ဝိနိစ္ဆယကထာကို လျှောက်ထားပါဦးအံ့ဘုရား။

ဤသမ္မပ္ပဓာန်ကထာ မည်သည် လောကီ လောကုတ္တရာအားဖြင့် နှစ်မျိုး အပြားရှိပါသည်။ ထိုနှစ်မျိုးတို့တွင် လောကီသမ္မပ္ပဓာန် ဟူသည် အလုံးစုံတို့၏ ရှေးအဘို့၌ ဖြစ်ပါသည်။ ထိုလောကီသမ္မပ္ပဓာန်ကို ကဿပ သံယုတ် ပရိယာယ် နည်းအားဖြင့် လောကီမဂ်ခဏ၌ သိအပ်ပါ၏။

မှန်လှပါသည်။ ထိုကဿပ သံယုတ်၌—

စတ္တာရောမေ အာဝုသော သမ္မပ္ပဓာနာ။ ကတမေ စတ္တာရော။ ဣဓာဝုသော ဘိက္ခု အနုပ္ပန္နာ မေ ပါပကာ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇ-မာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ်ံ ကရောတိ၊ ဥပ္ပန္နာ မေ ပါပကာ အကုသလာ ဓမ္မာ အပ္ပဟီယမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ်ံ ကရောတိ၊ အနုပ္ပန္နာ မေ ကုသလာ ဓမ္မာ အနုပ္ပဇ္ဇမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ်ံ ကရောတိ၊ အနုပ္ပန္နာ မေ ကုသလာ ဓမ္မာ အနုပ္ပဇ္ဇမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ်ံ ကရောတိ၊ ဥပ္ပန္နာ မေ ကုသလာ ဓမ္မာ နိရုဇ္ဈမာနာ အနတ္ထာယ သံဝတ္တေယျုန္တိ အာတပ်ံ ကရောတီတိ။

အာဝုသော၊ ငါ့ရှင်။ဤမေ သမ္မပ္ပဓာနာ၊ ဤသမ္မပ္ပဓာန် တရားတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ ကတမေ စတ္တာရော၊အဘယ်လေးပါးတို့နည်း။ အာဝုသော၊ ငါ့ရှင်။ ဤ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ မေ၊ ငါ့အား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်ကြကုန်သည်ရှိသော်၊အနတ္ထာယ၊အကျိုးစီးပွါးမဲ့ခြင်းငှါ။သံဝတ္တေယျုံ၊၊ ဖြစ်ကြကုန်ရာ၏။ ဤတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ အာတပ်ံ၊

ကိလေသာကို ပူပန်စေတတ်သော လုံလဝီရိယကို။ ကရောတိ၊ ပြု၏။ မေ၊ ငါ့အား။ ဥပ္ပန္နာ၊ ဖြစ်ပေါ်၍ လာကြကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အပ္ပဟီယမာနာ၊ မပယ်ရှားအပ်ကုန်သည်ရှိသော်။ အနတ္ထာယ၊ အကျိုးမဲ့ ပြုခြင်းငှါ။ သံဝတ္တေယျုံ၊ ဖြစ်ကြကုန်ရာ၏။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ အာဘပ္ပံ၊ ကိလေသာကို ပူပန်စေတတ်သော လုံလဝီရိယကို။ ကရောတိ၊ ပြု၏။ မေ၊ ငါ့အား။ အနုပ္ပန္နာ၊ မဖြစ်ပေါ်ကြကုန်သေးသော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အနုပ္ပဇ္ဇမာနာ၊ မဖြစ်ပေါ်ကြကုန်သည်ရှိသော်။ အနတ္ထာယ၊အကျိုးမဲ့ခြင်းငှါ။ သံဝတ္တေယျုံ၊ ဖြစ်ကြကုန်ရာ၏။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ အာဘပ္ပံ၊ ကိလေသာကို ပူပန်စေတတ်သော လုံလဝီရိယကို။ ကရောတိ၊ ပြု၏။ မေ၊ ငါ့အား။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကြကုန်ပြီးသော။ကုသလာ၊ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ နိရုဇ္ဈမာနာ၊ ချုပ်ကြကုန်သည်ရှိသော်။ အနတ္ထာယ၊ အကျိုးမဲ့ခြင်းငှါ။ သံဝတ္တေယျုံ၊ ဖြစ်ကြကုန်ရာ၏။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ အာဘပ္ပံ၊ ကိလေသာကို ပူပန်စေတတ်သော လုံလဝီရိယကို။ ကရောတိ၊ ပြု၏။

သမထဝိပဿနာ ဆိုလိုရင်း

ဤသို့ ဟောတော်မူပါသည်။ ထိုသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်၌ အနုပ္ပန္နာ ကုသလာ ဓမ္မာ-ဟူသော စကားရပ်သည် သမထနှင့် ဝိပဿနာပင် ဖြစ်ပါသည်။ ဥပ္ပန္နာ ကုသလာ-မည်သည် သမထနှင့် ဝိပဿနာပင် ဖြစ်ပါသည်။ မဂ်သည်ကား တကြိမ် ဖြစ်ပြီး၍ ချုပ်သည်ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်စေတတ်သည် မည်သည် မရှိပါ။ မှန်ပါ၏။ ထိုမဂ်တရားသည် ဖိုလ်အား ကျေးဇူးပြု၍ ချုပ်ခဲ့ပါသည်။ တနည်းအားဖြင့် ရှေးအဘို့၌ သမထ ဝိပဿနာကို သာလျှင် ယူအပ်၏ ဟူ၍ ဆိုအပ်၏။ ထိုဆိုအပ်သော စကားသည် မသင့်မြတ်ပါ။

ထိုစကားရပ်၌ "ဥပ္ပန္နာ သမထဝိပဿနာ နိရုဇ္ဈမာနာ အနတ္ထာယ သံဝတ္တန္တိ" ဟူသော ပါဠိတော်၏ အနက်ကို ထင်စွာ ပြခြင်းအကျိုးငှါ ဤလျှောက်ထားလတ္တံ့သော ဝတ္ထုကို ဆိုအပ်ပါသည်ဘုရား။

ဗျာန်ကစားသော ကိုရင်လေးဝတ္ထု

ကြားရဘူးသည်ကား တပါးသော အာသဝေါကင်းကွာ ရဟန္တာမထေရ်မြတ်သည် မဟာစေတီကိုဌင်း မဟာဗောဓိပင်ကိုဌင်း ရှိခိုးပူဇော်ဦးအံ့ ဟု သမာပတ်ကို ရရှိသော ပစ္စည်းဘဏ္ဍာကို ထိန်းသိမ်းသော သာမဏေနှင့်အတူ တကွ ဇနပုဒ်မှ မဟာဝိဟာရကျောင်းတိုက်သို့ ကြွလာတော်မူ၍ မဟာဝိဟာရကျောင်း ပရိဝုဏ်သို့ ဝင်ရောက်ပါသည်။ ညနေခင်း အခါကာလ၌ များစွာသော ရဟန်းသံဃာအပေါင်းသည် စေတီတော်ကို ရှိခိုးသည်ရှိသော် စေတီတော်ကို ရှိခိုးခြင်း အကျိုးငှါ ရဟန္တာမထေရ်မြတ်သည် မထွက်မကြွပါ၊ အဘယ့်ကြောင့် မထွက်မကြွပါသနည်း။ အကြောင်းကို ဆိုပါဦးအံ့။ ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးပါးကုန်သော ရတနာတို့၌ ကြီးကျယ်စွာသော ရိုသေခြင်းသည် ဖြစ်ပါသည်။ ထို့ကြောင့် ရဟန်းသံဃာသည် ရှိခိုးပြီး၍ ဖဲကြွတော်မူသည်ရှိသော် လူတို့၏ ညနေစာ စားသော အချိန်ကာလ၌ သာမဏေကိုသော်မှလည်း အသိမပေးမူ၍ စေတီတော်ကို ရှိခိုးဦးအံ့ ဟု တပါးထီးတည်းသာလျှင် ရဟန္တာမထေရ်မြတ် ထွက်ကြွတော်မူပါသည်။

ရှင်သာမဏေသည် မထေရ်မြတ်သည် အချိန်မဲ့ကာလ၌ တပါးထီးတည်း အဘယ်သို့ ကြွတော်မူပါလိမ့်မည်နည်း။ သိအောင် စုံစမ်းဦးအံ့ ဟု ဥပဇ္ဈာယ်ဆရာ၏ ခြေရာကို ခံ၍ ထွက်လိုက်ခဲ့ပါသည်။ မထေရ်မြတ်သည် မဆင်ခြင် မသုံးသပ်သဖြင့် ထိုသာမဏေငယ်၏ လာရောက်ခြင်းကို မသိသည်ဖြစ်၍ တောင်ဘက်တံခါးဖြင့် စေတီယင်ပြင်သို့ တက်ရောက်ပါသည်။ ရှင်သာမဏေသည်လည်း နောက်ထပ် ဖဝါးမကွာ တောင်ဘက်တံခါးဖြင့် စေတီယင်ပြင်သို့ တက်ရောက်ပါသည်။

မဟာထေရ်မြတ်သည် မဟာစေတီတော်ကို မော့ကြည့်၍ ဘုရားလျှင် အာရုံရှိသော ငါးဖြာသော ပီတိကိုယူ၍ အလုံးစုံကို စိတ်ဖြင့် သိမ်းဆည်းယူငင်ပြီး၍ ရှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မဟာစေတီတော်မြတ်ကို ရှိခိုးကန်တော့ပါသည်။ ရှင်သာမဏေသည် မထေရ်မြတ်၏ ရှိခိုးသော အခြင်းအရာကို မြင်ရ၍——

ဥပဇ္ဈာယော မေ အတိဝိယ ပသန္နစိတ္တော ဝန္ဒတိ၊ ကိံ နု ခေါ ပုပ္ဖါနိ လဘိတ္ဝာ ပူဇံ ကရေယ္ယာသီတိ စိန္တေသိ။

မေ၊ ငါ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အတိဝိယ၊ အလွန် အကဲသာလျှင်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ဓာတ်ရှိသည်ဖြစ်၍။ ဝန္ဒတိ၊ ရှိခိုးပေ၏။ ကိံ၊ အသို့နည်း။ ပုပ္ဖါနိ၊ ပန်းတို့ကို။ လဘိတ္ဝာ၊ ရ၍။ ပူဇံ၊ ပူဇော်ခြင်းကို။ကရေယျ နုခေါ၊ ပြုရာအံ့လော။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံစည်ပါသည်။

မထေရ်မြတ်သည် ရှိခိုး၍ မတ်တပ်ရပ်၍ ဦးခေါင်းထက်၌ လက်အုပ် အဥ္ဇလီ တင်ခါ၍ မဟာစေတီတော်ကို မော်၍ ဖူးမျှော်လျက် ရပ်၍ နေသည် ရှိသော် ရှင်သာမဏေသည် ချောင်းဟန့်၍ မိမိလာသည်၏ အဖြစ်ကို မထေရ် အား သိစေပါသည်။ရဟန္တာမထေရ်မြတ်သည် ပြန်လည် လှည့်၍ ကြည့်လိုက် သည်ရှိသော်—

"ကဒါ အာဂတောသိတိ ပုစ္ဆိ"

တံ့၊သင်သည်။ကဒါ၊အဘယ်အချိန်ကာလက။ အာဂတော၊ လာရောက် သည်။ အသိ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းတော်မူပါသည်။

အရှင်ဘုရားတို့၏စေတီတော်ကို ရှိခိုးသော အခါကာလ၌ လာရောက်ပါ သည်ဘုရား ဟူ၍ လျှောက်ထားပါသည်။ အရှင်ဘုရားတို့သည် အလွန်အကဲ အားဖြင့် ကြည်ညိုကြကုန်သည် ဖြစ်၍ စေတီတော်ကို ရှိခိုးကြပါကုန်သည်။ အသို့ပါနည်းဘုရား ပန်းတို့ကိုရ၍ ပူဇော်ခြင်းငှါ မထိုက်တန်ကြပါကုန်လား ဘုရား ဟူ၍ လျှောက်ထားလေသည်။

ထူးခြားသော မဟာစေတီတော်ကြီး

ငါ့ရှင် သာမဏော....ကောင်းလှပေ၏။ ဤစေတီ၌ကဲ့သို့ တပါးသော စေတီ၌ ဤမျှလောက်သော မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို သိုမှီး သိမ်းဆည်း၍ ဌာပနာထားခြင်းမည်သည် မရှိ။ ဤကဲ့သို့ သဘောရှိသော တပါးသော စေတီတို့နှင့် မတူသော မဟာစေတီတော်ကြီးကို ပန်းတို့ကိုရ၍ အဘယ်သူသည် မပူဇော်ဘဲရှိ ရာအံ့နည်း ဟု မိန့်တော်မူပါသည်။

ကောင်းလှပါပြီ အရှင်ဘုရား....။ ထိုကဲ့သို့ ဖြစ်မူကား ခေတ္တ သည်းခံ ဆိုင်းငံ့တော်မူကြပါကုန်။ တပည့်တော်များ ဆောင်ယူခဲ့ပါအံ့ ဟူ၍ လျှောက် ထားပြီးလျှင် ထိုခဏ၌ပင်လျှင် စျာန်ကို ဝင်စား၍ တန်ခိုးဖြင့် ဟိမဝန္တာတော

သို့ သွား၍ အဆင်းအနံ့နှင့် ပြည့်စုံကုန်သော ပန်းတို့ကို ယူခဲ့၍ ရေစစ်ကို ပြည့်စေ၍ မဟာထေရ်သည် တောင်ဘက်တံခါးဝမှ အနောက်တံခါးဝသို့ မရောက်သေးမီသာလျှင် ရောက်ရှိလာ၍ ပန်းထည့်ထားသော ရေစစ်ကို လက်၌ ထား၍ အရှင်ဘုရားတို့....ပူဇော်ကြပါကုန်ဟူ၍ လျှောက်ထားပါသည်။

မထေရ်မြတ်သည် ငါ့ရှင်သာမဏေ....ပန်းတို့သည် အလွန်နည်းကြကုန်၏ တကား ဟု မိန့်တော်မူပါသည်။

အရှင်ဘုရားတို့....ကြွတော်မူကြပါကုန်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို နှလုံးသွင်း ဆင်ခြင်၍ ပူဇော်ကြပါကုန် ဘုရား ဟူ၍ လျှောက်ထားပါသည်။

မထေရ်မြတ်သည် အနောက်ဖက် မျက်နှာ၌ မှီသော စောင်းတန်းလျောကားဖြင့် တက်၍ စေတီဝမ်းပြင် အပြင်၌ ပန်းပူဇော်ခြင်းကို ပြုလုပ်ခြင်းငှါ အားထုတ်ပါသည်။ စေတီဝမ်းအပြင်သည် ပန်းတို့ဖြင့် ပြည့်၍ သွားပါသည်။ ပန်းတို့သည် ပြည့်သည့်အပြင် လျှောကျကြကုန်သည်ဖြစ်၍ဒုတိယဘုံအဆင့်၌ ဒူးဆစ်ပမာဏရှိသော အခြင်းအရာအားဖြင့် ပြည့်ကြပါကုန်သည်။ ထိုမှတဖန် ပန်းတို့သည်လျှောကျကြကုန်၍စေတီတော်၏ ဘိနပ်အပြင်ကို ပူဇော်ပါသည်။ ထိုဘိနပ်အပြင်သည်လည်း ပြည့်၍ သွားပါသည်။ ပြည့်သည် အဖြစ်ကို သိ၍ အောက်ဆုံးအပြင်၌ ကြဲဖြန့်လျက် မထေရ်မြတ်သည် ကြွတော်မူပါသည်။ အလုံးစုံသော စေတီယင်ပြင်သည် ပန်းတို့ဖြင့် ပြည့်၍ သွားပါသည်။ ထိုစေတီယင်ပြင်သည် ပန်းတို့ဖြင့် ပြည့်၍ နေသည်ရှိသော်—

သာမဏေရ၊ ငါ့ရှင်သာမဏေ....။ ပုပ္ပါနိ၊ ပန်းတို့သည်။နာ ခီယန္တိ၊ မကုန်နိုင်ကြလေကုန်။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပါသည်။

ဘန္တေ၊ အရှင်ဘုရား....။ ပရိဿာဝနံ၊ ရေစစ်ကို။ အဓေမုခံ၊ အောက်သို့ မျက်နှာမူသည်ကို။ ကရောထ၊ ပြုတော်မူကြပါကုန်ဘုရား။ ဤသို့ သာမဏေက လျှောက်ထားပါသည်။

အောက်သို့ မျက်နှာမူသည်ကို ပြုလုပ် လိုက်ပါသည်။ ထိုအခါ ပန်းတို့သည် ကုန်ခန်း၍ သွားပါကုန်သည်။ မထေရ်မြတ်သည် ရေစစ်ကို သာမဏေအား ပေး၍ ဆင်တံတိုင်း အရံနှင့် တကွ စေတီတော်ကို သုံးကြိမ် လက်ျာရစ် လှည့်သည်ကို ပြု၍ လေးပါးကုန်သော အရပ်ဌာနတို့၌ ရှိခိုး၍ ပရိဝုဏ်ကို လှည့်လည်၍ ကြံစည်အောက်မေ့မိသည်မှာ—

အယံ သာမဏေရော၊ ဤသာမဏေသည်။ဝတ၊ စင်စစ်။ယာဝ မဟိဒ္ဓိ-ကော၊ အကြင်မျှလောက် အလွန်လျှင် တန်ခိုးကြီးလှပေ၏။ ဤမံ ဤဒ္ဓါနု-ဘာဝံ၊ ဤတန်ခိုးအာနုဘော်ကို။ ရကွိတုံ၊ စောင့်ရှောက်ခြင်းငှါ။ သကွိဿတိ နုခေါ၊ စွမ်းနိုင်ပါမည်လော။ ဤသို့ မထေရ်မြတ်သည် စဉ်းစား ဆင်ခြင်ပါသည်။

မျက်စိကန်းသည့် ရက်ကန်းသည်မနှင့် ညားလိမ့်မည်

ထို့နောင်မှ မစွမ်းနိုင်သည်၏ အဖြစ်ကို မြင်တော်မူသည်ဖြစ်၍ သာမဏေကို မထေရ်မြတ်က မိန့်တော်မူသည်မှာ—

သာမဏေရ၊ ငါ့ရှင် သာမဏေ....။ တုံ၊ သင်သည်။ ဤဒါနိ၊ ယခု အခါ၌။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးရှိပေ၏။ ဧဝရူပံ၊ ဤကဲ့သို့ သဘောရှိသော။ဤဒ္ဓိ ံ၊ ကြီးသော တန်ခိုးကို။ နာသေတွာ၊ ဖျက်ဆီး၍။ ပစ္ဆိမကာလေ၊ နောက်ဆုံး ဖြင်သော အခါ၌။ ကာဏပေသကာရိယာ၊ မျက်စိတဖက်ကန်းသော ရက်ကန်းသည်မလေး၏။ ဟတ္ထေန၊ လက်ဖြင့်။ မဒ္ဒိတုံ၊ နယ်အပ်သော။ ကဥ္ဇိယံ၊ ပအုံးရည်ကို။ ပိဝိဿတိ၊ သောက်ရလတ္တံ့။

ဤကဲ့သို့ မထေရ်မြတ်က ရှင်သာမဏေငယ်ကို အမိန့်ရှိပါသည်။

ဆရာဆုံးမသော်လည်း အရေးမစိုက်ခဲ့

ထိုသာမဏေငယ်သည် ဥပဇ္ဈာယ်၏စကားဖြင့် ထိတ်လန့်၍ “အရှင်ဘုရားတို့.... တပည့်တော်အား ကမ္မဋ္ဌာန်းကို ပြောကြားတော်မူကြပါကုန်” ဟူ၍ မတောင်းပန်။ အကြင် အပြစ်ဒေါသဖြင့် ဤကဲ့သို့ မတောင်းပန်၊ ထိုကဲ့သို့သော အပြစ်ဒေါသသည် ငယ်ရွယ်သူတို့၏ ဖြစ်ရခြင်း၏ အပြစ်ပင် ဖြစ်ပါသည်။

အမှာကံ၊ ငါတို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ ကိ ံ၊ အဘယ်ကို။ ဝဒတိ၊ ဆိုဘိသနည်း။ ဤတိ၊ ဤသို့။ တံ၊ ထိုစကားကို။ အသုဏန္တော ဝိယ၊ မကြားချင်ယောင်ပြု၍။ အဂမာသိ၊ သွားပါသည်။

အဘိညာဉ်ခရီးဖြင့်သာ

မထေရ်မြတ်သည် မဟာစေတီတော်ကိုဌင်း မဟာဗောဓိပင်ကိုဌင်း ရှိခိုး ပြီး၍ သာမဏေကို သပိတ် သင်္ကန်းကို ယူစေ၍ အစဉ်အားဖြင့် ကုဋေဋ္ဌိတိသ အမည်ရှိသော ကျောင်းတိုက်ကြီးသို့ ကြွရောက်ပါသည်။ သာမဏေငယ် သည် ဥပဇ္ဈာယ်ဆရာ၏ ခြေလှမ်းအစဉ်အတိုင်း ဘဝါးထက်ချပ် မကွာ လိုက် သည်ဖြစ်၍ ဆွမ်းခံ လှည့်လည်ခြင်းသို့ မလိုက်မပါ နေရစ်ခဲ့ပါသည်။

ဘန္တေ၊ အရှင်ဘုရား....။ ကတရံ၊ အဘယ်မည်သော။ ဂါမံ၊ ရွာသို့။ ပဝိသထ၊ ဆွမ်းခံဝင်ကြပါကုန်အံ့နည်း။ ကွတိ၊ ဤသို့။ ပုစ္ဆိတ္ဝာ၊ မေးမြန်း ၍။ ကွဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏။ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ဂါမဒ္ဒါရံ၊ ရွာတံခါးသို့။သမ္ပတ္တော၊ရောက်သည်။ ဘဒ်ဃတိ၊ ဖြစ်ပေလိမ့်မည်။

ဤသို့ သိသည်ဖြစ်၍ မိမိ၏ဌင်း ဥပဇ္ဈာယ်ဆရာ၏ဌင်းသပိတ် သင်္ကန်းကို ယူ၍ ကောင်းကင်ခရီးဖြင့်လာရောက်၍ မထေရ်မြတ်အား သပိတ်သင်္ကန်းပေး၍ ဆွမ်းအလို့ငှါ လှည့်လည်ပါသည်။ မထေရ်မြတ်သည် အမြဲတမ်း ကာလပတ်လုံး ပြောဆိုဆုံးမပါသည်။

ပုထုဇဉ်၏ တန်ခိုးသည် စိတ်မချရ

သာမဏေရ၊ ငါ့ရှင်သာမဏေ....။ဧဝံ၊ ဤသို့။မာ အကာသိ၊ မပြုပါလင့်။ ပုထုဇ္ဇနိဒ္ဓိ နာမ၊ ပုထုဇဉ်တို့၏ တန်ခိုးမည်သည်။စလာ၊ တုန်လှုပ်၏။ အနိဗ္ဘဒ္ဓါ၊ အမြဲမဟုတ်။ အသပ္ပါယံ၊ မလျောက်ပတ်သော။ ရူပါဒိအာရမ္မဏံ၊ အဆင်း အစရှိသော အာရုံကို။ လဘိတ္ဝာ၊ ရ၍။ အပ္ပမတ္တကေနေဝ၊ အနည်းငယ်မျှဖြင့် သာလျှင်။ ဘိဇ္ဇတိ၊ ပျက်စီးတတ်၏။ သန္တာယ၊ ငြိမ်သက်သော။ သမာပတ္တိ ယာ၊ သမာပတ်မှ။ ပရိဟီနာ၊ဆုတ်ယုတ်ခဲ့သည်ရှိသော်။ ဗြဟ္မစရိယဝါသော၊ မြတ်သော အကျင့်ကို ကျင့်သုံးရာဖြစ်သော သာသနာတော်မြတ်၌။သန္ဆမ္ဘိတုံ၊ ထောက်ပံ့ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကြလေကုန်။

ဤသို့ မပြတ် မပြတ် မထေရ်မြတ်က ရှင်သာမဏေငယ်ကို ဆုံးမပါသည်။ သာမဏေငယ်သည် ငါ၏ဥပဇ္ဈာယ်ဆရာသည် ဘယ်စကားကို ဆိုပါလိမ့်မည်နည်း ဟု နားထောင်ခြင်းကိုမျှပင် အလိုမရှိခဲ့ပါ။ ရှေးနည်းအတိုင်း သာလျှင် ပြုမူ၍ နေခဲ့ပါသည်။

မထေရ်မြတ်သည် အစဉ်သဖြင့် စေတီတော်ကို ရှိခိုးခြင်းကိုပြုလျက် ကမ္မပေန္ဒ ကျောင်းတိုက်သို့ ဆိုက်ရောက်လာပါသည်။ ထိုကျောင်းတိုက်၌ မထေရ်မြတ်သည် သီတင်းသုံး၍ နေသော်လည်း ရှင်သာမဏေငယ်သည် ရှေးကကဲ့သို့ တန်ခိုးအာဘိညာဉ်ကို ပြ၍ နေသည်သာလျှင်တည်း။

ကြာအိုင်တွင်းမှ သီချင်းသံ

ထိုအခါ တနေ့သ၌ တဦးသော ရက်ကန်းသည် အမျိုးသမီးသည် လွန်သော အဆင်းရှိ၏၊ ပဌမအရွယ်၌ တည်၏။ ထိုအမျိုးသမီးသည် ကမ္မပေန္ဒအမည်ရှိသော ရွာမှ ထွက်၍ ပဒုမ္မာ ကြာအိုင်သို့ ဆင်းသက်ပြီး သီချင်းကလေးကိုသီဆိုလျက် ပဒုမ္မာကြာပန်းတို့ကို ခူိး၍ ခူး၍ နေပါသည်။

ထိုသီချင်းတကြော်ကြော်ဖြင့် ပဒုမ္မာကြာပန်းတို့ကို ခူးရ၍ နေသောအခါ ကာလ၌ ရှင်သာမဏေငယ်သည် ပဒုမ္မာ ကြာအိုင်၏ အထက်ခရီးအားဖြင့် ကြွရောက်ပါသည်။ ကြွရောက်သည်ရှိသော်ကား သကြားစေး တင်လဲးစေး၌ ငြိကပ်၍နေသော ယင်ကောင်တို့ကဲ့သို့ ထိုရက်ကန်းသည် အမျိုးသမီး၏ သီချင်းသံ၌ ငြိတွယ်၍နေပါတော့သည်။ ထိုသီချင်းသံ၌ ငြိတွယ်၍နေသော ခဏ၌ ပင်လျှင် မိမိရရှိထားသော လောကီတန်ခိုးသည် ပျောက်ကွယ်၍ သွားပါတော့သည်။ အတောင်ကျိုးလေသော ကျီးငှက်ကဲ့သို့ ဖြစ်ပါသည်။ သိမ်မွေ့သော သမာပတ် အားအစွမ်းဖြင့် ထိုအရပ်၌ပင်လျှင် ရေပြင်ပေါ်၌ မကျမရောက်မူ၍ လဲဝါကွမ်းကဲ့သို့ ကျလျက် အစဉ်အားဖြင့် ပဒုမ္မာကြာအိုင် ကမ်းအနီး၌ မတ်တပ်ရပ်၍ ကျရောက် ပါသည်။ ထိုသာမဏေငယ်သည် လျှင်သော အဟုန်ဖြင့် သွား၍ ဥပဇ္ဈာယ်အား သပိတ် သင်္ကန်းတို့ကို ဆက်ကပ်၍ ပြန်လာခဲ့ပါသည်။ မထေရ်မြတ်သည်—

ပဂေဝ၊ စောစောကပင်လျှင်။ ဧတံ၊ ဤအဖြစ်ကို။ မယာ၊ ငါသည်။ ဒိဋ္ဌံ၊ မြင်အပ်ခဲ့လေပြီ။ နိဝါရိယမာနောပိ၊ ငါသည် တားမြစ်အပ်ပါသော်လည်း။ သာမဏေရော၊ သာမဏေသည်။ န နိဝတ္တိဿတိ၊ မဆုတ်နစ်တော့လတ္တံ့။ ။ကူတိ၊ ဤသို့။ ဒိသွာ၊ မြင်တော်မူသည်ဖြစ်၍။ ကိဉ္စိ၊ တစုံတခုန်းသောစကားကို။ အဝတွာ၊ မပြောဘဲ။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ရွာသို့ ဝင်ရောက်တော်မူပါသည်။

သာမဏေငယ်သည် တဖန် ပြန်လာ၍ ပဒုမ္မာကြာအိုင် ကမ်းနားဦး ရပ်လျက် တည်ရှိနေပါသည်။ ထိုရက်ကန်းသည် အမျိုးသမီး၏ ရေကန်မှ တက်၍ လာခြင်းကို ဆိုင်းငံ့လျက် ရပ်၍ စောင့်နေပါသည်။ ရက်ကန်းသည် အမျိုးသမီးငယ်သည်လည်း သာမဏေငယ်ကို ကောင်းကင်ခရီးဖြင့် သွားသည်ကိုငဲ့ နောက်ထပ်တဖန် ပြန်လာ၍ တည်နေသည်ကိုငဲ့ မြင်၍—

သေ-သော၊ ဤသာမဏေငယ်သည်။ အဒ္ဓါ၊ မချုတ်ကေန် အမှန် စင်စစ်။ မံ၊ ငါ့ကို။ နိဿာယ။ အမှီပြု၍။ ဥက္ကဏ္ဌိတော၊ ပျင်းရိ၍နေခဲ့ လေပြီ။ ဣတိ၊ ဤသို့။ ဥ တ္ဝာ၊ သိ၍။ သာမဏေရ၊ ကိုရင်။ ပဋိက္ကမ၊ နောက်သို့ ဆုတ်ပေးပါဦးလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ထိုသာမဏေငယ်သည်လည်း နောက်သို့ အနည်းငယ် ဆုတ်၍ ပေးလိုက်ပါသည်။ အမျိုးသမီးငယ်သည်လည်း ရေကန်မှ တက်၍ အဝတ်ပိုင်းကို ဝတ်၍ ထိုသာမဏေငယ်သို့ ချဉ်းကပ်၍——

ဘန္တေ၊ အို အရှင်ဘုရား....။ ကိံ၊ အသို့နည်း။ ဣဒါ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်ပါသည်။

အမျိုးမျိုး ငြင်းပယ်သော်လည်း

ကိုရင်က ထိုအကြောင်းကိုပြောပြပါသည်။ ရက်ကန်းသည် အမျိုးသမီးငယ်မက များစွာသော အကြောင်းဘို့ဖြင့် အိမ်ရာ တည်ထောင် လုပ်ဘောင်၌ အပြစ်များသည်၏ အဖြစ်ကိုငဲ့ သာသနာတော်၌ များစွာသော အကျိုး အာနိသံသ ရှိသည်ကို ငဲ့ ပြသ၍ ဆုံးမပါသော်လည်း ထိုကိုရင်ငယ်၏ ပျင်းရိသည်၏အဖြစ်ကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍—

အယံ၊ ဤကိုယ်ရင်ငယ်သည်။ မမ၊ ငါ၏။ ဟာဂုဏာ၊ အကြောင်းကြောင့်။ ဧဝရူပါယ၊ ဤသို့ သဘောရှိသော။ ဣဒ္ဓိယာ၊ တန်ခိုးမှ၊ ပရိဟီနော၊ ဆုတ်ယုတ်ခဲ့ရရှာလေ၏။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ပရိစ္စဇိတုံ၊ စွန့်ပယ်ခြင်းငှါ။ န ယုတ္တံ၊ မသင့်။ ဣတိ၊ ဤသို့ ကြံစည်၍။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ တိဋ္ဌ၊ ရပ်တည်ရစ်ပါဦးလော့။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ဃရံ၊အိမ်သို့။ ဂန္ဆာ၊သွား၍။ မာတာပိတူနံ၊ မိဘနှစ်ပါးတို့အား။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ပြောကြားလေ၏။

အိမ်သို့ခေါ်ခဲ့၍ သမီးနှင့်ပေးစားရခြင်း

ထိုမိဘနှစ်ပါးတို့သည်လည်း လိုက်လာကြကုန်၍ အထူးထူး အပြားပြား အခြင်းအရာအားဖြင့် ဆိုဆုံးမကြကုန်လျက် စကားကို မလိုက်နာယူသည်ရှိသော် ဤသို့ ပြောကြားကြပါကုန်သည်။

တုံ့ အမေ့ ဥစ္စာကုလာတိ သလ္လက္ခေသိ။

တုံ့၊ အရှင်ဘုရား သာမဏေငယ်သည်။ အမေ့၊ တပည့်တော်တို့ကို။ ဥစ္စာကုလာတိ၊ မြတ်သော အမျိုးတို့ ဟူ၍။ သလ္လက္ခေသိ၊ မှတ်ယူပါသလော။ မယံ၊ တပည့်တော်တို့သည်။ ပေသကာရာ။ ရက်ကန်းရက်မှ စားရသော ရက်ကန်းသည်မျိုး ဖြစ်ကြပါကုန်သည်။ ပေသကာရကမ်မံ၊ ရက်ကန်းသည် အလုပ်ကို။ ကာတုံ၊ ပြုလုပ်ခြင်းငှါ။ တုံ့၊ သင်သာမဏေသည်။ သက္ခိဿသိ၊ စွမ်းနိုင်ပါမည်လော။ ဣတိ၊ ဤသို့။ အာဟံသု၊ ပြောကြားကြပါကုန်သည်။

ရှင်သာမဏေငယ်က ပြောဆိုသည်မှာ—

ဥပါသက၊ ဒါယကာကြီး....။ ဂိဟိဘူတော နာမ၊ လူဖြစ်၍ လာသော သူမည်သည်။ ပေသကာရကမ်မံ ဝါ၊ရက်ကန်းသည် အမှုကိုသော်၎င်း။ နဠကာရကမ်မံဝါ၊ ကျူးထရံသည်၏ အမှုကို သော်၎င်း။ ကရေယျ၊ ပြုလုပ်ရာ၏။ ဣမိနာ၊ ဤလုပ်ငန်းဖြင့်။ ကိံ၊ အဘယ်မူအံ့နည်း။ သာဋကမတ္တော၊ အဝတ်ပိုင်းမျှ၌။လောဘံ၊ နှစ်မြောခြင်းလောဘကို။ မာ ကရောထ၊ပြု၍ မနေကြပါကုန်လင့်။

ရက်ကန်းအလုပ်ဖြင့်

ဤသို့ သာမဏေငယ်က ပြန်၍ ပြောကြားပါသည်။ ရက်ကန်းသည် ဥပါသကာ ဒါယကာကြီးသည် ရင်၌ လှုံ့မ်း၍ ဖွဲ့ထားသော ပုဆိုးကို ပေး၍ အိမ်သို့ ကိုရင်ကို ခေါ်ဆောင်၍ သမီးကို ဆောက်နှင်းပေးစားလိုက်ပါသည်။

ထိုသာမဏေ လူထွက်သည် ရက်ကန်းသည်တို့၏ လုပ်ငန်းကို သင်ယူ၍ ရက်ကန်းသည်တို့နှင့် အတူတကွ ရက်ကန်းရက်ရာ အဆောက်အဦကြီး၌ အမှုလုပ်ငန်းကို ပြုလုပ်ရပါသည်။ တပါးကုန်သော သူတို့၏ အိမ့်ရှင်မတို့သည် စောစောကပင်လျှင် ထမင်းချက်ပြုတ်ပြည့်စုံစေပြီး၍ ဆောင်ယူခဲ့ကြပါကုန်သည်။ ထိုသာမဏေလူထွက်၏ အိမ့်ရှင်မသည် မရောက်လာသေးပါ။ တပါး

ကုန်သော ရက်ကန်းသည် ယောကျ်ားတို့သည် ရက်ကန်းရက်သော လုပ်ငန်းကို စွန့်လွှတ်၍ စားကြသောက်ကြကုန်သည်ရှိသော် ထိုသာမဏေလူထွက်သည် ယောက်လုံးကို ရစ်လျက် ထိုင်နေပါသည်။ ထိုသာမဏေ လူထွက်၏ အိမ့်ရှင်မသည် နောက်မှ ရောက်လာပါသည်။ ထိုအခါ၌ ထိုနောက်မှ ထမင်းပို့လာသော အိမ့်ရှင်မကို ထိုသာမဏေ လူထွက်က——

အတိစိရေန၊ အလွန်ကြာမြင့်မှ။ အာဂတာ၊ လာသည်။ အသိ၊ ဖြစ်လေတော့သလော။ ဣတိ၊ ဤသို့။ တဇ္ဇေသိ၊ ခြိမ်းချောက်လေသည်။ မာတုဂါမော စ နာမ၊ မာတုဂါမမည်သည်ကား——စက္ကဝတ္တိရာဇာနံ အပိ၊ စကြာမင်းကိုသော်လည်း။ အတ္တာနိ၊မိမိ၌။ ပဋိဗဒ္ဓစိတ္တံ၊ ငြိကပ်တွယ်တာ၍ နေသောစိတ်ကို။ ဥ တ္ဒာ၊ သို၍။ ဒါသံ ဝိယ၊ ကျွန်ကိုကဲ့သို့။ သလ္လက္ခေတိ၊ မှတ်သားတတ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုရက်ကန်းသည်မသည်။ ဧဝံ၊ ဤသို့။ အာဟ၊ ပြောကြားပါသည်။ အညေသံ၊ တပါးကုန်သောသူတို့၏။ ဃရေ၊ အိမ်၌။ ဒါနူပဇ္ဈာလောဏာဒီနိ၊ ထင်းဟင်းရှက် ဆား အစရှိသည်တို့ကို။ သန္ဓိဟိတာနိ၊ အလွယ်တကူ သိုမှီးသိမ်းဆည်းပြီးသားရှိကြပါကုန်၏။ ဗဟိ-ရတော၊ အပြင်ဘက်မှ။ အာဟာရိတ္ထာ၊ ဆောင်၍။ ဒါယကာ၊ ပေးတတ်ကုန်သော။ ပေသကာရကာပိ၊ ရက်ကန်းသည်တို့သည်လည်း။ အတ္ထိ၊ ရှိကြပါကုန်၏။ အဟံ ပန၊ ငါသည်မူကား။ ကေကာ၊ တယောက်ထည်းပင် ဖြစ်ပါသည်။ တုမှိ၊ သင်သည်လည်း။ မယှံ၊ ငါ၏။ ဃရေ၊ အိမ်၌၊ ဣဒံ၊ ဤပစ္စည်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤပစ္စည်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ နဇာနာသိ၊ အိမ်ရှိတာ မရှိတာ လူမှုရေးရာ မသိပါ။ သစေ ဣစ္ဆသိ၊ အကယ်၍ အလိုရှိငြားအံ့။ ဘုဥ္ဇ၊ စားပါလော့။ နော စေ ဣစ္ဆသိ၊ အကယ်၍ အလိုမရှိခဲ့မူကား။ မာ ဘုဥ္ဇ၊ မစားပါလင့်။

မျက်လုံးမှန်သွားခြင်း

ဤသို့ ရက်ကန်းသည် အိမ်ရှင်မက ပြောကြားပါသည်။ ထိုအခါ သက်သက် နေကြီးမြင့်မှ ထမင်းကိုလည်း ယူခဲ့လေသေးရဲ့။ စကားဖြင့်လည်း ငါ့ကို နှိပ်စက်လေသေးရဲ့ ဟု အမျက်ထွက်သည် ဖြစ်၍ တပါးသော ပုတ်ခတ်စရာလက်နက်ကို မတွေ့မမြင်ရသည်ဖြစ်၍ ရက်ဖောက်အိမ် တုတ်တံကို ရက်ဖောက်မှ ခွတ်၍ ပစ်လိုက်ပါသည်။ ထိုသူငယ်မသည် ထိုရက်ဖောက်တံလာသည်ကို မြင်၍ အနည်းငယ် လှည့်လိုက်လေသည်။ ရက်ဖောက်တံ၏ အဖျားကား

အလွန်ထက်မြက်၏၊ ထိုရက်ဖောက်တံ အဖျားသည် လှည့်လိုက်သော ရက်ကန်းသည် မ မျက်စိအိမ်ထောင့်၌ ဝင်၍ စူးနေလေသည်။ ထိုရက်ကန်းသည်မသည် လက်နှစ်ဖက်တို့ဖြင့် လျင်မြန်စွာ မျက်စိကို အုပ်ကိုင်လိုက်လေသည်။ ရက်ဖောက်တံ စူးသော နေရာမှ သွေးတို့သည် ယိုစီးလေတော့သည်။

ဆရာ့စကား ပြေး၍သတိရခြင်း

ထိုသာမဏေလူထွက်သည် ထိုခဏ၌ပင်လျှင် ဥပဇ္ဈာယ်ဆရာ၏ စကားကို အစဉ်အောက်မေ့မိပါသည်။

ကွဒံ၊ ဤအဖြစ်အပျက်ကို။ သန္ဓောယ၊ ရည်ရွယ်၍။ မံ၊ ငါ့ကို။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အနာဂတေ ကာလေ၊ နောက်အခါကာလ၌။ ကာဏပေသကာရိယာ၊ ကန်းသော ရက်ကန်းသည်မ၏။ ဟတ္ထေန၊ လက်ဖြင့်။ မဒ္ဒိတံ၊ နယ်အပ်သော။ ကဉ္ဇိယံ၊ ပအုံးရည်ကို။ ပိဝိဿတိ၊ သောက်ရလတ္တံ့။ ကွတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူခဲ့ပေသည်။ ကွဒံ၊ ဤအဖြစ်အပျက်ကို။ ထေရေန၊ မထေရ်သည်။ ဒိဋ္ဌံ၊ မြင်အပ်သည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်လတ္တံ့။ အယျော၊ ငါ၏ဆရာ ဥပဇ္ဈာယ်သည်။ အဟော ဒီဃဒဿီ၊ ဩဇာ အရှည်ကို လှမ်း၍ မြင်တော်မူစွမ်းနိုင်ပါပေစွတကား။ ကွတိ၊ ဤသို့။ မဟာသဒ္ဒေန၊ ကျယ်သော အသံဖြင့်။ ရောဒိတုံ၊ ငိုကြွေးခြင်းငှါ။ အာရဘိ၊ အားထုတ်လေပြီ။ တမေနံ၊ ထိုအမျိုးကောင်းသားကို။ အညေ၊ တပါးသော သူတို့သည်။ “အာဝုသော၊မိတ်ဆွေ။ အလံ၊မသင့်။ မာ ရောဒိ၊မငိုကြွေးပါလင့်။ အက္ခိနာမ၊ မျက်စိမည်သည်။ ဘိန္နံ၊ ပျက်စီးလေသည်ကို။ ရောဒနေန၊ ငိုကြွေးမြည်တမ်းခြင်းဖြင့်။ ပဋိပါကတိကံ၊ ပြကတော့ အလားရှိသည်ကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။” ကွတိ၊ ဤသို့။ အာဟံသု၊ ပြောဆိုကြကုန်၏။ သော၊ ထိုအမျိုးကောင်းသားသည်။ “အဟံ၊ ငါသည်။ ဧတမတ္ထံ၊ ဤအကြောင်းအရာကို။ မာ ရောဒါမိ၊ မငိုကြွေးပါ။ အပိစ၊ စင်စစ်တမူကား။ ကွဒံ၊ ဤအဖြစ်အပျက်ကို။ သန္ဓောယ၊ ရည်ရွယ်၍။ ရောဒါမိ၊ ငိုကြွေးပါ၏။ ကွတိ၊ ဤသို့။ သဗ္ဗံ ပဇတ္တိံ၊အလုံးစုံသော အကြောင်းအရာကို။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ကထေသိ၊ ပြောဆိုလေပြီ။

ဤသို့ ဖြစ်ပြီးသော သမထဝိပဿနာသည် ချုပ်ပျောက်ခဲ့သည်ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြပါသည်ဘုရား။

သမ္မပ္ပဓာနဝိဘင်္ဂ ပြီး၏။

၁၆-ဉာဏစိဘက်

၁၀-ဒသကနိဒ္ဒေသဝဏ္ဏနာ

ကေသာ လောကဓာတုယာ အဖွင့်

အဌာနမေတံ အနဝကာသော ယံ ကေသာ လောကဓာတုယာ ဒ္ဒေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတိတိ ပဇာနာတိ။

ယံ-ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ ယံ-ယေန သကာသေန၊ အကြင် အခွင့်ကြောင့်။ ကေသာ လောကဓာတုယာ၊ တခုသော လောကဓာတ်၌။ ဒ္ဒေ၊ နှစ်ဆူးကုန်သော။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။သမ္မာသမ္ဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့သည်။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဥပပဇ္ဇေယျုံ၊ ပဋိသန္ဓေတော်မူကြကုန်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။အဌာနံ၊အကြောင်းမဟုတ်။ ဧသော-သကာသော၊ ဤအခွင့်အရေးသည်။ အနဝကာသော။ အခွင့်အရေးမဟုတ်။ဣတိ၊ ဤသို့။ ဧတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤသို့။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပဇာနာတိ၊ အပြားအားဖြင့် ပိုင်းခြား၍ သိတော်မူနိုင်ပေ၏။

လောကဓာတ်သုံးမျိုး

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်၌ ဧကိသာ လောကဓာတုယာ-ဟူသော ပါဠိတော်၏ အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ဧကိသာ လောကဓာတုယာ-စသည်ဖြင့် မိန့်တော်မူပါသည်။

တသောင်းသော လောကဓာတ်ကို လောကဓေတ် တခု ဟု ဆိုပါသည်။ မှန်ပါ၏။ ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်-ဟူ၍ ခေတ်တို့သည် သုံးမျိုး သုံးစားတို့ ရှိကြပါကုန်သည်။

ထိုသုံးမျိုးတို့တွင် တသောင်းသော လောကဓာတ်သည် ဇာတိခေတ်မည်ပါသည်။ မှန်လှပါ၏။ ထိုတသောင်းသော လောကဓာတ်သည် မြတ်စွာ

ဘုရား၏ မယ်တော်ဝမ်းသို့ သက်ရောက်တော်မူသော အခါကာလ၌ဌင်း မယ်တော်ဝမ်းမှ ဖွားမြင်တော်မူသောအခါကာလ၌ဌင်းသစ္စာလေးပါးတရားကို သိမြင်တော်မူသော အခါကာလ၌ဌင်း ဓမ္မစကြာတရားကို ဟောကြားတော်မူသော အခါကာလ၌ဌင်း အာယုသင်္ခါရကို လွှတ်တော်မူသော အခါကာလ၌ဌင်း ပရိနိဗ္ဗာန် စံယူတော်မူသော အခါကာလ၌ဌင်း တုန်လှုပ်ပါသည်။

စကြဝဠာ ကုဋေတသိန်းသည် အာဏာခေတ် မည်ပါသည်။ အာဠာနာဠိယ ပရိတ်, မောရပရိတ်,ဇေဂ္ဂပရိတ်,ရတနပရိတ်-အစရှိသည်တို့၏ အာဏာသည် ဤစကြဝဠာကုဋေတသိန်း အုပ်ဌင်း၌ ဖြစ်ပါသည်။

ဝိသယခေတ်၏ အတိုင်းအရှည်ပမာဏသည်ကား မရှိဖြစ်ပါတော့သည်။ မှန်လှပါ၏။ ဘုရားရှင်တို့၏ သိသောဉာဏ်သည် အကြင်မျှလောက်သော အတိုင်းအရှည်ရှိ၏။ သိအပ်သော ဥယျဓံတရားသည်လည်း ထိုမျှလောက်သော အတိုင်းအရှည်ရှိ၏။ သိအပ်သော ဥယျဓံတရားသည် အကြင်မျှလောက် အတိုင်းအရှည်ရှိ၏။ဘုရားသခင်တို့၏ ဉာဏ်တော်သည်လည်း ထိုမျှလောက် အတိုင်းအရှည်ရှိ၏။ သိအပ်သော ဥယျဓံ တရားသည် သိတတ်သော ဉာဏ်လျှင် အပိုင်းအခြားရှိ၏။ သိတတ်သောဉာဏ်တော်သည် သိအပ်သော ဥယျဓံ တရားလျှင် အဆုံး အပိုင်းအခြားရှိ၏။ဤသို့ ဟောတော်မူသောကြောင့် အဆုံးအပိုင်းအခြား မရှိ ဖြစ်ပါသည်ဘုရား။

စကြဝဠာတပါး၌ ဘုရားမပွင့်

ထိုမှတပါး ဤသုံးပါးကုန်သော ခေတ်တို့တွင် ဤစကြဝဠာကို ချန်ထား၍ တပါးသော စကြဝဠာ၌ ဘုရားရှင်တို့ ပွင့်ကုန်သည် ဟူသော သုတ္တန်ပါဠိတော် မရှိ ဖြစ်ပါသည်။ ပွင့်တော်မမူကြကုန် ဟူသော သုတ္တန်ပါဠိတော်ကား ရှိပါ၏။သုံးပုံသော ပိဋကတ်တို့သည် ဝိနယပိဋက,သုတ္တန္တပိဋက,အဘိဓမ္မပိဋက ဟူ၍ ဖြစ်ကြပါကုန်သည်။ သုံးပါးကုန်သော သဒ္ဒီတိတို့သည် မဟာကဿပမထေရ်၏ သဒ္ဒီတိ, အရှင်ယသမထေရ်၏ သဒ္ဒီတိ, အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်၏ သဒ္ဒီတိ, ဤသုံးမျိုးတို့ ဖြစ်ကြပါကုန်သည်။ ဤသုံးပါးကုန်သော သဒ္ဒီတိတို့ကို မြတ်စွာဘုရား၏ စကားတော်ဟု ဆိုအပ်သော ပိဋကတ်သုံးပုံကို သံဂါယနာတင်အပ်သည်ရှိသော် ဤစကြဝဠာကို လွှတ်ထား၍ တပါးသော စကြဝဠာ၌ ဘုရားရှင်တို့သည် ပွင့်တော်မူကုန်၏ ဟူ၍ သုတ္တန်ပါဠိ

မရှိဖြစ်ပါသည်။ပဋ္ဌာတော်မမူကြကုန်သော ဟူသော သုတ္တန်ပါဠိသာ ရှိပါသည် ဘုရား။

အပုဗ္ဗံ အစရိမံ

အပုဗ္ဗံ အစရိမံ-ဟူသော ပါဠိတော်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည် အပုဗ္ဗံ အစရိမံ-စသည်ကို မိန့်ပါသည် ဘုရား။

အပုရေ၊ ရှေ့မဟုတ်သည်၌။ အပစ္ဆာ၊နောက်မဟုတ်သည်၌။ ကေတော၊ တပြိုင်နက်တည်း။ နုပ္ပဇ္ဇန္တိ၊ ပဋ္ဌာတော်မမူကြကုန်။ ရှေ့၌သော်၎င်း နောက်၌သော်၎င်း ပဋ္ဌာတော်မူကြကုန်၏ ဟု ဆိုလိုပါသည်။

ထိုစကားရပ်၌ ဗောဓိပလ္လင်၌ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော ဗောဓိသို့ မရောက်မူ၍ ငါသည် နေရာမှ မထတော့အံ့ ဟု ထိုင်နေတော်မူသော အခါကာလမှစ၍ မယ်တော်ဝမ်းသို့ ပဋိသန္ဓေ ကိန်းယူနေသော ကာလတိုင်အောင် ရှိပါ၏။ ထိုကာလတိုင်အောင် ရှေ့ဟူ၍ မသိအပ်ပါ။ မှန်လှ၏။ ဘုရားအလောင်းဘော်၏ ပဋိသန္ဓေ ယူသော ခဏ၌ တသောင်းသော စက္ကဝဠာ၏ တုန်လှုပ်ခြင်းဖြင့် ခေတ်ကို သိမ်းဆည်း၍ ထားအပ်ပါသည်။ တပါးသော ဘုရားရှင်၏ ပဋ္ဌာတော်မူခြင်းကို တားမြစ်၍ ထားအပ်ပါသည်။ပရိနိဗ္ဗာန် စံယူတော်မူသော အခါကာလမှ စ၍ မုန်ညင်းစေ့မျှလောက်သော ဓာတ်တော်တို့သည် တည်ရှိ၍ နေကြပါကုန်၏။ ထိုသို့ တည်ရှိ၍ နေသမျှ ကာလပတ်လုံး နောက်ဟူ၍မသိအပ်ပါ။ မှန်လှ၏၊ ဘုရားရှင်တို့၏ သရီရဓာတ်တော်တို့သည် တည်ရှိ၍ နေကြကုန်သည်ရှိသော် ဘုရားရှင်တို့သည် တည်ရှိ၍ နေကြကုန်သည်သာလျှင်တည်း။ ထို့ကြောင့် ဤကာလအတောအတွင်း၌ တပါးသော ဘုရားရှင်၏ ပဋ္ဌာတော်မူခြင်းကို တားမြစ်အပ်သည် ဖြစ်ပါသည်။ ဓာတုပရိနိဗ္ဗာန် စံယူတော်မူသော ကာလဖြစ်လတ်သည်ရှိသော် တပါးသော ဘုရားရှင်၏ ပဋ္ဌာပေါ်တော်မူခြင်းကို မတားမြစ်အပ်ပါ။

သာသနာသုံးရပ် ကွယ်ပခြင်း

မှန်လှ၏၊ ကွယ်ပျောက်ခြင်းတို့သည်လည်း ပရိယတ္တိ အန္တရဓာန, ပဋိပတ္တိ ဝေဓ အန္တရဓာန, ပဋိပတ္တိ အန္တရဓာန-ဟူ၍ သုံးမျိုးသုံးစားတို့ ရှိပါကုန်သည်

ဘုရား။ ထိုသုံးမျိုးတို့တွင် သုံးပုံကုန်သော ပိဋကတ်တို့သည် ပရိယတ္တိ မည်ပါသည်။ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းသည် ပဋိဝေဓ မည်ပါသည်။ သစ္စာလေးပါးတရားကို သိအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းသည် ပဋိပတ္တိ မည်ပါသည်။

ပဋိဝေဓနှင့်ပဋိပတ္တိ တခါတရံမရှိ

ထိုသုံးမျိုးတို့တွင် ပဋိဝေဓတရားသည်၎င်း ပဋိပတ္တိတရားသည်၎င်း ရှိသည်လည်း ဖြစ်တတ်ပါသည်၊ မရှိသည်လည်း ဖြစ်တတ်ပါသည်။ မှန်လှ၏၊ တပါးသောကာလ၌ ပဋိဝေဓသိတော်မူကြကုန်သော ရဟန်းတော်တို့သည် များပြားကြ ကုန်သည် သာလျှင်တည်း။ ဤရဟန်းသည် ပုထုဇဉ်တည်းဟူ၍ လက်ညှိုးညွှန်၍ ပြ အပ်သော အဖြစ်ပင် ရှိပါသည်။ ဤသီဟိုဠ်ကျွန်း၌ပင်လျှင် တကြိမ်တခါက ပုထုဇဉ်ရဟန်းမည်သည် မရှိဟူ၍ ဖြစ်ခဲ့ဘူးပါသည်။ပဋိပတ္တိကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ရဟန်းတို့သည်လည်း တခါတရံ၌ များကြပါကုန်သည်။ တခါတရံ၌ မရှိ၊ ရှားပါးကြပါကုန်သည်။ ဤသို့လျှင် ပဋိဝေဓသည်၎င်း ပဋိပတ္တိသည်၎င်း မရှိဘဲလည်း ဖြစ်တတ်ပါသည်၊ ရှိလည်း ရှိတတ်သည်။

ပရိယတ္တိသည် သာသနာတည်ကြောင်း

သို့ရာတွင် သာသနာတော်တည်ခြင်း၏ အကြောင်းသည် ပရိယတ္တိပင် ဖြစ်ပါတော့သည်။ မှန်လှ၏၊ ပညာရှိသော ပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံကို သင်ကြားနာယူပြီး၍ နှစ်ပါးကုန်သော ပဋိဝေဓ, ပဋိပတ္တိတို့ကို ဖြည့်ကျင့်နိုင်ပါသည်။ ဘုရားတပည့်တော်တို့၏ အလောင်းတော်မြတ်သည် အာဠာဝရသေ့၏ အထံ၌ အဘိညာဉ်ငါးပါးတို့ကို၎င်း ခုနစ်ပါးကုန်သော သမာပတ်တို့ကို၎င်း ဖြစ်စေပြီး၍ နေဝသညာနာသညာယတနသမာပတ်၏ပရိကံလုပ်ငန်းကို မေးမြန်းပါသည်။ ထိုအာဠာဝရရသေ့သည် ငါမသိဟူ၍ ဝန်ခံပါသည်။ ထို့နောက်မှ ဥဒက ရသေ့၏ အထံသို့သွား၍ ရအပ် သိအပ်ပြီးသော တရားကို နှိုးနှောတိုင်ပင်ပြီး၍ နေဝသညာနာသညာယတန သမာပတ်၏ ပရိကံ လုပ်ငန်းကို မေးမြန်းပါသည်။ ထိုဥဒကရသေ့သည် နေဝသညာ နာသညာယတန သမာပတ် လုပ်ငန်း ပရိကံကို ပြောကြားပါသည်။ ထိုပြောကြားသော စကား၏ အခြားမဲ့၌သာလျှင် အလောင်းတော်မြတ်သည် နေဝသညာနာသညာယ

တန သမာပတ်ကို ပြည့်စုံစေဘိသကဲ့သို့ ထို့အတူပင် ပညာရှိသော ရဟန်းသည် ပရိယတ္တိကို သင်ကြားနာယူပြီး၍ ပဋိဝေဓ, ပဋိပတ္တိဟု ဆိုအပ်သော အကျင့်နှစ်ပါးတို့ကို ဖြည့်ဆည်းပူးနိုင်ပါသည်။ ထို့ကြောင့် ပရိယတ္တိသည် သာသနာတော် တည်ခြင်း၏ အကြောင်း ဖြစ်သည်၊ ပရိယတ္တိတည်သည် ရှိသော် သာသနာတော်သည် တည်ပါသည်။

အဘိဓမ္မာကစ၍ ကွယ်ပခြင်း

အကြင်အခါ၌ ထိုပရိယတ္တိလုပ်ငန်းသည် ကွယ်ပျောက်၍ သွား၏။ ထိုအခါ ရှေးဦးစွာ အဘိဓမ္မာပိဋကတ်သည်ကွယ်ပျောက်တတ်ပါသည် ဘုရား။ ထိုအဘိဓမ္မာပိဋကတ်တွင်လည်း အလုံးစုံတို့၏ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီးသည် ကွယ်ပျောက်တတ်ပါသည်။ အစဉ်အားဖြင့် ဓမ္မသင်္ဂဏီ- အစရှိသော ကျမ်းများ နောက်၌ ကွယ်ပျောက်တတ်ပါသည်။ ထိုအဘိဓမ္မာ ဒေသနာတော် ကွယ်ပျောက်၍ သွားသည်ရှိသော် တပါးကုန်သော သုတ္တန်, ဝိနည်းပိဋကတ်တို့တည် ရှိကြကုန်သည် ရှိသော် သာသနာတော်ကြီး ရှိသေးသည်သာလျှင် တည်း။

သုတ္တန်ပိဋကတ် ကွယ်ပပုံ

ထိုသုတ္တန်, ဝိနည်း, ပိဋကတ်ဘို့ဘွင်လည်း သုတ္တန်ပိဋကတ်သည် ကွယ်ပျောက်သည်ရှိသော် ရှေးဦးစွာ အင်္ဂုတ္တရနိကာယ် ကွယ်ပျောက်တတ်ပါသည်။ ဧကာဒသကမ္မ စ၍ ဧကကတိုင်အောင် ကွယ်ပျောက်တတ်ပါသည်။

ထိုအင်္ဂုတ္တရနိကာယ်၏ အခြားမဲ့၌ သံယုတ္တနိကာယ် ကွယ်ပျောက်တတ်ပါသည်။ သံယုတ္တနိကာယ် ကွယ်ပျောက်ရာ၌လည်း စက္ကပေယျာလမှစ၍ သြဃတရဏတိုင်အောင် ကွယ်ပျောက်တတ်ပါသည်။

ထို၏အခြားမဲ့၌ မဇ္ဈိမနိကာယ် ကွယ်ပျောက်တတ်ပါသည်။ ထိုမဇ္ဈိမနိကာယ်ကွယ်ပျောက်ရာ၌လည်း ကုန္ဒြိယဘာဝနာသုတ်မှ စ၍ မူလပရိယာယသုတ်တိုင်အောင် ကွယ်ပျောက်တတ်ပါသည်။

ထိုမဇ္ဈိမနိကာယ်၏ အခြားမဲ့၌ ဒီဃနိကာယ် ကွယ်ပျောက်တတ်ပါသည်၊ ဒီဃနိကာယ် ကွယ်ပျောက်ရာ၌လည်း ဒသုတ္တရ သုတ်မှစ၍ ပြဟ္မဇာလသုတ်တိုင်အောင် ကွယ်ပျောက်တတ်ပါသည်။

တခုသော ဂါထာ၏ဂုဏ်း နှစ်ခုကုန်သောဂါထာတို့၏ဂုဏ်း အမေးပုစ္ဆာသည် အဓွန့်ကာလရှည်လျားစွာ တည်ရှိသွားတတ်ပါသည်။သာသနာတော်ကို တည်တံ့ခြင်းငှါ သဘိယပုစ္ဆာကဲ့သို့ဂုဏ်း အာဠဝကပုစ္ဆာကဲ့သို့ဂုဏ်း မစ္ဆမ်းနိုင်ပါ။ ထိုအမေးပုစ္ဆာတို့သည်ကား ကဿပမြတ်စွာဘုရား လက်ထက်တော်မှစ၍ ဂေါတမမြတ်စွာဘုရား၏ သာသနာအကြားကာလ၌ သာသနာကိုတည်တံ့စေခြင်းငှါ မစ္ဆမ်းနိုင်ကြပါကုန်ဘုရား။

ဝိနည်းပိဋကတ် ကွယ်ပပုံ

နှစ်ပါးကုန်သော အဘိဓမ္မာပိဋကတ်သုတ္တန်ပိဋကတို့သည် ကွယ်ပျောက်၍ သွားကြကုန်သော်လည်း ဝိနည်းပိဋကတ်သည် တည်ရှိ၍ နေခဲ့မူ သာသနာတော်သည် တည်ရှိသေးပါသည်ဘုရား။ ပရိဝါရ,ခန္ဓကတို့သည် ကွယ်ပျောက်၍ သွားကုန်သည်ရှိသော် ဥဘတော ဝိဘင်းသည် တည်ရှိသေးသည်ရှိသော် သာသနာတော်သည် တည်ရှိပါသေးသည်ဘုရား။ ဥဘတော ဝိဘင်းသည် ကွယ်ပျောက်သည်ရှိသော် ဘိက္ခု, ဘိက္ခုနီဟု ဆိုအပ်သော ဒွေမာတိကာတည်ရှိပါလျှင်လည်း သာသနာတော်သည် တည်ရှိပါသေးသည်။ဒွေမာတိကာကွယ်ပျောက်သည်ရှိသော် ပါတိမောက် ရဟန်း ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် တည်ရှိကြကုန်သေးသည်ရှိသော် သာသနာတည်ရှိပါသေးသည်။ အသင် သာသနာသည်မူကား အဓွန့်ရှည်စွာတည်ရှိသွားတတ်ပါသည်။ဖြူသောအဝတ်ကို ဝတ်သောရဟန်း၏အနွယ်သည်မူကား ကဿပမြတ်စွာဘုရား၏လက်ထက်မှစ၍ သာသနာတော်ကို တည်စေခြင်းငှါ မစ္ဆမ်းနိုင်ခဲ့ပါ။ နောက်ဆုံး ဖြစ်သော ရဟန်းတော်၏ သစ္စပဋိဝေဓ အခါမှစ၍ဂုဏ်း၊ နောက်ဆုံးဖြစ်သော ရဟန်းတော်၏ သီလ ပျက်စီးခြင်းမှစ၍ဂုဏ်း၊ သာသနာတော်သည် ဆုတ်ကွယ်၍ သွားသည် မည်ပါတော့သည်။ထိုအခါမှစ၍ တပါးသောဘုရားရှင်၏ ဖြစ်ခွင့်ကို တားမြစ်မှု မရှိတော့ပါဘုရား။

ပရိနိဗ္ဗာန်စံခြင်း သုံးမျိုး

ပရိနိဗ္ဗာန်စံခြင်းတို့မည်သည် ကိလေသ ပရိနိဗ္ဗာန်စံခြင်း, ခန္ဓပရိနိဗ္ဗာန်စံခြင်း, ဓာတုပရိနိဗ္ဗာန်စံခြင်း-ဟူ၍ သုံးမျိုး သုံးစားတို့ ရှိကြပါကုန်သည်ဘုရား။

ထိုသုံးပါးတို့တွင် ကိလေသ ပရိနိဗ္ဗာန် စံတော်မူခြင်းသည် မဟာဗောဓိပင်၌ပင် ဖြစ်ခဲ့ပါသည်။ ခန္ဓပရိနိဗ္ဗာန်စံခြင်းသည် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းစုံ၌ ဖြစ်ခဲ့ပါသည်။ ဓာတုပရိနိဗ္ဗာန်စံခြင်းသည် နောင်အခါ၌ ဖြစ်ပါလိမ့်မည်ဘုရား။

ဓာတုပရိနိဗ္ဗာန် စံယူပုံ

ဆက်လက်၍ လျှောက်ထားပါဦးမည်။ သာသနာတော်၏ ဆုတ်နစ်၍ သွားသောအခါကာလ၌ ဤသီဟိုဠ်ကျွန်း၌ ဓာတ်တော်တို့သည် စုဝေး၍ မဟာစေတီတော်တို့ ကြွရောက်တော်မူကြပါကုန်လိမ့်မည်။မဟာစေတီတော်မှ နာဂဒီပကျွန်း၌ တည်ထားအပ်သော ရာဇာယတန စေတီတော်သို့ ကြွရောက်တော်မူကြပါကုန်လိမ့်မည်။ ထိုရာဇာယတနစေတီတော်မှ မဟာဗောဓိပလ္လင်သို့ ကြွရောက်တော်မူကြပါကုန်လိမ့်မည်။နဂါးဘုံမှ၎င်း နတ်ပြည် နတ်လောကမှ၎င်း ဗြဟ္မာ့ပြည်မှ၎င်း ဓာတ်တော်တို့သည် ဗောဓိပင်သို့သာလျှင် ကြွရောက်တော်မူကြပါကုန်လိမ့်မည်။မုန်ညင်းစေ့မျှဖြစ်သော ဓာတ်တော်သည် အကြားကာလ၌ ပျောက်ကွယ်ပျက်စီးခြင်းရှိလိမ့်မည် မဟုတ်ပါ။ အလုံးစုံသော ဓာတ်တော် တို့သည် မဟာဗောဓိပလ္လင်၌ အစုအရုံး ဖြစ်ကြ ကုန်၍ ရွှေတုံးကြီးကဲ့သို့ တခဲနက်ဖြစ်၍ ခြောက်သွယ်သော ရောင်ခြည်တို့ကိုလွှတ်တော်မူကြ ပါကုန်လိမ့်ဦးမည် ဘုရား။ ထိုခြောက်သွယ်သော ရောင်ခြည်တော်တို့သည် တသောင်းသောလောကဓာတ်ကို ဖြန့်၍ သွားကြပါကုန်လိမ့်မည်ဘုရား။ ထိုအခါကာလ၌ တသောင်းသော စကြဝဠာတိုက်မှ လာရောက်ကြကုန်သော နတ်တို့သည် စုဝေးပေါင်းဆုံမိကြကုန်သည် ဖြစ်၍—

အင်္ဇ သတ္ထာ ပရိနိဗ္ဗာယတိ၊ အင်္ဇ သာသနံ ဩသက္ကတိ၊ ပစ္ဆိမဒဿနံ ဒါနိ ဣဒံ အမှာကန္တိ ဒသဗလဿ ပရိနိဗ္ဗုတဒိဝသတော မဟန္တတရံ ကာရုညံ ကရိဿန္တိ။

အင်္ဇ၊ ယနေ့။ သတ္ထာ၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန် ဝင်စံ ခိုကိန်း၍ ငြိမ်းတော်မူခဲ့လေပြီ။ အင်္ဇ၊ ယနေ့။ သာသနံ၊ သာသနာတော်မြတ်သည်။ ဩသက္ကတိ၊ ဆုတ်နစ်၍ သွားလေတော့၏။ ဒါနိ-ဣဒါနိ၊ ယခုအခါကာလ၌။ အမှာကံ၊ ငါ တို့၏။ ဣဒံ-ဒဿနံ၊ ဤရောင်ခြည်တော် ဓာတ်တော်တို့ကို ဖူးရခြင်းသည်။ ပစ္ဆိမ

ဒဿနံ၊ နောက်ဆုံးဖူးရခြင်းပင် ဖြစ်ပေတော့၏။ ဣတိ၊ ဤသို့။ ဒဿဗလဿ၊ ကိုယ်တော်အား ဆယ်ပါး,ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ပရိနိဗ္ဗုတဒိဝသတော၊ပရိနိဗ္ဗာန်စံယူတော်မူသော နေ့ထက်။ မဟန္တတရံ၊ အထူးသဖြင့် သာလွန်၍ ကြီးကျယ်လှစွာသော။ ကာရဏ်၊ သနားစဖွယ်ကို။ ကရိဿန္တိ၊ ပြုကြပါကုန်လိမ့်ဦးမည်ဘုရား။ အနာဂါမိ ခီဏာသဝေ၊ အနာဂါမ်,ရဟန္တာ ပုဂ္ဂိုလ်တို့ကို။ ဌပေတွာ၊ ချန်ထား၍။ အဝသေသာ၊ ကြွင်းကျန်ကုန်သော ပုဂ္ဂိုလ်တို့သည်။ သကဘာဝေန၊ မိမိသဘောအားဖြင့်။ သန္ဓာရေတုံ၊ တည်တံ့ခြင်းငှါ။န သက္ခိဿန္တိ၊ မစွမ်းနိုင်ဘဲ ဖြစ်ကြပါကုန်လိမ့်မည် ဘုရား။

ဓာတ်တော်တို့၌ တေဇောဓာတ်သည် ထ၍ ဗြဟ္မာ့ပြည် တိုင်အောင် တက်ကြွ၍ တေဇောဓာတ် လောင်သွားပါလိမ့်မည်ဘုရား။ မုန်ညင်းစေ့မျှ ဖြစ်သော ဓာတ်တော်သည် ရှိခဲ့သည် ရှိသော် တခဲနက်သော မီးလျှံ ဖြစ်ပါလိမ့်မည်။ ဓာတ်တော်တို့သည် ကုန်ဆုံးခြင်းသို့ ရောက်ကြကုန်သည် ရှိသော် ထိုမီးလျှံသည် ပြတ်စဲ၍ သွားပါလိမ့်မည်ဘုရား။

ဤသို့ ကြီးကျယ်လှစွာသော တန်ခိုးအာနုဘော်ကို ပြတော်မူ၍ ဓာတ်တော်တို့သည် ကွယ်ပျောက်၍ သွားကြကုန်သည်ရှိသော် သာသနာတော်သည် ကွယ်ပျောက်၍ သွားသည် မည်ပါတော့သည် ဘုရား။ အကြင်မျှလောက်သော ကာလပတ်လုံး ဓာတ်တော်တို့ မကွယ်မပျောက်ကြကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး အစရိမ-နောက် ဟူ၍ မမည်ပါ။

အဘယ့်ကြောင့် တပြိုင်နက်မပင့်သနည်း

ဇဝံ၊ ဤသို့။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဥပပဇ္ဇေယျုံ၊ ဖြစ်ကြကုန်ရာ၏။ ဇေတံ ဌာနံ၊ ဤအကြောင်းသည်။နဝိဇ္ဇတိ၊ မရှိ ဟု ဖွင့်ပြပါသည်ဘုရား။

အဘယ့်ကြောင့် ဘုရားရှင်တို့သည် မရှေးမနှောင်း တပြိုင်နက်တည်း ပင့်တော်မမူကြပါကုန်သနည်း။ အံ့ဩဘွယ် မရှိသည်၏ အဖြစ်ကြောင့် ပင့်တော်မမူကြပါကုန်ဘုရား။ မှန်လှ၏။ ဘုရားရှင်တို့သည် အံ့ဘွယ်ရှိသော လူတို့ ဖြစ်ကြပါကုန်သည်။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ယထာ ကိ ံ ဝစနံ၊ အဘယ်ကဲ့သို့သော စကားကို။ အာဟ၊ ဟောတော်မူပါသနည်း။

ကေပဋ္ဌလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အစ္ဆရိယမနုဿော၊ ကတမော ကေပဋ္ဌလော တထာဂတော ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကေ၊ လောက၌။ ကေပဋ္ဌလော၊ တယောက် တည်းသော ပုဂ္ဂိုလ်သည်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သည်ရှိသော်။ အစ္ဆရိယ မနုဿော၊ အံ့ဩဘွယ်သောလူသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ကေပဋ္ဌလော၊ တယောက်တည်းသော ပုဂ္ဂိုလ်သည်။ကတမော၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသော တရားတို့ကို ဆရာမကူ အလိုလို ကိုယ်တော်တိုင် သိမြင်တော်မူသော။ တထာဂတော၊ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ငါဘုရားပင်တည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူပါသည်ဘုရား။

ပြိုင်တူပွင့်လျှင် အံ့ဩဘွယ်မရှိ

အကယ်၍ နှစ်ပါးကုန်သော ဘုရားတို့သည်၎င်း လေးပါးကုန်သော ဘုရားတို့သည်၎င်း ရှစ်ပါးကုန်သော ဘုရားတို့သည်၎င်း တဆယ့်ခြောက်ပါး ကုန်သော ဘုရားဘို့သည်၎င်း တပြိုင်နက် တကြိမ်တည်း အကယ်၍ ပွင့်ကြကုန်ငြားအံ့။ အံ့ဩဘွယ် မဖြစ်ကြပါကုန်။ မှန်လှ၏၊ တကျောင်းတိုက် တည်း၌ နှစ်ဆူကုန်သော စေတီတော်တို့အား လာဘသက္ကာရသည် မွန်မြတ် သည် ဟူ၍ မဖြစ်နိုင်ပါ။ ရဟန်းတော်တို့သည်လည်း မျှားပြားသည်၏ အဖြစ် ကြောင့် အံ့ဩဘွယ် မဖြစ်ကြပါကုန်။ ဤသို့ ဘုရားရှင်တို့သည်လည်း ဖြစ်ကြ ကုန်ရာပါသည်။ ထို့ကြောင့် တပြိုင်နက် တည်း၌ နှစ်ဆူကုန်သော ဘုရားရှင်တို့ သည် ပွင့်တော်မမူကြပါကုန်။

ဒေသနာချင်းလည်း မထူးခြားချေ

ဒေသနာတော်၏ မထူးသည်၏ အဖြစ်ကြောင့်လည်း တပြိုင်နက် တည်း ပွင့်တော်မမူကြပါကုန်။ မှန်လှ၏၊ သတိပဋ္ဌာန်စသည် အထူးအပြား ရှိသော တရားကို တပါးသော ဘုရားရှင်က ဟောတော်မူပါသည်။ တပါး

သော ဘုရားရှင်သည်လည်း ပဉ္စင်္ဂတော်မူပြီး၍ ထိုသတိပဋ္ဌာန် အစရှိသော တရားတော်ကိုသာလျှင် ဟောတော်မူသည် ဖြစ်ရပါမည်။ ထို့ကြောင့် တရားတော်၏ အံ့ဩဘွယ်မရှိ၊ ထူးသည်၏ အဖြစ်မရှိပဲ ဖြစ်ရပါသည်။ တဆူတည်းသော ဘုရားရှင်သည် တရားတော်ကို ဟောတော်မူသည်ရှိသော် ဒေသနာတော်သည်လည်း အံ့ဩဘွယ်ရာ ဖြစ်ပါသည်။

ပြိုင်ဆိုင်မှု ငြင်းခုံမှုတွေ့လည်း ပေါ်လာရာ၏

ငြင်းခုံဘွယ်ရာ ရှိသည်၏ အဖြစ်ကြောင့်လည်း တပြိုင်နက်တည်းနည်း၌ ဘုရားနှစ်ဆူတို့ ပဉ္စင်္ဂတော်မမူကြပါကုန်။ မှန်လှ၏၊ များစွာကုန်သောဘုရားရှင်တို့သည် ပဉ္စင်္ဂပေါ်တော်မူကြကုန်သည်ရှိသော် များစွာကုန်သော ဆရာတို့၏ အနီးနေ တပည့်တို့ကဲ့သို့—

အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ ပါသာဒိကော၊ ကြည်ညိုဘွယ်ရှိ၏။ အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။မဓုရဿရော၊ သာယာသော အသံရှိ၏။ လာဘီ၊ ပစ္စည်းလေးပါး ပေါများ၏။ ပုညဝါ၊ ဘုန်းရှိ၏။ ဣတိ၊ ဤသို့။ ဝိဝဒေယျုံ၊ ခိုက်ရန်ငြင်းခုံ ဖြစ်ကြကုန်ရာ၏။ တသ္မာပိ၊ ထို့ကြောင့်လည်း။ ဧဝံ၊ ဤသို့။အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဒ္ဒေ၊ နှစ်ဆူကုန်သော။ အရဟန္တော၊ ပူဇော်အထူးကို ခံယူတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ နုပဇ္ဇန္တိ၊ ပဉ္စင်္ဂတော်မမူကြကုန်-ဟူ၍ ဖွင့်ဆိုအပ်ပါသည်ဘုရား။

ဗျာနတိဘာဇ်

သုတ္တန္တဘာဇနီယ

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ။

အဘိက္ကန္တေ၊ ရွေသို့ ချီတက်ကြွလှမ်းရာ၌ဌင်း။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်လှမ်းရာ၌ဌင်း။ သမ္မဇာနကာရီ၊ ကောင်းစွာ အပြားအားဖြင့် သိခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော သမ္မဇညနိဒ္ဒေသ၌ အဘိက္ကန္တေ-အစရှိသော နိဒ္ဒေသတွင် အဘိက္ကန္တေ ပဋိက္ကန္တေ-ဟူသော ဤပါဠိကို ရှေးဦးစွာ ရွေသို့ သွားခြင်းကို အဘိက္ကန္တ-ဟူ၍ ဆိုအပ်ပါသည်။နောက်သို့ ပြန်လည် ဆုတ်နစ်ခြင်းကို ပဋိက္ကန္တ-ဟု ဆိုအပ်ပါသည်။ နှစ်ပါးစုံကိုလည်း လေးပါးကုန်သော ဣရိယာပုထ်တို့၌ ရအပ်ပါသည်။ရှေးဦးစွာ သွားရာ၌ ရွေသို့ ကိုယ်ကို ရှေးရှု၍ ဆောင်ခြင်းသည် ရွေသို့ သွားသည် မည်ပါသည်။ နောက်သို့ ကိုယ်ကို ဆုတ်နစ်ခြင်းသည် နောက်သို့ ဆုတ်သည်မည်ပါသည်။ရပ်ရာ၌လည်း ရပ်လျက်သာလျှင် ခန္ဓာကိုယ်ကို ရွေသို့ ညွတ်ကိုင်းသည်ရှိသော် ရွေသို့ ညွတ်သည် မည်ပါသည်။ နောက်သို့ ညွတ်စေသည်ရှိသော် နောက်သို့ ဆုတ်သည် မည်ပါသည်။ ထို၌ နေသော အခါကာလ၌လည်း ထို၌လျက်သာလျှင် မိမိနေရာ၏ ရွေဖြစ်သော အင်္ဂါကို ရွေသို့ ရွေ့ရှု၍ လှုပ်ရှားခြင်းသည် ရွေသို့ ညွတ်သည် မည်ပါသည်။ နောက်အရပ်ဒေသသို့ အင်္ဂါအစိတ်အပိုင်းကို တဖန် ဆောင်ခြင်းသည် နောက်သို့ ဆုတ်သည် မည်ပါသည်။ လျောင်းစက်၍ နေသော အခါကာလ၌လည်း ဤနည်းကဲ့သို့ သော နည်းပင် ရှိပါသည်။

သမ္မဇာနကာရီ အဓိပ္ပါယ်

သမ္မဇာနကာရီ ဟောတိ-ဟူသော ဤပါဠိတော် စကားရပ်၌ ကောင်းစွာအပြားအားဖြင့် သိသဖြင့် အလုံးစုံသော ကိစ္စကို ပြုလေ့ရှိသည်ဟု ဆိုလိုပါသည်။ တနည်းအားဖြင့် ကောင်းစွာ အပြားအားဖြင့် သိခြင်းကို ပြုလေ့ရှိသည် ဟု ဆိုလိုပါသည်။ အကျယ်ခဲ့၍ လျှောက်ထားပါဦးအံ့။ ထိုရဟန်းသည် ရွေသို့ သွားခြင်း အစရှိသည်တို့၌ အပြားအားဖြင့် သိမှု ဟူသော သမ္မဇညကို ပြုသည်သာလျှင်တည်း။အခြို့သော အရာဌာန၌ အပြားအားဖြင့်

သိခြင်းမှ ကင်းသည် ဖြစ်တတ်ပါသည်။ ထိုသမ္မဇညသည် အကြင့်ကြောင့် သတိနှင့် ယှဉ်သည်သာလျှင် ဖြစ်ပါ၏။ထို့ကြောင့် ထိုသတိနှင့် ယှဉ်သော သမ္မဇည၏ အကျယ်နိဒ္ဒေသ၌ —

သတော သမ္မဇာနော အဘိက္ကမတိ၊
သတော သမ္မဇာနော ပဋိက္ကမတီတိ ဝုတ္တံ။

သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္မဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိလျက်။ အဘိက္ကမတိ၊ ရှေ့သို့ တက်၏။ သတော၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍။ သမ္မဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိလျက်။ ပဋိက္ကမတိ၊ နောက်သို့ ဆုတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသည်ဘုရား။

မှန်လှပါသည်။ ဤရဟန်းသည် ရှေ့သို့ တက်သော်ငင်း နောက်သို့ ဆုတ်သော်ငင်း ကင်းလွတ်သော သတိ ရှိသည်ဖြစ်၍ အပြားအားဖြင့် သိမှု မရှိသည် ဖြစ်ခဲ့ရာ၏။ သတိနှင့် ပြည့်စုံသည်ဖြစ်၍ငင်း ပညာနှင့် ပြည့်စုံသည် ဖြစ်၍ငင်း ပညာနှင့် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ငင်း ရှေ့သို့ တက်မှုလည်း တက်ပါ၏။ နောက်သို့ ဆုတ်မှုလည်း ဆုတ်ပါ၏။ အလုံးစုံကုန်သော ရှေ့သို့ တက်ခြင်း အစရှိသည်တို့၌ လေးပါးအပြားရှိသော သမ္မဇညကို ထည့်သွင်းပါသည်။

သမ္မဇည လေးပါး

ဆက်လက်၍ လျှောက်ထားပါဦးမည်ဘုရား။ လေးပါးအပြားရှိသော သမ္မဇည ဟူသည် သာတ္ထကသမ္မဇည တပါး၊ သပ္ပါယသမ္မဇည တပါး၊ ဂေါစရသမ္မဇညတပါး၊ အသမ္မောဟသမ္မဇညတပါး ဟူ၍ သမ္မဇည လေးပါး အပြားရှိပါသည်။

သာတ္ထကသမ္မဇဉ်

ထိုလေးပါးတို့တွင် ရှေ့သို့ ကြွလှမ်းလိုသော စိတ်သည် ဖြစ်ပေါ်လတ်သည် ရှိသော် စိတ်၏ အစွမ်းဖြင့် သာလျှင် မလှမ်းမကြွမူ၍ —

ကိန္နု မေ ဗ္ဘေ ဂတေန အတ္ထော အတ္ထိ နတ္ထီဘိ အတ္ထာနတ္ထံ ပရိဂ္ဂ
ဟေတ္ဝာ အတ္ထပရိဂ္ဂဏှနံ သာတ္ထကသမ္ဗဇည်။

တ္ထေ၊ ဤသို့ ရှေသို့ သွားရာ၌။ ဂတေန၊ ကြွလှမ်းခြင်းဖြင့်။ မေ၊ ငါ့အား။ ကိန္နု၊ အသို့နည်း။ အတ္ထော၊ အကျိုးသည်။ အတ္ထိ၊ ရှိလေသလော။ နတ္ထိ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ အတ္ထာနတ္ထံ၊ အကျိုးရှိသည် မရှိသည်ကို။ ပရိဂ္ဂဟေတ္ဘာ၊သိမ်းဆည်း၍။အတ္ထပရိဂ္ဂဏှနံ၊အကျိုးကို သိမ်းဆည်းခြင်းသည်။ သာတ္ထကသမ္ဘဇည်၊ သာတ္ထကသမ္ဘဇ မည်ပါသည်။

ထိုစကားရပ်၌လည်း အကျိုးဟူသည် စေတီတော်ကို ဖူးမြင်ခြင်း ဗောဓိပင်ကို ဖူးမြင်ခြင်း သံဃာတော်မြတ်ကို ဖူးမြင်ခြင်း မထေရ်ကြီးတို့ကို ဖူးမြင်ခြင်း အသုဘလူသေကောင်ကို ရှုမြင်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် တရားအားဖြင့် တိုးပွါးမှုပင် ဖြစ်ပါသည်။ စေတီတော်ကိုလည်း ဗောဓိပင်ကိုလည်း မြင်ရသည်ဖြစ်၍ ဘုရားလျှင် အာရုံရှိသော ငါးပါးအပြားရှိသော ပီတိကိုလည်း၊ သံဃာကို ဖူးတွေ့ရခြင်းဖြင့် သံဃာလျှင် အာရုံရှိသော ငါးပါးအပြားရှိသော ပီတိကိုလည်း ဖြစ်စေ၍ ထိုပီတိကို သာလျှင် ကုန်ခန်း ပျက်စီးတတ်သော သဘောအားဖြင့် သုံးသပ်ဆင်ခြင်လျက် ရဟန္တာ အဖြစ်သို့ ရောက်တတ်ပါသည်။ မထေရ်ကြီးတို့ကို ဖူးမြင်ရသည်ဖြစ်၍ ထိုမထေရ်ကြီးတို့၏ အဆုံးအမ ဩဝါဒ၌ တည်၍ အသုဘကို တွေ့မြင်ရသည်ဖြစ်၍ ထိုအသုဘ၌ ပဌမစျာန်ကို ဖြစ်စေပြီး၍ ထိုပဌမစျာန်ကို ပင်လျှင် ကုန်ခန်းပျက်စီးတတ်သော အနေအားဖြင့် သုံးသပ်ဆင်ခြင်လျက် ရဟန္တာအဖြစ်သို့ ရောက်နိုင်ပါသည်။ ထို့ကြောင့် ထိုဆိုအပ်ခဲ့ပြီးသော စေတီအစရှိသည်တို့ကို ဖူးမြင်ရခြင်းသည် အကျိုးရှိသည်ဟု ဆိုပါသည်။

အခြို့သော ဆရာတို့သည်မူကား——

အာမိသတောပိ ဝစ္ဆို အတ္ထော ယေဝ၊ တံ နိဿာယ ဗြဟ္မစရိယာနုဂ္ဂဟာယ ပဋိပန္နတ္တာတိ ဝဒန္တိ။

အာမိသတောပိ၊ ပစ္စည်းလေးပါး အာမိသအားဖြင့်လည်း။ ဝစ္ဆို၊ကြီးပွါးခြင်းသည်။ အတ္ထောယေဝ၊ အကျိုးရှိသည် မည်သည်သာလျှင်တည်း။ တံ၊ ထိုပစ္စည်းလေးပါးကို။ နိဿာယ၊ အမှီပြု၍။ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ မြတ်သော သာသနာတော်၏ အကျင့်, မဂ်အကျင့်ကို ချီးမြှောက်ခြင်းအကျိုးငှါ။ ပဋိပန္နတ္တာ၊ ကျင့်အပ်သည်၏အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

သပ္ပါယသမ္မာဒိဋ္ဌိ

သို့ရာတွင် ထိုကဲ့သို့ သွားရာ၌ သပ္ပါယ အသပ္ပါယ ဟု ဆိုအပ်သော လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိမ်းဆည်းပြီးလျှင် လျောက်ပတ်သည်ကို သိမ်းဆည်း၍ ယူခြင်းသည် သပ္ပါယသမ္မာဒိဋ္ဌိ ဟု ဆိုပါသည်။ ဤသပ္ပါယ သမ္မာဒိဋ္ဌိသည် အဘယ်နည်း—ရှေးဦးစွာ စေတီတော်ကို ဖူးမြင်ရခြင်းသည် အကျိုးကျေးဇူးနှင့် တကွ ဖြစ်၏။ အကယ်၍ စေတီတော်အား ကြီးကျယ်လှစွာသော ပူဇော်ပဲ့ဖြင့် ဆယ်ယူဇနာ ဆယ့်နှစ်ယူဇနာ အတွင်း၌ ပရိသတ်တို့သည် စည်းဝေး၍ နေကြကုန်၏။ မိမိ၏စည်းစိမ်အား လျောက်ပတ်စွာ မာတုဂါမတို့သည်၎င်း ယောကျ်ားတို့သည်၎င်း တန်ဆာဆင်ယင်ကြကုန်သည် ဖြစ်၍ တန်ဆာဆင်ခြင်းနှင့် စပ်ကြကုန်သည်ဖြစ်၍ ဆန်းကြယ်လှစွာသော ပန်းချီဆေးရေးရုပ်တို့ကဲ့သို့ လှည့်လည်သွားလာ၍ နေကြကုန်၏။ထို ကဲ့သို့ လူစည်ကား၍ အဝတ်တန်ဆာ လှပစွာ ဆင်ယင်၍ သွားလာ၍ နေကြသော အလှန်စည်ကားသော ဘုရားပဲ့၌ ထိုရဟန်းအား ဣဋ္ဌဖြစ်သော အလိုရှိအပ် နှစ်သက်အပ်သော အာရုံမျိုး၌ လောဘဖြစ်တတ်ပါသည်။ အလိုမရှိအပ် မနှစ်သက်အပ်သော အာရုံမျိုး၌ ဒေါသဖြစ်တတ်ပါသည်။ ဣဋ္ဌ အနိဋ္ဌတို့ကို အညီအညွတ် မရှုမဆင်ခြင်ခြင်း၌ မောဟတရား ဖြစ်တတ်ပါသည်။ ကိုယ်လက်နှိုးနှောခြင်းဟု ဆိုအပ်သော ကာယသံသဂ္ဂ အာပတ်သို့ မူလည်း ရောက်တတ်ပါသည်။ မြတ်သော သာသနာတော်၏ အကျင့်တို့၏ လည်း အန္တရာယ်မူလည်း ဖြစ်တတ်ပါသည်။ ဤသို့ စည်ကား၍နေသော ထိုဌာန ထိုဘုရားပဲ့သည် မလျောက်ပတ်ပါ။ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အန္တရာယ်မရှိရာ၌ လျောက်ပတ်ပါသည်။ ဗောဓိပင်ကို ဖူးမြင်ရာ၌လည်း ဤနည်းပင်လျှင် နည်းရှိပါသည်။

သံဃာတော်ကို ဖူးမြင်ရခြင်းသည်လည်း အကျိုးကျေးဇူးနှင့်ပင် တကွ ဖြစ်ပါသည်။ အကယ်၍ ရွာတွင်း၌ ကြီးကျယ်လှစွာသော မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ အလုံးစုံသော ညဉ့်ကာလပတ်လုံး တရားနာခြင်းကို လူတို့သည် ပြုကြကုန်သည်ရှိသော် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် သာလျှင် လူဘို့၏ အစည်းအဝေးသည်လည်း ရှိ၏။ အန္တရာယ်လည်း ရှိ၏။ ဤသို့ လူတို့ ထူပြော၍ အန္တရာယ်ရှိသော ထိုအရပ်သည် မလျောက်ပတ်သော အရပ်ဌာနပင် ဖြစ်ပါသည်။ အန္တရာယ် မရှိရာ၌ လျောက်ပတ်ပါသည်။ ကြီးကျယ်လှစွာ

ဤသာသနာတော်၌ အခ္ခိုသောရဟန်းတော်သည် အသွားဌ ကမ္မဋ္ဌာန်း ဆောင်၏၊ အပြန်ဌ ကမ္မဋ္ဌာန်းမဆောင်ယူခဲ့ပါ။ အခ္ခိုသော ရဟန်းတော် သည် အသွားဌ ကမ္မဋ္ဌာန်းမဆောင်ပါ၊ အပြန်ဌ ကမ္မဋ္ဌာန်းဆောင်၍ ပြန်ခဲ့ ပါသည်။ အခ္ခိုသောရဟန်းတော်သည်ကား အသွားဌလည်း ကမ္မဋ္ဌာန်းကို မဆောင်၊ အပြန်ဌလည်း ကမ္မဋ္ဌာန်းကို မဆောင်ပါ။ အခ္ခိုသော ရဟန်းတော် သည်ကား အသွားဌ ကမ္မဋ္ဌာန်းကို ဆောင်၍ အပြန်ဌ လည်း ကမ္မဋ္ဌာန်းကိုပင် ဆောင်၍ ပြန်ခဲ့ပါသည်။

အသွားဌသာ ကမ္မဋ္ဌာန်းဆောင်သည့်ပုဂ္ဂိုလ်

ထိုဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်လေးမျိုးဘို့ဘွင် တနေ့ကာလပတ်လုံး လူးလာ တုံ့ခေါက် စက္ကြံ လျှောက်သဖြင့်၎င်း မလှုပ်မရှက် ထိုင်လျက်နေသဖြင့်၎င်း ကုသိုလ်တရား, ကမ္မဋ္ဌာန်းတရားတို့ကို တားဆီးပိတ်ပင်တတ်ကုန်သော နီဝရဏ တရားတို့မှ စိတ်ကို သုတ်သင်ရှင်းလင်း၍ ထိုနည်းအတူညွှဲ၏ ပဌမယာမ်၌၎င်း မဇ္ဈိမယာမ်၌၎င်း အိပ်ခြင်းကိုပြု၍ နောက်ဆုံးဖြစ်သော ပစ္ဆိမယာမ်၌ ထိုင်ခြင်း စက္ကြံ လျှောက်ခြင်း တို့ဖြင့် ကုန်လွန် စေပြီး၍ စောစောစီးစီးကပင်လျှင် စေတီယင်ပြင် ဗောဓိယင်ပြင် ဝတ်ကို ပြု၍ ဗောဓိပင်၌ ရေသွန်းလောင်း၍ သောက်ရေ သုံးဆောင်ရေကို တည်ထားပြီး၍ ဆရာဥပဇ္ဈာယ်ဝတ် အစရှိကုန် သော အလုံးစုံသော ခန္ဓကဝတ်တို့ကို ယူ၍ ကျင့်သုံးပါးသည်။

ထိုရဟန်းတော်သည် ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို ပြုလုပ်ပြီး၍ ကျောင်းတွင်းသို့ဝင်၍ တင်ပလ္လင် နှစ်ခွ သုံးခွတို့ကာလပတ်လုံး ကိုယ်ငွေ့ကို ယူပြီး၍ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဆွမ်းခံချိန်ရောက်သော အခါကာလ၌ ထ၍ ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်သာလျှင် သပိတ်သင်္ကန်းကို ယူ၍ ကျောင်းမှ ထွက်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျှင် စေတီယင်ပြင်သို့ သွား၍ အကယ်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်ခဲ့ငြားအံ့၊ ထိုဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဟူဆိုအပ်သောဘုရားဂုဏ်ကို အာရုံပြု၍ တဖန်တလဲလဲ နှလုံးသွင်းမှုကို မစွန့် လွှတ်မူ၍ သာလျှင် စေတီယင်ပြင်သို့ ဝင်ရောက်ပါသည်။

နှလုံးသွင်းအပ်သော အခြားတပါးသော ကမ္မဋ္ဌာန်း အကယ်၍ ဖြစ်ခဲ့ ငြားအံ့၊ စေတီယင်ပြင်သို့ မရောက်မီ စောင်းတန်းလှေကားရင်း၌ပင် ရပ်၍

လက်ဖြင့် ယူဆောင်၍ လာအပ်သော ဘဏ္ဍာပစ္စည်းကို ချထားဘိသကဲ့သို့ ထိုတပါးသော ကမ္မဋ္ဌာန်းကို ချထားခဲ့ပြီး၍ စောင်းတန်းခြေရင်းကပင်လျှင် ဘုရားလျှင် အာရုံရှိသော ပိဘိကို ယူ၍ စေတီယင်ပြင်သို့ တက်၍ ကြီးကျယ်လှစွာသော စေတီတော်ကြီး ဖြစ်ခဲ့ငြားအံ့၊ သုံးကြိမ်တိတိ လက္ခဏရစ်လှည့်သည်ကို ပြု၍ လေးပါးကုန်သော အရပ်ဋ္ဌာနတို့၌ ရှိခိုးအပ်၏။ ငယ်သော စေတီတော်ဖြစ်ခဲ့ပါမူကား ထို့အတူသာလျှင် သုံးကြိမ်တိတိ လက္ခဏရစ်လှည့်သည်ကို ပြု၍ ရှစ်ပါးကုန်သော အရပ်ဋ္ဌာနတို့၌ ရှိခိုးအပ်၏။ စေတီတော်ကို ရှိခိုးပြီး၍ ဗောဓိယင်ပြင်သို့ ရောက်သဖြင့်လည်း သက်တော်ထင်ရှား ရှိတော်မူသော ဘုန်းတော်ခြောက်ပါးအရှင်ဘုရားသခင်မျက်မှောက်ကဲ့သို့ရှိသသော အမူအရာကို ပြ၍ ဗောဓိပင်ကို ရှိခိုးအပ်ပါသည်။

ထိုရဟန်းသည် ဤသို့စေတီတော်ကိုဌင်း ဗောဓိပင်ကိုဌင်း ရှိခိုးပြီး၍ ဘဏ္ဍာကို သိုမှီးသိမ်းဆည်း၍ ထားအပ်သော အရပ်သို့ သွား၍ သိုမှီးသိမ်းဆည်းအပ်သော ဘဏ္ဍာကို လက်ဖြင့် ယူဘိသကဲ့သို့ မိမိစွန့်လွှတ်ထားခဲ့သော ကမ္မဋ္ဌာန်းကို ယူ၍ ရှာ၏အနီး၌ ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်သာလျှင် သက််န်းကို ရုံ၍ ရှာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်ရောက်ပါသည်။

ထိုအခါ၌ ထိုမထေရ်မြတ်ကို လူအပေါင်းတို့က မြင်ကြကုန်သည်ဖြစ်၍ “နော၊ ငါတို့၏။ အယျော၊ အရှင်ကောင်းသည်။ အာဂတော၊ ကြွရောက်၍လော၏။” ဤသို့ခရီးဦးကြို ဆိုကြကုန်သည်ဖြစ်၍ သပိတ်ကိုယူ၍ သီတင်းသုံးရာဖြစ်သော စရပ်၌ဌင်း အိမ်၌ဌင်း ထိုင်နေသီတင်းသုံးစေပြီး၍ ယာဂုကိုကပ်လှူပြီး၍ အကြင်မျှလောက်သော ကာလပတ်လုံး ဆွမ်းကိစ္စမပြီးဆုံးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး မထေရ်မြတ်၏ ခြေတော်တို့ကို ဆေးကြော သုတ်သင်၍ ဆီဖြင့်နယ်၍ ရှေ့၌ထိုင် ကြကုန်၍ ပြဿနာကိုမူလည်း မေးတတ်ကြကုန်၏။ တရားကိုမူလည်း နာကြားခြင်းငှါ အလိုရှိကြ ကုန်၏။ အကယ်၍ တရားဟောပါဟု မတောင်းပန်ကြစေကာမူ လူဒကာ ဒကာမတို့ကို ချီးမြှောက်ခြင်းအကျိုးငှါ တရားစကားမည်သည်ကို ဟောပြောအပ်သည်သာလျှင်တည်းဟု အဋ္ဌကထာဆရာမြတ်တို့မိန့်ဆိုတော်မူကြပါကုန်သည်။ မှန်၏။ ဓမ္မကထာဟု ဆိုအပ်သော တရားစကားကို ဟောပြောခြင်းသည် ကမ္မဋ္ဌာန်းမှလွှတ်သည်မည်သည် မရှိ။ ထို့ကြောင့် ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်

သော ပရိသတ် အခြံအရံ ရှိကုန်သော မထေရ်ကြီးတို့ကို ဖူးမျှော်ရာ၌လည်း ဤနည်းလျှင်ပင် နည်းရှိပါသည်။

အသုဘမြင်ရလျှင် သာတ္ထကပင်

အသုဘကို တွေ့မြင်ရခြင်းသည်လည်း အကျိုးကျေးဇူးနှင့်တကွပင် ဖြစ်ပါသည်။ ထိုအသုဘကို တွေ့မြင်ရခြင်း၏ အကျိုးကျေးဇူးနှင့်တကွ ဖြစ်ပုံကို ထင်ရှားစွာ ပြခြင်းအကျိုးငှါ ဤနေရာ၌ ငတ္ထုကို ဆိုအပ်ပါသည်။

ကြားရဘူးသည်ကား တပါးသော ငယ်ရွယ်သော ရဟန်းတော်သည် သာမဏေကိုခေါ်၍ ဒန်ပူအကျိုးငှါ တောသို့ သွားပါသည်။ ရှင်သာမဏေသည် လမ်းခရီးမှ ဘေးသို့ ဖဲ့၍ ရှေကသွားသည်ရှိသော် အသုဘအလောင်းကောင်ကို တွေ့မြင်ရ၍ ပဌမစျာန်ကို ဖြစ်စေပြီး ထိုပဌမစျာန်ကိုပင် အခြေခံ၍ ရုပ်နာမ်မှေ သခ်ါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု သုံးသပ်ဆင်ခြင်လျက် သုံးပါးကုန်သော သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် သောတာပတ္တိဖိုလ် အကဒါဂါမိဖိုလ် အနာဂါမိဖိုလ်တို့ကို မျက်မှောက်ပြု၍ အထက်ဖြစ်သော အရဟတ္တမဂ် အကျိုးငှါ ကမ္မဋ္ဌာန်းကို သိမ်းဆည်းပြီး ရပ်၍ နေပါသည်။

ရဟန်း ငယ်သည် ထိုသာမဏေကိုမမြင်ရသည်ဖြစ်၍ "ငါ့ရှင် သာမဏေ" ဟူ၍ အော်၍ ခေါ်လိုက်ပါသည်။ ထိုသာမဏေသည်—

> မယာ ပဗ္ဗဇိတဒိဝသတော ပဋ္ဌာယ ဘိက္ခုနော သဒ္ဒိ ဒ္ဝေကထာ နာမ နကထိတပုဗ္ဗာ၊ အညသ္မိ ဒိဝသေ ဥပရိဝိသေသံ နိဗ္ဗတ္တေသာမီတိ စိန္တေတွာ "ကိံ ဘန္တေ" တိ ပဋိဝစနံ အဒါသိ။
>
> မယာ၊ ငါသည်။ ပဗ္ဗဇိတဒိဝသတော၊ ရှင်ပြုသောနေ့မှ။ ပဋ္ဌာယ၊ အစပြုခဲ့၍ ။ ဘိက္ခုနော၊ ရဟန်းနှင့်။ သဒ္ဒိံ၊ အတူတကွ။ ဒ္ဝေကထာ နာမ၊ နှစ်ခွန်းသောစကားတို့မည်သည်ကို။ နကထိတပုဗ္ဗာ၊ မပြောအပ်ကုန်စဘူး။ အညသ္မိံ ဒိဝသေ၊ တပါးသောနေ့၌။ ဥပရိဝိသေသံ၊ အထက်မဂ် ဟုဆိုအပ်သော အရဟတ္တမဂ်ကို။ နိဗ္ဗတ္တေသာမိ၊ ဖြစ်စေအံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံစည်ပြီး၍ ။ ဘန္တေ၊ အရှင်ဘုရား....။ ကိံ၊ အဘယ်ကိစ္စပါနည်း။ ဣတိ၊ ဤသို့။ ပဋိဝစနံ၊ စကားတို့ကို။ အဒါသိ၊ပေးလေ၏။

လာခဲ့....ငါရှင်သာမဏေ ဟု ပြောဆိုအပ်သည် ရှိသော် တခွန်းတည်း သောစကားဖြင့်ပင်လျှင် လာရောက်သည်ဖြစ်၍ "အရှင်ဘုရား.... ရှေးဦးစွာ ဤခရီးဖြင့် ကြွသွားတော်မူ၍ ဘုရားတပည့်တော်သည် ရပ်တည်သောအရပ် ဌာနဌ် ခေတ္တာခဏ ရှေသို့ မျက်နှာမူ၍ ရပ်တည်ပြီး၍ ကြည့်ရှုဆင်ခြင်တော် မူကြပါကုန်ဘုရား ဟူ၍ သာမဏေငယ်က လျှောက်ထားလေသည်။ ထိုရဟန်း ငယ်သည် သာမဏော လျှောက်ထားတိုင်း ပြု၍ ထိုသာမဏေသည် ရောက်အပ်သော အနာဂါမိဖိုလ်အထူးသို့သာလျှင် ရောက်တော်မူပြန်လေ၏။ ဤသို့ တခုသော အသုဘ အလောင်းကောင်သည် နှစ်ပါးကုန်သော ရဟန်းနှင့် သာမဏေတို့၏ အကျိုးငှါ ဖြစ်ပါသည်။

ဝိသဘာဂ အာရုံချင်းမလျောက်ပတ်

ဤသို့အကျိုးရှိသည်လည်းဖြစ်သော ဤအသုဘအလောင်းကောင်သည် ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်အား မာတုဂါမအလောင်းကောင်သည် မသင့်မလျော် မလျော်က်ပတ်ပါ။ မာတုဂါမဖြစ်သော ကမ္မဋ္ဌာန်းအား ထုတ်သော ပုဂ္ဂိုလ်အား ယောကျ်ားအလောင်းကောင်သည် မသင့်မလျော်မလျောက်ပတ်ပါ။ ယောကျ်ားအား ယောကျ်း၏အလောင်း,မိန်းမအား မိန်းမ၏အလောင်း ဟု ဆိုအပ်သော သဘာဂ-သဘောတူသော အလောင်းသည်သာလျှင် လျောက်ပတ် ပါသည်။ ဤသို့ လျောက်ပတ်သည်ကို သိမ်းဆည်းခြင်း သည်လည်း သပ္ပါယ သမ္ဘဉ်မည်ကြောင်းကို အဋ္ဌကထာဆရာ ဖွင့်ဆိုပါသည်။

ဂေါစရသမ္ဘဉ်

ဤသို့ သိမ်းဆည်းအပ်သော အကျိုးနှင့်တကွ ဖြစ်သော လျောက်ပတ်သော သမ္ဘဉ်၏ သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် မိမိစိတ်ကြိုက် နှစ်သက်သော ကမ္မဋ္ဌာန်း ဟု ဆိုအပ်သော ကျက်စားရာ အာရုံကိုယူ၍ ဆွမ်းခံရှာသို့ သွားသောအခါကာလ၌ ထိုကမ္မဋ္ဌာန်းကို ယူ၍ သွားခြင်းသည် ဂေါစရ-သမ္ဘဉ်ဟူ၍ အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုအပ်ပါသည်။

စတုက္ကလေးပါးဖြင့် ပိုင်းခြားပုံ

ထိုဂေါစရသမ္ဘဉ်ကို ထင်ရှားစွာ ပြသခြင်းအကျိုးငှါ ဤဆိုလတ္တံ့သော လေးပါးသော စတုက္ကကို သိအပ်ပါသည်ဘုရား။

သာလျှင် အာဟာရကိုဘုဉ်းပေး သုံးဆောင်၍ အနုမောဒနာဟုဆိုအပ်သော ဝမ်းမြောက်ကြောင်း ဖြစ်သော ဒေသနာကို ဟောပြောပြီး၍ လူတို့သည် ပြန်လည်ဆုတ်နစ်ကြကုန်သည်ရှိသော် အစဉ်အတိုင်း လိုက်လာကြသည်ဖြစ်၍ ရှာမှထွက်၍ ထိုရှာ့ပြင်သို့ ရောက်သောအခါကာလ၌ ထိုလူတို့ကို ငါ့ရှင်တို့ နေရစ်ခဲ့ကြတော့ ဟု ပြန်လည်ဆုတ်နစ်စေ၍ခရီးအတိုင်း သွားရောက်ပါသည်။

ရှေးကထုံးစံ

ထိုအခါ၌ ထိုမထေရ်မြတ်ကို ရှေးဦးစွာသာလျှင် ရှာမှထွက်၍ ရှာအပြင်ဘက်၌ ပြုအပ်ပြီးသော ဆွမ်းကိစ္စရှိကြကုန်သည်ဖြစ်၍ သာမဏေငယ် ရဟန်းငယ်တို့က မြင်ကြကုန်သည်ဖြစ်၍ ခရီဦးကိုဆို၍ ထိုမထေရ်မြတ်၏ သပိတ် သင်္ကန်းကို လှမ်းယူကြပါကုန်သည်။ ရှေးက ရဟန်းတော်တို့သည် —

အမှာကံ၊ ငါတို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာတည်း။ အမှာကံ၊ ငါတို့၏။ အာစရိယော၊ဆရာတည်း။ ဣတိ၊ ဤသို့။ မုခံ၊ ဥပဇ္ဈာယ်ဆရာ၏ မျက်နှာတော်ကို။ ဩလောကေတ္ဝာ၊ မော်၍ ကြည့်ပြီးမှ။ ဝတ္တံ၊ဝတ်ကို။ နကရောန္တိ၊ မပြုကြကုန်။

ဆရာဥပဇ္ဈာယ်တို့၏ မျက်နှာကို မော်ကြည့်ပြီးမှ “ဒါ ငါ့ဆရာ၊ ဒါ ငါ့ ဥပဇ္ဈာယ်” ဆိုတဲ့အနေအားဖြင့် ဝတ်ကို မပြုကြပါကုန်။ ရောက်လာသော အပိုင်းအခြားအားဖြင့်သာလျှင် မထေရ်ကြီးတို့ကို ဝတ်ကိုပြုကြပါကုန်သည်။ ထိုရဟန်းငယ် သာမဏေငယ်တို့က ထိုမထေရ်မြတ်ကို မေးမြန်းကြပါကုန်သည်။

ဘန္တေ တေ မနုဿာ တုမှာကံ ကိံ ဟောန္တိ၊ မာတိပက္ခတော သမ္မန္နာ ပိတိပက္ခတောတိ။

ဘန္တေ၊ အိုအရှင်ဘုရား....။တေ မနုဿာ၊ ထိုလူတို့သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ကိံ ဟောန္တိ၊ အသို့ တော်ကြပါကုန်သနည်း။ မာတိပက္ခတော၊ အမိဘက်မှ။ သမ္မန္နာ၊ ဆွမျိုးဆက်စပ်ကြပါကုန်သလော။ ပိတိပက္ခတော၊ အဘ၏ဘက်မှ။ သမ္မန္နာ၊ ဆွမျိုးဆက်စပ်ကြပါကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆန္တိ၊ မေးမြန်းကြကုန်၏။ အာဝုသော၊ ငါ့ရှင်တို့....။ ကိံ၊ အဘယ်ကို။ ဒိဿ၊ မြင်၍ ။ ပုစ္ဆထ၊ မေးကြကုန်သနည်း။ တုမ္ဟေသု၊ အရှင်ဘုရားတို့၌။ တေသံ၊ ထိုလူတို့၏။ ပေမံ၊ ချစ်ခြင်းကိုငင်း။ ဗဟုမာနံ၊

စီစစ်ခက်း ၃-၁၄—နှ-ဗု-သ

များစွာမြတ်နိုးခြင်းကိုငင်း။ ဒိသ္ဝာ၊ မြင်၍။ပုစ္ဆာမ၊ မေးလျှောက်ကြပါကုန် သည်ဘုရား။ ဣတိ၊ ဤသို့။ အာဟံသု၊ ပြောကြားကြလေကုန်၏ ။

အာဝုသောယံ မာတာပိတူဟိပိ ဒုက္ကရံ၊တံ ဧတေ မနုဿာ အမှာကံ ကရောန္တိ၊ ပတ္တစီဝရမို နော ဧတေသံ သန္တကမေဝ၊ ဧတေသံ အာနုဘာဝေန နေဝ ဘယေ ဘယံ န ဆာတကေ ဆာတကံ ဇာနာမ၊ ဧဒိသာနာမ အမှာကံ ဥပကာရိနော နတ္ထိတိ တေသံ ဂုဏော ကထေန္တော ဂစ္ဆတိ။

အာဝုသော၊ ငါ့ရှင်တို့။ ယံ၊ အကြင်အမှုကို။ မာတာပိတူဟိပိ၊ မွေးသည့် မိခင် ဘခင်ကျေးဇူးရှင်တို့သည်လည်း။ ဒုက္ကရံ၊ ပြုနိုင်ခဲလှစွာ၏။ တံ၊ ထိုပြုနိုင် ခဲလှသော အမှုကို။ ဧတေ မနုဿာ၊ ထိုလူတို့သည်။ အမှာကံ၊ ငါတို့အား။ ကရောန္တိ၊ ပြုနိုင်ကြပေကုန်၏။ နော၊ ငါတို့၏။ ပတ္တစီဝရမို့၊ သပိတ်သင်္ကန်း သည်လည်း။ ဧတေသံ၊ ထိုလူတို့၏။ သန္တကမေဝ၊ ဥစ္စာသာလျှင် ဖြစ်ပေ၏။ ဧတေသံ၊ ထိုလူတို့၏။ အာနုဘာဝေန၊ အစောင့်အရှောက် အာနုဘော်အား ဖြင့်။ ဘယေ၊ ဘေးဖြစ်သောအခါကာလ၌။ နေဝ ဘယံ၊ငါတို့အား ဘေးမရှိ။ ဆာတကေ၊ ဆာလောင်မွတ်သိပ်သော အခါကာလ၌။ ဆာတကံ၊ ဆာ လောင်မွတ်သိပ်ခြင်းကို။ မယံ၊ငါတို့သည်။ န ဇာနာမ၊ မသိခဲ့ကြရပါကုန်။ ဧဒိသာနာမ၊ ဤကဲ့သို့သဘောရှိသည် မည်ကုန်သော။ အမှာကံ၊ ငါတို့အား၊ ဥပကာရိနော၊ ကျေးဇူးပြုတတ်ကုန်သော ဒကာ, ဒကာမတို့မည်သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ တေသံ၊ ထိုဒကာ ဒကာမတို့၏။ ဂုဏော၊ ဂုဏ်ကျေးဇူး တို့ကို။ကထေန္တော၊ ပြောဆိုလျက်။ ဂစ္ဆတိ၊ ကြွတော်မူ၏။

ဤကဲ့သို့ ဆွမ်းခံရှာမှုအပြန် ဒကာ ဒကာမတို့၏ ဂုဏ်ကျေးဇူးကိုသာ လျှင် ချီးမွမ်းပြောကြား၍ ကြွတော်မူသော ရဟန်းကို အသွားဥကမ္မဋ္ဌာန်း ဆောင်၍ အပြန်ဥ ကမ္မဋ္ဌာန်းလွတ်သော ရဟန်းဟူ၍ ဆိုအပ်ပါသည်။

အသွားမပါ-အပြန်ပါသော ပုဂ္ဂိုလ်

အကြင်ရဟန်း၏ကား ရှေးမဆွကပင်လျှင် ဆိုအပ်ခဲ့ပြီးသော အပြား ရှိသော ဝတ်အကျင့် ပဋိပတ်ကိုပြုလုပ်၍ နေစဉ် ကမ္မဇတေဇောဓာတ်သည် တောက်လောင်၍ လာပါ၏။ ထိုကမ္မဇတေဇောဓာတ်သည် အနုပါဒိန္နက ဖြစ်

သော ရုပ်ကို လွှတ်၍ ဥပါဒိန္နကဖြစ်သော ရုပ်ကို ယူပါသည်။ ခန္ဓာကိုယ်မှ ချွေးတို့သည် ပြိုက်ပြိုက်ကျ၍ လာကြပါကုန်သည်။ နှလုံးသွင်းအပ်သော ကမ္မဋ္ဌာန်းသည် ခရီးအစဉ်သို့ မတက်မရောက်နိုင်ပါ။

ထိုသို့ဆွမ်းဆာလောင်၍ နေသော ရဟန်းတော်သည် စောစောစီးစီး ကပင်လျှင် သပိတ်သင်္ကန်းကိုယူ၍ လျင်သော အဟုန်ဖြင့် သာလျှင် စေတီတော်ကို ရှိခိုး၍ နွားအပေါင်းတို့၏ ထွက်လာသော အချိန်ကာလ၌သာလျှင် ရှာသို့ယာဂုဆွမ်းအလို့ငှါ ဝင်ရောက်၍ ယာဂုကို ရ၍ ဆွမ်းစားရာစရပ်သို့ ကြွရောက်၍ ယာဂုကို သောက်သုံးပါသည်။

ထိုအခါ၌ ထိုရဟန်း၏ နှစ်ကြိမ်သုံးကြိမ် မျိုသော ခဏဖြင့်သာလျှင် ဝမ်းတွင်းက ကမ္မဇတေဇောဓာတ်သည် ဥပါဒိန္နက ဖြစ်သော ရုပ်ကိုလွှတ်၍ အနုပါဒိန္နကရုပ်ကို ယူပါသည်။ အိုးပေါင်းတရာဖြင့် ရေသန့်လောင်းဘိသက်သို့ တေဇောဓာတ်၏ ပူလောင်ခြင်းသည် ငြိမ်းအေးခြင်းသို့ ရောက်သည်ဖြစ်၍ ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့် ယာဂုကို ဘုဉ်းပေးပြီး၍ သပိတ်ကိုဌင်း နှုတ်ခမ်းကိုဌင်း ဆေးကြောပြီး၍ ဆွမ်းအကြားကာလ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ကြွင်းသော နေရာဌာန၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့် အာဟာရကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍ ထိုအခါမှစ၍ သင်၍ လာသော ကမ္မဋ္ဌာန်းကို ယူ၍သာလျှင် ပြန်ကြွတော်မူခဲ့ပါသည်။ ဤကဲ့သို့ အသွားဌ၌ ကမ္မဋ္ဌာန်းမပါမူ၍ အပြန်ဌ၌ ကမ္မဋ္ဌာန်းယူဆောင်၍ ပြန်ခဲ့သော ရဟန်းကို "နဟရတိ ပစ္စာဟရတိ" ရဟန်းဟူ၍ ဆိုပါသည်ဘုရား။

ရဟန္တာပေါင်း မရေတွက်နိုင်

ဤကဲ့သို့ အသွားဌ၌ ကမ္မဋ္ဌာန်းကို နှလုံးမသွင်းနိုင်မူ၍ အပြန်ခရီးဌ၌ နှလုံးသွင်းနိုင်ကြကုန်သော ရဟန်းတော်တို့သည် ယာဂုကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍ ဝိပဿနာကို အားထုတ်၍ ဘုရားရှင်သာသနာတော်၌ ရဟန္တာအဖြစ်သို့ရောက်ကြကုန်သည်မှာ အရေအတွက်အပိုင်းအခြားကို လွန်ကြပါကုန်သည်ဘုရား။ သီဟိုဠ်ကျွန်း၌ပင်လျှင် ထိုထိုရွာတို့၌ ဆောက်လုပ်၍ ထားအပ်သော ဆွမ်းစားစရပ်၌ အကြင်နေရာ၌ ယာဂုကို ဘုဉ်းပေး၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သော ရဟန်းတို့သည် မရှိကြကုန်။ ထိုနေရာမျိုးသည် မရှိဟု ဆိုပါသည် ဘုရား။

အသွားအပြန် ကမ္မဋ္ဌာန်းမပါသော ပုဂ္ဂိုလ်

အကြင်ပုဂ္ဂိုလ်သည် မေ့မေ့လျော့လျော့နေလေ့ရှိ၏။ ချထားအပ်သော ဖယ်ထားအပ်သော ကုသိုလ်ဝတ္ထုရားရှိသည်ဖြစ်၍ အလုံးစုံသော ဝတ်တို့ကို ဖျက်ဆီး၍ ငါးပါးအပြားရှိသော စိတ်၏ ငြောင့်တံသင်းတို့ဖြင့် ဖဲ့နှောင်အပ်သော စိတ်ရှိသည် ဖြစ်၍ နေလျက်—

> ကမ္မဋ္ဌာနံ နာမ အတ္ထိတိပိ သညံ အကတ္ဘာ ဂါမံ ပိဏ္ဍာယ ပဝိသိတ္ဘာ အနနုလောမိကေန ဂိဟိသံသဂ္ဂေန သံသဋ္ဌော စရိတ္ဘာ စ ဘုဉ္ဇိဘ္ဘာ စ တုဋ္ဌော နိက္ခမတိ။

ကမ္မဋ္ဌာနံ နာမ၊ အားထုတ်အပ်သော ကမ္မဋ္ဌာန်းမည်သည်။ အတ္ထိတိပိ၊ ရှိ၏ဟူ၍ လည်း။ သညံ၊ အမှတ်သညာကို။ အကတ္ဘာ၊ မပြု မူ၍ ။ ဂါမံ၊ ရွာတဉ်းသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသိတ္ဘာ၊ ဝင်၍ ။အနနုလောမိကေန၊ ရဟန်းတော်တို့အား မလျော်မလျောက်ပတ်သော။ ဂိဟိသံသဂ္ဂေန၊ လူတို့နှင့် ရောနှော ဆက်ဆံခြင်းဖြင့်။ သံသဋ္ဌော၊ ရောနှောသည်ဖြစ်၍ ။ စရိတ္ဘာ စ၊ လှည့်လည်ပြီး၍ ၎င်း။ ဘုဉ္ဇိတ္ဘာစ၊ ဘုဉ်းပေးသုံးဆောင်ပြီး၍ ၎င်း။ တုဋ္ဌော၊ ကမ္မဋ္ဌာန်းမပါ ဗလာအချည်းနှီး။ နိက္ခမတိ၊ ရွာမှထွက်၍ လာခဲ့၏။

ဤကဲ့သို့ အသွားဥ္ဇလည်း ကမ္မဋ္ဌာန်းမပါ၊အပြန်ဥ္ဇလည်း စိတ်ဥ္ဇ ကမ္မဋ္ဌာန်းကို ယူဆောင်ခြင်းမရှိသော ရဟန်းမျိုးကို “နေဝဟရတိ နပစ္စာဟရတိ” ဟူ၍ ဆိုပါသည်ဘုရား။

အသွားအပြန် ကမ္မဋ္ဌာန်းပါသော ပုဂ္ဂိုလ်

အကြင်ရဟန်းသည်ကား အသွားဥ္ဇလည်း ကမ္မဋ္ဌာန်းကို ဆောင်၍ သွား၏။ အပြန်ဥ္ဇလည်း ကမ္မဋ္ဌာန်းကို ဆောင်၍ ပြန်၏ဟု ဆိုအပ်ပါ၏။ ထိုရဟန်းကို ဂတပစ္စာဂတဝတ်၏ အစွမ်းအားဖြင့် သိအပ်ပါသည်။

မှန်လှပါသည်ဘုရား။ မိမိ၏အကျိုးစီးပွါးကို အလိုရှိကြ ကုန်သော အမျိုးကောင်းသားတို့သည် သာသနာတော်၌ ရဟန်းပြုကြကုန်သည်ဖြစ်၍ ဆယ်ပါးငင်း အပါးနှစ်ဆယ်ဂုဏ်း သုံးဆယ်ငင်း လေးဆယ်ငင်း ငါးဆယ်ငင်း

တရာဂုဏ်း တပေါင်းတည်းတစုတည်း နေထိုင်ကြကုန်သည်ရှိသော် အချင်းချင်း ကတိကဝတ်ကို ပြု၍ နေကြပါကုန်သည် ဘုရား။

၉၀

အာဝုသော တုမ္မေ နု ဣဏ္ဍာ နု ဘယဋ္ဌာ နု အာဇဝကာ ပကတာ ပဗ္ဗဇိတာ၊ ဒုက္ခာ မုစ္စိတုကာမာ ပနေတ္ထ ပဗ္ဗဇိတာ။ တသ္မာ ဂမနေ ဥပ္ပန္နကိလေသံ ဂမနေယေဝ နိဂ္ဂဏ္ဍထ။ ဌာနေ၊ နိသဇ္ဇာယ၊ သယနေ ဥပ္ပန္နကိလေသံ သယနေယေဝ နိဂ္ဂဏ္ဍထာတိ။

ဤကဲ့သို့သော ကဘိကဝတ်ကို ပြုကြပါကုန်သည်။

အာဝုသော၊ ငါ့ရှင်တို့.... ။ တုမ္မေ၊ သင်တို့သည်။ ဣဏ္ဍာ၊ ကြွေးဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ နု ပဗ္ဗဇိတာ၊ ရဟန်းပြု၍ လာခဲ့ကြသည် မဟုတ်ကုန်။ အာဝုသော၊ ငါ့ရှင်တို့။ တုမ္မေ၊ သင်တို့သည်။ ဘယဋ္ဌာ၊ တစုံတခု ကြောက်လန့်ဘွယ် ဖြစ်သော ဘေးသည် နှိစက်အပ်ကုန်သည် ဖြစ်၍။ နပဗ္ဗဇိတာ၊ ရဟန်းပြု၍ လာခဲ့ကြသည် မဟုတ်ကုန်။ အာဇီဝိကာ ပကတာ၊ အသက်မွေးခြင်းလျှင် ဆင်းရဲပင်ပန်းခြင်းသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ နပဗ္ဗဇိတာ၊ ရဟန်းပြု၍ လာခဲ့ကြသည် မဟုတ်ကုန်။ ပန၊ စင်စစ်သော်ကား။ ဧတ္ထ၊ ဤသာသနာတော်၌။ ဒုက္ခာ၊ ဇာတိအစရှိသော ဆင်းရဲ ဒုက္ခအပေါင်းမှ။ မုစ္စိတုကာမာ၊ လွတ်မြောက်ခြင်းငှါ အလိုရှိကြကုန်သည်ဖြစ်၍ ။ ပဗ္ဗဇိတာ၊ ရဟန်းပြု၍ လာခဲ့ကြပေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဂမနေ၊ သွားနေသော အခါကာလ၌။ ဥပ္ပန္နကိလေသံ၊ မိမိသဏ္ဌာန်ဖြစ်ပေါ်၍ လာသော ကိလေသာကို။ ဂမနေယေဝ၊ သွားဆဲအခါကာလ၌ပင်လျှင်။ နိဂ္ဂဏ္ဍထ၊ နှိမ်နင်းဖျက်ဆီးကြကုန်လော့။ ဌာနေ၊ ရပ်နေသောအခါကာလ၌။ ဥပ္ပန္နကိလေသံ၊ ဖြစ်ပေါ်၍ လာသော ကိလေသာကို။ ဌာနေယေဝ၊ ရပ်နေသော ခဏ၌ ပင်လျှင်။ နိဂ္ဂဏ္ဍထ၊ နှိမ်နင်း ဖျက်ဆီးကြ ကုန်လော့။ နိသဇ္ဇာယ၊ ထိုင်နေသော ခဏ၌။ ဥပ္ပန္နကိလေသံ၊ ဖြစ်ပေါ်၍ လာသော ကိလေသာကို။ နိသဇ္ဇာယေဝ၊ ထိုင်သောခဏ၌ပင်လျှင်။ နိဂ္ဂဏ္ဍထ၊ နှိမ်နင်းဖျက်ဆီးကြကုန်လော့။ သယနေ၊ လျောင်းစက်၍ နေသောအခါကာလ၌။ ဥပ္ပန္နကိလေသံ၊ ဖြစ်ပေါ်၍လာသော ကိလေသာကို။ သယနေယေဝ၊ လျောင်းစက်သောနေရာ၌ပင်လျှင်။ နိဂ္ဂဏ္ဍထ၊ နှိမ်နင်းဖျက်ဆီးကြကုန်လော့။ ဣတိ၊ ဤသို့။ ကတိကဝတ္တံ၊ ကတိကဝတ်ကို။ ကတ္ဝာ၊ ပြု၍ ။ ဝိဟရန္တိ၊ နေကြပါကုန်သည် ဘုရား။

လမ်းခရီးသွားရင်း ကိလေသာဖြစ်ခဲ့သော်

ထိုရဟန်းတို့သည် ဤသို့ကတိကဝတ်ကိုပြု၍ ဆွမ်းခံလှည့်လည်ခြင်းသို့ သွားတော်မူကြကုန်သည်ရှိသော် ဥသဘဝက်, ဥသဘ, ဂါဝုတ်ဝက်, တဂါဝုတ် အတိုင်းအရှည်ရှိသော ခရီးတို့၌ ကျောက်ခဲကျောက်တုံးတို့သည် ရှိကြပါကုန်သည်။ ထိုကျောက်ခဲ ကျောက်တုံး အမှတ်သညာဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြကုန်၍သာလျှင် ကြွတော်မူကြပါကုန်သည်။ တစုံတယောက်သော ရဟန်းအား သွားနေသော ခဏ၌ ကိလေသာသည် အကယ်၍ ဖြစ်ခဲ့ငြားအံ့၊ ထိုဖြစ်ပေါ်သောနေရာ၌သာလျှင် ထိုကိလေသာကို နှိမ်နင်းဖျက်ဆီးပါသည်။ ထိုကဲ့သို့ နှိမ်နင်းဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သည်ရှိသော် ထိုရဟန်းသည် ရပ်၍သာနေပါတော့သည်ဘုရား။

ထိုအခါ၌ ထိုရဟန်း၏ နောက်မှလာသော ရဟန်းသည်လည်း ရပ်၍ပင်နေပါတော့သည်။ ထိုအခါ ရှေ့ကရပ်၍နေသော မိမိသဏ္ဌာန် ကိလေသာဥပါဒ်၍ နေသော ရဟန်းတော်က——

အယံ ဘိက္ခု တုယ္ဟံ ဥပဇ္ဈံ ဝိတက္ကံ ဇာနာတိ၊ အနနုစ္ဆဝိကံ တေ ဇေတ္ဆိ အတ္တာနံ ပဋိစောဒေတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရိယဘူမိ ံ သြက္ကမတိ။

အယံ ဘိက္ခု၊ ဤနောက်မှလာ၍ သင့်နားက ရပ်နေသော ရဟန်းသည်။ တုယ္ဟံ၊ သင်၏၊ ဥပဇ္ဈံ၊ ဖြစ်ပေါ်၍ နေသော။ ဝိတက္ကံ၊ ကာမဝိတက်ကို။ ဇာနာတိ၊ သိပေ၏။တေ၊သင့်အား။ ဇေတံ၊ ဤကာမဝိတက်ဖြစ်ပေါ်၍ နေခြင်းသည်။ အနနုစ္ဆဝိကံ၊ မလျော်မလျောက်ပတ်ပေစ့တကား။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဋိစောဒေတ္ဝာ၊ တဖန်စောဒနာ၍ ။ ဝိပဿနံ၊ အနိစ္စ, ဒုက္ခ, အနတ္တဟုဆိုအပ်သော ဝိပဿနာကို။ ဝဍ္ဎေတ္ဝာ၊ပွါး၍ ။ အရိယဘူမိ ံ၊ သော တာပန်အစရှိသော အရိယာဘုံသို့။ သြက္ကမတိ၊ သက်ရောက်၏။ တထာ၊ ထိုသို့။ အသက္ကောန္တော၊ မစွမ်းနိုင်သည်ရှိသော်။ နိသီဒတိ၊ ထိုင်၍ နေတော်မူပါသည်ဘုရား။ အထ၊ ထိုအခါ၌။ အသ၊ထိုရဟန်း၏။ပစ္ဆတော၊ နောက်မှ။ အာဂစ္ဆန္တောပိ၊ ကြွလာသော ရဟန်းတော်သည်လည်း။ နိသီဒတိ၊ ထိုင်၍ နေပါတော့သည်ဘုရား။ သော ဧဝ၊ ထိုဆိုအပ်ခဲ့ပြီးသည်သာလျှင် ဖြစ်သော။ နယော၊ နည်းကို။ ဧဝဒိတမ္ပေါ၊ သိအပ်ပါ၏။

ဤကဲ့သို့ မိမိကိုယ်ကို ဆုံးမသည်ဖြစ်၍အရိယာဘုံသို့ သက်ရောက်ခြင်းငှါ မစ္ဆမ်းနိုင်ခဲ့သော်လည်း ထိုကိလေသာကို ပယ်ခွါ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျှင် ကြွတော်မူပါသည် ဘုရား။ ကမ္မဋ္ဌာန်းကင်းသောစိတ်ဖြင့် ခြေထောက်ကို မကြွမချီပါ။ အကယ်၍ ကမ္မဋ္ဌာန်းကင်းသော စိတ်ဖြင့် ခြေထောက်ကြွမိ လှမ်းမိငြားအံ့။ တဖန်ပြန်လည် ဆုတ်နစ်၍ ရှေးချမြဲတိုင်း ဖြစ်သော ခြေရာနေရာ၌သာလျှင် ပြန်လာခဲ့ပြီးလျှင် အာလိန္ဒကအရပ်၌ နေသော မဟာဖုဿဒေဝ မထေရ်ကဲ့သို့ ပြန်လာပြီးလျှင် တဖန်ကမ္မဋ္ဌာန်းကို နှလုံးသွင်းပါသည် ဘုရား။

မဟာဖုဿဒေဝ မထေရ်

ဆက်လက်၍ လျှောက်ထားပါမည်ဘုရား။ ထိုအာလိန္ဒကဝါသီ မဟာဖုဿဒေဝမထေရ်သည် တဆယ့်ကိုးနှစ်တို့ ကာလပတ်လုံး အသွားအပြန် ကမ္မဋ္ဌာန်းဆောင်သော "ဂတပစ္စာဂတဝတ်" ကို ဖြည့်ကျင့်တော်မူသည် ဖြစ်၍သာလျှင် သီတင်းသုံး၍ နေခဲ့ပါသည်ဘုရား။

လူတို့သည်လည်း လမ်းခရီးအကြားဌ္ဌ ထွန်ယက်လုပ်ကိုင်ကြသည်ဖြစ်၍ ၎င်း စိုက်ပျိုးကြကုန်သည်ဖြစ်၍၎င်း စပါးနယ်ကြကုန်သည်ဖြစ်၍၎င်း နေကြကုန်သော လူဘို့သည် အမှုလုပ်ငန်းတို့ကို ပြုကြကုန်လျက်ပင်လျှင် မထေရ်မြတ်ကို ထိုကဲ့သို့ ရှေ့သို့တက်ချည်, နောက်သို့ဆုတ်ချည်ဖြင့် ကြွနေသည်ကို မြင်ကြကုန်သည်ဖြစ်၍ —

အယံ ထေရော ပုနပ္ပုနံ နိဝတ္တိတ္ဝာ ဂစ္ဆတိ၊ကိံ နုခေါ မဂ္ဂမူဠှော ဥဒါဟု ကိဠိ ပမူဠှောတိ သမုလ္လပန္တိ။

အယံ ထေရော၊ ဤမထေရ်အိုကြီးသည်။ ပုနပ္ပုနံ၊ အပြန်ပြန်အထပ်ထပ်။ နိဝတ္တိတ္ဝာ၊ ပြန်လည်ဆုတ်နစ်၍။ ဂစ္ဆတိ၊ ကြွသွားတော်မူ၏။ ကိံ နုခေါ၊ အသို့လေနည်း။ မဂ္ဂမူဠှော၊ ခရီးမှား၍ ပင် နေလေတော့သလော။ ဥဒါဟု၊ထိုသို့မဟုတ်။ကိဠိ၊တစုံတခုကို။ပမူဠှော၊ မေ့လျော့၍ နေလေတော့သလော။ ဣတိ၊ဤသို့။ သမုလ္လပန္တိ၊ ပြောင်လှောင်ပြောဆိုကြပါကုန်သည်ဘုရား။ သော၊ မထေရ်အိုကြီးသည်။ တံ၊ ထိုပြောင်လှောင်ပြောဆိုအပ်သောစကားကို။အနာဒိယိတ္ဝာ၊မနာယူမူ၍ ။ ကမ္မဋ္ဌာနယုတ္တစိတ္တောနေဝ၊ ကမ္မဋ္ဌာန်းနှင့်ယှဉ်သောစိတ်ဖြင့်သာလျှင်။ သမဏ

ဓမ္မံ၊ ရဟန်းတရားတို့။ ကရောန္တော၊ ပြုလုပ်အားထုတ်လျက်။ ဝိသတိ ဝဿဘ္ဘန္တရေ၊ အနှစ်နှစ်ဆယ်၏ အတွင်း၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ဆိုက်ရောက်တော်မူရပါသည် ဘုရား။

သိကြားဖြဟ္မာတို့ ဆည်းကပ်ခစားခြင်း

ထိုမထေရ်မြတ်၏ ရဟန္တာဖြစ်သောနေ့၌လည်းစကြံ့ ၏အစွန်း၌ နေသောနတ်သည် လက်ချောင်းတို့ဖြင့် ဆီမီးအရောင်ကိုတောက်စေပြီး၍ ရပ်တည်၍ နေပါသည်။ လေးယောက်ကုန်သော လောကပါလနတ်မင်းကြီးတို့သည်၎င်း နတ်တို့၏အရှင်ဖြစ်သော သိကြားမင်းသည်၎င်း သဟမွတိဖြဟ္မာမင်းကြီးသည်၎င်း ထိုမထေရ်ထံ ဆည်းကပ်ခစားခြင်းငှါ လာရောက်ကြပါကုန်သည်ဘုရား။ ထိုအလင်းရောင်ကို မြင်ရသည်ဖြစ်၍ ဝနဝါသီ မဟာတိဿ မထေရ်မြတ်က ထိုမထေရ်ကြီးကို ဒုတိယမြောက်ဖြစ်သော နောက်တနေ့၌ မေးလျှောက်ပါသည်။

ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။ အာယသ္မတော၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ၌။ ဩဘာသော၊ အရောင်အလင်းသည်။ အဟောသိ၊ ဖြစ်ပါသည်ဘုရား။ သော ဩဘာသော၊ ထိုအရောင်အလင်းသည်။ ကိံ၊ အသို့ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်ပါသည်။ မထေရ်မြတ်က ပြန့်လွင့်ခြင်းကို ပြုလိုသည်ဖြစ်၍—

ဩဘာသော နာမ၊ အလင်းရောင်မည်သည်။ ဒီပေါဘာသောပိ၊ ဆီမီးအလင်းရောင်သည်လည်း။ ဟောတိ၊ ဖြစ်တတ်၏။ မဏိဩဘာသောပိ၊ ပတ္တမြားအလင်းရောင်သည်လည်း။ ဟောတိ၊ ဖြစ်တတ်၏။ ဣတိ ဧဝမာဒိ ံ၊ ဤသို့အစရှိသည်ကို။ အာဟ၊ မိန့်တော်မူပါသည်။

ထို့နောက်မှ မေးလျှောက်လာသော အရှင်မြတ်က အရှင်ဘုရားတို့သည် ဖုံးလွှမ်းတော်မူကြပါကုန်၏ ဟူ၍ စကားဖြင့် ရှက်အပ်သည် ရှိသော် “အာမ၊ ဟုတ်ပါ၏”ဟု ဝန်ခံပြီး၍ မိမိ၏ရဟန္တာဖြစ်သည့် အကြောင်းကို ပြောကြားပါသည် ဘုရား။

မဟာနာဂ မထေရ်

ကာဠဝလ္လိမဏ္ဍပ အရပ်၌နေလေ့ရှိသော မဟာနာဂမထေရ်ကဲ့သို့ဎင်း အခြင်းအရာကို သိအပ်ပါသည်ဘုရား။ ထိုမထေရ်မြတ်သည်လည်း အသွား

အပြန်ကမ္မဋ္ဌာန်း ဆောင်သော “ဂတပစ္စာဂတဝတ်”ကို ဖြည်းဆည်းပူးလျက် ရှေးဦးစွာ မြတ်စွာဘုရားအား မဟာပဒါန-ဟု ဆိုအပ်သော ပြင်းစွာသော အားထုတ်ခြင်းကို ပူဇော်ဦးအံ့ ဟု ခုနစ်နှစ်တို့ကာလပတ်လုံး ရပ်ခြင်း စကြံ လျှောက်ခြင်းကိုသာလျှင် အဓိဋ္ဌာန်၍ ထားပါသည် ဘုရား။ ထိုင်ခြင်း, အိပ်ခြင်း ဣရိယာပုထ် နှစ်ပါးကို ပယ်၍ ထားခဲ့ပါသည်။ ထို့နောက်မှ တဆယ့် ခြောက်နှစ်သော ကာလတို့ပတ်လုံးလည်း“ဂတပစ္စာဂတဝတ်”ဟု ဆိုအပ်သော အသွားဋ္ဌလည်း ကမ္မဋ္ဌာန်း ဆောင်ခြင်း, အပြန်ဋ္ဌလည်း ကမ္မဋ္ဌာန်းဆောင်ခြင်း ဆိုတဲ့ဝတ်ကို ဖြည့်ဆည်းပူး၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပါသည်ဘုရား။

ရေငုံထားခြင်း

ထိုမထေရ်မြတ်သည် ကမ္မဋ္ဌာန်းနှင့် ယှဉ်သည်သာလျှင် ဖြစ်သော စိတ်ဖြင့် ခြေတောက်ကို မြှောက်သောအခါ ကမ္မဋ္ဌာန်းကင်းသော စိတ်ဖြင့် ခြေတောက်ကို မြှောက်မိသည် ရှိသော် တဖန်နောက်သို့ ပြန်လည်ဆုတ်နစ်၍ ရှာ၏အနီးသို့ သွားပြီး၍၊ ရဟန်းပင်ဖြစ်လေတော့သလော နှားမပင်ဖြစ်လေတော့သလော ဟု ယုံမှား အပ်သော အရပ်ဋ္ဌရပ်၍ သင်္ကန်းကိုရုံ၍ ချိုင်းခြားဋ္ဌ လွယ်၍ ထားအပ်သော ရေဘူးမှရေဖြင့် သပိတ်ကိုဆေး၍ ရေကိုပါးစပ်ထည်းဋ္ဌ ငုံခြင်းကို ပြုပါသည်။

အဘယ်ကြောင့် ထိုအရှင်မြတ်သည် ပါးစပ်ထည်းဋ္ဌ ရေငုံပါသနည်း။ ငါ့အား ဆွမ်းကို လောင်းလှူခြင်းငှါငင်း ရှိခိုးပူဇော်ခြင်းငှါငင်း လာကြကုန်သော လူတို့ကို “ဒီဃာယုကာ၊ ရှည်သော အသက်ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။” ဤသို့ စကားမျှဖြင့်လည်း ကမ္မဋ္ဌာန်း၏ ချောက်ချားသည် မဖြစ်ပါစေလင့် ဟူ၍ ရေကို ငုံ၍ထားပါသည် ဘုရား။

ဘန္တေ၊ အရှင်ဘုရား....။အင်္ဂ၊ ယနေ့။ ကတိဟီဘိ၊ အဘယ်နေ့ဖြစ်ပါသနည်း ဟူ၍။ ဒိဝသံ ဝါ၊ နေ့ကိုငှင်း။ဘိက္ခုဂဏာနံ ဝါ၊ ရဟန်းအရေအတွက်ကိုငှင်း။ ပဥ္စံ ဝါ၊ အမေးပုစ္ဆာ ပြဿနာကိုငှင်း။ ပုစ္ဆိတော ပန၊ မေးအပ်သည် ရှိသော်ကား။ ဥဒကံ၊ ငုံ၍ ထားသော ရေကို။ ဂိလိတ္ဝာ၊ မျိုချပြီး၍။ အာရောစေတိ၊ ပြောကြားပါသည်ဘုရား။ ဒိဝသာဒိ ပုစ္ဆကာ၊ နေ့စသည်ကို မေးမြန်းကုန်သော သူတို့သည်။ သစေ နော ဟောန္တိ၊ အကယ်၍ မရှိကြကုန်

ငြားအုံးနိုက္ခမနဝေလာယံ၊ ရွာမှထွက်သော အခါ၌။ ဂါမဒ္ဒါရေ၊ ရွာတံခါး၌။ နိဋ္ဌဘိတ္ဘာဝ၊ ငုံထားသောရေကို ထွေး၍ သာလျှင်။ ယာတိ၊ ကြွတော်မူပါသည်ဘုရား။

မထေရ် ငါးကျိပ်

ကလမ္ဗတိတ္ထ ကျောင်း၌ ဝါကပ်တော်မူကြကုန်သော ငါးဆယ်အတိုင်း အရှည်ရှိကြကုန်သော ရဟန်းတော်တို့ကဲ့သို့လည်း မှတ်သား၍ သိအပ်ပါသည် ဘုရား။

ကြားရဘူးသည်ကား ထိုရဟန်း တော်တို့သည် ဝါဆိုလပြည့်နေ့၌ အချင်း ချင်း ကတိကဝတ်ကို ပြုကြပါကုန်သည်ဘုရား။

အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပ္ပတ္ဘာ၊ မရောက်ကြကုန်မူ၍။ မယံ၊ ငါတို့သည်။ အညမညံ၊ အချင်းချင်း။ ဝါ၊ တပါးနှင့် တပါး။ နာလပိဿာမ၊ စကားမပြောဘဲ နေကြကုန်အံ့။ ဣတိ၊ ဤသို့။ ကတိက ဝတ်တံ၊ ကတိကဝတ်ကို။ အကံသု၊ ပြုကြပါကုန်သည်ဘုရား။

ရွာသို့လည်း ဆွမ်းအလို့ငှါ ဝင်ရောက်တော်မူကြကုန်သည်ရှိသော် အသီး အသီးငါးဆယ်သော မထေရ်မြတ်တို့သည် ရေကိုငုံ၍ ငင်ရောက်ကြပါကုန် သည် ဘုရား။ နေ့စသည်ကို မေးမြန်းကြကုန်သည်ရှိသော် ထိုဆိုအပ်ခဲ့ပြီး သော နည်းအားဖြင့် ရေကို မျိုချပြီးမှ ပြောကြားကြပါကုန်သည် ဘုရား။

ထိုအခါ၌ လူတို့သည် ရေကိုထွေးရာအရပ်ကို မြင်၍ မှတ်မိသိရှိကြပါ ကုန်သည်။ "ယနေ့တပါး ကြွလာတော်မူသည်။ ယနေ့နှစ်ပါး ကြွလာတော် မူသည်" ဟူ၍ သိရှိတော်မူကြပါကုန်သည်။ ဤသို့လည်း လူတို့က ကြံစည်ကြ ပါကုန်သေးသည်။

ကိန္နု ခေါ တေ အမှေဟေ၀ သဒ္ဓိ ံ နု သလ္လပန္တိ ဥဒါဟု အည မညမ်ိဳ၊ ယဒိ အညမညမ်ိဳ နု သလ္လပန္တိ၊ အဒ္ဓါ ဝိဝါဒဇာတာ ဘ၀ိဿန္တိ။

ကိ ံ၊အသ္ဍိနည်း။ ဇတေ၊ ဤမထေရ်မြတ်တို့သည်။အမှေဟေ၀၊ ငါတို့ နှင့်သာလျှင်။ သဒ္ဓိ ံ၊ တကွ။ နု သလ္လပန္တိ နုခေါ၊ စကားမပြောဘဲ ရှိကြကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ အညမညမ်ိဳ၊ အချင်းချင်း

တပါးနှင့် တပါးကိုလည်း။ နဿလပန္တိ နုခေါ၊ စကားမပြောဘဲ ရှိကြကုန်သလော။ အညမညမ်ပြီ၊ အချင်းချင်းလည်း။ ယဒိ နဿလပန္တိ၊ အကယ်၍ စကားမပြောဘဲ ရှိကြကုန်ငြားအံ့။ အဒ္ဓါမချုတ်။ ဝိဝါဒဇာတာ၊ ခိုက်ရန်ငြင်းခုံဖြစ်ကြကုန်သည်။ဘဝိဿန္တိ၊ဖြစ်ကြကုန်လတ္တံ့။ ထေ၊ လာကြကုန်လော့။ နေ၊ ထိုငါးဆယ်သော မထေရ်မြတ်တို့ကို။ အညမညံ၊ အချင်းချင်း။ ဝါ။ တပါးနှင့် တပါး။ ခမာပေဿာမ၊ သည်းခံ ကန်တော့စေကြကုန်တော့အံ့။

ဤသို့ဆို၍ အလုံးစုံသော လူတို့သည် ကျောင်းသို့ သွားကြကုန်၍ ငါးဆယ်သော ရဟန်းတို့တွင် နှစ်ပါးသော ရဟန်းတော်တို့ကို တနေရာတည်း၌ နေသည်တို့ကို မမြင်ကြရပါကုန် ဘုရား။

ထိုအခါမှ ထိုလူအပေါင်းတို့တွင် အကြင်ဉာဏ် မျက်စိအမြင်ရှိသော ပဂ္ဂိုလ်သည် ရှိ၏။ ထိုပဂ္ဂိုလ်က ပြောဆိုသည်မှာ—

ဘော၊ အိုအချင်းတို့။ ကလဟကာရကာနံ၊ ခိုက်ရန်ငြင်းခုံပြုလျက် နေကြကုန်သော ရဟန်းတော်တို့၏။ ဝသနောကာသော၊ နေရာအရပ်သည်။ နဤဒိသော ဟောတိ၊ ဤကဲ့သို့ မဟုတ်ပေ။ စေတိယင်္ဂဏ ဗောဓိယင်္ဂဏံ၊ စေတီယင်ပြင်, ဗောဓိယင်ပြင်သည်။ သုသမ္မဋ္ဌံ၊ ကောင်းစွာတံမြက်လှဲ၍ထားအပ်၏။သမ္မဇ္ဇနိယော၊တံမြက်စည်းတို့ကို။ သုနိက္ခိတ္တာ၊ ကောင်းစွာသိမ့်သိမ်းဆည်း၍ ထားအပ်ကုန်၏။ ပါနီယ ပရိဘောဇနီယံ၊ သောက်ရေ, သုံးဆောင်ရေကို။ သုပဋ္ဌပိတံ၊ ကောင်းစွာ တည်ထားအပ်ပေ၏။ ။ဤသို့ ပြောကြားပါသည် ဘုရား။

ထိုရွာမှ လာကြကုန်သော ဒကာအပေါင်းတို့သည် ထိုအရပ်မှ ဆုတ်နစ်၍ ပြန်သွားကြပါကုန်သည်။ ထိုရဟန်းတော်တို့သည်လည်း ဝါတွင်း သုံးလ အတွင်း၌ သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ရဟန္တာ အစစ်ဖြင့် ဘိတ်ကြားခြင်းဟု ဆိုအပ်သော ဝိသုဒ္ဓိပဝါရဏာကို ဘိတ်ကြားတော်မူကြပါကုန်သည်ဘုရား။

ဤအတူ ကာဋ္ဌဝလ္လိမဏ္ဍပ အရပ်၌ နေလေ့ရှိသော မဟာနာဂမထေရ်ကဲ့သို့လည်း သိအပ်ပါသည် ဘုရား။ ကလမ္ဗတိတ္ထကျောင်း တိုက်၌ ဝါကပ်

ကြကုန်သော ရဟန်းတော်တို့ကဲ့သို့လည်း သိအပ်ပါသည်ဘုရား။ ကမ္မဋ္ဌာန်းနှင့် ယှဉ်သည်သာလျှင် ဖြစ်သော စိတ်ဖြင့် ခြေထောက်ကို မြောက်လျက် ရွာ၏အနီးသို့ သွား၍ ရေငုံခြင်းကို ပြုလျက် လမ်းခရီးတို့ကို မှတ်သား၍ အကြင်အရပ်၌ သေသောက်ကြူးအစရှိသည်တို့သည် ရှိကြကုန်၏။ ငြင်းခုံခိုက်ရန်ပြုတတ်ကုန်သော သူတို့လည်း ရှိကြကုန်၏။ ကြမ်းသောဆင်, ကြမ်းသောမြင်း အစရှိသည်တို့သည်လည်း ရှိကြကုန်၏။ ထိုရှိသော အရပ်ကို ရှောင်ရှား၍ မရှိသောအရပ်ကိုသာလျှင် ကြွရောက်ပါသည်။

ထိုအခါ၌ ဆွမ်းအလို့ငှါ လှည့်လည်တော်မူသည်ရှိသော် ဆောဆော လျင်လျင် အရေးတကြီးကဲ့သို့ မသွားပါ။ မှန်လှ၏။ အရေးတကြီးဖြင့် သွားရသော ပိဏ္ဍပါတ် ခုတင် တစုံတခုမည်သည် မရှိပါ။ မည်မည္ဆတ်သော မြေအရပ်သို့ရောက်၍နေသော ရေကို တိုက်၍ သွားသော လှည်းသည် မတုန်မလှုပ် ဖြစ်ဘိသကဲ့သို့ အိမ်စဉ်အတိုင်း ဝင်ရောက်တော်မူသည် ရှိသော် ပေးလှူအံ့သည်ကိုငင်း မပေးလှူအံ့သည်ကိုငင်း မှတ်သားခြင်းငှါ ထိုအားလျော်ပတ်သော အချိန်ကို ဆိုင်းလင့်၍ ရွာတွင်း၌ငင်း ရွာပ၌ငင် ကျောင်းသို့ငင်း ကြွရောက်တော်မူလာ၍ မိမိအား ချမ်းသာ၍ သင်းတင့်လျောက်ပတ်သော အရပ်ဌာန၌သာလျှင် ထိုင်နေတော်မူလျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်းတော်မူလျက် အာဟာရ၌ စက်ဆုပ်ဘွယ်ဟူသော အမှတ်သညာကို ဖြစ်စေ၍ လှည်းကို အဆီထိုးခြင်း အနာကို ဆေးလိမ်းခြင်း သား၏ အသားကို စားရခြင်းဟုဆိုအပ်သော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ဥပမာတို့၏ အစွမ်းအားဖြင့် အာဟာရသုံးဆောင်ရာ၌ သုံးသပ် ဆင်ခြင်လျက် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အစာအာဟာရကို ဘုဉ်းပေးသုံးဆောင်တော်မူပါသည်။ ရွာသူသားငယ်တို့ကဲ့သို့ ပျော်ပါး မြူးတူးခြင်း အကျိုးငှါ ဘုဉ်းပေးသုံးဆောင်သည် မဟုတ်ပါ။ လက်ဝှေ့လက်ပန်းသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်း အကျိုးငှါ သုံးဆောင်သည် မဟုတ်ပါ။ နန်းတွင်းသူတို့ကဲ့သို့ အရေအဆင်း ပြည့်ဖြိုးခြင်းငှါ သုံးဆောင်သည် မဟုတ်ပါ။ကချေသည်တို့ကဲ့သို့ ကိုယ်အဆင်း ပြည့်ဖြိုးစေခြင်းငှါ သုံးဆောင်သည် မဟုတ်ပါ။ ချမ်းသာခြင်း အကျိုးငှါ သုံးဆောင်ပါသည်-စသည်ဖြင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အာဟာရကို ဘုဉ်းပေးသုံးဆောင်ပါသည်။ ဆွမ်းကိစ္စပြီးပြီသည်ဖြစ်၍လည်း ရေကိစ္စကို ပြုလုပ်ပြီး၍ အနည်းငယ်မျှ ဆွမ်းကြောင့်ဖြစ်သော ပင်ပန်းခြင်းကို

ငြိမ်းစေပြီး၍ ဆွမ်း၏ ရှေ့အဘို့ ဆွမ်း၏ နောက်အဘို့ဟူ ဆိုအပ်သော ပုရိမ ယာမ် ပစ္ဆိမယာမ် ကာလပတ်လုံး ကမ္မဋ္ဌာန်းကိုသာလျှင် နှလုံးသွင်းတော်မူပါသည် ဘုရား။ ဤကဲ့သို့ နှလုံးသွင်း၍ နေသော ရဟန်းကို အသွားဥ္ဇလည်း ကမ္မဋ္ဌာန်းကိုယူဆောင်၍ အပြန်ဥ္ဇလည်း ကမ္မဋ္ဌာန်းကို ယူဆောင်သော ရဟန်းဟူ၍ ဆိုအပ်ပါသည် ဘုရား။

အသွားအပြန် ဆောင်ခဲ့လျှင်

အသွားဥ္ဇလည်း ကမ္မဋ္ဌာန်းကို ဆောင်ခြင်း, အပြန်ဥ္ဇလည်း ကမ္မဋ္ဌာန်းကို ဆောင်ခြင်း ဟု ဆိုအပ်သော ဤ "ဂတပစ္စာဂတဝတ်"ကို ဖြည့်ကျင့်လျက် အကယ်၍ မိုရာအကြောင်းနှင့် ပြည့်စုံခဲ့ပါမူကား ပဌမအရှယ်ဥ်ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်ပါသည်။ ပဌမအရှယ်ဥ် အရဟတ္တဖိုလ်သို့ အကယ်၍ မရောက်ခဲ့သေးသည်ဖြစ်အံ့၊ထိုသို့ မရောက်နိုင်သည်ရှိသော် မဇ္ဈိမအရှယ်ဥ် အရဟတ္တဖိုလ်သို့ ရောက်နိုင်ပါသည်။ မဇ္ဈိမအရှယ်ဥ် အရဟတ္တဖိုလ်သို့ အကယ်၍ မရောက်ခဲ့သေးသည်ဖြစ်အံ့။ထိုသို့ မရောက်သေးသည်ရှိသော် ပစ္ဆိမအရှယ်ဥ် အရဟတ္တဖိုလ်သို့ ရောက်နိုင်ပါသည်။ပစ္ဆိမအရှယ်ဥ် အရဟတ္တဖိုလ်သို့ အကယ်၍ မရောက်ခဲ့သေးသည်ဖြစ်အံ့။သေသောအခါ ကာလ၌ အရဟတ္တဖိုလ်သို့ ရောက်နိုင်ပါသည်။ သေသောအခါကာလ၌ အကယ်၍ အရဟတ္တဖိုလ်သို့ မရောက်နိုင်သေးသည် ဖြစ်ပါအံ့။ ထိုသို့ မရောက်နိုင်သေးသည်ရှိသော် နတ်သားဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်နိုင်ပါသည်။ အကယ်၍ နတ်သားဖြစ်၍ အရဟတ္တဖိုလ်သို့ မရောက်နိုင်ခဲ့စေကာမူ ဘုရားမပွင့်မီ၌ ဖြစ်၍ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုနိုင်ပါသည်။ ပစ္စေကဗောဓိဉာဏ်ကို အကယ်၍ မျက်မှောက်မပြုနိုင်သေးသည် ဖြစ်အံ့၊ ထိုသို့ မပြုနိုင်သေးသည် ရှိသော် မြတ်စွာဘုရားတို့၏ မျက်မှောက်တော်၌ လျင်သောအသိဉာဏ်ရှိသော ဗာဟိယဒါရုစီရိယ မထေရ်ကဲ့သို့ ဖြစ်နိုင်ပါသည်။ ကြီးကျယ်သော ပညာရှိသော ရှင်သာရိပုတ္တရာ ထေရ်ကဲ့သို့လည်း ဖြစ်နိုင်ပါသည်။ ရှင်မောဂ္ဂလာန် မထေရ်ကဲ့သို့အလွန် တန်ခိုးကြီးသော မဟာထေရ်မြတ်လည်း ဖြစ်နိုင်ပါသည်။ ရှင်မဟာကဿပမထေရ်ကဲ့သို့ ဓုတင်ဆောင်သော မထေရ်မြတ်လည်း ဖြစ်နိုင်ပါသည်။ အရှင် အနုရုဒ္ဓါမထေရ်ကဲ့သို့ ဒိဗ္ဗစက္ခု အဘိညာဉ်ရသော မထေရ်လည်း ဖြစ်နိုင်ပါသည်။ အရှင်ဥပါလိ မထေရ်ကဲ့သို့ ဝိနည်းကို ဆောင်သော ဝိနယဓရ မထေရ်လည်း ဖြစ်နိုင်ပါသည်။ မန္တာနီပုတ္တော်မ၏သား အရှင် ပုဏ္ဏမထေရ်

ကဲ့သို့ မေမ္မကထိကမထေရ်လည်း ဖြစ်နိုင်ပါသည်။ အရှင်ရေဝတမထေရ်ကဲ့သို့ တောရကျင့်သုံးသော အာရညိက မထေရ်လည်း ဖြစ်နိုင်ပါသည်။ အရှင် အာနန္ဒာမထေရ်ကဲ့သို့ ပိဋ္ဌကတ်သုံးပုံကို ဆောင်သော ဗဟုဿုတ ပုဂ္ဂိုလ်လည်း ဖြစ် နိုင်ပါသည်။ ဘုရား၏သားတော်ဖြစ်သော အရှင်ရာဟုလာ မထေရ်မြတ် ကဲ့သို့ သိက္ခာသုံးပါးကို လိုလားသော မထေရ်လည်း ဖြစ်နိုင်ပါသည်။

ဤသို့လျှင် လေးပါးအပေါင်း ဟု ဆိုအပ်သော စတုက္ကဋ္ဌ အကြင်ရဟန်း သည် အသ္ဌးဋ္ဌလည်း ကမ္မဋ္ဌာန်း ဆောင်၏၊ အပြန်ဋ္ဌလည်း ကမ္မဋ္ဌာန်းဆောင် ၏။ ထို့ရဟန်း၏ ဂေါစရ သမ္ပဇညဟု ဆိုအပ်သောကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း သည် အထူဋ္ဌအထိပ်သို့ ရောက်သည် မည်ပါတော့သည် ဘုရား။

အသမ္မောဟ သမ္ပဇဉ်

ရှေသို့လှမ်းခြင်း အစရှိသည်တို့ဋ္ဌ မတွေမဝေခြင်းသည် အသမ္မောဟသမ္ပ ဇဉ်မည်ပါသည် ဘုရား။ ထိုအသမ္မောဟသမ္ပဇဉ်ကို ဤလျှောက်ထားလတ္တံ့ သော စကားဖြင့် သိအပ်ပါသည်။

ဤသာသနာတော်ဋ္ဌ ရဟန်းတော်သည် ရှေသို့တက်သည်ဖြစ်၍ သော် ၎င်း နောက်သို့ဆုတ်သည်ဖြစ်၍ သော်၎င်း အနဗ္ဘာလပုထုဇဉ်တို့သည် "အတ္တ ဟု ဆိုအပ်သော ငါသည် ရှေသို့ သွား၏။ အတ္တဟုဆိုအပ်သော ငါသည် ရှေသို့ သွားခြင်းကို ဖြစ်စေအပ်၏"၊ ဤသို့၎င်း "ငါသည် ရှေသို့သွား၏၊ ငါသည် ရှေသို့ သွားခြင်းကို ဖြစ်စေအပ်၏"၊ ဤသို့၎င်း တွေဝေကြလေကုန်ဘိသကဲ့သို့ ထို့အတူ မတွေဝေကြကုန်ဘဲ ရှေသို့သွားအံ့ ဟူသော စိတ်သည် ဖြစ်လတ်သည် ရှိသော် ထိုဖြစ်သော စိတ်နှင့် တကွသာလျှင် စိတ်ကြွင့်ဖြစ်သော ဝါယောဓာတ်သည် ကာယဝိညတ်ကို ဖြစ်စေလျက် ဖြစ်ပေါ်ပါသည်။ ဤသို့ စိတ် ကြွင့် ဖြစ်သော ဝါယောဓာတ်သည် လှုပ်ရှားသည်၏ အစွမ်းအားဖြင့် ဤကိုယ်ဟု ဆိုအပ်သော အရိုးစုကြီးသည် ရှေသို့ ချီတက်၍ သွားပါတော့ သည်။ ဤသို့ ထိုရဟန်း၏ ရှေသို့ ချီတက်၍ သွားလျှင် ခြေလှမ်း တလှမ်း ကို မြောက်ကြွရာဋ္ဌ ပထဝီဓာတ်နှင့် အာပေါဓာတ်ဟု ဆိုအပ်သော နှစ်ပါးကုန် သောဓာတ်တို့သည် နုံ့၍ညံ့ကြပါကုန်သည်။ ထိုမှတပါးကုန်သော တေဇော, ဝါယောဓာတ်တို့သည် အလွန်အားကြီးကြကုန်သည်ဖြစ်၍ လွန်ကဲကြပါကုန် သည်။

ထို့အတူ အထက်သို့ မြောက်ခြင်း လဲ့ခြင်းတို့၌လည်း နှစ်ပါးကုန်သော ပထဝီဓာတ် အာပေါဓာတ်တို့သည် ညှဉ်းကြကုန်သည်ဖြစ်၍ နှစ်ပါးကုန်သော တေဇောဓာတ် ဝါယောဓာတ်တို့သည် အားကြီးကြကုန်သည်ဖြစ်၍ လွန်ကဲကြပါကုန်သည်။

ခြေတောက်ကို ချသော အခါကာလ၌လည်း တေဇောဓာတ် ဝါယောဓာတ်ဟူ ဆိုအပ်ကုန်သော ဓာတ်နှစ်ပါးတို့သည် ညှဉ်းကြ နှိပ်စက်ကြပါကုန်သည်။ ထိုမှတပါးကုန်သော ပထဝီဓာတ် အာပေါဓာတ်တို့သည် အားကြီး၍ လွန်ကဲကြပါကုန်သည်။

ထို့အတူ ချခြင်း ရပ်၍နေခြင်းတို့၌ ဓာတ်နှစ်ပါးတို့သည် ညှဉ်း၍ ဓာတ်နှစ်ပါးတို့သည် အားကောင်းကြပါကုန်သည်။

ရုပ်နာမ်ဓမ္မတို့ ခဏချင်းချုပ်ကြပုံ

ထိုစကားရပ်၌ ကြွဆဲခဏ၌ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့သည် အထက်သို့ မြောက်သော ခဏသို့ မပါမရောက်ကြပါကုန်။ ထို့အတူ ကွေးသော ခဏ၌ ဖြစ်ကြကုန်သော ရုပ်တရား နာမ်တရားတို့သည် အထက်သို့ မြောက်သော ခဏ၌ ဖြစ်ကြကုန်သော ရုပ်တရား နာမ်တရားတို့သည် ရှေ့သို့လဲ့သော ခဏသို့ မပါမရောက်ကြပါကုန်။ လဲ့သော ခဏ၌ ရမ်းသော ခဏ၌ ဖြစ်ကြကုန်သော ရုပ်တရား နာမ်တရား ဟူသည် ခြေတောက်ကို အောက်ကိုချရာ၌ မပါမရောက်ကြပါကုန်။ အောက်သို့ ချရာ၌ ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရား တို့သည် မြေကြီး၌ ဘဝါးတည်သည်၏ အဖြစ်တိုင်အောင် မလိုက်မပါကြပါကုန်။ မြေကြီး၌ ဘဝါးတည်ရာ၌ ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရားတို့သည် တည်ငြိမ်စွာ ရပ်၍ နေခြင်းသို့ မလိုက်မပါကြပါကုန်။ ထိုထိုအမှုအရာ၌ အပိုင်းအပိုင်း အတစ်အတစ် အပြတ်အပြတ် ဖြစ်၍ လောလောဆယ် ပူ၍ နေသော ဒယ်အိုးခင်း ထည်း၌ ထည့်အပ်သော နှမ်းကဲ့သို့ တဋွပ်ဋွပ် မြည်ကြကုန်လျက် (တဖြတ်ဖြတ်)ချုပ်ပျောက် ပျက်စီး၍ သွားကြပါကုန်သည်။

ဓာတ်သဘာဝတို့သာလျှင် သွားလာနေခြင်း

ထိုသို့ ချုပ် ပျောက် ပျက်စီး၍ သွားရာ၌ အဘယ်သူ တစုံတယောက်သည် ရှေ့သို့ ချီတက်၍ သွားပါသနည်း။ အဘယ်သူ တစုံတယောက်၏

ရှေသို့သွားခြင်းသည် ဖြစ်ပါတော့သနည်း။ အမှန်အားဖြင့် ပရမတ္ထသဘာဝ တရားအားဖြင့် ဓာတ်သဘောတို့၏ သာလျှင် သွားခြင်း, ဓာတ်သဘောတို့၏ သာလျှင် ရပ်ခြင်း, ဓာတ်သဘောတို့၏သာလျှင် ထိုင်ခြင်း,ဓာတ်သဘောတို့၏ သာလျှင် လျောင်းခြင်း ဖြစ်ပါတော့သည်။ ထိုထိုကောင်္ဂသ အစုအဝေးဌ် ရုပ်တရားနှင့် အတူတကွ——

အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။
အဝိစိ မနုသမ္ဗန္ဓေ၊ နဒီ သောတောဝ ဝတ္တတိ။

အညံ၊ တပါးသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အညံ၊ တပါးသော။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈဘိ၊ ချုပ်၏။ အဝိစိ ံ၊ အခြားမရှိသည်ဖြစ်၍။ အနုသမ္ဗန္ဓေ၊ အစဉ်ဆက်စပ်လျက်။ နဒီသောတောဝ၊ မြစ်ရေအလျဉ်ကဲ့သို့။ ဝတ္တတိ၊ ဖြစ်၍ နေလေတော့၏။

ဤသို့ ရှေသို့ တက်လှမ်းခြင်းစသည်တို့ဌ် မတွေ့မဝေခြင်းသည် အသမ္မောဟ သမ္မဇ္ဇဉ် မည်ပါသည်ဘုရား။

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ-ဟူသော ပုဒ်၏ အနက်သည် အပြီးအဆုံးသို့ ရောက်ပါပြီ။

အာလောကိတေ ဝိလောကိတေ အဖွင့်

အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ။

အာလောကိတေ၊ တူရှုကြည့်ရှုခြင်းဌ်ဌင်း။ဝိလောကိတေ၊ အထောင့်အရပ်သို့ ကြည့်ရှုခြင်းဌ်ဌင်း။ သမ္မဇာနကာရီ၊ ကောင်းစွာ အပြားအားဖြင့်သိ၍ ပြုလေ့ရှိသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ်ဌ် အာလောကိတေ ဝိလောကိတေ-ဟူသော ပုဒ်ဌ် အာလောကိတ မည်သည် ရှေသို့ ကြည့်ရှုခြင်းကို ဆိုပါသည်။ ဝိလောကိတ-မည်သည် အထောင့်အရပ်တို့ကို ကြည့်ရှုခြင်းကို ဆိုပါသည်။

တပါးလည်း ဖြစ်ကုန်သော အောက်အထက် နောက်အရပ်ကို ကြည့်ရှုခြင်း၏ အစွမ်းအားဖြင့် မော့၍ ကြည့်ခြင်း ငုံ၍ ကြည့်ခြင်း ထွေထွေပြားပြား

အားဖြင့် ကြည့်ခြင်း မည်သည်တို့သည်လည်း ရှိကြပါကုန်သေးသည်။ ထို ကြည့်ခြင်းမျိုးတို့ကို ဤနေရာ၌ မယူအပ်ပါကုန်။လျောက်ပတ်သည်၏ အစ္ဈမ်း အားဖြင့် ဤ နှစ်ပါးကုန်သော အာလောကန ဝိလောကန တို့ကိုသာလျှင် ယူအပ်ပါကုန်သည်။ဤ အာလောကန ဝိလောကနကို အမှူးပြုသဖြင့် အလုံးစုံ တို့ကိုလည်း ယူပြီးသား ဖြစ်ပါကုန်သည်ဘုရား။

အကျိုးကိုသိမ်းဆည်းလျှင် သာတ္ထကသမ္ပဇဉ်

ထိုပါဠိတော်ရပ်၌ ကြည့်တော့အံ့ ဟု စိတ်သည် ဖြစ်ပေါ်လတ်သည်ရှိသော် စိတ်၏အစ္ဈမ်းအားဖြင့် မကြည့်လိုက်သေးမူ၍ အကျိုးစီးပွါးကို သိမ်းဆည်းခြင်းသည် သာတ္ထကသမ္ပဇဉ မည်ပါသည်ဘုရား။ ထိုသာတ္ထက သမ္ပဇဉ်ကို အရှင်နန္ဒကို သက်သေထား၍ သိအပ်ပါသည်။ မြတ်စွာဘုရားသည်—

သစေ ဘိက္ခဝေ နန္ဒဿ ပုရတ္ထိမာ ဒိသာ အာလောကေတဗ္ဗာ ဟောတိ၊ သဇ္ဇံ စေတသာ သမန္နာဟရိတ္ဘာ နန္ဒော ပုရတ္ထိမံ ဒိသံ အာ-လောကေတိ ‘ဧဝံ မေ ပုရတ္ထိမံ ဒိသံ အာလောကယတော နာဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝိဿန္တိ’တိ။ ဣတိဟ သာတ္ထက သမ္ပဇာနော ဟောတိ။ သစေ ဘိက္ခဝေ နန္ဒဿ ပစ္ဆိမာ ဒိသာ၊ဥတ္တရာ ဒိသာ၊ ဒက္ခိဏာ ဒိသာ၊ ဥဒ္ဓံ၊ အဓော၊ အနုဒိသာ အနု ဝိလောကေတဗ္ဗာ ဟောတိ၊ သဇ္ဇံ စေတသာ သမန္နာဟရိတ္ဘာ နန္ဒော အနုဒိသံ အနုဝိလောကေဘိ ‘ဧဝံ မေ အနုဒိသံ အနုဝိလောကယတော ။ပ။ သမ္ပဇာနော ဟောတီတိ၊ဟောတိ- ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤစကားကို။ဝုတ္တံ၊ ဟောတော်မူအပ်ပါသည်ဘုရား။

ဘိက္ခဝေ၊ ရဟန်းတို့။ နန္ဒဿ၊ နန္ဒရဟန်းအား။ ပုရတ္ထိမာ ဒိသာ၊ အရှေ့ အရပ်မျက်နှာသည်။ အာလောကေတဗ္ဗာ၊ ကြည့်အပ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့ငြားအံ့။ ဧဝံ၊ ဤသို့။ မေ၊ ငါ့အား။ ပုရတ္ထိမံ ဒိသံ၊ အရှေ့အရပ်သို့။ အာလောကယတော၊ ကြည့်စဉ်။ ဝါ၊ ကြည့်သော။ မေ၊ ငါ့အား။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿ ဖြစ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ န အန္ဝာဿဝိဿန္တိ၊ မလွှမ်းမိုး မဖိစီးဘဲ ရှိကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ သတ္ထံ၊ အလုံးစုံကို။

စံစစ်ခဏ္ဍး ၃—၁၅—နာ-ဗု-သ

စေတသာ၊ စိတ်ဖြင့်။ သမန္နာဟာရိတ္ဝာ၊ ကောင်းစွာစုရုံးယူဆောင်ပြီး၍။ နန္ဒေါ၊ နန္ဒရဟန်းသည်။ ပုရုတ္ထိမံ ဒိသံ၊ အရှေ့အရပ်ကို။ အာလောကေတိ၊ ရှေးရှုကြည့်လေ၏။ ဣတိ၊ကျိသို့။ သာတ္ထကသမ္ပဇာနော၊သာတ္ထက သမ္ပဇဉ်သည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ နန္ဒသ၊ နန္ဒရဟန်းအား။ ပစ္ဆိမာ ဒိသာ၊ အနောက်မျက်နှာ အရပ်သည်။ ဥတ္တရာ ဒိသာ၊ မြောက်မျက်နှာအရပ်သည်။ ဒက္ခိဏာ ဒိသာ၊ တောင်မျက်နှာအရပ်သည်။ ဥဒ္ဓံ၊ အထက်အရပ်သည်။ အဓေ၊ အောက်အရပ်သည်။ အနုဒိသာ၊ အထောင့်အရပ်သည်။ အနုဝိလောကေတဗ္ဗာ၊ အစဉ်အတိုင်း ကြည့်ရှုအပ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့ငြားအံ့။ ဧဝံ၊ ဤသို့။ အနုဒိသံ၊ အထောင့်အရပ်ကို။ အနုဝိလောကယတော၊ ကြည့်သော။ မေ၊ ငါ့အား။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿ ဖြစ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်ဿာ။ ဓမ္မာ၊ တရားတို့သည်။ နအန္ဝာဿဝိဿန္တိ၊ မလွှမ်းမိုး မဖိစီးဘဲရှိကြကုန်လတ္တံ့။ ဣတိ၊ ကျိသို့။ သဗ္ဗံ၊ အလုံးစုံကို။ စေတသာ၊ စိတ်ဖြင့်။ သမန္နာဟာရိတ္ဝာ၊ ကောင်းစွာ စုရုံးဆောင်ယူပြီး၍။ နန္ဒေါ၊ နန္ဒရဟန်းသည်။ အနုဒိသံ၊ အထောင့်အရပ်မျက်နှာကို။ အနုဝိလောကေတိ၊ ကြည့်ရှုလေ၏။ဣတိ၊ ကျိသို့။ ဣဟ၊ ကျိနေရာ၌။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တနည်းအားဖြင့်လည်း ကျိနေရာ၌ ရှေး၌ ဆိုအပ်ခဲ့ပြီးသော စေတီတော်ကို ဖူးမြင်ခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် အကျိုးစီးပွါး ရှိသည်၏ အဖြစ်ကိုဌင်း၊ သင့်လျော်လျောက်ပတ်သည်၏ အဖြစ်ကိုဌင်း သိအပ်ပါသည်။

ကမ္မဋ္ဌာန်းမစွန့်လျင် ဂေါစရသမ္ပဇဉ်

ကမ္မဋ္ဌာန်းတရားကို မစွန့်လွှတ်ခြင်းသည် ဂေါစရသမ္ပဇဉ် မည်ပါသည်။ ထို့ကြောင့် ခန္ဓာ ဓာတ် အာယတန ကမ္မဋ္ဌာန်းရှိကုန်သော ပုဂ္ဂိုလ်တို့သည် မိမိ၏ ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့်သာလျင် ကသိုဏ်း အစရှိသော ကမ္မဋ္ဌာန်းရှိကုန်သော ပုဂ္ဂိုလ်တို့သည်လည်း ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်သာလျင် ရှေ့သို့ ကြည့်ခြင်း အထောင့် အရပ်သို့ ကြည့်ခြင်းကို ပြုအပ်ပါသည်။

အသမ္မောဟသမ္ပဇဉ် ခဲ့ပြခြင်း

ကိုယ်တွင်းဌ အတ္တမည်သော ကြည့်တတ်သည့် ပုဂ္ဂိုလ်သည်ရင်း ရှေသို့ ကြည့်တတ်သည့် ပုဂ္ဂိုလ်သည်ရင်း အထောင့်အရပ်တို့သို့ ကြည့်တတ်သည့် ပုဂ္ဂိုလ်သည်ရင်း မရှိပါ။ ရှေသို့ဘူရုကြည့်ရှုတော့အံ့-ဟု စိတ်ရှိသည် ဖြစ်လတ် သည်ရှိသော် ထိုဖြစ်သော စိတ်နှင့် တကွသာလျှင် စိတ်ကြောင့် ဖြစ်ပေါ်၍ လာသော ဝါယောဓာတ်သည် ကာယဝိညတ်ကို ဖြစ်စေလျက် ဖြစ်ပေါ်လာပါသည်။ ဤသို့ စိတ်၏ အမှုအရာကြောင့် ဖြစ်ပေါ်၍ လာသော ဝါယောဓာတ်၏ ပြန့်နှံ့ခြင်း၏ အစွမ်းအားဖြင့် အောက်ဖြစ်သော မျက်စိအပြင်သည် အောက်သို့ ဆုတ်နစ်၍ သွားပါသည်။ အထက်ဖြစ်သော မျက်စိအပြင်သည် အထက်သို့ လန်တက်၍ သွားပါသည်။ တစုံတယောက်သော ပုဂ္ဂိုလ်က ယန္တရား စက်ဖြင့် ဖွင့်လှစ်ပေးသည် မရှိပါ။ ထို့ကြောင့် စက္ခုဝိညာဉ်သည် မြင်ခြင်းကိစ္စကို ပြီးစေလျက် ဖြစ်ပေါ်ပါသည်။ ဤသို့ ကောင်းစွာ အပြားအားဖြင့် ဤအရာမျိုးဌ သိရှိခြင်းသည် အသမ္မောဟ သမ္ပဇဉ် မည်ပါသည်ဘုရား။

မူလပရိညာ

ထိုမှတပါးလည်း မူလပရိညာ,အာဂန္တုက,တာဝကာလိက အဖြစ် အစွမ်းအားဖြင့်လည်း ဤနေရာဌ အသမ္မောဟ သမ္ပဇဉ်ကို သိအပ်ပါသည်။ ရှေးဦးစွာ မူလပရိညာ၏ အစွမ်းအားဖြင့်—

ဘဝင်္ဂါ ဝဇ္ဇနဥ္စေဝ၊ ဒဿနံ သမ္ပဋိစ္ဆနံ။
သန္တီရဏံ ဝေါဋ္ဌပ္ပနံ၊ ဇဝနံ ဘဝတိ သတ္တမံ။

ဟူ၍ ဆိုသည့်အတိုင်း ဘဝင်, အာဝဇ္ဇန်း, ဒဿန ကိစ္စတပ်သော စက္ခုဝိညာဉ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ,ဝုဋ္ဌော, ခုနစ်ခုမြောက်သော ဇော ဖြစ်ပါသည်။

ထိုခုနစ်ပါးတို့တွင် ဘဝင်သည် ဥပပတ္တိဘဝ၏ အင်္ဂါ ကိစ္စကို ပြီးစေလျက် ဖြစ်ပါသည်။ ထိုကို ပြန်လည်ဆုတ်နစ်သည်ဖြစ်၍ ကိရိယာမနောဓာတ်သည် အာဝဇ္ဇန်း ကိစ္စကို ပြီးစေလျက် ဖြစ်ပါသည်။ ထိုကိရိယာ မနောဓာတ်ချုပ်သည်၏ အခြားမဲ့၌ စက္ခုဝိညာဉ်သည် မြင်ခြင်းကိစ္စကို ပြီးစေလျက် ဖြစ်ပါသည်။ ထိုစက္ခုဝိညာဉ်ချုပ်သည်၏ အခြားမဲ့၌ ဝိပါက မနောဓာတ်သည် သမ္ပဋိစ္ဆိုင်းကိစ္စကို ပြီးစေလျက် ဖြစ်ပါသည်။ ထိုဝိပါကမနောဓာတ်ချုပ်သည်

၏ အခြားမဲ့၌ ဝိပါက မနောဝိညာဏဓာတ်သည် သန္တီရဏကိစ္စကို ပြီးစေ၍ ဖြစ်ပါသည်။ထိုဝိပါက မနောဝိညာဏဓာတ် ချုပ်သည်၏ အခြားမဲ့၌ ကိရိယာ မနောဝိနာဏဓာတ်သည် ဝုဋ္ဌောကိစ္စကို ပြီးစေလျက် ဖြစ်ပါသည်။ ထိုဝုဋ္ဌော ချုပ်သည်၏ အခြားမဲ့၌ ခုနစ်ကြိမ်သော ဇောသည် စောပါသည်။

ထိုကဲ့သို့ ဖြစ်ရာ၌ ပဌမဇော၌လည်း ဤသူသည် မိန်းမ ဤသူသည် ယောကျ်ား ဟု တပ်ခြင်း ပြစ်မှားခြင်း တွေဝေခြင်း ၏ အစွမ်းအားဖြင့် ရှေသို့တူရွကြည့်ခြင်း အထောင့်အရပ်သို့ ကြည့်ခြင်းသည် မဖြစ်ပါ။ ဒုတိယ ဇော၌လည်း မဖြစ်ပါ။ပ။ သတ္တမဇော၌လည်း မဖြစ်ပါ။ ဤတရားတို့သည် စစ်မြေပြင်၌ စစ်သူကြီးတို့ကဲ့သို့ အထက် အောက် ပြန်လှန်သည်၏ အစွမ်း အားဖြင့် ပျက်စီး၍ ပျောက်ကွယ်ကြကုန်သည်ရှိသော် “ဤသည်ကား မိန်းမ ဤသည်ကား ယောကျ်ား” ဟု တပ်ခြင်း အစရှိသည် အစွမ်းအားဖြင့် ရှေသို့ တူရွကြည့်ခြင်း အထောင့်အရပ်သို့ ကြည့်ခြင်းသည် ဖြစ်ပါသည်။

ဤသို့ ရှေးဦးစွာ ဤအာလောကန ဝိလောကန ကြည့်ရှုရာ၌ မူလ ပရိညာ၏ အစွမ်းအားဖြင့် အသမ္မောဟသမ္ပဇဉ်ကို သိအပ်ပါသည်။

အာဂန္တုက အဖြစ်

စက္ခုဒ္ဒါရ၌ ရှုပါရုံသည် ရှေးရှုထင်ခြင်းသို့ ရောက်လတ်သည်ရှိသော် ဘဝင်လှုပ်ရှားသည်မှ အထက်၌ မိမိ မိမိကိစ္စကို ပြီးစေသည့် အစွမ်းအားဖြင့် အာဝဇ္ဇန်း အစရှိသည်တို့သည် ဖြစ်ကြ၍ ချုပ်ကြကုန်သည်ရှိသော် အဆုံး၌ ဇောသည် ဖြစ်ပေါ်ပါသည်။ ထိုဇောသည် ရှေးအဘို့၌ ဖြစ်ကြကုန်သော အာဝဇ္ဇန်း အစရှိသည်တို့၏ အိမ်သဖွယ် ဖြစ်၍ ဖြစ်သော မျက်စိတံခါး၌ အာဂန္တုက ဧည့်သည်ယောကျ်ားကဲ့သို့ ဖြစ်ပါသည်။

ထိုဧည့်သည်ယောကျ်း၏ တပါးသော အိမ်၌ တစုံတခုကို တောင်းရမ်း ခြင်းငှါ ဝင်စဉ် အာဂန္တုက ဖြစ်သော ယောကျ်း၏ အိမ့်ရှင် ဖြစ်ကုန်သော သူတို့သည် ဆိတ်ဆိတ်နေကြကုန်သည်ရှိသော် တစုံတခုသော အာဏာကို ပေးခြင်းသည် မသင့်မလျော် မလျောက်ပတ်သကဲ့သို့ ထို့အတူ အာဝဇ္ဇန်းအစ ရှိသည်တို့၏ အိမ်ဖြစ်၍ ဖြစ်သော မျက်စိတံခါး၌ အာဝဇ္ဇန်းအစရှိသည်တို့သည် မတပ်ကြကုန်သည်ရှိသော် မပြစ်မှားကြကုန်သည်ရှိသော် မတွေဝေကြကုန်သည် ရှိသော် တပ်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းသည် မသင့်မြတ်ပါ။ ဤသို့

အာဂန္တုကာ၏ အဖြစ်၏ အစွမ်းအားဖြင့်လည်း အသမ္မောဟသမ္ပဇဉ်ကို သိအပ်ပါသည်။

တာဝကာလိက အဖြစ်

အကြင်တရားတို့သည် စက္ခုဒ္ဒါရ၌ ဝုဋ္ဌော အဆုံးရှိကုန်သောစိတ်တို့သည် ဖြစ်ကြပါကုန်သည်။ ထိုစိတ်တို့သည် ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကြကုန်သော သမ္ပယုတ်တရားတို့နှင့် အတူတကွ ထိုထိုခဏတ္တယ၌ပင်လျှင် ပျက်စီးချုပ်ပျောက်၍ သွားကြပါကုန်သည်။ ထိုဝိထိစိတ်တို့သည် အချင်းချင်း တွေ့မြင်ခြင်းလည်း မရှိကြပါကုန်။ ဤမှ တပါးကုန်သော ဝိထိစိတ်တို့သည်လည်း အခိုက်အတံ့သာ ဖြစ်ကြပါကုန်သည်။

ထိုစကားရပ်၌ တခုတည်းသော အိမ်၌ အလုံးစုံကုန်သော လူတို့သည် သေဆုံးကြကုန်သည်ရှိသော် ကြွင်းကျန်၍ နေသော တယောက်တည်းသော သူ၏ သေခြင်းတရား အောက်မေ့၍ နေစဉ် ထိုခဏ၌ပင်လျှင် ကခြင်း သီခြင်း အစရှိသည်တို့၌ မွေ့လျော်၍ နေခြင်းငှါ မသင့်လျော်တော့ပါ။ ထိုကဲ့သို့ မသင့်လျော်လေဘိသကဲ့သို့ တခုသော ဒွါရ၌ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကြကုန်သော အာဝဇ္ဇန်းအစရှိသည်တို့သည် ထိုထိုခဏတ္တယ၌ ချုပ်ဆုံး ကွယ်ပျောက်ကြကုန်သည်ရှိသော် ကြွင်းကျန်၍ နေသော ထိုခဏ၌ ဖြစ်သော သေခြင်းသဘောတရားရှိသော ဇောအားလည်း တပ်ခြင်း ပြစ်မှားခြင်း တွေဝေခြင်း၏ အစွမ်းအားဖြင့် မွေ့လျော်၍ နေခြင်းမှါ မသင့်လျော်မလျောက်ပတ်တော့ပါ။

ဤသို့ တာဝကာလိက အခိုက်အတန့်အဖြစ်၏ အစွမ်းအားဖြင့် အသမ္မောဟသမ္ပဇဉ်ကို သိအပ်ပါသည်။

ခန္ဓာစသည်ဖြင့် သိအပ်ပုံ

ထိုမှတပါး ခန္ဓာ အာယတန ဓာတ် ပစ္စည်း ပစ္စဝေက္ခဏာ၏ အစွမ်းအားဖြင့်လည်း ဤသမ္ပဇညကို သိအပ်ပါသည်။

မှန်ပါ၏၊ ဤဝိထိစိတ်တို့၌ စက္ခုပသာဒသည်ဌင်း ရူပါရုံတို့သည်ဌင်း ရူပက္ခန္ဓာ မည်ပါသည်။ စက္ခုဝိညာဉ်သည် ဝိညာဏက္ခန္ဓာ မည်ပါသည်။ ထို စက္ခုဝိညာဉ်နှင့် သမ္ပယုတ္တဓမ္မဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်ပါသည်။ သညာသည် သညာက္ခန္ဓာ မည်ပါသည်။ ဖဿ အစရှိကုန်သော တရား

တို့သည် သခ်ါရကၠန္ဓာ မည်ပါသည်။ ဤသို့ ထိုငါးပါးကုန်သော ခန္ဓာတို့၏ ပေါင်းစုရာဌ် ရှေသို့ တူရွကြည့်ရှုခြင်း အထောင့်အရပ်သို့ ကြည့်ရှုခြင်းသည် ဖြစ်ပေါ်၍ လာပါသည်။ ထိုကဲ့သို့ ခန္ဓာငါးပါး ဖြစ်ပျက်၍ နေရာဌ် အဘယ်သူ တစုံတယောက်သည် ရှေသို့တူရွကြည့်ရှုသည် မည်ပါတော့သနည်း။အဘယ်သူသည် အထောင့်အရပ်သို့ ကြည့်ရှုသည် ဖြစ်ပါတော့သနည်း။

ထို့အတူ စက္ခုပသာဒသည် စက္ခာယတန၊ ရူပါရုံသည် ရူပါယတန၊ စက္ခုဝိညာဉ်သည် မနာယတန၊ ဝေဒနာ အစရှိကုန်သော ထိုစက္ခုဝိညာဉ်နှင့် ယှဉ်ကုန်သော တရားတို့သည် ဓမ္မာယတန။ ဤသို့ ဤလေးပါးကုန်သော အာယတနတရားတို့၏ ပေါင်းဆုံမိရာဌ် ရှေသို့ တူရွကြည့်ရှုခြင်း အထောင့်အရပ်သို့ ကြည့်ရှုခြင်း သည် ထင်ရှားဖြစ်ပေါ်၍ လာပါသည်။ ထိုသို့ ဖြစ်ပေါ်ရာဌ် အဘယ်သူ တစုံတယောက်သည် ရှေသို့ တူရွ ကြည့်ရှုပါတော့သနည်း။ အဘယ်သူသည် အထောင့်ဒအရပ်သို့ ကြည့်ရှုပါတော့သနည်း။

ထို့အတူ စက္ခုပသာဒသည် စက္ခုဓာတ်၊ ရူပါရုံသည် ရူပဓာတ်၊ စက္ခုဝိညာဉ်သည် စက္ခုဝိညာဏဓာတ်၊ ထိုစက္ခုဝိညာဉ်နှင့် ယှဉ်ကုန်သော ဝေဒနာစသော တရားတို့သည် ဓမ္မဓာတ်။ ဤသို့ လေးပါးကုန်သော ဤဓောတ်တရားတို့၏ ပေါင်းဆုံမိရာဌ် ရှေသို့တူရွကြည့်ရှုခြင်း အထောင့်အရပ်သို့ ကြည့်ရှုခြင်း သည် ထင်ရှားဖြစ်ပေါ်၍ လာပါသည်။ ထိုသို့ ကြည့်ရှုရာဌ် အဘယ်သူ တစုံတယောက်သည် ရှေသို့တူရွကြည့်ရှုပါတော့သနည်း။အဘယ်သူတစုံတယောက်သည် အထောင့်အရပ်သို့ ကြည့်ရှုပါတော့သနည်း။

ထို့အတူ စက္ခုဟူ ဆိုအပ်သော စက္ခုပသာဒသည် မျက်စိသည် နိဿယပစ္စည်းဖြစ်ပါသည်။ ရူပါရုံသည် အာရမ္မဏပစ္စည်း ဖြစ်ပါသည်။ အာဝဇ္ဇန်းသည် အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတပစ္စည်း တပ်ပါသည်။ အရောင်အလင်းသည် ဥပနိဿယပစ္စည်းတပ်ပါသည်။ ဝေဒနာစသော တရားတို့သည် သဟဇာတပစ္စည်း တပ်ကြပါကုန်သည်။ ဤသို့ ထိုပစ္စည်းတပ်၍ နေကြကုန်သော တရားတို့၏ အတူတက္ခ ပေါင်းဆုံမိရာဌ် ရှေသို့တူရွကြည့်ရှုခြင်း အထောင့်အရပ်သို့ ကြည့်ရှုခြင်းသည် ထင်ရှားဖြစ်ပေါ်၍ လာပါသည်။ ထိုကဲ့သို့ ဖြစ်ပေါ်ရာဌ် အဘယ်သူ တစုံတယောက်သည် ရှေသို့တူရွကြည့်ရှုပါတော့သနည်း။ အဘယ်သူသည် အထောင့်အရပ်သို့ ကြည့်ရှုပါတော့သနည်း။

ဤသို့ ဤကြည့်ရှုရာ၌ ခန္ဓာ အာယတန ဓာတ် ပစ္စယ ပစ္စဝေက္ခဏာ၏ အစွမ်းအားဖြင့်လည်း အသမ္မောဟ သမ္ပဇဉ်ကို သိရှိအပ်၏ ဟူ၍ အဋ္ဌကထာဆရာ မြတ် မိန့်အပ်ပါသည်ဘုရား။

ကွေးရာဆန့်ရာ၌ သမ္ပဇဉ်ဖြင့် သိပုံများ

သမိဉ္ဇတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။

သမိဉ္ဇတေ၊ ကွေးသောအခါကာလ၌ရင်း။ ပသာရိတေ၊ ဆန့်သော အခါကာလ၌ရင်း။ သမ္ပဇာနကာရီ။ ကောင်းစွာ အပြားအားဖြင့်သိ၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ်၌ သမိဉ္ဇတေ ပသာရိတေ-ဟူသော ပုဒ်၏ အဖွင့်ကို အဋ္ဌကထာဆရာမြတ်သည် မိန့်ပြတော်မူလိုသည်ဖြစ်၍—

သမိဉ္ဇတေ ပသာရိတေတိ ပဇွာနံ သမိဉ္ဇန ပသာရဏေ။

ပဇွာနံ၊ အဆစ်တို့၏။ သမိဉ္ဇနပသာရဏေ၊ ကွေးခြင်း ဆန့်ခြင်း၌။ သမ္ပဇာနကာရီ၊ ကောင်းစွာ အပြားအားဖြင့် သိ၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏ ဟု မိန့်တော်မူပါသည်။

ထိုသို့ ကွေးရာ ဆန့်ရာ၌ စိတ်၏အစွမ်းအားဖြင့်သာလျှင် ကွေးခြင်း ဆန့်ခြင်းကို မပြုမူ၍ လက်ခြေတို့၏ ကွေးခြင်း ဆန့်ခြင်း တည်းဟူသော အကြောင်းကြောင့် အကျိုးရှိသည် မရှိသည်ကို သိမ်းဆည်းပြီး၍ အကျိုးရှိသည်ကို သိမ်းဆည်းခြင်းသည် သာတ္ထကသမ္ပဇဉ် မည်ပါသည်ဘုရား။

ထိုသာတ္ထကသမ္ပဇဉ်၌ ထိုကွေးခြင်း ဆန့်ခြင်း၌ လက်ခြေတို့ကို အလွန်ကြာမြင့်စွာ ကွေး၍ထားသည် ဖြစ်၍ရင်း အလွန်ကြာမြင့်စွာ ဆန့်၍ထားသည် ဖြစ်၍သာလျှင်ရင်း တည်ရှိနေသေးသော ပုဂ္ဂိုလ်အား ခဏတိုင်း ခဏတိုင်း၌ ဒုက္ခဝေဒနာတို့သည် ဖြစ်တတ်ကြပါကုန်သည်။ ထိုကမ္မဋ္ဌာန်းထိုင်သော ပုဂ္ဂိုလ်၏ စိတ်သည် တည်ကြည်သည်၏ အဖြစ်ကို မရ မရှိနိုင်ပါ။ ကမ္မဋ္ဌာန်းသည် ရှေ့လျှောကျဆင်း၍ သွားတတ်ပါသည်။ တရားအထူးကိုလည်း မရနိုင်ပါ။ အခါကာလ၌ကွေးသော ပုဂ္ဂိုလ်အားဖြင်း အခါကာလ၌ဆန့်သော ပုဂ္ဂိုလ်အားဖြင်း ထိုဆိုအပ်ခဲ့ပြီးသော ဒုက္ခဝေဒနာတို့သည် မဖြစ်-မပေါ်ကြပါကုန်။

ကမ္မဋ္ဌာန်း ထိုင်သော ပုဂ္ဂိုလ်၏စိတ်သည် တည်ကြည်ခြင်း ဖြစ်ပါသည်။ ကမ္မာန်းသည် ပြန့်ပြောခြင်းသို့ ရောက်ပါသည်။တရားအထူးကို ရနိုင်ပါသည်။ ဤသို့အကျိုးရှိသည် မရှိသည်ကို သိမ်းဆည်းခြင်းကို သိအပ်ပါသည်ဘုရား။

အကျိုးရှိရာဌာနလည်း လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိမ်းဆည်း၍ လျောက်ပတ်သည်ကိုသာလျှင် သိမ်းဆည်းခြင်းသည် သပ္ပါယသမ္မဇဉ် မည်ပါသည်ဘုရား။

မသင့်တင့်ရာဌာန ဆန့်မိလျှင်

ထိုသပ္ပါယ သမ္မဇဉ်ဌာန ဤဆိုလတ္တံ့သည်ကား နည်းပင် ဖြစ်ပါသည်။ မဟာစေတီ ယင်ပြင်ဌာန ငယ်ရွယ်ကုန်သော ရဟန်းတို့သည် ပါဋိတော် သရဇ္ဈာယ်ခြင်းကို ပြုကြပါကုန်သည်။ ထိုရဟန်းငယ်တို့၏ နံဘေးဘက်ဌာန ငယ်ရွယ်သူ ဘိက္ခုနီမတို့သည် တရားကို နာယူကြပါကုန်သည်။ ထိုရဟန်းငယ်တို့တွင် တပါးသော ရဟန်းငယ်သည် လက်ကို ဆန့်တန်းလိုက်သည်ရှိသော် ကိုယ်လက်နှိုးနှောမိခြင်းသို့ ရောက်သည် ဖြစ်၍ ထိုကိုယ်လက်နှိုးနှောမိသော အကြောင်းကြောင့်သာလျှင် လူဖြစ်၍ သွားပါတော့သည်ဘုရား။ တပါးသော ရဟန်းငယ်သည်လည်း ခြေကို ဆန့်လိုက်သည်ရှိသော် မီးပုံထဲ၌ ခြေကို ဆန့်မိပါတော့သည်။ အရိုးထိအောင် ခြေတောက်သည် မီးလောင်၍ သွားပါသည်ဘုရား။ တပါးသော ရဟန်းငယ်သည် တောင်ပို့၌ ခြေကို ဆန့်မိပါသည်။ ထိုရဟန်းကို လျင်သော အဆိပ်ရှိသော မြွေသည် ကိုက်ခဲအပ်ပါသည်ဘုရား။ တပါးသော ရဟန်းသည် သင်္ကန်းတန်း၌ ဆန့်မိပါသည်။ ထိုရဟန်းကို မြွေစိမ်းကိုက်ပါသည်။ ထို့ကြောင့် ဤကဲ့သို့ မလျော်သော အရပ်ဌာန၌ မဆန့်မတန်းမှု၍ သင့်လျော် လျောက်ပတ်သော အခါ၌ ဆန့်တန်းခြင်းကို သိအပ်ပါသည်ဘုရား။ဤအရာ၌ ဤဆိုအပ်ခဲ့ပြီးသည်ကား သပ္ပါယသမ္မဇဉ် ပင်မည်ပါသည်။

မဟာဃောရ ဝတ္ထု

ထိုမှတပါး ဂေါစရသမ္မဇဉ်ကို မဟာဃောရဝတ္ထုဖြင့် ပြအပ်ပါသည်ဘုရား။အသက်ဝါ ကြီးတော်မူသော မထေရ်မြတ်ကြီးတပါးသည် နေ့သန့်စင်ရာအရပ်၌ ထိုင်နေတော်မူသည်ရှိသော် အနီးနေတပည့်တို့နှင့် အတူတကွ စကားပြောဆိုရင်းပင် ရုတ်ချည်းဖြင့် မိမိလက်ကို ကွေးလိုက်မိသည်ဖြစ်၍

နောက်တဖန် ထားမြဲတိုင်းသော နေရာ၌ ထား၍ တဖြေးဖြေး ပြန်၍ ကွေးပါသည်ဘုရား။ ထိုအခြင်းအရာကို အနီးနေတပည့်တို့က——

ကသ္မာ ဘန္တေ သဟသာ ဟတ္ထံ သမိဉ္ဇိတ္ဝာ ပုန ယထာဌာနေ ဌပေတ္ဝာ သဏိကံ သမိဉ္ဇိတ္ထာတိ။

ဘန္တေ၊အရှင်ဘုရား။ ကသ္မာ၊အဘယ့်ကြောင့်။ သဟသာ၊ အဆော တလျင်။ ဝါ၊ ရုတ်တရက်။ ဟတ္ထံ၊ လက်ကို။ သမိဉ္ဇိတ္ဝာ၊ ကွေးပြီးမှ။ ပုန၊ နောက်ထပ်တဖန်။ ယထာဌာနေ၊ ထားမြဲတိုင်းသော နေရာ၌။ ဌပေတ္ဝာ၊ ထား၍။ သဏိကံ၊ဖြေးဖြေး။ တုမ္ဟေ၊ အရှင်ဘုရားတို့သည်။ သမိဉ္ဇိတ္ထ၊ ကွေးကြရပါကုန်သနည်းဘုရား။ ဣတိ၊ ဤသို့။ ပုစ္ဆိ ံသု၊ မေးလျှောက်ကြလေကုန်ပြီ။

ထိုကဲ့သို့ အနီးနေ တပည့်တို့က မေးမြန်းလျှောက်ထားသော အခါ မထေရ်မြတ်က——

ယတော ပဋ္ဌာယ မယာ အာဝုသော ကမ္မဋ္ဌာနံ မနသိကာတုံ အာ-ရဒ္ဓါ၊ န မေ ကမ္မဋ္ဌာနံ မုဉ္ဆိတ္ဝာ ဟတ္ထော သမိဉ္ဇိတပုဗ္ဗော၊ ဣဒါနိ ပန မေ တုမ္ဟေဟိ သဒ္ဓိ ံ ကထယမာနေန ကမ္မဋ္ဌာနံ မုဉ္ဆိတ္ဝာ သမိဉ္ဇိတော၊ တသ္မာ ပုန ယထာ ဌာနေ ဌပေတ္ဝာ သမိဉ္ဇေသိန္တိ။

အာဝုသော၊ငါ့ရှင်တို့။ယတော၊အကြင်အခါကာလမှ။ပဋ္ဌာယ၊ စ၍။ မယာ၊ ငါသည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မနသိကာတုံ၊ နှလုံးသွင်း ခြင်းကို ပြုခြင်းငှါ။ အာရဒ္ဓါ၊ အားထုတ်အပ်ပြီ။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်း ကို။ မုဉ္ဆိတ္ဝာ၊ လွှတ်၍။ မေ-မယာ၊ ငါသည်။ ဟတ္ထော၊ လက်ကို။ နသမိဉ္ဇိတပုဗ္ဗော၊ မကွေးအပ်စဘူး။ ပန၊ သို့သော်လည်း။ ဣဒါနိ၊ ယခုအခါ၌။ မေ-မယာ၊ ငါသည်။ တုမ္ဟေဟိ၊ သင်တို့နှင့်။ သဒ္ဓိ ံ၊ တကွ။ ကထယမာနေန၊ စကားပြော၍ နေမိသဖြင့်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မုဉ္ဆိတ္ဝာ၊ လွှတ်၍။ သမိဉ္ဇိတော၊ ကွေးမိလေပြီ။ တသ္မာ၊ထို့ကြောင့်။ ပုန၊ နောက်တပ်တဖန်။ ယထာဌာနေ၊ထားမြဲတိုင်းသော နေရာ၌။ဌပေတ္ဝာ၊ ထား၍။ အဟံ၊ ငါသည်။ သမိဉ္ဇေသိ ံ၊ ကွေးရပါသတည်း။

ဤသို့ မိန့်တော်မူပါသည်ဘုရား။ ဤမိန့်တော်မူချက်ကို ကြားရသော တပည့်တပန်း ရဟန်းတို့က——

သာဓု ဘန္တေ ဘိက္ခုနာ နာမ ဝေရူပေန ဘဝိတာပဗ္ဗန္တိ။

ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းလှပါသည်။ ဘိက္ခုနာနာမ၊ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်မည်သည်။ ဝေရူပေန၊ ဤသို့ သဘောရှိသဖြင့်။ ဘဝိတပ္ပံ၊ ဖြစ်ထိုက်ပါတော့သည်ဘုရား။

ဤသို့ လျှောက်ထားကြပါကုန်သည်။ ဤသို့ ဤကွေးရာ ဆန့်ရာ၌ ကမ္မဋ္ဌာန်းကို မလွှတ်ခြင်းကိုပင်လျှင် ဂေါစရသမ္ပဇဉ် ဟူ၍ သိအပ်ပါသည်ဘုရား။

ယန္တရားစက်ရုပ်ကဲ့သို့

ကိုယ်ခန္ဓာ၏ အတွင်း၌ တစုံတယောက်သော ကွေးတတ် ဆန့်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မည်သည် မရှိပါ။ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်၏ ပြန့်နှံ့ခြင်းဖြင့် ချည်ကြိုးဖြင့် ဆွဲ၍ နေအပ်သည်၏ အစွမ်းအားဖြင့် ယန္တရား စက်ရုပ်၏ လက်ခြေတို့၏ လှုပ်ရှားခြင်းကဲ့သို့ ကွေးခြင်း ဆန့်ခြင်းသည် ဖြစ်ရပါတော့သည်။ ဤသို့ သိခြင်းသည် ဤနေရာ၌ အသမ္မောဟသမ္ပဇဉ် ဟူ၍ သိအပ်ပါတော့သည်ဘုရား။

ပရိကမ္မရာဆောင်ရာ၌ သမ္ပဇဉ်ပြုပုံများ

သဃ်ာဋိပတ္တာဓိဝရဓာရဏော သမ္ပဇာနကာရီ ဟောတိ။

သဃ်ာဋိပတ္တာဓိဝရဓာရဏော၊ ဒုက္ခဋ္ဌ သင်္ကန်း, သပိတ်, သင်္ကန်းကို ဆောင်ခြင်း၌။ သမ္ပဇာနကာရီ၊ ကောင်းစွာ အပြားအားဖြင့် သိ၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ဟောတော်မူအပ်သော ပါဠိတော်မြတ် စကားရပ်၌ ဒုက္ခဋ္ဌ သင်္ကန်းနှင့် ကိုယ်ဝတ်သင်္ကန်းတို့ကို ဝတ်ခြင်း ရုံခြင်း၏ အစွမ်းအားဖြင့်ဂင်း သပိတ်ဖြင့် ဆွမ်းကို ခံယူခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်ဂင်း သုံးဆောင်ခြင်းသည် ဓာရဏာ မည်ပါသည်။

ထိုသပိတ် သင်္ကန်းတို့ကို သုံးဆောင်ခြင်း၌ ရှေးဦးစွာ နှစ်ထပ်သင်္ကန်းနှင့် ကိုယ်ဝတ်သင်္ကန်းတို့ကို ဝတ်၍ ရုံ၍ ဆွမ်းအလိုငှါ လှည့်လည်သော ပုဂ္ဂိုလ်အား "အာမိသလာဘော၊ ပစ္စည်းလေးပါး အာမိသကို ရခြင်းသည်ဂင်း။ သီတာသး၊ အအေးကို။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းအကျိုးငှါဂင်း" ဤသို့ အစရှိသော နည်းဖြင့် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော အကျိုး

သည်သာလျှင် အကျိုးမည်ပါသည်ဘုရား။ ထိုအကျိုး၏ အစွမ်းအားဖြင့် သာတ္ထကသမ္ဘဇဉ်ကို သိအပ်ပါတော့သည်။

ထိုမှတပါး ပကတိသဘောက ခန္ဓာကိုယ် ဟူသော သဘောရှိသော အားနည်းသောပုဂ္ဂိုလ်အား နှုးညံ့သိမ်မွေ့သော သင်္ကန်းသည် လျောက်ပတ်ပါသည်။ ပကတိသဘောက အအေးလွန်ကဲ၍ နေသော ပုဂ္ဂိုလ်အား ထူထဲသော တခဲနက်သော နှစ်ထပ်သင်္ကန်းသည် အပ်ပါသည်။ ထိုမှ အပြန်ဖြစ်သော သင်္ကန်းသည် မလျောက်ပတ်ပါ။ အမှတ်မထား တစုံတယောက်သော ပုဂ္ဂိုလ်အား ဆွေးမြေ့၍ နေသော သင်္ကန်းသည် မလျောက်ပတ်သည်သာလျှင်တည်း။ သင်္ကန်းအစုတ်ကို ဖာခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် ထိုရဟန်းအား များစွာသော အနှောင့်အရှက်ဟူ ဆိုအပ်သော ပလိဗောဓသည် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ပဋ္ဋုဏ္ဏ ဒုကူလ စသည် အပြားရှိသော သင်္ကန်းသည် သူခိုးတို့၏ နှစ်သက် အာရုံစွဲလမ်းစရာ ဖြစ်ပါတော့သည်။ ထိုကဲ့သို့သော သင်္ကန်းမျိုးသည် တောၵ္ခ တပါးထီးတည်း သီတင်းသုံး၍ နေသော တောကျောင်းနေ ပုဂ္ဂိုလ်၏ ဝတ်ရုံခြင်း၏ အန္တရာယ်သည်ၵင်း အသက်၏အန္တရာယ်သည်ၵင်း ဖြစ်တတ်ပါသည်။မုချအားဖြင့် ဩဘာနိမိတ် အရိပ်အရောင် စသည်ကိုပြု၍ မှားသော အသက်မွေးခြင်း၏ အစွမ်းဖြင့် အကြင်သင်္ကန်းစသည်သည် ဖြစ်၏။အကြင်သင်္ကန်းစသည်ကို ဝတ်ရုံ၍နေသော ထိုရဟန်းအား အကုသိုလ်တရားတို့သည် တိုးပွါး၍ နေကြပါကုန်တော့သည်။ ကုသိုလ်တရား တို့သည် ဆုတ်ယုတ်၍သွားပါကုန်သည်။ ထိုကဲ့သို့သော မတရားသော နည်းဖြင့် ရသော သင်္ကန်းမျိုးသည် မလျောက်ပတ်ပါ။ ထိုမှ အပြန်ဖြစ်သော သင်္ကန်းသည် လျောက်ပတ်ပါသည်။ ထိုလျောက်ပတ် သည်၏ အစွမ်းအားဖြင့် ဤနေရာ၌ သပ္ပါယသမ္ဘဇဉ်ကိုၵင်း, ကမ္မဋ္ဌာန်းကို မစွန့်လွှတ်ခြင်း၏ အစွမ်းအားဖြင့် ဂေါစရသမ္ဘဇဉ်ကိုၵင်း သိအပ်ပါသည်ဘုရား။

ခန္ဓာကိုယ်တွင်း၌ သင်္ကန်းကို ရုံ၍ ပေးတတ်သော တစုံတယောက်သော အတ္တဟူ ဆိုအပ်သော ငါသည် မရှိပါ။ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် စိတ်သည် လှုပ်ရှားစေအပ်သော ဝါယောဓာတ်၏ ပြန့်နှံ့ခြင်း၏ အစွမ်းအားဖြင့်သာလျှင် သင်္ကန်းကို ရုံခြင်းသည် ဖြစ်ရုပါတော့သည်။ ထိုကဲ့သို့ သင်္ကန်းရုံရာ၌သင်္ကန်းသည်လည်း စိတ်စေတနာမရှိသော သဘောတရား ရုပ်တရားပင်

ဖြစ်ပါသည်။ ကိုယ်သည်လည်း စိတ်စေတနာမရှိသော သဘောတရားပင် ဖြစ်ပါသည်။ သင်္ကန်းကလည်း—

မယာ၊ ငါသည်။ ကာယော၊ ခန္ဓာကိုယ်ကြီးကို။ ပါရုပိတော၊ ဝတ်ရုံ၍ ထားအပ်၏။ ဣတိ၊ ဤသို့။ နံ ဇာနာတိ၊ မသိပါ။

သင်္ကန်းကလည်း ခန္ဓာကိုယ်ကို ဝတ်ရုံ၍ ထားသည်ဟူ၍ မသိပါ။ ခန္ဓာကိုယ်ကလည်း ငါ့ကို သင်္ကန်းက ရစ်ပတ်၍ ထားသည်ဟူ၍ အချင်းချင်း မသိကြပါ။ ဓာတ်သဘောတရားတို့သည်သာလျှင် ဓာတ်သဘော အစုအဝေးဖြစ်သော ခန္ဓာကိုယ်ကို အဝတ်ပိုင်းဖြင့် ယမင်းရုပ်ကို ဖုံးလွှမ်း၍ ထားဘိသကဲ့သို့ အဝတ်ပိုင်းဖြင့် ဓာတ်အစုအပေါင်း ဖြစ်သော ခန္ဓာကိုယ်ကြီးကို ဖုံးလွှမ်း၍ ထားကြပါကုန်တော့သည်။

တောင်ပို့နှင့်သစ်ပင်ပမာ ကျင့်ကြံရာ၏

ထို့ကြောင့် ကောင်းသော သင်္ကန်းကိုရ၍ နှစ်သက်ဝမ်းမြောက်ခြင်းကို လည်း မပြုအပ်တော့ပါ။ မကောင်းသော သင်္ကန်းကိုရ၍လည်း နှလုံးမသာယာမှုကို မပြုအပ်ပါ။ မှန်လှ၏။ ကံ့ကော်ပင် တောင်ပို့စေတီပြုလုပ်၍ ထားသော သစ်ပင်စသည်တို့၌ အခို်ကုန်သော သူတို့သည် ပန်းနံ့သာ အခိုးအထုံ အဝတ်စသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုကြပါကုန်သည်။ အခို်သူတို့ကမူကား ကျင်ကြီး ကျင်ငယ်ရှဲညှန်၌တုတ် လှံကန်တို့ဖြင့် ပုတ်ခတ်ခြင်း စသည်တို့ဖြင့် မရိုမသေပြုကြပါကုန်သည်။ ထို့ဆို့အပ်ခဲ့ပြီးသော ကံ့ကော်ပင် တောင်ပို့စေတီထိုက်သော သစ်ပင်စသည်တို့ သည် ထို့သူတို့ကပြုလုပ်ခြင်းကြောင့် ဝမ်းမြောက်မှုကိုလည်း နှလုံးမသာယာမှုကိုလည်း မပြုကြပါကုန်။ ဤအတူ သာလျှင် ကောင်းသော သင်္ကန်းကိုရ၍လည်း နှစ်သက်ဝမ်းမြောက်မှုကို မပြုအပ်ပါ။ မကောင်းသော သင်္ကန်းကိုရ၍လည်း ဝမ်းနည်းခြင်း နှလုံးမသာယာခြင်းကို မပြုအပ်ပါ။ ဤသို့ ပဝတ္တပဋိသန္ဓေနှ၏ အစွမ်းအားဖြင့် ဖြစ်ပေါ်တိုင်းကို တရားအားလျော်စွာ ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ဤနေရာ၌ အသမ္မောဟ သမ္မာဇဉ်ကို သိအပ်ပါသည်ဘုရား။

သပိတ်နှင့်ဆိုင်ရာများ

သပိတ်ကိုဆောင်ရာ၌လည်း ရှေးဦးစွာ သပိတ်ကို အဆောတလျင် မယူလိုက်သေးမူ၍ —

ကျွမ်၊ ဤသပိတ်ကို။ ဂဟေတ္ဝာ၊ ယူ၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရမာနော၊ လှည့်လည်သည်ရှိသော်။ ဝါ၊ လှည့်လည်သော။ အဟံ၊ ငါသည်။ ဘိက္ခံ၊ ဆွမ်းကို။ လဘိဿာမိ၊ ရတော့အံ့။ ဣတိဧဝံ၊ ဤသို့။ ပတ္တဂ္ဂဟာဏပစ္စယာ၊ သပိတ်ကို လက်၌စွဲကိုင်ရခြင်းတည်းဟူသော အကြောင်းကြောင့်။ ပဋိလဘိတဗ္ဗအတ္ထဝသေန၊ ရအပ်သော အကျိုးကျေးဇူး၏ အစွမ်းအားဖြင့်။ သာတ္ထကသမ္မဇညံ၊ သာတ္ထကသမ္မဇဉ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပိန်ချုံးချိနဲ့၍ အားနည်းသော ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်အား လေးလံသော သပိတ်သည် မသင့်လျော် မလျောက်ပတ်ပါ။ အမှတ်မထား တပါးပါးသော ပုဂ္ဂိုလ်အား လေးဆ ငါးဆရှိသော သုတ်သင်ဘို့ရာ ခဲယဉ်းလှသော သပိတ်သည် မလျောက်ပတ်ပါ။မကောင်းသဖြင့် ဆေးကြောအပ်သောသပိတ်သည်လည်း မအပ်ပါ။ ထိုသပိတ်ကို ဆေးကြော၍ နေရသော ရဟန်းအား မျှားစ့ဉာသော အနှောင့်အရှက်သည် ဖြစ်တတ်ပါသည်။ ပတ္တမြားညို အဆင်းရှိသော သပိတ်သည်မူကား လောဘ၏ အာရုံဖြစ်၍ သက်နှံး၌ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် သာလျှင် မလျော် မလျောက်ပတ်ပါ။ ဩဘာနိမိတ် အရိပ်အရောင်ပြုခြင်း စသည် အစွမ်းအားဖြင့် ရအပ်သော သပိတ်သည် မလျောက်ပတ်ပါ။ အကြင်ပုဂ္ဂိုလ်အား ထိုသပိတ်ကို မှီဝဲ၍နေ၏။ ထိုမှီဝဲသုံးဆောင်၍ နေသော ပုဂ္ဂိုလ်အား အကုသိုလ်တရားတို့သည် တိုးပွါး၍ နေကြပါကုန်သည်။ ကုသိုလ်ဘရားဘို့သည် ဆုတ်ယုတ်၍ နေကြပါကုန်သည်။ ထိုကြောင့် ဩဘာနိမိတ် အရိပ်အရောင် စသည်ဖြင့် မတရားသော နည်းဖြင့် ရအပ်သော သပိတ်သည် စင်စစ်အားဖြင့် မလျောက်ပတ်သော သပိတ်ပင် ဖြစ်ပါတော့သည်။ ထိုမှ အပြန် တရားသဖြင့် ရအပ်သော သပိတ်သည် လျောက်ပတ်ပါသည်။ ထိုလျောက်ပတ်သည်၏ အစွမ်းအားဖြင့် ဤနေရာ၌ သပွါယသမ္မဇညကိုဂင်း၊ ကမ္မဋ္ဌာန်းကို မစွန့်လွှတ်ခြင်း၏ အစွမ်းအားဖြင့် ဂေါစရသမ္မဇဉ်ကိုဂင်း သိအပ်ပါတော့သည်ဘုရား။

ခန္ဓာကိုယ်တွင်း၌ သပိတ်ကို ကိုင်ယူတတ်သော တစုံတယောက်သော အတ္တဟု ဆိုအပ်သော ပုဂ္ဂိုလ်သတ္တဝါမည်သည် မရှိပါ။ဆိုခဲ့အပ်ပြီးသောအပြား အားဖြင့် စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည် ပြန့်နှံ့သည်၏ အစွမ်းအားဖြင့်သာလျှင် သပိတ်ကို ကိုင်ဆောင်ခြင်းသည် ဖြစ်ပါတော့သည်။

ထိုသပိတ်ကို ကိုင်ဆောင်ရာ၌လည်း သပိတ်သည် စိတ်စေတနာမရှိသော သဘောတရား ဖြစ်ပါသည်။ လက်တို့သည်လည်း စိတ်စေတနာ မရှိသော သဘောတရားတို့ ဖြစ်ကြပါကုန်သည်။ သပိတ်ကလည်း ငါ့ကို လက်တို့ဖြင့် ကိုင်ယူ၍ ထားအပ်၏ ဟူ၍ မသိပါ။ လက်တို့ကလည်း ငါတို့သည် သပိတ်ကို ကိုင်ယူ၍ ထားအပ်၏ ဟူ၍ အချင်းချင်း မသိကြပါကုန်။ ဓာတ်တရားတို့သည် သာလျှင် ဓာတ်အပေါင်း ဖြစ်သော သဘောတရားကို ညှပ်ဖြင့် မီးအဆင်းရှိသော သပိတ်ကို ဆောင်ယူရာ၌ကဲ့သို့ ဓာတ်အပေါင်းတို့သည်သာလျှင် ဓာတ်အပေါင်းကို ဆောင်ယူ၍ ထားကြပါကုန်သည်။ ဤသို့ ဖြစ်ပျက်ခြင်းကို ဆင်ခြင်သုံးသပ်ခြင်း၏ အစွမ်းအားဖြင့် ဤနေရာ၌ အသမ္မောဟသမ္မဇဉ်ကို သိအပ်ပါတော့သည်ဘုရား။

တနည်းအားဖြင့်လည်း ပြတ်၍ နေသော လက်ခြေရှိကုန်သော အနာဝတို့မှ တသွင်သွင် ယိုစီး၍ ကျကုန်သော ပြည်သွေး ပိုးလောက်တို့ရှိ၍ နေကုန်သော ညှိမဲ့သော ယင်ကောင်တို့ဖြင့် ရောပြွမ်း၍ နေကုန်သော ခိုကိုးရာမဲ့တို့ နေထိုင်သောစရပ်၌ ခိုကိုးရာမဲ့ ဖြစ်၍ နေကြကုန်သော လူတို့ကို မြင်ကြကုန်သည်ဖြစ်၍ သနားတတ်သော စိတ်ဓာတ်ရှိကုန်သော လူတို့သည် ထိုခိုကိုးရာမဲ့ ဒုက္ခသည်တို့အား အနာကို ရစ်ပတ်စရာ ပုဆိုးတို့ကိုဌင်း ဆေးထည့်စရာ အိုးခြမ်းကဲ့တို့ကိုဌင်း ဆေးတို့ကိုဌင်း ဆောင်ယူ၍ ပေးကြပါကုန်သည်။ ထိုကဲ့သို့ တစုံတခုသော သူတို့၏ အဝတ်တို့သည် နူးညံ့ကြပါကုန်သည်။ အချို့ကုန်သော သူတို့၏ အဝတ်တို့သည် ထူထဲကြပါကုန်သည်။ ဆေးထည့်စရာ ခွက်တို့သည်လည်း တချို့သောခွက်တို့သည် ကောင်းသောသဏ္ဌာန်ရှိကြပါကုန်သည်။ တချို့သော ခွက်တို့သည် မကောင်းသော သဏ္ဌာန်ရှိကြပါကုန်သည်။ ထို ဆိုအပ်ခဲ့ပြီးသော ပစ္စည်းတို့သည် ထိုအနာကို လိမ်းကျံရာ ထည့်ရာ၌ ကောင်းသော စိတ်ဓာတ်ရှိသည်လည်း မဟုတ်ကြပါကုန်။ မကောင်းသော စိတ်ဓာတ်ရှိသည်လည်း မဟုတ်ကြပါကုန်။ အဝတ်သည် အနာကို ဖုံးလွှမ်းလိမ်းကျံခြင်းမျှဖြင့်သာလျှင် ခွက်သည် ဆေးကို ခံယူခြင်းမျှဖြင့်သာလျှင် အသုံးဝင်ခြင်း အကျိုးကျေးဇူးရှိခြင်း ဖြစ်ပါတော့သည်။

ဤသို့ ဖြစ်သကဲ့သို့ ထိုအတူ အကြင်ရဟန်းသည် အနာကို အဝတ်ဖြင့် စီးဘိသကဲ့သို့ သင်္ဃန်းကိုဌင်း၊ ခွက်ထည်း၌ ဆေးကို ထည့်ရဘိသကဲ့သို့ သပိတ်

ကိုဎင်း၊ခွက်ထည်း၌ ဆေးကိုကဲ့သို့ဎင်း သပိတ်ထည်း၌ ရှိသော ဆွမ်းကို မှတ်ယူ၍ နှလုံးသွင်း ဆင်ခြင်ရပါသည်။ ဤသို့ သင်္ဃန်းကြီး သပိတ် ကိုယ်ဝတ်သင်္ဃန်းတို့ကို ဆောင်ယူရာ၌ အသမ္မောဟသမ္ပဇဉ်၏ အစွမ်းအားဖြင့် အမြတ်ဆုံးဖြစ်သော အသမ္မောဟသမ္ပဇဉ် ပြုသည်ကို သိအပ်ပါသည်ဘုရား။

စားသောက်ရာ၌ သမ္ပဇဉ်ပြုပုံများ

စားခြင်း စသည်တို့၌လည်း **အသိတ**-ဟူသည် ဆွမ်းစသည်ကို သုံးဆောင်မှီဝဲခြင်း၌ ဆင်ခြင်မှုကို ဆိုပါသည်။ **ပီတ**-ဟူသည် ယာဂုစသည်ကိုသောက်ခြင်း အစရှိသည်၌ ဆင်ခြင်မှုကို ဆိုပါသည်။ **ခါယိတ**- ဟူသည် မုံခဲဖွယ်တို့ကို ခဲခြင်း၌ ဆင်ခြင်ခြင်းကို ဆိုလိုပါသည်။ **သာယိတ**-ဟူသည် ပျား တင်လဲ စသည်တို့ကို လျက်ရာ၌ ဆင်ခြင်မှုကို ဆိုလိုပါသည်။

ထိုကဲ့သို့သော စားဖွယ် သောက်ဖွယ်တို့ကို ဆင်ခြင်သုံးသပ်ရာ၌ နေဝဒဝါယ-ဟု ဟောတော်မူသော ရှာသူသားငယ်တို့ကဲ့သို့ ရယ်ရွှင်မြူးထူးခြင်းငှါ မသုံးဆောင်အပ်-အစရှိသော နည်းအားဖြင့် ဆိုအပ်သော ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော အကျိုးတရားသည် အကျိုးမည်ပါသည်ဘုရား။ ထို အကျိုး၏ အစွမ်းအားဖြင့် သာတ္ထကသမ္ပဇဉ်ကို သိအပ်ပါ တော့သည်။

ခေါင်းပါးသော မွန်မြတ်သော ခါးသော ချိုသော အရသာအစရှိသည်တို့၌ အကြင် ဘောဇဉ်ဖြင့် အကြင်ပဋိကူလအား မချမ်းသာမှုသည် ဖြစ်၏။ ထိုဘောဇဉ်သည် ထိုပဋိကူလအား မလျော်ကပ်ပါ။ အကြင်ဘောဇဉ်သည် ဩဘာနိမိတ် စသည်ဘို့၏ အစွမ်းအားဖြင့် ဖြစ်ပေါ်လာ၏။ အကြင် ဘောဇဉ်ကို သုံးဆောင်သော ပဋိကူလအား အကုသိုလ်တရားတို့သည် တိုးပွါး၍ လာကြပါကုန်သည်။ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကြပါကုန်သည်။ ထိုကဲ့သို့ ဩဘာနိမိတ် စသည် အစွမ်းဖြင့် ရအပ်သော ခဲဘွယ်ဘောဇဉ်သည် စင်စစ်အားဖြင့် မလျော်ကပ်သည်သာလျှင်တည်း။ ထိုမှ အပြန် ဖြစ်သော နည်းဖြင့် ရအပ်သော ခဲဘွယ်ဘောဇဉ်သည် လျော်ကပ်ပါသည်။ ထို လျော်ကပ်သည်၏ အစွမ်းအားဖြင့် ဤနေရာ၌ သပ္ပါယသမ္ပဇဉ်ကိုဎင်း ကမ္မဋ္ဌာန်းကို မစွန့်လွှတ်ခြင်း၏ အစွမ်းအားဖြင့် ဂေါစရသမ္ပဇဉ်ကိုဎင်း သိအပ်ပါတော့သည် ဘုရား။

ဝါယောဓာတ်ကြောင့် ပြီးစီးနေပုံ

ခန္ဓာကိုယ်တွင်း၌ တစုံတယောက်သော သုံးဆောင်တတ်သော အတ္တ မည်သော သတ္တဝါသည် မရှိပါ။ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် စိတ် ကြောင့် ဖြစ်သော ဝါယောဓာတ်၏ ပြန့်နှံ့ခြင်း၏ အစွမ်းအားဖြင့် သပိတ်ကို ဆောင်ယူခြင်း မည်သည် ဖြစ်ပါတော့သည်။ စိတ်သည် ဖြစ်စေအပ်သော ဝါယောဓာတ်၏ ပြန့်နှံ့ခြင်း ၏ အစွမ်းအားဖြင့် လက်၏ သပိတ်၌ ချခြင်း မည်သည် ဖြစ်ပါတော့သည်။ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် ပြန့်နှံ့ သည်၏ အစွမ်းအားဖြင့် အလုပ်အလွှဲကို ပြုခြင်း ထိုအလုပ်အလွှဲကို ခံတွင်း ဝသို့ ဆောင်ခြင်းသည် ဖြစ်ပါတော့သည်။ တစုံတယောက်သော ပုဂ္ဂိုလ်သည် ညှပ်ဖြင့်ဂင်း စက်ယန္တရားဖြင့်ဂင်း မေးရိုးကို ဖွင့်လှစ်၍ ပေးသော သူ မည်သည် မရှိပါ။စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် ပြန့်နှံ့သည်၏ အစွမ်းအားဖြင့် သာလျှင် အလုပ်အလွှဲ၏ ခံတွင်းဝ၌ ထားခြင်း အထက်သွားတို့၏ ကျည်ပွေ့ ကိစ္စကို ပြီးစေခြင်း အောက်သွားတို့၏ ဆုံကိစ္စကိုပြီးစေခြင်း လျှာ၏ လက်ကိစ္စ ကို ပြီးစေခြင်းသည် ဖြစ်ပါတော့သည်။

ဤသို့ ထိုဆွမ်းစားရာ၌ လျှာဖျားခ်ိ ပါးလွှာသော တံတွေး,လျှာရင်း၌ ထူထဲသော တံတွေးသည် ထိုအစာကို လိမ်းကျံပါတော့သည်။ ထိုအစာကို အောက်၌ ဖြစ်သော ဆုံနှင့်တူသော သွား, လက်နှင့်တူသော လျှာသည် ပြန်လှန်ပေးအပ်သည် ဖြစ်၍ တံတွေးသည် စိုစွတ်အောင် ပြုလုပ် ပေးအပ်သည် ဖြစ်၍ ကျည်ပွေ့နှင့်တူသော အထက်သွားသည် မှုန့်မှုန့်ညက်ညက် ကျေအောင် ပြုလုပ်တတ်ပါတော့သည်။ ယောက်မဖြင့်ဂင်း ယောက်ချိုဖြင့်ဂင်း မွှေ၍ ပေး တတ်သော အတွင်း၌ တစုံတယောက်သော ပုဂ္ဂိုလ်မည်သည် မရှိပါ။ ဝါယော ဓာတ်၏ အစွမ်းအားဖြင့်သာလျှင် ဝင်ခြင်းသည် ဖြစ်ပါတော့သည်။ ဝင်ခြင်း ဝင်ပြီးသည်ကို တစုံတယောက်သော ပုဂ္ဂိုလ်က ကောက်ရိုးအခင်းကို ပြုလုပ်၍ ဆောင်ယူသွားသည် မည်သည်မရှိပါ။ ဝါယောဓာတ်၏အစွမ်းအားဖြင့်သာ လျှင် တည်ရှိ၍ နေပါတော့သည်။ တည်၍ နေသော ဝတ္ထုပစ္စည်းကိုလည်း တစုံတယောက်သော ပုဂ္ဂိုလ်က ဖိုခနောက်ထက်သို့ တင်၍ မီးဖြင့် ချက်ပေး တတ်သည် မည်သည်မရှိပါ။ တေဇောဓာတ်၏ အစွမ်းအားဖြင့် သာလျှင် ကြေကျက်ခြင်းသို့ ရောက်ရပါတော့သည်။ ကြေကျက်တိုင်း ကြေကျက်တိုင်း

သော အစာအာဟာရကို တစုံတယောက်သောပုဂ္ဂိုလ်က တုတ်တံဖြင့်ရင်း တောင်ဝှေးဖြင့်ရင်း အပြင်သို့ ထုတ်ပေးခြင်းမည်သည် မရှိပါ။ ဝါယောဓာတ်၏ အစွမ်းအားဖြင့်သာလျှင် အပြင်ဘက်သို့ ထွက်ရပါတော့သည်။

ဤသို့ ဝါယောဓာတ်သည် ရှေ့ သို့ ဆောင်ခြင်း ထိုမှ ဤမှ ဆောင်ခြင်း ရိုးရိုးဆောင်ခြင်း အပြန်အလှန် ပြုလုပ်၍ ပေးခြင်း မှုန့်မှုန့်ညက်ညက် ဖြစ်စေခြင်း ခြောက်တပ်စေခြင်း အပြင်သို့ ဆောင်ခြင်း စသည်ပုံကို ပြုလုပ်ပါတော့သည်။

ပထဝီစသောဓာတ်များ

ပထဝီဓာတ်သည် ဆောင်ရွက်၍ ထားပါသည်။ အပြန်အလှန် ဖြစ်စေပါသည်။ မှုန့်မှုန့်ညက်ညက် ဖြစ်စေပါသည်။ ခြောက်တပ်စေပါသည်။အပြင်သို့ ထုတ်ပါသည်။

အာပေါဓာတ်သည် အစေးကို ဖြစ်စေပါသည်။ စေးသည်၏အဖြစ်ကို အစဉ်တစိုက် စောင့်ရှောက်တတ်ပါသည်။

တေဇောဓာတ်သည် အတွင်းသို့ ဝင်တိုင်းကို ကြေကျွက်စေတတ်ပါသည်။

အာကာသဓာတ်သည် လမ်းခရီးကို ပြုလုပ်၍ ပေးပါသည်။

ဝိညာဏဓာတ်သည် ထိုထိုအမှုအရာ ဟူသမျှ၌ ကောင်းစွာ ယှဉ်စပ်ခြင်းကို အစဲပြု၍ ဖြစ်တတ်ပါသည်။

ဤသို့ ဖြစ်ခြင်းကို ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ဤနေရာ၌ အသမွှောဟသမွှဇဉ်ကို သိအပ်ပါတော့သည် ဘုရား။

တနည်းအားဖြင့် သွားသောအားဖြင့်ရင်း ရှာမှီးသော အားဖြင့်ရင်း သုံးဆောင်သော အားဖြင့်ရင်း အစာသစ်အိမ်၏အစွမ်းအားဖြင့်ရင်း အစာဟောင်းအိမ်၏ အစွမ်းအားဖြင့်ရင်း မကျက်သေးသည်၏ အစွမ်းအားဖြင့်ရင်း ကျက်ပြီးသည်၏ အစွမ်းအားဖြင့်ရင်း အကျိုး၏ အစွမ်းအားဖြင့်ရင်း နိဿန္ဒ၏ အစွမ်းအားဖြင့်ရင်း ကောင်းစွာ ကြေကျက်သည်၏ အစွမ်းအားဖြင့်ရင်း

ဤသို့ ဆယ်ပါး အပြားရှိသော ပဋိကူလ၏အဖြစ်ကို ဆင်ခြင်သုံးသပ်သော အားဖြင့် ဤနေရာ၌ အသမ္မောဟသမ္ပဇဉ်ကို သိအပ်ပါတော့သည်ဘုရား။ အကျယ်အားဖြင့် ဆိုအပ်သော စကားကို ဝိသုဒ္ဓိမဂ် အာဟာရပဋိကူလ သညာနိဒ္ဒေသ၌ ဆိုအပ်ပြီး ဖြစ်ပါတော့သည်ဘုရား။

ဝိဘင်းအဋ္ဌကထာ စီစဉ်ခက်ားပြီး၏။

ပုဂ္ဂလပညတ္တိအဋ္ဌကထာ

ကေကနိဒ္ဒေသ

ကတမော စ ပုဂ္ဂလော သမယဝိမုတ္တော၊ ဣမေကစ္စော ပုဂ္ဂလော ကာလေန ကာလံ သမယေန သမယံ အဋ္ဌ ဝိမောက္ခေ ကာယေန ဖုသိတ္ဝာ ဝိဟရတိ၊ ပညာယ စဿ ဒိဋ္ဌာ ကေစ္စေ အာသဝါ ပရိက္ခီဏာ ဟောန္တိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သမယဝိမုတ္တော။

သမယဝိမုတ္တော၊ သမယဝိမုတ္တအမည်ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ကတမော စ၊ အဘယ်နည်း။ဣမ၊ ဤသတ္တလောကဌ်။ ကေစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကာလေန ကာလံ၊ ကာလတိုင်း ကာလတိုင်းဌ်။ သမယေန သမယံ၊ သမယတိုင်း သမယတိုင်းဌ်။ အဋ္ဌဝိမောက္ခေ၊ ရှစ်ပါးသော သမာပတ်ဟူ ဆိုအပ်ကုန်သော ဝိမောက္ခတရားတို့ကို။ ကာယေန၊ နာမကာယဖြင့်။ ဖုသိတ္ဝာ၊ တွေ့ထိ၍။ ဝိဟရတိ၊ နေ၏။ ပညာယ စ၊ ပညာဖြင့်လည်း။ ဒိဋ္ဌာ၊ တွေ့မြင်၍။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ကေစ္စေ၊ အချို့ကုန်သော။ အာသဝါ၊ အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ ကုန်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သမယဝိမုတ္တော၊ သမယဝိမုတ္တ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဝိမောက္ခစသည် အဓိပ္ပါယ်

ဤသို့ ဟောတော်မူအပ်သော ပုဂ္ဂလပညတ္တိပါဠိတော် ကေကနိဒ္ဒေသ အဖွင့် သံဝဏ္ဏနာဌ် အဋ္ဌဝိမောက္ခ-ဟူသောပုဒ်၏အဓိပ္ပါယ်ကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် အဋ္ဌဝိမောက္ခတိ-စသည်ကို မိန့်ဆိုပါသည်ဘုရား။

အဋ္ဌဝိမောက္ခ-ဟူသည် ရူပါဝစရ, အရူပါဝစရ ဟု ဆိုအပ်ကုန်သော ရှစ်ပါးကုန်သော သမာပတ်တို့ပင် ဖြစ်ကြပါကုန်သည်။ မှန်လှ၏။ ထိုသမာပတ်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့မှ လွတ်မြောက်ခြင်းကြောင့် ဝိမောက္ခ-ဟူသော အမည်သည် ဖြစ်ပါတော့သည်။

ကာယေန-ဟူသော စကား၌ အဓိပ္ပါယ်အကျယ်ကို ပြတော်မူလိုသော အင်္ဂကထာဆရာသည် ကာယေနာတိ-စသည်ကို မိန့်ပါသည်ဘုရား။ ကာယေန-ဟူသည် ဝိမောက္ခတရားနှင့် အတူတကွဖြစ်သော နာမကာယဖြင့် ဟု ဆိုလို ပါသည်။

ဖုသိတ္ဝာ ဝိဟရတိ-ဟူသော ပုဒ်၏အဓိပ္ပါယ်ကိုလည်း ဖုသိတ္ဝာ ဝိဟရတိ-ဟူသည် ရရှိပြီး၍ နေထိုင်မှုကို ဆိုလိုပါသည်။

ကာလနှင့် အကာလ

ဆက်လက်၍ လျှောက်ထားပါဦးမည် ဘုရား။ ဤပုဂ္ဂိုလ်သည် အဘယ်မည်သော ကာလ၌ ဝိမောက္ခ တရားတို့ကို တွေ့ထိ၍ နေပါသနည်း။

မှန်လှ၏။ သမာပတ်တရားကို ဝင်စားခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ် အား အခါမည်သည်လည်း ရှိပါသည်။ အခါမဟုတ်သည်လည်း ရှိပါသည်။ ထိုနှစ်ပါးတို့တွင် စောစောကပင်လျှင် ကိုယ် လက်သုတ်သင်သော အခါကာလ သည်ၵင်း ဝတ်ကြီးဝတ်ငယ်ကို ပြုရာ အခါကာလသည်ၵင်း သမာပတ်ကို ဝင်စားခြင်း၏ အခါကာလမဟုတ်ပါ။ ထိုကာလကို အကာလဟုခေါ်ပါသည် ဘုရား။ သို့ရာတွင် ခန္ဓာကိုယ်ကို သုတ်သင်ရှင်းလင်းပြီး၍ ဝတ်ကြီးဝတ်ငယ် ကို ပြုလုပ်ပြီး၍ မိမိနေရာအရပ်သို့ ဝင်ရောက်၍ ထိုင်နေသော ပုဂ္ဂိုလ်အား ဆွမ်းခံခြင်းငှါ အခါကာလရောက်သည်တိုင်အောင် မသွားသေးမူ၍ ထိုကာလ အတောအတွင်း၌ သမာပတ်ဝင်စားခြင်း၏ အခါကာလမည်ပါသည် ဘုရား။ ထိုကာလအတော အတွင်း၌ ရှိသော အခါသည် သမာပတ်ဝင်စားခြင်း၏ အခါကာလ မည်ပါသည် ဘုရား။

ဆက်လက်၍ လျှောက်ထားပါဦးမည် ဘုရား။ ဆွမ်းအလို့ငှါ သွားသော အခါကာလကို မှတ်၍ ထွက်လာသော ပုဂ္ဂိုလ်အား စေတီတော်ကို ရှိခိုးခြင်း ကာလ, ရဟန်းသံဃာခြံရံအပ်သော ပုဂ္ဂိုလ်အား ဝိတက္ကမာဥကဟု ဆိုအပ် သော တစုံတခုသော တရားကို စဉ်းစားရာတန်ဆောင်းဝန်း၌ ရပ်သော အခါကာလသည်ၵင်း ဆွမ်းအလို့ငှါ သွားသော အခါကာလသည်ၵင်း ရွာတွင်း၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ခံယူသော အခါကာလသည်ၵင်း ဆွမ်းစား စရပ်၌ ယာဂုကို သောက်သုံးသော အခါကာလသည်ၵင်း ဝတ္တရားကို ပြုသော

အခါကာလသည်ၛင်း ဤသို့ လျှောက်ဆိုအပ်ခဲ့ပြီးသော ဤကာလသည် သမာပတ်ကို ဝင်စားခြင်း၏ အခါကာလမဟုတ်၊ အကာလပင် မည်ပါသည် ဘုရား။

သို့ရာတွင် ဆွမ်းစားစရပ်၌ ဆိတ်ငြိမ်သောအရပ်ကို ရရှိသည်ရှိသော် အကြင်မျှလောက်သောကာလပတ်လုံး ဆွမ်းစားချိန်သည် မရောက်လာသေး၊ ထိုကာလအတောအတွင်း၌ သမာပတ်ကို ဝင်စားခြင်း၏ အခါကာလ မည်ပါသည်ဘုရား။

ထိုမှတပါး ဆွမ်းကို ဘုဉ်းပေးသော အခါ ကာလ ကျောင်းသို့ သွားသောအခါကာလ သပိတ်သင်္ကန်းကို သိုမှီး သိမ်းဆည်းသော အခါကာလ နေ့ခင်းအခါ၌ ဝတ္တရားကို ပြုလုပ်သော အခါကာလ စာကို မေးမြန်းသော အခါကာလ စာမေးမြန်းသည်ကို အဖြေပေးသော အခါကာလ၊ ဤသို့ လျှောက်ဆိအပ်ခဲ့ပြီးသော ဤအခါကာလမျိုးသည် သမာပတ်ကို ဝင်စားခြင်း၏ အခါကာလမမည်ပါ ဘုရား။ အကာလပင် မည်ပါသည်။

တွေ့ထိသည် ဟူသည်

အကြင် အကာလသည် ရှိ၏။ ထိုအကာလသည်ပင် အသမယမည်ပါသည်ဘုရား။ ထိုအလုံးစုံကို ချန်ထား၍ ကြွင်းကျန်သော ကာလတိုင်း ကာလတိုင်း၌ ကြွင်းကျန်သော သမယတိုင်း သမယတိုင်း၌ ဆိုခဲ့အပ်ပြီးသော အပြားရှိကုန်သော ရှစ်ပါးကုန်သော သမာပတ်ဟု ဆိုအပ်ကုန်သော ဝိမောက္ခတို့ကို အတူတကွဖြစ်သော နာမကာယဖြင့် ရရှိ၍ နေသော ပုဂ္ဂိုလ်ကို ဣမေကစ္စော ပုဂ္ဂလော ။ပ။ ဝိဟရတိ-ဟူ၍ ဆိုအပ်ပါသည် ဘုရား။

ဆက်လက်၍ လျှောက်ထားပါဦးမည်၊ စင်စစ်အားဖြင့် ဤသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်သည် ဖဿနှင့် အတူတကွဖြစ်ကုန်သော နာမ်တရားတို့ဖြင့် အတူတကွဖြစ်သော သဟဇာတတရားတို့ကို တွေ့ထိသည်မည်ပါသည် ဘုရား။ဥပစာရအားဖြင့် အပွနာသမာပတ်ကို တွေ့ထိသည်မည်ပါသည်ဘုရား။ ရှေအပွနာဖြင့် နောက်ဖြစ်သော အပွနာကို တွေ့ထိသည် မည်ပါသည်။

အကျယ်ခဲ့၍ လျှောက်ထားပါဦးမည်။ အကြင်တရားနှင့်တကွ အကြင် သဘောဘရားတို့သည် အတူတကွဖြစ်ကြကုန်၏။ ထိုတရားဖြင့် ထိုတရားတို့ကို ရအပ်သည် မည်ပါကုန်သည်ဘုရား။ ဖဿတရားဖြင့်လည်း တွေ့ထိကြသည်

မည်ပါကုန်တော့သည် ဘုရား။ ဥပစာရသည်လည်း အပ္ပနာကိုရခြင်း၏ အကြောင်းပင် ဖြစ်ပါတော့သည် ဘုရား။ ထိုမှတပါး ရွေ့ဖြစ်သော သမာပတ်သည် နောက်နောက်ဖြစ်သော သမာပတ်ကို ရခြင်း၏ အကြောင်းဖြစ်ပါသည် ဘုရား။ ထိုစကားရပ်၌ ဤသို့တကဲ့ဖြစ်သော တရားတို့နှင့် တကဲ့ဖြစ်ကုန်သော တရားတို့ကို ထိုပုဂ္ဂိုလ်သည် တွေ့ထိခြင်းကို သိအပ်ပါသည်ဘုရား။

စျာန်တွေ့ထိပုံ

ဆက်လက်၍ လျှောက်ထားပါဦးမည်ဘုရား။ ပဌမစျာန်သည် ဝိတက် အစရှိသည်တို့ဖြင့် အင်္ဂါငါးပါး ရှိပါသည် ဘုရား။ ထိုပဌမစျာန်၌ ဆိုအပ်ခဲ့ပြီးသော ဝိတက်အစရှိသော ထိုအင်္ဂါငါးပါးတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော ငါးဆယ်ထက် အလွန်ရှိကုန်သော တရားတို့သည် လေးပါးကုန်သော နာမက္ခန္ဓာတို့ မည်ကြပါကုန်သည် ဘုရား။ ထိုနာမကာယဖြင့် ပဌမစျာန်သမာပတ်ဟု ဆိုအပ်သော ဝိမောက္ခကို တွေ့ထိ၍ ရရှိ၍ နေပါသည် ဘုရား။

ဒုတိယစျာန်သည် ပီတိ သုခ စိတ္တေကဂ္ဂတာ-ဟု ဆိုအပ်သော ပီတိ,သုခ, စိတ္တ ကေဂ္ဂတာ တရားတို့ဖြင့် အင်္ဂါသုံးပါး ရှိပါသည် ဘုရား။ တတိယစျာန်သည် သုခ, စိတ္တ ကေဂ္ဂတာတို့ဖြင့် အင်္ဂါနှစ်ပါးရှိပါသည် ဘုရား။ စတုတ္ထစျာန်သည် ဥပေက္ခာ,စိတ္တ ကေဂ္ဂတာတို့ဖြင့် အင်္ဂါနှစ်ပါးရှိပါသည် ဘုရား။ ထို့အတူ အာကာသာနဉ္စာယတနစျာန်, ။ပ။ နေဝသညာ နာသညာယတနစျာန်တို့သည် အင်္ဂါနှစ်ပါးစီ ရှိကြပါသည် ဘုရား။

ထိုစကားရပ်၌ ထိုစျာန်တို့၌ ဆိုအပ်ခဲ့ပြီးသော အင်္ဂါတို့ကို ချန်ထား၍ ကြွင်းကျန်ကုန်သော ငါးဆယ်ထက်အလွန်ဖြစ်ကုန်သော တရားတို့သည် လေးပါးကုန်သော နာမက္ခန္ဓာတို့ မည်ကြပါကုန်သည် ဘုရား။ ထိုနာမက္ခန္ဓာ အစုအဝေးဖြင့် နေဝသညာ နာသညာယတန သမာပတ်ဟု ဆိုအပ်သော ဝိမောက္ခကို တွေ့ထိ၍ ရရှိ၍ နေထိုင်သည် ဟု ဆိုလိုပါသည်ဘုရား။

ပညာဖြင့်တွေ့ထိပုံ

ထိုမှတပါး ပညာယ စဿ ဒိဋ္ဌာ-ဟူသော ပုဒ်၏ အဓိပ္ပါယ်အကျယ်ကို မူကား ဝိပဿနာပညာဖြင့် သင်္ခါရတရား အစုအဝေးကို၊ မဂ်ပညာတရားဖြင့်

လေးပါးကုန်သော ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟုဆိုအပ်သော သစ္စာတရား တို့ကို တွေ့မြင်၍ အခွါကုန်သော အာသဝေါတရားတို့သည် ကုန်ခန်းကြ သည်ဟု ဆိုလိုပါသည် ဘုရား။

ကေစ္စေ အာသဝါ ပရိက္ခီဏာ ဟောန္တိ- ဟူသော ပါဠိတော်၏ အဓိပ္ပါယ် ကို မူကား ထက်ဝက်ထက်ဝက်ကုန်သော ပဌမမဂ် အစရှိသည်တို့သည် သတ် အပ်ကုန်သော အာသဝေါတရားတို့သည် ကုန်ခန်းခြင်းသို့ ရောက်ပါကုန်သည်။

သမယဝိမုတ္တ၌ ပုထုဇဉ်နှင့်ရဟန္တာ မပါ

အယံ ဝုစ္စတိ ပဋိလော သမယဝိမုတ္တော-ဟူသော ဤပါဠိတော်၌ ရှစ်ပါး သော သမာပတ်တို့ကို ရရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုနာမကာယဖြင့် တွေ့ထိ၍ နေသော ပုဂ္ဂိုလ်ဟူ၍ ဆိုခြင်းငှါ သင့်တင့် လျောက်ပတ်ပါသည် ဘုရား။ သို့ရာတွင် ပါဠိတော်၌ ကေစ္စေ အာသဝါ ပရိက္ခီဏာ- ဟူ၍ ဆိုအပ် ပါသည်ဘုရား။ ပုထုဇဉ်ပုဂ္ဂိုလ်အားလည်း ကုန်ခန်းသော အာသဝေါတရားတို့ မည်သည် မရှိကြပါကုန်ဘုရား။ ထို့ကြောင့် ထိုပုထုဇဉ် ပုဂ္ဂိုလ်ကို မယူအပ်ပါ။

ရှစ်ပါးသော သမာပတ်တို့ကို ရရှိ၍ နေသော ရဟန္တာ ပုဂ္ဂိုလ်သည် လည်း ထိုနာမကာယဖြင့် တွေ့ထိ၍ နေသည်ဟု ဆိုခြင်းငှါ သင့်တင့်လျောက် ပတ်ပါသည် ဘုရား။ သို့ရာတွင် ထိုရဟန္တာပုဂ္ဂိုလ်၏ မကုန်ခန်းသေးသော အာသဝေါ တရားတို့မည်သည် မရှိကြပါကုန် ဘုရား။ ထို့ကြောင့် ထိုရဟန္တာ ပုဂ္ဂိုလ်ကိုလည်း ဤနေရာ၌ မယူအပ်ပါ ဘုရား။

သို့ရာတွင် **သမယဝိမုတ္တ**-ဟူသော အမည်သည် သုံးယောက်ကုန်သော သောတာပန်,သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့၏ အမည်ပင် ဖြစ်ပါတော့သည် ဘုရား။ ဤအဓိပ္ပါယ်ကို ကောင်းစွာ သိရှိမှတ်သားအပ်ပါတော့သည် ဘုရား။

အသမယဝိမုတ္တ ပုဂ္ဂိုလ်

ထိုမှတပါး—

ကတမော စ ပဋိလော အသမယဝိမုတ္တော၊ ဣမေကေစ္စော ပဋိလော နဟေဝ ခေါ ကာလေန ကာလံ သမယေန သမယံ အဋ္ဌဝိမောက္ခေ ကာယေန ဖုသိတ္ဝာ ဝိဟရတိ၊ပညာယ စဿ ဒိဋ္ဌာ အာသဝါ ပရိက္ခီဏာ ဟောန္တိ။အယံ ဝုစ္စတိ ပဋိလော အသမယဝိမုတ္တော။ သဗ္ဗေပိ အရိယ ပဋိလာ အရိယေ ဝိမောက္ခေ အသမယဝိမုတ္တာ။

အသမယဝိမုတ္တော၊ အသမယဝိမုတ္တ အမည်ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ကတမော စ၊ အဘယ်လေနည်း။ ကြစ၊ ကျိသတ္တလောကဉ်။ ကေစ္စော၊အချို့သော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ကာလေန ကာလံ၊ကာလတိုင်း ကာလတိုင်းဦ။ သမယေန သမယံ၊ သမယတိုင်း သမယတိုင်းဦ။ အဋ္ဌဝိမောက္ခေ၊ ရှစ်ပါးသော သမာပတ်ဟူ ဆိုအပ်ကုန်သော ဝိမောက္ခတရားတို့ကို။ ကာယေန၊ နာမကာယဖြင့်။ ဖုသိတ္ဝာ၊ တွေ့ထိ၍။ နဟေဝ ခေါ ဝိဟာရတိ၊မနေသည်သာလျှင်တည်း။ ပညာယ စ၊ပညာဖြင့်လည်း။ ဒိဿ၊ ရှုမြင်၍ ။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အာသဝါ၊ အာသဝေါတရားတို့သည်။ပရိက္ခီဏာ၊ ကုန်ခန်းကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံ၊ဤပုဂ္ဂိုလ်ကို။ အသမယ ဝိမုတ္တော၊ အသမယဝိမုတ္တ အမည်ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်မည်၏ ဟူ၍ ။ ဝုစ္စတိ၊ ဆိုအပ်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အရိယပုဂ္ဂလာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ အရိယေ၊ မြတ်သော။ ဝိမောက္ခေ၊ ရှစ်ပါးသော သမာပတ် ဟုဆိုအပ်သော ဝိမောက္ခ၌။ အသမယဝိမုတ္တာ၊ အသမယဝိမုတ္တ မည်ကြပါကုန်သည် ဘုရား။

ဤသို့ ဟောတော်မူအပ်သော အသမယဝိမုတ္တနိဒ္ဒေသ၌ တူညီသည့် အဝိပ္ပါယ်ကို ညွှန်းပြတော် မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

အသမယဝိမုတ္တနိဒ္ဒေသေ ပုရိမသဒိသံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ အသမယ ဝိမုတ္တ နိဒ္ဒေသ အကျယ်ကို ဖွင့်ပြရာ၌ ရှေးနှင့် တူသည်ကို ရှေးဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သာလျှင် သိအပ်ပါတော့သည် ဟု မိန့်တော်မူပါသည်။

အသမယဝိမုတ္တသည် သုက္ခဝိပဿကရဟန္တာ

ဤနေရာ၌ အသမယဝိမုတ္တ- ဟူသော အမည်သည် သုက္ခဝိပဿကရဟန္တာ ပုဂ္ဂိုလ်- စျာန်သမာပတ် မရမူ၍ အာသဝေါကင်းကွာ ရဟန္တာဖြစ်၍ သွားသော သုက္ခဝိပဿက ရဟန္တာ ပုဂ္ဂိုလ်၏ အမည်ပင် ဖြစ်ပါတော့သည်။

ဆက်လက်၍ လျှောက်ထားပါဦးမည်။ သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ကိုဌင်း စျာန်သမာပတ်မပါ ပညာဖြင့် အာသဝေါကုန်ခန်း၍ သွားကြကုန်သော သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်တို့ကိုဌင်း သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့ကိုဌင်း ရှစ်ပါးသော သမာပတ်ကိုရရှိ၍ နေကြကုန်သော ခီဏာသဝ

ပုဂ္ဂိုလ်တို့ကိုဌင်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ကိုဌင်း ဤဒုကဥ် မရရှိအပ်ပါကုန်။ ထိုပုဂ္ဂိုလ်တို့သည် ဒုကမ္မလ္ဘတ်သော(ဤနှစ်ခုတဲ့မှလ္ဘတ်သော)ပုဂ္ဂိုလ်တို့မည်ကြပါကုန်သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် မိမိ၏ ဗုဒ္ဓ, သုဗုဒ္ဓ၏ အဖြစ်ဖြင့် အောက်၌ ဆိုအပ်ခဲ့ကုန်ပြီးသော ယူအပ်ပြီးသည်တို့ကိုဌင်း မယူအပ်သေးသည်တို့ကိုဌင်း စုရုံး၍ ပိဋ္ဌဝဋ္ဌကဟုဆိုအပ်သော နောက်ကိုပြန်၍ လုံးခြင်းတို့နှင့် တကွ ပါဠိတော်သို့ တင်လျက် သဗ္ဗေပိ အရိယပုဂ္ဂလာ-အစရှိသည်ကို ဟော တော်မူပါသည် ဘုရား။

အရိယေ ဝိမောက္ခေ

ထိုစကားရပ်၌ အရိယေ ဝိမောက္ခေ-ဟူသည် ကိလေသာတရားတို့မှ ဝေး ကွာသည်၏အဖြစ်ကြောင့် အရိယာဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်သော လောကုတ္တရဝိမောက္ခ လောကုတ္တရာ သမာပတ် ရှစ်ပါး၌ ဟု ဆိုလိုပါသည်။

ဆက်လက်၍ အဓိပ္ပါယ်အဖြောင့်ကို လျှောက်ထားပါဦးမည် ဘုရား။ မှန်လှ၏။ သာသနာတော်မှ အပ၌ ဖြစ်ကြကုန်သော ရသေ့ ရဟန်းတို့အား ရှစ်ပါးကုန်သော သမာပတ်တို့ကို ဝင်စားခြင်း၏သမယလည်း ရှိပါသည်။အသ မယလည်း ရှိပါသည်။မဂ္ဂဝိမောက္ခ-ဟု ဆိုအပ်သောလောကုတ္တရာ ဝိမောက္ခဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်၏ သမယသည်ရင်း အသမယသည်ရင်း မရှိပါ။ အကြင်ပုဂ္ဂိုလ်အား သဒ္ဓါတရားသည် အားရှိ၏။ ဝိပဿနာတရားကို အားထုတ် အပ်၏။ ထိုပုဂ္ဂိုလ်၏ သွားစဉ်, ရပ်စဉ်, ထိုင်စဉ်, လျောင်း၍ နေစဉ်, ခဲစဉ်, ဘုဉ်းပေး သုံးဆောင်စဉ် မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းမည်သည် မဖြစ်ဟူ၍ မရှိပါ။ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိသည်သာလျှင်တည်း။ ဤသို့ မဂ္ဂဝိမောက္ခ အားဖြင့် လွတ်မြောက်သော ပုဂ္ဂိုလ်အား သမယသည်ရင်း အသမယသည် ရင်း မရှိတော့ပါ။ အောက်၌ ယူအပ်ပြီးသည်တို့ကိုဌင်း မယူအပ်သေးသည် တို့ကိုဌင်း စုရုံး၍ ဤပိဋ္ဌဝဋ္ဌကကို ပါဠိတော်သို့ တရားမင်းဖြစ်တော်မူသော ဘုရားမျှင်သည် တင်ခဲ့ပါသည် ဘုရား။ သမာပတ်ကို ရရှိ၍ နေသော ပုထုဇဉ် ပုဂ္ဂိုလ်ကို ဤပါဠိအစဉ်ဖြင့်လည်း မယူအပ်တော့သည်သာလျှင် ဖြစ်ပါတော့ သည်ဘုရား။ ဝေဘန်အပ်သည် ရှိသော်ကား သမာပတ်ဖြင့် ပယ်ခွါအပ်ကုန် သောကိလေသာတို့၏ အစွမ်းအားဖြင့် သမယဝိမုတ္တာအဖြစ်သို့ သွတ်သွင်း ခြင်းငှါ ထိုက်ပါတော့သည် ဘုရား။

ကုပ္ပါကုပ္ပနိဒ္ဒေသ

ထိုမှဘာပါး —

ကတမော စ ပုဂ္ဂလော ကုပ္ပမမ္မော၊ ဣမေကစ္စော ပုဂ္ဂလော လာဘီ ဟောတိ ရူပသဟဂတာနံ ဝါ အရူပသဟဂတာနံ ဝါ သမာပတ္တီနံ၊ သော စ ခေါ နာ နိကာမလာဘီ ဟောတိ နာ အကိစ္ဆလာဘီ နာ အကသိရလာဘီ၊ နာ ယတ္ထိစ္ဆကံ ယဒိစ္ဆကံ ယာဝတိစ္ဆကံ သမာပဇ္ဇတိပိ ဝုဋ္ဌာတိပိ၊ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ၊ယံ တဿ ပုဂ္ဂလဿ ပမာဒမာဂမ္မ တာ သမာပတ္တိယော ကုပ္ပေယျုံ။ အယံ ဝုစ္စတိ ပုဂ္ဂလော ကုပ္ပမမ္မော။

ကုပ္ပမမ္မော၊ ပျက်စီးသော တရားရှိသော။ ဝါ၊ ကုပ္ပမမ္မမည်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကတမော စ၊ အဘယ်နည်း။ ဣဓ၊ ဤသတ္ထုလောကဌ်၊ကေစ္စော၊အချို့သော။ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ရူပသဟဂတာနံ ဝါ၊ ရူပ်နှင့်တကွဖြစ်သည်လည်း ဖြစ်ကုန်သော။ အရူပသဟဂတာနံ ဝါ၊ နာမ်နှင့်တကွဖြစ်သည်လည်း ဖြစ်ကုန်သော။ သမာပတ္တီနံ၊ သမာပတ်တို့၏။ဝါ၊ သမာပတ်တို့ကို။လာဘီ၊ရသည်။ဟောတိ၊ ဖြစ်၏။သော စ ခေါ၊ ထိုပုဂ္ဂိုလ်သည်လည်း။ နိကာမလာဘီ၊ အလိုရှိတိုင်းရသည်။ နဟောတိ၊ မဖြစ်။ အကိစ္ဆလာဘီ၊ လွယ်လွယ်ကူကူရသည်။ နဟောတိ၊ မဖြစ်။ အကသိရလာဘီ၊ မငြိုမငြင် မပင်မပန်းဘဲ ပြန့်ပြန့်ပြောပြော ရရှိခြင်းသည်။ နဟောတိ၊ မဖြစ်။ ယတ္ထိစ္ဆကံ၊ အကြင်အကြင်အရပ်၌ အကြင်အကြင်အလိုရှိအပ်သောသမာပတ်ကို။ နာ သမာပဇ္ဇတိပိ၊ ဝင်လည်းမဝင်စားနိုင်။နဝုဋ္ဌာတိပိ။ထလည်း မထနိုင်။ယဒိစ္ဆကံ၊အကြင်အကြင် အလိုရှိအပ်သော သမာပတ်ကို။နာ သမာပဇ္ဇတိပိ။ ဝင်လည်း မဝင်စားနိုင်။ နဝုဋ္ဌာတိပိ၊ ထလည်း မထနိုင်။ ယာဝတိစ္ဆကံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။နာ သမာပဇ္ဇတိပိ၊ ဝင်လည်း မဝင်စားနိုင်။ နဝုဋ္ဌာတိပိ၊ ထလည်း မထနိုင်။ ယံ-ယေန ဌာနေန၊ အကြင်အကြောင်းကြောင့်။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ပမာဒံ၊ မေ့လျော့ခြင်းကို။ အာဂမ္မ၊ အကြောင်းပြု၍ ။တာ သမာပတ္တိယော၊ ထိုသမာပတ်တို့သည်။ ကုပ္ပေယျုံ၊ ပျက်စီး ကြကုန်ရာ၏။ တေံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ ကုပ္ပမမ္မော၊ ကုပ္ပမမ္မမည်သော။ ဝါ။ ပျက်စီးသော သမာပတ်ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကုပ္ပဓမ္မပုဂ္ဂိုလ်

ဤသို့ဟောတော်မူအပ်သော ကုပ္ပါကုပ္ပနိဒ္ဒေသတို့၌ အကြင်ပုဂ္ဂိုလ်အား ရရှိအပ်ပြီးသော သမာပတ်ဟု ဆိုအပ်သော့ စျာန်ဘရားသည် ပျက်ပြားသည်ဟု ဆိုလိုပါသည်။ ထိုစျာန်တရားပျက်ပြားသော ပုဂ္ဂိုလ်ကို ကုပ္ပဓမ္မ-ဟူ၍ ဆိုပါသည်။

. **ရူပသဟဂတာနံ**-ဟူသည် ရူပနိမိတ် ဟု ဆိုအပ်သော ရုပ်နှင့် တကွ ဖြစ်ကုန်သော သမာပတ်တို့ကို ဆိုလိုပါသည်။ ထိုရုပ်နှင့်တကွ ဖြစ်ကုန်သော ရုပ်လျှင် အာရုံရှိကုန်သော လေးပါးကုန်သော ရူပါဝစရစျာန်တို့ကို ဟူသော အနက်ရောက်ပါသည်။

အရူပသဟဂတာနံ-ဟူသည် ရုပ်မှတပါး ရုပ်မဟုတ်သော တရားကို ဆိုလိုပါသည်။ အရူပ-နာမ်ပင် ဖြစ်ပါသည်။ ထိုနာမ်တရားနှင့်တကွ ဖြစ်ကုန်သော သမာပတ်တို့ဟု ဆိုလိုပါသည်။ ထိုသမာပတ်နှင့်တကွ ဖြစ်ကုန်သော ထို သမာပတ်နှင့် မကင်းမူ၍ နာမ်တရား လျှင် အာရုံရှိကုန်သော လေးပါး ကုန်သော အရူ ပါဝစရစျာန်တို့ကို ဟူသော အနက်ရောက်ပါသည်။

နနိကာမလာဘီ-ဟူသည် ငါးပါးကုန်သော အခြင်းအရာတို့ဖြင့် လွဲကျက်အပ်သော ဝသီဘော်၏ အလိုရှိအပ်သော အခြင်းအရာအားဖြင့် မရအပ်သည်၏ အဖြစ်ကြောင့် နနိကာမလာဘီ ဟု ဆိုပါသည်။မလွဲလွှာအပ်သော သမာပတ်ရှိသော ပုဂ္ဂိုလ် ဟု အနက်ရောက်ပါသည်။

နအကိဉ္စလာဘီ- ဟူသည် ကိဉ္စလာဘီ ဒုက္ခလာဘီ- ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း နှင့် မှ သမာပတ်ကို ဝင်စားနိုင်သော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။ အကြင်ပုဂ္ဂိုလ်သည် ရောက်လာလတ္တံ့ ဖြစ်သော ကိလေသာတို့ကို ပယ်ခွါလျက် ဥပစာသို့ ရောက်စေ၍ အပ္ပနာသို့ ရောက်စေ၍ စိတ်တည်းဟူသော သေတ္ထာကို ရရှိသည်ဖြစ်၍ ဆင်းရဲခြင်း,ငြိုငြင်ခြင်း သခ်ၤါရနှင့် တကွဖြစ်သော လုံ့လ ပယောဂဖြင့် ပင်ပင်ပန်းပန်း ထိုပြည့်စုံခြင်းသို့ ရောက်ခြင်းငှါ စွမ်းနိုင်ပါတော့သည်။ ထိုပုဂ္ဂိုလ်သည် နအကိဉ္စလာဘီ ပုဂ္ဂိုလ်မည်ပါသည် ဘုရား။

နအာကာသိရလာဘီ- ပုဂ္ဂိုလ်သည်ကား ပြန့်ပြန့်ပြောပြော အလိုရှိတိုင်း မရနိုင်ဟု ဆိုလိုပါသည်။ သမာပတ်ကို ဖြစ်စေပြီး၍ အဓွန့်ကာလပတ်လုံး ပြန့်နှံ့ခြင်းငှါ မစွမ်းနိုင်ဟု ဆိုလိုပါသည်။ တကြိမ်ထင်း နှစ်ကြိမ်ထင်း စိတ်၏

ဝါရတိုင်အောင် ဖြစ်စေပြီး၍ ရဟန္တာတရက် သမာပတ်မှ ထ၍ လာသည်ဟု အနက်ရောက်ပါသည် ဘုရား။

သတ္တကွတ္တုပရမ သောတာပန်

ကတမော စ ပုဂ္ဂလော သတ္တကွတ္တုပရမော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏော၊ သော သတ္တက္ခတ္တုံ ဒေဝေ စ မာနုသေ စ သန္ဓာဝိတ္ဝာ သံသရိတ္ဝာ ဒုက္ခဿန္တံ ကရောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သတ္တကွတ္တုပရမော။

ကဘာမော စ ပုဂ္ဂလော၊ အဘယမည်သော ပုဂ္ဂိုလသည်လည်း။ သတ္တကွတ္တုပရမော၊သတ္တကွတ္တုပရမမည်သနည်း?။ ဣဓ၊ ဤလောက၌။ ကေစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ ဝိနိပါတမည်သော ငရဲသို့ ကျရောက်ခြင်း သဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။ နိယတော၊ မိမိရရှိအပ်သော မဂ်ဖြင့် မြဲသည်။ ဟောတိ၊ ဖြစ်၏။ သမ္မောဓိ ပရာယဏော၊ အထက် မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧသော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဒေဝေ စ-ဒေဝံ၊ နတ်ဘဝကိုဌင်း။ မာနုသေ စ- မာနုသံ၊ လူဘဝကိုဌင်း။ သန္ဓာဝိတ္ဝာ၊ ပြေးသွား၍။ သံသရိတ္ဝာ၊ ကျင်လည်ပြီး၍။ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲ၏ အဆုံးကို။ ကရောတိ၊ ပြု၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ သတ္တကွတ္တုပရမော၊ သတ္တကွတ္တုပရမမည်သော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဟူ၍ ။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ် စကားရပ်၌ **သတ္တကွတ္တု**ပရမ-ဟူသော ပုဒ်၏ အဖွင့် နိဒ္ဒေသ၌ သတ္တကွတ္တုံ- ဟူသည် ခုနစ်ကြိမ်တို့ဟု ဆိုလိုပါသည်။ ထို သောတာပန် ပုဂ္ဂိုလ်၏ ခုနစ်ကြိမ် အတိုင်းအရှည်ရှိသော ဘဝ၌ဖြစ်ခြင်းဟု ဆိုအပ်သော အတ္ထဘောကို ယူခြင်းသည် ရှိ၏။ ထို့ထက် အလွန် ရှစ်ခုမြောက်သော ဘဝကို မယူတတ်ပါ။ ထို့ကြောင့် သတ္တကွတ္တုပရမ မည်ပါသည်။

သောတာပန် အဓိပ္ပါယ်

သောတာပန္နော ဟောတိ-ဟူသော ဤစကားရပ်၌ သောတ-ဟူသည် အရိယာမဂ်၏ အမည်ပင်ဖြစ်ပါသည်။ ထိုသောတ-ဟူသော အရိယာမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍ သောတာပန် ဟု ခေါ်ပါသည်။ မြတ်စွာဘုရားသည် အဘယ်ကဲ့သို့သော စကားကို ဟောကြားတော်မူပါသနည်း။

သောတော သောတောတိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နု ခေါ သာရိပုတ္တ သောတော၊ သောတောတိ။ အယမေဝ ဟိ ဘန္တေ အရိယော အင္ဂဏိကော မဂ္ဂေါ သောတော။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိတိ။ သောတာပန္နော သောတာပန္နောတိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နု ခေါ သာရိပုတ္တ သောတာပန္နောတိ။ ယော ဟိ ဘန္တေ ဣမိနာ အရိယေန အင္ဂဏိကေန မဂ္ဂေန သမန္နာဂတော၊ အယံ ဝုစ္စတိ သောတာပန္နော၊ သုဘယံ အာယသ္မာ ဧဝံနာမော ဧဝံဂေါတ္တော ဣတိ ဝါတိ၊ ဣတိဝါ-ဟူ၍။ အာဟ၊ ဟောကြားတော်မူပါသည်။

သာရိပုတ္တ၊သာရိပုတ္တရာ....။သောတော သောတောတိ၊ သောတော သောတော-ဟူ၍ ။ ဣဒံ၊ ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သာရိပုတ္တ၊ သာရိပုတ္တရာ....။ သောတောတိ၊ သောတ-ဟူသည်။ ကတမော နု ခေါ၊ အဘယ်တရားပင် ဖြစ်လေတော့သနည်း?။ ဘန္တေ၊ မြတ်စွာဘုရား။ အရိယော၊ ဖြူစင်ကောင်းမြတ်သော။ ဝါ၊ အရိယာတို့၏ ဥစ္စာဖြစ်သော။ အင္ဂဏိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမင်္ဂလာတရားသည်သာလျှင်။ သောတော၊ သောတမည်ပါ၏။ ဣဒံ-အယံ မဂ္ဂေါ၊ ဤမင်္ဂလာတရားသည်။ သေယျထော-ကတမော၊ အဘယ်နည်း ?။သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်တရားငင်း။ ပ။ သမ္မာသမာဓိ၊ သမ္မာသမာဓိ မဂ္ဂင်တရားငင်း။ ဣတိ၊ ဤသို့။ အယံ၊ ဤဆိုအပ် ခဲ့ပြီးသည်ကား။ အရိယော၊ဖြူစင်ကောင်းမြတ်သော။အင္ဂဏိကော၊အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမင်္ဂလာသည် သာလျှင် တည်း။ သာရိပုတ္တ၊ သာရိပုတ္တရာ....။ သောတာပန္နော သောတာပန္နောတိ၊ သောတာပန် သောတာပန်ဟူ၍။ ဣဒံ၊ ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သာရိပုတ္တ၊ သာရိပုတ္တရာ....။သောတာပန္နော၊ သောတာပန်မည်တဲ့ ပုဂ္ဂိုလ်သည်။

ကတာမော နုခေါ၊ အဘယ်ပုဂ္ဂိုလ် ဖြစ်လေသနည်း?။ ဘန္တေ၊ မြတ်စွာဘုရား....။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရိယေန၊ ဖြူစင်ကောင်းမြတ်သော။ ဝါ၊ အရိယာတို့၏ ဥစ္စာဖြစ်သော။ အဋ္ဌင်္ဂိကေန၊ အင်္ဂါရှစ်ပါးရှိသော။ ဣမိနာ မဂ္ဂေန၊ ဤဆိုအပ်ခဲ့ပြီးသော မဂ်တရားနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ အယံ၊ ဤပုဂ္ဂိုလ်ကို။ သောတာပန္နော၊ သောတာပန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သုဿယံ-သော အယံ အာယသ္မာ၊ ထိုအရှင်သည်။ဝေနာမော၊ ဤသို့ အမည်ရှိ၏။ဧဝံ ဂေါတ္တော၊ ဤသို့သော အနွယ်ရှိ၏။ ဤသို့ ဟောတော်မူပါသည်။

ဤသို့ မဂ်ခဏ၌ သောတာပန် မည်ပါသည်။ ဤနေရာ၌ မဂ်ဖြင့် ဖိုလ်၏အမည်ကို ယူ၍ ဖိုလ်ခဏ၌ဖြစ်သော သောတာပန် ပုဂ္ဂိုလ် ဟူ၍ အဓိပ္ပါယ်ရောက်ပါသည်။

အဝိနိပါတဓမ္မ စသည်အဖွင့်

ဆိုအပ်ခဲ့ပြီးသော ပါဠိတော်မြတ် စကားရပ်၌ **အဝိနိပါတဓမ္မ**-ဟူသည် ဝိနိပါတ-ဟု ဆိုအပ်သော အပါယ်ငရဲ၌ ဖြစ်သည်၏ အစွမ်းအားဖြင့် မလားမရောက်ရသော ဖြစ်ခြင်း သဘောရှိသော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။

နိယတော-ဟူသည် မိမိရရှိထားသော မဂ်ဖြင့် မြဲသော ပုဂ္ဂိုလ် ဟု ဆိုလိုပါသည်။

သမ္မောဓိပရာယဏော-ဟူသည် သိရှိတတ်သော ပုဂ္ဂိုလ်၏ အဖြစ်လျှင်လည်းလျောင်းရာရှိသော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။ အကျယ်ခဲ့၍ လျှောက်ထားပါဦးမည် ဘုရား။ ထိုသောတာပန် ပုဂ္ဂိုလ်သည် မိမိရရှိအပ်သော မဂ်ဖြင့် သိတတ်သော ပုဂ္ဂိုလ် ဖြစ်၍ သမ္မောဓိပရာယဏ-ဟု ခေါ်ပါသည်။ တနည်းအားဖြင့် အထက်၌ဖြစ်ကုန်သော သုံးပါးကုန်သော သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် တို့ဖြင့် မချုတ်သိလတ္တံ့ ပုဂ္ဂိုလ်ဖြစ်၍ လည်း သမ္မောဓိပရာယဏ-ဟုဆိုပါသည်။

ဒေဝေစ မာနုသေ စ-ဟူသော စကားကိုလည်း နတ်ပြည်လောကကိုဌင်း လူ.ပြည်လောကကိုဌင်း ဟူ၍ ဆိုလိုပါသည်။

သန္ဓာဝိတ္ဘာ သံသရိတ္ဘာ-ဟူ၍ ဆိုအပ်သော စကားသည်လည်း ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ခေါက်တုံ့ခေါက်ပြန် ကျင်လည်ပြီး၍ ဟု ဆိုလိုပါသည်။

ဒုက္ခဿန္တံ ကရောတိ-ဟူသည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုတတ်သော ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။

အယံ ဝုစ္စတိ-ဆိုသည်မှာ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို သတ္တက္ခတ္တုံ ပရမမည်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပါသည်။ ဤသတ္တက္ခတ္တုံ ပရမ မည်သော ပုဂ္ဂိုလ်သည် ရုံခါအားဖြင့် နတ်ပြည် နတ်လောက၏, ရုံခါအားဖြင့် လူ့ပြည် လူ့လောက၏ အစွမ်းအားဖြင့် ရောနှောသည်၏ အဖြစ်ဖြင့် ဆိုအပ်သော ပုဂ္ဂိုလ်ဟူ၍ သိအပ်ပါသည် ဘုရား။

ကောလံ ကောလ သောတာပန်

ကတမော စ ပုဂ္ဂလော ကောလံ ကောလော။ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏော၊ သော ဒ္ဝေ ဝါ တီဏိ ဝါ ကုလာနိ သန္ဓာဝိတ္ဘာ သံသရိတ္ဘာ ဒုက္ခဿန္တံ ကရောတိ၊ အယံ ဝုစ္စတိ ကောလံ ကောလော။

ကတမော စ ပုဂ္ဂလော၊ အဘယ်မည်သော ပုဂ္ဂိုလ်သည်လည်း။ ကောလံကောလော၊ ကောလံကောလ သောတာပန် မည်သနည်း? ။ ဣဓ၊ ဤလောက၌။ ကေစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ ဝိနိပါတမည်သော ငရဲသို့ကျခြင်း သဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။ နိယတော၊ မိမိရရှိအပ်ပြီးသော မဂ်ဖြင့် မြဲသည်။ ဟောတိ၊ ဖြစ်၏။ သမ္မောဓိပရာယဏော၊ အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသည်။ ဟောတိ၊ဖြစ်၏။ဝါ၊ အထက်မဂ် သုံးပါးဖြင့် မချွတ်သိလတ္တံ့သော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ဒ္ဝေဝါ ကုလာနိ၊ အမျိုးနှစ်မျိုး တို့ကိုဋဌင်း။ တီဏိ ဝါ ကုလာနိ၊ အမျိုးသုံးမျိုးတို့ကိုဋဌင်း။ သန္ဓာဝိတ္ဘာ၊

ပြေးသွားပြီး၍။ သံသရိတ္ဝာ၊ ကျင်လည်ပြီး၍။ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲ၏ အဆုံးကို။ ကရောတိ၊ ပြုတတ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ကောလံ ကောလော၊ ကောလံကောလ သောတာပန်ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သောတာပန်သည် ယုတ်ညံ့သောအမျိုးဌမဖြစ်

ဤကောလံ ကောလ နိဒ္ဒေသ-၌ အမျိုးဘမျိုးမှ အမျိုးတမျိုးသို့ သွားတတ်သောကြောင့် ကောလံ ကောလ-ဟု ဆိုပါသည်။ မှန်လှ၏။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီးသည်မှစ၍ ယုတ်ညံ့သော အမျိုးဌ ဖြစ်သည် မည်သည် မရှိတော့ပါ။ များသော ဥစ္စာရှိသော အမျိုးတို့ဌသာလျှင် ဖြစ်တတ်ပါသည် ဟူ၍ အနက်ရောက်ပါသည်။

ဒ္ဝေ ဝါ တီဏိ ဝါ ကုလာနိ-ဟူသည်မှာလည်း နတ်လူဘို့၏ အစွမ်းအားဖြင့် နှစ်ပါးကုန်သော ဘဝတို့ကိုဌင်း သုံးပါးကုန်သော ဘဝတို့ကိုဌင်း ပြေးသွားပြီး၍ ကျင်လည်ပြီး၍ ဟု ဆိုလိုပါသည်။ ဤသို့ ဤပုဂ္ဂိုလ်ကိုလည်း ရောနှောသည်၏ အစွမ်းအားဖြင့် သာလျှင် ဆိုအပ်ပါသည်။ ဒ္ဝေ ဝါ တီဏိ ဝါ-ဟူသော စကားသည်လည်း ဒေသနာဖြစ်ရုံမျှ ဟောကြားအပ်သော စကားဖြစ်ပါသည်။ အမှန်အားဖြင့်လည်း ခြောက်ခုမြောက်သော ဘဝတိုင်အောင် ပြေးသွားပြီး၍ လည်း ကောလံ ကောလ သောတာပန် ဖြစ်တတ်ပါသည် ဘုရား။

ကေဗိဇီ သောတာပန်

ထို့မှတပါး —

ကတမော စ ပုဂ္ဂလော ကေဗိဇီ၊ ဣမေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏော၊ သော ကေယဝ မာနုသကံ ဘဝံ နိဗ္ဗတ္တေတ္ဝာ ဒုက္ခဿန္တံ ကရောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ကေဗိဇီ။

ကတာမော စ ပုဂ္ဂလော၊ အဘယ်မည်သော ပုဂ္ဂိုလ်သည်လည်း။ ကေဗိဇီ၊ ကေဗိဇီ သောတာပန် မည်သနည်း?။ ဣမ၊ ဤလောက၌။ ကေစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်သည်။

ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ ဝိနိပါတမညိသော ငရဲသို့ ကျခြင်းသဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။ နိယတော၊ မိမိရရှိအပ်ပြီးသော မဂ်ဖြင့် မြဲသည်။ ဟောတိ၊ ဖြစ်၏။ သမ္မောဓိပရာယဏော၊ သမ္မောဓိဟု ဆိုအပ်သော အထက်မဂ်သုံးပါးကို မချွတ်သိလတ္တံ့သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ကေယော၊ တခုသာလျှင် ဖြစ်သော။ မာနုသကံ၊ လူ၌ ဖြစ်သော။ ဘဝံ၊ ဘဝကို။ နိဗ္ဗတ္တေတ္ဝာ၊ ဖြစ်စေပြီး၍။ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲ၏ အဆုံးကို။ ကရောတိ၊ ပြုတတ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ကေဗိဇီ၊ ကေဗိဇီ သောတာပန်မည်၏ ဟူ၍ ။ဝုစ္စတိ၊ ဆိုအပ်၏။

ဤကေဗိဇီသောတာပန် နိဒ္ဒေသ၌လည်း ခန္ဓဗိဇမည်သည်ကို ဆိုအပ်ပါသည်။ ဆက်၍လျှောက်ထားပါဦးမည်ဘုရား။ အကြင်သောတာပန် ပုဂ္ဂိုလ်အား တခုတည်းသာလျှင် ဖြစ်သော ဘဝဇာတ် ခန္ဓာမျိုးစေ့ ရှိပါ၏။ တခုတည်းသော အတ္တဘောကို ယူခြင်းသည် ရှိပါ၏။ ထိုသောတာပန် ပုဂ္ဂိုလ်သည် ကေဗိဇီသောတာပန် ပုဂ္ဂိုလ်မည်ပါသည် ဘုရား။

နတ်ဘဝသို့လည်း ရောက်နိုင်သေးသည်

မာနုသကံ ဘဝံ- ဟူသော ဤစကားသည်လည်း ဤနေရာ၌ ဒေသနာဖြစ်ရုံမျှကိုသာလျှင် ဟောထားခြင်း ဖြစ်ပါသည်။ နတ်ဘဝကိုလည်း ဖြစ်စေတတ်သေးသည် ဟူ၍ ဆိုခြင်းငှါ သင့်မြတ်လှပါတော့သည်ဘုရား။ မြတ်စွာဘုရားသည် ယူထားအပ်သော အမည်၏ အစွမ်းဖြင့်သာလျှင် ဤပုဂ္ဂိုလ်တို့၏ ဤအမည်တို့သည် ဖြစ်ကြပါကုန်သည်။ ဤမျှလောက်သော ဌာနသို့သွား၍ သတ္တက္ခတ္တုပရမ မည်သည် ဖြစ်၏။ ဤမျှလောက်သော ကာလသို့ သွား၍ ကောလံ ကောလ သောတာပန် မည်သည်ဖြစ်၏။ ဤမျှလောက်သော ကာလသို့ သွား၍ ကေဗိဇီ မည်သည် ဖြစ်၏ဟု မြတ်စွာဘုရားသည် ဤသောတာပန်သုံးမျိုးတို့၏ အမည်ကို ယူအပ်ပါသည်။ အမြဲအားဖြင့် ဤပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်ဟူ၍ငင်း၊ ဤပုဂ္ဂိုလ်သည် ကောလံ ကောလ သောတာပန် ဟူ၍ငင်း၊ ဤပုဂ္ဂိုလ်သည် ကေဗိဇီသောတာပန်ဟူ၍ ငင်း အမြဲ သတ်မှတ်ခြင်း မရှိပါဘုရား။

စီစဉ်ခဏ္ဍ ၃-၁၇—နု-ဗု-သ

အဘယ်ပုဂ္ဂိုလ်သည် မှတ်သားပါသနည်း

အဘယ်မည်သော ပုဂ္ဂိုလ်သည် ထိုသောတာပန်သုံးမျိုးတို့၏ ဤအထူး အပြားကို မှတ်သားပါသနည်း။

ရှေးဦးစွာ အချို့ကုန်သော မထေရ်မြတ်တို့က ပုဗ္ဗဟေတုဖြင့် မှတ်သား သည်ဟု ဆိုကြပါကုန်သည်။ အချို့သော ပုဂ္ဂိုလ်တို့က ပဌမမဂ်ဖြင့် မှတ်သား သည်ဟု ဆိုကြပါကုန်သည်။ အချို့သော ပုဂ္ဂိုလ်တို့က အထက်မဂ်သုံးပါးတို့ဖြင့် မှတ်သား၍ ဆိုကြပါကုန်သည်။ အချို့သောပုဂ္ဂိုလ်တို့က သုံးပါးကုန်သော မဂ်တို့၏ ဝိပဿနာကို မှတ်၍ ဆိုကြပါကုန်သည်။

ထိုစကားရပ်တို့တွင် ပုဗ္ဗဟေတု နိယာမေတိ- ဟူသောဝါဒ၌။ ဝါ၊ ပုဗ္ဗ ဟေတုဖြင့် မှတ်၍ ဆိုသောဝါဒ၌ ပဌမမဂ်၏ ဥပနိဿယကို ပြုအပ်သည် မည် သည် ဖြစ်၏။အထက်၌ ရှိကုန်သော သုံးပါးကုန်သော မဂ်တို့သည် ဥပနိဿယ မဖြစ်ကြလေကုန်။ ဤကဲ့သို့ သော စကားအဓိပ္ပါယ်သို့ သင်္ဂရောက်၍ နေပါ သည်။

ပဌမမဂ်ဖြင့် မှတ်၍ ဆိုသောဝါဒ၌လည်း၊ အထက်၌ ဖြစ်ကုန်သော သုံးပါးကုန်သော မဂ်တို့၏ အကျိုးမရှိသည်၏ အဖြစ်သို့ ရောက်၍ နေပါသည်။

အထက်၌ သုံးပါးကုန်သော မဂ်တို့ကို မှတ်၍ ဆိုကုန်၏ ဟူသော ဝါဒ ၌လည်း ပဌမမဂ် မဖြစ်သေးမီသာလျှင် အထက်မဂ် သုံးပါးတို့သည် ဖြစ်ပြီး ကုန်သည်ဟူသော အဓိပ္ပါယ်သို့ သင်္ဂရောက်၍ နေပါသည်။

အသင့်မြတ်ဆုံး ဝါဒ

သုံးပါးကုန်သော မဂ်တို့၏ ဝိပဿနာကို မှတ်၏ ဟူသော ဝါဒသည်ကား ဤနေရာ၌ အသင့်မြတ်ဆုံးပင် ဖြစ်ပါသည်။ မှန်လှ၏။ အထက်၌ သုံးပါး ကုန်သော မဂ်တို့၏ ဝိပဿနာသည် အကယ်၍ အားကြီး၍ နေခဲ့ငြားအံ့။ ထို ပုဂ္ဂိုလ်သည် ဧကဗီဇီ သောတာပန် မည်ပါသည်။ ထိုအောက် သာ၍ ညံ့၍ နေခဲ့သည် ဖြစ်ငြားအံ့။ ကောလံ ကောလ မည်ပါသည်။ ထိုအောက် အထူး သဖြင့် သာ၍ ညံ့၍ နေငြားအံ့။ သတ္တက္ခတ္တုပရမ မည်ပါတော့သည်ဘုရား။

ဝဋ္ဋဘိရတပဋိဂါလ် ၇-ဦး

အကျယ်ခဲ့၍ သောတာပန်၏ အကြောင်းကို လျှောက်ထားပါဦးမည်။ အခု၂ိသောသောတာပန်ပုဂ္ဂိုလ်သည် ဝဋ်ဆင်းရဲ၌ မွေလျော်သော ဝဋ်ဆင်းရဲ၌ ပြင်းစွာ အာသာရှိ၍ နေသော ဝဋ္ဋဇ္ဈာသယ ဝဋ္ဋာဘိရတ သောတာပန်မျိုး ဖြစ်ပါသည် ဘုရား။ အဖန်ဖန်အထပ်ထပ် ဝဋ်ဆင်းရဲ၌သာလျှင် ကျင်လည် ရတတ်ပါသည်။ ဝဋ်ဆင်းရဲ၌သာလျှင် တွေ့မြင်ရပါသည်။ ထင်ပါသည်။ အနာထပိဏ်အမည်ရှိသော သူဌေးကြီးသည်၎င်း ဝိသာခါ အမည်ရှိသော ဥပါသိကာ ဒါယိကာမကြီးသည်၎င်း စူဠရထ, မဟာရထအမည်ရှိကုန်သော နတ်သား နှစ်ယောက်တို့သည်၎င်း။ အနေကဝဏ္ဏအမည်ရှိသော နတ်သား သည်၎င်း။ နတ်တို့၏ ဘုရင် ဖြစ်သော သိကြားမင်း၊ နာဂဒတ္တ အမည်ရှိသော နတ်သားသည်၎င်း၊ ဤသို့အားဖြင့် ခုနစ်ယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ဝဋ္ဋဇ္ဈာသယာ ဝဋ်ဆင်းရဲမှာ အလွန်အာသာပြင်းပြကြကုန်သည်ဖြစ်၍ ဝဋ္ဋာဘိ ရတာ ဝဋ်ဆင်းရဲ၌ အလွန်မွေလျော်ကြကုန်သည် ဖြစ်၍ အစမှစ၍ စာတု မဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ,နိမ္မာနရတိ,ပရနိမ္မိတဝသဝတ္တီဟူ ဆိုအပ်သော ခြောက်ပါးကုန်သော နတ်လောကတို့ကို အစဉ်အတိုင်း ခံစား ပြီး၍ နောက်ဆုံး၌ အကနိဋ္ဌဗြဟ္မာဘုံ၌ တည်၍ ပရိနိဗ္ဗာန် စံယူကြပါကုန် လိမ့်မည် ဘုရား။

ဤဆိုအပ်ခဲ့ပြီးသော ဝဋ္ဋဇ္ဈာသယ ဝဋ္ဋာဘိတရ သောတာပန်မျိုးကို ဤနေရာ၌ မယူအပ်ပါဘုရား။ သက်သက် ဤပုဂ္ဂိုလ်တို့သာလျှင် မဟုတ်ကြပါ ကုန်သေး။ အကြင်သောတာပန်ပုဂ္ဂိုလ်သည်လည်း လူ့ဘဝတို့၌သာလျှင် ခုနစ်ကြိမ်တိုင်အောင်လှည့်လည်ပြီး၍အရဟတ္တဖိုလ်သို့ ရောက်ပါသည်။အကြင် အကြင်သောတာပန်ပုဂ္ဂိုလ်သည်လည်းနတ်ပြည်နတ်လောက၌ ဖြစ်၍နတ်ပြည် နတ်လောကတို့၌ သာလျှင် ခုနစ်ကြိမ် ခုနစ်ခေါက် အပြန်ပြန် အလှန်လှန် ကျင်လည်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်ပါသည်။ ဤပုဂ္ဂိုလ်တို့ကိုလည်း ဤ နေရာ၌ သတ္တက္ခတ္တုပရမသောတာပန် ဟူ၍ မယူအပ်ပါကုန်ဘုရား။ အမှန် စင်စစ်အားဖြင့် —

ဤနေရာ၌ ရောနှောသည်၏ အစွမ်းဖြင့်သာလျှင် “သတ္တက္ခတ္တုပရမ, ကောလံကောလာ မာနုသကဘဝနိဗ္ဗတ္တကောယေဝ စ ကေဗီဇီ ဂဟိတောတိ ဝေဒိတဗ္ဗော”ဟူ၍ ဆိုပါသည်။

သတ္တက္ခတ္တုပရမ, ကောလံကောလ သောတာပန်မျိုးသည် လူ့ဘဝ၌ သာလျှင် ဖြစ်တတ်သော သောတာပန်မျိုး,လူ့ဘဝ၌သာလျှင် ဖြစ်တတ်သော ကေဗီဗီမျိုး ဟူ၍ ယူအပ်ပါသည်ဟု သိအပ်ပါသည်ဘုရား။

သောတာပန် ဆယ့်နှစ်ပါး

ထိုစကားရပ်၌ တယောက်တယောက်သော သောတာပန်ပုဂ္ဂိုလ်သည် ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခာပဋိပဒါ ခိပ္ပဘိညာ-စသည်တို့၏ အစွမ်းအားဖြင့် လေးမျိုးလေးပါး လေးစားအဖြစ်သို့ ရောက်ခဲ့ပါသည်။

သဒ္ဓါဓုရဟု ဆိုအပ်သော သဒ္ဓါကို အဦးပြုသဖြင့်လည်း သတ္တက္ခတ္တုပရမ သောတာပန်တို့သည် လေးမျိုးလေးစားရှိကြပါကုန်သည်။ ကောလံ ကောလ သောတာပန်တို့သည် လေးမျိုးလေးစားတို့ ရှိကြပါကုန်သည်။ ကေဗီဗီ သောတာပန်တို့သည်လည်း လေးမျိုးလေးစားတို့ ရှိကြပါကုန်သည်။ ဤသို့အားဖြင့် လေးပါးသုံးလီ ဆယ့်နှစ်ပါးတို့ ဖြစ်ကြပါကုန်သည်ဘုရား။

အကယ်၍ ပညာအားဖြင့် အထက်မဂ်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ခဲ့သည် ဖြစ်ငြားအံ့။ "ငါသည် လောကုတ္တရာဓမ္မကို ဖြစ်စေတော့အံ့" ဟု ဤသို့ ပညာကို အဦးအစပြု၍ သတ္တက္ခတ္တုပရမ အစရှိသော အဖြစ်သို့ရောက်၍ နေကြကုန်သော်လည်း အကျင့်၏အစွမ်းအားဖြင့် တဆယ့်နှစ်မျိုးပြားကြကုန်သည်သာလျှင် ဖြစ်ပါသည် ဘုရား။ ဤသို့ ဤနှစ်ကျိပ်လေးယောက်ကုန်သော သောတာပန်ပုဂ္ဂိုလ်တို့ကို ဣဟဘဝကနိဒ္ဓါနိက၏ အစွမ်းအားဖြင့်သာလျှင် ဤအရာဌာန၌ ဆိုအပ်ပါကုန်သည်ဘုရား။ ဤသို့ သိအပ်ကုန်၏ ဟူ၍ အဋ္ဌကထာ ဆရာမြတ် မိန့်ဆိုအပ်ပါသည်ဘုရား။

သကဒါဂါမိနိဒ္ဒေသ

ကတမော စ ပုဂ္ဂလော သကဒါဂါမီ၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒေါသမောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ သကိဒေဝ ဣမံ လောကံ အာဂန္ဆာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သကဒါဂါမီ။

ကတမောစ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်လည်း။ သကဒါဂါမီ၊ သကဒါဂါမီပုဂ္ဂိုလ် မည်လေသနည်း?။ ဣဓ၊ ဤလောက၌။ ကေစ္စော၊

အခ္ခါသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ ရာဂဒေါသမောဟာနံ၊ ရာဂ ဒေါသ မောဟတရားတို့၏။ တနုတ္တာ၊ ယင် တောင်, ပဉ္စင်းတောင်အလား ပါးလွှာသည်၏အဖြစ်ကြောင့်။ သကဒါဂါမိ။ သကဒါဂါမိမည်သည်။ ဟောတိ၊ ဖြစ်၏။ သကိဒေဝ၊ တကြိမ် သာလျှင်။ ဣမံ လောကံ၊ ဤလူ့ပြည်လောကသို့။ အာဂန္ဆာ၊ လာရောက်၍။ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲအဆုံးကို။ ကရောတိ၊ ပြုတတ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သကဒါဂါမီ၊ သကဒါဂါမိပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော သကဒါဂါမိ နိဒ္ဒေသ၌ ပဋိသန္ဓေ၏ အစွမ်းဒ့အားဖြင့် တကြိမ်လာရောက်တတ်သည်ကို သကဒါဂါမိ ဟူ၍ ဆိုပါသည်။

သကိဒေဝ-ဟူသော စကားသည် တကြိမ်သာလျှင်ဟူ၍ ဆိုပါသည်။

သကိဒေဝ၌ ယူရမည့်ပုဂ္ဂိုလ်

ဣမံ လောကံ အာဂန္ဆာ-ဟူသော ဤစကားဖြင့် ငါးပါးကုန်သော သကဒါဂါမ်ပုဂ္ဂိုလ်ဘို့ဘွင် လေးယောက်ကုန်သော သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို ကြဉ်ထား၍ တယောက်သော သကဒါဂါမ် ပုဂ္ဂိုလ်ကိုသာ ယူအပ်ပါသည်။

အကျယ်ခဲ့၍ လျှောက်ထားပါဦးမည်ဘုရား။ အခ္ခါသော သကဒါဂါမ် ပုဂ္ဂိုလ်သည် ဤဘဝ၌ သကဒါဂါမိဖိုလ်သို့ရောက်၍ ဤဘဝ၌ပင် ပရိနိဗ္ဗာန် စံယူတတ်ပါသည်။အခ္ခါသော သကဒါဂါမ် ပုဂ္ဂိုလ်သည် ဤဘဝ၌ သကဒါဂါမိဖိုလ်သို့ရောက်၍နဘ်ပြည်၌ ပရိနိဗ္ဗာန် စံယူတတ်ပါသည်။အခ္ခါသော သကဒါဂါမ် ပုဂ္ဂိုလ်သည် နဘ်ပြည်လောက၌ သကဒါဂါမိဖိုလ်သို့ရောက်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန် စံယူတတ်ပါသည်။ အခ္ခါသော သကဒါဂါမ် ပုဂ္ဂိုလ်သည် နတ်ပြည် နတ်လောက၌ သကဒါဂါမိဖိုလ်သို့ရောက်၍ ဤလူ့ဘဝမှာ ဖြစ်၍ ပရိနိဗ္ဗာန် စံယူတတ်ပါသည်။ ဤလေးယောက်ကုန်သော ပုဂ္ဂိုလ်ဘို့ကို ဤနေရာ၌ မယူအပ်ပါကုန်။

သို့ရာတွင် အကြင်ပုဂ္ဂိုလ်သည်ကား ဤလူ့ဘဝ၌ သကဒါဂါမိဖိုလ် သို့ရောက်၍ နတ်ပြည် နတ်လောက၌ အသက်ထက်ဆုံးနေပြီး၍ နောက်ထပ်တဖန် ဤလူ့ပြည် လူ့ဘဝသို့ လာရောက်ဖြစ်ပွါး၍ ပရိနိဗ္ဗာန်စံယူတတ်ပါသည်။

ဤပုဂ္ဂိုလ် တယောက်တည်းကိုသာလျှင် ဤနေရာ၌ ယူအပ်ပါသည်ဟူ၍ သိသင့်သည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုအပ်ပါသည်ဘုရား။

ဤစကားရပ်၌ အကြောင်စကားကို ဆိုအပ်သည်ဖြစ်ရာ၏။ ထိုအလုံးစုံသော စကားကို အောက်၌ မေ့မသင်္ကာဟ အဋ္ဌကထာ-ဟု ခေါ်ဆိုအပ်သော အဋ္ဌသာလိနီ အဋ္ဌကထာ၌ လောကုတ္တရာကုသိုလ်အဖွင့်၌ ဆိုအပ်ပြီးပြီ-ဟူ၍ အဋ္ဌကထာ ဆရာမြတ် မိန့်အပ်ပါသည်ဘုရား။

သကဒါဂါမ်နှင့် ဧကဗီဇီအထူး

ဤသကဒါဂါမ်ပုဂ္ဂိုလ်၏ ဧကဗီဇီ သောတာပန်ပုဂ္ဂိုလ်နှင့်တကွ ထူးခြားခြင်းသည် အဘယ်သို့ ရှိပါသေးသနည်း။ ဧကဗီဇီသောတာပန်ပုဂ္ဂိုလ်၏ ပဋိသန္ဓေသည် တခုတည်းသာလျှင် ရှိပါတော့သည်။ သကဒါဂါမ်၏ ပဋိသန္ဓေသည် နှစ်ခုတို့ ရှိကြပါကုန်သည်။ ဤသည်လျှင် သကဒါဂါမ်နှင့် ဧကဗီဇီသောတာပန်တို့၏ အထူးဖြစ်ပါတော့သည်ဘုရား။

၁၃၂၁-ဝါဆိုလဆုတ် ၃-ရက်၊
(၂၂-၇-၅၉)

အဂ္ဂမဟာပဏ္ဍိတ
အနီးစခန်းဆရာတော်
စစ်ကိုင်းမြို့

၈.၀ ၁၀.၀—၂၄၅—၉.၃ ၆၀—၃,၀၀၀